# ဝိပဿနာ

## လုပ်ငန်းစဉ်တရား

( အမှတ်စဉ် ၃ )



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား

## ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

အမရပူရမြို့၊ မဂ်လာတိုက်ကျောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ




သဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ပြ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။ ဗြဟ္မာ-သိကြာ၊ ဝသည်များက၊ ထင်ရှားပြပြင်ဖို့ရင်းဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များနှင့်၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုစေ့မြော်။

(သက်သေဆောင်ပုဒ်) မူလနှစ်ပြား၊ သန္ဓာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မှာ်နှင့်သုံးဝနှင့်၊ ကာလသုံးပြား၊ ခြင်းကနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

၉၉၂၈

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံ၌

ဟောတော်မူသော

ခန္ဓာညာဏ်ရောက်

# ဝိပဿနာ

## လုပ်ငန်းစဉ်တရား

(ဗုဒ္ဓဝင်) ဆရာသွန်း ကြည့်ရှု တည်းဖြတ်သည်။

( အမှတ်စဉ် ၃ )

**ထုတ်ဝေဖြန့်ချိသူ**

ဦးဘသောင်း-ယာယီမှတ်ပုံတင် (၀၅၉၀

အမှတ် ၃၃-ဆင်းဒဝစ်လမ်း

ရန်ကုန်မြို့။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ

**ယောဂီပုံနှိပ်တိုက်**

ဦးတင်-မှတ်ပုံတင်အမှတ် (၀၀၃၇)က

အမှတ် ၂၄၅-လှည်းတန်းလမ်း၊ ရန်ကုန်မြို့တွင်

ရိုက်နှိပ်သည်။

---

ပဉ္စမနှိပ်ခြင်း၊ အုပ်ရေ ၅၀၀၀

( ၂၄-၁၂-၆၃ )

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

### အမှာစကား

သာဝက ပါရမီဉာဏ် ရဘို့သည် သစ္စာတရား နာကြားခြင်း မိမိကိုယ်တိုင် သစ္စာနှလုံးသွင်းခြင်း- ဤကိစ္စ နှစ်ချက်သာလျှင် ပဓာနဖြစ်ကြောင်း မဇ္ဈိမပဏ္ဏာသနှင့် အင်္ဂုတ္တိုရ် ပါဠိတော်များ၌ လာရှိပါသည်။

သို့ပါ၍ နားက တရားနာ၊ ဉာဏ်က ခန္ဓာကိုလှည့်ပါ ဟူ၍ ၎င်း- တရားနာမှုကင်းလို့လဲ သာဝကပါရမီဉာဏ် မရနိုင်- ခန္ဓာဉာဏ်လှည့်မှုကင်းလို့လဲ သာဝကပါရမီဉာဏ် မရနိုင် ဟူ၍၎င်း-ကျေးဇူးရှင်ဆရာတော်ဘုရား မကြာခဏ ဆုံးမ ဟောကြားတော်မူခဲ့သည့်အတိုင်း စာဘတ်ပရိသတ်များအား နှလုံးသွင်းတတ်ပါက တရားစာ ဘတ်နေခြင်းသည်ပင်လျှင် တရားနာနေခြင်းကဲ့သို့ အကျိုးပြီးမြောက်နိုင်သည်ဟု-ယုံကြည်စွာ မှတ်ထားကြစေလိုပါသည်။

ဤစာအုပ် ရှေ့ပိုင်းတွင် သံဝေဂဉာဏ် ရမှုကို ဆရာတော်ဘုရားကြီး ရှေးရှုဟောကြားတော်မူသည်ကို တွေ့ရှိရပေလိမ့်မည်၊ နောက်ပိုင်းများတွင် သင်္ခတမှ အသင်္ခတသို့ ဆိုက်အောင် ရောက်အောင် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာကိုတွဲပြီး ခန္ဓာ ဖြစ်စဉ်ကိုသာ ဟောကြား ပြသတော်မူပါသည်။

သို့ပါ၍ ဤတရားစာအုပ်ကို ဘတ်ရင်း-နောက်ပိုင်းသို့ ရောက်ကြသည့်အခါ အလုပ်တရားများသာ တွေ့ရှိပါလိမ့်မည်၊ ထိုအခါ၌ ဗဟုသုတ ဖြစ်ရုံနှင့် သံဝေဂဉာဏ် ရရုံမျှသာ သဘောမထားဘဲ၊ စာဘတ်ချိန် သီးသန့်ထားပြီးလျှင် အနှောင့်အယှက်

မရှိစေမူ၍ စာဘတ်ခိုက်- စာဘတ်ဆဲ- စာဘတ်နေစဉ် အတွင်း မိမိဉာဏ်ကို အစွမ်းကုန် ဖွင့်ထားပြီးလျှင် မိမိခန္ဓာအရှိကို မိမိဉာဏ်အသိနှင့် ကိုက်ရန် ကြိုးစားပြီး နှလုံးသွင်းတတ်ဖို့ ပဌမ အရေးကြီးပါသည်။

နောက် ဘတ်ရင်း-ဘတ်ရင်း ဝေဒနာကလေးတွေ စိတ်ကလေးတွေ မိမိသန္တာန်မှာ ပေါ်လာသ၍ သတိထားပြီး-ပညာနှင့် ကြည့်ပြီးရှုပါလျှင် စိတ်တွေ ဝေဒနာတွေ ပေါ်ပေါ်လာတာတွေ တွေ့ရှိပါလိမ့်မည်၊ဤကဲ့သို့ ပေါ်လာတာတွေသည် သင်္ခတတရားတွေဘဲ၊ပျက်ပျက်သွားတာသည်အနိစ္စတရားဘဲ(ဝါ)ဖြစ်ပြီးပျက်တဲ့တရားတွေဘဲဟု-မိမိခန္ဓာကိုဉာဏ်ဖြင့် လှည့်ဖြစ်အောင်လှည့်ပါ၊ ဘတ်ရင်း ရှုရင်း ခန္ဓာပေါ်မှာသာ ဉာဏ်စိုက်ပြီးသကာလ တပိုဒ်ပြီးတပိုဒ် ဆက်လက်၍ ဘတ်သွားကြပါ။

ဤကဲ့သို့ ဘတ်သွားရင်း စာထဲ၌ပါသော တရားတွေသည် ခန္ဓာ ဖြစ်စဉ်တွေဘဲဟု မိမိခန္ဓာနှင့်ဟတ်၍ ဉာဏ်နှင့်မိအောင် လှည့်ပါ၊ခန္ဓာ ဉာဏ်ရောက်ဘို့သာ အရေးကြီးပါသည်။ ဘတ်ရင်းဘတ်ရင်း မိမိဉာဏ်သည် စာထဲ၌မထားဘဲ ခန္ဓာမှာ စူးစိုက်ပြီး ခန္ဓာပေါ်မှာ ပေါ်သမျှ ရုပ်တရား ကလေးတွေ ကလဲ တဖျတ်ဖျတ်ဖြစ်ပြီး ပျက်စီးနေတာဘဲ၊ ဝေဒနာကလေးတွေကလဲ တဖျတ်ဖျတ်ဖြစ်ပြီး ပျက်စီးနေတာဘဲ၊ စိတ်ကလေးတွေကလဲ တဖျတ်ဖျတ်ဖြစ်ပြီး ပျက်စီးနေတာဘဲ-ဟုခန္ဓာပေါ်မှာ ဉာဏ်နှင့် လှည့်ပါ၊ တပိုဒ်ပြီးတပိုဒ် ဘတ်ရင်း မိမိအသိဉာဏ် ပေါ်လွင်သည်ထက်ပေါ်လွင်လာပါလိမ့်မည်၊ကြိုးစားတော်မူကြပါကုန်။

ဝိပဿနာအလုပ်သည် ဉာဏ်အလုပ် (ဝါ-ပညာအလုပ်) ဖြစ်၍-သမ္မာဒိဋ္ဌိ ဦးစီးရသောအလုပ် ဖြစ်သည့် အားလျော်စွာ

တောကျောင်း-တောင်ကျောင်း သွားရောက် အားမထုတ်နိုင်သူများသည် အနိစ္စာနုပဿနာဉာဏ်(ဝါ-ဖြစ်ပျက် သိတဲ့ဉာဏ်)ကို အမြဲမပြတ် "သတိထား ပညာနှင့်ရှု" ဟု-ဆရာတော်ဘုရား ဟောကြား ဆုံးမတော်မူသည့်အတိုင်း ထိုဉာဏ်သို့ သက်ရောက်အောင် ခန္ဓာပေါ်၌ စူးစူးစိုက်စိုက် နှလုံးသွင်း၍ အားထုတ်မှုကို ပြုလုပ်ပါလျှင် စာဘတ်ရင်းဘတ်ရင်း ပွားများမှု ဘာဝနာကိစ္စပါ အကျွမ်းဝင်သွားနိုင်ပါသည်၊ ယုံကြည်စွာဖြင့် အားထုတ် ကြိုးစားတော် မူကြပါကုန်။

ကျေးဇူးရှင် ဆရာတော်ကြီးသည် စာအရှိကို အဓိကမထားဘဲ မိမိတို့သန္တာန်မှာ ဖြစ်ပြီးပျက်တဲ့ ဓမ္မတွေသာ ရှိသည်ဆိုတာ-သရုပ်ပေါ်အောင် ပရိယာယ်အမျိုးမျိုးဆောင်၍ ဟောကြားတော်မူအပ်သော တရားတွေ ဖြစ်သည့်အတိုင်း တရားစာဘတ်သူ ဓမ္မမိတ်ဆွေ များ သည် မိမိသန္တာန်မှာ ပေါ်သမျှသင်္ခါတတရားဟု နားလည်ထားကြပါရန် ပေါ်ပြီး ပျက်ပျက်သွားတာသည် အနိစ္စ၊ သို့မဟုတ် ဖြစ်ပျက်ဟု မိမိဉာဏ်မှာ စွဲစွဲမြဲမြဲ မှတ်ထားကြပါရန်၊ဤကဲ့သို့ ဖြစ်ပျက်တရားတွေ အမြင်ဉာဏ် ရင့်သန်လာသည့်အခါ ဖြစ်ပျက်တွေ ပေါ်တိုင်း ပေါ်တိုင်း ဒီတရားတွေသည် အနိစ္စအစစ်တွေဘဲ၊ဒုက္ခအစစ်တွေဘဲ၊ အစိုးမရတဲ့ အနတ္တတရား အစစ်တွေချည်းဘဲ၊ ချမ်းသာဟူ၍ လုံးဝမဘာက် သက်သက် ဒုက္ခသစ္စာတွေချည်းပါကလားဆိုတာ မိမိအသိဉာဏ်မှာ ပေါ်လွင်လာပါလိမ့်မည်။

ဤကဲ့သို့ ဆက်လက်၍ ကြိုးစား ပွားများသွားပါက ပိုမိုရှင်းလင်း ကြည်လင် ပြတ်သားသည်ထက် ပြတ်သားစွာ ပေါ်လွင်ထင်ရှားလာပါလိမ့်မည်။ ဤသို့ ပေါ်လွင်စွာ ထင်မြင်လာ

သည့်အခါ ဖြစ်ပျက်နှင့်တကွ ဖြစ်ပျက်ဒုက္ခသစ္စာတွေပါ တွေ့မြင်ပြီဟု ဆိုနိုင်ပါသည်။

အားလုံးသော မေ့မိတ်ဆွေများအား ဤတရားစာအုပ်ဘတ်ခြင်းဖြင့် အနည်းဆုံး ဤအဆင့်အတန်းသို့ တွေ့စေလိုရောက်စေလိုသည့် အာသီသဆန္ဒများစွာရှိပါသည်။ ဤကဲ့သို့ ဖြစ်ပျက်တွေ၊ဖြစ်ပျက်ဒုက္ခသစ္စာတွေတွေ့တွေ့မြင်မြင်လာပါလျှင် ကယ်တင်မည့် တရားစစ် တရားမှန်တော့ တွေ့ပြီဟု သဘောပိုက်ပြီးလျှင် ရှေ့သို့ဆက်လက်၍ ဝိပဿနာမဂ်၊ ၎င်းမှတဆင့် ဖြစ်ပျက်တွေ ဆုံးသွားသည်အထိ အိမ်မှာဘဲ ဖြစ်စေ၊ ရိပ်သာတွေမှာဘဲဖြစ်စေ၊ တမဂ်တဖိုလ်ကို ယခုဘဝ၌ပင် ရောက်အောင် ရအောင် ကြိုးစားနိုင်ကြပါစေ။

နိဂုံးချုပ်ရေးသားမှာကြားလိုသည်မှာ ဤတရားစာအုပ်ကို ဘတ်ရှုကြပြီးသောအခါ မိမိဘာသာ မိမိစိတ်ထဲမှာဘဲ ဖြစ်စေ၊ အခြားမေ့မိတ်ဆွေများနှင့်ဘဲ ဖြစ်စေ၊ စဉ်းစားဝေဘန်ချင်လျှင် စဉ်းစားဝေဘန်ကြပေလိမ့်မည်။ ဤသို့ စဉ်းစားဝေဘန်ကြပါလျှင် စာပေ၌ အဓိကထားပြီးလျှင် မဝေဘန်မူ၍ ခန္ဓာပေါ်မှာသာ အဓိကထားပြီးလျှင် ခန္ဓာဖြစ်စဉ် ကိုက်-မကိုက် စဉ်းစားဝေဘန်ကြပါမှ တကယ့် ခန္ဓာအရှိသည် ဉာဏ်အသိနှင့် ကိုက်ပါလိမ့်မည်။

ဤသို့ခန္ဓာပေါ်မှာ မူတည်၍ စဉ်းစားဝေဘန်မှသာလျှင် ခန္ဓာက ငါ့မှာ အနိစ္စတရား၊ဒုက္ခတရား၊အနတ္တတရား၊အသုဘတရား၊ ဒုက္ခသစ္စာတရားတွေသာ ရှိတယ်ဆိုတာ အသေအချာ အတိအကျ ပြောပြပါလိမ့်မည်။ ဤကဲ့သို့ ခန္ဓာက ပြောတာကိုသာ အမှန်ယူမှ ယထာဘူတ.... ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ကို ရရှိ

နိုင်ပါမည်။ စာကို မူတည်၍ ဝေဘန်ပါက ပရိယတ်ဉာဏ်သာ အမြတ်ထွက်ပါမည်။ ပရိယတ်ဉာဏ်ရမှုမျှသည် ယောဂီတို့၏ ရည်ရွယ်ရင်း ပန်းတိုင်မဟုတ်ပါသောကြောင့် ဤမျှနှင့် တင်းတိမ် ရောင့်ရဲ၍မနေဘဲ တကယ်ခန္ဓာအရှိကို ဉာဏ်နှင့် သိမြင်မှသာလျှင် ဟုတ်တိုင်းမှန်စွာ သိမြင်သော ယထာဘူတဉာဏ် (ဝါ-ဓမ္မဋ္ဌိတိ ဉာဏ်) ရပြီ-ဟု ဆိုနိုင်ပါမည်။ ၎င်းဉာဏ်ရမှသာ ခန္ဓာငါးပါး ပေါ်၌ ငြီးငွေ့သောဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်သို့ တက်လှမ်းနိုင်ပါမည်။ နိဗ္ဗိန္ဒာဉာဏ် ရင့်သန်လာမှ ဝိရာဂခေါ်- မဂ်ဉာဏ်၊ ဝိမုတ္တိခေါ် ဖိုလ်ဉာဏ်ကို ရနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ သွားရေး သမီးရေး စီးပွားရေး စသည်နှင့်သာ အချိန် ဖြုန်းမနေကြပါဘဲ တကယ့် မိမိ၏အရေး အစစ်၊ မိမိ၏ ကိစ္စအစစ်၊ မိမိ၏ အလုပ်အစစ် ဖြစ်သောဖရိုဖရဲ ပြိုကွဲကျရောက်ရာ ဝဋ်နိုပ်ပါတ ဘေးဆိုးကြီးမှ လွတ်ရေး ကျွတ်ရေး တရားများကို အားထုတ် ဆောင်ရွက် ကြိုးပမ်းတော်မူနိုင်ကြပါစေသတည်း။

ဦးသံဒိုင်
(၂၄-၁၂-၆၃)

★

# မာတိကာ

**အခန်း** **အကြောင်းအရာ**


၁။ ၂၉-၁-၆၁ ရက်နေ့ဟောကြားသောတရားတော်

၂။ ၃၀-၁-၆၁ ရက်နေ့ဟောကြားသောတရားတော်

၃။ ၃၁-၁-၆၁ ရက်နေ့ဟောကြားသောတရားတော်

၄။ ၁-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၅။ ၃-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၆။ ၄-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၇။ ၅-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၈။ ၆-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၉။ ၇-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၁၀။ ၈-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၁၁။ ၉-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

၁၂။ ၁၂-၂-၆၁ ရက်နေ့ဟောကြားသောတရားတော်

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့- ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# မသေရာရှာနည်းတရားတော်

(၂၉-၁-၆၁)

အားလုံး တရားနာကြတဲ့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြီးသည်ကားလို့ ဆိုယင်ဖြင့် ဘယ်ကိုသွားလာပြီးသကာလ နေပါသလဲဆိုတာ အမေးထုတ်ရမယ်။

ခန္ဓာကိုယ်ကြီး ဘယ်သွားလာနေသလဲဆိုတာ အမေးထုတ်ပါ၊ ကိုယ့်ခန္ဓာကို ကိုယ်အမေးထုတ်ကြပါလို့ သတိ ပေးလိုက်တယ်နော်....(မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာ ကိုယ်အမေးထုတ်တဲ့ အခါကျတော့ သူသည် ပဋိသန္ဓေနေတဲ့ နေ့အချိန်ကစပြီးသကာလ သေရာဌာနကို သွားနေတယ်ဆိုတာ ဆုံးဖြတ်ချက်ချကြပါ၊ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ခန္ဓာကိုယ်ဘယ်သွားနေသလဲ....(သေရာဌာန သွားနေပါတယ် ဘုရား) အချိန်များက ဆိုင်းသေးသလားလို့ မေးယင် ဘယ့်နှယ်ဖြေကြပါ့မယ်.... (မဆိုင်းပါဘူးဘုရား) အချိန်တွေက မဆိုင်းဘူးဆိုတာ သဘောပါကြပလား.... (မှန်ပါ့ဘုရား) အဲဒါကြောင့် ဒီလမ်းမှတပါး လမ်းခွဲမရှိတော့ဘူးလားဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ လမ်းခွဲရှာကြရလိမ့်မယ် (မှန်ပါ့)။

လမ်းခွဲရှာလို့ ရှိယင်ဖြင့် မိစ္ဆာမဂ္ဂင်လမ်း လိုက်လို့ရှိယင်ဖြင့် သေရာငွာနဆီသွားလို့ မဆုံးပါဘူး၊ သမ္မာမဂ္ဂင်လမ်းကို လိုက်ကြလို့ရှိယင်ဖြင့်....တဲ့၊ အားလုံး တကာ တကာမတွေ မသေရာ ရောက်ပါလိမ့်မယ်ဆိုတာ သတိထားကြပါ။

ဒါကြောင့် ယခု တရားနာလာကြတဲ့ တကာ တကာမတွေ ဘယ်အကျိုး ငှာ လာကြသတုံးလို့ မေးလို့ရှိယင် တထစ်ချဘဲ ဆုံးဖြတ်ချက်ချပါလို့ သတိပေးလိုက်တယ်....နော်၊ (မှန်ပါ့)။

ဘယ်လို သတိပေးသတုံး ဆိုလို့ရှိယင်ဖြင့် ဒို့သည် မသေရာ သွားမလို့ တရားနာ လာတာ၊ မသေရာသွားတဲ့နည်းကို လိုချင်လို့ တရားနာ လာတယ် ဆိုတဲ့ ဥစ္စာ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချကြမယ်.... (မသေရာ သွားမလို့ပါဘုရား) မသေရာသွားမလို့ တရားနာလာတယ်လို့ ဆုံးဖြတ်ချက်ချပါ။

အဲဒီတော့ မသေရာဆိုတာသည် တကာ တကာမတို့ စဉ်းစားကြည့်ပါ... တဲ့၊ မသေရာဆိုတဲ့ဥစ္စာသည် လမ်းခွဲလိုက်မှ မသေရာ ရှိတယ်၊ ဒီအတိုင်းသာ သွားရေး သမီးရေး စီးပွားရေးနဲ့ တောက်လျှောက်သွားနေကြမယ်ဆိုယင်ဖြင့် သေရာငွာနမှ ဘယ်တော့မှမလွတ်ဘူးဆိုတာ မှတ်ထားလိုက်ကြပါ၊ (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေကို အထူး တလည်ဘဲ သတိပေးပါတယ်၊ မသေရာငွာနသွားတဲ့နည်းရှာကြပါ၊ နည်းယူကြပါ၊ ကြိုးစားကြပါဆိုတဲ့ဥစ္စာကို တိုက်တွန်းပါတယ်။

နို့မို့လို့ရှိယင်ဖြင့် ဝိပဿနာအလုပ်ကို တကာ တကာမတို့ မသေရာငွာန သွားတဲ့အလုပ်ဟာ ဝိပဿနာ အလုပ်၊ မဂ်ဆိုက်

ရအောင်လုပ်တဲ့အလုပ်၊ မသေရာဌာနသွားတဲ့အလုပ်၊ဒီအခါ သေပြီးယင် နောက် ထပ် သေ စ ရာ မရှိပါဘူး ဆို တာ မှတ်ကြပါ၊ (မှန်ပါ့)။

ဒီတခါသေပြီးယင် နောက်ထပ် သေစရာမရှိတဲ့ အလုပ်သည် ဝိပဿနာ မဂ္ဂင်အလုပ်လို့ ဆိုတာ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ့)။

အဲဒီတော့ အထူးတလည်ကလေး ပြောချင်တာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တကာ တကာမတွေ မှာ တယ်၊ ဘယ်လိုမှာပါလိမ့်မတုံး....။

**ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါအမှာကံ အနုသာသနီ။**

ဘိက္ခဝေ = ငါ၏ချစ်သားတပည့်များတို့၊ဈာယထ = ဝိပဿနာအားထုတ်ကြ။ ။ဝိပဿနာအားထုတ်ကြပါလို့ အထူးတလည်တိုက်တွန်းတယ်လို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့) ဘာ တိုက်တွန်းပါလိမ့်.... (ဝိပဿနာအားထုတ်ဘို့ပါ ဘုရား) ဝိပဿနာအားထုတ်ဘို့ အထူးတလည် တိုက်တွန်းတယ်လို့ မှတ်ကြစမ်းပါ။

ခုနက ပြောခဲ့ပါတယ်၊ ဒီ တကာ တကာမတွေဟာ သေရာဌာနကိုဘဲ သွားနေကြတယ်ဆိုတဲ့ ဥစ္စာက ငြင်းဘို့ မလိုပါဘူး၊ တနေ့တခြား သုသာန်နှင့် နီးတယ်ဆိုတာကော ငြင်းဘို့ လိုသေးသလား....(မလိုပါဘူး)။

မလိုတော့ ဒိ တကာ တကာမတွေ ခန္ဓာရလိုက် သေလိုက်၊ ခန္ဓာရလိုက် သေလိုက်ဆိုတဲ့ အလုပ်ဟာ လမ်းခွဲမရှာတဲ့ ပုဂ္ဂိုလ်တို့၏ အလုပ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါ)။

ခန္ဓာရလိုက်-သေရာဌာနရောက်လိုက်၊ ခန္ဓာရလိုက်-သေရာဌာနရောက်လိုက်၊ ဤသို့ရောက်တဲ့ အလုပ်ဟူသ၍သည် ဖြစ်စဉ်ဘဲဆိုတာ သဘောကျကြပလား....(မှန်ပါ့)။

ဘယ်သူ၏ဖြစ်စဉ်လဲ.... (လမ်းခွဲမရှာတဲ့ပုဂ္ဂိုလ်၏ ဖြစ်စဉ်ပါ)၊ လမ်းခွဲမရှာတဲ့ပုဂ္ဂိုလ်၏ ဖြစ်စဉ်လို့ ဆိုတာ သေသေချာချာ မှတ်ကြစမ်းပါ....နော်၊ (မှန်ပါ့)။

ကိုင်း-ဒါဖြင့် သေတော့ တကာ တကာမတွေ သေတယ်-သေတယ်ဆိုတာသည်ကားလို့ ဆိုယင် အားလုံးတို့နဲ့ ဆိုင်တဲ့ အလုပ်ဆိုတာကော ရှင်းကြပလား....(ရှင်းပါပြီ)။

သေတယ်ဆိုတာ တယောက်တည်းအလုပ်လား၊ အားလုံးနဲ့ ဆိုင်တဲ့အလုပ်လား....(အားလုံးနဲ့ဆိုင်တဲ့အလုပ်ပါ ဘုရား) အားလုံးနဲ့ ဆိုင်တဲ့အလုပ်ဆိုတာ ရှင်းထားပါတဲ့။

အဲဒီတော့ ဒီ တကာ တကာမတွေ မပေါ့မဆ ကြည့်ဘို့ရာ၊ မပေါ့မဆဘဲနဲ့ နေဘို့ရာ ဘုန်းကြီးကသတိပေးပါတယ်၊ ဘယ်လိုသတိပေးသလဲဆိုလို့ ရှိယင်ဖြင့် ဥပမာ- ဒီ တကာ တကာမ တယောက်သည် ဝေဒနာ ပြင်းပြင်း ထန်ထန် ဖြစ်တယ်၊ ဝေဒနာပြင်းပြင်းထန်ထန် ဖြစ်လာတဲ့ အခါကျတော့ အင်း.... ဟင်....ငါသည်ကား ဒီတောင်ကမတက်ရတော့ဘူး၊ ဒီနေရာမှာ ဒီဝေဒနာနဲ့ဘဲ သေလိမ့်မယ်ထင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဝိစိကိစ္ဆာတွေ ဖြစ်လိမ့်မယ်။

အဲဒီ သေလိမ့်မယ်ထင်တဲ့ အခါကျတော့ မသေမီ ရှေ့အဘို့ကာလက ကိုယ်ပြုထားတဲ့ ကုသိုလ် အကုသိုလ်အလိုက် မသေခင်ဘဲ မြင်ရတာတွေ ရှိသေးတယ်ဆိုတာ မှတ်စမ်းပါ၊ (မှန်ပါ့)။

မသေခင်ဘာတိုး.... (မြင်ရပါတယ်)။

မသေခင်မြင်ရတဲ့ဥစ္စာ ရှိပါသေးတယ်၊ မသေခင်က သားရေး သမီးရေး စီးပွားရေးကို အလိုက်ကြီး လိုက်နေတဲ့ ပုဂ္ဂိုလ်များ အတွက်ကတော့ သားတန်းလန်း သမီးတန်းလန်း ပစ္စည်းတန်း လန်းနဲ့ ဝိပဿနာအလုပ်- မလုပ်ခဲ့ဘူး၊ ထိုကဲ့သို့ ပုဂ္ဂိုလ်များကျ လာတော့ ဘယ်လိုဖြစ်တတ်သတုံး ဆိုတော့ ဒီ ဘဝ ဝိညာဏ် မ ချုပ်ခင် ဦးခင်မောင်တို့- ကိုထွန်းအောင်တို့ သွားရာလမ်းခရီး မြင်နေတယ်....(မြင်ရပါတယ် ဘုရား)။

တကာ တကာမတွေ ဘာမြင်ရသလဲ.... (သွားရာ လမ်းခရီး မြင်ရပါတယ်) သွားရာလမ်းခရီး မြင်နေရတယ်ဆိုတာ သေသေ ချာချာမှတ်ပါ၊ (မှန်ပါ့) ဘာမြင်ကြရသလဲ....(သွားရာလမ်း ခရီး မြင်ရပါတယ်) သွားရာ လမ်းခရီး မြင်နေရတယ် ဆိုတာ သေသေချာချာမှတ်ပါ၊ (မှန်ပါ့) သွားရာလမ်းခရီးဆိုတာက ဦးခင်မောင်ရေ-ဝိညာဏ်ချုပ်မှမြင်ရတာလား၊ မချုပ်ခင် မြင်ရ တာလား....(မချုပ်ခင် မြင်ရတာပါ)။

မချုပ်ခင် မြင်ရတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ့)။

တကာ တကာမတွေ ဒီဥစ္စာ-ကိုယ်သေဘူးပြောသော်လဲ မသိ ဘူးနော်၊ (မှန်ပါ့) ကိုယ်သေဘူးပြောသော်လဲ....(မသိပါဘူး)၊ အဲဒါကြောင့် ဒီတကာ တကာမတွေ ယနေ့ စောစောစီးစီး ဝိပဿနာမပြခင် ဒီအလုပ်ကို ရှင်းပေးနေပါတယ်။

ကိုယ်က သားရေး သမီးရေး စီးပွားရေးနဲ့ အချိန်ကုန်ပြီး သကာလ ဝိပဿနာအလုပ်ကို မလုပ်ခဲ့တဲ့ပုဂ္ဂိုလ်ကျတော့ ဘာဖြစ် သလဲ စာရင်းမချုပ် အင်းမချုပ်နဲ့ တန်းလန်းကြီးနေတဲ့ အ ချိန်မှာ ဖြတ်ဆို သေလောက်တဲ့ဝေဒနာက ဦးခင်မောင် ရောက်

လာတယ်၊ ဦးထွန်းအောင် ရောက်လာတယ်ဆိုကြပါစို့.... (မှန်လှပါ)။

ထိုကဲ့သို့ ရောက်လာတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီဘဝမှာလဲ နောက်ဆုံးပိတ်သေရတော့မယ်ဆိုတဲ့ဥစ္စာ မသေခင် မရဏာ သန္တဇောဆိုတဲ့စိတ်တွေပေါ်လာတယ်လို့ မှတ်ကြပါ၊ (မှန်ပါ့) ဘာပေါ်လာပါလိမ့်....(မရဏာသန္တဇောပေါ်လာပါတယ်)မရဏာသန္တဇောစိတ်တွေ ပေါ်လာတယ်လို့ မှတ်လိုက်စမ်းပါ၊ အဲဒီဇောစိတ်တွေပေါ်လာတော့ ဒီဇောစိတ်ဆိုတာ တကာ တကာမတို့အာရုံနဲ့ ကင်း၍ မဖြစ်ဘူးဆိုတာ မှတ်ထားပါ၊ (မှန်ပါ့)။

ကိုယ်က သားရေး သမီးရေး စီးပွားရေးနဲ့ လောကကြီးထဲရှုပ်ပွေပြီးသကာလ သူတော်ကောင်းအလုပ်က မပါတော့ ခွေးနက်ကြီးတွေလဲ မသေခင်မြင်ရတတ်တယ်၊ သဘောကျပလား.... (ကျပါပြီ) ဘာမြင်ရတတ်သတုံး....(ခွေးနက်ကြီးတွေကိုလဲ မြင်ရတတ်ပါတယ်) ခွေးနက်ကြီးတွေလဲ မသေခင်မြင်ရတတ်တယ်၊ ငရဲမီးလျှံ ငရဲအိုးတွေကော....(မြင်ရတတ်ပါတယ်) သေပလား (မသေသေးပါဘူး) မသေသေး ခင် ကို မြင်ရတယ် ဆို တာ သဘောပါကြပလား....(ပါ-ပါတယ် ဘုရား)။

အဲဒါ တကာ တကာမတွေက အဲဒီအချိန် ကျလာတဲ့ အခါကျတော့ မသေခင် မြင်ရတဲ့အချိန်ကျလာတော့ ဒါ ကိုယ်သွားရမည့်လမ်းလို့ သေမည့်သူကသိတယ်၊ (မှန်ပါ့) သေမည့်လူက ဘာသိပါလိမ့်.... (ကိုယ်သွားရမည့်လမ်းလို့ သိပါတယ်) ကိုယ်သွားရမည့်လမ်းလို့ သေသေချာချာသိပါတယ်နော်၊ (မှန်ပါ့)။

ကိုယ်သွားရမည့်လမ်းလို့ သေသေချာချာ သိပြီး သကာလနေတော့ ငါဖြင့် အနေဆိုး နေခဲ့တဲ့အတွက် အသေဆိုးတော့ဖြင့်

သေရတော့မယ်-ဆိုတဲ့ဥစ္စာ မျက်ရေကလေးများ ကျလာတယ်၊ သေပလား ဒီ အချိန်မှာ....(မသေသေးပါဘူးဘုရား)။

အားလုံး တကာ တကာမတွေ သေမှမျက်ရေကြီးငယ် ကျတာလား....၊မသေခင်ကကျတာလား.... (မသေခင် ကျတာပါဘုရား) မသေခင်က ကျလာတယ်ဆိုတော့ အဲဒီအချိန်မှာ ဦးခင်မောင်တို့ အားလုံးဘဲ နောင်တ ရတတ်ကြတယ်....နော်၊ (မှန်လှပါ ဘုရား) နောင်တ ရတတ်ကြပါတယ်၊ ခြော်....ငါသည် သားရေး သမီးရေး စီးပွားရေးနဲ့ အချိန် ကုန်ခဲ့တယ်၊ အခုတော့ဖြင့် ဘယ်သူမှကယ်မည့် ယူမည့်သူမရှိတော့ဘူး၊ ငါ သွားရမည့်လမ်းကလဲ ငါကိုယ်တိုင်မြင်နေပြီ၊ သေချာနေပါပေါ့ လားဆိုပြီး တကာ တကာမတို့ ကိုယ်အိပ်တဲ့ အိပ်ရာပေါ်မှာ မျက်ရေတွေ စီးကျလာတယ်၊ (မှန်ပါ့)။

ဘာဖြစ်လို့ မျက်ရေတွေစီးကျပါလိမ့်--တကာ တကာမတို့—၊ (သွားရာလမ်းမြင်လို့ပါ ဘုရား) သွားရာလမ်း မြင်လို့....လို့ ဒီဘက်က တကာတွေ သေသေချာချာ မှတ်စမ်းပါ၊ (မှန်ပါ့ ဘုရား) သွားရာလမ်းမြင်တော့ ဒီအချိန်မှာကယ်မည့်လူ ယူမည့် လူကော ဦးခင်မောင် လာချိန် ရှိသေးသလား....၊ (မရှိပါဘူး ဘုရား)၊ မရှိတော့ဘူးဆိုတာကို အားလုံး တကာ တကာမတွေ သဘောပါပလား....(ပါ-ပါပြီ)။

ဒါဘယ်လို နေခဲ့တဲ့ အနေမျိုးနဲ့ နေခဲ့လို့ မကောင်းတဲ့ လမ်းခရီးကြီးတွေ မြင်ကြရပါလိမ့်မလဲလို့ အမေးထုတ်ကြလို့ ရှိယင် ဘုန်းကြီးတို့ တကာ တကာမတွေ ဘာမှအသုံးမကျတဲ့ တဏှာခိုင်းတဲ့အလုပ်နဲ့ အချိန်ကုန်ခဲ့လို့-လို့ မှတ်လိုက်စမ်းပါ၊

(မှန်လှပါ) ဘာနဲ့ အချိန်ကုန်ခဲ့ရသလဲ.... (တဏှာခိုင်းတဲ့ အလုပ်နဲ့ အချိန်ကုန်ခဲ့ရပါတယ်)။

တဏှာခိုင်းတဲ့အလုပ်နဲ့ အချိန်ကုန်ခဲ့ရတယ်ဆိုတာ ကြည့်စမ်း တကာ တကာမတို့၊ မသေခင်က ကိုယ်သွားရမည့် ငရဲအိုးကြီးတွေ ငရဲမီးကြီးတွေ တောင်ကြီးတွေ ချောက်ကြီးတွေ၊ ချွေးနက်ကြီးတွေ ထင်နေတာ၊ တကာ တကာမတို့ အဲဒီဆီကျမှ ကယ်စရာ ယူစရာ ရှာလို့ကော တွေ့ပါ့မလား....၊ (မတွေ့ပါဘုရား) ဒါပြီး သေရုံဘဲရှိတော့တယ်....နော်၊ (မှန်ပါ့)ဒါပြီးယင် သေရုံဘဲရှိတော့တယ်တဲ့.... အဲဒီတော့ ငါဖြင့် အမှားကြီးမှားခဲ့ပြီဆိုပြီး နောင်တ ရတတ်တယ်၊ (မှန်ပါ့)။

ဘာဖြစ်ပါလိမ့် .... (နောင်တ ရတတ်ပါတယ် ဘုရား)၊ နောင်တ ရတယ်....နော်၊ ငါဖြင့် အမှားကြီး မှားခဲ့ပြီလို့.... နောင်တရတယ်၊ နောင်တရငြားသော်လဲ ဦးခင်မောင် ဒီနောင်စာဟာ ပြင်လို့ဖြစ်သေးရဲ့လား .... (မဖြစ်ပါဘူး) ပြင်လို့ မဖြစ်တော့ဘူးဆိုတာ သေချာကြပလား.... (သေချာပါတယ်)၊ ဩော်....ဒါဖြင့် တကာ တကာမတို့ လမ်းခွဲမရှာခဲ့တဲ့သတ္တဝါဟာ ဦးခင်မောင်တို့, အားလုံး တကာ တကာမတို့ ကိုယ်ကျိုးမနည်းဘူးလား....၊ (ကိုယ်ကျိုးနည်းပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ဒီက နေပြီးသကာလ တကာ-တကာမတို့ လမ်းခွဲကလေး ပြပါရစေ၊ ခင်ဗျားတို့ တွေ့ရမည့်ကိစ္စမသေးလှဘူးနော်....၊ သွားရေး သမီးရေးနဲ့ အချိန်ကုန်ပြီးသကာလ ရောင်းရေး ဝယ်ရေးနဲ့ဘဲ အနေဆိုးနေလို့ အသေဆိုး သေရတော့မယ်ဆိုတော့....ခင်ဗျားတို့ မျက်ရေကလေးများကျကြလိမ့်မယ်၊ ထိုကဲ့သို့ မျက်ရေကြီးငယ်ကျတော့မှ ပြင်ချိန်

ဆင်ချိန်ကလဲမရှိတော့ဘူးဆိုလို့ရှိယင် အင်မတန်မနစ်နာပေဘူး လား....(နစ်နာပါတယ်)။

အဲဒါကြောင့် တကာသစ်တို့ အခုအချိန်ကပြင်ကြပါဆိုတာ တရားမဟောမီ ရှေ့အဘိုကာလ၌ သတိပေးလိုက်ပါတယ်၊ (မှန်လှပါဘုရား)၊ ဘယ်အချိန်က ပြင်ရမယ်.... (အခုအချိန်က ပြင်ရပါမယ်) အခုအချိန်က ပြင်ကြပါဆိုတာ ဦးခင်မောင်တို့၊ ကိုထွန်းအောင်တို့ သတိပေးရတယ်နော် (မှန်ပါ) အဲဒီလိုနိမိတ်တွေ ထင်ပြီးလို့ရှိယင်လဲ တကာတကာမတို့ဘယ်သူမှသွားရာလမ်းခရီး မမြင်ဘဲနဲ့ မသေဘူးတဲ့နော်၊ (မှန်ပါ) သွားရာလမ်းခရီးကို....၊ (မမြင်ဘဲနဲ့မသေပါဘူး)။

မမြင်ဘဲနဲ့မသေဘူးဆိုတာ လူတိုင်းမှတ်ပါ၊ တိရစ္ဆာန်တိုင်း မှတ်ပါ၊ ဒီအတိုင်းဘဲ သေကြရတာချည်းဘဲ ဆိုတာ သဘော ပါကြလား....၊ (ပါ-ပါတယ်ဘုရား) ဒါဖြင့် ဘုန်းကြီးတို့ တကာ-တကာမတို့သည် အခုအဲဒီအခြေအနေမရောက်သေးပါ ဘူး၊ အခုသေရမည့်နေရာဌာနနဲ့ နည်းနည်း ဝေးပါသေးတယ် ဆိုယင် ဦးခင်မောင်-လွဲပါ့မလား....၊ (မလွဲပါဘူးဘုရား)။

မလွဲပါဘူး၊ အဲဒီတော့ အခုပြင်ချိန် ဆင်ချိန် ရှိသေးတဲ့ အချိန်မှာ ဆရာဘုန်းကြီးက လာပြီးသကာလ ပြင်ပေး ဆင်ပေး တာကို ခင်ဗျားတို့က အပြင်အဆင် ခံကြလို့ရှိယင်လဲ ခင်ဗျားတို့ အရေးဟာကောင်းသွားမှာဘဲ၊ (မှန်လှပါ ဘုရား)။

ပြင်ချိန်ဆင်ချိန် မခံတော့ပါဘူး၊ တပည့်တော်တို့ ကိစ္စတွေ က တပည့်တော်တို့ မွေးထားတဲ့ သားတွေ သမီးတွေနဲ့ တပည့် တော်တို့ အရောင်း အဝယ်တွေနဲ့ ဆိုလို့ရှိယင်ဖြင့် ဟိုနေရာ

ကျမှ အိပ်ရာပေါ် ခေါင်းအုံးပေါ် မျက်ရေတွေ စီးကျပြီး ငါဖြင့် ကိုယ်ကျိုးကြီးနည်းခဲ့ပြီဆိုတော့ ကောင်းနိုင်စရာ ရှိသေးရဲ့လား....၊ (မရှိပါဘူးဘုရား)။

အဲဒါကြောင့် တရားနာကြတယ်၊ တရားနာကြတယ်ဆိုတဲ့- သဘောသည်ကားလို့....ဆိုလို့ ရှိယင်ဖြင့် အသေ ပြင်ဘို့ နာကြတာလို့....မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) ဘယ်အကျိုးငှါ နာကြတာပါလိမ့်.... (အသေပြင်ဘို့ပါ ဘုရား) အသေ ပြင်ဘို့ နာကြတာဆိုတာ ကျေကျေနပ်နပ်သဘောကျပလား....၊(ကျပါတယ် ဘုရား) ဒါကြောင့် အသေ ပြင်နည်း နိသျှည်း ကိုဘဲ ဘုန်းကြီး ရှင်းလင်းပြီးသကာလ ပြပါမယ်၊ တကာ တကာမတွေက ဂရုစိုက်ပြီးသကာလ ဩြော်....ဒို့အတွက် ဒီအတိုင်းသာ နေလို့ ရှိယင်ဖြင့် ဒီအသေဟာ ဆိုးလှချည့်ကလား ဆိုတာ ပေါ်လိမ့်မယ်....နော်၊ (မှန်ပါ)။

ရှေးက တိဿရဟန်းကြီးရဲ့အဖေကြီးဟာငါသားတိဿ ခွေးနက်ကြီးတွေလာဆွဲနေတယ်ကွ၊ ချောက်ပေးပါဦး မောင်းပေးပါဦး ဆိုတာ ဦးခင်မောင် ပါးစပ်ကိုက အော်လာတယ်၊ (မှန်ပါ) အင် မတန် ကြောက်စရာ မကောင်းဘူး လား....၊ (ကောင်းပါတယ်) ဦးဇံရင်တို့ သဘော ကျကြရဲ့လား....၊ (ကျပါတယ်ဘုရား) နောက်မှပြင်မယ်ဆိုလို့ ရကြပါ့မလား—၊ (မရပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေ အခုအချိန်မှာ ပြင်မှ အသင့်ဘဲ ရှိမယ်....နော်၊ (မှန်ပါဘုရား) အခုအချိန်က ပြင်မှ....၊ (အသင့်ဘဲရှိပါမယ်) အသင့်ဘဲရှိမယ်ဆိုတာ သဘောပါကြလား.... (ပါ-ပါတယ်) ဒါဖြင့် ဒီအချိန်က စပြီးသကာ

လ ဘုန်းကြီးတို့ တကာ တကာမတွေ ပြော်....ပြင်ဘို့ ဆင်ဘို့ အရေးကလေးကလဲ ကျန်တဲ့အချိန်ကလေး မြန်မြန်ပြင်မှဘဲ ဆို တာကို ကြပ်ကြပ် သတိထားပါလို့ ဆိုတာ သတိပေးရတယ်၊ (မှန်ပါဘုရား)။

နေးနေးပြင်မှ တော်မလား....၊ မြန်မြန်ပြင်မှ တော်မလား၊ (မြန်မြန်ပြင်မှ တော်ပါမယ်) မြန်မြန်ပြင်မှ တော်မယ်ဆိုတာကို ဖြင့် သတိထားကြပါ၊ (မှန်ပါ) ဘာဖြစ်လို့ တုံးလို့ မေးတဲ့ အခါကျတော့ ခန္ဓာကိုယ်က တကာ တကာမတွေ စဉ်းစား ကြည့်စမ်း၊ အတိတ်ကံကြောင့်လဲ ဦးခင်မောင်.... အသက်ရှည် နေတယ်ဆိုယင်လဲ မလွဲဘူးပေါ့ဗျာ၊ (မှန်လှပါ)၊ ပစ္စုပ္ပန် ကံ တွေကမဖြစ်လို့လဲ ဥပစ္ဆေဒက-ဥပဃာတက ကံတွေက မဖြစ် လို့လဲ အသက်ကလေးရှင်နေသေးတယ်ဆိုယင် လွဲပါမလား....၊ (မလွဲပါဘူးဘုရား)။

အဲဒါတွေကြည့်တော့ အတိတ်ကံလဲ ခင်ဗျားတို့ ကုန်လှပ လား.... မကုန်လှပလားဆိုတာကော ကိုယ်ကအဘိညာဏ် မရ တော့ သိပါရဲ့လား....၊ (မသိပါဘူးဘုရား) မသိတော့ ယနေ့ လား နက်ဖြန်လား မသေနိုင်ဘူးလား....၊ (သေနိုင်ပါတယ်)၊ ယနေ့လား နက်ဖြန်လား သေနိုင်တယ်ဆိုတာ ကေန်ဘဲ မဟုတ် လား.... (ကေန်ပါဘုရား)။

အဲဒီအထဲက နေပြီး အတိတ်ကံက အသာထားပါဦး....တဲ့၊ ဥပစ္ဆေဒကဆိုတဲ့ ကပ်ပြီးဖြတ်တဲ့ကံတွေကလဲ ကိုယ့်မှာ ရှေးတုံးက ပါလာတာတွေမရှိပေဘူးလား(ရှိပါတယ်ဘုရား)အဲဒီဥပစ္ဆေဒက ကံတွေက ဖြတ်သွားပြန်လို့ ရှိယင်လဲ ဘုန်းကြီးတို့ တကာ တ ကာမတွေမှာတဲ့ အခုအကောင်းကြီး နက်ဖြန်သေပွဲကြီးဆိုတာ

မဖြစ်နိုင်ဘူးလား....၊ (ဖြစ်နိုင်ပါတယ်) အဲဒီတော့ကို ဒီတရားကို အချိန်ဆွဲပြီးသကာလ လုပ်နေကြမယ်ဆိုလို့ရှိယင် ခင်ဗျားတို့ လူမိုက်ထဲပါသွားလိမ့်မယ်၊ မပါပေဘူးလား....၊ (ပါ-ပါတယ် ဘုရား)။

အဲဒါကြောင့် လူမိုက်ထဲလဲ မပါရအောင် အသေဆိုးလဲ မသေရအောင် တကာ တကာမတို့ လုပ်ဖြစ်အောင် လုပ်ပါဆိုတာကို သေသေချာချာ တိုက်တွန်းနေတယ်ဆိုတာဖြင့် သဘောကြီးကြီးထားပြီး သကာလ ဦးခင်မောင် သဘောမကျမရှိနဲ့၊ ဒီအလုပ်က လုပ်ရမည့် အလုပ်ဖြစ်သောကြောင့် မရ အရ ပြင်ရလိမ့်မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ (မှန်လှပါ) ဘယ်လိုဆုံးဖြတ်ချက်ချရမယ်.... (မရ အရပြင်ရလိမ့်မယ်) မရ အရ ပြင်ရလိမ့်မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ပြင်နည်းကိုတော့ဖြင့် ဆရာဘုန်းကြီးက ပေးပါမယ်၊ (မှန်ပါ)။

ပြင်နည်းကိုတော့ဖြင့် ပေးပါလိမ့်မယ်၊ တကာ တကာမတွေက ပြင်ဘို့ရာကိုသာ အဆင်သင့် လုံ့လတို့ ဝီရိယတို့ သတိတို့ ပညာတို့နှင့် ဒါကြိုးစားရလိမ့်မယ်ဆိုတဲ့ဥစ္စာကို ကိုယ့်တာဝန်ရှိတယ်ဆိုတာကို တာဝန်သိပြီးသကာလ အလုပ် လုပ်ပါဆိုတာကို တရားမဟောမီ ရှေးအဘို့ကာလက တိုက်တွန်းပါတယ် (မှန်လှပါဘုရား)၊ သဘောပါကြလား.... (ပါ-ပါတယ်)။

ကောင်းပြီဒါဖြင့် ဒီနေ့သက္ကပဥ္စာသုတ်မှာလာတာကို ပြောကြပါစို့....တဲ့၊ တကာ တကာမတွေ နောက်မှ ဝိပဿနာ စ-ပေးပါလိမ့်မယ်၊ သိကြားမင်းကြီး လမ်းခွဲကိုလိုက်-လိုက်တဲ့အတွက် ဦးခင်မောင် တရားနာရင်း စုတေစိတ်ကျပြီး၊ တရားနာရင်း

သောတာပန် တည်လို့-သောတာပန်တည်ပြီးသကာလ စုတေ စိတ်ကျပြီး ဒီနေရာတွင် သိကြားဟာလူ့ပြည်မှာဘဲ သိကြားပြန် ဖြစ်တယ်၊ (မှန်ပါ့)။

ဘုရားက လူ့ပြည် နေတော့လူ့ပြည်လာပြီး တရားနာတယ်၊ တရား နာရင်း ဥပစ္ဆေဒကကံက ဖြတ်သွားတဲ့ အခါကျတော့ ဦးခင်မောင် သိကြားအဖြစ်မှ လျှောကျသွားတယ်၊ (မှန်ပါ့) ပြီးတော့ချက်ခြင်း ဒီနေရာမှာဘဲ သိကြားအဖြစ် ပြန်ဖြစ်တယ်၊ (မှန်ပါ့)။

အဲဒီတော့ တကာ တကာမတို့ အဲဒီသိကြားက အင်မတန် ထူးခြားတဲ့သိကြား၊ တရားနာရင်း သောတာပန် တည်တယ်၊ တရားနာရင်း သေသွားတယ်၊ သေပြီးတော့ကို ဖြတ်ခနဲ ဘုရား နဲ့သိကြားသာသိပြီး ဒီနေရာမှာ သိကြားမင်း ပြန်ဖြစ်တယ်လို့ ဦးခင်မောင်တို့ မှတ်ထားပါ (မှန်လှပါ)။

ဒါဖြင့် တကာ တကာမတို့ တရားကျေးဇူး သိပ်များပါက လား၊ ဒီနေရာမှာဘဲ ဖြတ်ခနဲဆို မီးတိုင်သေသလို သေသွား တာဘဲ၊ ဒီနေရာမှာဘဲ ဖြတ်ခနဲဆို မီးလင်းသလို လင်းလာတာ ဘဲဆိုတာ တရားနာရင်းဘဲ သောတာပန်တည်ပြီး တရားနာရင်း သောတာပန်အဖြစ်နဲ့ သေပြီးသကာလ ဘုရားနဲ့ သိကြားဘဲ သိတယ်....တဲ့၊ သူသိကြား ချက်ခြင်း ပြန်ဖြစ်တယ် (မှန်ပါ့)။

အဲဒါ ဘယ်တရား ပါလိမ့်မလဲ ဆိုတဲ့ ဥစ္စာ အလုပ်တရား လို့ သေသေချာချာ မှတ်ကြပါ၊ (မှန်လှပါ) ဘာတရားပါလိမ့်.... (အလုပ်တရားပါဘုရား) ဒါဖြင့် တကာ တကာမတို့ ဘာဂရု စိုက်ရမယ်....(အလုပ်တရားကို ဂရုစိုက်ရပါမယ်) အလုပ်တရား

ကို ဂရုစိုက်ရလိမ့်မယ် ဆိုတာ သေသေချာချာ မှတ်ကြပါ (မှန်ပါ)။

ကိုင်း....အလုပ်တရားကို ဂရုမစိုက်ခင် သူ့အကြောင်းကလေး ကို ဦးခင်မောင် ရှင်းပြပါဦးမယ် (မှန်လှပါ)သူ....သောတာပန် တည်တဲ့ အကြောင်း ကလေး ရှေ့ပိုင်းမှာ သူ ဘယ်လိုမေးပြီး သကာလ ဘယ်လို ဖြေတယ် ဆိုတာကလေး ဟာလဲ တကာ တကာမတို့ သတိထားပါ-နော်(မှန်ပါ)သိကြားက သောတာ ပန်မတည်ခင် လူ့ပြည်ဆင်းလာတယ် ဆင်းပြီးလာတော့ ဘုရား သခင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့၊ သူမေးပုံကလေး တကာ တကာမတွေ တယ်ကောင်းတယ်၊ ကိုယ်လဲ ရှောင်ကြဉ်စရာ၊ သူ့အမေးလဲ မေးလို့ ဘုရားကဖြေတာကို ဒီတကာ တကာမ တွေ မှတ်စရာသိပ်ကောင်းပါတယ်။

အဲဒါ ကြိုးစားပြီးသကာလ မှတ်လိုက်ကြစမ်းပါ ဆိုတာ သတိပေးရပါတယ်၊အရှင်ဘုရား-တဲ့ လောကကြီးထဲမှာ လူတွေ သည် ကိုယ့်ကိုယ်ကိုယ်ကျန်းမာဘို့၊ ကိုယ့်ကိုယ်ကိုယ်ချမ်းသာဘို့ အစားရှောင် အဝတ်ရှောင် မေတ္တာပို့ ဦးခင်မောင်တို့ ကိုယ့် ကိုယ်အတွက် မလုပ်ကြဘူးလား....(လုပ်ကြပါတယ်)။ အစား ကလေး ရှောင်ကြပါဟယ်.... မတဲ့တာ စားမိယင် သေမှာ စိုးလို့၊ ရောဂါရမှာစိုးလို့၊ အဝတ်တွေတောင်မှ ကိုယ်နဲ့ သင့် မြတ်တဲ့အဝတ်တွေကိုသာ ဝတ်ပြီးသကာလ သိပ်ပူမည့်အဝတ်ကို ပူတဲ့အချိန် မဝတ်ဘဲနဲ့ အေးတဲ့အချိန်မှ ဝတ်ကြတယ်ဆိုပြီး သကာလ ခန္ဓာကိုယ် ကျန်းမာမှု ချမ်းသာမှုကို အထူးဂရုစိုက်ကြ ပါတယ်။

အဲဒီကဲ့သို့ ခန္ဓာကိုယ် ကျန်းမာမှု ချမ်းသာမှုကို အထူး ဂရုစိုက်ပါလျက်သားနဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေမှာ အန္တရာယ်မကင်း ဘေးမရှင်းဖြစ်တာ ဘာပါလိမ့်မလဲဘုရား.... ဘယ်အကြောင်းကြောင့်ပါလိမ့်မလဲ ဘုရားလို့ တကာ တကာမတို့ သိကြားကမေးတယ်၊ ဘယ်သူက မေးတာပါလိမ့်.... (သိကြားက မေးပါတယ်) သိကြားက မေးတယ်ဆိုတာ မှတ်ထားစမ်းပါ နော်....(မှန်ပါ)။

လူတွေဟာတဲ့ ကိုယ့်ကိုယ် ကျန်းမာမှု ချမ်းသာမှုကို အလွန်အလိုရှိကြတယ်၊ မလိုကြဘူးလား... (လိုပါတယ် ဘုရား) ကိုယ့်ကိုယ်ကိုယ် ကျန်းမာမှု ချမ်းသာမှုကို အထူးတလည်ဘဲ ခင်ဗျားတို့ ကြိုးစားကြတယ် ဆိုတာ ခင်ဗျားတို့ ကြိုးစားဘို့လိုသေးသလား....(မလိုပါဘူး ဘုရား)။

ဆေးအမျိုးမျိုးတိုက်တယ်၊ ဝါးအမျိုးမျိုးတိုက်တယ်၊အင်း.... ကျန်းမာရေးလိုက်စားပြီး ပင်လယ်သွားတယ်၊ အမျိုးမျိုးအဖုံဖုံလေကောင်း လေသန့်တွေ ရှုိက်ရှူပြီး ရေကောင်းတွေ သောက်ကြတယ်၊ ဒါတွေဟာ ဘာအလိုရှိတာတုံး ဦးခင်မောင်ရေ...(ကျန်းမာရေးပါဘုရား) ကျန်းမာ ချမ်းသာဘို့ အလိုရှိတယ်ဆိုတာ တကာ တကာမတွေ သဘောပါကြပလား .... (ပါပါတယ်) သို့သော်လဲတဲ့ ကျန်းမာ ချမ်းသာအောင်လို့ ကြိုးစားငြားသော်လဲ မကျန်းမာ မချမ်းသာဘဲနဲ့ တော်တော်ကြာခါးကိုက် လည်နာ ရင်နာ စိတ်မချမ်းသာစရာတွေပေါ်ကြ၊ အမျိုးမျိုး အဖုံဖုံတွေဟာ ဘယ့်နှယ်ကြောင့်ပါလိမ့်မလဲလို့ မေးလိုက်ပါတယ်....နော်၊ (မှန်လှပါဘုရား)။

မေးလိုက်တဲ့အခါကျတော့ တကာ တကာမတို့ မှတ်ထား လိုက်စမ်းပါ၊ အသင် သိကြား.... သတ္တဝါတွေဟာ ကျန်းမာ ချမ်းသာ လိုချင်ပြီးသော်လဲ ကျန်းမာမှု ချမ်းသာမှုကို မလိုက် နာနိုင်တဲ့သဘောက ကျန်းမာမှု ချမ်းသာမှု မရတဲ့ သဘောက တော့ဖြင့်....တဲ့ ဣဿာ မစ္ဆရိယရှိလို့ သဘောပါကြလား....(ပါ ပါတယ်)။

သတ္တဝါတွေဟာ ကျန်းမာ ချမ်းသာခြင်းတော့ အလိုမရှိကြ ဘူးလား....(ရှိပါတယ်ဘုရား) ဘာဖြစ်လို့ ခေါင်းကိုက် ရင်နာ လေနာတွေများရသတုံး .... (ဣဿာ မစ္ဆရိယကြောင့်ပါ ဘုရား) ဣဿာ မစ္ဆရိယရှိလို့-လို့ သေသေချာချာမှတ်ပါ၊ ဒါဟာ သူ့ အချက်ဘဲ (မှန်ပါ့ ဘုရား) တကာ တကာမတို့ ကျန်းမာမှု ချမ်းသာမှုကို အများကြီး အလိုရှိပါလျက်သားနဲ့ တော်တော် ကြာကျတော့ ဝေဒနာအမျိုးမျိုးတွေနဲ့ ဒီတကာ တကာမတွေ ကြုံဆုံပြီးသကာလနေတာဟာ ကိုယ့်ကိုယ်ကိုယ်ဟာ **အဟံ အ ဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ** ဆိုပြီးသကာလ ကိုယ့်ကိုယ်ကိုယ် ကျန်းမာမှု ချမ်းသာမှုကို အလွန်အလိုရှိပါတယ်၊ အလိုရှိပါလျက် သားနဲ့ မကျန်းမာ မချမ်းသာတာ ဘယ်အကြောင်းပါလိမ့် မလဲလို့ ဘုရားကိုမေးတဲ့ အခါကျတော့ ဘုရားက ဘယ်လိုများ ဖြေလိုက်ပါလိမ့်မလဲ....(ဣဿာ မစ္ဆရိယကြောင့်ပါ ဘုရား)။

သတိထားပါ သတိထားပါ တကာ တကာမတွေ ဒီအရေး ဟာ ကိုယ့်အရေးလို့မှတ်ပါ၊ ကျန်းမာချင် ချမ်းသာချင်လို့ ရှိယင် ဣဿာ မစ္ဆရိယ ရှောင်ရလိမ့်မယ် (မှန်ပါ့)။

သဘောကျကြပလား....(ကျပါတယ် ဘုရား)။

ကျန်းမာချင် ချမ်းသာချင်ကြလို့ ရှိယင်.... (ဣဿာ မစ္ဆရိယ ရှောင်ရပါမယ်) ဣဿာ မစ္ဆရိယ ရှောင်ရလိမ့်မယ်၊ ဣဿာဆိုတဲ့ ဥစ္စာက သူတပါးငြူစူတယ်....နော်၊ မစ္ဆရိယဆိုတဲ့ဥစ္စာက ကိုယ့်ဟာကို ပေးရမှာ ကမ်းရမှာစိုးလို့ ဝန်တိုတယ်နော်....(မှန်ပါ)။

ဣဿာဆိုတာ သူတပါး ကျန်းမာမှု ချမ်းသာမှုကို အလိုမရှိတာ၊ ဆိုင်ထဲလူတွေ ကြည့်ပြီးသကာလနေတဲ့အခါ ဟိုဆိုင်ရောင်းရတာကို ငြူစူတာတွေ ဘာခေါ်ကြမလဲ....(ဣဿာ ခေါ်ပါတယ် ဘုရား) ကိုယ့် ရှိတဲ့ ပစ္စည်းကလေး လျော့သွားမှာစိုးလို့ ဖုံးကာ ဖိကာ သိမ်းကာ ဆည်းကာတွေနေတာက ဘာခေါ်ကြမလဲ....(မစ္ဆရိယ ခေါ်ပါတယ်)အဲ-တကာ တကာမတွေ သေသေချာချာမှတ်ပါ၊ ကျန်းမာမှု ချမ်းသာမှုကို အလိုရှိလို့ ကိုယ့်ကိုယ်ကိုယ် မေတ္တာတွေပို့ကြတယ်၊အစားကောင်း အဝတ်ကောင်းတွေနဲ့ ကျန်းမာရေး လိုက်စားပြီးသကာလ နေငြားသော်လဲ ကျန်းမာမှု ချမ်းသာမှု မရဘဲနဲ့ ဖြစ်ပြီးသကာလ နေတယ်ဆိုတာ ဘယ်ဟာကြောင့်ပါလိမ့်မလဲလို့ အမေးထုတ်တော့ ဘုရားက ဘာဖြေလိုက်သလဲ(ဣဿာ မစ္ဆရိယကြောင့်ပါဘုရား)။

ဣဿာ မစ္ဆရိယ ကြောင့်တဲ့၊ ဣဿာ မစ္ဆရိယရှိလို့ရှိယင် ဘယ်တော့မှ မချမ်းသာဆိုတာကို အသင်သိကြား သေသေချာချာမှတ်ထား....တဲ့၊ ရှင်းကြပလား.... (ရှင်းပါပြီ) ဒါဖြင့် ဣဿာ မစ္ဆရိယ ဆိုတဲ့ တရားဟာ ဦးခင်မောင် တော်တော်အရေးကြီးပါတယ်၊ (ကြီးပါတယ် ဘုရား)သူများစားတာမနာလို၊ သူများဝတ်တာ မနာလိုဆိုတာ ဘာပါလိမ့်....(ဣဿာပါ ဘုရား)။

ကိုယ့်ရှိတာကလေး လျှို့ဝှက်ကာ လျှို့ဝှက်ကာနဲ့ လူမြင်သူမြင်မှာစိုးရိမ်၊ ဒါက ဘာပါလိမ့်....(မစ္ဆရိယပါဘုရား) အဲဒီ ဣဿာ မစ္ဆရိယရှိနေတော့ ဣဿာရှိနေပြန်လို့ရှိယင်လဲ တကာ တကာမတို့ ကိုယ့်မှာ ကိုယ့်စည်းစိမ်နဲ့ကိုယ်နေတာ ဘယ်သူက ဣဿာဖြစ်သော်လဲ ဘာဖြစ်မလဲဆိုကတည်းကိုက တဖက်က ဦးခင်မောင် ရန်တွေ မလာပေဘူးလား.... (လာပါတယ် ဘုရား)။

ဒါဖြင့် ဒီရန်တွေ မာန်တွေလာတာသည် ဘယ်သူ့ကြောင့်တုံးလို့မေးကြယင် ဘယ့်နှယ်ဖြေကြမလဲ.... (ဣဿာကြောင့်ပါဘုရား) ဣဿာကြောင့်ဖြစ်ရတော့မယ်၊ (မှန်ပါ့) မစ္ဆရိယက ကိုယ့်ရှိတဲ့ပစ္စည်းကလေး မပေးချင် မကမ်းချင် ထိုက်တန်သလောက်ကလေးမှ မစွန့်ချင် မကြဲချင်တဲ့ ပုဂ္ဂိုလ်ကျတော့လဲ ဘေးက ပုဂ္ဂိုလ်က ရန်တွေမူလာလိမ့်မယ်ဆိုတာ ဦးခင်မောင်တို့ အားလုံး တကာ တကာမတို့ ငြင်းဘို့လိုသေးသလား.... (မလိုပါဘူး ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သေသေ ချာချာ စဉ်းစားပါ၊ အန္တရာယ်မကင်း ဘေးမရှင်းဖြစ်ရတာ ဘယ်သူ့ကြောင့်ပါလိမ့် (ဣဿာ မစ္ဆ ရိယ ကြောင့် ပါ ဘု ရား) အဲဒါ သေသေချာချာ မှတ်ပေတော့၊ အဲဒီတော့ ဘုန်းကြီးများက တကာ တကာမတို့ ဒီဣဿာ မစ္ဆရိယဟာ တကာ တကာမတို့က ခန္ဓာကိုယ် ကျန်းမာမှု ချမ်းသာမှုကို လိုက်စားငြားသော်လဲ ကိုယ့်ခန္ဓာကိုယ် မေတ္တာပို့ငြားသော်လဲ ဘယ့်နှယ်ကြောင့် အန္တရာယ်မကင်း ဘေးမရှင်း ဖြစ်ရတယ်ဆိုတာ ဣဿာ မစ္ဆရိယဟာက အန္တရာယ်တွေခေါ် ဘေးတွေခေါ်ပါတယ်၊သဘောကျပလား (မှန်လှပါဘုရား)။

ဘယ်သူက ခေါ်တာပါလိမ့်.... (ဣဿာ မစ္ဆရိယက ခေါ်ပါတယ် ဘုရား) ဣဿာ မစ္ဆရိယက အန္တရာယ်တွေခေါ်တယ်၊ ဘေးတွေခေါ်တယ် ဆိုတာကော ကျေနပ်ပလား.... (ကျေနပ်ပါတယ် ဘုရား) ဒါဖြင့် အန္တရာယ်ကင်းနိုင်ပါ့မလား....(မကင်းနိုင်ပါဘူး) ဒါဖြင့် အားလုံး တကာ တကာမတွေ ဣဿာ မစ္ဆရိယ လာလို့ရှိယင် ဣဿာဆိုတဲ့ သူတပါးငြူစူတဲ့ စိတ်ကလေး လာလို့ရှိယင် အနိစ္စလို့ များများရှုပေးပါ၊ (မှန်လှပါ) မစ္ဆရိယဆိုတဲ့ ဝန်တိုတဲ့စိတ်ကလေးလာလို့ရှိယင်.... (အနိစ္စလို့ ရှုရပါမယ်) ဒီအနိစ္စကို မြန်မြန် ရှုပေးလိုက်၊ ဖြစ်ပျက်ကို မြန်မြန် ရှုပေးလိုက်ပါ၊ (မှန်ပါ)။

ဤကဲ့သို့ မြန်မြန် ရှုပေးလိုက်လို့ ရှိယင်ဖြင့် ခုနက ပြောခဲ့တဲ့ သူ့ကြောင့် လာမည့်အန္တရာယ်တွေဟာ ဦးခင်မောင်တို့ လာနိုင်သေးရဲ့လား....(မလာပါဘူး ဘုရား) ဒါဖြင့် ဒီအရေးဟာ ဘာနုပဿနာလဲလို့ မေးလို့ရှိယင် အားလုံးတကာ တကာမတွေ ဓမ္မာနုပဿနာလို့ မှတ်ပါ၊ ဓမ္မာနုပဿနာထဲမှာ သူဝင်တယ်၊ ခင်ဗျားတို့ မရှုနိုင်လို့ရှိယင် ရ-ကို မရဘူးဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါတယ် ဘုရား)။

အေး....ဒါ့ကြောင့် ဣဿာ မစ္ဆရိယရှိတဲ့ ပုဂ္ဂိုလ်မှာ တရားတပွဲလုံးမှာ်စရာက အန္တရာယ်ကင်းလို့ ဘေးရှင်းနိုင်ပါ့မလား.... (မရှင်းနိုင်ပါဘူး ဘုရား )ဒါဖြင့် အန္တရာယ်ခကင်း ဘေးမရှင်းတဲ့ တရားဟာဖြင့် ဦးခင်မောင်ရေ- လက်သည် တွေ့ကြပါပလား.... (မှန်လှပါ) ဘာတွေ့ကြသလဲ .... (ဣဿာ မစ္ဆရိယပါဘုရား) ဣဿာ မစ္ဆရိယဘဲ တွေ့တယ်ဆိုတာ တကာ တကာမတွေ ကျေနပ်ပလား ...(ကျေနပ်ပါတယ် ဘုရား)။

ဒါဖြင့် ဣဿာ မစ္ဆရိယ လာတိုင်း-လာတိုင်း ဘယ်နှယ်လုပ်ကြရမယ် (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် အနိစ္စကို ရှုဖြစ်အောင် ရှုပါလို့ သတိပေးလိုက်တယ်၊ (မှန်ပါ့) ဖြစ်ပျက်အနိစ္စကို ရှုဖြစ်အောင် ရှုနိုင်လို့ရှိယင်ဖြင့် ဣဿာ မစ္ဆရိယသည် ဣဿာမစ္ဆရိယအဖြစ်နဲ့ အမှုမထမ်းနိုင်တော့ဘူး၊ (မှန်ပါ့) ဣဿာ မစ္ဆရိယသည် ဣဿာ မစ္ဆရိယအဖြစ်နဲ့ အမှုထမ်းနိုင်သေးရဲ့လား (မထမ်းနိုင်ပါဘူး)။

ဘာ့ကြောင့်တုံး ဆိုတော့ သူ့အနိစ္စအဖြစ်နဲ့အမှုထမ်းသောကြောင့် တကာ တကာမတွေ မှတ်စရာက ဒါကဣဿာ၊ ဒီဘက်က တကာ တကာမတွေက ဝိပဿနာရှုလိုက်တော့ ဣဿာက အနိစ္စဖြစ်သွားတော့ ဒီကနေပြီးသကာလ ရှုတာက မဂ္ဂ သွားမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)ဣဿာက အနိစ္စ၊ရှုတာက-(မဂ္ဂပါဘုရား) ဣဿာက....(အနိစ္စပါဘုရား) ရှုတာက (မဂ္ဂပါဘုရား)အဲဒီကဲ့သို့ ဘုန်းကြီးတို့ တကာ တကာမတွေ သူ့ကို ရှုပေးလိုက်တော့ကို သူက အနိစ္စ ဖြစ်သွားတယ်၊ ရှုတာက မဂ္ဂဖြစ်သွားတယ်။

ဣဿာ မစ္ဆရိယသည် နို့မို့ယင် သူဘာလုပ်မလို့လာတာတုံးလို့ မေးလို့ရှိယင်ဖြင့် တကာ တကာမတွေ ရှင်းစရာက ဣဿာ မစ္ဆရိယဆိုတာ ဒေါသက လာတာ၊ (မှန်ပါ့)။

ဒေါသလာလို့ရှိယင် သူနောက်ဆုံးပိတ် သောကနောက်က မလိုက်ပေဘူးလား....(လိုက်ပါတယ်) ပရိဒေဝနောက်ကမလိုက်ပေဘူးလား....(လိုက်ပါတယ်) ဥပါယာသကော.... (လိုက်ပါတယ်) ဒီဘက်က မသိတဲ့အဝိဇ္ဇာကော....(လိုက်ပါတယ်) ဒီဘက်က သင်္ခါရကော....(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် အားလုံးတကာ တကာမတို့ ဣဿာကို ဝိပဿနာမရှု နိုင်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ဟာ နှစ်ဘဝ ဆက်သွားဦးမယ်.... (မှန်ပါ့ဘုရား)ဣဿာဝိပဿနာမရှုနိုင်ယင်....(နှစ်ဘဝဆက်သွား ပါမယ်) နှစ်ဘဝဆက်သွားတော့ ဒီဘဝမှာ ဘေးရန်များတယ်၊ ဟိုဘဝမှာ အပါယ်သွားတယ်၊ သဘောကျပလား....(မှန်လှပါ) ဒီဘဝမှာ....(ဘေးရန်များပါတယ်) ဟိုဘဝမှာတော့....(အပါယ် သွားပါတယ်)။

အပါယ်သွားရတယ်ဆိုတော့ ဘုန်းကြီးတို့ တကာ တကာမ တွေ ဩော်....ဒီဘဝ ဘေးရန်များတာနဲ့ ဣဿာ မစ္ဆရိယက ပဋိစ္စသမုပ္ပါဒ်ကြီး ဆက်သွားလို့ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် ဆိုကတည်းကိုက တကာ တကာမတို့ ဟိုဘက်ပဋိသန္ဓေဝိညာဏ် နေဘို့ဟာ အပါယ်ပဋိသန္ဓေ မလာပေဘူးလား....(လာပါတယ် ဘုရား) အဲဒါတွေထောက်ကြည့်တဲ့အခါကျတော့မှ ဩော်.... ဒီဘဝ ဘေးရန် များတာလဲ ဘာပါလိမ့်.... (ဣဿာ မစ္ဆရိယ ကြောင့်ပါဘုရား)ဣဿာ မစ္ဆရိယဘဲ....နော်၊(မှန်ပါ့)။

နောက်ဘဝအပါယ်ရောက်ရတာကော.... (ဣဿာ မစ္ဆရိယ ကြောင့်ပါဘဲ) ကိုင်းဒါဖြင့် ဒီဘဝဘေးရန်များတာလဲ ဣဿာ မစ္ဆရိယ၊ နောက်ဘဝ အပါယ်သွားရတာလဲ ဣဿာမစ္ဆရိယဘဲ ဆိုတော့ သူက တကာသစ်တို့ ဦးဇ ရင်တို့ သက်သာခွင့်ပေး သေးရဲ့လား....(မပေးပါဘူးဘုရား) သက်သာခွင့် မပေးဘူးဆို တာ ကိုထွန်းအောင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါတယ် ဘုရား)ဒါဖြင့် တကာ တကာမတို့ သူ့ကိုဝိပဿနာမရှုလိုက်ယင် ဣဿာ ပယ်ကြဆိုရုံနဲ့မရဘူးလား-(မရပါဘူး) ပယ်ကြ ဆိုရုံနဲ့ ဆိုတော့ ဘာနဲ့ပယ်ရမှန်း မသိဘူးနော်(မှန်ပါ့)။

အဲဒါကြောင့် မြတ်စွာဘုရားက **ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ။** ဘိက္ခဝေ=ငါ၏ချစ်သား တပည့်များတို့၊ ဈာယထ=လာတာကို ဝိပဿနာရှုကြ၊ ဘာရှုရမလဲ.... (လာတာကို ရှုရပါမယ်) လာတာကိုရှုပါ၊ ဝိပဿနာအထူးရှာမနေပါနဲ့၊ ဣဿာလာယင် ဣဿာကိုရှုပါ၊ မစ္ဆရိယလာယင်ကော....(မစ္ဆရိယကိုရှုပါ) မစ္ဆရိယကိုသာရှုပါ၊ တကာ တကာမတို့ ဒီဥစ္စာ ရှာနေရဦးမှာလား၊ အာရုံနဲ့ တိုက်ဆိုင်လို့ ပေါ်လာတဲ့အခါ ရှုရမှာလား....(အာရုံနဲ့ တိုက်ဆိုင်လို့ ပေါ်လာတာ ရှုရမှာပါ)။

အာရုံနဲ့ တိုက်ဆိုင်လို့ပေါ်လာတဲ့အခါမှာ မရှုဖြစ်လို့ရှိယင် တကာသစ်တို့ ဦးခင်မောင်တို့ ပဋိစ္စသမုပ္ပါဒ် တန်း-မတန်း စဉ်းစား စမ်း ပါ.... (တန်းပါတယ် ဘုရား) တန်းသွားလို့ တကာ တကာမတို့ ဖြတ်တတ်တဲ့ မဂ်ဉာဏ် ဝင်ခွင့် ရသေးသလား.... (မရပါဘူး)မရတော့ဘူးတဲ့၊ ဒါဖြင့် ခုနက ပြောခဲ့တဲ့ ဣဿာလာလို့ ရှိယင်လဲ ဒီကနေပြီးသကာလ မဂ္ဂင်ဝိပဿနာနဲ့ တကာ တကာမတွေက ရှုပေးပါ၊ ဣဿာကလေး ဝမ်းထဲလာလို့ရှိယင် ဝမ်းထဲ ဉာဏ်လှည့်ပြီး ဣဿာဖြစ်ပျက် ဟုတ်လား၊ (မှန်ပါ) ဖြစ်ပျက်ကို သိတာကလေးက ဘာခေါ်ကြမယ်....(မဂ်ပါဘုရား)။

မဂ်လို့ ခေါ်လိုက်တာ ပေါ့နော်....၊ ဣဿာက ဘယ့်နှယ် ခေါ်မယ်....ဖြစ်ပျက်အနိစ္စ၊ (မှန်ပါ) ရှုတာက....(မဂ္ဂပါဘုရား) အဲဒီကဲ့သို့ တကာ တကာမတွေကလိုက်ပြီးသကာလ နေမယ်ဆိုလို့ ရှိယင် ဣဿာချုပ်သွားတဲ့ အတွက်လဲ ပစ္စုပ္ပန်အန္တရာယ် မကင်းဘူးလား....(ကင်းပါတယ် ဘုရား)ဣဿာချုပ်သွားတဲ့အတွက်လဲ ပဋိစ္စသမုပ္ပါဒ် နောက်သံသရာအတွက်ကော တန်းသေးရဲ့လား.... (မတန်းပါဘူး)။

အဲ....ထိုကဲ့သို့ မတန်းလို့ရှိယင်ဖြင့် ပစ္စုပ္ပန်မှာလဲ အန္တရာယ်ကင်းတယ်၊ သံသရာမှာလဲ အပါယ်လေးပါးနဲ့ ကျုပ်တို့နဲ့ ဝေးကွာရတယ်ဆိုလို့ရှိယင် လုပ်ထိုက်-မလုပ်ထိုက် စဉ်းစားကြည့်ပါ၊ (လုပ်ထိုက်ပါတယ် ဘုရား) ဒါက ဝိပဿနာထိုင်တဲ့ အချိန်မှာ မပေးသေးပါဘူးလို့ မှတ်ပါ....နော်၊ (မှန်ပါ)။

ဘယ် အ ချိန် ပါ လိမ့် မ တုံး ဆို တော့ သူပေါ်တဲ့အချိန်မှာ ရောင်းရင်း ဝယ်ရင်းနဲ့ သားရေး သမီးရေး စီးပွားရေးနဲ့ သူပေါ်တဲ့အချိန်မှာ သူဟာ အများဆုံးပေါ်တတ်တဲ့ တရားဖြစ်နေသော ကြောင့် ဒါ ရှု ဖြစ် အောင် ရှု ပါ ဆိုတာ သတိပေးလိုက်ပါတယ်၊ (မှန်လှပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဣဿာ မစ္ဆရိယလာတိုင်း ရှုပါ၊ (မှန်လှပါ) ကဲ-ဒါဖြင့် တကာ တကာ မတို့ သိကြားက ဘုရားကိုမေးတာ သောတာပန်တည်အောင် သူမေးလိုက်တယ်....နော်၊ (မှန်ပါ) သောတာပန်တည်အောင် သူမေးလိမ့်မယ်ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ ဦးခင်မောင် မှတ်မိပလား (မှတ်မိပါပြီ) လူတွေ ရောဂါဥပဒ်အန္တရာယ်မကင်းတာ ဘယ်သူ့ကြောင့်ပါလိမ့်....(ဣဿာ မစ္ဆရိယကြောင့်ပါ)။

အဲဒီတော့ လက်သည်ရှာကြဦးစို့၊ တကာ တကာမတို့ လက်သည် ရှာကြဦးစို့....နော်၊ (မှန်ပါ) ဣဿာ မစ္ဆရိယက ဘယ်က လာ တာ တုံး လို့ မေး ဘို့ မလိုဘူးလား.... (လိုပါတယ် ဘုရား) ဣဿာ မစ္ဆရိယက ဘယ်ကလာတာတုံးလို့ တကာသစ်တို့ မေးဘို့ မလိုဘူးလား....(လိုပါတယ် ဘုရား) အဲဒီတော့ အရှင်ဘုရား....တဲ့၊ ဣဿာ မစ္ဆရိယက ဘယ်ကလာတာတုံးဘုရာ့တဲ့ သိကြားက မေးပြန်တယ်။

ဣဿာ မစ္ဆရိယ ဘယ်ကလာသတုံး....(ချစ်ခြင်း မုန်းခြင်းက လာပါတယ်ဘုရား) ချစ်ခြင်း မုန်းခြင်း က လာတယ်ဆိုတာ သဘောပါကြပလား.... (ပါ-ပါတယ် ဘုရား) ချစ်ခြင်းဆိုတာ လောဘ၊ မုန်းခြင်းဆိုတာ ဒေါသ- ချစ်ခြင်းက ဘာပါလိမ့်.... (လောဘပါ ဘုရား) မုန်းခြင်းက....(ဒေါသပါဘုရား)။

ဩော်....ဒီလောဘ ဒေါသဆိုတာသည်ကားဆိုလို့ရှိယင်ဖြင့် ချစ်ခြင်း မုန်းခြင်းဘဲ၊ ဒီချစ်ခြင်း မုန်းခြင်းသာ ဘုန်းကြီးတို့ တကာ တကာမတွေ မစွန့်နိုင်ဘူးဆိုလို့ရှိယင်ဖြင့် သူကဆက်ပြီး သကာလ ဘယ်ဘက် သွားလိမ့်မယ်ဆိုတာကော သဘောပါကြလား....(ပါ-ပါတယ် ဘုရား) ဘယ်ဘက်သွားမယ်....(ဣဿာ မစ္ဆရိယ သွားပါမယ်) ဣဿာ မစ္ဆရိယဘက်သွားမယ်၊ သဘောပါပလား....(မှန်ပါ့ ဘုရား) ချစ်ခြင်း မုန်းခြင်းကို မစွန့်နိုင်တာ ဝိပဿနာ မရှုမိလို့ရှိယင် ဘယ်သွားမယ်ထင်ကြသလဲ.... (ဣဿာ မစ္ဆရိယဘက်သွားပါမယ်) ဣဿာ မစ္ဆရိယဘက် မသွားပေဘူးလား....(သွားပါတယ် ဘုရား)။

အဲဒါ သေသေချာချာ မှတ်ကြပါ၊ ချစ်ခြင်း မုန်းခြင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဝိပဿနာရှုထိုက်တဲ့တရားဆိုတာကော သဘောကျပလား....(ကျပါတယ်) ဒါဖြင့် ကိုယ့်ကိုယ် ချစ်ခြင်း ကိုယ့်သားသမီး ချစ်ခြင်းဆိုတဲ့ လောဘတွေလာလို့ရှိယင်လဲ တကာ တကာမတို့ ဒီကနေပြီး မဂ္ဂင်နဲ့ ဖြစ်ပျက်ဘဲ ရှုပေးရမယ်၊ (မှန်ပါ့) မရှုယင်တော်ပါ့မလား.... (မတော်ပါဘူး ဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဣဿာ မစ္ဆရိယဘက် သွားတော့မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်)ဒါဖြင့် ချစ်တဲ့လောဘစိတ်လာလဲ ဘာလုပ်ရမလဲ-

(ဖြစ်ပျက်ရှုရပါမယ်)၊ မုန်းတဲ့ ဒေါသစိတ်လာယင်ကော....(ဖြစ်ပျက်ရှုရပါမယ်) အတိတ်ကဖြင့် မေ့နေလို့ ဦးခင်မောင်တို့ အားလုံးတကာ တကာမတို့ တော်ကြပါ့မလား.... (မတော်ပါဘူးဘုရား)။

ဒါဖြင့် ဒီ တကာ တကာမတွေမှာ အခုဒီဟာတွေပေါ်လာတဲ့အခါမှာ လိုလိုနေသေးတယ် ဆိုတာကို ဘုန်းကြီးများက သိပြီးသကာလဖြည့်စွက်ပေးနေတယ်ဆိုတဲ့ အဓိပ္ပါယ်ဓကာ ရှင်းကြပလား.... (ရှင်းပါတယ်ဘုရား) လိုနေလို့ ဖြည့်စွက်ပြီးပေးရပါတယ်ဆိုတာကော ကျေကျေနပ်နပ် သဘောကျရဲ့လား.... (ကျပါတယ်)ဒါဖြင့် တကာ တကာမတို့ ဣဿာ မစ္ဆရိယ ဘယ်ကလာသလဲ....(ချစ်ခြင်း မုန်းခြင်းကလာပါတယ်)။

ဒါဖြင့် ချစ်ခြင်း မုန်းခြင်းကို ဖျက်ဆီးရလို့ရှိယင် ဣဿာ မစ္ဆရိယ လာပါ့မလား....(မလာပါဘူးဘုရား)ဣဿာ မစ္ဆရိယမှ မလာလို့ ရှိယင်လဲ အပါယ် သံသရာကြီးကို ခုနက အဝိဇ္ဇာ သင်္ခါရကြောင့် သွားနိုင် သေးရဲ့လား.... (မသွားနိုင်ပါဘူးဘုရား)၊ မသွားနိုင်ပါဘူးဆိုလို့ရှိယင်ဖြင့် ဣဿာ မစ္ဆရိယ၏ ရေသောက်မြစ်ကိုဖြင့် ယနေ့တွေ့ပါပြီ၊ မတွေ့သေးဘူးလား.... (တွေ့ပါပြီဘုရား) ဣဿာ မစ္ဆရိယ၏ ရေသောက်မြစ်ဟာ ဘာပါလိမ့်....(ချစ်ခြင်း မုန်းခြင်းပါဘုရား)ချစ်ခြင်း မုန်းခြင်း ဆိုတာ သေသေချာချာ မှတ်နော်(မှန်ပါ့) ဣဿာ မစ္ဆရိယ၏ ရေသောက်မြစ်က....(ချစ်ခြင်း မုန်းခြင်းပါဘုရား)။

အဲ....ကိုယ့်ကိုယ်-ကိုယ် ချစ်ခြင်း မုန်းခြင်းကြောင့်လဲ ဣဿာ မစ္ဆရိယ လာတတ်တယ်၊ ကိုယ့်သားမယား ကိုယ့်မိတ်ဆွေ ချစ်ခြင်း မုန်းခြင်းကြောင့်ကော.... (ဣဿာ မစ္ဆရိယ လာပါ

တယ်ဘုရား) ဒါဖြင့် ဒီ ဥစ္စာကျတော့ တကာ တကာမတို့.... ချစ်ခြင်းလာလဲ ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်) ရှုရမှာဘဲ၊ မုန်းခြင်းလာယင်ကော.... (ဖြစ်ပျက်ရှုရမှာပါဘဲ)။

ချစ်ခြင်း မုန်းခြင်း ဘာဘဲလာလာ တကာ တကာမတွေက အလကားမနေပါနဲ့၊ ဖြစ်ပျက်ကို ရှုဖြစ်အောင်ရှုပါ၊ (မှန်ပါ့)။

ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဘုန်းကြီး အကျိုး အကြောင်း ဆက်ပြပါမယ်တဲ့ ဒီ ဥစ္စာ အင်မတန် သဘောပါလာပြီလို့ မှတ်ကြပါ၊ ချစ်ခြင်းဆိုတာက ဦးခင်မောင် လောဘ (မှန်ပါလောဘပါဘုရား) မုန်းခြင်းဆိုတာကော....(ဒေါသပါဘုရား)လောဘသာ မရှုမိလို့ရှိယင် လောဘဟာ တဏှာလို့ ဆိုပါတယ်(မှန်လှပါ) တဏှာလာလို့ ရှိယင် ပဋိစ္စ သမုပ္ပါဒ် ဆိုတဲ့ ဥစ္စာက ဘုရားမရှိလဲ အမြဲတမ်းရှိတာ ဖြစ်သောကြောင့် တဏှာ ဥပါဒါန် ကံ.... ဟော.... အနာဂတ် ဘဝ ဇာတိ ဇရာ မရဏ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါဟာ ဘာ မရှုမိလို့ပါလိမ့်မတုံး....(ချစ်ခြင်း မရှုမိလို့ပါဘုရား) ချစ်ခြင်း မရှုမိလို့.... (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါတယ်) ဘာမရှုမိလို့ပါလိမ့်.... (ချစ်ခြင်း မရှုမိလို့ပါဘုရား)ချစ်ခြင်း မရှုမိလို့-ချစ်ခြင်းက တဏှာ၊တဏှာကကြီးလာတော့ ဥပါဒါန်၊ ဥပါဒါန်ကကြီးလာတော့ ကံ၊ ကံ လာတဲ့အခါကျလို့ရှိယင် နောက်ဘဝ ဇာတိ ဇရာ မရဏဆိုတဲ့ သံသရာ မဆက်ပေဘူးလား-ဆက်မလား....(ဆက်ပါတယ်ဘုရား)ဘာဖြစ်လို့ ဆက်ရသတုံးလို့ မေးလို့ရှိယင်ဖြင့် ချစ်ခြင်းကို ဝိပဿနာ မရှုမိလို့....ကျေနပ်ကြပလား....(ကျေနပ်ပါတယ်)ချစ်ခြင်းကို— (ဝိပဿနာ မရှုမိလို့ပါဘုရား)။

ချစ်ခြင်းကို ဝိပဿနာ မရှုမိတဲ့အတွက် တကာ တကာမတို့ ဒီဘဝမှာလဲ ဣဿာ မစ္ဆရိယ လာသေးတယ်၊ ဣဿာ မစ္ဆရိယ ရှိလို့လဲ အန္တရာယ် မကင်းရဘူးဆိုတော့ ပစ္စုပ္ပန်အကျိုးကော ကောင်းသေးရဲ့လား....(မကောင်းပါဘူးဘုရား) သဘောပါရဲ့ လား....(ပါ-ပါတယ်) သံသရာမှာလဲ ဇာတိ ဇရာ မရဏဆိုတဲ့ ဒုက္ခသစ္စာကြီး မလာဘူးလား ....လာမလား.... (လာပါတယ် ဘုရား)အဲဒါဟာ ချစ်ခြင်းတလုံးကို တကာ တကာမတွေက ဝိပဿနာ မရှုမိတဲ့အတွက် ကိုယ်ကျိုးနည်းရတယ်၊ သဘောပါ လား... (မှန်လှပါဘုရား)။

ချစ်ခြင်းတလုံးကို ဝိပဿနာ မရှုမိတဲ့အတွက်.... (ကိုယ်ကျိုး နည်းရပါတယ်ဘုရား)။

ကိုယ်ကျိုး နည်းရတယ်ဆိုတာ ကောင်း ကောင်း ကျေနပ် ပလား....(ကျေနပ်ပါတယ်) ဒါဖြင့် ဒီ ချစ်ခြင်းဆိုတဲ့ လောဘ လာယင်လဲ ဘာလုပ်ကြမလဲ....(ဝိပဿနာ ရှုရပါမယ်) ဝိပဿနာ ရှုလိုက်တော့ တဏှာက အနိစ္စဖြစ်သွားတော့ကို ဥပါဒါန် ပေါ် နိုင်သေးရဲ့လား.... (မပေါ်ပါဘူး)ကံကော ပေါ်နိုင်သေးရဲ့ လား....(မပေါ်တော့ပါဘူး)ဇာတိ ဇရာ မရဏကော....(မပေါ် တော့ပါဘူး)မပေါ်နိုင်ဘူးဆိုလို့ ရှိယင်ဖြင့်ဦးခင်မောင် သံသရာ ပြတ်-မပြတ် စဉ်းစားပါ.... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် အားလုံး တကာ တကာမတွေ ခင်ဗျားတို့ ပေါ် လာတဲ့တရား မသိမှုဟာ အဆိုးဆုံးဘဲ၊ သဘောပါကြလား.... (ပါ-ပါတယ်) ပေါ်လာတဲ့တရား မသိမှုဟာ.... (အဆိုးဆုံးပါ ဘုရား)ဒါဖြင့် တကာ တကာမတို့ ချစ်ခြင်းလာလဲ ဝိပဿနာရှု၊ (မှန်ပါ့) မုန်းခြင်းလာလဲ.... (ဝိပဿနာရှုရပါမယ်) ရှုရမှာဘဲ၊

ကိုင်း....မုန်းခြင်းကို မရှုမိဘူးဆိုတော့ မုန်းခြင်းဆိုတော့ ဒေါသ မနေဘူးလား....(မှန်ပါဘုရား)ဒေါသလာတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ သင်္ခါရ-ဟိုဘက် မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ကဲ-ဒါဖြင့် တကာ တကာမတို့ မုန်းခြင်းမရှုမိလို့ မုန်းတတ်တဲ့ ဒေါသစိတ်ကလေး ရှုမည်ကြံလို့ရှိယင်လဲ ဟဒယဝတ္ထုပေါ် ဉာဏ်လှည့်ပြီးသကာလ ဩော်....မုန်းတတ်တဲ့ တရားကလေးဟာ သူလဲ အနိစ္စဘဲလို့ မြန်မြန်ရှုပေးပါ၊ ဒါ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ချည်းဘဲလို့ ယနေ့ ဟောနေတာ မှတ်စမ်းပါ(မှန်လှပါ) ဘာနုပဿနာ သတိပဋ္ဌာန်ပါလိမ့်....(ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ တကာ တကာမတွေ မှတ်ပါနော်....။

ကိုင်း....ဒါဟာ ပဌမတော့ဖြင့် ခက်ကြလိမ့်မယ်၊ ဝဋ္ဋသာ ရှုရတာလဲခက်မှာဘဲ၊ မစ္ဆရိယ ရှုရတာလဲ ခက်မှာဘဲ၊နောက်ကျလို့ ကျင့်သားရသွားတဲ့ အခါကျတော့ ပေါ်တာသိ ပေါ်တာသိပြီး ဦးခင်မောင် ရှုစရာချည်းဘဲလို့ သေသေ ချာချာ မှတ်ပါ၊(မှန်လှပါဘုရား)သဘောပါကြလား.... (ပါ-ပါတယ်) ကောင်းပြီ ဒါဖြင့် အကြောင်းအကျိုး ဆက်ကြပါဦးစို့....။

တကာ တကာမတို့ လူတွေအန္တရာယ် မကင်းတာ ဘာ့ကြောင့်တုံး....(ဣဿာ မစ္ဆရိယ ကြောင့်ပါ)လူတွေ နတ်တွေ ဗြဟ္မာတွေမှာ အန္တရာယ်မကင်း ဘေးမရှင်းဖြစ်တာ ဘယ်နှယ်ကြောင့်ပါလိမ့်....(ဣဿာ မစ္ဆရိယကြောင့်ပါဘုရား) ဩော်.... ဣဿာ မစ္ဆရိယကြောင့်၊ ဒီ နှစ်ခု မှတ်လိုက် စမ်းပါ....နော်၊ နောက်က ပြန်ဆက်ကြဦးစို့။

ဒီ ဣဿာ မစ္ဆရိယဟာ ဘယ်သူ့ကြောင့် လာတာပါလိမ့်မလဲ....(ချစ်ခြင်း မုန်းခြင်းကြောင့်ပါဘုရား)ချစ်ခြင်း မုန်းခြင်းကြောင့်လာတယ်၊ ဒါဖြင့် တကာ တကာမတို့ ဝိပဿနာ ရှုဘိုရာတွေ့ပြီနော်....ဣဿာ မစ္ဆရိယလာလဲရှုရုံဘဲ၊ချစ်ခြင်းမုန်းခြင်း လာယင်ကော....(ရှုဘိုပါဘဲဘုရား)။

ဒီလိုဆိုလို့ရှိယင်ဖြင့် ကျုပ်တို့ ပစ္စုပ္ပန်မှာ အန္တရာယ် ကင်းတယ်၊ သံသရာမှာ အပါယ်ဘေးကလဲ ကျုပ်တို့ဆီ ခင်ဗျားတို့ဆီကို လာနိုင်သေးရဲ့လား.... (မလာပါဘူးဘုရား) ရှုတဲ့မဂ်က မဖြတ်ပေဘူးလား....(ဖြတ်ပါတယ်ဘုရား)ရှုတဲ့မဂ်က သံသရာကို ဖြတ်ပါတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား) အဲဒါကြောင့် အလုပ်မလုပ်ဘဲနဲ့ ပြတ်တယ်ဆိုတာကတော့ မရနိုင်ဘူး၊ သဘောပါကြလား....(ပါ-ပါတယ်)။

ဖြစ်ပျက်မရှုဘဲနဲ့ ဦးခင်မောင်တို့ အားလုံး တရား တပွဲလုံး တကာ တကာမတွေ ပြတ်လိမ့်မယ်ဆိုတာတော့ ဆိုစရာ ရှိနိုင်ပါ့မလား....(မရှိနိုင်ပါဘူး)။

ဒါကြောင့် ခင်ဗျားတို့ လေရှေမနေပါနဲ့၊ ပေါ်တာကို မြန်မြန်ဖြစ်ပျက်ရှုပါ၊ရှင်းပလား....(ရှင်းပါပြီ) လေရှေနေမှာကို သိပ်စိုးတယ် (မှန်ပါ့) လေရှေ နေတော့ စကားပြော ရှေလေ ဣဿာကလေးက ပါသွား၊ မစ္ဆရိယကလေးက ပါသွားတယ်၊ ကျုပ်ကတော့ ခင်သကိုး ကျုပ်ကတော့ မုန်းသကိုး၊ ဒီလိုကော မလာတတ် ဘူးလား.... (လာပါတယ်ဘုရား) အဲ....လာတော့ ချစ်ခြင်း မုန်းခြင်းတွေ ထိအောင် ဆက်သွားမယ်ဆိုလို့ရှိယင် ဝိပဿနာဉာဏ် ဝင်ခွင့်ရသေးရဲ့လား....(မရပါဘူးဘုရား)။

အဲ....ဝိပဿနာဉာဏ် ဝင်ခွင့်မရလေလေ ခင်ဗျားတို့ ကျုပ်တို့မှာ ပစ္စုပ္ပန်မှာ အန္တရာယ်မကင်းတာတွေက များလေလေဘဲ၊ သံသရာအပါယ်တွင်းကို ဆင်းတာတွေကကော.... (များပါတယ်ဘုရား)များလေလေဆိုယင်ဖြင့် အားလုံး တကာ တကာမတွေလဲ့ပါ့မလား....(မလဲ့ပါဘူးဘုရား)သဘောကျပလား.... (ကျပါတယ်ဘုရား)ဒါဖြင့် ဒီအခုရှုခိုင်းနေတဲ့ လေးလုံး ဒီနေ့တွေ့ပါပြီ၊ ဋ္ဌသာရှု-မစ္ဆရိယရှု၊ ချစ်ခြင်း လောဘရှုပါ-မုန်းခြင်း ဒေါသရှုပါလို့ သေသေချာချာ ဆရာဘုန်းကြီးက ဟောပြီးသကာလနေတော့ ဒါ ဘာနုပဿနာ သတိပဋ္ဌာန်လဲ.... (ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား)။

အဲ-ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဘက်ကို ချစ်ခြင်း မုန်းခြင်းပေါ်လာတာတွေ အကုန်သာ ရှုပါတဲ့၊နို့မို့လို့ရှိယင်ဖြင့် ဦးခင်မောင်တို့ လူစုက ဝိပဿနာရှုတဲ့ နေရာကျတော့သာ ဝိပဿနာရှုတာကိုးဗျ၊ ဝိပဿနာ မရှုတဲ့နေရာကျတော့ ခုနကဟာတွေကတောထ မနေပေဘူးလား....(တောထ နေပါတယ်ဘုရား)။

ဣဿာ မစ္ဆရိယတွေကလဲ တောထ၊ ချစ်ခြင်း မုန်းခြင်းတွေကကော....(ထပါတယ်ဘုရား)။

အဲဒီ တောထပြီးသကာလ နေမယ်ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဘယ်မှာလွတ်ရေး ကျွတ်ရေး ရှိနိုင်ပါ့မလဲ.... (မရှိနိုင်ပါဘူးဘုရား)ပစ္စုပ္ပန်မှာ အန္တရာယ်ကင်းဘို့အရေးကော ရှိသေးရဲ့လား....(မရှိပါဘူး) သံသရာဘေးကောမတွေ့ဘို့ရာကြီး ရှိသေးရဲ့လား(မရှိပါဘူး)။

အဲဒါကြောင့် အင်မတန် နစ်နာမှာစိုးတဲ့အတွက် ခုနက သေကာနီးကျတော့ နိမိတ်တွေထင်လာတော့မှ ကိုယ်ကျိုးနည်းပြီ ဆိုယင် ကောင်းပါဦးမလား.... (မကောင်းပါဘူးဘုရား)။

**ဒီလို ဖြစ်ပျက်ရှုထားတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ တကာ တကာမတွေ ဘာမှမပူပါနဲ့....တဲ့၊ သေကာနီးမှလဲ သောတာပန်တည်နိုင်တယ်၊** ရှုထားတဲ့ပုဂ္ဂိုလ်များမှာ (မှန်ပါ့) သေကာနီးမှလဲ ကိုယ့်ခန္ဓာ ကိုယ်ရှုပြီးတည်နိုင်တယ်၊ ဒီကအရှိန်ကလဲ ပါမသွားဘူးလား....(ပါသွားပါတယ်ဘုရား)။

အေး....ဒါကြောင့် ခင်ဗျားတို့ ကယ်မည့် ယူမည့်လူဟာဖြင့် ရှုတဲ့မဂ်ဘဲလို့ သေသေချာချာမှတ်ပါ၊ (မှန်လှပါ) ခင်ဗျားတို့ကို သံသရာကြီးထဲမှာ နောက်ပဋိသန္ဓေမနေရအောင် ကာကွယ်ပေးမှာလဲ ဘယ်သူတုံး....(မဂ်ပါဘုရား) မဂ်ဘဲ၊ ရှုတဲ့မဂ်ဘဲ အားကိုးစရာရှိတော့တယ်....နော်(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတွေ ပစ္စုပ္ပန်မှာလဲ အန္တရာယ်ကင်း ဘေးရှင်းပါတယ်ဆိုတာ ဘာအားကိုးရမလဲ....(ရှုတဲ့မဂ်ပါဘုရား) ရှုတဲ့မဂ်ဘဲ အားကိုးရမယ်(မှန်လှပါ) ဒါဖြင့် ရှုတဲ့ မဂ်သည်ကားလို့ ဆိုယင် တကာ တကာမတို့ သံသရာပြတ်အောင်လဲ သူဘဲ၊ ပစ္စုပ္ပန်အန္တရာယ်ကင်း ဘေးရှင်းအောင်ကော....(သူပါဘဲဘုရား) သူဘဲဆိုသဖြင့် ဩော်....ဒီ အလုပ်သည် အားလုံးတရား တပွဲလုံး ဆုံးဖြတ်ချက်ချပါ၊ လုပ်ထိုက် - မလုပ်ထိုက်.... (လုပ် ထိုက်ပါတယ် ဘုရား) လုပ်ထိုက်တယ် ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါတယ်)။

ပစ္စုပ္ပန်မှာလဲ ကောင်းတယ်၊ သံသရာမှာလဲ ဒုက္ခ လွတ်ကင်းပါတယ်ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့.... လိုက်ထိုက်.... မလိုက်ထိုက်.... (လိုက်ထိုက်ပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီ)

အဲဒီကဲ့သို့ ဆရာဘုန်းကြီးက ယနေ့ စ-ပြီးသကာလ ဒီဥစ္စာ ပြောနေတော့ ဒီ တကာ တကာမတွေက ဪ....ဒို့သန္တာန်မှာ ဒီတရားတွေ ပေါ်လာတာကလဲ တောထနေတာဘဲ၊ ဒါတွေကိုလဲ ဘယ်တော့မှ အနိစ္စလက္ခဏာ ဖြစ်ပျက်ရှုမိအောင် ဒို့ကလဲ မလုပ်တော့ဘူး၊ ဪ....ဒို့အဖြစ်သည်ကားလို့ ဆိုယင် ဘယ်လောက်လူလူ တန်းတန်း နေငြားသော်လဲ ဒီဟာတွေ ဣဿာ မစ္ဆရိယ များ သလောက် ချစ်ခြင်း မုန်းခြင်း များသလောက် အလူက များကြမယ် မဟုတ်ပါဘူး၊ များပါမလား.... (မများပါဘူး)။ ဒီဟာကတော့ တောထနေအောင် များမယ်ဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဒီအလုပ်ကိုဖြင့် လုပ်ဖြစ်အောင် လုပ်ပါ ဆိုတာ မတိုက်တွန်း ထိုက်ဘူးလား.... (တိုက်တွန်းထိုက်ပါတယ်ဘုရား)အဲဒါကြောင့် လုပ်ဖြစ်အောင် လုပ်ကြစမ်းပါဆိုတာ တိုက်တွန်းရတယ်နော်.... (မှန်ပါ)။

ကဲ-အကြောင်း အကျိုး ဆက်လိုက်ပါဦးတဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားတာ တကာ တကာမတွေ ရောဂါ ဥပဒ် အန္တရာယ် မကင်းတာ ဘယ်သူ့ကြောင့်တဲ့း.... (ဣဿာ မစ္ဆရိယကြောင့်ပါဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီ) အဲ....ဒီ ဣဿာ မစ္ဆရိယကြောင့် ရောဂါ အန္တရာယ် မကင်းတာ၊ ရောဂါ အန္တရာယ် မကင်းတာသည် ဣဿာ မစ္ဆရိယ၊ ဣဿာ

မစ္ဆရိယ ဘယ်ကလာပါလိမ့်—(ချစ်ခြင်း မုန်းခြင်းက လာပါတယ်ဘုရား) ချစ်ခြင်း မုန်းခြင်းက လာတယ်ဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ ချစ်ခြင်း မုန်းခြင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်က လာပါသတုံးဘုရား....လို့ မေးပြန်တယ် တချက်၊ (မှန်လှပါ) တကာ တကာမတို့ သိကြားမင်းက ဘုရားကို မေးပါတယ်၊ ချစ်ခြင်း မုန်းခြင်းသည် ဘယ်ကလာပါလိမ့်မလဲ ဘုရားလို့ ဆိုတဲ့အခါကျတော့ဘုရားက ဆန္ဒက လာတယ်ကွ....တဲ့၊ (မှန်ပါ) ဘယ်ကလာကြပါလိမ့်....(ဆန္ဒက လာပါတယ်ဘုရား) သုံးချက်ရှိပြီနော်....၊ တကာ တကာမတို့ ချစ်ခြင်း မုန်းခြင်းဟာ ဘယ်ကလာပါလိမ့်....(ဆန္ဒကလာပါတယ်ဘုရား)ပြော်....ဒီဆန္ဒကလဲ ဘာဆန္ဒပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ပစ္စည်းရှာလိုတဲ့ ဆန္ဒ တ မျိုး၊ ပစ္စည်း ရ တဲ့ ဆန္ဒ တ မျိုး၊ ပစ္စည်း ရှာ လိုတဲ့ ဆန္ဒတမျိုးနော်....၊(မှန်ပါ) ပစ္စည်းရတဲ့ ဆန္ဒကကော....(တမျိုးပါ ဘု ရား) ဘယ် နှစ် မျိုး ရှိသွားပြီလဲ.... (နှစ်မျိုးပါဘုရား) ပစ္စည်းရလို့ သုံးဆောင်နေတဲ့ ဆန္ဒကကော....(တမျိုးပါဘုရား) ပစ္စည်းရလို့ သိမ်းဆည်းနေတဲ့ ဆန္ဒကကော....(တမျိုးပါဘုရား) ပစ္စည်းရလို့ ဝေဘန်နေတဲ့ ဆန္ဒကကော....(တမျိုးပါ ဘုရား)

အံမာလေး ဆန္ဒကို တခါမှမပြောဘူးသေးဘူး၊ ဦးခင်မောင် ဆန္ဒငါးမျိုးတောင်ရှိဘယ်၊ (မှန်လှပါ ဘုရား)။

---

**ဆန္ဒငါးမျိုး**

(၁) ပရိယေသန ဆန္ဒ၊ (၂) ပဋိလာဘ ဆန္ဒ၊
(၃) ပရိဘောဂ ဆန္ဒ၊ (၄) သန္နိဓိ ဆန္ဒ၊
(၅) ဝိသဇ္ဇန ဆန္ဒ။ ။ဤကား-သုတ် မ ဟာ ဝါ အဋ္ဌကထာ သက္ကပဉှာသုတ် အဘွင့်မှာလာသည်)။

တကာ တကာမတွေ ဆန္ဒဘယ်နှစ်မျိုးရှိသလဲ.... (ငါးမျိုးပါ ဘုရား) ဆန္ဒ ငါးမျိုးရှိတယ်တဲ့၊ ပစ္စည်းရှာလိုတဲ့ဆန္ဒ၊ ပစ္စည်းရတဲ့ ဆန္ဒ၊ ပစ္စည်းသုံးဆောင်တဲ့ဆန္ဒ၊ ပစ္စည်းကို သိမ်းဆည်းတဲ့ ဆန္ဒ၊ ပစ္စည်းကိုစွန့်တဲ့ဆန္ဒ၊ (မှန်ပါ့) ဆန္ဒဘယ်နှစ်မျိုးရှိပါလိမ့်.... (ငါးမျိုးပါ ဘုရား)။

အဲဒီ ဆန္ဒငါးမျိုးကြောင့် ဘာဖြစ်သတုံး (ချစ်ခြင်း မုန်းခြင်း ဖြစ်ပါတယ်) ချစ်ခြင်း မုန်းခြင်းကြောင့် .... (ဣဿာ မစ္ဆရိယ ဖြစ်ပါတယ်) ဣဿာ မစ္ဆရိယကြောင့် ဘာတွေများ များကုန် သလဲ....(ဘေးအန္တရာယ်တွေ များကုန်ပါတယ်) ဘေးအန္တရာယ် တွေ အကုန် များကုန်တယ်၊ သဘောပါကြလား....(ပါ-ပါတယ် ဘုရား) ဩော်....သိကြားသည်ကားလို့ ဆိုလို့ရှိယင် ဒါသော တာ ပန် တည် မည့် တရားဆိုတာ တကာ တကာမတွေ မှတ်ပါ၊ ဒါတွေ ရှုတာနဲ့ ဒီဆန္ဒ ဘယ်နှစ်မျိုးရှိပါလိမ့်.... (ငါးမျိုးပါ ဘုရား)။

ဩော်....ဒီဆန္ဒငါးမျိုးကြောင့် ချစ်ခြင်း မုန်းခြင်းဖြစ်ရတယ်၊ ချစ်ခြင်း မုန်းခြင်းကြောင့် ဣဿာ မစ္ဆရိယဖြစ်ရတယ်၊ ဣဿာ မစ္ဆရိယ ဖြစ်ရသောကြောင့် သတ္တဝါတွေမှာ ရောဂါ ဥပဒ္ဒ် အန္တရာယ် မကင်းဘဲဖြစ်ရပါတယ်၊ (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား) အားလုံး တကာ တကာမတွေ တရားကလဲ စတဲ့နေ့ ဖြစ်နေလို့ သေသေ ချာချာ လဲ မှတ်ကြပါ၊ ဒီဥစ္စာ ဝိပဿနာကင်းလို့ ရှိယင်လဲ ဦးခင်မောင် မရပါဘူး၊ (မရပါဘူး ဘုရား) ဘေးကပုဂ္ဂိုလ်တွေ ရပါ့မလား....(မရပါဘူး ဘုရား)။

ကိုင်း- ဒီဆန္ဒငါးမျိုးကို ဟောရတော့မယ် ဆိုတော့ တကာ တကာမတို့ ဒီဆန္ဒဟာ ပြောတော့ဆန္ဒဘဲ၊ တရားကိုယ် ကောက်

လိုက်တော့ မောင်ကိုတို့ လောဘဘဲ မှတ်ရလိမ့်မယ်၊ (မှန်လှပါ) တရားကိုယ် ကောက်တော့....(လောဘဘဲ မှတ်ရပါမယ်)။

လောဘဘဲ မှတ်ကြရလိမ့်မယ်၊ ရှာမှီးတဲ့ လောဘ၊ ရလို့ သာယာတဲ့ လောဘ၊ သဘောကျပလား.... (ကျပါပြီ) သိမ်းဆည်းတဲ့လောဘ ဆိုတာကော မရှိပေဘူးလား.... (ရှိပါတယ်ဘုရား) အင်း....ဟင်.... သုံးဆောင်တဲ့ လောဘ၊ သိမ်းဆည်းတဲ့ လောဘ၊ ဝေဘန်တဲ့လောဘ၊ လောဘ ဘယ်နှစ်မျိုးရှိပါလိမ့်.... (ငါးမျိုးပါ ဘုရား)။

ဥပမာ-ဒီအ ထဲ ပြောလိုက်တဲ့အခါကျတော့ ဝေဘန်တဲ့ လောဘဆိုတော့ တကာ တကာမတွေက ဖြုန်းကနဲ မရိပ်မိဘူး၊ သေသေ ချာချာ ရှင်းပြပါမယ်၊ တကာ တကာမတို့ ချစ်ခြင်း မုန်းခြင်းသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဘယ်က လာတာတုံး ဆိုလို့ရှိယင် ပစ္စည်းရှာတဲ့ အချိန်မှာ ချစ်တဲ့သူစားဘို့ ဆိုပြီး သကာလ ရှာတယ်၊ မုန်းတဲ့လူ အတွက်လဲ သူ ဘယ်လိုနေနေကွာ ငါရ- ပြီးရောဆိုတဲ့ အမိပ္ပါယ်ကော မပါဘူးလား(ပါ-ပါတယ် ဘုရား)။

ဒါဖြင့် ငါရ-ပြီးရောဆိုတော့ ဒါလောဘဆန္ဒဖြင့် လောဘဘဲ (မှန်လှပါ) ဒါဖြင့် တကာ တကာမတို့ ချစ်ခြင်း မုန်းခြင်းသည် ဘယ်က လာသတုံးလို့ မေးလို့ရှိယင် .... (ဆန္ဒက လာပါတယ် ဘုရား) ဆန္ဒက လာတယ်၊ ဟောဒါက ပစ္စည်းရှာလိုတဲ့ ဆန္ဒကြောင့်လဲ လာပါတယ်၊ (မှန်ပါ) သဘောပါကြလား.... (ပါ ပါတယ် ဘုရား) ဘယ်သူ့ကြောင့် လာပါလိမ့်.... (ပစ္စည်းရှာလိုတဲ့ လောဘ) ရှာတော့ ရှာလိုတဲ့လောဘကြောင့်လဲ ချစ်ခြင်း

မုန်းခြင်းလာပါတယ်၊ရှာလိုတဲ့ဆန္ဒကြောင့်လဲ ချစ်ခြင်း မုန်းခြင်း လာပါတယ် ဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါတယ်)။

ကောင်းပြီ-တခါသွားပါဦးတဲ့၊ တကာ တကာမတို့ ရလာပြန်တော့လဲ....တဲ့၊ ချစ်တဲ့လူတော့ပေးမယ်၊ မုန်းတဲ့လူတော့ကွာ ဒီတခါတော့ ပြောင်တိုက်မယ်၊ မလာဘူးလား....(လာပါတယ်) ဒီဆန္ဒကော မရှိဘူးလား....(ရှိပါတယ် ဘုရား) ဒါဖြင့် ရတဲ့ဆန္ဒကြောင့်လဲ ချစ်ခြင်း မုန်းခြင်း လာပြန်တာဘဲ၊ (မှန်ပါ့ဘုရား) ၁-နံပါတ်က ရှာတဲ့ဆန္ဒကြောင့်ကော....(ချစ်ခြင်း မုန်းခြင်း လာပါတယ် ဘုရား) ကောင်းပြီ ရတဲ့ဆန္ဒကြောင့်ကော....(ချစ်ခြင်း မုန်းခြင်း လာပါတယ် ဘုရား) ဒါဖြင့် နှစ်ခုရှိသွားပြီနော်၊ (မှန်လှပါ)။

ဒီ ဆန္ဒငါးမျိုးကို တကာ တကာမတွေ မနာဘူးသေးပါဘူး၊ ဦး ခင် မောင် မ နာ ဘူး သေး ဘူး နော်၊ (မနာဘူးသေးပါဘူး ဘုရား) သေသေချာချာ တကာ တကာမတွေ မှတ်ပါ၊ ဒီဥစ္စာ ပြောရတာလဲ မလွယ်ပါဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလို့ ဟုတ်တော့ အကြောင်း အကျိုးကတော့ အင်မတန် ဆက်ပါတယ်၊ မှန်လဲ မှန်ပါတယ်။

ကိုင်း-ဒါဖြင့် ရတဲ့အခါကျတော့ အားလုံး တကာ တကာမတွေ သုံးဆောင် စားသောက်တဲ့ အလုပ် မလုပ်ကြဘူးလား.... (လုပ် ကြ ပါ တယ် ဘု ရား) သုံးဆောင် စားသောက်တဲ့ အလုပ် လုပ်တဲ့အခါကျတော့ ကောင်းကောင်း မွန်မွန် စားသောက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ချစ်တဲ့ပုဂ္ဂိုလ်ကော သတိမရဘူးလား.... (ရပါတယ် ဘုရား) မုန်းတဲ့ပုဂ္ဂိုလ်ကျတော့ ပြောင်တိုက် မစားချင်ဘူးလား....(စားချင်ပါတယ် ဘုရား)။

ဒါဖြင့် ဒီဆန္ဒသည်ကားဆိုလို့ရှိယင်လဲ သူရှိနေလို့ရှိယင်လဲ ချစ်ခြင်း မုန်းခြင်း လာပြန်တာဘဲ၊ (မှန်ပါ) သဘောကျပလား (ကျပါပြီ) သုံးဆောင်တဲ့ ဆန္ဒကြောင့်လဲ ဘာလာပါလိမ့်.... (ချစ်ခြင်း မုန်းခြင်းလာပါတယ် ဘုရား) ပြန်ပြောပါဦးမယ်၊ ရှာမှီးတဲ့ ဆန္ဒကြောင့်လဲ ဘာလာသတုံး....(ချစ်ခြင်းမုန်းခြင်း လာပါတယ်ဘုရား) ရတဲ့ဆန္ဒကြောင့်ကော....(ချစ်ခြင်းမုန်းခြင်း လာပါတယ်) သုံးဆောင်တဲ့ဆန္ဒကြောင့်ကော (ချစ်ခြင်း မုန်းခြင်း လာပါတယ် ဘုရား)။

တခါ ကိုယ်ရတဲ့ ပစ္စည်းကလေး သိမ်းဆည်းပြန်တယ်၊ သိမ်းဆည်းတဲ့အခါကျတော့ ချစ်တဲ့ ပုဂ္ဂိုလ်ကျတော့ မင်းသိမ်းလိုက်ကွာ၊မုန်းတဲ့ပုဂ္ဂိုလ် မမြင်စေနဲ့၊မလာဘူးလား....(လာပါတယ်) ဒီလိုလာတာတွေ သေသေချာချာ ကြည့်ပြန်တော့ သိမ်းဆည်းတဲ့ နေရာမှာလဲ ...တဲ့ တကာ တကာမတို့ သိမ်းဆည်းတဲ့လောဘကြောင့်လဲ ချစ် ခြင်း မုန်းခြင်း ဖြစ် သေး တာဘဲ၊ (မှန်ပါ) သိမ်းဆည်းတဲ့ လောဘကြောင့်ကော....(ချစ်ခြင်းမုန်းခြင်း ဖြစ်သေးတာဘဲ)ချစ်ခြင်း မုန်းခြင်း ဖြစ်သေးတာဘဲဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဪ—ဒါဖြင့် ဒီဟာတွေ ပေါ်တိုင်း ပေါ်တိုင်း ဦးခင်မောင်တို့ဖြစ်စေ ဒီဘက်က ဦးညွန့်ကြီးတို့ဖြစ်စေ တကာသစ်တို့ဖြစ်စေ ဝိပဿနာ မရှုလို့ရှိယင် ခက်တော့မယ်၊ ဒီဘက်ချည်း မသွားပေဘူးဓလား....(သွားပါတယ်ဘုရား) ချစ်ခြင်း မုန်းခြင်း ဘက်ချည်း မသွားဘူးလား--(သွားပါတယ်) ချစ်ခြင်း မုန်းခြင်း လာယင်လဲ ဣဿာ မစ္ဆရိယက....(လာပါတယ်ဘုရား)လာလို့ရှိ

ယင်လဲ ရောဂါ ဥပါဒ် အန္တရာယ်က....မများပေဘူးလား....
(များပါတယ်ဘုရား)။

အဲဒါကြောင့်တဲ့ တကာ တကာမတို့ ဒီဆန္ဒသည် ကား လို့ ဆိုယင် လောဘချည်းဘဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)ကိုင်း--- ဒီဥစ္စာက အခု ဒီ--ရှာတဲ့ဆန္ဒ၊ ရတဲ့ဆန္ဒ၊ သုံးဆောင်တဲ့ဆန္ဒ၊သိမ်း ဆည်းတဲ့ဆန္ဒ၊ စွန့်ကြဲတဲ့ဆန္ဒ၊ စွန့်ကြဲတဲ့ဆန္ဒဆိုတော့ ဦးခင်မောင် တို့ မောင်ကိုတို့ လူစုတွေက ဒီလို အောက်မေ့လိမ့်မယ်၊ဩော်.... စွန့်ကြဲတာဘဲ၊ စွန့်ကြဲတဲ့ဆန္ဒကို ဒါနလို့ အောက်မေ့လိမ့်မယ်၊ ကိုထွန်းအောင် အောက်မေ့ချင်လဲ အောက်မေ့လိမ့်မယ်—နော် (မှန်လှပါ)။

စင်စစ် ဒါနအလုပ် မဟုတ်ဘူး၊ကိုယ့်မှာပစ္စည်းကလေးက ရှိလာလို့ လုံခြုံရေးအဖြစ်နဲ့ပေးတာ၊သဘောကျပလား-(မှန်ပါ့) ပစ္စည်းကလေး ရှိလာတော့ ကိုယ့်မှာ အကြောင်းရှိယင် အကာ အကွယ်ပေးဘို့ စွန့်ကြဲတာ(မှန်ပါ့ဘုရား) ဝါဒဖြန့်တာ ဆိုကြ ပါစို့ဗျာ၊ ကိုယ့်လုံခြုံရေးကို ဝါဒဖြန့်တယ်၊ သဘောပါကြ လား....(မှန်ပါ့)ကိုယ့်လုံခြုံရေးကို....(ဝါဒဖြန့်တဲ့ဆန္ဒပါ) ဝါဒ ဖြန့်တဲ့ဆန္ဒဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကိုင်း-ဒါဖြင့် ဒီဆန္ဒဟာ-ဒီဆန္ဒသည်ကားလို့ ဆိုလို့ရှိယင် ဖြင့် ချစ်တဲ့ပုဂ္ဂိုလ်ကို ပေးမယ်၊ မုန်းတဲ့ပုဂ္ဂိုလ်ကို မဆက်ဆံဘူး လား ဆိုတာ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီဆန္ဒ ငါးမျိုးကြောင့် တကာ တကာမတို့ ဘာဖြစ် သတုံး.... (ချစ်ခြင်း မုန်းခြင်း လာပါတယ် ဘုရား) ချစ်ခြင်း မုန်းခြင်းကြောင့်....(ဣဿာ မစ္ဆရိယ လာပါတယ်ဘုရား)ဣဿာ မစ္ဆရိယကြောင့်.... (ဘေးအန္တရာယ် လာပါတယ်ဘုရား) ဘေး

အန္တရာယ်တွေ ကိုယ်ခေါ်ယူတဲ့ အစိပ္ပါယ်မျိုး မရောက်ဘူး လား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီငါးခုကိုလဲ ရှာမှီးတဲ့လောဘ လာလို့ ရှိယင် လဲ ဖြစ်ပျက်ရှုပါ(မှန်ပါ့)ရှာမှီးတဲ့ လောဘလာလဲ.... (ဖြစ်ပျက်ရှုရ ပါမယ်)ရလို့ သာယာတဲ့လောဘ လာယင်လဲ....(ဖြစ်ပျက် ရှုရ မှာပါဘဲ)သဘောကျပြီနော်....(မှန်ပါ့)။

ကဲ--ဒါဖြင့် သုံးဆောင်တဲ့ လောဘ လာယင်ကော.... (ဖြစ် ပျက် ရှုရမှာပါဘဲ) သိမ်းဆည်းတဲ့ အချိန်ကလေး မှာကော.... (ဖြစ်ပျက် ရှုရမှာပါဘဲ)စွန့်ကြဲတဲ့ အချိန်မှာကော.... (ဖြစ်ပျက် ရှုရမှာပါဘဲ)။

အဲဒီ ဖြစ်ပျက် ရှုလိုက်လို့ ရှိယင်ဖြင့် ဒီလောဘ ငါးခုဟာ ဖြစ်ပျက် ဖြစ်ပြီးသကာလ ခင်ဗျားတို့ ရှုတဲ့ဉာဏ်တွေက နောက် က မဂ် မဖြစ် ပေဘူး လား-ဖြစ် မ လား....(ဖြစ်ပါ တယ် ဘုရား) ဒါဖြင့် ဒီမဂ် ဖြစ်သွားတယ် ဆိုတော့ ဒီလောဘ တဏှာ မသေ ဘူးလား--သေမလား....(သေပါတယ်ဘုရား)။

ဒါဖြင့် တဏှာ သေတဲ့အခါကျတော့ တကာ တကာမတွေက စဉ်းစားတာပေါ့"တဏှာ နိရောဓ ဥပါဒါန နိရောဓော" မဖြစ် ဘူးလား-ဖြစ်မလား-(ဖြစ်ပါတယ်ဘုရား)"ဥပါဒါန နိရောဓာ-" (ဘဝနိရောဓောပါဘုရား) "ဘဝနိရောဓာ...." (ဇာတိ နိရော ဓောပါဘုရား)"ဇာတိ နိရောဓာ...."(ဇရာ မရဏ နိရောဓောပါ ဘုရား)။

"ဇရာမရဏ နိရောဓော" ဆိုတော့ ဟိုဘက်မှာ တကာ ထကာမတို့ သိတဲ့အတိုင်း "ဇရာမရဏ နိရောဓော"ဆိုတာနိဗ္ဗာန် ကို ဟောတာဘဲ (မှန်ပါ့)ကိုထွန်းအောင် ကျေနပ်ကဲ့လား....

(ကျေနပ်ပါတယ်ဘုရား)ဒါဖြင့် ဆန္ဒဘယ်နှစ်မျိုးရှိတယ်ဆိုတာ ယနေ့ သိကြပလား....(သိပါပြီ)။

ပြန်ပြောပါဦးမယ် တခေါက်၊နာရီကလဲ စေ့နေပြီ၊ရှာမှီး တာလဲ ဆန္ဒလောဘ (မှန်ပါ့) သဘောကျရဲ့လား....(ကျပါ တယ်)ရှာမှီးတာကော.... (ဆန္ဒလောဘပါဘုရား) ရပြန်တော့ ကော....(ဆန္ဒလောဘပါဘုရား)ရလို့ သာယာတာလဲ လောဘ ဘဲ မနေဘူးလား....(မှန်လှပါ)ရလို့ သုံးဆောင်ပြန်တော့ကော- (ဆန္ဒ လောဘပါ ဘုရား) သိမ်းဆည်းပြန်တော့ကော.... (ဆန္ဒ လောဘပါဘုရား)တခါဝါဒဖြန့်ပြန်တော့ကော....(ဆန္ဒလောဘ ပါဘုရား)။

ဒါဖြင့် ဒီလောဘသည် လောဘကိုက ငါးမျိုးပြားလာ တယ်လို့ တကာ တကာမတွေ နက်နက်နဲနဲ မှတ်စမ်းပါ (မှန်ပါ့)လောဘ ဘယ်နှစ်မျိုးပြားလာသလဲ....(ငါးမျိုး ပြားပါ တယ် ဘုရား)။

အဲဒီ ငါးမျိုးကို တရားက နုလာတဲ့အတွက် နာပြီးသားတွေ လဲ ဖြစ်တဲ့အတွက် တကာရင်း ဆရာရင်းတွေလဲ ဖြစ်တဲ့အတွက် တကာ တကာမတွေ ဒီဥစ္စာ နေရာတိုင်းမှာ အလုပ်-လုပ်ပါ (မှန်ပါ့)သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဘယ်အချိန် အလုပ်-လုပ်ရမလဲ....(နေရာတိုင်းမှာအလုပ်-လုပ် ရမယ်)နေရာတိုင်းမှာ အလုပ်-လုပ်လို့ရှိယင်ဖြင့် ဒီလောဘချုပ် သောကြောင့် ဒီဘက်က ချစ်ခြင်း မုန်းခြင်းကော....(ချုပ်ပါ တယ်) ချစ်ခြင်း မုန်းခြင်း ချုပ်သောကြောင့် ဣဿာ မစ္ဆရိယ ကော.... (ချုပ်ပါတယ်) ဣဿာ မစ္ဆရိယ ချုပ်သောကြောင့် ပစ္စုပ္ပန် အန္တရာယ်ကော–(ကင်းပါတယ်ဘုရား)။

တခါ ဒီဘက်ကနေ လောဘချုပ်သောကြောင့်လဲ ဒီဘက်က ဥပါဒါန်ကော--(ချုပ်ပါတယ်) ဥပါဒါန် ချုပ်သောကြောင့် ကံ ကော-(ချုပ်ပါတယ်)ကံ ချုပ်သောကြောင့်လဲ ဇာတိ ဇရာ မရဏကော-(ချုပ်ပါတယ်ဘုရား)။

ဇာတိ ဇရာ မရဏ တွေ ချုပ်ရာသည် ဘာဆိုကြမယ်--(နိဗ္ဗာန်ဆိုပါတယ်ဘုရား) ရှင်းကြပလား--(ရှင်းပါပြီ)။

ကိုင်း--ယနေ့ ဒီတွင်တော်ပါဦး

သာဓု....သာဓု....သာဓု

☆

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့ - ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# သက္ကပဉှာသုတ်ဒေသနာတော်

(၃၀-၁-၆၁)

အားလုံး တကာ တကာမတွေ မနေ့ကလဲပြောခဲ့ပြီ၊ တကာ တကာမတွေ၏ ခန္ဓာကိုယ်ကြီး ဘယ်သွားနေသလဲလို့ မေးတဲ့အခါ ကျတော့ တကာ တကာမတွေက တညီတညွတ်တည်း အဖြေထုတ်ကြတာပေါ့၊ သေရာဌာနကို နောက်တလှမ်းမှ မဆုတ်ဘဲနဲ့

ရှေ့ချည်း တိုးသွားနေတယ်ဆိုတာ လွဲကြပါ့မလား.... (မလွဲပါဘူး ဘုရား)

သေရာဥ္စာနချည်းဘဲ ရှေ့တိုးသွားနေတယ်ဆိုတာ အခုတရားနာရင်းလဲ ဆိုင်နေကြတာဘဲ၊ထိုင်ရင်း သွားနေတယ်ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

ထိုင်ရင်း သွားနေတာလဲ တကာ တကာမတွေ အထင်အရှားပါဘဲ၊ ထိုင်စကထက် ထိုင်လယ်က နီးတယ်လို့ ဆိုရမှာဘဲ၊ (မှန်လှပါ) သုသာန်နဲ့ မနီးဘူးလား .... (နီးပါတယ် ဘုရား) ထိုင်စထက် ထိုင်လယ်ကနီး၊ ထိုင်လယ်ထက် တရားပွဲအဆုံးက ပိုမိုနီးတယ်ဆိုတဲ့ ဥစ္စာလဲ တကာ တကာမတွေ သိပြီးသား ဖြစ်ပါလိမ့်မယ်....(မှန်လှပါ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ၌ သေရမည့်ခရီး သွားနေတဲ့ပုဂ္ဂိုလ်ဟာ တဘဝက တဲဘဝ ကူးပြောင်းတာလဲရှိတယ်၊ တဘဝက တဘဝ မကူးပြောင်းတာလဲ ရှိတယ်လို့ နှစ်မျိုး မှတ်ကြစမ်းပါ၊ (မှန်ပါ့)။

ဘယ်နှစ်မျိုး မှတ်ကြမယ်....( နှစ်မျိုးမှတ်ရပါမယ်) တဲဘဝက တဘဝ ကူးပြောင်းတာကတမျိုး၊ တဘဝက တဘဝ မကူးပြောင်းတော့ဘူး၊ ဒီဒုက္ခပြီးယင် နောက်ဒုက္ခ မဆက်တာကလဲ တမျိုးလို့ မှတ်လိုက်စမ်းပါ၊ ဘယ်နှစ်မျိုး ရှိသွားပြီလဲ···· (နှစ်မျိုးပါဘုရား) နှစ်မျိုးရှိတယ်ဆိုတာ ရှင်းရှင်းလင်းလင်း မှတ်ပြီးသကာလ ထားယင် သိပ်အတိုးတန်ပါလိမ့်မယ်.... (မှန်ပါ့)။

ဘဝကူးတယ် ဆိုတာက ဒီဘဝကစုတိ၊ ဟိုဘဝက ပဋိသန္ဓေ၊ ဒါ ဘဝကူးတယ် ခေါ်တယ်၊ သဘောကျကြပလား .... (ကျပါပြီ) စုတိပြီး ပဋိသန္ဓေလာတာ ဘာခေါ်ကြမယ်....(ဘဝကူး

တယ် ခေါ်ပါတယ်) ဘဝကူးတယ်လို့ ဒါကို သေသေချာချာ မှတ်ပါ၊ဟောဒီဘက်က နောက်ဆုံးဘိတ်ပြေးလာလို့ ဒီနေရာမှာ ခန္ဓာကိုယ် စွန့်ဘို့ရာဆိုတာ စုတိပါဘဲ၊ ဖြတ်ဆို စုတိစိတ် ချုပ်ပြီး သကာလ သွားတဲ့အခါမှာ ပဋိသန္ဓေစိတ် လာတယ်လို့ ဆိုတာက ဘဝကူးတာလို့ ခေါ်ပါတယ်၊ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဘဝကူးတာပြောယင် စုတိပြီး ပဋိသန္ဓေလာတာ ဘာခေါ်ကြမယ်....(ဘဝကူးတာပါ ဘုရား) စုတိပြီး ပဋိသန္ဓေလာတာ.... (ဘဝကူးတာပါ ဘုရား) သို့သော် ဘဝကူးအဓိပ္ပါယ်ကို ရှင်းပြီး ပြောရလို့ရှိယင်ဖြင့် သစ္စာနဲ့ပြောမှ ပိုမိုပြီး ရှင်းမယ်လို့ မှတ်ကြ စမ်းပါ၊ (မှန်ပါ့ဘုရား)။

သေရတာသည် စုတိစိတ်လို့ ခေါ်တယ်၊ (မှန်ပါ့) အဲဒီ စုတိစိတ်ဟာ ဘာသစ္စာတုံးမေးယင် တရားတပွဲလုံး ဘယ့်နှယ်ဖြေကြမလဲ.... (ဒုက္ခ သစ္စာ ပါ ဘုရား) သေသေချာချာ မှတ်ကြပါ၊ တကာ တကာမတို့ စုတိစိတ်ဟာ ဘာပါလိမ့်.... (ဒုက္ခသစ္စာပါ ဘုရား) ဩော်....ဒုက္ခသစ္စာ၊ စုတိ စဝနတာ ဆိုတဲ့အတိုင်းတဲ့၊ ခန္ဓာနံ ဘေဒေါ=ခန္ဓာကြီး၏ ပျက်စီးခြင်းပါဘဲ၊ သူ့ကို ဘာသစ္စာ ခေါ်ကြမယ်....(ဒုက္ခသစ္စာပါ ဘုရား)။

မှတ်ထားကြပါ၊ မှတ်ထားကြပါ တကာ တကာမတို့ ခင်ဗျားတို့ အားလုံး နှုတ်တက်နေတာက ဘဝကူး ကောင်းဘို့ဆိုပြီး အင်မတန် ပြောလေ့ ဆိုလေ့ ရှိပါတယ်၊ (မှန် ပါ့) ဘဝကူး ကောင်းဘို့ဆိုပြီး ပြောလေ့ ဆိုလေ့ရှိပါတယ်၊ စုတိက ဒီဘဝ အဆုံးလို့ ဆိုယင် လွဲမလား....(မလွဲပါဘူး)။

စုတိက ဘာပါလိမ့်....(ဒီဘဝအဆုံးပါ ဘုရား)ဒီဘဝအဆုံးက စုတိဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါ ဘုရား) ဒုက္ခသစ္စာ၊ ဪ်....“ဒုက္ခဿပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော”ဆိုတဲ့အတိုင်းဘဲ တကာ တကာမတို့ ခဏ ခဏ တရားနာနေရတဲ့အတွက် သိသင့်ကြပြီ။

ဪ်....ဒီ ဒုက္ခ သစ္စာ ဝန် ထုပ် ကြီး ဖြင့် ဒီဘဝ ချရပြီ ဆိုပြီး သကာလ စုတိပြီးတော့ ဖြတ်ဆို ပဋိသန္ဓေက ပေါ်လာတယ်၊ (မှန်ပါ့) ပဋိသန္ဓေကလဲ ဘုရားက ဟောပြန်တာက ခင်ဗျားတို့ တွေ့ရမှာက “ဇာတိပိ ဒုက္ခသစ္စာ” (မှန်ပါ့) ဇာတိပိ ဘယ့်နှယ် ဆိုသလဲ....(ဒုက္ခသစ္စာပါ ဘုရား)။

ဪ်....တကာ တကာမတို့ တဘဝက တဘဝ ကူးလိုက်တော့ တဘဝစွန့်ပစ်ခဲ့ရတာကလဲ ဒုက္ခသစ္စာ၊ တဘဝ ပြန်ပြီးသကာလ ပွေ့ပိုက်ရတာကကော.... (ဒုက္ခသစ္စာပါ ဘုရား) ဒါ ဘဝကူးတာဘဲ တကာ တကာမတို့၊ (မှန်ပါ့) ဘဝကူး ကောင်းကြပါရဲ့လားလို့ မေးလိုက်တယ်၊ (မကောင်းပါဘူး)။

စဉ်းစားပါ၊ စဉ်းစားပါ တကာ တကာမတို့ ဒီတရားဟာ ကောင်းအောင် ဟောတာမဟုတ်ဘူး၊ တကာ တကာမတို့ သိပ့်မှတ်ပုံ ဒီလမ်းပြီး ဒီလမ်းကို မသွားကောင်းဘူးဆိုတာ သိဘို့ကို သေသေ ချာချာ ဟောနေတယ်ဆိုတာ မှတ်ကြစမ်းပါ....နော်၊ (မှန်ပါ့) စုတိက ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါ ဘုရား)။

ဪ်....စုတိက ဒုက္ခသစ္စာ၊ စုတိစိတ်ချုပ်ပြီး ဒီဘဝခန္ဓာကြီး မြေကြီးထဲ မြှုပ်ပစ်ခဲ့၊ သို့မဟုတ် ကျီး ဌင်းတာတွေ၏အစာ ဖြစ်ရစ်ပါတယ်၊ (မှန်လှပါ)။

စုတိပြီးတဲ့အခါကော တကာ တကာမတို့သည် သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင် မကြိုးစားခဲ့လို့ရှိယင် စုတိပြီး ပဋိသန္ဓေ လာလိမ့်မယ် (မှန်ပါ့ဘုရား) မလာပေဘူးလား .... (လာပါတယ် ဘုရား) လာတာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား)။

ဩော်.... ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေဟာ ဒုက္ခသစ္စာနဲ့ ခဲ့ပြီး ဒုက္ခသစ္စာနဲ့ ပြန်ပေါင်းရတယ်ဆိုယင် လွဲပါ့မလား (မလွဲပါဘူး ဘုရား) ဒုက္ခသစ္စာနဲ့ ခဲ့ပြီး ဘာနဲ့ ပြန်တွဲရသလဲ.... (ဒုက္ခ သစ္စာ နဲ့ ဘဲ ပြန်တွဲရပါတယ် ဘုရား) နဂိုက ဖူး စာ ဘက် (မှန်ပါ့) ဒီဘဝက ဟိုဘဝ ကူးသွားတယ် ပြောင်းသွားတယ်လို့ လောက ပြောရိုးထုံးစံပေါ့လေ၊ (မှန်ပါ့)။

ကိုင်း-တကာ တကာမတို့ ဘယ်သစ္စာက ဘယ်သစ္စာပြောင်းပါလိမ့်....(ဒုက္ခသစ္စာက ဒုက္ခသစ္စာ ပြောင်းသွားပါတယ်ဘုရား) ဒုက္ခသစ္စာက ဒုက္ခသစ္စာပြောင်းတော့ ကောင်းတယ်လို့ ဆိုလို့ ရပါ့မလား....(မရပါဘူး ဘုရား)။

ဒါဖြင့် ပြင်ကြ ဆင်ကြ ပါဦး ဆိုတာ ကို သတိ ပေးလိုက်ပါတယ်၊ (မှန်ပါ့) ဘယ်လို သတိပေးပါလိမ့်....(ပြင်ကြ ဆင်ကြပါဦး) ဒီ ဒုက္ခသစ္စာပြီးတော့ ဒီဘက်က ဇာတိ ဒုက္ခသစ္စာမလာဘဲနဲ့ ဇာ တိ ချုပ် တဲ့ နိ ရော ဓ သစ္စာ လာမယ်ဆိုလို့ ရှိယင်ဖြင့် မကောင်းပေဘူးလား....(ကောင်းပါတယ် ဘုရား)။

ဒါက ဒုက္ခသစ္စာလဲ စွန့်ပစ်ခဲ့ပါရော တကာ တကာမတို့ ဒီဘက်မှာ သုခသစ္စာဆိုတဲ့ နိဗ္ဗာန်ရောက်ပါတယ်၊ (မှန်ပါ့ ဘုရား) သဘောကျကြပလား....(ကျပါတယ်)။

ဒါဖြင့် တကာ တကာမတို့ စဉ်းစားပါ၊ အားလုံး တကာ တကာမတွေ ဦးစင်မောင်တို့ စဉ်းစားကြည့်ပါ၊ တခုသော ဒုက္ခ

သစ္စာက တခုသော ဒုက္ခသစ္စာသို့ ပြောင်းရတာ အမြတ်များ ထွက်သေးသလား....(မထွက်ပါဘူး ဘုရား)။

အားလုံး တကာ တကာမတွေ အမြတ်များထွက်သေးသလား စဉ်းစားပါဦး.... (မထွက်ပါဘူး ဘုရား) တခုသော ဒုက္ခသစ္စာ ပြီးယင် နောက် တခုသော ဒုက္ခသစ္စာ လာရတယ်ဆိုကတည်းက နတ် ဒုက္ခ သစ္စာ လာလဲ အမြတ် မထွက်ပါဘူး၊ (မထွက်ပါဘူး ဘုရား) ဗြဟ္မာ ဒုက္ခလာကော....(မထွက်ပါဘူး)။

အမြတ်မထွက်တာချည်းဘဲ၊ သစ္စာဉာဏ်နဲ့ သေသေ ချာချာ ကြည့်ပြီး နာပါလို့ သတိပေးလိုက်တယ်၊ (မှန်ပါ့) ဘာဉာဏ်နဲ့ နာရမယ်.... (သစ္စာဉာဏ်နဲ့ နာရပါတယ်) သစ္စာသိတဲ့ဉာဏ်နဲ့ နာ စမ်း ပါ ဆို တာ ကို ကောင်းကောင်းကြီး သတိပေးနေတယ် ဆိုတာ မှတ်စမ်းပါ၊ (မှန်ပါ့)။

ဒါဖြင့် ဘဝကူးရတာသည် အမြတ်ထွက်သလားတဲ့၊ အရှုံး ထွက်သလားဆိုတာ စဉ်းစားစမ်းပါ.... (အရှုံး ထွက်ပါတယ် ဘုရား) အရှုံးထွက်တယ်ဆိုတာ သေချာကြပလား....(သေချာ ပါတယ် ဘုရား) ဒါဖြင့် ဘဝကူးတာနဲ့ မကူးတာ ဘယ်ဟာ ကောင်းသတုံး....(မကူးတာ ကောင်းပါတယ် ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဩော်....ဒို့ နဂိုက မသိခင်တုန်း ကတော့ လူ့ဘဝကစုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် နတ်ဘဝ ရောက်ယင် ကောင်းလေစွ၊ဗြဟ္မာဘဝရောက်ယင် ကောင်းလေစွ၊ ဒါကို ဘဲ တ ကာ တ ကာ မ တွေ တောင်း တ နေ တော့ အဲ ဒါ သစ္စ ဉာဏ် မ ရ သေး ခင် က ဖြစ် တဲ့ အ ဝိဇ္ဇာ ၏ စွမ်း ရည် သတ္တိ၊ တဏှာ၏ စွမ်းရည် သတ္တိကြောင့် ထင်တဲ့ထင်လုံးတွေလို့ အား

လုံးဘဲ မှတ်လိုက်ကြစမ်းပါ၊ (မှန်ပါ ဘုရား) သဘောကျကြ ရဲ့လား....(ကျပါတယ် ဘုရား)။

စုတိပြီး ပဋိသန္ဓေ မလာတာ အကောင်းဆုံး မဟုတ်လား၊ (မှန်ပါ ဘုရား) ဘယ်ဟာ အကောင်းဆုံး ပါလိမ့်.... (စုတိပြီး ပဋိသန္ဓေ မလာတာ အကောင်းဆုံးပါ ဘုရား)။

စုတိပြီး ပဋိသန္ဓေမလာတာ အကောင်းဆုံးဘဲ၊ စုတိပြီး ပဋိသန္ဓေလာခဲ့လို့ရှိယင် စုတိ ဘာသစ္စာ.... (ဒုက္ခသစ္စာပါ ဘုရား) လာတဲ့ ပဋိသန္ဓေက....(ဒုက္ခသစ္စာပါဘဲ ဘုရား)၊

ဩော်....ဒုက္ခစွန့်ပြီး ဒုက္ခရတယ်ဆိုတော့ တကာ တကာမတို့ တခုသောရေအိုး ထမ်းပြီးသကာလဲ ကွဲတော့ နောက်တအိုး ပြန်ထမ်းရတယ်၊ အရင်လိုပင် လေးမြဲ လေးမယ်ဆိုတဲ့ဥစ္စာ ငြင်းဘို့ လိုသေးသလား....(မလိုပါဘူး ဘုရား)။

အဲဒါကြောင့် ယနေ့ ရှင်းရှင်းလင်းလင်းဘဲ တကာ တကာ မတွေ သတိပေးပါတယ်၊ ဘဝကူးဆိုတာ အင်မတန် ဆိုးဝါး ပါတယ်၊ ဘယ်လို ဆုံးဖြတ်ချက် ချကြမယ်.... (ဘဝကူးဆိုးဘာ အင်မတန် ဆိုးဝါးပါတယ်)။

ဘဝကူးဆိုတာ အင်မတန် ဆိုးဝါးတယ်လို့ ဆုံးဖြတ်ချက် ချ လေလေ နစ်နာလေလေဆိုတာ ကျေနပ်ကြပလား.... (ကျေနပ် ပါတယ် ဘုရား)။

ဒါဖြင့် တကာ တကာမတို့ နောက်ကိုပြင်ကြစမ်းပါဦးဆိုဘာ ကို ကြီး ကြီး ကျယ် ကျယ် ဘဲ သတိပေးလိုက်ပါတယ်၊ ဘဝကူး အောင် အလုပ်-မလုပ်ပါနဲ့တော့၊ သဘောပါကြလား.... (ပါ-ပါတယ်)၊

ဘဝကူးကောင်းအောင်ဆိုတဲ့ဥစ္စာသည် ဪ....ဘယ်-တဘဝက တဘဝကူးတယ်ဆိုကတည်းကိုက စုတိနဲ့ ပဋိသန္ဓေ ဆက်တာဘဲလို့ ဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါတယ် ဘုရား) ဘာနဲ့ ဘာနဲ့ ဆက်ပါလိမ့်.... (စုတိနဲ့ ပဋိသန္ဓေ ဆက်ပါတယ် ဘုရား) စုတိ ဘာသစ္စာ.... (ဒုက္ခသစ္စာပါ ဘုရား) ပဋိသန္ဓေက (ဒုက္ခသစ္စာပါဘဲ ဘုရား)။

ဒါ ဘဝကူးတာဘဲတဲ့ တကာ တကာမတို့ စဉ်းစားကြည့်၊ ဦးခင်မောင်ကြီး ဘယ်ဟာကြိုက်သတုံး ဒီနှစ်ခု.... (ဘယ်သင်းမှ မကြိုက်ပါဘူး ဘုရား) နောက်က တကာ တကာမတွေ ဘယ်ဟာများ ကြိုက်ကြသလဲ....(ဘယ်ဟာမှ မကြိုက်ပါဘူး)။

အဲဒီ မကြိုက်တာကလေးတလုံး ယနေ့ ဘုန်းကြီးက တရားစလျှင် စခြင်း မကြိုက်တဲ့တလုံးကလေး ရတာကိုဘဲ အင်မတန်ဝမ်းသာပြီလို့ အောက်မေ့လိုက်စမ်းပါ၊( မှန်ပါ့ဘုရား) တကာ တကာမတွေဖြင့် စုတိလဲ သေရတာလဲ ဒုက္ခသစ္စာမို့ မကြိုက်တော့ပါဘူး၊ (မှန်ပါ့)။

နောင် ဘဝကူး ပဋိသန္ဓေဆိုတာလဲ "ဇာတိပိ ဒုက္ခသစ္စာ"လို့ ဘုရားကလဲဟော ကိုယ်ကိုယ်တိုင် နေခဲ့ရတာလဲ အမှန်ဖြစ်နေသောကြောင့် ဒါကို မကြိုက်ပါဘူး ဆိုကတည်းကိုက ဘုန်းကြီးများက အတော်ကျေနပ်ပါပြီ၊ သဘောပါကြလား....(ပါ-ပါပြီ ဘုရား)။

ဘာ့ကြောင့် ဒီလောက်ကျေနပ်ပါသလဲလို့ ဦးခင်မောင်ကြီးတို့ ဘုန်းကြီးက ချီးမွမ်းထောပနာပြုပြီး ဒီ တကာ တကာမတွေ ဆုံးမသွန်သင်ရပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် ရှေးက

ဗိဘဝက ဒီဘဝ ကူးလို့ရှိယင်ဖြင့် ကောင်းတယ်ချည်း အောက်မေ့ကြတယ်၊ (မှန်လှပါဘုရား) မအောက်မေ့ကြဘူးလား.... (အောက်မေ့ပါတယ် ဘုရား)။

ဟိုဘဝက ဒီဘဝ ကူးရလို့ရှိယင် လူ့ဘဝက နတ်ဘဝကူးရလို့ရှိယင် ဘယ့်နှယ် အောက်မေ့ကြမတုံး- (ကောင်းတယ်လို့ အောက်မေ့ပါတယ်)။

ဒါ့ကြောင့် ဘဝကူးကောင်းဘို့ ကျုပ်တို့ ကြိုးစားနေရတယ်၊ ဘဝကူးကောင်းဘို့ ကျုပ်တို့ ကြိုးစားနေရတယ်နဲ့ တကာ တကာ မတွေနှုတ်ထဲမှာလဲ ရှေးလူကြီးတွေကပြော၊ ကိုယ့်စိတ်ထဲမှာလဲ သူများ လူများ ပြောသံကြားနဲ့ကြိုက်၊ သစ္စာဉာဏ်ကလဲမရှိတော့ တကာ တကာမတို့ ဒီဘဝ ဆင်းရဲတယ်၊ နောက်ဘဝ ချမ်းသာလိမ့်မယ်လို့ မထင်ကြပေဘူးလား....(ထင်ပါတယ် ဘုရား)။

အခုတော့ဖြင့် ဘုန်းကြီးက လက်တွေ့ဘဲပြပါတယ် တကာ တကာမတို့၊ ဒီဘဝ နောက်ဆုံးပိတ်စိတ်က စုတိစိတ်.... (မှန်ပါ ဘုရား)ဘာသစ္စာလဲ....( ဒုက္ခ သစ္စာပါဘုရား )။

နောက်ဆုံးပိတ်စိတ်က ဘာစိတ်တဲ့လဲ....(စုတိစိတ်ပါဘုရား) စုတိစိတ်ဟာ ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခ သစ္စာဆိုတဲ့ဥစ္စာ အားလုံး ကျေနပ်ပါပြီလား....(ကျေနပ်ပါပြီ)။

ကိုင်း-ဒါဖြင့် ကျင့်ကြံထားတာက ဘာမှမရှိတော့ သေက္ခ ပုဂ္ဂိုလ်က မဟုတ်တော့ အသေက္ခ ပုဂ္ဂိုလ်ဘက်လဲ မသွားနိုင် သေးဘဲ ဖြစ်ပြီးသကာလနေတော့ ဘုန်းကြီးတို့ တကာ တကာမ တွေ စုတိဒုက္ခပြီးတော့ ဖြတ်ဆို ပဋိသန္ဓေက အမိဝမ်းခေါင်း ပြောင်းရတယ်(မှန်ပါ) ဥပပတ် ပဋိသန္ဓေဖြစ်ယင်လဲ ဘွားကနဲ

သွားဖြစ်ရမယ်၊ ဘာသစ္စာများ သွားဖြစ်ပါလိမ့်.... (ဒုက္ခသစ္စာ သွားဖြစ်ပါတယ်ဘုရား)။

ဒုက္ခသစ္စာ သွားဖြစ်တယ် ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)ဒါဖြင့် ဒုက္ခသစ္စာ သွားဖြစ်ရတော့....ဩော်.... တခုသော ဒုက္ခစွန့်ပြီး တခုသော ဒုက္ခကို ပွေ့ပိုက်နေရပြန်တယ် ဆိုတော့ ဒါ ကောင်းတယ်လို့ ဆိုကြမလား-ဆိုးတယ်လို့ ဆိုကြမလား....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီ လမ်းဟာ လမ်းကောင်းလား-လမ်းကြမ်းလား....(လမ်းကြမ်းပါဘုရား)။

ဒါဖြင့် ဒီ ဆရာဘုန်းကြီး ဒီတကာ တကာမတွေကို ဘာချီးမြှောက်ချင်လို့ ပါလိမ့်မတုံး ဆိုလို့ရှိယင် လမ်းဆိုးက နေပြီး သကာလ လမ်းကြမ်းကို မသွားဘဲနဲ့ တကာ တကာမတို့ လမ်းဆုံးရာကို သွားကြပေတော့၊ ရှေ့သွားစရာမရှိတဲ့ သံသရာ့ ခရီးသည်အဖြစ်မှ လွတ်အောင် ကျွတ်အောင် လုပ်ကြပေတော့ ဆိုတဲ့ သဘောကို ရည်မှန်းပြီးသကာလ ဒီ တကာ တကာမတွေကို အရင်း အချာတွေဘဲ တရားပြောနေတယ်(မှန်ပါဘုရား)။

လမ်းဆုံးအောင် သင်နေပါတယ်....နော်၊ (မှန်ပါဘုရား) ဘာသင်နေပါလိမ့်.... (လမ်းဆုံးအောင် သင်နေပါတယ်ဘုရား) လမ်းမဆုံးလို့ရှိယင် ဇာတိ ဇရာ မရဏ ဒီဘက် ဆက်မသွားပေဘူးလား....(ဆက်သွားပါတယ်ဘုရား)။

ဇာတိပြီးယင် ဇရာလမ်းသွားတော့ ကောင်းသေးရဲ့လား— (မကောင်းပါဘူးဘုရား) ဗျာဓိလမ်း သွားရ.... (မကောင်းပါဘူး) မရဏလမ်း သွားရ....(မကောင်းပါဘူး) ဩော်....ဒါက လမ်းမဆုံးတဲ့ ပုဂ္ဂိုလ်၏ ခရီးစဉ်....(မှန်ပါ)သဘောကျပလား....

(ကျပါပြီ) ဘယ်သူ၏ ခရီးစဉ်ပါလိမ့်....(လမ်းမဆုံးတဲ့ ပုဂ္ဂိုလ်၏ ခရီးစဉ်ပါဘုရား)လမ်းမဆုံးတဲ့-ပုဂ္ဂိုလ်၏ခရီးစဉ်ဆိုတာ ဒီ တကာ တကာမတွေ သဘောကျပလား....(ကျပါပြီ)။

ဒါကြောင့် ဘယ်ဟာ ကြိုက်သတုံးလို့ ယနေ့ဖြင့် ရှင်းရှင်း လင်းလင်းဘဲ တကာ တကာမတွေကို မေးပါပြီ၊ လမ်းဆုံးတာ ကြိုက်သလား....ဆက်ဘဲ သွားချင်သေးသလား....လို့ မေးယင် ဘယ့်နှယ် ဖြေကြမယ်.... (လမ်းဆုံးတာ ကြိုက်ပါတယ်ဘုရား)။

ဒီအသံဟာ တကာသစ် နည်းတဲ့ အသံမဟုတ်ဘူး၊ဦးဘအုန်း-နည်းတဲ့အသံ မဟုတ်ဘူးနော်....(မှန်လှပါ)ဦးခင်မောင် ဒီအသံ ဟာ ဘုရားပွင့်လို့ သစ္စာပေါမှ ထွက်နိုင်တဲ့-ကိုယ့်ဉာဏ်ထဲမှာ ပေါ်လာတဲ့-ဆရာကောင်း သမားကောင်းလမ်းပြလို့ ဖြစ်ပေါ် လာတဲ့ အသံဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

ဒီ အသံဟာ သာသနာပဆိုယင် မထွက်နိုင်ဘူး (မှန်ပါ) သာသနာပမှာ ဘာထွက်နေသတုံးမေးလို့ ရှိယင် ဘဝကူးကောင်း ဘို့ဘဲ ထွက်နေတယ်၊ ရှင်းကြပလား... (ရှင်းပါပြီ) သာသနာပ မှာ ဘယ်အသံတွေ ထွက်နေပါလိမ့်....(ဘဝကူးကောင်းဘို့ အသံ တွေထွက်နေပါတယ်)ဘဝကူးကောင်းဘို့ဆိုတဲ့အသံတွေသာထွက် နေတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အခုဆရာဘုန်းကြီး ထိုင်-ထိုင်ခြင်းဘဲ ဒီ တကာ တကာမ တွေ သစ္စာနဲ့ စ-ပြီးသကာလ ပြောလိုက်တဲ့ အခါကျတော့ ဘဝကူးတာသည် တကာ တကာမတို့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ ကူးပါတယ်(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဘဝကူးဆိုတာ ဘာပါလိမ့်....(ဒုက္ခသစ္စာက ဒုက္ခသစ္စာ ကူး ပါတယ်ဘုရား)ဒုက္ခသစ္စာက သုခသစ္စာဘက်ကို ဆိုလို့ ရှိယင်ဖြင့်

ဒါ-ခရီးလမ်း ဆုံးတယ်ဆိုရမယ်....(မှန်ပါ့) အခု ဘဝကူးတယ် ဆိုတာက ဒုက္ခသစ္စာပြီး ဒုက္ခသစ္စာဘဲ ကိုယ်ပိုင်ရနေတော့ အမြတ်ကို ထွက်သေးရဲ့လား....တကာ တကာမတို့.... (မထွက်ပါဘုရား)အရှုံးထဲကလာပြီး အရှုံးပြန်ရတယ်ဆိုယင်ဘဲ ငြင်းစရာ လိုသေးသလား....(မလိုပါဘူး)။

အဲဒါကြောင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် သံသရာရှည်တယ်ဆိုတာ ဦးခင်မောင်တို့ မောင်ကိုတို့ ကောင်းကောင်း ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ်ဘုရား)။

ကြည့်လေ ဒါဟာ ယခုဘဝ ပစ္စုပ္ပန်ဘဝ တကာ တကာမတို့ နောက်ဆုံးပိတ် စုတိစိတ်ပြီးတော့ကို ဘဝကူးသွားတယ် ဆိုတဲ့ အဓိပ္ပါယ် သဿတဒိဋ္ဌိ ပါတာ မပါတာ အာပထားစမ်းပါဦး ပြောတာနားလည်တဲ့ စကားနဲ့ဘဲ ပြောပါရစေဦး၊ သဿတဒိဋ္ဌိသံတော့ ပါနေပြီ(မှန်ပါ့) ကူးတယ်ဆိုကတည်းက သဿတဒိဋ္ဌိ ပါနေပြီ(မှန်ပါ့)။

ပါတာ မပါတာ အသာကလေးချိတ်ထားပါဦး၊ဒီ ဒိဋ္ဌိခဏ်းတွေ နောက် ရှင်းပေးပါမယ်၊ ဘဝကူးသွားတယ် ဆိုတဲ့ ဥစ္စာသည် စုတိက ပဋိသန္ဓေဘက် ကူးသွားတယ်၊ သဘောပါကြလား....(ပါ-ပါတယ်) စုတိက....(ပဋိသန္ဓေဘက် ကူးသွားပါတယ်)။

ပဋိသန္ဓေဘက်ကူးတော့ ဘာသစ္စာဘက် ကူးသွားပါလိမ့်.... (ဒုက္ခသစ္စာဘက် ကူးသွားပါတယ်) ဒုက္ခသစ္စာဘက် ကူးပြီး သကာလ သွားတော့ကို အမြတ်ထွက်သလား-အရှုံးဘဲ ပြန်ရသလား....(အရှုံးဘဲ ပြန်ရပါတယ်ဘုရား)။

•ဒါဖြင့် ဘဝကူးကောင်းဘို့ဆိုတဲ့ဥစ္စာသည် အတော် အရပ်ဆိုးတဲ့စကား(မှန်ပါ့ အရပ်ဆိုးပါတယ်) ဦးခင်မောင် ဘယ့်နှယ်တုံးသဘောကျကြရဲ့လား-(မှန်ပါကျပါတယ်)ဘဝကူးကောင်းဘို့ဆိုတဲ့ စကားသည်....(အရပ်ဆိုးပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အခုသစ္စာနှစ်ပါးနဲ့ ရှင်းပြလိုက်တော့မှ အားလုံးတကာ တကာမတွေ ကျေကျေနပ်နပ် သဘောကျရဲ့လား....(ကျပါတယ်ဘုရား) ဒီဘက်က ဘာသစ္စာတုံး....

(ဒုက္ခသစ္စာပါဘုရား)ဒီဘက်ကပဋိသန္ဓေက....(ဒုက္ခသစ္စာပါဘဲဘုရား)။

ကဲ-ကူးပြီ တကာ တကာမတို့ ကူးပြီ ကူးပြီ၊ မကူးမည့်ပုဂ္ဂိုလ်လဲ တယောက်မှမပါတော့ ကူးတယ်ဘဲ ထားလိုက်ပါတော့၊ ကူးကြလို့ရှိယင်ဖြင့် ဘာသစ္စာကြီးနဲ့ အတူနေရမလဲ....(ဒုက္ခသစ္စာနဲ့ အတူနေရပါတယ်ဘုရား) တကာသိုက်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဘယ်လိုပုဂ္ဂိုလ်မှ မကူးမလဲလို့ ဒုက္ခသစ္စာနဲ့ နေပြီးသကာလ ဒုက္ခသစ္စာ၏ လွတ်ရာကျွတ်ရာကို ဘယ်ပုဂ္ဂိုလ်မှသာလျှင် ဖြစ်နိုင်ပါ့မလဲလို့ မေးလို့ ရှိယင်ဖြင့် သေက္ခ ပုဂ္ဂိုလ်မှ၊ သေက္ခ ပုဂ္ဂိုလ်က နေပြီး အသေက္ခဆိုတဲ့ "သေက္ခာဓမ္မာ အသေက္ခာဓမ္မာ" ဆိုတဲ့ ဓမ္မသင်္ဂဏီပါဠိတော်မှာ လာတဲ့ အတိုင်း ကျင့်ဆဲပုဂ္ဂိုလ် အကျင့်အဆုံး ရောက်တဲ့ပုဂ္ဂိုလ်မှ တကာ တကာမတို့ ဒုက္ခသစ္စာ လွတ်ပါလိမ့်မယ်၊ သဘောကျပလား.... (မှန်လှပါဘုရား)။

ဒါဖြင့် ကျင့်ဆဲလဲမရှိဘူး၊ ကျင့်တဲ့အဆုံးလဲ မရောက်သေးဘူးဆိုယင်ဖြင့် ဘဝချည်းကူးနေရမှာဘဲ (မှန်ပါ့ဘုရား) ဘဝ

ချည်း ကူးနေရယင် ဘာသစ္စာနဲ့ချည်းဘဲ အတူ နေရမယ် (ဒုက္ခသစ္စာနဲ့ချည်းဘဲအတူနေရမယ်) ဒုက္ခသစ္စာနဲ့ချည်း အတူ နေရမယ်ဆိုတာ ငြင်းဆန်နေဘို့ လိုသေးသလား....(မလိုပါဘူး ဘုရား)

အဲဒါကြောင့် ယနေ့က စ-ပြီးသကာလ တကာ တကာမတို့ ဘဝမကူးချင်ပါနဲ့ ဘဝသိမ်းချင်ပါတယ်ဆိုတာ ပြောင်းလိုက် စမ်းပါ(မှန်ပါ့ဘုရား)ဘယ်လိုပြောင်းရမယ်....(ဘဝသိမ်းချင်ပါ တယ်လို့ ပြောင်းရမယ်) **ဘဝ သိမ်းချင်ပါတယ် ဆိုတာကို ပြောင်းလိုက်စမ်းပါဆိုတာ သတိပေးပါတယ်။**

ဒီ စကားဟာ အားလုံးတရားနာတဲ့ပုဂ္ဂိုလ်တွေ သေးသေး သိမ်သိမ်စကားလို့ မမှတ်နဲ့နော်.... (မှန်ပါ့) သေးသေး သိမ် သိမ်စကားလို့ မောင်ကိုတို့လူစု မမှတ်ကြနဲ့ကွ (မမှတ်ပါဘူး ဘုရား) မမှတ်ပါနဲ့၊ ဘဝသိမ်းချင်တယ်ဘုရား၊ ဘဝသိမ်းချင် တယ်ဆိုလို့ရှိယင်ဖြင့် ဘာဖြစ်လို့ သိမ်းချင်ရတာတုံးဆို....အို.... ဒုက္ခသစ္စာကြီးလာမှာဘုရား မသိမ်းယင် ဘယ့်နှယ်လုပ်မလဲ ဆို တဲ့ဉာဏ်ကလေးကို ဒီနေရာမှာ ထိုးသွင်းပေးလိုက်စမ်းပါ ဆိုတာ သတိပေးလိုက်ပါတယ် (မှန်ပါ့) သဘောပါကြလား....(ပါ-ပါ တယ်ဘုရား)။

ဉာဏ်နားနဲ့ထောင်နော် တကာ တကာမတို့ ဒီတရားက အင်မတန်မှ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ် ဆရာသမားကလဲ နားလည် အောင်ပြောရတယ်၊တကာ တကာမတွေကလဲ ဉာဏ်နားကလေး နဲ့ထောင်၊ ရှေးက မိမိမှတ်ထားတာကလေးတွေကိုလဲ အင်း.... ဘဝကူး ကောင်းဘို့ ဆိုတာကလေးတွေကိုလဲ ဦးခင်မောင်

ပြင်ချိန် ရောက်ပြီလား-မရောက်သေးဘူး လား.... (ရောက်ပါပြီ ဘုရား)ပြင်ချိန် ရောက်ပြီဆိုတာ သေချာကြပလား....(သေချာ ပါပြီ)။

အဲဒါကြောင့် ဒုက္ခသစ္စာ နှစ်ခုဖြင့် လဲလှယ်ပြီးသတ္တာလ မနေပါနဲ့တော့လို့ သတိပေးလိုက်ပါတယ် (မှန်ပါ) ဘယ်လို သတိပေးပါလိမ့်.... (ဒုက္ခ သစ္စာ နှစ်ခုတော့ လဲလှယ်ပြီးတော့ မနေပါနဲ့....တဲ့)။

ဒုက္ခသစ္စာနှစ်ခုဖြင့် လဲလှယ်ပြီး မနေကြပါနဲ့တော့ တကာ တကာမတို့ ဒီဒုက္ခပြီးယင် နောက်ဒုက္ခဖြင့် တော်ပါပေါ့ တန် ပါပေါ့သာ လုပ်ကြပါတော့ (မှန်ပါ) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သံယုတ်ပါဠိတော်မှာ လာတယ်၊ "အပ္ပတိဋ္ဌေ အနာလမ္ဗေ၊ ကောဂမ္ဘီရေ နသီဒတိ" နတ်သားတ ယောက်က ဘုရားလာမေးတယ်၊ အရှင်ဘုရား....သေရေး သေ ရာရောက်တဲ့အခါ တပည့်တော်တို့ ကြုံလိမ့်ဦးမယ်ဘုရား၊ ကဲ.... ဒီထဲမှာ သေရေး သေရာ မရောက်မည့်ပုဂ္ဂိုလ်များ ပါသေး သလား....(မပါ-ပါဘူး)။

အဲဒီ သေရေး သေရာ ရောက်တဲ့အခါကျလို့ရှိယင် ဆွဲကိုင် ရာ မရှိခဲ့လို့ရှိယင် ဆွဲမိ ဆွဲရာ မဆွဲပေဘူးလား....(ဆွဲပါတယ် ဘုရား) ဆွဲမိ ဆွဲရာ ဆွဲလို့ရှိယင်ဖြင့် တကာ တကာမတို့ ကိုယ် ကျိုးနည်းပြီဆိုတာ အောက်မေ့ပါ(မှန်ပါ့ဘုရား)။

သေခါနီးကျမှ သားကလေး တည်းဟူသော အာရုံကို စွဲ လိုက်တယ်၊ သမီးကလေး တည်းဟူသောအာရုံ စွဲလိုက်၊ မြေးက လေးတည်းဟူသော အာရုံစွဲလိုက်၊တိုက်တာ ကား အစရှိသော

အာရုံတွေ စွဲလိုက်တယ်၊ စွဲမိ စွဲရာ စွဲလိုက်လို့ရှိယင်ဖြင့် ဒီဥစ္စာ တွေသည် ပြိတ္တာလမ်း ငရဲလမ်းမှတပါး တကာသစ်တို့ ဘာရှိ သေးသတုံး....(မရှိပါဘူးဘုရား)။

ဦးဘအုန်းတို့ ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘူးဘုရား) မောင်မြရွှေတို့ ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘူး ဘုရား) ဘာမှမရှိဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

အဲ-ဒီ ဥစ္စာ ရှင်းပြ လိုက်ပါဦးမယ် တကာ တကာမတို့၊ ဟောဒါက သေခါနီး မရဏာသန္နဇော ငါးကြိမ်စောပါတယ်၊ သေခါနီး အခါကာလမှာ စွဲမိ စွဲရာ စွဲလိုက်ပါပြီ၊ မရဏာ သန္နဇော မစောခင်က စွဲမိ စွဲရာ စွဲလိုက်ပါပြီ ဆိုလို့ရှိယင်ဖြင့် စွဲတာသည် ဥပါဒါန်ဆိုတာ သဘောကျပလား-(ကျပါတယ်)။

"ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝ ပစ္စယာ.... (ဇာတိ)"တကာ တကာမတို့ ဒုက္ခသစ္စာပြန်ရတယ်(မှန်ပါ့) မရ ဘူးလား....(ရပါတယ်)"ကမ္မဘဝပစ္စယာ ဇာတိ"ကိုး၊ ဇာတိ ဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

ဇာတိက ဒုက္ခသစ္စာလို့ သိပြီးသကာလ ပြော်....စွဲတာက ဥပါဒါန်၊ တခုခုကို ဦးခင်မောင်တို့ စွဲထားလို့ရှိယင် စွဲတာက ဘာခေါ်မယ်....(ဥပါဒါန်ခေါ်ပါတယ်)။

"ဥပါဒါနပစ္စယာ(ဘဝေါ)ကမ္မဘဝေါ"၊ဒါသစ္စာ မဟုတ် ဘူးလား....(ဟုတ်ပါတယ်ဘုရား)"ကမ္မဘဝပစ္စယာ....(ဇာတိ)" ပါ၊ဇာတိဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)ဟော-ခင်ဗျားတို့ သေခါနီး စွဲမိ စွဲရာ စွဲလိုက်တာ ဒုက္ခသစ္စာ ပြန်ရပါတယ်၊ သဘောပါကြလား....(ပါ-ပါတယ်)

သောခါနီး စွဲမိ စွဲရာ စွဲလိုက်တာ ဘာသစ္စာပြန်ရကြသတုံး- (ဒုက္ခသစ္စာ ပြန်ရပါတယ်ဘုရား) ဒုက္ခသစ္စာ ပြန်ရတယ်ဆိုတော့ ဩော်....ဒို့ သေလဲ သေရဦးမှာ မစွဲကောင်းတာတွေ စွဲလိုက်ခြင်းကြောင့် ဘာသစ္စာတွေ ရနေသတုံး....(ဒုက္ခသစ္စာတွေရနေပါတယ် ဘုရား)။

ဒီ ဒုက္ခသစ္စာက တကာ တကာမတို့ ဇာတိဆိုတာ ရှင်းနေသနော်....၊ အပါယ်ဆိုတာ မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)အပါယ် ပဋိသန္ဓေဆိုတော့ အင်မတန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲ-ဒါတွေ စဉ်းစားပြီးသကာလ ကြည့်တော့မှ ဩော်....ဒို့ သေခါနီးမျာ ဘာရမ်းဗတာ စွဲမိ စွဲရာ စွဲလိုက်လို့ ရှိယင်ဖြင့် ကိုယ်ကျိုးဖြင့် လှလှကြီး နည်းပေါ့ဆိုလို့ ရှိယင်ဖြင့် မဆိုထိုက်ကြဘူးလား တကာ တကာမတို့....(ဆိုထိုက်ပါတယ် ဘုရား)။

ဒါဖြင့် သေခါနီးမှာ ဆွဲရာ ကိုင်ရာ မရှိလို့ ရှိယင်ဖြင့် စွဲမိ စွဲရာ စွဲကြတော့မယ်၊ သဘောကျပလား....(ကျပါတယ်) ဆွဲရာ ကိုင်ရာမရှိလို့ ရှိယင် (စွဲမိ စွဲရာ စွဲရပါမယ်) စွဲမိ စွဲရာ စွဲလိမ့်မယ် ဆိုတာ သေချာပလား....(သေချာပါထယ်)

အဲဒါကြောင့် သေခါနီးမှာ အင်မတန်မှအရေးကြီးတဲ့ ကိစ္စတခုဖြစ်တဲ့အတွက် တကာ တကာမတို့ ဒီခန္ဓာကိုယ် မလိုချင်တဲ့ ဉာဏ်နဲ့ ခင်ဗျားတို့ ဖြစ်ပျက်အနိစ္စ ဒုက္ခသစ္စာကြီးကို စွဲပြီး သကာလ မလိုချင်တဲ့ဉာဏ်နဲ့ သေလို့ရှိယင် သေခါနီးမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်နိုင်သေးတယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတယ်၊ သဘောကျပလား....(ကျပါတယ် ဘုရား)။

အဲဒီတော့ သေခါနီးမှာ စွဲရမှာမဟုတ်ဘူး၊ မလိုချင်တဲ့ဉာဏ် လာရမှာ၊ (မှန်လှပါဘုရား) ဒီပွဲငှုံကလေး ဒီအချက်ကလေးကို သေသေချာချာ မှတ်စမ်းပါ၊သေခါနီးမှာ စွဲမိ စွဲရာ စွဲရမှာလား၊ မလိုချင်တဲ့ဉာဏ် လာရမှာလား....(မလိုချင်တဲ့ဉာဏ် လာရမှာပါ)

အဲ....ဒီ တ လုံး ဟာ ဦး ခင် မောင် သေ ပျော် တဲ့ တ လုံး လို့ အားလုံး တရားနာတဲ့ပုဂ္ဂိုလ်တွေ မှတ်ကြစမ်းပါ၊ (မှန်ပါ့) စွဲမိ စွဲရာ စွဲရမှာလား၊ မလိုချင်တဲ့ ဉာဏ်နဲ့ သေရမှာလား.... (မလို ချင် တဲ့ ဉာဏ် နဲ့ သေ ရ မှာပါ) အသေ သင်လိုက်တာ၊ တကာ တကာမတို့ ဘာသင်တာပါလိမ့်.... (အသေ သင်တာပါ ဘုရား) အသေ သင်တာဆိုတော့ မောင်ကို အရေးမကြီးဘူးလား....(ကြီး ပါတယ် ဘုရား) အင်မတန် အရေးကြီးပါတယ်၊ နို့မို့ယင် စွဲမိ စွဲရာ စွဲပါလိမ့်မယ်... နော်၊ (မှန်ပါ့)။

သားကလေးစွဲ အိုစာ မင်းစာ အထုပ်ကလေးစွဲ တိုက်ကလေး စွဲသွား သားကလေးစွဲသွား ဆိုလို့ရှိယင် ဥပါဒါန် "ဥပါဒါန ပစ္စယာ- ကမ္မ ဘ ဝေါ၊ ကမ္မဘဝပစ္စယာ" (ဇာတိပါ ဘုရား) ဇာတိဆိုတော့ ဘာသစ္စာ ပြန်ရသတုံး (ဒုက္ခသစ္စာပြန်ရပါတယ်) ဦး ခင် မောင် ဒါတွေ နားလည်ရတာ သေပျော်တယ်နော်....၊ (မှန်ပါ့)။

ဒါဖြင့် သေခါနီး စွဲမိ စွဲရာ စွဲသေရမှာလား၊ မလိုချင်တဲ့ ဉာဏ်နဲ့ သေ မှ ကောင်းမှာလား.... (မလိုချင်တဲ့ဉာဏ်နဲ့ သေမှ ကောင်းမှာပါ ဘုရား)။

ဒါဖြင့် မလိုချင်တဲ့ဉာဏ်နဲ့ သေမှကောင်းမယ်ဆိုတဲ့ တလုံးကို သေသေချာချာ မှတ်စမ်းပါ၊ (မှန်လှပါဘုရား) ဘာနဲ့ သေရ မယ်.... (မလိုချင်တဲ့ဉာဏ်နဲ့ သေရပါမယ်) မလိုချင်တဲ့ ဉာဏ်နဲ့

သွေးရမယ်ဆိုတဲ့ဥစ္စာက ဘယ်သူ့ကို မလိုချင်ရမှာတုံးမေးတော့ ခန္ဓာကြီးကို မလိုချင်ရမှာ၊ သဘောကျရဲ့လား....(ကျပါတယ်) ဘာ မလို ချင် ရမှာတုံး.... (ခန္ဓာကြီး မလိုချင်ရမှာပါဘုရား) **ခန္ဓာ မလိုချင်တဲ့ဉာဏ်နဲ့ သေရမယ်၊** ရှင်းကြပလား-(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် စွဲလမ်းသေရမှာလား၊ (မလိုချင်တဲ့ဉာဏ်နဲ့ သေရမှာပါဘုရား) ဒီ တလုံးကိုဖြင့် ဘုန်းကြီးကိုလဲ ကြည်ညိုလေးစားကြတယ်၊ ခင်ဗျားတို့ကိုယ်ကိုလဲ ခင်ဗျားတို့ သနားကြတယ်ဆိုလို့ရှိယင် ဒီ တလုံးကို မမေ့ပါနဲ့၊ (မှန်လှပါဘုရား) **မလိုချင်တဲ့ ဉာဏ်နဲ့ သေရမယ်**....နော်၊ (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ) ဘယ်ဉာဏ်နဲ့ သေရမယ်.... (**မလိုချင်တဲ့ဉာဏ်နဲ့ သေရပါမယ်ဘုရား**)။

ကိုင်း-ဒါပြောတော့ အင်မတန် လွယ်ပါတယ်....နော်၊ ဆရာဘုန်းကြီး ဆုံးမလိုက်တော့ အရှင်ဘုရား (မှန်ပါ) စွဲသေတာတော့ ဥပါဒါန် ကံ ဇာတိ မလာဘူးလား.... (လာပါတယ်ဘုရား) မစွဲဘဲနဲ့ သေတဲ့အခါကျလို့ရှိယင်ဖြင့် စုတိပြီးသကာလတကာ တကာမတို့ ပဋိသန္ဓေတောင် မလာဘူး၊ လာသေးရဲ့လား....(မလာပါဘူး)။

ပဋိသန္ဓေ မလာတော့ ပဋိသန္ဓေ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ မလာတာဆိုတာ အဇာတိ ဆိုတာပါဘဲ၊ (မှန်ပါ) အဇာတိ=ပဋိသန္ဓေ နေရန်မရှိသောဆိုတာ နိဗ္ဗာန်ကို ဆိုတာ၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီနေ့ တရားစလျှင်စခြင်း သိကြားမင်းဝတ္ထုကို မစခင် အင်မတန် အရေးကြီးတဲ့စကားကို

ဦးခင်မောင် သုံးနေတယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါတယ်) မောင်ကိုရေ ရိပ်မိပလား .... (ရိပ်မိပါတယ် ဘုရား) အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ဒီကိစ္စဟာ တကာ တကာမတို့ မြေကြီး လက်ဝါးနဲ့ပုတ်ယင် လွဲ- လွဲမသာ၊ ဒီ သေကိစ္စ ဆိုတာ သည် တကာ တကာမတို့ လွတ်ရေး ကျွတ်ရေးကို ရှိသေးရဲ့လား.... (မရှိပါဘူး ဘုရား) လူတိုင်းဘဲ တွေ့ဆုံရမယ်ဆိုတာကော သဘောကျပလား.... (ကျပါတယ်)။

ဒါဖြင့် စွဲသေရမှာလား၊ မလိုချင်တဲ့ဉာဏ်နဲ့ သေရမှာလား (မလိုချင်တဲ့ဉာဏ်နဲ့ သေရမှာပါ ဘုရား) မလိုချင်တဲ့ဉာဏ်နဲ့ သေရမယ်၊ ဘယ်သူ့ကို မလိုချင်ရမှာတုံး .... (ခန္ဓာကို မလိုချင်ရမှာပါ) ခန္ဓာကိုမလိုချင်တဲ့ဉာဏ်နဲ့ သေရမယ်....(မှန်ပါ)။

ဪ....ဒို့ဆရာဘုန်းကြီး ဘာတွေများ သင်နေပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ ယနေ့ ရှင်းပလား.... (ရှင်းပါပြီ ဘုရား) **သေနည်း သင်နေတယ်**၊ (မှန်ပါ ဘုရား) တကာ တကာမတို့ ဘာသင်ပါလိမ့်.... (သေနည်း သင်ပါတယ် ဘုရား) သေနည်း သင်တယ် ဆိုတော့ နိမိတ်မရှိဘူးလို့ အောက်မေ့မနေနဲ့ ခင်ဗျားတို့ ခန္ဓာကိုယ်က သေတဲ့ဆီကို သွားနေတယ်၊ နိမိတ်ကိုမရှိဘူး၊ (မှန်ပါ ဘုရား) ဦးခင်မောင် ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

နိမိတ် မရှိဘူး လို့ ဘုန်းကြီးကို မဆိုနဲ့နော်၊ ခင်ဗျားတို့ ခန္ဓာက ဘယ်သွားနေသတုံး.... (သေတဲ့ဆီကို သွားနေပါတယ် ဘုရား) ဟော....ဒါဖြင့် ခင်ဗျားတို့ဥစ္စာ ရိုးရာစကားပြောနေတာ နိမိတ်မရှိဘူး မလုပ်ပါနဲ့၊ (မှန်လှပါဘုရား )ရှင်းပလား....(ရှင်း

ပါပြီ) ဘာစကား ပြောနေတာလဲ.... (ရိုးရာစကား ပြောနေတာပါဘုရား) ခန္ဓာဖြစ်စဉ်အတိုင်း စကား ပြောနေတာ ပါဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) အေး.... ခန္ဓာဖြစ်စဉ်အတိုင်း ပြောနေတယ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ)။

ကိုင်း-ဒါဖြင့် မလိုချင်တဲ့ဥာဏ်နဲ့ သေရမယ်....နော်(မှန်ပါ) ဘယ်ဥာဏ်နဲ့ သေကြရမယ်....(မလိုချင်တဲ့ဥာဏ်နဲ့ သေကြရပါမယ်ဘုရား) ဦးခင်မောင်ရေ မောင်ကိုတို့ရေ ဒီတလုံးဟာ အင်မတန် ကြီးကျယ်တဲ့စကားတလုံး၊ ဘုရားဟောတော်မူတဲ့ စကားတလုံးဆိုတာ သေသေချာချာ မှတ်စမ်းပါ....နော် (မှန်ပါ) ဒီခန္ဓာ စွန့်ပြီး ဟိုခန္ဓာမရတာ အကောင်းဆုံးဟေ့ သာရိပုတ္တာရ-ဆိုပြီးသကာလ ပဏ္ဍာသမျှား ဟောထားလိုက်တာ သေချာလိုက်တာနော်(မှန်လှပါဘုရား)။

ဘယ်သေနည်း အကောင်းဆုံးလဲလို့ဆိုတော့ ဒီခန္ဓာ စွန့်ပြီးနောက်ခန္ဓာ မရတာဟာ အကောင်းဆုံးသောသေနည်းဟု ဘုရားကဟောထားတယ် (မှန်လှပါဘုရား) ဒါ မလိုချင်တဲ့ပုဂ္ဂိုလ်မှာရသေးရဲ့လား....(မရပါဘူး)။

**အဲ....ဒါဖြင့် မလိုချင်တဲ့ပုဂ္ဂိုလ်မှာ ခန္ဓာဒုက္ခသစ္စာ မရဘဲနဲ့ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး ရတယ်ဆိုတာ သေသေချာချာ မှတ်ပါ၊** (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့်....အရှင်ဘုရားပြောတော့သိပ်လွယ်ပါတယ်ဘုရား၊ သေခါနီးမှ ခန္ဓာကြီး မလိုချင်တဲ့ဥာဏ်နဲ့ သေရမယ်ဆိုတော့ တပည့်တော်တို့က ဘယ်လိုလုပ်ထားနိုင်မှ မလိုချင်တဲ့

ဉာဏ်နဲ့ သေနိုင်သတုံးဆိုတဲ့ မေးခွန်း ထွက်မလာဘူးလား.... (ထွက်လာပါတယ်ဘုရား)။

ဘယ်လိုလုပ်ထားမှ မလိုချင်တဲ့ ဉာဏ်နဲ့ တပည့်တော်တို့ သေနိုင်ပါသတုံးလို့ ဆိုတဲ့ဥစ္စာအားလုံးတရားတပွဲလုံးကမေးရမည့် စကားပါဘဲ(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ) တပွဲလုံးက မေးရမည့်စကားနော်....။

ခုသေနည်းကတော့ မလိုချင်တဲ့ဉာဏ်နဲ့ သေရမယ်ဆိုတာ မှတ်မိကြပလား....(မှတ်မိပါပြီ)။

ဘယ်လိုသေကြရမယ်.... (မလိုချင်တဲ့ ဉာဏ်နဲ့ သေကြရပါမယ်)။

ဘယ်သူ့ကို မလိုချင်ရမှာတုံး.... (ခန္ဓာကြီးကို မလိုချင်ရမှာပါ)။

ခန္ဓာကို မလိုချင်တဲ့ဉာဏ်နဲ့ သေရမှာ(မှန်ပါ) ကောင်းပြီ သေခါနီးမှ ဒီခန္ဓာကြီးမလိုချင်အောင် ဘယ့်နှယ်လုပ်ရမှာတုံးဆိုတဲ့ မေးလုံးဟာ ထွက်မလာဘူးလား.... (ထွက်လာပါတယ်)။

အဲဒီတော့ ခုလို ရှင်စဉ်အခါ ဆရာကောင်း သမားကောင်း လမ်းညွှန်တုံး တကာ တကာမတွေက ခန္ဓာကိုယ်ဉာဏ်လှည့်ပြီး သကာလ အနိစ္စသော်ငြင်း ဒုက္ခသော်ငြင်း အနတ္တာသော်ငြင်း ဒုက္ခသစ္စာသော်ငြင်း အသုဘသော်ငြင်း ခုလိုအခါက မြင်နေလို့ အမြင်ရှင်းနေလို့ ရှိယင်ဖြင့် သေခါနီး နောက်ခန္ဓာ လိုချင်ပါဦး မလား....(မလိုချင်ပါဘူးဘုရား)။

**ဒါဖြင့် မသေခင် အလုပ်-လုပ်ထားရမယ်(မှန်ပါဘုရား)။**

တကာ တကာမတို့ ဘာနည်းပေးပါလိမ့်....(မသေခင် အလုပ်·လုပ်ထားရပါမယ်) မသေခင် အလုပ်·လုပ်ထားရမယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါတယ်)။

ဒါဖြင့် အလုပ်လက်မဲ့ သေသွားတဲ့ပုဂ္ဂိုလ်များမှာဖြင့် ဘဝကူးဦးမှာဘဲ (ကူးမှာပါဘဲ ဘုရား) သဘောကျကြပလား....(သဘောကျပါတယ်ဘုရား)။

အလုပ်မရှိတဲ့ပုဂ္ဂိုလ်ဖြင့် ဘယ့်နှယ်ဆိုကြပါမယ် (ဘဝကူးမှာဘဲ)ဘဝကူးယင် ဘာသစ္စာချင်း ဆက်မယ်ထင်ကြသလဲ....(ဒုက္ခသစ္စာချင်းဆက်မှာပါဘုရား)ဒုက္ခသစ္စာချင်း ဆက်လိမ့်မယ်ဆိုတဲ့ ဥစ္စာဖြင့် ဘာမှ ငြင်းဆန်နေစရာ လိုသေးရဲ့လား.... (မလိုပါဘူးဘုရား)

အေး.... ဒါကြောင့် သေခါနီးယင် ဘယ်လို သေကြမလဲလို့ မေးလိုက်တော့ ဘယ့်နှယ်ဖြေကြမလဲ ..(ခန္ဓာမလိုချင်တဲ့ဉာဏ်နဲ့ သေရပါမယ်)။

ခန္ဓာမလိုချင်တဲ့ဉာဏ်နဲ့သေရပါမယ်၊ (မှန်ပါ့) အဲဒီအချိန်ကျမှ မလိုချင်တဲ့ဉာဏ်ကလဲ ဖြတ်ကနဲ ပေါ်လာမှာလား၊ စောစောစီးစီးက မလိုချင်အောင် လုပ်ထားရမှာလား.... (စောစောစီးစီးက မလိုချင်အောင် လုပ်ထားရပါမယ် ဘုရား)။

ဒီတလုံးဘဲ တကာတကာမတို့ ဘုန်းကြီးဖြင့် အင်မတန်ကျေနပ်ပါတယ်၊ ဒီ တကာတကာမတွေ ဖြေလဲ ဖြေတတ်ပြီ၊ ဩော်.... ဟုတ်ပါလား ဆိုတာလဲ ရှေ့က သစ္စာနှစ်ခုကို အနန္တရပစ္စည်း ဆက်ပြလိုက်တဲ့အတွက် ဒီ ဘက်က တကာတွေ ကျေနပ်ကြရဲ့လား....(ကျေနပ်ပါတယ် ဘုရား)။

ရှေးစုတိက အနန္တရပစ္စည်းဆိုလို့ ရှိယင် ပဋ္ဌာနန္တော အနန္တရ ပစ္စည်း ၏ ပစ္စယုပ္ပန် ဆိုက တည်း ကိုက ခြားသေးရဲ့လားဗျာ၊ (မခြားပါဘူး ဘုရား)။

အနန္တရပစ္စယော၊အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်းဆိုတော့ ပေါ်မလာဘူးလား....(ပေါ်လာပါတယ် ဘုရား) ပေါ်လာတော့ ဒုက္ခနဲ့ ဒုက္ခမခြားတော့ဘူးပေါ့ဗျာ၊ (မှန်ပါ)။

အဲဒါမလိုချင်တဲ့ဉာဏ်နဲ့ သေတဲ့ပုဂ္ဂိုလ်ကျတော့ကို....တဲ့၊စုတိ ဟာ အနန္တရပစ္စည်းကို မဖြစ်တော့ပါဘူး၊ သဘောကျပလား.... (ကျပါပြီ) အနန္တရပစ္စည်းကို....(မဖြစ်တော့ပါဘူး) မဖြစ်တော့ ပါဘူး၊ ဘဝကူးတဲ့ပုဂ္ဂိုလ်ဟာ အနန္တရပစ္စည်း ဖြစ်နေသေးတယ် ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ မသေခင်အရေးကြီးတယ် ဆိုတာ ပေါ်လာပြီ၊ (မှန်ပါ) ဘာပေါ်လာသတုံး (မသေခင် အရေးကြီးပါတယ် ဘုရား) မ သေ ခင် အရေးကြီးတယ် ဆို တာ မသေခင်က ခန္ဓာကိုမြင်ရမယ်၊ ဖြစ်ပျက် အနိစ္စကိုသော်ငြား မြင် ရမယ်၊ ဖြစ်ပျက် ဒုက္ခကိုသော်ငြား တခုခု မြင်ရမယ်၊ ဖြစ် ပျက် အ နတ္တ ကို သော် ငြား ဦးခင်မောင် မြင်ရမယ်၊ (မြင်ရပါမယ်) ဖြစ်ပျက် ဒုက္ခသစ္စာကိုသော်ငြား....(မြင်ရပါမယ်)သို့မဟုတ် အသု ဘကြီးသော်ငြား....(မြင်ရပါမယ်)။

ထိုကဲ့သို့ အခုပြောခဲ့တဲ့ငါးမျိုးရှိခဲ့တဲ့အနက်ကတမျိုးမျိုး မြင် လို့ ရှိယင် ဦးခင်မောင်တို့ မောင်ကိုတို့ နောက်ခန္ဓာ လိုချင်ပါဦး မလား....(မလိုချင်ပါဘူး ဘုရား) မလိုချင်ယင် ရပါဦးမလား.... (မရပါဘူး ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံး ဆိုတော့ နဂိုက ဘာဝေတဗ္ဗကိစ္စနဲ့ မဂ်ကိစ္စ လုပ်ထားလို့ -လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ)နဂိုက ဘာဝေတဗ္ဗဆိုတဲ့ မဂ်ကိစ္စလုပ်မထားလို့ရှိယင်ဖြင့် တကာ တကာမတို့ ဒုက္ခတခုပြီး ဒုက္ခတခု ဆက်ရလိမ့်မနော်၊ (မှန်လှပါဘုရား) သဘောပါကြလား....(ပါ-ပါတယ်)။

ဒါဖြင့် တကာ တကာမတို့ သေခါနီး အရေးကြီးသလား၊ မသေခင်က ပိုမိုအရေးကြီးသလား....(မသေခင်က ပိုမိုအရေးကြီးပါတယ် ဘုရား) မသေခင်က ပိုမိုအရေးကြီးနေတယ်ဆိုတာဖြင့် ထိပ်သံမှိုစွဲသလို မြဲအောင်မှတ်ကြစမ်းပါဆိုတာကို အများကြီး တိုက်တွန်းပါတယ်၊ (မှန်လှပါဘုရား) မတိုက်တွန်းသင့်ဘူးလား (တိုက်တွန်းသင့်ပါတယ် ဘုရား)။

ကိုင်း-ဒါဖြင့် မတွေ့ရမည့်လမ်းလား၊ တွေ့ရမည့်လမ်းလား မေးပြန်တော့ကော....(တွေ့ရမည့်လမ်းပါဘုရား) ရှောင်သာတဲ့လမ်းလား၊ မရှောင်သာတဲ့လမ်းလား....(မရှောင်သာတဲ့လမ်းပါဘုရား) ဒါဖြင့် အလုပ်-လုပ်ထားနှင့်ဘို့အရေးဟာ အခုအချိန် မကြီးသေးဘူးလား၊ ကြီးပြီလား....(ကြီးပါပြီ ဘုရား)။

ဒါဖြင့် ယနေ့က စပြီးသကာလ တကာတကာမတို့ အလုပ်တရားကို ပြောပါလိမ့်မယ်၊အလုပ်တရားလဲ ဘုန်းကြီး ဟောပါလိမ့်မယ်၊ တကာ တကာမတွေကလဲ ဪ....ခုချိန်က အရေးကြီးနေတာပါကလားဆိုတာကိုယ့်စိတ်ထဲမှာသန်သန်ထွားထွားမွေးပါဆိုတာ တိုက်တွန်းပြန်တယ်၊ (မှန်လှပါဘုရား) မတိုက်တွန်းသင့်ဘူးလား....(တိုက်တွန်းသင့်ပါတယ်)။

အေး....ဒါကြောင့် ဒို့ဟာဖြင့် သစ္စာနဲ့ဝေဘန်ပြီးသကာလ ရှေ့ဆက်နောက်ဆက် မကောင်းပုံသိရတော့မှ ဪ....ဘဝဆို

တာဟာ အင်မတန်ကြောက်စရာကောင်းတဲ့ အလုပ်ပါကလား ဆိုတာ ဦးခင်မောင်တို့ မပေါ်သေးဘူးလား.... (ပေါ်ပါပြီ ဘုရား) တကာသစ် ပေါ်ပလား၊ ကဲ....(ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတို့ အလုပ်-လုပ်ထားမှဘဲ အေးတော့မယ်....နော်၊ (မှန်ပါ့ဘုရား) အလုပ်- လုပ်ထားမှဘဲ အေးတော့မယ်ဆိုတာ သေခါနီးမှ ဟာ-မလိုချင်ပါဘူးဆိုလို့ မရဘူး၊ (မရပါဘူး ဘုရား) မရဘူးတဲ့၊ သူ အာဝဇ္ဇန်းမှမရှိဘဲ တကာတကာမတို့ အခက်ကြီး ခက်မှာပေါ့၊ ဒါဖြင့် ဘယ်အချိန်ကစပြီး အလုပ်-လုပ်ရမယ်....(အခုအချိန်ကစပြီး အလုပ်-လုပ်ရပါမယ်)။

ယခု အချိန်ကစပြီးသကာလ ခန္ဓာဉာဏ်လှည့်ပြီး အလုပ်-လုပ်ရပါလိမ့်မယ်.... (မှန်ပါ့ဘုရား) ယခုအချိန်ကစပြီး သကာလ.... (ခန္ဓာ ဉာဏ်လှည့်ပြီး အလုပ်- လုပ်ရပါမယ် ဘုရား) ခန္ဓာပေါ် ဉာဏ်လှည့်လိုက်တဲ့အခါကျလို့ ရှိယင် တကာ တကာမတို့ မလှည့်တတ်သေးခင်တော့ဖြင့် မတွေ့သေးဘူးပေါ့ဗျာ၊ (မှန်ပါ့)။

လှည့်တတ်တဲ့ တနေ့ကျလာပြီဆိုမှဖြင့် အို....ဖြတ်ဖြတ် ဖြတ်ဖြတ်နဲ့ အနိစ္စတွေကလဲ တွေ့လိုက်တာ၊ ဖြတ်ဖြတ် ဖြတ်ဖြတ်နဲ့ ဒုက္ခတွေကလဲ တွေ့လိုက်တာ၊ ဖြတ်ဖြတ် ဖြတ်ဖြတ်နဲ့ အစိုးမရတဲ့ အနတ္တတွေကလဲ တွေ့လိုက်တာ၊ ရုပ်တွေက ဖေါက်ပြန်- နာမ်တွေက ပျက်စီးနဲ့၊ တွေ့လိုက်တဲ့ဖြစ်ခြင်း၊ ရုပ်တွေကလဲ ခဏခဏ သေပြနေတယ် အသုဘ၊ နာမ်တွေကလဲ ခဏခဏသေပြနေတဲ့ အသုဘတွေကော မရှိပေဘူးလား....(ရှိပါတယ်ဘုရား) ပြီးတော့ ခဏခဏ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာကြီးကော ခန္ဓာက မပြောပေဘူးလား....(ပြောပါတယ် ဘုရား)။

အဲဒါကို တကာ တကာမတွေ ယခုအချိန်က-စပြီး ခန္ဓာ ဉာဏ်နဲ့ ကြည့်ကြရလိမ့်မယ်၊ သဘောကျကြပလား.... (ကျပါ တယ်ဘုရား) ယခုအချိန်က စ-ပြီး.... (ခန္ဓာဉာဏ်နဲ့ ကြည့်ရပါ မယ်ဘုရား)။

ခန္ဓာဉာဏ်လှည့်ရပါလိမ့်မယ်၊ ခန္ဓာဉာဏ်လှည့်လိုက်တဲ့ အခါ ကျတော့ ခန္ဓာမှာ ဘာရှိသတုံးလို့ ဒီ တကာ တကာမတွေက မေးလို့ရှိယင် ခန္ဓာမှန်က တကာ တကာမတို့ ဖြစ်ပြီးပျက်တဲ့ အနိစ္စရှိတယ်၊ အမြဲမပြတ် ဆင်းရဲတဲ့ဒုက္ခရှိတယ်၊ သဘောကျ ပလား....(မှန်ပါ့)။

မည်သူမှ မပိုင်တဲ့ အနတ္တကော.... (ရှိပါတယ်ဘုရား) အင်-အမြဲမပြတ်နှိပ်စက်နေတဲ့ ဒုက္ခသစ္စာကော.... (ရှိပါတယ်ဘုရား) အမြဲမပြတ် ခဏခဏသေနေတဲ့ ဖြစ်လိုက် ပျက်လိုက်–ဖြစ်လိုက် ပျက်လိုက်သေနေတဲ့ အသုဘတွေကော.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာထဲမှာ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဒုက္ခသစ္စာ ဆိုတဲ့ ငါးမျိုးမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘူး ဘုရား)ဘာမှ မရှိတာကို တကာ တကာမတွေက ခုနကဝိပဿနာ ဉာဏ်နဲ့ကြည့်ပါ၊ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျ တော့ ဒီငါးမျိုးမှတပါး ဘာများတွေ့ဦးမယ်ထင်ကြသတုံး.... (ဘာမှ မတွေ့ပါဘူးဘုရား) ဘာမှ မတွေ့ဘူးဆိုတာ သေချာ ပလား....(သေချာပါတယ်ဘုရား)။

အဲဒီလို အခုလိုအခါက တွေ့ထားတဲ့ပုဂ္ဂိုလ်ကျတော့ ဖြောင့်-နောက် ရမှာကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသုဘဘဲရမယ်ဆိုလို့ အခုရထားတာကလဲ ဒါဘဲရထားတယ်၊နောက် ရမှာကလဲဒါဘဲ

ဆိုတော့ အခုရထားတာကိုမှ မလိုချင်တဲ့ဥာဏ် ရောက်အောင် တကာ တကာမတွေ ကြိုးစားထားမယ်ဆိုလို့ ရှိယင် နောက်ခန္ဓာ လိုချင်ပါဦးမလား....(မလိုချင်ပါဘူးဘုရား)။

ဒါဖြင့် ယခု မဂ်ဆက်အောင် လုပ်မှ နေရာကျတော့မယ်၊ (မှန်ပါ့) ယခုနောက်ဘဝမလိုချင်တဲ့ဉာဏ်သည်မဂ်ဉာဏ်ဘဲ (မှန်ပါ) ဝိရာဂေါတိ မဂ္ဂေါ၊ဝိရာဂေါ=မလိုချင်ခြင်းသည်၊မဂ္ဂေါ=မဂ်ဘဲ။

ဒါဖြင့် ယခုခန္ဓာကြီးကို မလိုချင်အောင် ခုလို ကျန်းမာချမ်းသာစဉ်က ကြည့်ထားမှသာလျှင် ဇာတိဆိုတဲ့ ဒုက္ခသစ္စာ မလာမယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အရေးတကြီး ပြောနေတယ်ဆိုတာ ရှင်းကြရဲ့လား.... (ရှင်းပါတယ်) ဒီအရေးထက် ကြီးတာများရှိသေးသလား.... (မရှိပါဘူး) မရှိတော့ဘူး၊ဒီ အရေးထက် ကြီးတာမရှိတော့ဘူး၊ကိုယ်တိုင် တွေ့ရမည့်အရေး။

နို့မို့လို့ရှိယင် သေခါနီး တောင်စဲ့ မြောက်စဲ့ စဲ့ပြီးသကာလ "ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ"ဆိုယင် ဦးခင်မောင်-ကိုယ်ကျိုးနည်းပြီဗျ၊ (ကိုယ်ကျိုး နည်းပါပြီဘုရား) မနည်းသေးဘူးလား.... (နည်းပါတယ်)။

အဲဒါကြောင့် သေခါနီးမှာ မလိုချင်တဲ့ဉာဏ်နဲ့ သေပါလို့ ဆရာဘုန်းကြီးက ပြောငြားသော်လဲ ရှင်စဉ်ကမလိုချင်တဲ့ဉာဏ် ဟာ ခန္ဓာထဲမှာဉာဏ်ရောက်နေမှနေရာကျမယ်(မှန်လှပါဘုရား) ရှင်စဉ်က....(ခန္ဓာထဲ ဉာဏ်ရောက်နေမှနေရာကျပါမယ်)မလိုချင်တဲ့ဉာဏ် ရောက်နေရမယ်(မှန်ပါ့)။

•ဒါဖြင့် မလိုချင်တဲ့ဉာဏ် ရောက်အောင် ဆရာဘုန်းကြီးက ခင်ဗျားတို့ကို ဆွဲဆောင်တဲ့သဘောမရှိလို့ ရှိယင် ခင်ဗျားတို့ဟာ လိုချင်တဲ့ တဏှာနဲ့ သေသွားလိမ့်မယ်(မှန်ပါ)။

ဒီဘဝ မကောင်းလို့ ရှိယင် ဟိုဘဝ ချမ်းသာကောင်းပါရဲ့ ဆိုတဲ့ လိုချင်တဲ့တဏှာ မလာပေဘူးလား....(လာပါတယ်ဘုရား) လာလို့ ရှိယင် ဘာသစ္စာ ရမယ် (ဒုက္ခသစ္စာ ရပါမယ်) ကိုယ်ကျိုး မနည်းသေးဘူးလား....(နည်းပါတယ် ဘုရား)။

ဒီဘဝ ဘာနဲ့ နေပါလိမ့် .... (ဒုက္ခသစ္စာနဲ့ နေတာပါဘုရား) နောက်ဘဝ၌ ဘာများအမြတ်ထွက်သတုံး (ဒုက္ခသစ္စာဘဲထွက် ပါတယ်) ဒုက္ခနဲ့ ရင်းပြီးသကာလ ဒုက္ခရပါတယ်ဆိုလို့ ရှိယင်ဖြင့် ဒီ့ထက် ကိုယ်ကျိုးနည်းတာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒါကြောင့် တကာ တကာမတွေ ယခုအချိန်ကစပြီး သကာလ ဤခန္ဓာကြီးကိုဖြင့် အခုပြောခဲ့တဲ့ ငါးချက်တွင် တ ချက်ချက် မြင်အောင်ကြည့်မှသာလျှင် မလိုချင်တဲ့ဉာဏ် သေခါနီး လာပါလိမ့်မယ်.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) မလိုချင်တဲ့ ဉာဏ် ဘယ်အချိန်မှ လာမယ်.... (သေခါနီး လာ ပါမယ်)။

ယခုလို ရှင်စဉ်အခါက မလိုချင်တဲ့ဉာဏ်ရထားမှ ဟိုအခါမှာ မလိုချင်တဲ့ဉာဏ်နဲ့ သေဖြစ်မယ်၊ (မှန်ပါ) နို့မို့ယင် သေဖြစ် ကြပါ့မလား....(မသေဖြစ်ပါဘူး ဘုရား) အေး....ဒါတွေ သိပြီး သကာလနေတော့မှ ဒို့သည်ကားလို့ ဆိုလို့ရှိယင် ဒါက မလို ချင်တဲ့ဉာဏ်ဆိုတာ ဘဝမကူးတဲ့ဉာဏ်၊ ရှင်းကြပလား.... (ရှင်း ပါပြီ)။

မလိုချင်တဲ့ဉာဏ်ဆိုတာ ဘာပါလိမ့်.... (ဘဝမကူးတဲ့ဉာဏ်ပါ ဘုရား) ဘဝမကူးတဲ့ဉာဏ်ဆိုတာ သေချာကြပလား....(သေချာ ပါတယ်) ဘဝကူးယင် ဘာသစ္စာလာမယ်.... (ဒုက္ခသစ္စာ လာ ပါမယ်) မလိုချင်တဲ့ဉာဏ်နဲ့ သေယင် ဘာသစ္စာလာမယ် (သုခ သစ္စာ လာပါမယ်) သုခသစ္စာ လာမယ်၊ နိဗ္ဗာန်လာမယ် (မှန်ပါ့ ဘုရား)

မလိုချင်တဲ့ ဉာဏ်နဲ့ သေယင်.... (သုခသစ္စာ လာမယ်) သုခ သစ္စာ လာမယ်ဆိုတာ သဘောပါကြလား (ပါ-ပါတယ်) ကိုင်း ဒါဖြင့် အလုပ်မပြယင် တကာသစ်တို့ ဖြစ်ပါ့မလား.... (မဖြစ် ပါဘူး ဘုရား) အားလုံး တရားတပွဲလုံး တကာ တကာမတွေ ခင်ဗျားတို့ခန္ဓာကြီးကို အလုပ်နဲ့ မပြလို့ ရှိယင်ဖြင့် မလိုချင်တဲ့ ဉာဏ် လာဘို့ အတော် ဝေးပါလိမ့်မယ်၊ (မှန်ပါ့ ဘုရား) မဝေး ပေဘူးလား....(ဝေးပါတယ် ဘုရား)။

အဲဒီတော့ အလုပ်သင်မှ ရတော့မယ်ဆိုတာကော ကျေနပ် ကြပလား၊ (ကျေနပ်ပါတယ်ဘုရား) အလုပ် မသင်ရလို့ ရှိယင်ဖြင့် ဒီဟာကြီးဟာ လိုချင်နေမှာဘဲ (မှန်ပါ့) လက်ရှိ ခန္ဓာကြီးဘဲ နှမြောနေမယ်၊ (မှန်ပါ့) လက်မဲ့ ခန္ဓာကြီးဟာလဲ သူ့ စိတ်ထဲမှာ ဒုက္ခသစ္စာရယ်လို့ မသိဘူး၊ မသိတော့ သာယာပြီး ပွေ့ပိုက်နေဦး မှာဘဲ ဆိုတာကော ငြင်းဘို့လိုသေးသလား....(မလိုပါဘူး)။

အဲ....ဒါကြောင့် တကာ တကာမတို့ ဘယ်ဉာဏ်နဲ့ ဆရာ ဘုန်းကြီးက အသေခိုင်းသတုံး (ခန္ဓာပေါ် မလိုချင်တဲ့ဉာဏ်နဲ့ အ သေခိုင်းပါတယ်ဘုရား)မလိုချင်တဲ့ ဉာဏ်နဲ့ အသေခိုင်းတယ်၊အဲဒီ မလိုချင်တဲ့ဉာဏ်က သေခါနီးမှ ပေါ်တဲ့ဉာဏ်မျိုးလား၊ မသေ ခင်က မလိုချင်တဲ့ဉာဏ် ရ-ထားမှ သေခါနီးမှာ မလိုချင်တဲ့ဉာဏ်

လာတာလား ဆိုတာလဲ မေးခွန်းထွက်လာတယ်.... (ထွက်လာပါတယ် ဘုရား)။ ထွက်လာတော့ အခု ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

မသေခင် ရှင်စဉ်အခါတုန်းကတည်းက ဝိပဿနာလုပ်ထားမှနေ ရာကျမယ်၊ (မှန်လှပါ ဘုရား) သဘောကျကြရဲ့လား.... (ကျပါတယ်) ဝိပဿနာမဂ်တိုင်အောင် လုပ်နိုင်ယင်လုပ်၊ ဝိပဿနာချည်း လုပ်နိုင်လုပ်၊ မဂ်တိုင်အောင် လုပ်နိုင်လုပ်၊ ဝိပဿနာချည်း လုပ်ထားတောင် သေခါနီးမှာ နှလုံးသွင်းလိုက်ယင် သောတာပန် သက်ဒါဂါမ် ဖြစ်ပါသေးတယ်၊ သေချာပလား....(သေချာပါပြီ)။

ဪ....ဒါဖြင့် မသေခင် လုပ်ရမည့်အလုပ်ဟာ ဘယ်နှစ်လုပ်ပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့ အရောင်းအဝယ်တွေ မပါ-ပါလား၊ (မှန်ပါ့) ဟင်....(မပါ-ပါဘူး) မသေခင် လုပ်ရမည့်အလုပ် ဘယ်အလုပ်ပါလိမ့်....တကာ တကာမတို့.... (ဝိပဿနာအလုပ်ပါ ဘုရား)လက်ရှိခန္ဓာကို မလိုချင်တဲ့ဉာဏ်ရဘို့အလုပ်ဟာ မသေခင် လုပ်ရမည့်အလုပ်၊ (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) လက်ရှိခန္ဓာကို မလိုချင်အောင်လုပ်ရမည့် အလုပ်သည်.... (မသေခင် လုပ်ရမည့်အလုပ်ပါ ဘုရား)။

မသေခင် လုပ်ရမည့်အလုပ်၊ မသေခင်မှ ဉာဏ်ထက်မှာကိုးဗျ၊ (မှန်ပါ့) သေခါနီးမှဆိုယင် ဒီဉာဏ်လာပါဦးမလား.... (မလာပါဘူး) အဲဒါကြောင့် ဒီက အာစိဏ္ဏကံရှိမှ ဟိုမှာ အာသန္နကံဖြစ်မယ်ဆိုတဲ့ဥစ္စာကို ဒီလိုအဘိဓမ္မာနည်းတွေ ရှင်းပြီး ပြလိုက်လို့ ရှိယင် ဘာမှ ယုံမှားသံသယရှိဘို့ မလိုတော့ပါဘူး၊ (မှန်ပါ့)။

ဒါ့ကြောင့် တကာ တကာမတို့ ဒီအကြောင်းကိုဖြင့် သြော်-ဒို့ကို ယနေ့ ဆရာဘုန်းကြီး ဘာများ သင်ပါလိမ့်မတုံးဆိုလို့ ရှိယင်ဖြင့် **သေနည်း သင်သဟေ့**-(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာသင်ပါလိမ့်.... (သေနည်း သင်ပါတယ်ဘုရား) ဘယ်ဉာဏ်နဲ့ သေကြမလဲ....(ခန္ဓာကိုမလိုချင်တဲ့ဉာဏ်နဲ့ပါ)ခန္ဓာ မလိုချင်တဲ့ ဉာဏ်နဲ့ သေရမယ်၊ (မှန်ပါ့) မလိုချင်တဲ့ ဉာဏ်နဲ့ သေလို့ရှိယင် နောက်ဇာတိဒုက္ခ လာပါဦးမလား (မလာပါဘူး ဘုရား)။

ကောင်းပြီ မလိုချင်တဲ့ဉာဏ်နဲ့ အဲဒီအချိန်မှာကျမှ ဖြတ်ကနဲ ပေါ်တာမျိုးလား၊ ယခုကလုပ်ထားမှ ပေါ်တာလား....(ယခုက လုပ်ထားမှ ပေါ်တာပါဘုရား) ဒါဖြင့် ယခု အချိန်က စပြီး ဝိပဿနာနည်းယူပြီးသကာလ တကာ တကာမတွေ ကြိုးစားပါ တော့ ဆိုတဲ့ဥစ္စာ ဘုန်းကြီးက အများကြီး တိုက်တွန်းတယ် ဆို တာကို ခင်ဗျားတို့ လိုက်နာကြပါ (မှန်လှပါ) တိုက်တွန်းတဲ့ အတိုင်း လိုက်နာကြပါနော်....၊ (မှန်လှပါ) ကိုယ့်ကိုယ်ကိုယ် သနားယင်လဲ လိုက်နာပါ၊ (မှန်ပါ့)။

ဘုရား တရား သံဃာ ကြည်ညိုယင်လဲ-(လိုက်နာပါ) ကိုယ့် ကိုယ်ကိုယ် သနားယင်လဲ.... (လိုက်နာပါ) ကဲ—ဒါဖြင့် တကာ တကာမတို့ ဒီနေ့ ဒီတရားဟာ အင်မတန်အဘိုးတန်သွားပြီဆိုတာ သဘောကျပလား....(ကျပါတယ်) မလုပ်မဖြစ်တဲ့အလုပ် ဘယ် အလုပ်ပါလိမ့်.... (ခန္ဓာကိုယ် မလိုချင်တဲ့ဉာဏ်ပေါ်အောင် ရှုရ မှာပါ) ခန္ဓာကိုယ်ကြီးကို မလိုချင်တဲ့ဉာဏ်ရောက်အောင်လုပ်တဲ့ အလုပ်ဟာ မလုပ် မဖြစ်တဲ့အလုပ် (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဘာကြောင့် ဆရာဘုန်းကြီးက ဒီမျှလောက် တိုက်တွန်းပါ လိမ့်မလဲလို့ အမေးထုတ်တဲ့ အခါကျတော့ ခင်ဗျားတို့ ပန်းကလေးတပွင့်လှုလဲ ဝဋ္ဋဘဝ တိုတိုနဲ့ နိဗ္ဗာန် ရ-ရပါလို၏-ပါ တာချည်းဘဲ (မှန်ပါ့ဘုရား) နေ့တိုင်း ဘာကလေးလုပ်လုပ် ဆွမ်းကလေးတစ္စန်း လောင်းလဲ ဝဋ္ဋဘဝတိုတိုနဲ့ နိဗ္ဗာန် ရ-ရ ပါလို၏-မပါကြဘူးလား....(ပါ-ပါတယ်ဘုရား)။

ပါတာချည်းဘဲ၊ ခင်ဗျားတို့ လိုချင်ခြင်းဟာက ဒီ ခန္ဓာ ရ-ရပါလို၏-ဆိုတာချည်းဘဲ၊ နိဗ္ဗာန်ဆိုတာ ခန္ဓာရှိတာ မဟုတ်ပါဘူး၊ သဘောကျပလား.... (မှန်ပါ့ဘုရား) နိဗ္ဗာန်ဆိုတာ-(ခန္ဓာမရှိပါဘူး) ခန္ဓာမရှိပါဘူး၊ခန္ဓာက ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ)အဲ....နိဗ္ဗာန်မှာ ဒုက္ခသစ္စာမရှိပါဘူး(မှန်ပါ့)။

အဲဒီတော့ မလုပ်မဖြစ်ဘူးဆိုတာ ခင်ဗျားတို့လိုချင်တဲ့ အလုပ်ဟာ ယခုလို ရှင်စဉ်အခါက လုပ်ထားမှသာလျှင် ခင်ဗျားတို့ ဆုတောင်းပြည့်မယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)အခုအခါက လုပ်ထားမှခင်ဗျားတို့ ဝဋ္ဋဘဝတိုတိုနဲ့မဂ်ဖိုလ် ရ-ရပါလို၏ဆိုတာ ဆုတောင်းပြည့်မယ် (မှန်ပါ့) အခုက လုပ်မထားယင် ပြည့်ပါ့မလား....(မပြည့်ပါဘူး)။

အဲဒါကြောင့် နှုတ်ကလေးနဲ့ တကာ တကာမတွေက ဟိုတောင်း ဒီတောင်း လုပ်မနေပါနဲ့၊ မတောင်းပါနဲ့၊အလုပ်-လုပ်ယူပါလို့ဆိုတာကိုလဲ တိုက်တွန်းတယ်နော်-(မှန်ပါ့)အလုပ်-လုပ်မှ တောင်းတော့ ပြည့်လွယ်တာပေါ့ဗျာ၊ အလုပ်-မလုပ်ဘဲနဲ့ တောင်းရုံဘဲတောင်းနေမယ်ဆိုလို့ရှိယင် ဒါအလုပ်ကမှ ပြည့်ရမှာ ဖြစ်နေတော့ တကာသစ်တို့-ကိုမြရွှေတို့ မခက်ဘူးလား....

(ခက်ပါတယ်ဘုရား) ကဲ....ဦးခင်မောင်တို့ ပေါ်ကြပလား....(ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ အလုပ်တရား ဘယ်မှာ ပါပါလိမ့်မလဲလို့ မေးတော့ သက္ကပဥ္စာသုတ်ဆိုတဲ့ မနေ့ကတရားကို တကာ တကာမတွေ ပြန်ဆက်ကြည့်ပါနော်....(မှန်လှပါ)မနေ့က တရားက အပြစ်တွေသာ ပြတုန်းရှိသေးတယ်၊ သိကြားမင်း သောတာပန်မတည်သေးဘူး (မှန်လှပါဘုရား) သိကြားမင်း သောတာပန်တည်ဦးမှာ ဒီ တရားနဲ့၊ အလုပ်-လုပ်ပြီးတည်ဦးမှာ ဖြစ်နေတယ်၊ အဲဒါကြောင့် မနေ့က မနာရသေးတဲ့ပုဂ္ဂိုလ်တွေလဲ အစက နည်းနည်း မှတ်တာပေါ့နော်....။

ကိုင်း-တကာ တကာမတို့ သုတ်မဟာဝါပါဠိတော်မှာ လာပါတယ်၊ သိကြားမင်းသည် ပုထုဇန်သိကြားလို့ ဦးခင်မောင်မှတ်ထားလိုက်စမ်းပါ (မှန်ပါ့)မောင်ကို ဘာသိကြားတဲ့တုံး....(ပုထုဇန် သိကြားပါဘုရား) ပုထုဇန်သိကြား ဘုရားပွင့်တယ်ဆိုတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဂူကြီးထဲမှာ အောင်းပြီးသကာလနေတဲ့အချိန်မှာ မေးချင်တဲ့ ပုစ္ဆာကလေးတွေ သူ့မှာအများကြီးရှိပြီးနေပြီးသော်လဲ ဘယ်သူ့မှ မေးစရာမရှိဘူး။

ဒါနဲ့ သူ တာဝတိံသာနတ်ပြည်ကဆင်းပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့ပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို မေးလျှောက်လိုက်တယ်ဆိုတာကလေးကို (၁)နံပါတ်က စ-မှတ်လိုက်တာပေါ့၊ ဒီနေ့ခပ်ကျဉ်းကျဉ်းဘဲ ပြောသွားမယ် အလုပ်ရောက်အောင် (မှန်ပါ့) အရှင်ဘုရား....တပည့်တော် မသိလို့ မေးပါရစေဘုရား၊ (ဘုရားက)အေး-မင်း ယုံမှား သံသယရှိတာ မေးတာပေါ့ကွဲ။

လူတွေဟာဘုရား....လူတွေ နတ်တွေ ဗြဟ္မာတွေ ကုမ္ဘဏ်တွေ အလုံးစုံ အကုန်ပါဘဲဆိုကြပါစို့ အန္တရာယ်ကင်းချင် ဘေးရှင်းချင်ကြတာတော့ လူတိုင်းရဲ့ လိုလားမှုဘဲ၊ သဘောကျပလား.... (ကျပါပြီ) အန္တရာယ်ကင်းချင် ဘေးရှင်းချင်တာကတော့.... (လူတိုင်းအလုပ်ပါဘုရား)။

အန္တရာယ်ကင်းချင် ဘေးရှင်းချင်တာကတော့ လူတိုင်းအလုပ်ပါဘဲဘုရား....တဲ့၊ သို့သော်လဲ အန္တရာယ်မကင်းတဲ့ ပုဂ္ဂိုလ်ချည်း များတယ်၊ ဘေးမရှင်းတဲ့ ပုဂ္ဂိုလ်ချည်း များတယ်၊ အဲဒါဘယ်အတွက်ပါလိမ့်မလဲလို့ မေးလျှောက်ပါတယ် (မှန်ပါ့) မမေးဘူးလား....(မေးပါတယ်ဘုရား)။

မနေ့က ဒီတရား ပြောပြီးပြီနော်၊ (ပြောပြီးပါပြီဘုရား) သို့သော် အစဉ်မို့ စ ပြောလာပါတယ်ဆိုတာ တကာ တကာမတွေ သေသေချာချာ မှတ်ထားပေါ့(မှန်ပါ့) အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ့်နှယ်ဖြေလိုက်သတုံး တကာတကာမတို့....(ဣဿာ မစ္ဆရိယမကင်းလို့ပါ)။

ဣဿာ မစ္ဆရိယမကင်းလို့ ဟေ့....တဲ့၊လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ဘုရား ရှိခိုးပြန်လဲ အန္တရာယ်ကင်း၍ ဘေးရှင်းပါရစေဆိုပြီး သကာလ ကိုယ့် ကိုယ်ကိုယ် ဆုတောင်းတယ်....တဲ့၊ နောက်ပြီး မေတ္တာပို့တဲ့ အခါကျတော့ "အဟံ အဝေရော ဟောမိ အဗျာပဇ္ဇောဟောမိ အနီဃောဟောမိ သုခီအတ္တာနံ ပရိဟရာမိ" ရယ်လို့ကိုယ့်ကိုယ်ကိုဘဲ အရင်ထားပြီးသကာလ ကျန်းမာဘို့ ချမ်းသာဘို့ ဦးခင်မောင်တို့ မေတ္တာမပို့ဘူးလား.... (ပို့ပါတယ်ဘုရား)။

ထိုကဲ့သို့ ပို၍ပါလျက်သားနဲ့ ကိုယ့်ကိုယ် ချမ်းသာခြင်း ကျန်းမာခြင်းကို အလိုရှိကြလျက်သားနဲ့ မကျန်းမာ မချမ်းသာ တာ ဘယ်အတွက်ကြောင့်တုံးဘုရားလို့ ဘုရားကို မေးလျှောက် တဲ့အခါက ဘုရားက ဘယ့်နှယ်ဖြေသတုံး.... (ဣဿာ မစ္ဆရိယ ကြောင့်ပါ)။

ဣဿာ မစ္ဆရိယ မပယ်နိုင်လို့ဟော့ (မှန်ပါ့)ရှင်းကြပလား- (ရှင်းပါပြီ)ဘာတဲ့တုံး-(ဣဿာ မစ္ဆရိယမပယ်နိုင်လို့ပါဘုရား) ဣဿာနဲ့ မစ္ဆရိယကို မပယ်နိုင်လို့တဲ့ တကာ တကာမတို့ ရိပ်မိ ကြပလား....(ရိပ်မိပါတယ်)။

ဣဿာ မစ္ဆရိယ မပယ်နိုင်ကြလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဘယ်လိုပင် ကျန်းမာ ချမ်းသာမှုကို ကြိုး စား-ကျန်းမာရေး လိုက်စားလိုက်စား ကျန်းမာဘို့ မတွေ့ဘဲ့ ပြီးသော်လဲ ဘေးအတန်တန် ရန်အထပ်ထပ်နဲ့ လာရမယ် (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာလာရမလဲ.... (ဘေးအတန်တန် ရန်အထပ်ထပ် လာရ ပါမယ်)ဘေးအတန်တန် ရန်အထပ်ထပ်တွေ လာရမယ်ဆိုတာ သဘောကျပလား....(ကျပါပြီ) ဒါ ဘယ်သူ့ကြောင့်ပါလိမ့်.... (ဣဿာနဲ့ မစ္ဆရိယကြောင့်ပါဘုရား)။

စဉ်းစားကြည့်ပါ တကာ တကာမတို့ ဒီတရားဟာ ခွဲလဲ မနေတော့ပါဘူး၊ ဣဿာရှိလို့ရှိယင်ဖြင့် သူတပါးပြုစုတယ်ဆို ဟိုပုဂ္ဂိုလ်က ငါ့ဘာမှတ်လို့တုံးဆိုတဲ့ဥစ္စာကော လာတော့မှာဘဲ (မှန်လှပါဘုရား) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

မစ္ဆရိယကလေး ဝန်တိုတယ်ဆိုတော့ အို....သူ့ရှိတာကလေး သူကဝှက်နေတယ်ကွာ၊ တနေ့နေ့ကျတော့ တိုင်းပြည်ပျက်ယင် ငါသွားလှမယ်ဆိုတာ မလာပေဘူးလား-(လာပါတယ်ဘုရား) အန္တရာယ် ကင်းနိုင်ကြပါမလား.... (မကင်းနိုင်ပါဘူး ဘုရား) ဒါ ဘယ်သူ့ သတ္တိပါလိမ့်....(ဣဿာနဲ့ မစ္ဆရိယ သတ္တိပါဘုရား)။

ဣဿာ မစ္ဆရိယ ရှိလို့ ရှိယင် ဘယ်တော့မှ အန္တရာယ်မကင်းဘူးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိကြားကို ဟောလိုက်တာကော တကာ တကာမတို့စိတ်ထဲ ကျေနပ်ပလား... (ကျေနပ်ပါတယ်ဘုရား)။

အဲဒါကြောင့် အန္တရာယ်ကင်းချင်ယင် ဣဿာ မစ္ဆရိယကို ဖြုတ်ပျက်ရှုပါ၊ဘာလုပ်ကြရမယ်.... (ဣဿာ မစ္ဆရိယကို ဖြုတ်ပျက်ရှုရပါမယ်) ဣဿာနဲ့ မစ္ဆရိယကို ဖြုတ်ပျက်ရှုပါလို့ တကာ တကာမ တွေကို သတိ ပေးလိုက် ပါတယ်၊ ဣဿာ ပေါ်လဲ ဖြုတ်ပျက်ရှု၊ မစ္ဆရိယ ပေါ်လဲ....(ဖြုတ်ပျက်ရှုရပါမယ်)။

အနိစ္စလို့သာ ရှုပေးလိုက်ကြစမ်းပါ တကာ တကာမတို့၊ ဒီ သူတို့နှစ်ခုမရှိယင် အန္တရာယ် ကင်းသွားမှာဘဲ (မှန်ပါ) ပစ္စုပ္ပန်အကျိုး မခံစားရပေဘူးလား....(ခံစားရပါမယ်) သံသရာအကျိုးက ဣဿာ မစ္ဆရိယက အနိစ္စ၊ ရှုတာက မဂ္ဂ ဖြစ်နေသောကြောင့် မဂ်သည် ကိလေသာကို ဖြတ်သောကြောင့်လဲ တကာ တကာမတို့ ဣဿာ မစ္ဆရိယက အနိစ္စ၊ ရှုတာက မဂ္ဂဆိုတာ မဂ္ဂင်ငါးပါး ဒီကမလာပေဘူးလား.... (လာပါတယ်ဘုရား) လာခြင်းကြောင့် ပစ္စုပ္ပန်အန္တရာယ်ကင်းပြီး သံသရာမှာ ခုနက ပဋိသန္ဓေနေဘေး အိုဘေး နာဘေး သေဘေး ပြတ်လိုက်သေးတယ် (မှန်ပါ)။

ဖြစ်ပျက် ရှုတဲ့သတ္တိဟာ တကာ တကာမတို့ ဘယ်လောက် ကျေးဇူးများတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ကောင်းပြီ ဒါ တိုတိုဘဲ ပြောပါတယ်၊ သိကြားမင်း တရား နာရင်း ခန္ဓာကိုယ် ဒီနားတွင် တခါတည်း သောတာပန် တည် ပြီး ဒီနားတွင် တရားပွဲထဲတွင်သေပြီး တရားပွဲထဲတွင် သိကြား ပြန်ဖြစ်တာ ဦးခင်မောင်ရေ့ (မှန်လှပါဘုရား) ညံ့တဲ့တရား မဟုတ်ဘူးနော်(မှန်လှပါဘုရား)။

အဲ-ဒါကြောင့် အဲဒီ ရောက်အောင် ပြောရမှာဖြစ်နေတော့ တကာ တကာမတွေ ဒီဥစ္စာကို မနေ့ကလဲ ပြောပြီးသား ဖြစ် နေတော့ ဣဿာ မစ္ဆရိယရှိယင် အန္တရာယ်ကို ဘယ်လိုကင်းချင် ပါတယ်ဆိုဆို....(မကာင်းပါဘူးဘုရား ၊ မကာင်းဘူးဆိုတာသေချာ ကြပလား.... (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဣဿာ မစ္ဆရိယလာယင် ဘာလုပ်ကြရ မယ်....(ဖြစ်ပျက်ရှုရပါမယ်)အဲ....ဣဿာ မစ္ဆရိယဆိုတာ ဒေါသ က လာသောကြောင့် ဒေါသ ဖြင်ပျက်ရှုတာလဲ ရတာဘဲ၊ ဒေါသနဲ့ သဟဇာတ အဖြစ်နဲ့ သူပါသွားတာဘဲ (မှန်ပါ)။

ထိုကဲ့သို ပါသွားလို့ ရှိယင်ဖြင့် သူကဖြစ်ပျက် ရှုတာကမဂ် ဖြစ်သွားသောကြောင့် သံသရာကော ခရီး မဆုံး ဘူးလား.... (ဆုံးပါတယ်ဘုရား) ပစ္စုပ္ပန်မှာ အန္တရာယ် မကာင်းဘူးလား.... (ကင်းပါတယ်ဘုရား) နှစ်ချက်ကျေးဇူးရှိတယ်ဆိုတာ သေချာ ပလား.... (သေချာပါတယ်ဘုရား)။

ဒါကို လုပ်ဖြစ်အောင် လုပ်ပါဆိုတာကို သတိပေးလိုက်ပါ တယ်(မှန်ပါဘုရား) ဘယ်လို သတိပေးပါလိမ့် ... (လုပ်ဖြစ် အောင် လုပ်ပါ)လုပ်ဖြစ်အောင် လုပ်ကြစမ်းပါဆိုတာ သတိပေး

ပါတယ်၊နို့မို့လို့ရှိယင် ကိုယ့်ကိုယ်ကို အနှလုံးရယ်ကင်းတာလဲ လူတိုင်းကြိုက်တာဘဲ၊ ကိုယ့်-နောက် ဒုက္ခတွေ သိမ်းတာလဲ လူတိုင်းကြိုက်တာဘဲဆိုယင်ကော လွဲပါမလား.... (မလွဲပါဘူး ဘုရား)။

ဒါဖြင့် တကာတကာမတို့ လာတိုင်းလာတိုင်း သူ့ကိုဘာလုပ်ကြရမလဲ....(ရှုပေးရမယ်) ရှုပေးကြစမ်းပါ၊ ရှုပေးကြစမ်းပါနော်....(မှန်ပါ)။

ကဲ-ဒါဖြင့် ဦးခင်မောင်တို့ ဣဿာ မစ္ဆရိယဟာဘုရား.... ဘယ်သူ့ကြောင့် ဣဿာ မစ္ဆရိယ ပေါ်လာပါလိမ့်မလဲဆိုတဲ့ ဥစ္စာကို သိကြားက ဆက်မမေးဘူးလား....(မေးပါတယ်ဘုရား) မေးတဲ့အခါကျတော့ ဘယ့်နှယ်ဖြေသလဲ....(ချစ်ခြင်း မုန်းခြင်း ကြောင့်ပါ)။

ချစ်ခြင်း မုန်းခြင်း ပိယာ ပိယက လာတယ်ကွ တကာ တကာမတို့၊ ဣဿာ မစ္ဆရိယဆိုတာ ချစ်ခြင်း မုန်းခြင်းက လာတာတဲ့၊ ချစ်ခြင်းဆိုတာ လောဘ၊ မုန်းခြင်းဆိုတာ ဒေါသဆိုတာ သေချာပလား....(သေချာပါတယ် ဘုရား) ချစ်ခြင်းက....(လောဘပါ) မုန်းခြင်းက....(ဒေါသပါ ဘုရား)။

ဩော်....ဒါဖြင့် မောင်မြရွှေတို့ ဣဿာ မစ္ဆရိယ ဘယ်ကလာကြသတုံး....(ချစ်ခြင်း မုန်းခြင်းက လာပါတယ် ဘုရား) ဒါဖြင့် တကာ တကာမတို့ ချစ်တဲ့ပုဂ္ဂိုလ်အတွက် ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ကိုယ်ချစ်တဲ့ပုဂ္ဂိုလ်ကို သူများနဲ့ စကားပြောတာကို မကျေနပ်နိုင်ဘူး၊ ကျေနပ်ကဲ့လား.... (မကျေနပ်ပါဘူး) ဣဿာ မဖြစ်ဘူးလား....(ဖြစ်ပါတယ် ဘုရား)။

ဒါဖြင့် ချစ်တဲ့ပုဂ္ဂိုလ်ကြောင့် ဣဿာတွေ မစ္ဆရိယတွေ မလာပေဘူးလား .... (လာပါတယ် ဘုရား) အဲ.... မုန်းတဲ့ပုဂ္ဂိုလ်နဲ့ ဆက်ဆံရမှာလဲ အင်မတန်မှ ဝန်မလေးဘူးလား....(လေးပါတယ် ဘုရား) ဒါဖြင့် မုန်းတဲ့ပုဂ္ဂိုလ်ကြောင့်လဲ တကာ တကာမတို့ သူ့ မျက်နှာကြီး မကြည့်ချင်ပါဘူးဆိုတဲ့ဥစ္စာ မလာပေဘူးလား.... (လာပါတယ် ဘုရား)။

အဲဒါကြောင့် ချစ်ခြင်း မုန်းခြင်းကြောင့် ဣဿာရော မစ္ဆရိယရော မလာနိုင်ဘူးလား.... (လာနိုင်ပါတယ် ဘုရား) တခုစီ ခွဲပြောနေလို့ ရှိယင် အဋ္ဌကထာကတော့ သိပ်ဖွင့်တာဘဲ၊ သို့သော် တော်လောက်ပါပြီတဲ့၊ ဒါကို မနေ့ကလဲ ထိုက်တန်သလောက် ပြောပြီးပြီ။

ဒါဖြင့် ချစ်ခြင်း မုန်းခြင်းဆိုတာ ချစ်ခြင်းကလောဘ၊ မုန်းခြင်းက ဒေါသကိုလဲ တကာ တကာမတွေ ဖြစ်ပျက် ရှုလိုက်မယ်၊ သူတို့ကို အနိစ္စရှုမယ်ဆိုလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမ တွေ့သည် လောဘလာလဲ လောဘရှု၊ ဒေါသလာကော.... (ဒေါသရှု)။

ဖြစ် ပျက် ရှု လိုက် တဲ့ အ ခါ ကျ တော့ ချစ်ခြင်း မုန်းခြင်းက အနိစ္စ၊ သဘောကျလား (မှန်လှပါ) ရှုတာက....(မဂ္ဂပါဘုရား) မဂ္ဂ ဖြစ်သွားတဲ့အခါကျတော့ ချစ်ခြင်း မုန်းခြင်း ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား၊ ပြတ်သလား....(ပြတ်ပါတယ် ဘုရား)။

ချစ်ခြင်းကြောင့် တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာမရဏ ပြတ်-မပြတ်....(ပြတ်ပါတယ် ဘုရား) မုန်းခြင်းကြောင့် ဒေါသ သောက ပရိဒေဝ ဥပါယာသ အဝိဇ္ဇာ သင်္ခါရတွေကော.... (ပြတ်ပါတယ်ဘုရား) ဒါဘာဖြစ်လို့ ပြတ်သွားပါလိမ့်(ဝိပဿ

နာ ရှုလို့ပါဘုရား) ချစ်ခြင်း မုန်းခြင်းကို ဝိပဿနာရှုလို့ (မှန်ပါဘုရား) တကာ တကာမတို့ ဘာရှုလို့ပါလိမ့်.... (ချစ်ခြင်း မုန်းခြင်းကို ဝိပဿနာရှုလို့ပါဘုရား)။

ဒါဖြင့် ချစ်တဲ့စိတ်လာလဲ ဝိပဿနာရှုပါ၊ သဘောကျပလား (ကျပါပြီ) မုန်းတဲ့စိတ်လာကော....(ဝိပဿနာရှုရပါမယ်) ကိုယ့်သန္တာန် ချစ်တဲ့စိတ်လာတာ ကိုယ်မသိဘူးလား....(သိပါတယ်) အဲဒါ ဘာလုပ်ရမလဲ .... (ဝိပဿနာ ရှုရပါမယ်) ဝိပဿနာရှုပေးပါ၊ ဖြစ်ပျက်အနိစ္စ ရှုပေးပါ၊ ကိုယ့်သန္တာန် မုန်းတဲ့စိတ်ကလေးဟာ ပေါ်လာဘယ်၊ ပေါ်လာလို့ရှိယင် ဘာလုပ်ကြရမယ်....(ဖြစ်ပျက် ရှုပေးပါ)။

အဲ-ချစ်တဲ့စိတ်ကို ဝိပဿနာရှုယင် ပဋိစ္စသမုပ္ပါဒ်အလည်က ပြတ်တယ်လို့ မောင်ကို မှတ်လိုက်စမ်းပါ(မှန်ပါ)ချစ်တဲ့စိတ်ကို ဝိပဿနာရှုယင်....ပဋိစ္စသမုပ္ပါဒ် အလည်က ပြတ်ပါတယ်၊ မုန်းတဲ့စိတ်ကို ဝိပဿနာရှုယင်.... ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြတ်တယ် (မှန်ပါ)အဆုံးက ပြတ်တယ်ဆိုကတည်းက ပြန်ပြီးပဋိစ္စသမုပ္ပါဒ် အဝိုင်းဖြစ်နိုင်သေးရဲ့လား....(မဖြစ်နိုင်ပါဘူးဘုရား)။

အဲဒါတွေ သေသေချာချာ သိပြီးသကာလ ထားတော့မှ ပဋိစ္စသမုပ္ပါဒ်ပြတ်တာသည် နိဗ္ဗာန် ရောက်တာလို့ မှတ်လိုက် (မှန်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ပြတ်တာသည်.... (နိဗ္ဗာန်ရောက်တာပါ) အဲ ပဋိစ္စသမုပ္ပါဒ် ပြတ်တာသည် နိဗ္ဗာန်ရောက်တယ်ဆိုတာ ဘုရားတိုင်း ဟောတော်မူတာဘဲတဲ့၊ ငါချုပ်တာသိလို့ နိဗ္ဗာန်ရောက်ပါတယ်၊ ချုပ်လို့ နိဗ္ဗာန်ရောက်ပါတယ် ဆိုတာလဲ ဟောတော်မူတာဘဲ....နော်(မှန်ပါ)။

ကဲ-ဒါဖြင့် တကာ တကာမတို့ ဝိပဿနာလဲ ရှုတတ်ပါပြီတဲ့၊ လိုရင်းတော့ မကျသေးဘူး၊ ခုဟာက သင်တုန်းဘဲ ရှိပါသေးတယ်နော်....(မှန်ပါ့)ကိုင်း-တကာ တကာမတို့ ချစ်ခြင်း မုန်းခြင်းကြောင့် ဘာဖြစ်သတုံး.... (ဣဿာ မစ္ဆရိယ ဖြစ်ပါတယ်ဘုရား) ဣဿာ မစ္ဆရိယ ရှိခဲ့သော် ဘာဖြစ်တတ်သတုံး.... (အန္တရာယ်မကင်းပါဘူး) အန္တရာယ်တွေ များတတ်ပါတယ်ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဆက်ပြီးသကာလ သွားကြဦးစို့၊ ချစ်ခြင်း မုန်းခြင်းဟာ ဘယ်ကလာသတုံး.... (ဆန္ဒကလာပါတယ်) အေး....ဆန္ဒကလာတယ်၊ တကာ တကာမတွေ ချစ်ခြင်း မုန်းခြင်း ဘယ်ကလာသတုံး....(ဆန္ဒက လာပါတယ်)။

အဲဒါ သိကြားမင်းမေးလို့ ဘုရားက ဖြေတာ၊ တကာ တကာမတွေက အခု ဆရာဘုန်းကြီးလမ်းညွှန်ထားလို့ ပြောဲ်.... ချစ်ခြင်း မုန်းခြင်းဆိုတာသည် ဆန္ဒက လာတာကိုးလို့ သဘောကျကြတယ်(မှန်ပါ့)ဆန္ဒ-မနေ့က ဘယ်နှစ်မျိုး ဟောခဲ့ပါလိမ့်- (ငါးမျိုးဟောခဲ့ပါတယ်)။

ဆန္ဒသည်ကားလို့ ဆိုယင် တကာ တကာမတို့ ရှာမှီးတဲ့ဆန္ဒတမျိုး(မှန်ပါ့) ပစ္စည်းရှာနေတဲ့ဥစ္စာလဲ ဆန္ဒလောဘနော်.... (မှန်ပါ့) ကဲ....ရပြန်တော့ ဝမ်းသာတဲ့လောဘ မရှိဘူးလား.... (ရှိပါတယ်ဘုရား) အဲဒီ ပဋိလာဘ ဆန္ဒဆိုတဲ့ ရတဲ့ဆန္ဒကော.... (ရှိပါတယ်ဘုရား) ဘယ်နှစ်မျိုး ရှိသွားပြီလဲ.... (နှစ်မျိုးရှိသွားပါပြီ)ရပြီးသကာလ ဒီပစ္စည်းကလေးကို သုံးဆောင်တဲ့ ဆန္ဒကော.... (ရှိပါတယ်ဘုရား) သုံးဆောင်တဲ့ဆန္ဒလဲ ရှိတယ်တဲ့၊

တကာ့ တကာမတို့ ရိပ်မိပလား.... (မှန်ပါ့)ဒါလဲ လောဘနဲ့ဘဲ နော်(မှန်လှပါ)။

ဒါ တကာ တကာမတွေမှာ အမြဲရှိနေတဲ့ တရားတွေပါ၊ သုံးဆောင်တဲ့ဆန္ဒ ပြီးသကာလ တကာ တကာမတို့ ဘာလာပြန်သတုံး....(သိမ်းဆည်းပါတယ်) သိမ်းဆည်းတဲ့ဆန္ဒ လာပြန်တယ်၊ သုံးဆောင်ပြီးသကာလ ပိုတာကျတော့ မသိမ်းဆည်းကြဘူးလား.... (သိမ်းဆည်းပါတယ် ဘုရား) သိမ်းဆည်းတဲ့ ဆန္ဒလဲ လောဘဘဲဆိုယင် လွဲပါ့မလား.... (မလွဲပါဘူး) အဲဒါ ဆန္ဒဆိုပေမဲ့ လောဘချည်း မှတ်လိုက်စမ်းပါ(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ) သိမ်းဆည်းပြီး သကာလ ဝေဘန်တဲ့ ဆန္ဒကော မလာဘူးလား....(လာပါတယ် ဘုရား)။

ကွာ.... ဒို့ မှာလဲ များနေတယ်ကွာ၊ အန္တရာယ်ကင်း ဘေးရှင်း အောင် အိမ်နီးချင်းတွေ ပေးကြဦးစို့ကွာ၊ ဟိုနားလူက တယ်ဆိုး ခိုးတတ်သကွာ၊ သူ့လဲ ထိုက်တန်သလောက် သွားပေးလိုက်ပါကွာ-ဆိုတော့ တကာ တကာမတွေ ဒါလောဘနဲ့ ပေးနေတာ၊ (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဒီဆန္ဒငါးမျိုးကြောင့် ဘာလာသတုံး.... (ချစ်ခြင်း မုန်းခြင်း လာပါတယ်) ချစ်ခြင်း မုန်းခြင်းလာတယ်၊ ချစ်ခြင်း မုန်းခြင်းရှိလို့ ဘာလာသတုံး.... (ဣဿာ မစ္ဆရိယလာပါတယ်) ဣဿာ မစ္ဆရိယရှိလို့ ဘာတွေလာတတ်သလဲ.... (အန္တရာယ်တွေ လာတတ်ပါတယ်)ရောဂါ ဥပဒ် အန္တရာယ်တွေ မလာဘူးလား (လာပါတယ်ဘုရား) သဘောပါကြလား....(ပါ-ပါတယ်)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဒီနေရာမှာလဲ ဆန္ဒ ငါးမျိုးကို ဘုရားကလဲဟောတယ်၊ ဆရာဘုန်းကြီးကလဲ ဘုရား

အတုလိုက်ပြီး ဟောတယ်၊ ဆန္ဒကြောင့် လာသကွ၊ ချစ်ခြင်း မုန်းခြင်းဆိုတာ သိနေတော့ ဆန္ဒငါးမျိုးကိုလဲ ဖြစ်ပျက် ရှုပေး ကြပါဦး (မှန်ပါ့)ဘာလုပ်ပေးရမယ်(ဖြစ်ပျက် ရှုပေးရပါမယ်) မလှစ်စေနဲ့နော်၊ (မှန်ပါ့) ဆန္ဒငါးမျိုး ဘာလုပ်ကြရမယ်.... (ဖြစ်ပျက် ရှုရပါမယ်)။

ဖြစ်ပျက်ရှုပေးရမယ်ဆိုတော့ တကာ တကာမတို့ မရှုယင် ဒီလောဘဟာ ဒီချစ်ခြင်း မုန်းခြင်းကို သူကျေးဇူးပြုဦးမယ်၊မပြု ပေဘူးလား ..(ပြုပါတယ် ဘုရား) ချစ်ခြင်း မုန်းခြင်း ကျေးဇူး ပြုလိုက်လို့ရှိယင် ဣဿာ မစ္ဆရိယ မလာပေဘူးလား....(လာပါ တယ်ဘုရား) ဣဿာမစ္ဆရိယသာ လာမယ်ဆိုယင် တကာ တကာမတို့ ဒီဘက်က ရောဂါ ဥပါဒ် အန္တရာယ်တွေ ဘယ့် နှယ်တုံး....(လာမှာပါဘဲဘုရား)။

ကောင်းပြီ ဒါအကြောင်း အကျိုး ဆက်ကြပါသလား.... (ဆက်ပါတယ်) ဆက်ပြီနော်....၊ ဘုရားကဖြေတာ သိကြားက မေးတာလို့ တကာ တကာမတွေ သဘောကျကြပလား....(ကျ ပါပြီ) တခါမေးပြန်တယ်၊ သိကြားက သူ သောတာပန်တည်ဘို့ မေးနေတာနော်(မှန်ပါ့ဘုရား)တကာ တကာမတို့ ဘယ်အကျိုး ငှာ မေးတာပါလိမ့်....(သောတာပန် တည်ဘို့ပါဘုရား)။

အဲဒါ သိကြားသာ သောတာပန်တည်နိုင်တဲ့တရား မဟုတ် ပါဘူး၊တကာ တကာမတွေလဲ နောက်ဆုံးပိတ်ကျတော့ဒီအတိုင်း ဘဲ ကိုယ်လဲလုပ်ယူလို့ရှိယင် တည်နိုင်တာချည်းဘဲလို့ မှတ်ကြပါ၊ (မှန်ပါ့ဘုရား)။

•ကောင်းပြီ ဒီဆန္ဒသည် ဘယ်ကလာသတုံးလို့ တခါဆက်ပြီး သိကြားက မေးပြန်တဲ့အခါကျတော့ ဝိတက်က လာတယ်လို့ ဖြေတော်မူတယ်၊ တကာ တကာမတို့ ဘယ်က လာသတဲ့တုံး.... (ဝိတက်က လာပါတယ်ဘုရား) ဩော်.... အကြံသမား အစည် သမားမှ ဒါတွေ လာ တာ တဲ့၊ (မှန်ပါ့) တကာ တကာမတို့ ဘယ်ကလာသလဲ....(ဝိတက်ကပါ) ဝိတက်က လာတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ) ဝိတက်ဆိုတာ အကြံသမား အစည်သမားပေါ့ဗျာ၊ (မှန်ပါ့)။

ဒါဖြင့် ဝိတက်ကြောင့် ဘာလာသတုံး....(ဆန္ဒလာပါတယ်) ဆန္ဒ ကြောင့်.... (ချစ် ခြင်း မုန်း ခြင်း လာ ပါတယ်) ချစ် ခြင်း မုန်း ခြင်း ကြောင့်.... (ဣဿာ မစ္ဆရိယ လာပါတယ်) ဣဿာ မစ္ဆရိယကြောင့်....(ဥပါဒ် အန္တရာယ် လာပါတယ်) အန္တရာယ် တွေ ဖြစ်လာတယ်၊ (မှန်ပါ့) အင်မတန် အဘိုးတန်ပါကလား မောင်ကိုရေ (မှန်ပါ့ဘုရား) အင်မတန် အဘိုးမတန်ဘူးလား တကာ တကာမတွေ (တန်ပါတယ် ဘုရား)။

ကိုင်း-ဒါတွေက ဝိပဿနာအလုပ်ကို တကယ်လုပ်ရအောင် ပေါ့ ခုခပ်ကျဉ်းကျဉ်းဘဲ ပြောလိုက်ပါတယ်၊ ဝိတက် ဘယ်က လာသတုံးလို့ တခါ မေးပြန်ရော (မှန်လှပါဘုရား) တကာ တကာမတွေ ဒီဝိတက် ဘယ်ကလာသတုံးလို့ သိကြားက မေးတဲ့ အခါကျလို့ ရှိယင်ဖြင့်....တဲ့၊ ဝိတက်ဟာကွာ တခြားက လာတာ မဟုတ်ပါဘူး၊ ပပဉ္စတရားက လာ တာ၊ တဏှာ မာန ဒိဋ္ဌိက လာ တာ (မှန် ပါ့) တ ကာ တ ကာ မ တို့ ဘယ်ကလာသတုံး.... (တဏှာ မာန ဒိဋ္ဌိက လာပါတယ်ဘုရား)တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စက လာတာတဲ့၊ ရှင်းကြပလား....(ရှင်းပါပြီ) ပပဉ္စတရားလဲ

ဘုန်းကြီးက ဟောနေကျဖြစ်နေ၊ တကာ တကာမတွေကလဲ နာ ပြီးသားဖြစ်နေလို့ သိနေပါပြီ။

ကဲ-ဒါဖြင့် ကျိုးကြောင်းကလေး တခေါက်ပြန်ဆက်လိုက် ပါဦး၊ ပပဉ္စကြောင့် ဘာလာလဲ....(ဝိတက်လာပါတယ်) ဝိတက် ကြောင့် ဘာလာသတုံး....(ဆန္ဒလာပါတယ်) ဆန္ဒကြောင့် ဘာ လာသတုံး....(ချစ်ခြင်း မုန်းခြင်းလာပါတယ်) ချစ်ခြင်း မုန်းခြင်း ကြောင့်.... (ဣဿာ မစ္ဆ ရိယ လာပါတယ်) ဣဿာ မစ္ဆရိယ ကြောင့်.... (ဥပါဒ် အန္တရာယ်လာပါတယ်) ဥပါဒ် အန္တရာယ် ဖြစ်ရတယ်ဆိုတော့ လက်သည် ဒီမှာလာတွေ့ပြီ၊ တဏှာ မာန ဒိဋ္ဌိ လာတွေ့ပြီ၊ (မှန်ပါ့) တကာ တကာမတို့ ဘာလာတွေ့ပါ လိမ့်....(တဏှာ မာန ဒိဋ္ဌိ လာတွေ့ပါတယ်) တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ပပဉ္စ လာတွေ့တယ်။

ဒီတွင်မှ သိကြားက ဦးခင်မောင်ရေ အကွက်ကျ မေးလိုက် တယ်၊ ဒါဖြင့် ဘုရားတဲ့....တပည့်တော်တို့ အင်မတန် ရှင်းပါပြီတဲ့၊ ဒီလိုမေးလိုက်ရတဲ့အတွက် အရှင်ဘုရား အကျိုး အကြောင်းတွေ ဆက်ဆက်-ဆက်ဆက်ပြီး ဖြေသွားတဲ့အတွက် တပည့်တော်မှာဖြင့် အင်မတန် ကျေနပ်ပါပြီ၊ ဒီတဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား ချုပ်တဲ့ အကျင့်များ မရှိဘူးလား....တဲ့။

ဘာတဲ့တုံး တကာ တကာမတို့....(ပပဉ္စတရားချုပ်တဲ့ အကျင့် များ မရှိဘူးလားတဲ့) ပပဉ္စတရား ချုပ်တဲ့အကျင့် မရှိဘူးလားတဲ့၊ တကာ တကာမတို့ ဘယ်လိုမေးတယ်ဆိုတာ သတိထားလိုက် စမ်းပါ၊ (မှန်ပါ့) သဘောပါလား....(ပါ-ပါတယ်) ဘာတဲ့တုံး (ပပဉ္စတရား ချုပ်တဲ့အကျင့်များ မရှိဘူးလားတဲ့)။

ဒါဖြင့် ပဗ္ဗတရား ချုပ်လို့ရှိယင် ဒီဘ၀က်ကဟာတွေ လာစရာ မြင်သေးရဲ့လား....(မမြင်ပါဘူး) တစ်-နှစ်-သုံး-လေး-ငါး ခြောက်ကျအောင် လာစရာရှိသေးရဲ့လား....(မရှိပါဘူး)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောပြီ၊ ဦးခင်မောင်တို့ မောင်ကိုတို့ နော်.... (မှန်ပါ) ပဗ္ဗတရား ချုပ်ချင်လို့ရှိယင် ဝေဒနာရှုကွ-တဲ့၊ ရိပ်မိကြပလား.... (ရိပ်မိပါတယ်) ပဗ္ဗတရား ချုပ်ချင်ယင် (ဝေဒနာရှုရပါမယ်)။

ဒါဖြင့် တကာ တကာမတို့ ဝေဒနာရှုမှ ပဗ္ဗချုပ်တယ်၊ (မှန်ပါ) သဘောပါကြလား .... (ပါ-ပါတယ်) ဝေဒနာရှုမှ ဘ၀ချုပ်တယ်.... (ပဗ္ဗ ချုပ်ပါတယ်ဘုရား) ကျေနပ်ပလား.... (ကျေနပ်ပါတယ်)။

အဲဒီတော့ ဝေဒနာကို သေသေချာချာ ရှုပုံနည်းနှင့်တကွ မောင်ကို သင်ချိန် မရောက်သေးဘူးလား (ရောက်ပါပြီဘုရား) ဒီဟာတွေ ကြောက်စရာ လိုသေးသလား .... (မလိုပါဘူးဘုရား) တစ်-နှစ်-သုံး-လေး-ငါး-ခြောက် ဘ၀မှမကြောက်ပါနဲ့၊ ဝေဒနာ မရှုလို့ဖြစ်တာ၊ (မှန်ပါဘုရား) သဘောပါကြလား....(ပါ-ပါတယ် ဘုရား) ဘ၀မရှုလို့ဖြစ်တာတုံး .... (ဝေဒနာမရှုလို့ ဖြစ်တာပါ)။

ဒါဖြင့် ဝေဒနာ ရှုလိုက်ရလို့ရှိယင်လဲ တကာ တကာမတို့ တစ်လဲ ကြောက်စရာရှိသေးရဲ့လား....(မရှိပါဘူး) နှစ်ကော.... (မရှိပါဘူး) သုံးကော .... (မရှိပါဘူး) လေးကော .... (မရှိပါဘူး) ငါးကော....(မရှိပါဘူး) ခြောက်ကော....(မရှိပါဘူး) ဘ၀မှ ကြောက်စရာမရှိတော့ဘူး။

ဒါဖြင့် ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို တကာ တကာမတွေ ပေးမှသာလျှင် သောတာပန် တည်နိုင်တော့မယ်ဆိုတဲ့ဥစ္စာ သိကြားလဲ အဲဒါနဲ့ တည်တယ်ဆိုတာ ရှင်းပြတယ်....နော်၊ (မှန်ပါ့) သဘောပေါက်ကြလား....(ပါ-ပါပြီ)။

နာရီကစေ့သွားပြီ၊ နက်ဖြန်ကျမှ ဝေဒနာနုပဿနာ သင်ရအောင် ကြိုးစားကြ။

သာဓု....သာဓု....သာဓု

☆

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်တောင်း မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့ - ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော

ပပဉ္စ-တရား-၃-ပါး ချုပ်ရန်

# ဝေဒနာနုပဿနာရှုနည်း

## သက္ကပဉ္စာသုတ် အဆက်တရားတော်

(၃၁-၁-၆၁)

တကာ တကာမတို့.... အားလုံး တရားနာကြတဲ့ ပုဂ္ဂိုလ်တွေ သတိထားစရာ အချက်ကလေးတွေ ရှေ့ပိုင်းက နည်းနည်းပြောပါမယ်။

သတိထားစရာအချက်က ဘာပါလိမ့်မလဲလို့တကာတကာမ တော့က အမေးပုစ္ဆာထုတ်လို့ရှိယင်ဖြင့် ကံကောင်းလို့ အသက် ရှည်နေတယ်ဆိုတာ လူတိုင်းအဖြေထွက်ကြမှာဘဲ (မှန်ပါ့)။

ဦးခင်မောင်....ဘယ်လိုအဖြေထွက်ကြမယ်....(ကံကောင်းလို့ အသက်ရှည်တာပါဘုရား)။

ကံကောင်းလို့ အသက်ရှည်နေကြတယ်လို့ အဖြေထွက်ကြ မယ်။

ကံကောင်းတာက ဘယ်လောက်ကြာပြီလဲလို့ မေးဘို့လိုလာ တော့ တပည့်တော်တို့ နေရတဲ့အသက်နဲ့ အခုရောက်တဲ့အချိန် ရောက်အောင် ကြာရှိနေတာပါ ဘုရားလို့ အဖြေထွက်မယ် (မှန်ပါ့) သဘောကျပလား....(ကျပါတယ်)။

ကံကောင်းတာက ဘယ်လောက်ကြာပလဲ.... (ဒီအသက်နဲ့ အမျှပါဘဲ)။

ဒီအသက်နဲ့အမျှ၊ ခုရောက်တဲ့ အချိန်ရောက်အောင်ပေါ့ဗျာ (မှန်ပါ့) သဘောကျကြပလား....(ကျပါပြီ)။

အဲဒီကံကောင်းတာတွေကလဲ တကာ တကာမတွေ ဥပမာ ကလေးတခု ပြောလိုက်လို့ရှိယင် ရှင်းသွားပါလိမ့်မယ်။

ဘယ်လိုဥပမာပြောယင် ရှင်းမလဲလို့တကာ တကာမတွေက မေးလို့ရှိယင် လောကီမှာတော့ အခုအခါမှာ ဆောင်းလအခါ ကူးလာပြီ၊ ရေကန်သည် မိုးရွာတုန်းက ရေပြည့်နေတယ်၊ ခုလို နေပူလာတဲ့အခါ ဦးခင်မောင်တို့ တဖြေးဖြေး မခန်းရဘူးလား- ခန်းရသလား....(ခန်းရပါတယ်ဘုရား)။

ဘာဖြစ်လို့ ခန်းရသတုံး၊ ကန်တော့ကောင်းသွားဘဲ မိုးရွာ တုန်းက ရေပြည့်နေတာဘဲ၊ အခု ဘာဖြစ်ပါလိမ့်မတုံးဆိုတော့-

အို....နေပူလို့ တဖြေးဖြေး ခန်းရတယ်ဘုရားလို့ဆိုယင် လွဲပါ့ မလား.... (မလွဲပါဘူး) မလွဲဘူးဆိုတာ သဘောကျပြီနော်.... (မှန်ပါ့)။

အဲ-ဒီကန့်ထဲနေတဲ့ ငါးကလေးတွေဟာလဲ ရေဟာတနေ့တနေ့ ခန်းချောက် ခန်းချောက်နေတော့၊ တနေ့တနေ့ ခန်းချောက် သွားတဲ့အခါကျတော့ ငါးကဘဲ တိရစ္ဆာန်မို့ မသိယင် ရှိရမယ် ရေခန်းတာကတော့ဖြင့် ငါးသေဘို့ဘဲ ဆိုတဲ့ဥစ္စာ တကာတကာမ တွေ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား)။

ရေခန်းတာ ဘာဖြစ်ချင်လို့ပါလိမ့် အကဲခတ်စမ်း-(ငါးတွေ သေဘို့ပါ ဘုရား) ငါးသေဘို့ ဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

သို့သော် ငါးကသိပါရဲ့လားလို့ တရားတပွဲလုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မသိပါဘူးဘုရား) ငါးကတော့မသိဘူး၊ ရေကကော....(ခန်းပါတယ်ဘုရား)ရေကတော့ခန်းတယ်၊ ငါးက တော့ မသိဘူးဆိုတော့ တကာ တကာမတို့ စဉ်းစဉ်းစားစား ဂရုစိုက်ပါ၊ ဪ.... ရေကတော့ ခန်းတယ်၊ ငါးကတော့ တိရစ္ဆာန်မို့ မသိဘူး-လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ် ဘုရား)။

ရေကတော့.... (ခန်းသွားပါတယ်)၊ ငါးကတော့.... (မသိ ပါဘူး) တိရစ္ဆာန်မို့ မသိဘူးဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ဪ....ဒါဖြင့် ကုန်းပေါ်က-ကျုပ်တို့ကနေ ကြည့်ကြစို့၊ ကျုပ်တို့ ကုန်းပေါ်ကနေ ကြည့်တာပေါ့၊ ဪ....ငါးတွေ ဘုရား....နောက် မျှားမကြာမှီဘဲ ရေခန်းပြီး သကာလ စွန်တို့

သိန်းတို့ တောခွေးတို့၏ အစာ ဖြစ်ရှာ တော့မယ် ဆိုတာကော ငြင်းနေဘို့လိုသေးသလား....(မလိုပါဘူးဘုရား)။

ဘာဖြစ်လို့ ဒီဥစ္စာ ဒီလိုဖြစ်ရပါလိမ့်မလဲလို့ မေးလို့ ရှိယင် ဖြင့် တကာ တကာမတို့ ရေခန်းလို့ သူတို့၏ ခိုစရာ ကပ်စရာ ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ခိုစရာ ကပ်စရာမရှိတဲ့အတွက် အသက်ပါ ဆုံးရှုံးခြင်းသို့ မရောက်ရဘူးလား....(ရောက်ရပါတယ်ဘုရား) ရေကန်မှာမှီပြီး သကာလ နေရတာကိုးဗျ (မှန်ပါ့)။

ရေကန်က ရေခန်းတော့ ငါးသည်ကားလို့ဆိုယင် ငါး သဘောအတိုင်း နေမယ်ဆိုလို့ ဦးခင်မောင် တို့ တကာသစ် တို့ ဖြစ်ပါ့မလား....(မဖြစ်ပါဘူးဘုရား)။

ဘာမှီပြီးနေရပါလိမ့်ဗျာ....(ရေမှီပြီးနေရပါတယ်) ရေမှီပြီး နေရတယ်ဆိုတာ တကာ တကာမတွေဘဲ စဉ်းစား ပါတော့ ရေခန်းလေလေ ငါးအသက်တိုဘို့ နီးလေလေဆိုတာက အထူး သဖြင့် မသေချာလား....(သေချာပါတယ်ဘုရား)။

ထို့အတူဘဲ တကာ တကာမတွေ့ အသက်နဲ့အမျ ကံတည်း ဟူသောရေတွေက-ကျုပ်တို့ ပြုလုပ်ပစ်ခဲ့တဲ့ကံတွေက ရေတွေနဲ့ တူပါတယ်နော်၊ ဒီ ကံတွေက ယခုအခါမှာ အရင် အတိုင်းဘဲ ရှိသေးသလား-တဝက်ခန်းပြီလား ဆိုတာ တကာ တကာမတွေ ဉာဏ်နဲ့ကြည့်စမ်း....(တဝက်ခန်းပါပြီ ဘုရား)။

ဒါဖြင့် ရေခန်းလို့ရှိယင် ငါးနဲ့ တူတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ သည် တကာ တကာမတွေ အသက်ရှည်ဘို့နဲ့ တိုဘို့ ဘယ်ဟာက များပါလိမ့်....(တိုဘို့က များပါတယ်ဘုရား) တိုဘို့ကများတယ် ဆိုတာသေချာပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တိုဘ်္ဘိကများနေတဲ့အထဲမှာ ကျုပ်တို့သည် ကံတည်းဟူသော ရေတွေကဖြင့် ခန်းကုန်ပေါ့ဟာ၊ဒီ့ကဖြင့် မသိတဲ့ငါးအမိုက်သမားတွေဘဲ- ငါးမိုက်သတ္တဝါတွေလိုဘဲ ပြေးလား လွှားလား ရှာလား ဖွေလား ခင်လား မင်လား ကြင်နာလား တွေနဲ့ နေကြလို့ရှိယင်ဖြင့် ကျုပ်တို့ဟာ သေဘေးမသိတဲ့ ပုဂ္ဂိုလ်တွေလို့-ဆိုလို့ရှိယင် လွဲပါ့မလား....(မလွဲပါဘူး)။

တယ်....စဉ်းစားဘို့ ကောင်းတယ်ဆိုတာ သဘောကျကြပလား....(ကျပါပြီ)။

ဘယ်နှယ်နေကြသတုံးဆိုတော့ အသက်နဲ့အမျှ အသက်ကြီးတဲ့ပုဂ္ဂိုလ်ဟာ ကန်ရေပိုပြီးခန်းတယ်ဆိုလို့ရှိယင် လွဲပါ့မလား-(မလွဲပါဘူးဘုရား)အသက်ကြီးတဲ့ပုဂ္ဂိုလ် ဘယ်လိုဆုံးဖြတ်ချက်ချကြမယ်....(ကန်ရေပိုခန်းပါတယ်ဘုရား)။

ကန်ရေပိုခန်းတယ်ဆိုတာ အခုတရားတပွဲလုံး တကာ တကာမတွေ ခင်ဗျားတို့အတိတ်က ပြုခဲ့တဲ့ရေနက်တည်းဟူသော ကံတွေဟာ အခုအခါမှာ တနေ့တခြားဘာဖြစ်နေသလဲ စဉ်းစားစမ်းပါ၊ (ခန်းခြောက်ပါတယ်ဘုရား) ခန်းတယ်နော်....၊ (မှန်ပါ့)။

ရေခန်းတာ ဘာဖြစ်လို့တုံးလို့ မေးလို့ရှိယင် နေပူလို့ ရေခန်းရတယ်၊ ရေခန်းလို့ရှိယင် ငါးဘာဖြစ်မလဲဆိုတော့ သေခါနီးဖြစ်ဘို့ဘဲဆိုတာကော လွဲသေးသလား.... (မလွဲပါဘူးဘုရား) ရေခန်းတာ ငါးဘာဖြစ်ဘို့ပါလိမ့်....(သေခါနီးဖြစ်ဘို့ပါဘုရား) သေခါနီးဖြစ်ဘို့ပါဘဲဆိုတာ ငြင်းဘို့လိုသေးသလား.... (မလိုပါဘူး ဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ပြုလာတဲ့အတိတ်ကံတွေ ဘယ်နှယ်များ နေကြပါလိမ့် (ခန်းကုန်ပါပြီဘုရား) ခန်းလာပြီဆိုတာ သဘော ကျပလား....(ကျပါတယ်ဘုရား) အတိတ်ကံတွေ အရင်လောက် ကျန်သေးရဲ့လား.... (မကျန်ပါဘူး) ဘာဖြစ်ကုန်ကြပါလိမ့်.... (ခန်းကုန်ပါတယ်) ခန်းကုန်တော့ ကျုပ်တို့သည် ခုထက်တိုင် တိုင်ဘဲ ငါးကလေးတွေလိုဘဲ အတောင်ကလေးယက်ပြီး သကာ လ ယက်ကန် ယက်ကန်နဲ့ ရေကြောထဲ ပျော်နေလို့ရှိယင် သေ မှာ မ သိ လို့ ပျော်တဲ့အခိုက်ပါယ် ဦးခင်မောင်တို့ တကာသစ်တို့ မရောက်လား....(ရောက်ပါတယ်ဘုရား)။

ဒီမှာလဲ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ အရောင်းနဲ့ အဝယ် နဲ့ သွားလိုက်လာလိုက်နေတဲ့ပုဂ္ဂိုလ်များဟာ ကိုယ့်ကံရေခန်းတာ မသိဘဲနဲ့ ငါးပျော်-ပျော်နေတယ်ဆိုတော့ တိရစ္ဆာန်ပျော်-ပျော် နေတဲ့ အခိုက်ပါယ် ရောက်-မရောက်.... ( ရောက်ပါတယ်ဘုရား ) အဲဒါတွေစဉ်းစားစေချင်လို့ ရှေ့ပိုင်းမှာ ဒါကလေး ထည့်ပြော ပါတယ်၊ သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ကံကို အမှီပြုနေရတဲ့ ပုဂ္ဂိုလ် ကံ-ခန်းလို့ရှိယင် အသက် တမ်း ကုန်မယ်ဆိုတဲ့ဥစ္စာ ငြင်းနေဘို့ လိုသေးသလား....(မလိုပါ ဘူးဘုရား) ကံကို အမှီပြုနေတဲ့ ပုဂ္ဂိုလ်သည် တကာ တကာမတို့ ကံတည်းဟူသောရေ ခန်းလေလေ အသက်တမ်း ကုန်လေလောက် ဆိုတာကော သဘောကျကြပလား....(ကျပါတယ်ဘုရား)။

ယ ခု ကိုယ့် အ သက် နဲ့ ကိုယ့်ဟာနဲ့ ကိုယ်ဘဲ တကာ တကာ မတွေ ယှဉ်စပ်ပြီးသကာလ ကြည့်လိုက်စမ်းပါ၊ အတော် အား နည်းနေပြီဆိုတာကော မသေချာဘူးလား.... (သေချာပါတယ်

ခုအချိန်မှာ ငါးတိရစ္ဆာန်တို့ကဲ့သို့ ပျော်ချိန် ရွှင်ချိန်လားတဲ့၊ မသေရာရှာဘို့ အချိန်လားဆိုတာကို အကဲခတ်ပါ.... (မသေရာ ရှာဘို့ အချိန်ပါဘုရား)။

ကြပ်ကြပ် စဉ်းစားပါ တကာ တကာမတို့၊ မသေရာရှာဘို့ ရောက်နေတဲ့အချိန်မှာ ငါးတွေလို မသိဘဲနဲ့ ရောင်းလိုက် ဝယ်လိုက် ပြောလိုက် ဆိုလိုက် နေလိုက် ထိုင်လိုက် သွားလိုက် ရွှင်လိုက် ပြုံးလိုက်နဲ့ ဦးခင်မောင် ဒီလိုနေလို့ ရှိယင်ဖြင့် လူ့ တိရစ္ဆာန်ထဲသွင်းယင် လွဲမယ် မဟုတ်ပါဘူး .... (မဟုတ်ပါဘူး ဘုရား) သဘောပါကြလား....(ပါ-ပါတယ်)။

အဲဒါတွေ ဉာဏ်နဲ့ စဉ်းစားတော့မှ ငါတို့သည် မသေရာ ရှာဘို့အချိန်မှာ မရှာဘဲနဲ့ ငါးပျော်- ပျော်ပြီးသကာလ နေက လဲပူ ကန်ရေကလဲခန်း ငါးပျော်-ပျော်ပြီး နေလို့ရှိယင် ငါတို့ ဖြင့် ခုနကပြောခဲ့တဲ့ ငါးတွေ ကျီးတို့ စွန်တို့ သိန်းတို့ရဲ့ အစာ မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်)။

ဒီမှာလဲ ဒို့ တကာ တကာမတွေသည် အပျော်ဓါတ်နဲ့သာ နေကြမယ် ဆိုလို့ ရှိယင်ဖြင့် အပါယ်လေးပါးတည်းဟူသော ကျီးတို့ စွန်တို့ သိန်းတို့၏အစာ ဖြစ်ရလိမ့်မယ်ဆိုတာ ကိုယ့်ကိုယ် ကိုယ် ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့) သဘောကျကြပလား.... (ကျပါပြီ)။

ကဲ-တကာ တကာမတို့ ပျော်ချိန်လား၊ မသေရာရှာဘို့အချိန် ရောက်ပလားလို့ မေးလိုက်ပါတယ်.... (မသေရာရှာဘို့ အချိန် ရောက်ပါပြီဘုရား) မသေရာရှာဘို့ အချိန်ရောက်ပြီဆိုတာကိုဖြင့် ငြင်းဆန် မနေကြပါနဲ့တော့လို့ ပြောလိုက်ပါတယ်၊ (မှန်ပါ့ ဘုရား) သဘောကျကြလား....(ကျပါတယ်)။

ယခု တရားနာလာကြတာ ဘာကိစ္စလာကြပါလိမ့်မတုံးလို့ မေးလို့ရှိယင်ဖြင့် "တပည့်တော်တို့ဘုရား မသေရာ အရှာလာတာပါ"လို့ တပွဲလုံး ဆုံးဖြတ်ချက်ချကြပါ၊ (မှန်ပါ့) ဘာလုပ်လာကြတာပါလိမ့်....(မသေရာ အရှာလာတာပါဘုရား)။

ဘာဖြစ်လို့ မသေရာ အရှာလာကြပါလိမ့်မလဲလို့ အမေးထုတ်တဲ့အခါ ကျတော့မှ ကန့်ရေခန်းလို့ သေခါက နီးပါပြီ၊ သဘောကျပလား....(ကျပါတယ်ဘုရား) ကန်ရေကဘယ်နှယ်တဲ့၊ (ခန်းနေပါပြီဘုရား) ကန်ဆိုတာ အတိတ်ကံကို ဆိုပါတယ်နော်၊ (မှန်ပါ့)၊

အတိတ် ကန်ရေကခန်းတော့ တကာ့တကာမတို့ ခန္ဓာကိုယ်က အရင်လိုဘဲရှိသေးသလား....တဲ့၊ သေခါနီးတဲ့ အမူ အရာတွေ ပြနေသလား....(သေခါနီးတဲ့အမူအရာတွေ ပြနေပါတယ်)။

သေခါနီးတဲ့ အမူအရာတွေ ပြပြီးသကာလ နေတာဘောင်မှ တကာ တကာမတို့ အပျော်မပျက် အပြုံးမပျက်ဆိုလို့ရှိယင် ဦးခင်မောင် ခက်သေးတယ်လို့ ဆိုရလိမ့်မယ်.... (ဆိုရပါတယ်ဘုရား) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်) ဘာနဲ့တူနေပါလိမ့်မတုံးဆိုတော့ မသိတဲ့ ငါးပျော်- ပျော်နေတယ်ဆိုလို့ရှိယင် လွဲပါ့မလား....(မလွဲပါဘူးဘုရား)။

အဲဒါကလေးတွေကိုလဲ အိမ်ပြန်ပြီးသကာလ ဒို့ဆရာ ဘုန်းကြီးက ဘယ်လိုများ ဆုံးမလိုက်ပါလိမ့်၊ ပါးစပ်ကလေးနဲ့ ပျော်မယ်ကြံ၊ အရောင်းကလေး တိုးချဲ့မယ်ကြံ၊ အဝယ်ကလေး တိုးချဲ့မယ်ကြံ၊ အဝတ်အစားကလေး ပြည့်စုံအောင်လို့ တိုးချဲ့မယ်လို့ ကြံ တိုင်း ကြံ တိုင်း မင်းဟာက သေခါနီး နေတာ တောင်မှ တိရစ္ဆာန်မိုက် - မိုက်တုန်းဘဲလားကွလို့ ကိုယ့်ကိုယ်ကိုယ် မေး

စမ်းပါ၊ (မှန်ပါဘုရား) ဦးခင်မောင် မေးထိုက်- မမေးထိုက် (မေးထိုက်ပါတယ်ဘုရား) တကာသစ်တို့ မေးထိုက်- မမေးထိုက် (မေး ထိုက်ပါတယ် ဘုရား) သဘောကျကြလား .... (မှန်ပါ ဘုရား)။

အဲဒီတော့ တကာ တကာမတွေ တရားပွဲထဲမှာ မှတ်သွားတဲ့ ဥစ္စာ အိမ်ကျယင် စဉ်းစားမှ အဘိုး တန်ပါလိမ့်မယ် .... နော် (မှန်လှပါဘုရား)။

အိမ်ကျ စဉ်းစားတဲ့အခါကျလို့ ရှိယင် ငါတို့ သားနဲ့ ပျော် သမီးနဲ့ ပျော် အိမ်ကြောင့်ကြဖွယ် အများတွေနဲ့ အပျော်ကြီး ပျော်နေ လိုက် တဲ့ ဥစ္စာ ဘာ အ ပျော်ပါလိမ့် မတုံး မေး တော့ တိရစ္ဆာန်လို မသိလို့ သေခါနီးပျော်-ပျော်နေတာပါကလား လို့ ဆုံးဖြတ်ချက်ချလိုက်ပါ (မှန်ပါဘုရား)ဘာပျော်-ပျော်ကြ ပါလိမ့်....(သေခါနီးပျော်-ပျော်တာပါဘုရား)သေခါနီးပျော်- ပျော်တာ နွားထောင်လို့ ဦးခင်မောင် ကောင်း—မကောင်း.... (မကောင်းပါဘူးဘုရား) တကာသစ်တို့ ကောင်း—မကောင်း— (မကောင်းပါဘူးဘုရား)။

အဲဒါ သေသေချာချာ စဉ်းစားကြပါ၊ တယောက်နဲ့ တ ယောက်လဲ ဓမ္မမိတ်ဆွေချင်း ခင်ဗျား ဘာလုပ်မလို့တုံး၊ သား ကလေးကိစ္စနဲ့ဗျာ လုပ်မလို့၊ မလုပ်နဲ့ဗျ သေခါနီး ကန်ရေ တွေ ခန်းကုန်ပြီလို့ ဘုန်းကြီးက ဟောထားတယ်၊ ငါးပျော် တော့-ပျော်မနေနဲ့၊ ငါးပျော်ဆိုတာ တိရစ္ဆာန်၊ တိရစ္ဆာန် ဆိုတာ အဟိတ်ပုဂ္ဂိုလ် အဟိတ်ပုဂ္ဂိုလ်ဆိုတာ ဘာမှမသိလို့ တော်တော်ကြာ ကျီး-ငှင်းတတ္တို၏ အစာဖြစ်ရတယ်၊ သိန်း စွန်

တို့၏ အစာဖြစ်ရတယ်၊ ကျုပ်တို့အပါယ်လေးပါး အစာတွေ ဖြစ်လိမ့်မယ်ဗျ—ဆိုပြီး တယောက်တယောက်လဲ သတိပေးကြပါ၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ရေကန်ကလဲ ခန်းကာနီးနေတော့ ဒီငါးကလေးတွေဟာ တကာ တကာမတို့ သေခြင်းဆိုး သေရတော့မယ်ဆိုတာ ဦးခင်မောင်တို့ တကာသစ်တို့ ငြင်းဘို့လိုသေးသလား.... (မလိုပါဘူးဘုရား)။

ဒီမှာလဲ ကျုပ်တို့ ဒီ အတိုင်းဘဲ သားနဲ့ မယားနဲ့ ဆွေနဲ့မျိုးနဲ့ စီးပွားရှာ၊ အမျိုးမျိုးအဖုံဖုံသာ နေကြတော့မယ်ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ စဉ်းစားတာပေါ့။

တိရစ္ဆာန်ပျော်-ပျော်ပြီးသကာလ တိရစ္ဆာန်သေ-သေရလို့ရှိယင်လဲ ကိုယ်ကျိုး လှလှကြီး နည်းတော့မယ်ဆိုတဲ့ဥစ္စာ ငြင်းဘို့လိုသေးသလား....(မလိုပါဘူးဘုရား)ခုပြင်ချိန် ဆင်ချိန် ရောက်ပါပလားလို့ မေးလိုက်တယ်(ရောက်ပါပြီဘုရား)ပြင်ကြ ဆင်ကြပါတော့ လိမ်မာကြပါတော့၊ မဝေးတော့ပါဘူး ဆိုတာ သဘောပါကြပလား....(ပါ-ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒီ လောက်တောင် သတိပေးနေရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေက ရှင်းရှင်းနဲ့ ဘွင်းဘွင်းမေးလို့ ရှိယင်ဖြင့် တကာ တကာမတို့ ခင်ဗျားတို့ ကိစ္စတွေ ထောက်ပံ့လာရတာကြာပြီ၊အခု အချိန်မှာ အင်မတန်အားနည်းနေပြီလို့ ဆိုလို့ရှိယင်ဖြင့် တကာသစ်တို့ ဦးခင်မောင်တို့ လွဲပါ့မလား.... (မလွဲပါဘူးဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အခုအချိန် ဘာရှာဘို့ အချိန်လဲလို့ မေးလိုက်ပါတယ် (မသေရာရှာဘို့ပါဘုရား) မသေရာရှာဘို့ အချိန်နော်.... (မှန်ပါ)တကာ တကာမတို့ ဘယ်ကိုရောက်နေပါလိမ့်....(မသေရာရှာဘို့အချိန်ရောက်ပါပြီဘုရား)

မသေရာ ရှာဘို့အချိန် ရောက်ပါပြီဆိုတာ သတိ ထားဘို့ကောင်းတယ်၊ တကာ တကာမတွေဖြစ်စဉ်က ဘုန်းကြီးက အရင်းအချာတွေမို့ဘဲ **သတိပေးလိုက်ပါတယ်၊ သေခါနီး တွေက သေခါဝေးတွေငံ့ပြီး အလုပ်-လုပ်နေတဲ့ဥစ္စာ အတော်ဆိုးတယ်....နော်(မှန်ပါ)** သေခါနီးတွေက ဘာတဲ့.... (သေခါဝေးတွေ ငံ့နေပါတယ်)။

**သေခါဝေး ငံ့ပြီးသကာလ မအား မလပ်အောင်ဘဲ တခါတည်း စီးပွားရှာပြီးသကာလနေတဲ့ဥစ္စာဟာ အရပ်အဆိုးဆုံးဘဲ၊ မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)**သေခါနီးက ဘယ်သူ့အတွက် ရှာပေးနေရသလဲ.... (သေခါဝေးတွေအတွက် ရှာပေးနေရပါတယ်) အခု....ဟာ-မိုက်လိုက်ကြတဲ့ ဖြစ်ခြင်းမှာ မပြောပါနဲ့တော့လို့ ဆိုလို့ရှိယင် တကာသစ်တို့က နာစရာ များ ရှိသေးသလား....(မရှိပါဘူးဘုရား)။

ဘယ့်နှယ် လုပ်မလဲဘုရာ့ ဒီ သားတွေ သမီးတွေနဲ့ လို့ တကာ တကာမတွေ လက်ညှိုးမထိုးကြဘူးလား.... တပည့်တော်တို့ အလုပ်တွေ အချိုးမကျလို့ရှိယင် ဒီ သား-ဒီ သမီးတွေ ကြီးပွားရန် ကျောင်းထားရမည့်အဖြစ် အိမ်ထောင်ကျရေးတွေ အဖြစ် သူတို့လူလားမြောက်ဘို့ စရိတ်တွေ တပည့်တော်တို့ ဘယ့်နှယ်လုပ်မှာတုံးလို့ မေးခဲ့ကြယင် သေခါနီးက ပြောတာ

လား-သေခါဝေးကပြောတာလား စဉ်းစားကြည့်စမ်း....(သေခါ နီးက ပြောတာပါဘုရား)။

သေခါနီးက ဘယ်သူ့အတွက်ပြောနေတာပါလိမ့်-(သေခါ ဝေးအတွက် ပြောနေတာပါ) အို....လွဲလိုက်တဲ့ဖြစ်ခြင်း၊ ကိုယ့် အရေးတော့ ကိုယ်မသိပါကလား တကာ တကာမတို့-(မှန်ပါ ဘုရား)ဘာတုံး.... (ကိုယ့်အရေး ကိုယ်မသိပါဘုရား) ကိုယ့် အရေး ကိုယ်မသိတဲ့ပုဂ္ဂိုလ်လို့ ပြောလို့ရှိယင် လွဲပါ့မလား.... (မလွဲပါဘူးဘုရား)။

အဲဒီလောက် ကံတွေ့ အရုပ်ဆိုး အကြီးတန်နေတဲ့ စိတ္တုပ္ပါဒ် တွေကိုလဲ **သေခါနီးမှ အသေလွတ်တာရှာဘို့ အရေးကြီး ပါတယ်(မှန်ပါ့)** ဦးခင်မောင် ဘာအရေးကြီးသလဲ....(သေခါ နီးမှ အသေလွတ်တာရှာဘို့ အရေးကြီးပါတယ်ဘုရား)။

**သေခါနီးမှ အသေလွတ်ရှာဘို့ အရေးကြီးတယ်ဆိုတာ** သေတာထုံးစံဘဲလို့ ဒီလိုမယူလိုက်ပါနဲ့၊မသေရာရှိပါသေးတယ် ဆိုတာလဲ လမ်းခွဲကလေး မှတ်လိုက်ပါဦး၊(မှန်လှပါဘုရား)။

**မသေရာ ရှိသေးတယ် ဆိုတာလဲ ဘယ်လိုမှတ်ကြမယ်.... (လမ်းခွဲရှိပါသေးတယ်) လမ်းခွဲရှိသေးတယ် ဆိုတာလဲ ကျေနပ်ပါပလား.... (ကျေနပ်ပါတယ်ဘုရား)**။

ကိုင်း- ဒါဖြင့် တကာ တကာမတို့ အခုသတိပေးလိုက်တဲ့ နှစ်ချက်ကို ကန့်ဇရခန်းတော့လဲ တကာ တကာမတွေ သေခါနီး လို့ဘဲ၊ မသေအောင်ရှာပါတော့(မှန်ပါ့)တချက်နေဦး (မှန်ပါ့) သေခါနီးတွေက သေခါဝေးတွေအတွက် ဂရုစိုက်ပြီး နေတာလဲ အမှား အလွန်ကြီးတာလဲ တချက်။

ဒါကို ပြင်ကြ ဆင်ကြပါတော့ဆိုတာ နှစ်ချက်တည်း သတိပေးထားတယ်(မှန်လှပါဘုရား)ဘယ်နှစ်ချက် သတိပေးပါလိမ့်-(နှစ်ချက် သတိပေးပါတယ်ဘုရား) နှစ်ချက် သတိပေးတယ်ဆိုတာကိုလဲ လေးလေးစားစားနဲ့ တကာ တကာမတွေ မှတ်ပါ (မှန်ပါ)။

ကိုယ့်မှာ အမြဲခံနေရတွေက ဘယ့်နှယ်နေကြသလဲ.... သေခါက မနိုးလေးဘူးလား....(နိုးပါပြီဘုရား) နိုးပြန်တော့လဲဘဲ ကျုပ်တို့ ရုပ်ဝတ္တုဝါလေး ဟောဒါ နိုးနေပြီဆိုတဲ့ဥစ္စာ ပြင်းလိုသေးသလား....(မလိုပါဘူးဘုရား) ဘာရှာဘို့အချိန် ရောက်ပြီလဲ....(မသေရာရှာဘို့အချိန် ရောက်ပါပြီ ဘုရား)။

**မသေရာရှာဘို့ အချိန်ရောက်ပြီ** တကာ တကာမတို့၊ ဘာရှာဘို့ အချိန်ရောက်ပါလိမ့်-(မသေရာရှာဘို့ အချိန်ရောက်ပါပြီ) မသေရာရှာဘို့ အချိန်ရောက်ပြီဆိုတာလဲ သဘောပေါက်ပါလား....(ပါ-ပါတယ်)။

မသေရာရှာဘို့ အချိန်ရောက်တဲ့အခါမှာလဲ **သား သမီးက သေခါဝေး၊ မိဘက သေခါနီး၊** သေခါနီးက သေခါဝေး တွေအတွက် စိုးရိမ်ကြောင့်ကြပြီးသကာလ ဂရုစိုက်ပြီးသကာလ အထူးတလည် လုပ်နေတဲ့အလုပ်ဟာလဲ တကာ တကာမတွေ မိုက်ပုံတမျိုးဘဲလို့ ဆိုလို့ရှိယင်ဖြင့် လွဲပါ့မလား....(မလွဲပါဘူး ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ကိုယ့်အရေး မသိတဲ့ ပုဂ္ဂိုလ်များမှာ ဒီ နှစ်ခု ဘာမှမစဉ်းစားတော့ဘူး (မှန်ပါ) စဉ်းစားသေးရဲ့လား....(မစဉ်းစားပါဘူး)ကိုယ့်အရေး မသိတဲ့ ပုဂ္ဂိုလ်ဟာလောကတွေခြားနားနေတာကို သူစဉ်းစားမိရဲ့လား-

(မစဉ်းစားပါဘူး)လူ့ဗာလဆိုတာကော တွေးသေးရဲ့လား.... (မတွေးပါဘူး)။

ငါတော့ သေခါနီးပြီ၊ **ငါ့အရေးဟာ မသေရာရှာဘို့ အရေးသာ ငါ့ရှိတော့တယ်၊** ကျန်တဲ့ ပုဂ္ဂိုလ်တွေတော့ဖြင့် သူတို့ကံနဲ့ သူတို့ဘဲလို့ ဒီလိုထားနိုင်တဲ့ပုဂ္ဂိုလ်ကလဲ ရှာမှ ရှားလိမ့်မယ်လို့ထင်တယ် (မှန်ပါ့) ရှာမှ-မရှားပေဘူးလား....(ရှားပါတယ်ဘုရား) အဲဒါတွေကလဲ ကိုယ့်စိတ်ကူးတွေဟာ အခု ပြောခဲ့တဲ့အချက်တွေကလဲ အလွဲနဲ့ အချော်ချည်းဘဲ။

တကာ တကာမတို့ ကိုယ့်စိတ်ကူးတွေဟာ ဘာတဲ့တုန်း.... (အလွဲနဲ့အချော်ချည်းပါဘဲဘုရား) အလွဲနဲ့ အချော်ချည်းဘဲ ဆိုတာ ကြပ်ကြပ် သတိထားစမ်းပါ၊ ကိုယ့်စိတ်ကူးက ဘာပါ လိမ့် တကာ တကာမတို့....(အလွဲနဲ့ အချော်ချည်းပါဘဲဘုရား) အလွဲနဲ့ အချော်ချည်းဘဲဆိုတော့ ဘယ်ဟာများ ကောင်းတာ ပါသေးရဲ့လား....(မပါ-ပါဘူး)။

**ဘယ်ဟာမှ ကောင်းတာမပါတဲ့ အလုပ်နဲ့ အချိန်ကုန်ပြီး သကာလ နေလို့ရှိယင်ဖြင့် အသေဆိုး သေချင်လို့ဘဲလို့ ဆုံးဖြတ်ချက်ချယင်** လွဲပါ့မလား....(မလွဲပါဘူးဘုရား)။

ဒါဖြင့် အသေဆိုးနဲ့ ဇာတ်သိမ်းကြမလား တကာ တကာမ တို့ မသေရာဘဲ သွားကြမလားဆိုတာ အမေးထုတ်ပါပြီ(မသေရာဘဲ သွားပါမယ်ဘုရား) မသေရာသွားတဲ့နည်းကို ရှာဘို့အချိန် ကော ရောက်ကြပလားလို့ မေးလိုက် ပါတယ် (ရောက်ပါပြီဘုရား)အချိန်လဲ သေသေချာချာ ရောက်ပါပြီဆိုတာ ငြင်း ဆန်နေဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား)။

အချိန်ရောက်တယ်ဆိုတာ တခြားမဟုတ်ပါဘူး ကံတွေက အားနည်းလာလို့ အချိန်ရောက်ပါပြီ၊ သေခါနီးဖြစ်နေလို့ သေခါဝေးအရေးတွေ ဂရုစိုက်ဘို့အချိန်လဲ လျော့ဘို့ ရောက်ပါပြီဆိုတာလဲ ငြင်းဘို့လိုသေးသလား....(မလိုပါဘူးဘုရား)။

အဲ-ဒါကြောင့် တကာ တကာမတို့ မသေရာရှာတဲ့အလုပ်ကို ပြောကြပါစို့၊ ဘာပြောရမယ်.... (မသေရာရှာတဲ့ အလုပ်ကို ပြောရမယ်) မသေရာရှာတဲ့အလုပ်ကို ဟောတော့မယ်၊ တကာ တကာမတွေ မသေရာရှာတဲ့အလုပ်ကို သေသေချာချာ မှတ်ပြီး မသေရာရှာတဲ့အလုပ်ဟာဖြင့် ဘယ်အလုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တဏှာကုန်တဲ့ အလုပ်သည် မသေရာရှာတဲ့ အလုပ် (မှန်လှပါဘုရား)။

ဒါကလေး (နုတ်)လုပ်ပြီး မှတ်လိုက်စမ်းပါ (မှန်ပါ့) တကာ တကာမတို့ မသေရာရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်....(တဏှာကုန်တဲ့ အလုပ်ပါဘုရား)တဏှာကုန်အောင် လုပ်တဲ့အလုပ်ဘဲဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

အင်း....ဟင်....မသေရာရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့် (တဏှာကုန်အောလုပ်တဲ့ အလုပ်ပါဘုရား) ရှင်းပြီနော်(မှန်ပါ့) ဒါ-ဒီတလုံးဟာ အင်မတန် အဘိုးတန်တယ်ဆိုတာ မှတ်လိုက်စမ်းပါ(မှန်ပါ့)။

ကျုပ်ဖြင့် မသေရာရှာတာဘဲဆိုတော့ တကာတကာမတွေက မသေရာဆိုတာ နိဗ္ဗာန်ဘဲလို့ ပြောကြတာဘဲ၊တကာသစ် မပြောကြပေဘူးလား....(ပြောပါတယ်) ပြောပင် ပြောငြားသော်လဲ သူက လိုရင်းလား....တဏှာကုန်မှ သူ့ဆီ ရောက်မှာလား....(တဏှာကုန်မှ သူ့ဆီရောက်မှာပါ)။

ဲ့တဏှာကုန်မှ သူ့ဆီရောက်မှာ ဖြစ်နေသောကြောင့် မသေရာသွားတဲ့ အလုပ်သည်ကားလို့ဆိုယင် တဏှာကုန်အောင် လုပ်နိုင်တဲ့ အလုပ်သည် မသေရာသွားတဲ့အလုပ်၊ ဒိဋ္ဌိကုန်အောင် လုပ်နိုင်တဲ့ အလုပ်သည်လည်း လေးပိုင်း-တစ်ပိုင်း မသေရာသွားတဲ့ အလုပ်ဘဲဆိုယင်ကော လွဲပါ့မလား....(မလွဲပါဘူး ဘုရား)။

ဒါ့ကြောင့် ယနေ့ တကာ တကာမတို့ တဏှာသတ် ဒိဋ္ဌိသတ်တွေကို ဟောတော့မယ်ဆိုတာ သေသေချာချာ မှတ်ပါနော်....(မှန်လှပါ) ယနေ့ ဘယ်တရား ဟောမယ် ထင်ကြသလဲ....(တဏှာသတ် ဒိဋ္ဌိသတ်တွေ ဟောမှာပါဘုရား)။

တဏှာသတ်နဲ့ ဒိဋ္ဌိသတ်ကို ဟောလိမ့်မယ်နော်၊တဏှာသတ်လို့ ရှိယင်လဲ တဏှာနဲ့ ဒိဋ္ဌိက တွဲလျက်ကြီး ဖြစ်ပြီးသကာလ နေသောကြောင့် ပါသွားပါလိမ့်မယ်ဆိုတာကိုဖြင့် ရှင်းရှင်း လင်းလင်းနဲ့ဘဲ မှတ်ထားကြပါ (မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် မနေ့က သုတ်ကိုဘဲ တကာ တကာမတို့ မနေ့ကပြောခဲ့တဲ့ အချက်ကလေးကို အလုပ်စဉ်နှင့်တကွ ပြရမှာ ဖြစ်ပြီးသကာလနေတော့ သုံးရက်မြောက်လဲ ရှိပါပြီ တကာ တကာမတို့(၁)နံပါတ်ကလေးက စ,ပြီး ခင်ဗျားတို့ ဖြေရှင်းကြတာပေါ့-နော်....(မှန်ပါ့ဘုရား)။

သိကြားမင်းက ဘုရားယံ လာလျှောက်တယ်နော်....လူတွေဟာ ရောဂါ ဥပါဒ် အန္တရာယ်တွေများမှာအင်မတန်ကြောက်ကြပါတယ်ဘုရား....တဲ့၊ ထိုသို့ပင် ကြောက်ငြားသော်လဲ ရောဂါ ဥပါဒ် အန္တရာယ် များများပြီးတော့နေတာ ဘာကြောင့်ပါလိမ့်မလဲလို့ လျှောက်တော့ ဘုရားက ဘာဖြေလိုက်သလဲ....(ဣဿာ မစ္ဆရိယကြောင့်ပါ ဘုရား)။

ဪ....ဣဿာ မစ္ဆရိယကြောင့် ရောဂါ ဥပါဒ် အန္တရာယ် တွေ များတယ်လို့ ဖြေလိုက်တော့ ဒါလဲ ပြီးသွားတယ် မဟုတ် လား....(မှန်ပါ) ဒီ ဣဿာ မစ္ဆရိယ ဆိုတဲ့ တရားဟာလဲ တကာ တကာမတို့ အကြောင်းမရှိဘဲနဲ့ လာပါမလား....(မလာပါဘူး ဘုရား)။

အကြောင်းမရှိဘဲနဲ့ မလာတော့ အကြောင်းရှာကြပါစို့ ဆိုတော့ သိကြားကမေးတယ်၊ အရှင်ဘုရား ဣဿာ မစ္ဆရိယ တော့ ဘယ်ကများ လာပါလိမ့်မတုံး မေးတော့ မနေ့က ဘယ့်နှယ်ဖြေပါလိမ့်....(ချစ်ခြင်း မုန်းခြင်း ပိယာပိယ ကြောင့် ပါ) ချစ်ခြင်း မုန်းခြင်းရှိလို့ရှိယင် ဣဿာ မစ္ဆရိယလာတယ်၊ ဣဿာ မစ္ဆရိယရှိလို့ရှိယင် ရောဂါများတယ်၊ ဘေး ဥပါဒ် အန္တရာယ်တွေ များတယ် ဆိုတာကော ရိပ်မိကြပလား....(ရိပ်မိ ပါပြီ)။

ကောင်းပြီ ဒါကတိုတိုဘဲ ပြောသွားပါမယ်၊ အလုပ်စခန်း ယနေ့ သေသေချာချာ ပြရမှာ ဖြစ်နေလို့....၊ ကိုင်း....တကာ တကာမတို့ ချစ်ခြင်း မုန်းခြင်းသည် ဘယ်ကများ လာပါလိမ့် မလဲလို့ မေးလိုက်ပါတယ်....(ဆန္ဒက လာပါတယ်)။

ဆန္ဒက လာတယ်လို့ ဘုရားက သိကြားကိုဖြေလိုက်တဲ့အခါ သိကြားက ယုံမှားသံသယကင်းပါပြီဘုရားလို့ လျှောက်လိုက် တယ်၊ အကျယ်မပြောတော့ဘူး၊ အကျယ်မနေ့က ပြောပြီးပြီ နော်....(မှန်လှပါ)။

ဒီဆန္ဒက ဘယ်ကလာပါလိမ့်မတုံးလို့ အမေးထုတ်ပြန်တော့ လဲ့ ဘုရားက ဘယ့်နှယ်ဖြေလိုက်ပါလိမ့်....(ဝိတက်ကလာပါတယ်

ဘုရား) ဝိတက်က လာတယ်လို့ ဖြေလိုက်တော့ ဒါလဲ သိပြီး သွားဘဲ ထားပါတော့နော်....(မှန်ပါ့)။

ဒီဝိတက် ဘယ်က လာပါလိမ့်မတုံး ဘုရားလို့ အကျိုး အကြောင်း ဆက်ပြီးသကာလ သိကြားကမေးပြန်တော့ ဘုရားက တဏှာ မာန ဒိဋ္ဌိက လာတယ်လို့ ဖြေတော်မူတယ်၊ (မှန်ပါ့) မဖြေဘူးလား.... (ဖြေပါတယ်) ဘယ်ကလာပါလိမ့်.... (တဏှာ မာန ဒိဋ္ဌိက လာပါတယ်) တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စက လာ တယ်လို့ ဘုရားက ဖြေလိုက်တယ်....နော်၊ (မှန်ပါ့) အဲ-သုတ် မဟာဝါပါဠိတော်မှာ သက္ကပဉှာသုတ်ဆိုပြီးသကာလ ဒီအတိုင်း ဘဲ ဟောတယ်။

ကောင်းပြီ— ဒါတွေကတော့ဖြင့် တကာ တကာမတို့ သူ့ အကျိုး အကြောင်း ဆက်ပြီး သိထားတော့ တခါ သိကြားက ဆက်ပြီးသကာလ ဦးခင်မောင်တို့ တကာသစ်တို့ မေးပြန်တယ်.... နော်၊ (မှန်ပါ့)။

အရှင်ဘုရား....ဒီ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတော့ဖြင့် သဘောကျပါပြီ၊ သူက လာတယ်ဆိုတဲ့ဥစ္စာ သူ့ကြောင့် ဝိတက် ဖြစ်တယ်ဆိုတာ တပည့်တော် ကျေနပ်ပါပြီ၊ တဏှာ မာန ဒိဋ္ဌိ ချုပ်တဲ့တရား မရှိဘူးလား ဘုရား....တဲ့၊ ဦးခင်မောင် ဒါချက်ဘဲ (မှန်လှပါဘုရား)။

တကာ တကာမတွေ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့တရား မရှိဘူး လား ဘုရား၊ ချုပ်အောင် ကျင့်စရာ တရားများ မရှိဘူးလား ဘုရာ့....လို့ မေးပါတယ်၊ (မှန်ပါ့ဘုရား) မေးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာကမ္မဋ္ဌာန်း ရှု....တဲ့၊ ဘာဖြေလိုက်ပါလိမ့်....(ဝေဒနာကမ္မဋ္ဌာန်း ရှု-တဲ့)။

ကိုင်း-တကာ တကာမတို့ ယနေ့ ဘာဟောရမယ်ဆိုတာဖြင့် တရားထွက်လာပါပြီ၊ (မှန်ပါ) ဘာဟောရမလဲ.... (ဝေဒနာကမ္မဋ္ဌာန်း ဟောရပါမယ်)။

ဝေဒနာကမ္မဋ္ဌာန်း ဟောရမယ်၊ ဝေဒနာနုပဿနာ ရှုနည်းနိဿယည်းကိုဘဲ ဒီတကာ တကာမတွေ ချီးမြှောက် ထောက်ပင့်ရတော့မယ်ဆိုတဲ့ဥစ္စာဖြင့် ဘုန်းကြီးက ဟောတာလား၊ဘုရားက ဝေဒနာရှုမှ တဏှာ မာန ဒိဋ္ဌိစင်မယ်လို့ သိကြားကိုဟောတာကို ဘုန်းကြီးတို့က အကျယ်ချဲ့ပြီးသကာလ ဟောရခြင်း ပြောရခြင်း ဖြစ်ပါတယ်ဆိုတော့ ခိုင်လုံတဲ့အမိပ္ပါယ်တွေ မသေချာသေးဘူးလား . (သေချာပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ တဏှာ မာန ဒိဋ္ဌိ ဘယ်ကလာပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ တဏှာ မာန ဒိဋ္ဌိ ကုန်စေချင်လို့ရှိယင်ဖြင့် ဘယ်တရားများ ကျင့်ကြံ ကြိုးကုတ်အားထုတ်ရပါမလဲလို့ မေးလိုက်တဲ့အခါကျတော့ ဘုရားက ဘာဖြေလိုက်ပါလိမ့်.... (ဝေဒနာ ရှုပါ) ဝေဒနာကမ္မဋ္ဌာန်း ကြိုးစားရှု၊ တကာ တကာမတို့ ဘာကြိုးစားရမယ်....(ဝေဒနာ ကမ္မဋ္ဌာန်း ကြိုးစားရပါမယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဝေဒနာကမ္မဋ္ဌာန်း ကြိုးစားရမယ်ဆိုတော့ တကာ တကာမတို့ သိပါပြီ၊ အခု ဝေဒနာကမ္မဋ္ဌာန်းဘဲ ဆရာဘုန်းကြီး ဟောရတော့မယ်ဆိုတဲ့ အချိန်လဲ ရောက်ပါပြီနော်.... (မှန်လှပါဘုရား)။

ဝေဒနာကမ္မဋ္ဌာန်းကို တကာ တကာမတို့ ပြတော့မယ် သတိထားပါ၊ သောမနဿ ဝေဒနာက နှစ်မျိုး၊ သောမနဿဝေဒနာက ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား)။

ဒေါမနဿဝေဒနာကလဲ နှစ်မျိုးဘဲလို့ မှတ်ထားလိုက်စမ်းပါ။

ဥပေက္ခာဝေဒနာကကော.... နှစ်မျိုးဘဲလို့ မှတ်ထားလိုက်စမ်းပါ တကာ တကာမတို့။

ကိုင်း-ဒါအားထုတ်ရမည့်တရား ဖြစ်သောကြောင့် အသေကိုလွတ်အောင်လုပ်ရမည့်တရားက တဏှာသတ်မှ အသေလွတ်မှာဖြစ်လို့ "ဝေဒနာ ပစ္စယာ တဏှာ" ဆိုတော့ ဝေဒနာမှ မသတ်ယင်လဲ အားလုံး တရားတပွဲလုံး တကာ တကာမတို့ တဏှာသေပါ့မလား.... (မသေပါဘူးဘုရား) ဝေဒနာ ပစ္စယာ.... (တဏှာပါဘုရား) ဟော—ဝေဒနာသာရှိယင် တဏှာလာမယ်တဲ့၊ သေချာကြပလား....(သေချာပါတယ်) ကိုင်း-ဘုရားကဘဲ ဟောလိုက်တယ်၊ ဝေဒနာ နိရောဓာ.... (တဏှာ နိရောဓောပါဘုရား)။

ဪ....ဒါဖြင့် တကာ တကာမတို့ ခုနကပြောခဲ့တဲ့ ဆရာဘုန်းကြီး ပြောဆိုခဲ့တဲ့ စကားအတိုင်း နိဗ္ဗာန်လိုချင်ယင် တဏှာသတ်မှ ရမကူဆိုတဲ့ ဥစ္စာသည် ဪ....ဒီဝေဒနာကို မရှုလို့ရှိယင် တဏှာကဖြင့် ဘယ်နည်းနှင့်မှ မသေဘူး၊ ဝေဒနာ ဝင်တိုင်းသာသာ ယာ နေကြမယ် ဆိုယင် ဝေဒနာ ပစ္စယာ ဘာလာမယ်.... (တဏှာ လာပါမယ်)။

ကောင်းပြီ ဝေဒနာကို ကျုပ်တို့က ဝိပဿနာရှုကြပါစို့ ဆိုတော့ ဝေဒနာ နိရောဓာ....(တဏှာ နိရောဓောပါဘုရား) ဪ...."ဝေဒနာနိရောဓာ တဏှာနိရောဓော"ဆိုတော့ တဏှာသေချင်ယင် ဝေဒနာရှု၊ ရှင်းကြပလား....(ရှင်းပါပြီ) တဏှာသေချင်ယင်.... (ဝေဒနာ ရှုရပါမယ်ဘုရား) ဝေဒနာ ရှုရမယ်

ဆိုတာ တဏှာ တကာမတို့ သဘောအထူးပါကြပလား.... (ပါ-ပါတယ်)။

သို့သော် သက္ကပဥှသုတ်မှာ ဟောတော်မူတဲ့ ဝေဒနာသည် သောမနဿ ဝေဒနာကလဲ နှစ်မျိုး၊ (မှန်ပါ့) ဒေါမနဿ ဝေဒနာ ကော.... (နှစ်မျိုးပါဘုရား) ဥပေက္ခာ ဝေဒနာကော.... (နှစ်မျိုးပါဘုရား) နှစ်မျိုးလို့ မှတ်ထားစမ်းပါ တကာ တကာမတို့ (မှန်ပါ့) ဝေဒနာ ဘယ်နှစ်မျိုးစီ ရှိပါလိမ့်.... (နှစ်မျိုးစီ ရှိပါတယ်ဘုရား)။

နှစ်မျိုးစီ ရှိပြီးသကာလနေတော့ ဒီဝေဒနာတွေကို တကာ တကာမတွေ ဗျေးတုန်းက ဘုန်းကြီးပြောခဲ့တာက သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာ ဝေဒနာလို့ ဝေဒနာ သုံးမျိုးတည်းဘဲ ဟောခဲ့တယ်နော်....(မှန်ပါ့)။

ဒီသက္ကပဥှသုတ် ကျပြန်တော့လဲ ခြောက်မျိုးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောပြန်တယ်၊ ဝေဒနာတော့ စုလိုက်တဲ့အခါကျတော့ သုခ ဒုက္ခ ဥပေက္ခာဘဲ ရှိပါတယ်၊ (မှန်ပါ့) ဦးခင်မောင် ဘာရှိသတုံး....(သုခ ဒုက္ခ ဥပေက္ခာဘဲ ရှိပါတယ်) ပေါင်းလိုက်တော့ သုခ ဒုက္ခ ဥပေက္ခာဘဲရှိပါတယ်။

သို့သော်လဲ သုခနဲ့ သောမနဿ အတူတူထားလိုက်၊ အဲဒီတော့ သောမနဿ ဝေဒနာကလဲ နှစ်မျိုးကွလို့ ဘုရားက ဒီနေရာ ဟောထားတယ်၊ (မှန်လှပါ) ဒေါမနဿဝေဒနာကကော (နှစ်မျိုးပါဘုရား) ဥပေက္ခာ ဝေဒနာကကော.... (နှစ်မျိုးပါဘုရား)။

ကောင်းပြီတဲ့၊ ဝေဒနာ အခုပြထားတော့ သောမနဿက နှစ်မျိုး၊ ဒေါမနဿက နှစ်မျိုး၊ ဥပေက္ခာက နှစ်မျိုးဆိုတော့

တကာ တကာမတို့ ခြောက်မျိုး မနေ ဘူး လား.... (မှန်ပါ) ခြောက်မျိုး ပေမဲ့ သောမနဿ ဆိုတော့ သောမနဿချင်း အတူတူပါဘဲ၊ ဒေါမနဿချင်းကကော-(အတူတူပါဘဲ) ဥပေက္ခာချင်းကကော.... (အတူတူပါဘဲ) အတူတူပါဘဲ....တဲ့၊ သို့သော် ဘယ်နှယ်ကြောင့် မြတ်စွာဘုရားသည် ဤနေရာမှာ သောမနဿနှစ်မျိုး၊ ဒေါမနဿ နှစ်မျိုး၊ ဥပေက္ခာနှစ်မျိုးထားပြီး ဟောပါလိမ့်မလဲလို့ ဆိုတဲ့ဥစ္စာက တကာ တကာမတို့ ယနေ့ ရှင်းပြပါတော့မယ်၊ (မှန်လှပါ)။

သောမနဿက ခင်ဗျားတို့ အပါယ်ကျစေတတ်တဲ့ သောမနဿက တမျိုး၊ သဘောကျပလား....(ကျပါပြီ) အပါယ် ကျစေတတ်တဲ့ သောမနဿက တမျိုးပါ၊ အပါယ်မကျစေတတ်တဲ့ သောမနဿက....(တမျိုးပါ)။

ဩော်....ဒါကြောင့် နှစ်မျိုး ပြားလာတာကိုး၊ (မှန်လှပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)သောမနဿက အပါယ်ကျစေတတ်တဲ့ (သောမနဿ တမျိုး) အပါယ်မကျစေတတ်တဲ့.... (သောမနဿ တမျိုး) ဘယ်နှစ်မျိုးရှိသွားပြီလဲ (နှစ်မျိုးပါဘုရား)။

ကဲ-ဒါဖြင့် ဒေါမနဿကလဲ တခါလုပ်ကြဦးစို့၊ အပါယ် ကျစေတတ်တဲ့ ဒေါမနဿက.... (တမျိုးပါ) အပါယ် မကျစေ တတ်တဲ့ ဒေါမနဿက....(တမျိုးပါဘုရား)။

ဖြုန်းကနဲဆိုတော့ နားထဲမှာ ဆန်းသွားတယ်၊ (မှန်ပါ) ဒေါမနဿဆိုယင် အပါယ်ကျတာချည်းဘဲလို့ ဒီလိုလဲ မှတ်ရင် မှတ်လိမ့်မယ်....နော်၊ နောက်ရှင်းပြပါမယ်....တဲ့၊ ဒါ သေသေ ချာချာသာ မှတ်ကြပါ၊ ဖြစ်ကောင်းတဲ့ ဒေါမနဿ ရှိပါ တယ်၊ (မှန်ပါ)။

ဥပေက္ခာကလဲ တကာ တကာမတွေ ဒီအတိုင်းဘဲ အပါယ်ကျစေတတ်တဲ့ ဥပေက္ခာ တမျိုး၊ အပါယ်မကျစေတတ်တဲ့.... (ဥပေက္ခာတမျိုးပါဘုရား) ဒါသေသေချာချာ မှတ်ပါ၊ဒီ တရားကို ယနေ့မှဘဲ စပြီး အရင် တကာ တကာမတွေ နာနေတဲ့ တရားနဲ့ ပြောင်.... ဒါ သက္ကပဥ္စာသုတ်မှာ ဟောပြန်လို့ ခွဲလာတာကိုးလို့ ဆိုတာ တကာသစ်တို့ ဦးခင်မောင်တို့ တရားတပွဲလုံး မှတ်ကြစမ်းပါ၊ (မှန်ပါဘုရား)။

ကောင်းပြီ ပြန်မေးရမယ် တကာ တကာမတို့၊ ခင်ဗျားတို့ မသေရရှာတာ ဒိဝေဒနာတွေနဲ့ ရှာရမှာဖြစ်နေတော့ ဒီအားလုံးမှာ ဝေဒနာချည်းပါဘဲနော် .... (မှန်လှပါဘုရား) အဲဒီဝေဒနာတွေကို တကာ တကာမတွေက သောမနဿဝေဒနာကတော့ ဘယ်နှစ်မျိုးပါလိမ့်... (နှစ်မျိုးပါဘုရား) အပါယ်ကျစေတတ်တာ....(တမျိုးပါဘုရား) အပါယ်မကျစေတတ်တာ.... (တမျိုးပါဘုရား)။

သောမနဿကလဲ....(နှစ်မျိုး ပါဘုရား) အပါယ်ကျစေတတ်တာ.... (တ မျိုး ပါ ဘုရား) အပါယ်မကျစေတတ်တာ.... (တမျိုးပါဘုရား)ဥပေက္ခာကလဲ....(နှစ်မျိုးပါဘဲဘုရား)အပါယ်ကျစေတတ်တာက.... (တမျိုးပါဘုရား) အပါယ် မကျစေတတ်တာက....(တမျိုးပါဘုရား) ဒီလိုကြည့်ပါ၊ သိကြားရတဲ့ဝေဒနာကို ဒီလိုခွဲတယ်၊ သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဝေဒနာ ဘယ်ဘက် လှည့်နေသလဲ၊ သောမနဿပေမဲ့လဲ အပါယ်ကျတဲ့ သောမနဿ၊ အပါယ်မကျတဲ့သောမနဿ။

ဒေါမနဿကလဲ အပါယ်ကျတဲ့ဒေါမနဿ၊ အပါယ်မကျတဲ့ ဒေါမနဿဆိုတော့ ဦးခင်မောင်တို့ နားထဲတော့ ခပ်ဆန်းဆန်း

ဖြစ်ချင်လဲ ဖြစ်သွားမယ်၊ (မှန်ပါ့) ဓဒါမနသာဆို အပါယ်သွား တာချည်းဘဲကွ၊ ဒီလိုယူလဲ့ ယူပစ်ကြလိမ့်မယ်....နော်၊ (မှန်ပါ့) ဒီလိုမယူနဲ့....တဲ့။

ဥပေက္ခာ ထဲ က လဲ အပါယ်ကျစေတတ်တဲ့ ဥပေက္ခာနော်၊ (မှန်ပါ့)အပါယ်မကျစေတတ်တဲ့(ဥပေက္ခာ) ဒီလိုမရှိပေဘူးလား (ရှိပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ယနေ့ရှင်းပြီးသကာလ ပြပါတော့မယ်၊ ဒီ သောမနဿက တကာ တကာမတွေ စဉ်းစား ကြည့်စမ်း၊ ချောချော လှလှ ယဉ်ယဉ် ကျေးကျေး နူးနူး ညံ့ညံ့ကလေးတွေ ကိုင်ရ တွယ်ရ မြင်ရတဲ့အခါကျတော့ လို ချင် တဲ့ သော မ နဿ မလာဘူးလား .... (လာပါတယ် ဘုရား) လောဘ သောမနဿ မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီ သောမနဿမျိုးကျတော့ ဘယ်လိုဆုံးဖြတ်ချက် ချပါ့ မတုံးဆိုတော့ လိုချင်တဲ့ သောမနဿဖြစ်နေတော့ ဒါ တဏှာ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) တဏှာလာလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဆက်ကြပေတော့ ဥပါဒါန် ကံ ဇာတိ ဇရာမရဏ မလာပေဘူးလား .... (လာပါတယ်ဘုရား) ဇာတိ ဇရာမရဏ ဆိုတော့ အပါယ်ဇာတိ ဇရာမရဏဘဲ ထားလိုက်ပါတော့ တကာ တကာမတို့။

ဩော်....ဒီ သောမနဿမျိုးကျတော့ လောဘ သောမနဿ မျိုးကျတော့ အပါယ်ကျစေတတ်တဲ့ သောမနဿမျိုး၊ ရှင်းကြ ပလား....(ရှင်းပါပြီ) ဒါအပါယ်ကျစေတတ်တဲ့ သောမနဿမျိုး ဆိုတာ တကာ တကာမတွေ ရှင်းပလား....(ရှင်းပါပြီ)။

ပြန်ပြောပါဦးမယ်၊ ဒါကလေး ရှင်းသွားအောင်နော်.... (မှန်ပါ့) ကိုင်း – အပါယ်ကျစေတတ်တဲ့ သောမနဿတမျိုး၊ အပါယ်မကျစေတတ်တဲ့ သောမနဿ တမျိုးရယ်လို့ နှစ်မျိုး ဘုရားကဟောထားတဲ့ဥစ္စာ အပါယ်ကျစေတတ်တာက ဘာပါ လိမ့်မလဲလို့ တကာ တကာမတွေ ရှင်းလင်းပြီး ပြရလို့ ရှိယင်ဖြင့် သိကြားကို ဘုရားရှင်းပေးတဲ့အတိုင်း ဘုန်းကြီး ရှင်းပေးနေတယ် ဆိုတာကိုလဲ တကာသစ်တို့ ဦးခင်မောင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား)။

အပါယ်ကျစေတတ်တဲ့ သောမနဿက တခုသော အာရုံကို (စိန်ကလေး ကျောက်ကလေး မြကလေး တိုက်ကလေး ကား ကလေး အစရှိသည်) မြင်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီပုံကလေး သဘောကျလိုက်တာ၊ ဒါကလေး ရချင်လိုက်တာဆိုတော့ ဝမ်း မြောက် ဝမ်းသာနဲ့ဘဲ ဦးခင်မောင် ရချင်တယ်ဆိုတာ ငြင်းဘို လိုသေးသလား.... (မလိုပါဘူးဘုရား) ဒါဘာသောမနဿလို့ ဆိုမတုံး.... (လောဘ သောမနဿပါ)။

လောဘ သောမနဿဆိုတော့ လောဘက တွဲမနေဘူးလား (တွဲနေပါတယ်) လောဘဆိုတာ တဏှာဘဲ မဟုတ်လား-(တဏှာ ပါဘုရား) အဲ....တဏှာ ပစ္စယာ.... (ဥပါဒါန်ပါဘုရား) ဥပါဒါန် ဖြစ်သွားပြီနော်၊ (မှန်ပါ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝပါ) ကမ္မဘဝပစ္စယာ....(ဇာတိပါ) ဇာတိပစ္စယာ....(ဇရာမရဏပါ)။

ဇရာ မရဏတွေဆိုတော့ တကာ တကာမတွေ ယဉ်ကျေးပြီး သားတွေ ဖြစ်နေတော့ ဒီသောမနဿဖြစ်ကောင်း-မဖြစ်ကောင်း (မဖြစ်ကောင်းပါဘူးဘုရား) ရှင်းပလား-(ရှင်းပါပြီ) ဒီ သော မနဿ သည် ကား လို့ ဆို ယင် အပါယ် ကျမှာ ဖြစ်လေသော

ကြောင့် ဖြစ်ကောင်းပါရဲ့လား....(မဖြစ်ကောင်းပါဘူး)ရှင်းပြီ နော်-(ရှင်းပါပြီ)။

ဪ....ဒါဖြင့် အပါယ်မကျစေတတ်တဲ့ သောမနဿ၊နိဗ္ဗာန် ဆောက်စေတတ်တဲ့ သောမနဿကျလာတော့လဲ တကာ တကာ မတို့ ဒီလိုလုပ်ကြစို့၊ အာရုံကလေးတခု မြင်လိုက်တယ်၊မြင်လိုက် သည်နဲ့ တပြိုင်နက်ထည်း တကာ တကာမတို့ အာရုံတခုကို ဒီ တရားဓမ္မ အားထုတ်လိုက်တဲ့အခါကျလို့ရှိယင် တရားဓမ္မတွေ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဖြစ်စေ ရုပ်ဖြစ်စေ စိတ်ဖြစ်စေ တကာ တကာမတွေကို ဘုန်းကြီးသင်ထားတာက **ဖြစ်ပြီးပျက်တယ်လို့** ရှုပါလို့ သင်မထားဘူးလား-(သင်ထားပါတယ်ဘုရား)။

အဲဒါကလေးတချက် မိလိုက်တဲ့အခါကျတော့လဲ ဝမ်းမသာ ဘူးလား- (ဝမ်းသာပါတယ်ဘုရား) ဟာ—ဖြစ်ပျက်တချက်တော့ မိပြီ ဖြစ်ပျက်အနိစ္စတချက်တော့မိပြီဆိုတော့ ဝမ်းမသာဘူးလား (သာပါတယ်ဘုရား) အဲဒီ ဝမ်းသာတာမျိုးကျတော့ ဝိပဿနာ နဲ့ ဝမ်းသာတာ ဖြစ်နေသောကြောင့် တကာသစ်တို့ ဦးခင် မောင်တို့ ဖြစ်ကောင်းတဲ့သောမနဿ (မှန်လှပါဘုရား)သဘော ကျပလား-(ကျပါပြီ)။

ဒါက ဝိပဿနာအလုပ်-လုပ်မှ ဖြစ်မှာပါကလား....(မှန်ပါ ဘုရား) တကာ တကာမတွေ ဘယ်လိုမှ ဖြစ်မှာပါလိမ့်.... (ဝိပဿနာ အလုပ်-လုပ်မှ ဖြစ်မှာပါဘုရား) အလုပ်-လုပ်မှဖြစ် မှာဘဲဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ခုနက ကောင်းစားတာနဲ့ ဒီ ကောင်းစားတာနဲ့ မခြားနားဘူးလား....(ခြားနားပါတယ်ဘုရား) ဒါဖြင့် လိုချင် ရချင်တဲ့ သောမနဿက ပဋိစ္စသမုပ္ပါဒ်ဆက်တယ် (မှန်ပါ)

တရားအားထုတ်လို့ ဖမ်းမြှောက်တဲ့ သောမနဿမျိုး ကျလာတဲ့အခါကျလို့ရှိယင် တရားကိုမြင်လိုက်လို့ ဝမ်းမြှောက်ပြီး သကာလ ဩော်....ဖြစ်ပျက်ကလေးတွေ မြင်ရတာ အနိဋ္ဌရှိလို့ အနိဋ္ဌသိရတာ ဝမ်းမသာဘူးလား....(ဝမ်းသာပါတယ် ဘုရား)။

အနိဋ္ဌရှိ၍ အနိဋ္ဌသိရတာ ဝမ်းသာတဲ့အခါကျလို့ရှိယင်ဖြင့် ဒီဝမ်းသာလုံးကျတော့ တကာ တကာမတွေ ဘယ်နည်းနဲ့ သူ-အပါယ်သွားဦးမလဲ-(မသွားပါဘူး)တရားထဲမျှား ဖြစ်ပျက်ကလေးတွေမြင်လို့ ဖြစ်ပျက်ကလေးတွေ မှန်းတဲ့ဉာဏ်ကလေးတွေရလို့ အဖြစ်အပျက် အဆုံးကလေးတွေမြင်လိုက်လို့ ဝမ်းသာတာကော မရှိဘူးလား....(ရှိပါတယ်ဘုရား) အဲဒီ ဝမ်းသာတာကလဲ သောမနဿဘဲမဟုတ်လား.... (မှန်ပါ)ဒီ သောမနဿကလေးကျတော့ တကာ တကာမတို့ ဖြစ်ကောင်းပါတယ်၊ (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သောမနဿမှာ ဘယ်နှစ်မျိုးထားပါလိမ့်ဘုရားက.... (နှစ်မျိုးထားပါတယ်ဘုရား) ဖြစ်ကောင်းတဲ့ သောမနဿ.... (တမျိုးပါဘုရား) မဖြစ်ကောင်းတဲ့ သောမနဿ....(တမျိုးပါဘုရား) နှစ်မျိုးနော်(မှန်ပါ)သောမနဿ ဘယ်နှစ်မျိုးရှိပါလိမ့်-(နှစ်မျိုးပါဘုရား)ဖြစ်ကောင်းတဲ့ သောမနဿက-(တမျိုးပါ)။ မဖြစ်ကောင်းတဲ့.... (သောမနဿ တမျိုးပါ)။

ဒါဖြင့် ဝိပဿနာမရှုဘဲနဲ့ လိုချင်ရချင်တဲ့သောမနဿ ကျတော့ ဘယ်နှယ်ဆိုကြပါမယ်.... (မဖြစ်ကောင်းတဲ့သောမနဿပါ) မဖြစ်ကောင်းတဲ့ သောမနဿ၊ အဘယ့်ကြောင့် မဖြစ်ကောင်းသတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်သောကြောင့်(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)ဘယ့်နှယ်

ကြောင့် မဖြစ်ကောင်းပါလိမ့်....(ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်သောကြောင့်ပါ)ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သောကြောင့်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဖြစ်ကောင်းတဲ့ သောမနဿကဖော့ တကာ တကာမတွေ တရားကလေးအားထုတ်လို့ အနိစ္စကလေးမြင်တဲ့အတွက် ဝမ်းသာ၊ ဒုက္ခကလေး မြင်တဲ့အတွက် ဝမ်းသာ၊ အနတ္တာ မြင်တဲ့အတွက် ဝမ်းသာပြီးသကာလ ဒုက္ခအဆုံးကလေးများ မြင်လိုက်လို့ ဝမ်းသာရတဲ့အခါကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဝမ်းထဲမှာ အေးချမ်းပြီးသကာလ စိတ်ထဲမှာ ဝမ်းမြောက်လို့မဆုံး ဖြစ်နေတဲ့အခါကော မရှိဘူးလား....(ရှိပါတယ်ဘုရား) အရင်က မတွေ့ဘူးတဲ့အာရုံ၊ တသံသရာလုံးက အနိစ္စမမြင်ဘူး၊ ဒီအနိစ္စတွေ မြင်ရလို့ ဝမ်းသာလိုက်တာ ဆိုတာမျိုး ကျတော့လဲ ဒီဝမ်းသာလုံးကလေးက ဖြစ်ကောင်း-မဖြစ်ကောင်း....(ဖြစ်ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် ဖြစ်ကောင်းပါလိမ့် မလဲလို့ တကာ တကာမတွေက အမေးထုတ်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ သောမနဿ ဖြစ်သောကြောင့် ဘုရားက ဖြစ်ကောင်းတယ်-တဲ့၊ သောမနဿ ဘယ်နှစ်မျိုးပါလိမ့်-(နှစ်မျိုးပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီဒါဖြင့် ဝိပဿနာရှုပုံကိုတော့ နောက်မှပြောကြပါစို့၊ဒီ ခြောက်ခုကို ဘုရားဟောတဲ့အတိုင်း နည်းနည်းကလေးရှင်းပေးပါဦးမယ်....နော်(မှန်ပါ)။

ဒေါမနဿကလဲ တကာ တကာမတို မဖြစ်ကောင်းတဲ့ ဒေါမနဿ တမျိုး၊ ဖြစ်ကောင်းတဲ့ ဒေါမနဿ (တမျိုးပါ) ရှင်းပလား....(ရှင်းပါပြီ) ဒေါမနဿကလဲဘာတဲ့.... (နှစ်မျိုး ပါဘဲဘုရား)ဖြစ်ကောင်းတဲ့-(ဒေါမနဿတမျိုး) မဖြစ်ကောင်း တဲ့-(ဒေါမနဿတမျိုး)။

ဩော်-ဒေါမနဿပေမဲ့ ဦးခင်မောင်ရေ ဖြစ်ကောင်း-မဖြစ် ကောင်း ရှိပါသေးလား-(မှန်ပါ့) ဖြစ်ကောင်း မဖြစ်ကောင်း ရှိသေးတယ် ဆိုတာ တကာ တကာမတွေ ကျေကျေ နပ်နပ် သဘောကျပလား-(ကျပါပြီ)။

ကိုင်း-ဒီ ဒေါမနဿ မဖြစ်ကောင်းတာကတော့ ဒီ ဘက်က နေပြီးသကာလ ကိုယ်နဲ့မတည့်တဲ့ပုဂ္ဂိုလ် မြင်လိုက်တဲ့အခါ ကျ လို့ရှိယင်ဖြင့် မျက်နှာကလေး ရမ်းသွားလိုက် မျက်စိကလေး ပါးကလေး ရမ်းပြီးသကာလ ကျောပေးနေလိုက်-ဆိုတော့ ဒါဟာ ဖြစ်ကောင်း-မဖြစ်ကောင်း စဉ်းစားစမ်းပါ (မဖြစ် ကောင်းပါဘုရား)။

အဲဒီဒေါမနဿကျတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ သင်္ခါရ အနေနဲ့ ပဋိစ္စသမုပ္ပါဒ် ဆက် မဆက်(ဆက်ပါတယ်ဘုရား) ဒါဖြစ်ကောင်း-မဖြစ်ကောင်း- (မဖြစ်ကောင်းပါဘုရား) မဖြစ်ကောင်းတဲ့ ဒေါမနဿဆိုတာ ကျေနပ်ပလား-(ကျေနပ်ပါတယ်)။

ကောင်းပြီ ဖြစ်ကောင်းတဲ့ ဒေါမနဿကို ဘုန်းကြီးရှင်းပါ တော့မယ်၊ ရှင်းပေးမယ်၊ မဖြစ်ကောင်းတာကတော့ လူတိုင်း သိပြီးသားဆိုကြပါစို့-နော်(မှန်ပါ့)

ဖြစ်ကောင်းတဲ့ ဒေါမနဿကတော့ တကာ တကာမတွေက အင်း–ဟင်–ငါတို့သည် အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပန်တည်ဘို့ အလုပ်ကို ငါတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပျက်တွေရှုပြီးသကာလနေတယ်၊ မြင်ကို မမြင်နိုင်သေးဘူး၊ ဘုရားကလဲ ဟောထားတာ ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်၊ ဖြစ်ပျက်မှုန်းဘို့ အရေးကြီးတယ်၊ ထိုဖြစ်ပျက်လှန်ဘို့ အရေး ကြီးတယ်လို့ ဟောထားပါတယ်၊ ငါမှာတော့ မမြင်ဘူး၊ ခက် လေခြင်း–ဆိုတော့ ဒါလဲ ဘာခေါ်ကြမလဲ– (ဒေါမနဿပါ) ဒေါမနဿဘဲ(မှန်ပါ) ဒီ ဒေါမနဿမျိုးကျတော့ ဖြစ်ကောင်း တယ်(မှန်ပါ) တကာ တကာမတို့ ဘယ့်နှယ်ဆိုကြမယ်– (ဖြစ် ကောင်းပါတယ်ဘုရား)။

အဲ–ဒြော်–အပါယ်လေးပါး တံခါးပိတ်တဲ့အလုပ်ကြီး လုပ် နေတာ အပါယ်လေးပါး တံခါးပိတ်ကြောင်းကိုဘဲ ငါတို့သည် ကားလို့ဆိုယင် မမြင်သေးဘူး၊ အနိစ္စ မမြင်သေးဘူး၊ ဖြစ်ပျက် မမြင်သေးဘူး၊ ခက်လိုက်တာဆိုတဲ့ တခါတလေ မလာကြဘူး လား– (လာပါတယ်ဘုရား) အဲဒီ ဒေါမနဿမျိုးကျတော့ ဘယ့်နှယ်ဆိုကြမယ်– (ဖြစ်ကောင်းပါတယ် ဘုရား)။ ရှင်းကြ ပလား–(ရှင်းပါပြီ)။

ဒါဖြင့် ဒေါမနဿ ဘယ်နှစ်မျိုးထားကြမယ်––(နှစ်မျိုးပါ ဘုရား)ဖြစ်ကောင်းတဲ့.... (ဒေါမနဿတမျိုးပါဘုရား) မဖြစ် ကောင်းတဲ့(ဒေါမနဿတမျိုးပါဘုရား)ရှင်းပြီနော် (ရှင်းပါပြီ) အဲဒါသည်ကားလို့ ဆိုလို့ပြယင်ဖြင့်တဲ့–အာဠကထာဆရာကဝတ္ထု ထုတ်ပြီးသကာလ ပြတာကလေးကို နည်းနည်းမှတ်လိုက်ကြလာ ပေါ့နော်–(မှန်ပါ)။

ဘုရားလက်ထက်က ဟို–မဟာသိဝ ကိုယ်တော်ကြီးဆိုတာ ရှိတယ်နော်-မဟာသိဝကိုယ်တော်ကြီးဆိုတာက တကာ့ တကာမ တို့ အင်မတန် စာပေကျမ်းဂန်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ကြီးလို့ မှတ်ထားလိုက်စမ်းပါ(မှန်ပါ့)ဖြစ်ကောင်းတဲ့ ဒေါမနဿဝတ္ထု ကို ထုတ်ပြတယ်(မှန်ပါ့)။

ဖြစ်ကောင်းတဲ့ ဒေါမနဿဝတ္ထုကိုတကာတကာမတွေ တိုတို ကလေး မှတ်ကြရအောင်–နော်(မှန်ပါ့)။

မဟာသိဝ ကိုယ်တော်ကြီးသည်ကားလို့ဆိုယင် ကျောင်း ပေါင်း ငါးရာလောက် စာချနေတဲ့ ပုဂ္ဂိုလ်ကြီးပါဘဲ အင်မတန် စာပေကျန်းဂန် တတ်ကျွမ်းတယ်(မှန်ပါ့)။

သူ့တပည့်တွေက တောတွင်းမှာ ရဟန္တာဖြစ်ပြီးသကာလ နေကြလို့ တရား ကျင့်ကြံ-ကြိုးကုတ် အားထုတ်တာနဲ့ တပည့် တွေက အဘိညာဏ်ပါ ရတာနဲ့ ငါတို့ဆရာကြီးဟာ ရဟန်းကိစ္စ ပြီးလေပလား-ရဟန္တာဖြစ်လေပလားလို့ သူတို့က အဘိညာဏ်နဲ့ ကြည့်လိုက်တယ်နော်....(မှန်ပါ့)။

ထိုကဲ့သို့ အဘိညာဏ်နဲ့ ကြည့်တဲ့အခါကျတော့မှ ဘာမှ မဟုတ်သေးပါလားလို့ဆိုတာ သွားမြင်ကြတယ်....နော်(မှန်ပါ့) ဒါနဲ့ တောထဲကနေပြီး ရဟန္တာမထေရ်က ကောင်းကင်ကနေပြီး ကြွလာတယ် ဦးခင်မောင်ရေ့ (မှန်လှပါ) ကြွလာပြီးတော့ သူ့ ရှေ့မှာဘဲ ဝတ်ချ၊ ဝတ်ချပြီးသကာလ ငါ့ရှင် ဘာလုပ်လာ သတုံးလို့မေးတော့ အနုမောဒနာ တရားကလေးတပုဒ် လိုချင် လို့ပါဘုရားလို့ လျှောက်လိုက်တယ်၊ ဟ....ငါ့တပည့်ရ ငါ့မှာ အချိန်အား မရှိဘူးလို့ အမိန့်ရှိတယ်။

ဒါဖြင့် ဘုရား....ဆွမ်းခံသွားမည့်အချိန် ဆွမ်းခံမထွက်ခင် ကလေး သပိတ်ကလေး ဘာကလေးပိုက်ပြီး ခဏရပ်တဲ့အချိန် ကလေးမှာ မေးပါရစေ၊ဒီလိုလျှောက်တော့ ဒီအချိန်မှာလဲ မရဘူး မအားဘူးလို့ ပြောလိုက်တယ်။

ဒါဖြင့် အိပ်ရာမှ ထ-ထခြင်းကော မရဘူးလားဘုရားလို့ လျှောက်ပြန်တော့ မရဘူးကွ၊ ဒီအချိန်မှာလဲ သုတ္တန်ဆောင် ပုဂ္ဂိုလ် အဘိဓမ္မာဆောင်ပုဂ္ဂိုလ်တွေက သူ့အချိန်နဲ့သူ ပေးထားလို့ အချိန်တွေ စေ့နေတယ်ကွ၊ဘယ်အချိန်မှ မေးချိန်ကို မရနိုင်ဘူးလို့ ပြန်ပြောတယ်၊ တကာသစ်ရေ အချိန်တွေ ကုန်နေတယ့်(မှန်လှပါဘုရား)သူ့မှာ ဖြေနေရတဲ့အချိန်နဲ့ မအားတာပေါ့ဗျာ (မှန်ပါ)။

ဒါနဲ့ တပည့်ရဟန္တာဖြစ်တဲ့ ထိုပုဂ္ဂိုလ်က အရှင်ဘုရား ဒီလိုဖြင့် သေချိန်များမှ ရှိသေးရဲ့လားလို့ ငေါ့လုံး သုံးလုံးနဲ့ ပြောလိုက်တယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား) သေချိန်မှ ရှိသေးရဲ့လားလို့ ငေါ့လုံး သုံးလုံးနဲ့ ပြောလိုက်ပါတယ်၊ပြောပြီးသကာလ သံဝေဂရစေတော့လို့ ဆိုပြီးသကာလ တကာသစ်ရေ ကောင်းကင်ဘဲ သူ့ရှေ့ ပျံတက်သွားတယ် (မှန်လှပါဘုရား)။

ကောင်းကင်ပျံတက်သွားတယ်တဲ့အဘိညာဏ်ရနေတဲ့ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်နေတော့ ကောင်းကင်ပျံနိုင်တယ်လို့ တကာသစ်တို့ မှတ်လိုက်စမ်းပါ(မှန်လှပါဘုရား)။

အဲဒီလို ပျံသွားပြီးသကာလ ဩော်....ဒီ ပုဂ္ဂိုလ် တယ်ထူးတဲ့ ပုဂ္ဂိုလ်ပါကလား၊ငါ့သိ အနုမောဒနာတရား တောင်းလာတာမှ ဟုတ်ပါရဲ့လား၊ သတိပေးမလို့ လာတာနဲ့ တူတယ်၊ ငါလဲကွာ

ဒီ ရဟန္တာဖြစ်ဘို့ အလုပ်ဟာ မခဲယဉ်းပါဘူးဆိုပြီး သကာလ သူလဲ ပရိယတ်လုပ်ငန်းတွေ ဖုန့်ခဲ့ပြီးသကာလ တကာ တကာမတို့ တောထဲသွားပြီး တရားအားထုတ်တယ်(မှန်ပါ)။

တောထဲသွားပြီး တရားအားထုတ်တဲ့အချိန်ကျတော့ သူ့စိတ်ထဲက ဝါဆို လပြည့်ကျော် တရက်နေ့ ပြန်လာမယ် ဆိုပြီး လဆန်း [illegible]ရက်နေ့လောက်မှာ ဦးခင်မောင်ရေ တောထွက်သွားတယ်(မှန်ပါ) သုံးရက်လောက် အားထုတ်ယင် ရဟန္တာ ဖြစ်ပါတယ်၊ မခဲယဉ်းပါဘူးလို့ သူ့စိတ်ထဲမှာ အတော်ဘဲ ဘဝင်မြင့်တယ်ဆိုတာ မှတ်ထားလိုက်တာပေါ့(မှန်ပါ) သုံးရက် အားထုတ်ယင် ရပါသတဲ့၊ သူ ရဟန္တာဖြစ်ဘို့ ရလိမ့်မယ်လို့ စောင့်ယူထားပါတယ်နော်...(မှန်ပါ)။

ဒါနဲ့ဘဲ အားလုံးတကာ တကာမတို့ ဖြစ်ပျက်အနိစ္စတွေ အားထုတ်လိုက်တာ သုံးရက်သာစေ့သွားတယ် တကာ တကာမ တို့ တောထဲမှာသာ ဝါဆိုဘို့အချိန်ရောက်သွားတယ်၊ ဝါဆို လပြည့်ကျော် ရောက်လို့ ဝါဆိုကြပါတယ်၊ သူ–တောထဲမှ တရက်နေ့ပြန်လာပြီး ရဟန္တာအဖြစ်နဲ့ ဝါဆိုမယ်ဆိုတဲ့ မှန်းခြေ ကြီးဟာ တရားမပေါက်လို့ ဝါဆိုင်နိုင်သေးရဲ့လား....(မဆိုနိုင် ပါဘူးဘုရား) တကာ တကာမတို့ မလွယ်ကူဘူးနော်(မှန်ပါ) မလွယ်ကူဘဲ ဖြစ်သွားတယ်။

ဒါနဲ့ဘဲ–ကဲ....ကွာ သိတင်းကျွတ်ထိအောင် အားထုတ် ယင် တော့ ဘယ်မှာမရဘဲ နေရမလဲဆိုပြီး သိတင်းကျွတ်ကျယင် ပဝါရဏာပွဲကျမှ ရဟန္တာအဖြစ်နဲ့ ဝင်တော့မကွဆိုပြီးသကာလ ကြိုးစားလိုက်တာလဲ တကာသစ်တို့ ဦးခင်မောင်ဘို့ သိတင်း

ကျွတ်လဲ မရဘူး(မှန်လှပါ) တကာ တကာမတို့ မှန်းခြေကိုက်သေးရဲ့လား....(မကိုက်ပါဘူး)။

ကဲ....တိုတိုပြောကြပါစို့ အနှစ် ၃၀-ကြာသွားတယ် နေဦး၊ အနှစ် ၃၀-ကြာအောင်ဘဲ မရဘဲဖြစ်တယ့်၊ရှင်းပလား....(ရှင်းပါပြီ)ဘယ်လောက်ကြာသွားသတုံး(အနှစ် ၃၀-ကြာသွားပါတယ်) အနှစ် ၃၀-ကြာအောင်ဘဲ မရဘဲဖြစ်ပြီးသကာလသွားတော့ သူ့စိတ်ထဲမှာ ဪ....ငါတော့ဖြင့် မဂ်ဖိုလ် ရထိုက်တဲ့ပုဂ္ဂိုလ် ဟုတ်မယ် မထင်ပါဘူး၊ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျပုဂ္ဂိုလ်မဟုတ်ဘဲ အလွန်ညံ့ဖျင်းတဲ့ ပဒပရမပုဂ္ဂိုလ်တော့ဖြင့် ငါဖြစ်ပြီဆိုပြီး ဒေါမနဿ ဖြစ်ပါတယ်၊ (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဒေါမနဿ ဖြစ်တာတုံး ဒကာခတ်ကြစမ်း (တရားမရလို့ပါ) တရားမရလို့ ဖြစ်တာ၊ ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ့်နှယ်ကြောင့် ဒေါမနဿ ဖြစ်ပါလိမ့် (တရားမရလို့ပါ)။

အဲ .... တရားမရလို့ဖြစ်တဲ့ ဒေါမနဿမျိုး ဖြစ်ကောင်းတယ်လို့မှတ်ပါ၊ (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) တရားမရလို့ဖြစ်တဲ့ ဒေါမနဿမျိုးကျတော့.... (ဖြစ်ကောင်းပါတယ်ဘုရား) ဖြစ်ကောင်းပါတယ်ဆိုတာ သေချာကြပလား (သေချာပါတယ်)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ တရားမရလို့ဖြစ်တဲ့ ဒေါမနဿကိုဖြင့် ဖြစ်ကောင်းတယ်လို့ဘဲ ဆုံးဖြတ်ချက် ချပါဆိုတာ ဒီဝတ္ထုမှာ ထုတ်ပြတယ်၊ (မှန်ပါ) ကျေနပ်ကြပလား (ကျေနပ်ပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဒီဒေါမနဿမျိုးများ လာဘူးသလား မေးယင် တကာ တကာမတွေ ဘယ့်နှယ်ဆိုကြပါမယ် (မလာဘူးပါဘူးဘုရား) လာဘူးကြရဲ့လား....(မလာဘူးပါဘူး)လာဘူးလို့ ရှိယင် ဒီဒေါမနဿဟာ အပါယ်ချလိမ့်မယ်လို့ မယူပါနဲ့ (မှန်ပါ) ဒီဒေါမနဿသည် အပါယ်ချမလို့လား.... နိဗ္ဗာန် ကျေးဇူးပြုမလို့ လား.... (နိဗ္ဗာန် ကျေးဇူးပြုမလို့ပါဘုရား)။

ကောင်းပြီ ဒါနဲ့ **အနှစ်၃၀** ရှိတော့ တရားအားထုတ်လိုက်တာ ဦးခင်မောင်တို့ တကာသိပ်တို့ မရဘဲ ဖြစ်နေတယ်-နော် (မှန်ပါ) မှန်းခြေက သုံးရက်၊ နှစ်က ၃၀- တောင် ပြည့်သွားတော့ ဦးခင်မောင် သူ့စိတ်မှာ စိတ်မပျက်ပေဘူးလား (ပျက်ပါတယ်ဘုရား) စိတ်ပျက်တာနဲ့ ထပြီး ငိုတော့တာဘဲ၊ ငါဖြင့် အတော်ဖျင်းတဲ့ပုဂ္ဂိုလ်ဘဲ၊ မှန်းခြေတွေ အကုန်လွဲကုန်ပြီဆိုပြီးသကာလ ငိုရှာတယ်၊ (မှန်ပါ) မဟာသိဝ ရဟန်းကြီး ငိုပြီဆိုတာ တကာ တကာမတို့ သဘောကျပလား.... (ကျပါပြီ) ငိုတာဟာ သောမနဿလား ဒေါမနဿလား... (ဒေါမနဿပါဘုရား)။

အဲ....ဒေါမနဿ သေသေချာချာ သိသဖြင့် ဘယ့်နှယ်ကြောင့် ဒီကိုယ်တော်ကြီး ငိုပါလိမ့်မလဲဆိုတာကော အကဲမခတ်မိဘူးလား....(ခတ်မိပါတယ်) ဘာဖြစ်လို့ပါလိမ့်.... (တရားမရလို့ပါဘုရား) တရားမရလို့ ဖြစ်ကောင်း- မဖြစ်ကောင်း.... (ဖြစ်ကောင်းပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ဖြစ်ကောင်းတယ်ဆိုတာကိုလဲ ဒီဒေါမနဿမျိုးကျတော့ မှီဝဲကောင်းတဲ့ ဒေါမနဿဆိုတာ သေချာကြပလား....(မှန်ပါ)။

ကောင်းပြီ ဒါနဲ့ဘဲ သူ့အားထုတ်ရာဌာန သစ်ပင်စောင့်ထဲ နတ်သမီးကလဲ ဩဘ် ဒိကိုယ်တော်ကြီးနှယ် ဖျင်းဘဲ ဖျင်းလွန်း လှတယ်၊ တရားမရတာနဲ့ဘဲ ငိုရတယ်၊ ယောကျ်ားလုပ်နေပြီး သကာလ ဘယ်နှယ်ပါလိမ့်မတုံး အစရှိသဖြင့် အောက်မေ့ပြီး သကာလ သူကလဲ လူယောင်ဖန်ဆင်းပြီး တကာသစ်ရေ ဒိကိုယ် တော်ကြီး ငိုတဲ့နေရာနှင့် မနီးမဝေးမှာ သူကလဲထိုင်ပြီး ငိုပြန် တယ်၊ ဒီနတ်သမီးကလဲ....နော်၊ (မှန်ပါ့)။

နတ်သမီးက ထိုင်ငိုတယ်ဆိုတာကော သဘောကျပလား.... (ကျပါပြီ) အဲဒီတွင်မှ အို ငါ့မှာလဲငို ဒိကိုယ်တော်ကြီးကလဲ ငိုတာနဲ့ ပဌမ ငိုစတော့ မကြားကြသေးဘူးပေါ့လေ နောက် တော့ ဒိကိုယ်တော်ကြီးက ငိုရင်းမတ်တတ်နဲ့ ဟိုတကာမ ငို တာကို ကြားတယ်။

တကာမ ငိုတာ ကြားတော့ ဟာ- ဒိတကာမက ဘယ့်နှယ် ကြောင့် ဒီနားမှာ လာငိုနေရတာတုံးလို့ သူက ဦးစွာဘဲ မေး လိုက်တယ်၊ မဟာသိဝ ကိုယ်တော်ကြီးက မေးလိုက်တယ်၊ (မှန်ပါ့) တပည့်တော်လဲဘုရား တရားများ ရမလားလို့ ငိုနေ တာဘဲလို့ လျှောင်လိုက်တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)ဘယ် လိုများ ပြောပါလိမ့်....(တရားများ ရမလားလို့ ငိုနေပါသတဲ့) တရားရမလားလို့ ငိုနေတယ်-ဘုရာ့၊ တပည့်တော်လဲ ဒီစိတ်ကား နဲ့ဘဲ ငိုတာပါဘဲလို့ ပြောလိုက်တော့ ရဟန်းကြီး ခံနိုင်ရည် ရှိ ပါ့မလား....(မရှိပါဘူး)။

အဲဒီ ခံနိုင်ရည်မရှိတဲ့ အခြေအနေရောက်မှ တကာသမီးတို့ ဦးဝင်မောင်တို့ ရဟန်းကြီးက ရှက်သွားတယ်၊တကာမကတောင် ငါ့ကိုလျှောင်သလို ပြောင်သလို ဖြစ်နေပါပေါ့လား ဆိုပြီး

သကာလ ပြန်ပြီး တရားအားထုတ်တယ်၊ ပြန်အားထုတ်တော့မှ ရဟန္တာဖြစ်အောင် တရားရသွားတယ်၊ (မှန်ပါ) သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်အောင် လေးဆင့် တက်သွားတယ်လို့ တကာ တကာမတွေ မှတ်လိုက်တာပေါ့နော်.... (မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီလို တက်သွားတဲ့ အခါကျတော့ စိတ်ကလဲ ဦးခင်မောင် အတော်ပြင်းထန်တဲ့ပုဂ္ဂိုလ် ဖြစ်နေသောကြောင့် အနှစ် ၃၀-စလုံး မှာ ကိုင်း-ငါတရားမရယင် ခြေမဆေးတော့ဘူးဆိုတဲ့ဥစ္စာ ခြေထောက်မှာ ဂျွတ်တက်နေတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ခြေကိုမဆေးတော့ဘူး တကာ တကာမတို့ တရားချည်း အားထုတ်နေတာဘဲ၊ ဘာအလုပ်မှ မလုပ်ဘူး၊ ခြေဆေးတာ တောင် မလုပ်ဘူးဆိုတော့ တကာ တကာမတို့ ကမ်းကုန်ပြီ ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

ဒါနဲ့ဘဲတဲ့ ခုနက ရဟန္တာပုဂ္ဂိုလ်က ငါ၏ဆရာ ကိုယ်တော်ကြီး ဘယ်မျှား နေပါလိမ့်မလဲ ဆိုပြီး စဉ်းစားလိုက်ပါတယ်၊ (မှန်ပါ့) စဉ်းစားလိုက်တော့ ရဟန္တာဖြစ်နေပြီ၊ ငါ ခြေသွား ဆေးပေးမှဘဲဆိုပြီး ခုနက အနုမောဒနာတရားတောင်းတဲ့ ရဟန္တာမထေရ်ကလဲ ကြွလာပါတယ်၊ ဒီ့ပြင် တပည့်တွေလဲ ကြွလာကြတယ်၊ သိကြားကလဲ ကောင်းကင်က မနေနိုင်လို့ သုဇာတာ ခေါ်လာပြီးသကာလ ကိုယ်တိုင် ခြေဆေးပေးကြရတယ် တကာ တကာမတို့ ရဟန္တာဖြစ်မှ ခြေဆေးခံတယ်ဆိုတာကော သဘောကျပလား....(ကျပါတယ်ဘုရား)။

အဲဒီ ဒေါမနဿမျိုး ဘယ်နှယ်ဆိုကြမယ်....(ဖြစ်ကောင်းတဲ့ ဒေါမနဿပါဘုရား) ဒါဖြင့် ဒေါမနဿကိုဘယ်နှစ်မျိုး ထား ကြမယ်.... (နှစ်မျိုးပါဘုရား) ဖြစ်ကောင်းတဲ့.... (ဒေါမနဿ တမျိုး) မဖြစ်ကောင်းတဲ့.... (ဒေါမနဿ တမျိုးပါဘုရား) ဒေါမနဿ ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား)။

ဘုန်းကြီး ဝေဒနာနုပဿနာကို ဟောပါတော့မယ်နော်၊ ဟောတဲ့အခါကျလို့ ရှိယင် အဲ....အိမ်ပြန်တော့ တကာ တကာမ တွေ မမြင်-မြင်အောင်ကြည့်၊ မမြင်ယင် ဘယ်နှယ်ကြောင့် မမြင် ရှိရမတုံးလို့ ဆိုတဲ့ဥစ္စာ မြင်အောင်ကြည့်ပြီး တကာ တကာ မတွေ ကြိုးစားရလိမ့်မယ်ဆိုတာကော တိုက်တွန်းချက် ပါပြီ မဟုတ်လား....(ပါ-ပါပြီဘုရား)။

ကဲ....ဥပေက္ခာလဲ ထို့နည်းအတူဘဲ တကာ တကာမတွေ တခုသောအာရုံ မြင်တယ်ဆိုတော့ မြင်တာသည်ကားလို့ ဆိုယင် ဥပေက္ခာဘဲ၊ "ဥပေက္ခာ သဟဂတံ စက္ခုဝိညာဏံ"နဲ့ မြင် တာဘဲ။

အဲဒီ ဥပေက္ခာကလေးဖြစ်တာ မသိလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် မြင်ခြင်းကြောင့် လိုချင်တယ် ရချင်တယ်ဆိုတာတွေ နောက်က လိုက်မလာပေဘူးလား....(လိုက်လာပါတယ်ဘုရား) အဲဒီတော့ ဒီဥပေက္ခာမျိုးသည် ဖြစ်ကောင်း-မဖြစ်ကောင်း.... (မဖြစ်ကောင်းပါဘုရား) ဘာ့ကြောင့် ဒါမဖြစ်ကောင်းသလဲ မေးတော့ ပဋိစ္စ သမုပ္ပါဒ် ဆက်လို့-လို့ မှတ်လိုက်တာပေါ့ သဘောကျပလား....(ကျပါပြီ)။

ကိုင်း-ဒါဘာဘဲတွေ့တွေ့ ဥပရိပဏ္ဏာသမှာလာသလို တကာ တကာမတွေ ဖြစ်ပျက်ချည်း မြင်နေတော့-ရှုလိုက်တိုင်း ဖြစ်မှု

ပျက်မှုချည်း မြင်နေတော့ ရုပ်ကြည့်လဲ ဖြစ်ပျက်၊ ဝေဒနာကြည့် လိုက်လဲ ဖြစ်ပျက်၊ စိတ်ကြည့်လိုက်လဲ ဖြစ်ပျက်၊ ဒုက္ခသစ္စာကြည့် လိုက်ပြန်လဲ အဖြစ် အပျက်တွေဘဲ တွေ့နေတော့ တတန်းတည်း ဖြစ်မနေဘူးလား....(ဖြစ်နေပါတယ်ဘုရား)။

တတန်းတည်း ဖြစ်နေတဲ့အခါကျတော့ ဝိပဿနာဉာဏ်သည် ဥပေက္ခာမဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) ဝိပဿနုပေက္ခာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) အဲဒီ ဝိပဿနုပေက္ခာမျိုး ကျတော့ ဖြစ်ကောင်းတဲ့ ဥပေက္ခာ၊ ရှင်းပလား.... (ရှင်းပါပြီ) မြင်ပြီး လိုချင်-ရချင်တဲ့ ဥပေက္ခာမျိုးကတော့....(မဖြစ်ကောင်း ပါဘုရား)။

ဒါဖြင့် ဖြစ်ကောင်းတဲ့ ဥပေက္ခာ မဖြစ်ကောင်းတဲ့ ဥပေက္ခာ ဆိုတာ ယနေ့ ကွဲပါပလား....(မှန်ပါ့) ကွဲသွားတဲ့အခါကျလို့ ရှိယင် ဩော်....ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော် မူလို့ သောမနဿမှာလဲ ဖြစ်ကောင်း-မဖြစ်ကောင်း နှစ်မျိုး၊ ဒေါမနဿ လာယင်ကော .... (ဖြစ်ကောင်း - မဖြစ်ကောင်း နှစ်မျိုးပါ)၊ ဥပေက္ခာမှာကော.... (ဖြစ်ကောင်း-မဖြစ်ကောင်း နှစ်မျိုးပါဘုရား)နှစ်မျိုးဆိုတာ သေချာကြပလား.... (သေချာ ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဒါကဗဟုသုတ အကျိုးငှါလည်း ဝိပဿနာ အကျိုးငှါလည်း ပြောလိုက်ပါတယ်၊ ကဲ.... ဘုန်းကြီးတို့ ပြရိုးပြစဉ်ဘဲ ဝိပဿနာအစစ်ကိုပြကြစို့ရဲ့၊ အလုပ်လုပ်ဘို့ အစစ်ကိုပြကြစို့၊ တကာ တကာမတွေ ဒါကို ဂရုစိုက် နားထောင်ပါ (မှန်ပါ့)အခု ဘာပြတော့မယ် ဆိုတာ

သေချာပလား....(သေချာပါတယ်ဘုရား)အခု ဝိပဿနာ အစစ် ကို ပြတော့မယ်နော်....(မှန်ပါ့)။

ခုနက ဖြစ်ကောင်း-မဖြစ်ကောင်းဆိုတာက တမျိုး၊ အခု ဟာက ဘယ်ဟာလာလာ ရှုရမယ်ဆိုတဲ့ဥစ္စာ ပြတော့မယ် (မှန်ပါ့) ဘာပြမယ်ထင်ကြသတုံး.... (ဝိပဿနာအစစ်ကို ပြပါ မယ်) ဘယ်ဟာလာလာ ဝိပဿနာရှုရမယ်ဆိုတဲ့ အဓိပ္ပါယ် ပြမယ်နော်....(မှန်ပါ့)။

ကဲ....ဒါတွေ ခြောက်ခုပေါင်းလိုက်လို့ရှိယင် တကာတကာမ တို့ သုံးခုဘဲ မဖြစ်ဘူးလား....(မှန်ပါ့) ကဲ....သုံးခုဘဲ ဖြစ်ကြ ပါစို့၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ တကာ တကာမတို့ ဘယ်နှစ်မျိုးရှိသတုံး....(သုံးမျိုးပါဘုရား)ဒီဘက်က ဘာပါလိမ့်....(သုခဝေဒနာပါ)၊ ဒီဘက်က.... (ဒုက္ခဝေဒနာ)၊ ဒီဘက်က....(ဥပေက္ခာဝေဒနာပါ) တကာ တကာမတွေ ခန္ဓာ ကိုယ်ထဲမှာ ဝေဒနာဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးပါဘုရား)။

တခါတလေ ကျလာတော့ တကာ တကာမတွေ ကိုယ်လဲ ချမ်းသာ စိတ်လဲ ချမ်းသာတာများကော မရှိဘူးလား....(ရှိပါ တယ်ဘုရား) အင်း—ဟင်....ဒါကျတော့ သုခဝေဒနာပေါ့ဗျာ (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ) ကိုယ်လဲ ချမ်းသာ စိတ်လဲ ချမ်းသာနေတော့ တကိုယ်လုံးမှာ ဘာဝေဒနာတွေ ဆိုကြပါ့ မလဲ....(သုခဝေဒနာတွေပါဘုရား)ဒါပေမယ်လို့ ဝေဒနာက္ခန္ဓာ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

တခါတလေကျတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကော မရှိ ဘူးလား....(ရှိပါတယ်ဘုရား) ဒါကျတော့ ဘာဝေဒနာလို့ ဆိုမလဲ....(ဒုက္ခဝေဒနာပါဘုရား) ဒီ အချိန် လက်ညှိုးထိုးတော့

လဲ-ဒီ အချိန်မှာ ဘေးကလူ လက်ညှိုးထိုးယင် ဘာလက်ညှိုး ထိုးမိမယ် ထင်ကြသတုံး....(ဒုက္ခဝေဒနာကိုပါဘုရား) ဝေဒနာ ချင်း ထိုးမိမှာဘဲ၊ ရိပ်မိကြပလား....(မှန်လှပါ)။

သုခဝေဒနာရှိတဲ့အချိန် ထိုးမိလို့ရှိယင်လဲ သုခဝေဒနာချင်း ထိုးမိမှာဘဲ(မှန်ပါ့) ဒုက္ခများများ ဖြစ်နေတဲ့အချိန် ထိုးကြည့် လို့ရှိယင် ဘာကိုထိုးမိမယ် ထင်ကြသတုံး....(ဒုက္ခဝေဒနာချင်း ထိုးမိမှာပါဘုရား)။

တခါတလေကျတော့ တကာ တကာမတွေ အားလုံးဘဲ ဥပေက္ခာဝေဒနာကလေးများဖြစ်ယင် အလုံးစုံတွေ ပုဂ္ဂိုလ်တွေ ကမ္မဿကာဘဲ ဆိုပြီးသကာလများ ညာဏ်လှည့်နေတဲ့အခါ မရှိ ဘူးလား.... (ရှိပါတယ်ဘုရား) အဲဒီအခါမျိုးတော့ ဥပေက္ခာ ဝေဒနာတွေ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

မျက်လုံးထဲမြင်တာ ဥပေက္ခာ၊ နားထဲ ကြားတာကော.... (ဥပေက္ခာပါဘုရား) နှာခေါင်းထဲနံတဲ့ စိတ်ကလေးတွေကော- (ဥပေက္ခာပါဘုရား)အဲ....“ဥပေက္ခာသဟဂတံ ဃာနဝိညာဏံ” အစရှိသည်ပေါ့ဗျာ ....နော်(မှန်ပါ့) အဲ....လျှာပေါ်-ပေါ်တာ ကော-(ဥပေက္ခာပါဘုရား) ဝမ်းထဲမှာ ကမ္မဿကာ ထားတာ တွေ ဟူသ၍....(ဥပေက္ခာပါဘုရား) ဥပေက္ခာတွေဘဲ ဆိုတာ သဘောကျပလား-(ကျပါပြီ)။

အဲဒီ မြင်နေတဲ့အခါမှာလဲ ဩော်....ဘာခန္ဓာလို့ ဆိုကြမလဲ (ဥပေက္ခာခန္ဓာ) ဥပေက္ခာဝေဒနာက္ခန္ဓာ(မှန်ပါ့ဘုရား)ကြားနေ တဲ့အခါ(ဥပေက္ခာဝေဒနာက္ခန္ဓာ)နံနေတဲ့အခါကော-(ဥပေက္ခာ ဝေဒနာက္ခန္ဓာပါ)စားနေတဲ့အခါ-(ဥပေက္ခာဝေဒနာက္ခန္ဓာပါ)

ဝမ်းထဲမှာ ကမ္မဿကာထားတဲ့အခါ - (ဥပေက္ခာဝေဒနာက္ခန္ဓာ ပါ)။

ဥပေက္ခာဝေဒနာက္ခန္ဓာဘဲ မှတ်ထားတော့ တကာ တကာမ တို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဘယ်နှစ်မျိုးရှိသတုံး- (သုံးမျိုးပါ ဘုရား)။

အားလုံး မနာရသေးတဲ့ ပုဂ္ဂိုလ်များလဲ သေသေချာချာ မှတ်ပါ၊ အလုပ်-လုပ်ရမည့်တရား ဖြစ်နေသောကြောင့် သေသေ ချာချာမှတ်မှသာလျှင် ကိုယ့်အိမ်မှာ အလုပ်- လုပ်လို့ ဖြစ်မယ် ဆိုတာ ကျေကျေနပ်နပ် မှတ်ကြစမ်းပါ၊ သဘောကျကြစမ်းပါ နော်....(မှန်ပါ)။

သုခဝေဒနာလဲ တကာ တကာမတို့ ခန္ဓာကိုယ်ထဲမှာ သူ့ အခိုက်အတန့် သူမပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ဒုက္ခ ဝေဒနာကော....(ပေါ်ပါတယ်ဘုရား) သူ့အခိုက်အတန့်နဲ့ သူ ပေါ်တာနော်....(မှန်ပါ) ဥပေက္ခာဝေဒနာကော.... (ပေါ်ပါ တယ်ဘုရား)သူ့အခိုက်အတန့်နှင့် သူပေါ်တယ်ဆိုတာ သဘော ကျပလား....(ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့သန္တာန်မှာ ဝေဒနာ ကင်းတဲ့အချိန် ပြောစမ်းပါဆိုယင် ဘယ့်နှယ်ဆိုကြမယ်.... (မရှိ ပါဘူး) ဝေဒနာကင်းတဲ့အချိန် ဘယ်အချိန်မှ မရှိဘူးလား (မရှိ ပါဘူးဘုရား) တခါတလေ သုခနဲ့နေတယ်၊ တခါတလေ ကျ တော့ကော....(ဒုက္ခနဲ့နေပါတယ်)။

ဒါဖြင့် အားလုံး တကာ တကာမတို့ ဝေဒနာကင်းသော ပုဂ္ဂိုလ် ဒီအထဲမှာ ပါ-ပါရဲ့လား.... (မပါ-ပါဘူး) ဩော်.... ဝေဒနာကင်းတဲ့ပုဂ္ဂိုလ် တယောက်မှ မပါဘူး၊ သူ့ဝေဒနာနဲ့

သူ့ဝေဒနာနဲ့ သူ့အခိုက်အတန့်နဲ့ သူ့အခိုက်အတန့်နဲ့ နေကြတာချည်းဘဲဆိုတာကော ရှင်းကြပလား....(မှန်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခန္ဓာကိုယ်ကြီးကို ဘာခန္ဓာလို့ ဆိုကြပါမယ်.... (ဝေဒနာက္ခန္ဓာပါဘုရား) ဝေဒနာက္ခန္ဓာလို့ ဆိုကြပါစို့နော်.... (မှန်ပါ) ဝေဒနာက္ခန္ဓာလို့ ဆိုကြပါစို့ တကာ တကာမတို့၊ ခန္ဓာကိုယ်ကြီး ဘာဆိုကြမယ် .... (ဝေဒနာက္ခန္ဓာပါဘုရား) ဝေဒနာက္ခန္ဓာလို့ ဆိုရမယ် ဆိုတာကော သေချာကြပလား....(သေချာပါတယ်)။

တခါတလေ ဘာဝေဒနာနဲ့ နေသလဲ (သုခဝေဒနာနဲ့ နေပါတယ်) အဲဒီအချိန်လဲ ဝေဒနာက္ခန္ဓာဘဲ (မှန်ပါ) တခါတလေ ဘာနဲ့နေပါလိမ့် (ဒုက္ခဝေဒနာနဲ့ နေပါတယ်ဘုရား)ဒီအချိန်လဲ့ ဘာခန္ဓာဆိုကြမလဲ....(ဝေဒနာက္ခန္ဓာပါဘုရား)။

တခါတလေကျတော့ ဘာနဲ့နေပါလိမ့်(ဥပေက္ခာ ဝေဒနာနဲ့ နေပါတယ်)အဲဒီအချိန်လဲ ဘာခန္ဓာ ဆိုကြမလဲ(ဝေဒနာက္ခန္ဓာပါဘုရား)။

ဩော်....ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ လက်ညှိုးထိုးကြည့်လို့ ရှိယင်ဖြင့် အရှေ့ထိုးလဲ ကောင်းကင်ထိုးမိမှာဘဲ၊ အနောက်ထိုးကော (ကောင်းကင်ပါဘဲဘုရား) အပေါ်ထိုးကော (ကောင်းကင်ပါဘဲ) ဘယ်ကိုလှည့်ပြီး ထိုးချင်တာထိုး ကောင်းကင်ချည်းသာ ထိုးမိမှာဘဲ၊ (မှန်ပါ) မတ်တတ်ရပ်ပြီး ထိုးပါ.... တဲ့၊ မတ်တတ်ရပ်ပြီး အောက်လက်ညှိုးထိုးပြန်လဲ မြေကြီး ထိုးမိတယ်ဆိုမလား၊ မြေကြီးနဲ့ လက်ညှိုးနဲ့ အဝေးကြီးရှိသေးတယ်၊ ကြားထဲမှာ ကောင်းကင်ကလေး ရှိနေသေးတယ်၊ (မှန်ပါ) မရှိ

ဘူးလား....(ရှိပါတယ်ဘုရား) ကောင်းကင်ဘဲ ထိုးမိရာ မရောက် ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒီမှာလဲ ဘယ်အချိန်မဆို ခန္ဓာကိုယ်ထဲမှာ ကြည့်ကြည့် ဝေဒနာကိုတွေ့အောင် ကြည့်ရမယ်၊ (မှန်ပါ့) သဘောပါလား... (ပါ-ပါပြီ) ဘယ်အချိန် ခန္ဓာကြည့်ကြည့် (-ဝေဒနာတွေ့အောင် ကြည့်ရပါမယ်) ဝေဒနာတွင်လား....ဝေဒနာကို မိအောင်ကြည့် ရမယ်၊ (မှန်ပါ့) တကာ တကာမတို့ ဘယ်အချိန်ကြည့်ကြည့် ဘာပါလိမ့်.... (ဝေဒနာကို မိအောင်ကြည့်ရပါမယ်) ဝေဒနာ မိအောင်ကြည့်ရမယ်ဆိုတာကော သဘောကျပလား (ကျပါပြီ) ခုနက လက်ညှိုးထိုးတော့ ဘယ်ထိုးထိုး ဘာကို ထိုးမိသလဲ.... (ကောင်းကင် ထိုးမိပါတယ်)။

ဒီမှာလဲ တကာ တကာမတွေ ဉာဏ်နဲ့ ဘယ်အချိန် လက်ညှိုး ထိုးထိုး ဝေဒနာချည်း တွေ့ရမယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) ဉာဏ်နဲ့ ဘယ်အချိန်လက်ညှိုးထိုးထိုး ဘာတွေ့ရမယ် (ဝေဒနာချည်း တွေ့ရပါမယ်) ဝေဒနာချည်း တွေ့ရမယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဘာ့ကြောင့် ဝေဒနာချည်း တွေ့ရမယ်လို့ ဆရာဘုန်းကြီး ဟောပါလိမ့်မတုံး ဆိုတော့ ခန္ဓာကိုယ်ကြီးက ဘာခန္ဓာလဲ.... (ဝေဒနာက္ခန္ဓာပါဘုရား) အဲ....ခန္ဓာကိုယ်ကြီးက ဝေဒနာက္ခန္ဓာ ဆိုတော့ တကာ တကာမတို့ ဘယ်အချိန်မှာ လက်ညှိုးထိုးထိုး ဘာထိုးမိမယ် ထင်ကြသလဲ....(ဝေဒနာက္ခန္ဓာထိုးမိပါမယ်) ဝေဒနာဘဲ ထိုးမိမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

ကိုင်း-ဒါဖြင့် ဝေဒနာ ထိုးမိအောင်ထိုးလို့ရှိယင်ဖြင့် တကာ တကာမတို့ သေချာပါတယ်နော်....(မှန်ပါ့)။

အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာသုံးမျိုးမရှိဘူးလား(ရှိပါတယ် ဘုရား) ဝေဒနာပေါ်တိုင်း ပေါ်တိုင်း တကာ တကာမတို့ သူ့ ဝေဒနာကလေးပေါ်တာကို ရှင်းပြီး နည်းနည်းပြမယ်၊ ဝေဒနာ ပေါ်တဲ့နေရာတွေက ကိုယ်ပေါ်ကျလို့ရှိယင် တကာ တကာမတို့ မှတ်ထားလိုက်စမ်းပါ၊ ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်တယ်၊ သဘောကျပလား .... (ကျပါတယ်) ဝမ်းထဲမှာ သောမနဿ ဝေဒနာပေါ်တယ်၊ (မှန်ပါ့)။

ကိုယ်ပေါ်မှာ (သုခဝေဒနာပေါ်တယ်) ဝမ်းထဲကျတော့.... (သောမနဿဝေဒနာပေါ်ပါတယ်) ဝမ်းသာလို့ရှိယင် ဝမ်းထဲ ကိုလှမ်းရှုရလိမ့်မယ်၊ ကိုယ်ပေါ်မှာလဲ လေလဲတိုက်လို့ ဟိုနေရာ ကလေးက နေလို့ကောင်း ဒီနေရာကလေးက နေလို့ကောင်း ဆိုယင် အဲဒီကောင်းတဲ့နေရာကို သုခဝေဒနာလို့ ရှုရမယ်။

ဝမ်းသာယင်-(သောမနဿဝေဒနာပါ) သောမနဿဝေဒ နာကို ဘယ်မှာရှုမယ်....(ဝမ်းထဲရှုရမှာပါဘုရား) ကိုယ်ပေါ်မှာ ချမ်းသာကလေးတွေ့ယင် ချမ်းသာတဲ့နေရာကလေးကို ဉာဏ်ဦး တည့်ပြီး ရှုရတော့မယ်၊ သဘောကျပလား(မှန်ပါ့) ဝေဒနာဟာ ကိုယ်ပေါ်မှာ ပေါ်ယင် ကိုယ်ပေါ်မှာ ဉာဏ်လိုက်ပါ၊ဝမ်းထဲမှာ ပေါ်ယင်....(ဝမ်းထဲလိုက်ရပါမယ်)။

ကိုင်း-တခါ ဒုက္ခဝေဒနာဆိုတဲ့ နာတယ်ကျင်တယ် ကိုက်တယ် ခဲတယ် ယားတယ် စပ်တယ်အစရှိသည်ဖြင့် ဟာ-တကိုယ်လုံးမှာ ပေါ်နိုင်ပါတယ်၊ (မှန်ပါ့ဘုရား)အဲဒီလိုဆိုလို့ရှိယင်လဲ ပေါ်တဲ့

နေရာလိုက်ပါနေ ... (မှန်ပါ) ပေါ်တဲ့နေရာ ဘာတွေမှယ် ထင်သတုံး....(ဒုက္ခဝေဒနာ တွေ့ပါမယ်ဘုရား)။

ကဲ....ဒုက္ခဖြစ်ခြင်းကြောင့် ဝမ်းထဲမှာ ဒေါမနဿကောမပေါ် တတ်ဘူးလား....(ပေါ်တတ်ပါတယ်ဘုရား) အဲဒါလဲ ဒီအချိန် ကျလို့ရှိယင် ဒေါမနဿကို မမိ-မိအောင်ဖမ်းပါတဲ့၊ သူက ဝေဒနာဖြစ်နေသောကြောင့် ဉာဏ်က ဝမ်းထဲမှာလိုက်ရမယ်.... (မှန်ပါ)သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် လိုက်စရာနေရာတွေ ဒီအတိုင်းဘဲ ဆိုတာကော သဘောကျပလား....(ကျပါပြီ) ဥပေက္ခာဝေဒနာကတော့ တခါ တလေကျတော့ မြင်တယ်ဆိုယင် မျက်လုံးထဲ ဥပေက္ခာဝေဒနာ ပေါ်တယ်၊ ကြားတယ်ဆိုယင်.... (နားထဲမှာ ပေါ်ပါတယ်)၊ နံတယ်ဆိုယင်....(နှာခေါင်းထဲမှာပေါ်ပါတယ်)နှာခေါင်းထဲမှာ ဥပေက္ခာဝေဒနာ ပေါ်တယ်။

စားတယ်ဆိုယင်....(လျှာပေါ်မှာ) လျှာပေါ်မှာ ဥပေက္ခာ ဝေဒနာပေါ်တယ်၊ ဝမ်းထဲမှာ ကမ္မဿကာထားတဲ့အခါ မရှိ ဘူးလား....(ရှိပါတယ်) အဲဒီအခါ ဝမ်းထဲမှာ ဥပေက္ခာမပေါ် ဘူးလား.... (ပေါ်ပါတယ်ဘုရား) အဲ....တခါတလေကျတော့ မျက်စိ-နား-နှာခေါင်း-လျှာကို လိုက်ပါ၊ တခါတလေကျတော့ ဝမ်းထဲလိုက်ပါ၊ဥပေက္ခာလဲ သူပေါ်တဲ့နေရာကိုသိမှ၊ခွဲခြားသိမှ အသုဘရှုထိုက်တယ်ဆိုတာလဲ မှတ်မိကြပလား....(မှန်ပါ)သူသေ တဲ့နေရာမသိဘဲနဲ့ ကျုပ်တို့ ဉာဏ်နဲ့လိုက်ရှုနေလို့ တော်ပါ့ မလား....(မတော်ပါဘူးဘုရား)။

ဒါဟာ အင်မတန်အရေးကြီးတဲ့ အချက်ဆိုတာကော ပေါ် ကြပလား....(ပေါ်ပါပြီ) ဒါဖြင့် ပေါ်ရာကို လိုက်ရပါလိမ့်ဆို

တာ သဘောကျပလား(ကျပါပြီ)ကောင်းပြီပေါ်ရာလိုက်တော့ သုခဝေဒနာ ဘယ်မှာ ပေါ်သတုံး.... (ကိုယ်ပေါ်မှာ ပေါ်ပါတယ်)သောမနဿဝေဒနာ....(ဝမ်းထဲမှာ ပေါ်ပါတယ်)။

ဒုက္ခဝေဒနာ.... (ကိုယ်ပေါ်မှာ ပေါ်ပါတယ်) ဒေါမနဿဝေဒနာ.... (ဝမ်းထဲမှာ ပေါ်ပါတယ်) ဝမ်းထဲမှာပေါ်တယ်၊ **သဘော**ကျရဲ့နော် (မှန်ပါ့) မျက်စိ နား နှာခေါင်း လျှာ.... (ဥပေက္ခာဝေဒနာပါ) ကမ္မဿကာထားတဲ့အခါ.... (ဝမ်းထဲမှာ ပေါ်တယ်)ဝမ်းထဲမှာ ပေါ်တယ်ဆိုတော့ သူ့ နေရာကလေးနဲ့ သူပေါ်တာကို သိပါ(မှန်ပါ့)။

သိတဲ့အခါကျတော့မှ ဩော်....ဝေဒနာသည်ကားလို့ ဆိုယင်ဖြင့် သုခ-ဒုက္ခ-ဥပေက္ခာလို့ ဆိုငြားသော်လဲ ပေါ်နိုင်တဲ့နည်းနဲ့ ဝေဘန်လိုက်တဲ့အခါကျတော့ ခြောက်ခုဖြစ်သွားတယ်ဆိုတာလဲ သဘောကျပါ(မှန်ပါ့)သူ ပေါ်တဲ့နေရာနဲ့ လိုက်-လိုက်တဲ့အခါကျတော့ ဘယ်နှစ်မျိုးရှိသွားသတုံး.... (ခြောက်မျိုးပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဝေဒနာဘယ်နှစ်မျိုး ရှုရမှာပါလိမ့်မလဲလို့ မေးတော့-ရှုရမှာတော့ သုံးမျိုးဘဲဘုရား၊ ပေါ်ရာဌာနနဲ့ လိုက်လို့ ရှုယင်တော့ အခုမျက်စိ နား နှာခေါင်း လျှာနဲ့ ပါ ပေါင်းမည်ဆိုယင် မနည်းလှဘူးပေါ့ဗျာ(မှန်ပါ့)သို့သော် သိထားယင်ဖြင့် တော်ပြီဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါတယ်)။

ကောင်းပြီ ဒါဖြင့် ဒီဝေဒနာတွေရှုပါမှ ပပဥ္စဆိုတဲ့ တဏှာ မာနဒိဋ္ဌိသေမယ်(မှန်ပါ့)သဘောကျပလား(မှန်လှပါ)ဒီဝေဒနာတွေရှုပါမှ.... (ပပဥ္စ သေပါမယ်) ပပဥ္စသေမယ်လို့ ဘုရားက

ဟောသည်ဖြစ်လေသောကြောင့် ကျုပ်တို့ဝေဒနာကိုတော့ မရှုယင် ဖြစ်ပါ့မလား....(မဖြစ်ပါဘူးဘုရား)။

အဲ....ဝေဒနာရှုမယ်ကြတော့ ဝေဒနာက အခုဝမ်းထဲမှာ ပေါ်တာကသုံးခု၊ ပြင်ဘက်မှာ ပေါ်တာသည်ကားလို့ ဆိုလို့ရှိယင် ဖြင့် တကာတကာမတို့ အကျဉ်းဆိုတော့ သုံးခုပေါ့ဗျာ၊အကျယ်သည်ကားဆိုယင် ငါးနအားဖြင့်တော့-ခြောက်ခုပေါ့၊ မိဝဲသင့်မမိဝဲသင့် အနေအားဖြင့် ခြောက်ခုပေါ့-ဆရာဘုန်းကြီး ပြောခဲ့တဲ့အတိုင်းဘဲ သိထားကြဘို့ သတိပေးပါတယ်၊ သဘောပါကြလား....(ပါ-ပါပြီဘုရား)။

ကိုင်း....တကာ တကာမတို့ ပေါ်ရာကို ခင်ဗျားတို့လိုက်ရမယ်နော်....(မှန်ပါ့) ကိုယ်ပေါ်မှာပေါ်ယင်.... (ကိုယ်ပေါ်မှာလိုက်ရပါမယ်)ဝမ်းထဲမှာပေါ်ယင်—(ဝမ်းထဲမှာလိုက်ရပါမယ်)။

အင်း....ဟင်....ကိုယ်ပေါ်မှာပေါ်ယင်....(ကိုယ်ပေါ်လိုက်) ဝမ်းထဲမှာပေါ်ယင်....(ဝမ်းထဲလိုက်) မျက်စိ နား နှာခေါင်း လျှာမှာ ပေါ်ယင်.... (မျက်စိ နား နှာခေါင်း လျှာမှာ လိုက်ရမယ်) ဝမ်းထဲမှာ ပေါ်ယင်.... (ဝမ်းထဲမှာလိုက်ရမယ်) ကိုင်း.... နာရီကလဲ စေ့နေလို့ ရှုနည်းတိုတိုကလေးပေးလိုက်မယ်၊နောက်လဲ အကျယ်တဝင့်လဲ ပြောပါလိမ့်မယ်....နော်....(မှန်ပါ့)။

ကဲ....တကာ တကာမတွေ ရထားတဲ့ ပါဠိကလေးနှစ်လုံးကို ဦးခင်မောင် သေသေချာချာ မှတ်စမ်းပါ (မှန်ပါ့) ဟောိ ပဿိကော....တဲ့၊ ရကြရဲ့လား....(ရပါတယ်)ဆိုစမ်းပါဦး-(ဖေဟ် ပဿိကောပါဘုရား) ရတယ်နော်....(မှန်ပါ့)ဟောိက မြန်မာလို ပြန်လိုက်တော့ လာခဲ့၊ပဿ-က ရှုပါ(မှန်ပါ့)ဟောိက....(လာခဲ့) ပဿက....(ရှုပါ) ဒီတရား-အခုပြောခဲ့တဲ့ တရားတွေက လာပါ

ရှုပါလို့ သူတို့ကခေါ်တယ်။ ဒီခြောက်ခုက ဘာပါလိမ့်....(လာပါလို့ ခေါ်တယ်)ဟေပဿိကော ခေါ်သမားနေဒ်(မှန်ပါ)။

ဟေ=လာခဲ့ပါ၊ ပဿ=ကျုပ်တို့ကို ရှုပါ၊ သဘောကျပလား-(ကျပါပြီ)ဟေ-က....(လာခဲ့ပါ)ပဿ-က....(ရှုပါ)ရှုပါဆိုတော့ ဒီခြောက်ခုက ဘယ်လိုများပြောလေ့ရှိပါလိမ့်....(ခေါ်ပါတယ်ဘုရား)လာ ရှုပါလို့ (မှန်ပါ)ကျုပ်တို့ကို ခေါ်လိုက်တယ် လာရှုပါလို့၊ သဘောကျပလား....(ကျပါပြီ) ကျုပ်တို့ ခေါ်နေတယ်.... (လာ ရှုပါလို့)လာ ရှုပါလို့ ခေါ်တယ်လို့၊ ဒါဖြင့် အခေါ်သမားက ဦးခင်မောင် ဘယ်လောက်တဲ့တုံး....(ခြောက်ခုပါဘုရား)။

ခြောက်ခု–သေချာကြပလား.... (သေချာပါတယ်) မဖြုန့်ဘဲနဲ့နေယင် ခြောက်ခုပါဘဲ(မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီ) ဒါဖြင့် ဤခြောက်ခုသာ ဘယ်ပါဠိတော်အတိုင်း တကာတကာမတွေ့ သူပြောလေ့ ဆိုလေ့ရှိသလဲလို့ မေးလို့ရှိယင်ခင်ဗျားတို့ မဇ္ဈိမပဏ္ဏာသထဲမှာ ဟေ ပဿိကော-မှတ်ထားစမ်းပါ(မှန်ပါ) ဟေ-က....ဘာတုံး....(လာပါ)ပဿ-က....(ရှုပါ)။

ဒါဖြင့် သူတို့က လာရှုစမ်းပါ-လာရှုစမ်းပါလို့ခေါ်ပါတယ်၊ သဘောကျပလား....(မှန်ပါ) သူတို့က ဘယ်လိုခေါ်ပါလိမ့်....(လာရှုပါ-လာရှုပါလို့ခေါ်ပါတယ်)ခင်ဗျားတို့က * မဂ္ဂင် ငါးပါးနဲ့လိုက်ရမယ်၊ သန္ဒိဋ္ဌိကော-ရှုတ်လိုက်ကြစမ်း၊ ဘာတဲ့တုံး....

---

* မဂ္ဂင်ငါးပါး

(၁) သမ္မာဒိဋ္ဌိ၊ (၂)သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါယာမ၊ (၄) သမ္မာသတိ၊ (၅) သမ္မာသမာဓိ။

(သန္တိဋ္ဌကောပါဘုရား)သန္တိဋ္ဌကော-သာမံ ပဿိတဗ္ဗော-(မှန်ပါ) သန္တိဋ္ဌကောဆိုတာ သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော=မြင်အောင် လိုက်ပါ၊ (မှန်ပါ)။

ခင်ဗျားတို့က ဟေိပဿိကောက ခေါ်လို့ရှိယင် သန္တိဋ္ဌကော က လိုက်ပါ၊ ရှင်းပလား....(ရှင်းပါပြီ) ဟေိပဿိကောက ခေါ် ခဲ့သော်.... (သန္တိဋ္ဌကောနဲ့ လိုက်ပါ) ကိုယ်တိုင်သာ လိုက်ပါ၊ (မှန်ပါ) ဟောဒီငါးလုံးနဲ့ ဒီဝေဒနာကလေး ဖြစ်ပျက်ကိုမြင် အောင်လိုက်ပါ၊ သဘောကျပလား·(ကျပါပြီ) သူကဘာတဲ့တုံး (သန္တိဋ္ဌကောပါ) ကိုယ် တိုင် မြင် အောင် လိုက် ရ မည့် တ ရား က ဘယ်လောက်ပါလိမ့်....(ငါးပါး-ပါဘုရား)။

အခေါ်သမားက ဘယ်နှစ်ယောက်ပါလိမ့်(ခြောက်ယောက် ပါဘုရား) အခေါ်သမား ခြောက်ယောက်ကို အလိုက်သမား ငါးယောက်က လိုက်ရမယ်၊ (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ) အခေါ်သမားက (ခြောက်ယောက်ပါ) သူက အမြဲခေါ်မှာဘဲ၊ တခုကမခေါ်ယင် တခုက ခေါ်လိမ့်မယ်၊ (မှန်ပါ) ရှင်းပလား (ရှင်း ပါ ပြီ) ခင် ဗျား တို့ ငါးပါးကတော့ သန္တိဋ္ဌကောဆိုတဲ့ အ တိုင်း ကိုယ် တိုင် မြင် အောင် လိုက်-လိုက်စမ်းပါ (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

လိုက်-လိုက်တဲ့အခါကျတော့ကို အခေါ်သမား- အလိုက် သမား၊ ဦးခင်မောင် ဘယ်နှစ်မျိုးရှိသတုံး....(နှစ်မျိုးပါဘုရား) ဒါအလုပ်-လုပ်တော့မယ် တကာ တကာမတို့၊ အလုပ်-လုပ်စဉ်ကို သေသေချာချာ ဟောနေတယ်၊ (မှန်ပါ) ဘာဟောနေတယ် ဆိုတာ သိပလား.... (အလုပ်-လုပ်စဉ် ဟောနေပါတယ်ဘုရား) အလုပ်- လုပ်စဉ်ကို သေသေချာချာ မှတ်ပါ၊ အခေါ်သမားက

ဘယ်နှစ်ယောက်ပါလိမ့်....(ခြောက်ယောက်ပါဘုရား) အလိုက်သမားက....(ငါးယောက်ပါ ဘုရား)။

အဲ- အလိုက် သမားက မဂ္ဂင်၊ အခေါ် သမားက အနိစ္စ၊ သဘောကျပလား....(ကျပါပြီ)။

အခေါ်သမားက....(အနိစ္စပါဘုရား)။

အလိုက်သမားက ....(မဂ္ဂင်ပါဘုရား)။

အနိစ္စနောက် မဂ္ဂလိုက်....(မှန်ပါ့)။

အနိစ္စနောက်....(မဂ္ဂလိုက်ပါ)။

မဂ္ဂနဲ့ လိုက်-လိုက်တဲ့အခါကျတော့ အနိစ္စက ဟေိပဿိကော.... အနိစ္စနဲ့ အမြဲတန်းလိုက်၊ သဘောကျပလား....(မှန်ပါ့)။

အနိစ္စက....(ဟေိပဿိကော)အနိစ္စက ဟေိပဿိကော၊ ဟေိ= လာခဲ့ပါ၊ ပဿ=ရှုပါ၊ မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား) ခင်ဗျားတို့က ဘာနဲ့လိုက်ရမယ်....(သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်) သန္ဒိဋ္ဌိကောဆိုတော့ မဂ္ဂင်နဲ့လိုက် သဘောကျပလား (ကျပါပြီ) လိုက်-လိုက်တဲ့အခါကျတော့ ခေါ်တဲ့ဆီကို လိုက်ပေးပါ....နော်၊ (မှန်ပါ့)။

အဲဒီတော့ ခေါ်တာကအနိစ္စ၊ လိုက်တာက....(မဂ္ဂပါဘုရား)

ဒါဖြင့် အနိစ္စကို မဂ္ဂနဲ့လိုက်ပါ၊ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အနိစ္စကို (မဂ္ဂနဲ့လိုက်ပါ) ခေါ်တာကပါဠိတော် ဘယ်သူပါလိမ့်.... (ဟေိပဿိကောပါဘုရား) အလိုက်သမားက (သန္ဒိဋ္ဌိကောပါ) ပြော်.... ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်ပါ၊ (မှန်ပါ့)။

ဟေ့ပဿိကောခေါ်ရာကို....(သန္ဒိဋ္ဌိကောနဲ့လိုက်ပါ) သန္ဒိဋ္ဌိကောနဲ့လိုက်ပါဆိုတာ သဘောကျပလား--(မှန်ပါ) ကဲ-လိုက်ခြင်း၏အကျိုး မလိုက်ခြင်း၏အပြစ်ကိုတော့ နက်ဖြန်မှရှင်းမယ်၊ နာရီစေ့သွားပြီ၊ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

☆

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်တောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့ - ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော
မရဏာရေဘေး ကာကွယ်ရေး

# မဂ္ဂင်ဖေါင်ပြင်တရားတော်

(၁-၂-၆၁)

တကာ တကာမတို့ သတိပေးစရာကလေး ရှိပါတယ်....တဲ့၊ သတိပေးစရာကလေးကို နားထောင်ကြပါနော်၊ ကိုယ့်ကိုယ် ကိုယ် သတိပေးရတယ်၊ သူများ သတိပေးတာထက် ကိုယ့်ကိုယ် ကိုယ် သတိပေးဘို့က ပိုမိုပြီးသကာလ အရေးကြီးတယ်ဆိုတာ အောက်မေ့ရမယ်....နော်၊ (မှန်ပါ)။

ယခု မန္တလေးမြို့ထဲမှာ နေကြထိုင်ကြတဲ့ တကာ တကာမ တွေ့ရော ဘုန်းကြီးတွေရော အားလုံးပေါ့လေ အိပ်ပျော်နေ တုန်းကို ရေတွေလာမယ်ဆိုလို့ရှိယင်ပေါ့၊ တကာ တကာမတို့ အိပ်ပျော်နေတုန်း အရှေ့တောင်ကြီးက တောင်ကြီးပျော်ပြီး သကာလ ရေတွေလာပြီးသကာလ ဘုန်းကြီးတို့နှင့်တကွ တကာ တကာမတွေကို မျှောချသွားမယ်ဆိုယင် ရောဝတီမြစ်ထဲ မရောက် ကြရပေဘူးလား....(ရောက်ပါတယ်ဘုရား)တောင်ပေါ်က မျှော လာတဲ့ရေဆိုတော့ ဒီ မြို့လောက်တော့ လွှမ်းမိုးသွားမှာပေါ့၊ (မှန်ပါ့)။

အဲဒီကဲ့သို့ လွှမ်းမိုးသွားတဲ့အခါကျတော့ ကိုယ့်မှာ ဖေါင်တွေ လှေတွေ ရွက်တွေက မရှိတဲ့အခါကျတော့ ဘရမ်းဘတာ မမျှော ရဘူးလား....(မျှောမှာပါဘုရား) ဘရမ်းဘတာ မျှောရလိမ့်မယ် ဆိုတာ သဘောကျကြပလား....(ကျပါတယ်ဘုရား)အဲဒီအတိုင်း ဘဲတဲ့ တကာ တကာမတို့ သေရမည့် မရဏဆိုတဲ့ရေကြီးက လာ နေပြီလို့ အောက်မေ့ကြပါနော်....(မှန်ပါ့) သေမည့် ရေကြီးက ဘာတုံး.... (လာနေပါပြီ) လာနေကြပြီ တကာ တကာမတို့ ဘယ်သူမှမလွတ်ဘူးဆိုတာကော သဘောကျပလား(ကျပါပြီ)။

အေး....အားလုံးတိုက်ချမည့်ရေကြီးက မလာသေးဘူးလား (လာ နေ ပါ ပြီ ဘု ရား) လာ နေ ပြီ ဆိုတာကို ဦးခင်မောင်တို့ သ ဘော ကျ ပ လား.... (ကျပါပြီဘုရား) ကောင်းပြီ ဒီကဲ့သို့ သ ဘော ကျ တဲ့ အ ခါ ရေလာတာသည်ကားလို့ဆိုယင် ရေက တော့ လာ မြဲ တိုင်း လာ မှာ ဘဲ၊ ကိုယ် က အိပ် ပျော် မ နေ လို့ ဖေါင်တွေ လှေ့တွေ သဘောတွေ လုပ်ကိုင်ထားကြမယ်၊ အိပ်ရာ

မှလဲ နိုးနေကြမယ်ဆိုယင် ဒီရေဟာ ဘာအရေးစိုက်စရာရှိသလဲ လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဟာ....ကိုယ်ကလဲအိပ်ပျော်နေမယ်၊ ရေကလဲလာမယ်၊ ပေါင် တွေလှေတွေ သင်္ဘောတွေကလဲ မတည်မိဘူးဆိုလို့ရှိယင် ဘရမ်း ဘတာ မျောရလိမ့်မယ်ဆိုတဲ့ဥစ္စာ မသေချာဘူးလား....(သေချာ ပါတယ်ဘုရား) အဲဒါ စဉ်းစားပြီးသကာလ ငါတို့ ဘာဖြစ်နေ သတုံး မေးတော့ မရဏဆိုတာကြီးက တကာ တကာမတို့ အသီး အသီး လာနေပြီလို့မှတ်ပါ(မှန်ပါ့ဘုရား) သေရမည့်ကိစ္စကြီးက (လာနေပါပြီဘုရား)အသီးအသီးလာနေပြီဆိုတာ သဘောကျပ လား....(ကျပါပြီ)။

အသက် ၅၀-ရှိတဲ့ပုဂ္ဂိုလ်ကလဲ ၇၅ နှစ်တမ်းထားပါတော့ ရေတော်တော်နစ်နေပြီ ဆိုယင်လဲ လွဲပါ့မလား.... (မလွဲပါဘူး ဘုရား) အသက် ၃၀-ရှိတဲ့ပုဂ္ဂိုလ်လဲ ၃၀-လောက်နစ်နေပေါ့၊ ရင်လည်လောက် ပေါင်လည်လောက် ခါးလောက် ဆောက်နေ ပဟလို့ ဆိုလို့ရှိယင်ကော လွဲပါ့မလား....(မလွဲပါဘူးဘုရား)

ဒါဖြင့် တကာတကာမတွေ ဒီအထဲမှာ မရဏ-ရေလွတ်တဲ့ ပုဂ္ဂိုလ်-ပါပါရဲ့လားလို့မေးယင် ဘယ်နှယ်ပြောကြမယ်....(မပါ ပါဘူးဘုရား)။

အကုန် ဒီရေထဲမှာဘဲ တကာ တကာမတို့ ရှေးက တကာ တကာမတို့ ဘိုးဘွားတို့မှာလဲ မရဏရေဘေးထဲမှာ မျောပြီး သကာလ သွားကုန်ကြပြီဆိုတာ ငြင်းဘွယ်လိုသေးသလား....(မလို ပါဘူးဘုရား)အခု တကာ တကာမတွေလဲ ဘာများလုပ်နေကြ သတုံးလို့ မေးလို့ရှိယင်ဖြင့်ရေတော့လာနေပြီဘုရားတပည့်တော် တို့မှာ ပေါင်တွေ တက်တွေ လှေတွေ မရှိသေးဘူး ဆိုလို့

ရှိယင် ဆရာဘုန်းကြီးက တိုက်တွန်းလိုက်မယ်၊တကာတကာမတို့ လောဘ ဒေါသ မောဟ တည်းဟူသော အိပ်ပျော်ခြင်းနဲ့ အိပ်ပျော်မနေကြပါနဲ့၊ မဂ္ဂင်ဖေါင်တို့ ဝိပဿနာဖေါင်တို့ လုပ်နှင့်ပါ၊ *ငါးလုံးတွဲဖေါင်တို့ *ရှစ်လုံးတွဲဖေါင်တို့ လုပ်နှင့်ပါ။

ငါးလုံးတွဲဖေါင်လဲ တကာ တကာမတို့ ဆန့်တဲ့ဖေါင်ဘဲလို့ မှတ်ရမယ်နော်၊ ရှစ်လုံးဆိုတဲ့မဂ္ဂင်ရှစ်ပါးပြည့်တဲ့ မဂ္ဂင်ရှစ်ပါးဖေါင်ကြီးဟာလဲ ထို့အတူဘဲ တကာ တကာမတို့ ဆန့်တဲ့ဖေါင်ကြီးဘဲ၊ နိဗ္ဗာန်ဘက်သွားတဲ့ဖေါင်ကြီးဘဲဆိုယင် လွဲပါ့မလား.... (မလွဲပါဘူး)အဲဒါတွေ သိထားတော့မှ ဘုန်းကြီးတို့ တကာ တကာမတွေက ပြော်....ငါးလုံးတွဲဖေါင်ရှိယင်လဲ တော်သေးရဲ့ဟ၊ ရှစ်လုံးတွဲဖေါင်ရှိလို့ရှိယင်လဲ ပိုမိုကောင်းသဟ– ဆိုပြီး သကာလ ယခုအချိန်မှာ ဖေါင်တွဲဘို့ ဖေါင်ဆင်ဘို့ အချိန်မရောက်ကြသေးဘူးလား....(ရောက်ပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ရောက်ပါလိမ့်မတုံးဆိုတော့ ရေလာတာသေချာနေလို့-လို့ ဆုံးဖြတ်ချက်ချစမ်းပါ (မှန်လှပါဘုရား) ဘာ သေချာနေပါလိမ့်–(ရေလာတာသေချာနေလို့ပါဘုရား) ပဋိသန္ဓေနေတဲ့နေ့ကစပြီး တနေ့တခြား မရဏရေထဲမှာ နစ်နစ်

---

*ငါးလုံးတွဲဖေါင်

(၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါယာမ၊ (၄) သမ္မာသတိ၊(၅) သမ္မာသမာဓိ။

*ရှစ်လုံးတွဲဖေါင်

(၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာ ဝါစာ၊ (၄) သမ္မာကမ္မန္တ(၅) သမ္မာအာဇီဝ၊ (၆) သမ္မာဝါယာမ၊ (၇) သမ္မာသတိ၊(၈) သမ္မာသမာဓိ။

နှစ်နှစ်လာတာ အသက်အတိုင်းနှစ်နေတယ်လို့ ဆုံးဖြတ်ချက် ချစမ်းပါ၊သဘောပါလား....(ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာ တကာတကာမတွေက ဟာ-ရေတော့လာနေပြီ၊ သေမှာတော့သိတယ်၊အိပ်ပျော်နေတယ်ဆိုတော့ လောဘအလုပ်တွေ လုပ်နေတာ အိပ်ပျော်တာလို့ မှတ်လိုက်စမ်းပါ၊ ဒေါသအလုပ်တွေ လုပ်နေတာကော-(အိပ်ပျော်တာပါဘုရား) မောဟအလုပ်တွေ လုပ်နေတာကော.... (အိပ်ပျော်နေတာပါဘုရား) အဲဒီ အိပ်ပျော်ခြင်းတွေနဲ့ အိပ်ပျော်လို့ရှိယင် မဂ္ဂင်ဖေါင် ကိုယ်ပိုင်ရှိရဲ့လား....(မရှိပါဘူးဘုရား)ငါးလုံးဖေါင်ကော ကိုယ်ပိုင်ရှိရဲ့လား.... (မရှိပါဘူးဘုရား) ကိုယ်ပိုင်မရှိလို့ရှိယင် ရေကလဲလာ မီးကလဲလောင်ဆိုတော့ ဦးခင်မောင်တို့ မောင်ကိုတို့ ဘရမ်းဘတာမျောကြရလိမ့်မယ်ဆိုတာ မသေချာဘူးလား— (သေချာပါတယ်ဘုရား)။

ဘရမ်းဘတာ မျောလို့ရှိယင် ငါးလိပ်မကာရ်းတို့၏ အစာဖြစ်သလိုအပါယ်လေးပါးတို့၏အစာဖြစ်ရတော့မယ် ဆိုတာကော ကျုပ်တို့အတွက် မသေချာလား.... (သေချာပါတယ်ဘုရား) အဲဒါတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် စဉ်းစားပြီးသကာလ ဘုန်းကြီးတို့ တကာ တကာတွေက ဟာ ငါးလုံးဖေါင်တော့ဖြင့် ဝိပဿနာမဂ်တည်းဟူသော ငါးလုံးဖေါင်ကိုဖြင့် ဆင်မဟာ ဟာဒီ့ထက်အထက် တက်ပြီးသကာလ တခါတည်း မဂ်ဉာဏ်ဆိုက်အောင်ဆိုတော့ မဂ္ဂင်ရှစ်ပါးဆိုတဲ့ မဂ္ဂင်ဖေါင်ကြီးကိုလဲ မရ-ရအောင်လုပ်မဟာ ဆိုလို့ရှိယင်ဖြင့် ဒီဖေါင်၂-ခုက မြုပ်တဲ့ဖေါင် မျောတဲ့ဖေါင်မဟုတ်ဘူး၊ ဆန်တဲ့ဖေါင်လို့ သေသေချာချာ မှတ်ကြပါ(မှန်ပါ)။

ဒါဖြင့် တကာ တကာမတို့ အားကိုးရာအဖြစ် ဖေါင်ဘယ်နှစ်ခုပြပါလိမ့်.... (နှစ်ခုပြပါတယ်ဘုရား) ဝိပဿနာမဂ်ဖေါင်တမျိုး လောကုတ္တရာမဂ်ဖေါင်တမျိုးလို့ ဘယ်နှစ်မျိုးများပြသလဲ (နှစ်မျိုးပြပါတယ်ဘုရား) ကိုင်း....တကာ တကာမတွေ ဒီဖေါင်မရှိလို့ ရှိယင်ဖြင့် ခင်ဗျားတို့ အင်မတန်ကိုယ်ကျိုးနည်းပြီး ဘရမ်းဘတာမျောပြီး ငါးလိပ်မကာရ်းတို့၏ အစာဖြစ်ရသလို အပါယ်လေးပါး၏အစာ ဖြစ်ရမယ်ဆိုတဲ့ဥစ္စာ ငြင်းဆန်နေဘို့လိုကြသေးသလား....(မလိုပါဘူးဘုရား)။

အဲဒါကြောင့် ဆရာဘုန်းကြီးက အားလုံး တကာ တကာမတွေကို သနားသဖြင့် ကိုယ့်ဖေါင်ကလေးနဲ့ ကိုယ်ပိုင် ရှိကြပြီလား....လို့ မေးရတယ်(မှန်ပါ) ကိုယ့်ဖေါင်ကလေး ကိုယ်ပိုင်ရှိကြပြီလား....လို့ မေးတယ်၊ရေလာတာကတော့ သေချာနေပြီ (သေချာပါတယ်ဘုရား) မရဏရေတွေက ဘယ်သူ့ကိုလွှတ်မယ်ထင်ကြသလဲ....(ဘယ်သူ့မှမလွှတ်ပါဘူးဘုရား)။

အခုတရားတပွဲလုံး အကုန်တိုက်ချပြီး သေမည့်ပုဂ္ဂိုလ်တွေချည်းဘဲဆိုယင်ကော လွဲပါ့မလား.... (မလွဲပါဘူး)ကောင်းပြီဒီဥစ္စာ ဖေါင်မရှိတဲ့ပုဂ္ဂိုလ်အဖြစ်နဲ့ တကာ တကာမတို့ ကိုယ်ကျိုးနည်းရတော့မယ်၊ မနည်းရပေဘူးလား.... (နည်းပါတယ်ဘုရား) အဲဒါတွေ စိုးရိမ်တဲ့အတွက် တကာ တကာမတွေကအိပ်ပြီးသကာလနေငြားသော်လဲ ဦးခင်မောင်တို့ မောင်ကိုတို့ဘုန်းကြီး မနှိုးထိုက်ဘူးလား....(နှိုးထိုက်ပါတယ်ဘုရား)။

နှိုးထိုက်တယ် ဆိုတဲ့ဥစ္စာ တကာ တကာမတွေ သေသေချာချာမှတ်ကြပါ၊ မနှိုးဘဲထားလို့ရှိယင် ခင်ဗျားတို့ သားနဲ့ ပျော်တာလဲ အိပ်ပျော်ခြင်း၊ သမီးနဲ့ ပျော်တာလဲ အိပ်ပျော်ခြင်း၊

ပ်စ္စည်းအရောင်းအဝယ်နဲ့ ပျော်တာကော.... (အိပ်ပျော်ခြင်းပါ ဘုရား) ဒီအိပ်ပျော်ခြင်းတွေနဲ့ဘဲ တကာ တကာမတွေ အချိန်ကုန်ပြီးသကာလ နေကြမယ်ဆိုလို့ရှိယင်ဖြင့် မရဏရေက မျောချလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ခိုကိုးရာမဲ့ ဆွဲရာကိုင်ရာမဲ့ အဖြစ်နဲ့ ဘရမ်းဘတာ မမျောကြပေဘူးလား....(မျောပါတယ် ဘုရား)။

ဘယ့်နှယ်ကြောင့် မျောရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေကို ဘုန်းကြီးများက မေးလိုက်တဲ့အခါ ကိုယ်ပိုင်ဖေါင်မရှိလို့၊ ရှင်းကြပလား....(မှန်ပါဘုရား) ဘာမရှိလို့ပါလိမ့်.... (ကိုယ်ပိုင်ဖေါင်မရှိလို့ပါ ဘုရား)ဒါဖြင့် တကာ တကာမတို့ ရေမလာလို့ရှိယင်လဲ ဘုန်းကြီးက၊ ဟ....ငါးလုံး ဖေါင် တွဲကြပါဟ၊ ရှစ်ပါးပြည့်တဲ့ဖေါင် တွဲကြပါဟ-လို့ တိုက်တွန်းစရာလိုသေးသလား....(မလိုပါဘူးဘုရား)။

အခုတော့သေသေချာချာ ရေလာမှာလဲကောန်သိတကယ်သိ၊ တကာ တကာမတွေလဲ အခုပြောလိုက်တော့သိ၊ ဘုန်းကြီးများ ကလဲသိတော့ တကာ တကာမတို့ ကိုယ်ပိုင်ဖေါင် လုပ်ကြစမ်းပါ၊ (မှန်ပါ) သဘောကျပလား....(ကျပါပြီ) ဘာလုပ်ကြရမယ်.... (ကိုယ်ပိုင်ဖေါင် လုပ်ကြရပါမယ်) ရောင်းဝယ်ခြင်းသည် ဘာနဲ့ တူသတုံး အိပ်ပျော်ခြင်းနှင့်တူတယ်၊ သားရေး သမီးရေး လိုက် စားခြင်းသည်....(အိပ်ပျော်ခြင်းနဲ့တူပါတယ်ဘုရား) အိပ်ပျော် ခြင်းနဲ့ တူတယ်လို့ဆိုလို့ရှိယင်ဖြင့် ဒါ-ဖေါင်အလုပ်ကို လုပ်ဖြစ် သေးရဲ့လား....(မလုပ်ဖြစ်ပါဘူး)။

ဖေါင်အလုပ်- မလုပ်ဖြစ်တော့ဘူးလို့ ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီး တို့ တကာ တကာမတွေမှာ ကိုယ်ကျိုးနည်းရလိမ့်မယ်၊

(မှန်ပါ့) လူ့ပြည်လာပြီးသကာလ အပါယ်လေးပါးက ကက်လာတဲ့ ပုဂ္ဂိုလ်တွေ များပါတယ်၊ ဒီကနေပြီး အပါယ်လေးပါးဘဲ မရဏာရေ မျှော လိုက် တာ နဲ့ ပြန်ရောက်ရမယ်ဆိုတော့ တကာ တကာမတို့ အမြတ်များထွက်သေးသလားလို့ မေးလိုက်ပါတယ် (မထွက်ပါဘူးဘုရား) အင်မတန် ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်)။

အဲဒါကြောင့် ယခု အ ချိန် က လေး မှာ ဆရာဘုန်းကြီးက တိုက်တွန်းတယ်၊ သားရေး သမီးရေး စီးပွားရေးနဲ့ ချည်း ပျော်မွေ့ပြီးသကာလ မနေလိုက်ပါနဲ့ ကိုယ့်သေရမည့်ရေက ရင်ခေါင်းလောက် ရောက်နေတဲ့ပုဂ္ဂိုလ်လဲ မနည်းလှပါဘူး၊ မေးစေ့လောက်ရောက်နေတဲ့ပုဂ္ဂိုလ်ကော ဒီထဲမှာ မပါနိုင်ဘူးလို့ ဆိုနိုင်ကြပါ့မလား....(မဆိုနိုင်ပါဘူးဘုရား) အဲဒီရေ ဝင်လို့ ရှိယင်ဖြင့် တကာ တကာမတို့ သေပွဲဝင်ရမည်ဆိုတာကော ငြင်းဆန်နေဘို့ လိုသေးသလား....(မလိုပါဘူးဘုရား)။

အဲဒါတွေ ကေန်သိ တကယ်သိ ဖြစ်ပြီး သကာလ နေသောကြောင့် ဘုရားက—

တံ ပုတ္တ ပသု သမ္မတ္တံ။
ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ။
မစ္စု အာဒါယ ဂစ္ဆတိ။

လို့ ဓမ္မပဒ ပါဠိတော်ကြီးများမှာ သေသေချာချာ ပြောဟောထားတယ်....နော်၊ (မှန်ပါ့) အဓိပ္ပါယ်ကတော့ အခု ဘုန်းကြီးရှင်းပြီးသားပါဘဲ၊ တကာ တကာမတွေ သားရေး သမီးရေး စီးပွားရေးနဲ့ အိပ်ပြီး မနေပါနဲ့၊ ငါးလုံးဖေါင်ဖြစ်ဖြစ် အရ

တဲ့ပါ၊ ကိုယ်စီးဘို့ ကိုယ်ခိုဘို့ ကိုယ်သက်သာဘို့ ဆိုလို့ ရှိယင် မလုပ်ထိုက်ကြဘူးလား....(လုပ်ထိုက်ပါတယ်ဘုရား)။

ရှစ်လုံးဖေါင် ပြည့်အောင်လုပ်မယ်ဆိုယင်လဲ ပိုမို မကောင်းကြဘူးလား....(ကောင်းပါတယ်ဘုရား) အဲဒါကြောင့် တကာ တကာမတို့ ရေမလာယင် ဘုန်းကြီး ပြောဘို့လိုသေးသလား.... (မလိုပါဘူးဘုရား) ရေတွေ မလာဘူးလား၊ လာသလား.... (လာပါတယ်ဘုရား) အသီးအသီးဘဲ ဆိုင်ရာဆိုင်ရာ နှစ်တန်သလောက် နှစ်ကုန်ပြီဆိုယင်ကော လွဲပါမလား....(မလွဲပါဘူးဘုရား) ဒါတောင်မှ တကာ တကာမတို့ ခိုကိုးရာဖြစ်တဲ့ ငါးလုံးဖေါင် ရှစ်လုံးဖေါင်ကို မလုပ်ကြသေးဘူးဆိုလို့ ရှိယင်ဖြင့် မေ့လွန်းလှတယ် အိပ်လွန်းလှတယ်လို့ ဆိုထိုက်-မဆိုထိုက်(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် မေ့လဲ မမေ့ကြပါနဲ့၊အိပ်လဲ မနေကြပါနဲ့၊ လောဘ ဒေါသ မောဟ တည်းဟူသော အိပ်ပျော်ခြင်းနဲ့လဲ အိပ်ပျော်မနေကြပါနဲ့ တကာ တကာမတို့၊ အပါယ်လေးပါး တည်းဟူသော ငါး လိပ် မကာရ်းတို့၏ အစာတွေ ကေန်တကယ် ဖြစ်ရမှာ ဖြစ်လေသောကြောင့် ဒီဖေါင်နှစ်ခုကိုဖြင့် ဆင်မိအောင် ဆင်ပါဆိုတာ ရှေ့ပိုင်းက တိုက်တွန်းပါတယ်၊(မှန်လှပါဘုရား) ဒါဖြင့် ဒီနေ့ ဘာတရားဟောမယ်ဆိုတာကော ရိပ်မိကြပါပလား (ရိပ်မိပါပြီဘုရား)။

ငါးလုံးဖေါင် ရအောင် ဆင်နိုင်တဲ့ပုဂ္ဂိုလ်လဲ ဆင်ကြနော်၊ (မှန်ပါ) ရှစ်လုံးဖေါင်ရအောင် ဆင်နိုင်တဲ့ပုဂ္ဂိုလ်လဲ ပိုမိုကောင်းတယ်လို့ ဆရာဘုန်းကြီးက မဟောဘူးလား....(ဟောပါတယ်ဘုရား) အဲဒါကြောင့် တကာ တကာမတို့ ခင်ဗျားတို့၏ သား

ကလေးတွေကတော့ဖြင့် စီးလို့ မရတဲ့ပြင် သူတို့ကြောင့်ဘဲ မြုပ်ခဲ့ အထဲမသွားရသေးဘူးလား....(သွားရပါတယ်ဘုရား)စိန်ကလေး တွေ ရွှေကလေးတွေ မြကလေးတွေ ရှိတာကလဲ သူတို့ကြောင့်ဘဲ မြုပ်ရဦးမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

တိုက်တွေ တာတွေ ကားတွေ စုံလမ်း သေသွားမယ်ဆိုလို့ ရှိယင်လဲ မရဏာရေကလဲမျော သူတို့ကြောင့် သူတို့အထုပ် လေး တာနဲ့ မြုပ်ရလိမ့်ဦးမယ်ဆိုတာကလဲ မသေချာလား-(သေချာ ပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမ တွေမှာတဲ့ သားရေး သမီးရေး စီးပွားရေး တည်းဟူသော အိပ် ပျော်ခြင်းနဲ့ မနေကြဘဲနဲ့ ဖေါင်ဆင်တဲ့အလုပ်ကို ငါးလုံးဖေါင် လုပ်နိုင် လုပ်ကြပါ၊ ရှစ်လုံးဖေါင်လုပ်နိုင် လုပ်ကြပါဆိုတဲ့ဥစ္စာကို ကိုယ့်အသေဆိုးကို ကြောက်လို့ရှိယင်ဖြင့် အဆန်ဖေါင်နှစ်မျိုး ကိုဖြင့် ဦးခင်မောင်တို့ လုပ်ဖြစ်အောင်လုပ်ပါလို့ သတိပေးလိုက် ပါတယ်၊ (မှန်လှပါဘုရား) သဘောပါကြလား....(ပါ-ပါတယ် ဘုရား)။

ဝိပဿနာမဂ်က ဘာတဲ့....၊ ငါးလုံးဖေါင်၊ (မှန်ပါ) လော ကုတ္တရာမဂ်က .... (ရှစ်လုံးဖေါင်ပါဘုရား) ဝိပဿနာမဂ်က.... (ငါးလုံးဖေါင်ပါဘုရား)အေး....လောကုတ္တရာမဂ်က....(ရှစ်လုံး ဖေါင်ပါဘုရား) အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ဟောတော်မူတယ်၊ ကွာ....တဲ့ နိဗ္ဗာန်ဆိုတဲ့ဥစ္စာသည် ကားလို့ဆိုယင်ဖြင့် ပကတိသောလှေတွေ ယာဉ်တွေနဲ့ သွားလို့ မရဘူး၊ မော်တော်ယာဉ်တွေနဲ့ သွားလို့မရဘူးကွ၊ လေယာဉ် တွေနဲ့ သွားလို့မရဘူးကွ။

မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖေါင်၊ မဂ္ဂင်ငါးပါးတည်းဟူသော ဖေါင်နှစ်ခုတွင် မဂ္ဂင်ငါးပါးတည်းဟူသောဖေါင်နဲ့ ရှေးဦးစွာတင်ပြီး သကာလ မဂ္ဂင်ရှစ်ပါးပြည့်အောင် ဖေါင်ကို ကြိုးစားလုပ်လိုက်ရလို့ ရှိယင်ဖြင့် တကာ တကာမတို့ ကိုယ့်ဖေါင်နဲ့ ကိုယ်သွားရမယ်၊ (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) သူများဖေါင် ကိုယ်စီးလို့ရပါ့မလား- (မရပါဘူးဘုရား) ဒါဖြင့် ဘယ်လိုလုပ်ကြရမယ်....(ကိုယ့်ဖေါင်ကို ကိုယ်ဆင်ရမှာပါဘုရား)။

ကိုယ့်ဖေါင် ကိုယ်ဆင်ရမယ် တွဲရမယ်ဆိုတာ တကာ တကာမတို့ ရှေ့ပိုင်းက သေသေချာချာသတိပေးနေတယ်၊ (မှန်လှပါ) သဘောပါကြလား....(ပါ-ပါပြီဘုရား) အဲဒါ ဒီထဲမှာ အခုမှ တရားနာတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိလိမ့်မယ်၊ နာပြီးသား ပုဂ္ဂိုလ်တွေ ကတော့များတယ်၊ ကိုယ်ပိုင်ဖေါင် မရှိ- ရှိအောင် လုပ်ပါဆိုတာ ကိုဖြင့် လေးနက်စွာဘဲ ဆရာဘုန်းကြီးက တိုက်တွန်းပါတယ် ဆိုတာ သဘောကျကြပလား.... (ကျပါတယ်ဘုရား) ဒါဖြင့် တကာ တကာမတို့ ဆင်ပါ- ပြင်ပါဆိုပေမဲ့လဲ ကိုယ်ပိုင်ဉာဏ်နဲ့လဲ ဖေါင်ကိုဆင်လို့မဖြစ်ဘူး၊ (မှန်ပါ့) ဆရာဘုန်းကြီးက ဆင်နည်း ပြင်နည်းကို ပြောဦးမှသာလျှင်လဲ တကာသစ်တို့ ဦးခင်မောင်တို့ နားလည်မှာ (မှန်ပါ့ဘုရား)။

နို့မို့ယင် နားလည်ပါ့မလား....(မလည်ပါဘူးဘုရား) ကိုင်း ဒါဖြင့် မနေ့က သိကြားမင်းကြီးက မေးတော့ကို တကာ မာနဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား ချုပ်ရာချုပ်ကြောင်း အကျင့်ကောင်း မရှိဘူးလားဘုရားလို့ မမေးလား....(မေးပါတယ်ဘုရား) ရှိတယ်ကွ

သိကြားရ-ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာနုပဿနာရှုလို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဘာရှုရမလဲ.... (ဝေဒနာနုပဿနာ ရှုရပါမယ်) ဝေဒနာနုပဿနာ ရှုရမယ်ဆိုတာ တကာ တကာမတွေ သေသေချာချာ မှတ်ပါနော်....(မှန်ပါ့) ဒါက သိကြားနဲ့ ပတ်သက်လို့ ဟောတာ သိကြားနဲ့ ပတ်သက်လို့ စိတ္တာနုပဿနာမဟောနိုင်ဘူး၊ ဝေဒနာနုပဿနာရှုပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိကြားအား ဟောလို့ ဒီနေ့ ဝိပဿနာရှင်းအောင်ပြမယ်လို့ ဆိုခဲ့တဲ့ဥစ္စာ တကာ တကာမတွေ မှတ်ပါ။

ငါးလုံးဖေါင်လဲ ဖြစ်ပါလိမ့်မယ်၊ ရှစ်လုံးဖေါင်ကျအောင်လဲ ယနေ့ ခင်ဗျားတို့ ရှုနည်း ပွားနည်းနဲ့ တကွ သေသေ ချာချာ သိရပါလိမ့်မယ်၊ ခိုကိုးရာအစစ် အားထားရာအစစ်ကဖြင့် တကာ သစ်တို့ ဦးခင်မောင်တို့ မောင်ကိုတို့ သေသေချာချာ တွေ့တော့မယ်ဆိုတာ မှတ်ကြပါ....နော်၊ (မှန်လှပါဘုရား)တသံသရာလုံး တ ကာ တ ကာ မ တို့ ဒီ ဖေါင်တွေကို ကိုယ်ပိုင်မရခဲ့တဲ့အတွက် အမြုပ်သမားနဲ့ အမျောသမားချည်း ဖြစ်ခဲ့ရတယ်ဆိုတာ မောင်ကိုတို့ ငြင်းဘိုလိုသေးသလား....(မလိုပါဘူးဘုရား)။

ဘယ့်နှယ်ကြောင့် အမြုပ်သမား အမျောသမား ချည်း အဖန်ဖန် ဖြစ်နေရပါလိမ့်မလဲလို့ အမေးထုတ်တော့မှ ဩော်.... ကိုယ်ပိုင်ဖေါင်တခါမှ မလုပ်ခဲ့တဲ့ အဓိပ္ပါယ်ဘဲလို့ မဆိုနိုင်ကြဘူးလား(ဆိုနိုင်ပါတယ်ဘုရား)အဲဒါကြောင့် ကိုယ်ပိုင်ဖေါင် မလုပ်ခဲ့လို့ ရှိယင်ဖြင့် တကာ တကာမတို့အမြုပ်သမား အမျောသမားဘဲ ဖြစ်ရလိမ့်မယ်၊ မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်)မျောပါများယင် ဘာဖြစ်နိုင်သလဲ....(မြုပ်ပါတယ်ဘုရား)။

ဧမျာပါများသည် မြုပ်မှာစိုးရိမ်တဲ့အတွက် တကာ တကာ မတို့ အသက်ကြီးတဲ့ပုဂ္ဂိုလ် မြန်မြန်ဖေါင်ဆင်ပါ၊ အသက်ငယ်တဲ့ ပုဂ္ဂိုလ်လဲ အဇ္ဇဝ သုဝေဝ=ယနေ့လား နက်ဖြန်လား သေရမှာ မသိတဲ့အတွက် ဖေါင်မြန်မြန်ဆင်ပါ၊ (မှန်လှပါ) မတိုက်တွန်း ထိုက်ဘူးလား....(တိုက်တွန်းထိုက်ပါတယ်ဘုရား)အသက်ကြီးတဲ့ ပုဂ္ဂိုလ်လဲ သေခါနီးလို့ ဖေါင်ဆင်ပါလို့ တိုက်တွန်းလိုက်ပါ တယ်၊ (မှန်ပါ့ဘုရား)။

အသက်ငယ်တဲ့ပုဂ္ဂိုလ်လဲ ယနေ့လား နက်ဖြန်လားလို့ ခန္ဓာ ကိုယ်က မပိုင်တာကြီး ရ-ထားတဲ့အတွက် ငယ်တဲ့ပုဂ္ဂိုလ်လဲ မြန်မြန်ဆင်ရမှာဘဲ၊ (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား) ငယ်တဲ့ပုဂ္ဂိုလ်ကော.... (မြန်မြန်ဆင်ရပါမယ်) ကြီးတဲ့ ပုဂ္ဂိုလ်ကော.... (မြန်မြန် ဆင်ရမှာပါဘဲ) မြန်မြန်ဆင်ရမှာဘဲ၊ ခင်ဗျားတို့ အိပ်ခြင်းကိုတော့ လျှော့လိုက်စမ်းပါ ဆိုတာကိုဖြင့် တိုက်တွန်းပါတယ်၊ (မှန်ပါ့) တိုက်တွန်း ဆိုတာ ဘာပါလိမ့် မတုံး လို့ မေး တယ်၊ လောဘ ဒေါသ မောဟတွေ လိုက်စား နေတာ ဘာပါလိမ့်.... (အိပ်ပျော်ခြင်းနဲ့ အိပ်ပျော်နေတာပါ ဘုရား) အဲဒါတွေ မေ့လျော့တဲ့ အလုပ်တွေ မဟုတ်လား.... (မှန်ပါ့ဘုရား)။

အေး.... ဒါ့ကြောင့် တကာ တကာမတို့ တရားပေးနေတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ကို သတိပေးနေတာလို့ မှတ်လိုက်ကြ စမ်းပါ၊ (မှန်လှပါဘုရား) ဘာပြောနေတာပါလိမ့်.... (သတိ ပေးနေတာပါဘုရား) သတိပေးနေတာ၊ ခင်ဗျားတို့ကတော့ဖြင့် လူဖြစ်ယင် လုပ်စားရချီရဲ့ သားသမီး တာဝန်ခံရချီရဲ့၊ ဟာ– မဟုတ်ပါဘူး ဒီဥစ္စာက ကိုယ်တည်ထောင်ထားလို့ ကိုထမ်းချင်

လို့ ထမ်းတဲ့ပစ္စည်းပါ၊ ကိုယ့်အရေးကိုယ်သိပါဆိုတာ မတိုက်တွန်းထိုက်ဘူးလား....(တိုက်တွန်းထိုက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ကိုယ့်အရေးကတော့ဖြင့် မပြုပ်–မပြောတဲ့ အရေးကို ကိုယ်လိုက်နာရလိမ့်မယ်ဆိုတာကော သဘောပါကြလား (ပါ-ပါတယ်ဘုရား) ကိုင်း-ဒါဖြင့် ဆရာဘုန်းကြီးသည် ယနေ့ သိကြားမင်းကမေးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပပဥ္စ ချုပ်ချင်ယင် ဝေဒနာရှုကွလို့ ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော် သက္ကပဉ္စသုတ်မှာ သေသေချာချာလာတဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ သေသေချာချာလုပ်မှ ရလိမ့်မယ်....နော်၊ (မှန်ပါ့)။

အဲဒီတော့ မလုပ်ခင်ကလေး ဘုရားက ဥပရိပဏ္ဏာသပါဠိတော် **ဆဠက္ကသုတ်မှာ** ဟောတာကလေး နည်းနည်းကလေး နားထောင်ကြစမ်းပါနော်....(မှန်ပါ့ဘုရား) ဒါက ဦးခင်မောင်ရေ သဘောကလေး နည်းနည်းပါတယ်နော်၊ (မှန်ပါ့ဘုရား) ငါကွာ....တဲ့၊ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တယ်၊ သဗ္ဗညုတဉာဏ်နဲ့ နိဗ္ဗာန်သွားတဲ့ပုဂ္ဂိုလ်တွေ ကြည့်လိုက်တယ်၊ နိဗ္ဗာန်မရောက်တဲ့ပုဂ္ဂိုလ်တွေလဲ ကြည့်လိုက်တယ်၊ အမြုပ်သမားအမြောသမားတွေလဲ ဘယ့်နှယ်ကြောင့် မြုပ်ပါ- မြောပါလိမ့်မတုံး၊ အဆန်သမားတွေ ချမ်းသာပြီးသွားတဲ့ ပုဂ္ဂိုလ်တွေလဲ ဘယ့်အတွက်ကြောင့် ချမ်းသာပါလိမ့်မလဲလို့ ငါကြည့်လိုက်တဲ့ အခါကျလို့ရှိယင် တကာ တကာမတို့ ဒီဘက်က သုခဝေဒနာကို သုခဝေဒနာဆိုတာ တကာ တကာမတို့ ကိုယ်ပေါ်မှာလဲ သုခဝေဒနာပေါ်တယ်၊ ဝမ်းထဲမှာလဲ သောမနဿဆိုတဲ့ သုခဝေဒနာမပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီ သုခ ဝေဒနာကိုတဲ့ တကာ တကာမတွေ သုခဝေဒနာ နောက်က သုခဝေဒနာ ပစ္စယာ တဏှာလို့ မလာဘူးလား.... (လာပါတယ်ဘုရား)ကြြ်-ဒါက တကာ တကာမတို့ အားလုံး သေသေချာချာ နားထောင်ပါ၊ သုခဝေဒနာပစ္စယာ (တဏှာပါ ဘုရား) ကြြ်....ဒီဥစ္စာ ဦးခင်မောင် မလာယင်မဖြစ်တဲ့ အလုပ် ပါကလား.... (မှန်ပါ့ဘုရား) မောင်ကို ဘာတဲ့တုံး.... (မလာ- မဖြစ်တဲ့ အလုပ်ပါ ဘုရား) ပဋိစ္စသမုပ္ပါဒ်ပေါ့ကွာ၊ (မှန်ပါ့) တကာ တကာမတို့ ဘာတဲ့....(ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာက ဘုရား မပွင့်လဲ သူ့ ဒီလမ်းအတိုင်း သွားတာဘဲ၊ ဘုရားပွင့်လို့ ဖြတ်ပေးပြန်ယင်လဲ ပြတ်တာဘဲ (မှန်ပါ့)သဘောကျပလား....(ကျပါတယ်)။

ဘုရားမပွင့်လဲ ဒီလမ်းအတိုင်း မသွားဘူးလား....(သွားပါ တယ်ဘုရား) သုခဝေဒနာပစ္စယာ....(တဏှာပါဘုရား) တဏှာ ပစ္စယာ....(ဥပါဒါန်ပါဘုရား)ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ ပါဘုရား)ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဇာတိပစ္စယာ.... (ဇရာမရဏပါ)။

ကိုင်း....တကာ တကာမတို့ သုခဝေဒနာ ခင်ဗျားတို့က တောင်းတလိုက်တာ၊ ကိုယ်ပေါ်မှာ သုခကလေးချမ်းသာလို့ ဝမ်းထဲက သောမနဿ·ဝမ်းသာလုံးကလေးနဲ့ ရွှေကလေး ငွေ ကလေး တိုက်ကလေး ကားကလေးရလို့ဝမ်းသာတဲ့ သုခဝေဒ နာကို ခင်ဗျားတို့က ဘယ်လိုမှ မလုပ်တော့ပါဘူးဆိုလို့ရှိယင် ဖြင့် ငါ့လမ်းအတိုင်း ငါသွားမည်ဆိုပြီးသကာလ သုခဝေဒနာ ပစ္စယာ-ဘာတဲ့တုံး....(တဏှာပါဘုရား)တဏှာပစ္စယာ.... (ဥပါ

ဒါနဲ့ပါဘုရား) ဥပါဒါနပစ္စယာ.... (ကမ္မဘဝပေါ့ပါ) ကမ္မဘဝ ပစ္စယာ....(ဇာတိပါ) ဇာတိပစ္စယာ.... (ဇရာမရဏပါ)။

ဇရာမရဏတဲ့၊ တကာ တကာမတို့ မျှောသွားပြီးသကာလ ဒီဘက်မှာ ဇာတိပစ္စယာ ဇရာမရဏဆိုတော့ ဦးခင်မောင်တို့ မောင်ကိုတို့ မြုပ်လမ်း မျှောလမ်း မရောက်သေးဘူးလား(ရောက် ပါတယ်ဘုရား) ဘာ့ကြောင့် မြုပ်လမ်း မျှောလမ်းကို တကာ တကာမတို့ ရောက်ရပါလိမ့်မလဲလို့ မေးတို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)။

အဲ....သုခဝေဒနာကို ခင်ဗျားတို့က ပယ်နိုင်တဲ့ စွမ်းရည်သတ္တိ မရှိတာနဲ့-သုခဝေဒနာနောက်က တဏှာကို ပယ်နိုင်တဲ့စွမ်းရည် သတ္တိမရှိတာနဲ့ ခင်ဗျားတို့ ခုနက မြုပ်လမ်း မျှောလမ်းဘက်ကို ရောက်သွားရပါတယ်၊ သဘောကျပလား....(ကျပါပြီ) ဘယ် လမ်းဘက် ဆက်သွားသတုံး....(မြုပ်လမ်းမျှောလမ်းဘက် ဆက် သွားပါတယ်)။

မြုပ်လမ်း မျှောလမ်းဘက်ကို ဆက်မသွားသေးဘူးလား.... (ဆက်သွားပါတယ်ဘုရား) ဘာကြောင့် ဆက်ရဘာလိမ့်မတုံး လို့ ဦးခင်မောင်တို့ မေးပြီ၊ ဦးဘအုန်းတို့ မေးပြီ၊ တကာသစ် တို့ မေးပြီ ....၊တဏှာမပယ်နိုင်လို့နော်၊ သဘောကျကြပလား.... (ကျပါတယ်ဘုရား) ဘာမပယ်နိုင်လို့လဲ....(တဏှာမပယ်နိုင်လို့ ပါဘုရား)။

တဏှာမပယ်နိုင်တဲ့အတွက်တဲ့-သုခဝေဒနာနောက်ကလာ တဲ့ တဏှာကို မပယ်နိုင်တဲ့အတွက် တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာမရဏ ဆိုတော့ တကာ တကာမတို့ စဉ်းစားကြည့်၊ တဏှာ ဥပါဒါန် ကံ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ဟောဒီ

သုံးခုက ယခုဘဝမှာ၊ ဇာတိ ဇရာမရဏတွေက တကာ တကာမ တို့ အနာဂတ်ဘဝမှာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)ဇာတိ ဇရာ မရဏက-ဘာတဲ့....(အနာဂတ်ဘဝပါဘုရား)။

အနာဂတ်ဘဝတဲ့၊ ဒါကတော့ ဘာတဲ့.... (ပစ္စုပ္ပန်ဘဝပါ ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)တဏှာ ဥပါဒါန် ကံက.... (ပစ္စုပ္ပန်ဘဝပါ) ဇာတိ ဇရာမရဏက.... (အနာဂတ်ဘဝ ပါ) အနာဂတ်ဘဝ၊ ဒါဟာ ဘယ့်နှယ်ကြောင့် ပစ္စုပ္ပန်နဲ့ အနာဂတ်ဆက်သွားရပါလိမ့်မလဲလို့ မေးဘို့ မလိုဘူးလား....(လို ပါတယ်ဘုရား)ဒါကိုခင်ဗျားတို့အားလုံး စဉ်းစားပါ ဒီဥစ္စာကို၊ အလွန်အရေးကြီးနေတယ်ဆိုတာလဲ မှတ်ပြီး စဉ်းစားပါ။

ဒီ ပဋိစ္စသမုပ္ပါဒ်က ဖြတ်ပေးမည့်မြတ်စွာဘုရားလဲမလာဘူး၊ ဖြတ်ပေးမည့် ဘုရား၏တပည့်သားလည်း မလာတော့ဘူးဆိုလို့ရှိ ယင်ဖြင့် ဦးခင်မောင် ဒီအတန်းကို ဖျက်လို့ရသေးရဲ့လား.... (မရပါဘူး) အဲဒါကို မှတ်လိုက်စမ်းပါ တကာ တကာမတို့ ဓမ္မနိယာမလို့ (မှန်ပါ) ဘာနိယာမလဲ....(ဓမ္မနိယာမပါဘုရား) အဲဒီတော့ ခင်ဗျားတို့ ဒီမှာချမ်းသာတာတွေ ကိုယ်ပေါ်ချမ်း သာတာတွေ ဝမ်းထဲဝမ်းသာတာတွေ လာတဲ့အခါ ခင်ဗျားတို့ က ဒီအတိုင်း နေမယ်ဆိုလို့ရှိယင် ဝေဒနာပစ္စယာ....(တဏှာပါ ဘုရား)တဏှာပစ္စယာ....(ဥပါဒါန်ပါဘုရား)ဥပါဒါနပစ္စယာ- (ကမ္မဘဝေါပါဘုရား)။

ဟော....ဒီလေးခုပေါ်လာတယ်၊ ဒီ လေးခုပေါ်လာလို့ရှိ ယင်ဖြင့် ခင်ဗျားတို့က တော့ဖြင့် ဈေးရောင်းလျက် ဝယ်လျက် ပါဘဲတဲ့၊ ဒီ တရားတွေက တကာ တကာမတို့ စဉ်းစားပါတော့

တဲ့ ဒီဘက်ကို ကျေးဇူးပြုမလား-မပြုဘူးလား....(ကျေးဇူးပြုပါတယ်ဘုရား) ဘာဖြစ်လို့ ပြုပါလိမ့်မတုံးလို့ မေးတဲ့အခါ ဒီဘက်အကြောင်း တွေကို ခင်ဗျားတို့က ကြိုးစားထားတဲ့အတွက် ပစ္စုပ္ပန် အကြောင်းတွေ ကြိုးစားထားတဲ့ အတွက် အနာဂတ် အကျိုးသုံးခု မလာဘူးလား-လာမလား....(လာပါတယ်ဘုရား) ဒါ ဖျက်လို့ရသလား....(မရပါဘူးဘုရား)။

ဓမ္မနိယာမတဲ့ တကာ တကာမတို့ ဖျက်လို့ရရဲ့လား....(မရပါဘူးဘုရား) ဩော်....ဒါဖြင့် ဒို့က ကိုယ်ပေါ် ချမ်းသာလုံးက လေးရှိတယ်၊ ဒါကလေးကို ဒို့က ကိုယ်ချမ်းသာတာကလေးကို ကျေနပ်နေမယ်ဆိုယင် ကိုယ်ချမ်းသာတယ်-ကျေနပ်တယ်စွဲလမ်းတယ်-အားထုတ်တယ်ဆိုတာ မလာပေဘူးလား....(လာပါတယ်ဘုရား)လာခဲ့လို့ရှိယင်ဖြင့် ဟိုဘဝဆက်-မဆက် စဉ်းစားစမ်း....(ဆက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီ ပစ္စုပ္ပန်ဘဝက လေးခုကြောင့် အနာဂတ်ဘဝ သုံးခုမလာပေဘူးလား.... (လာပါတယ်ဘုရား) ဤကဲ့သို့ လာတာ ထောက်ကြည့်တဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုခဝေဒနာကိုဟောပြီး၊ ဟောဒီ သုခဝေဒနာနောက်က တဏှာလာတဲ့ပုဂ္ဂိုလ် ဟူသ၍ ဘယ်အခါကာလမှ ဒုက္ခ သိမ်းလိမ့်မယ်လို့ ငါဘုရား မဟောဘူးပါဘူး ကွာလို့ ဆဆက္ကသုတ်မှာ ဟောတော်မူလိုက်တယ်(မှန်ပါ)။

သုခဝေဒနာနောက်က တဏှာလာတဲ့ပုဂ္ဂိုလ်ကို ဘယ်တော့မှ နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရားမဟောဘူးတဲ့(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

သုခဝေဒနာနေ့ကကြ တဏှာလာတဲ့ပုဂ္ဂိုလ်ဟာ.... (ဘယ်တော့မှ နိဗ္ဗာန်မရပါဘူးဘုရား)ဘယ်တော့မှနိဗ္ဗာန်ရလိမ့်မယ်လို့ ဒုက္ခ ဆုံးလိမ့်မယ်လို့ ငါဘုရား ဟောကို--မဟောဘူးဘူးတဲ့၊ ကိုင်း....တကာတကာမတို့ ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ်မှာ သေသေချာချာ မဟောသေးဘူးလား.... (ဟောပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါတယ်ဘုရား)။

သုခဝေဒနာနေ့ကကြ တဏှာလာတယ်၊တဏှာလာလို့ရှိယင် ဥပါဒါန်က လာတော့မယ်၊ ဥပါဒါန်လာယင်....(ကမ္မဘဝ လာပါမယ်) ကမ္မဘဝ လာယင် အနာဂတ်ဘဝမှာ ဘာတွေလာမယ် ထင်ကြသလဲ....(ဇာတိ ဇရာ မရဏ ပါဘုရား)ဇာတိ ဇရာ မရဏ တွေက မလာပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘူး) ဒါဖြင့် တကာ တကာမတို့ဘဲ စဉ်းစားပါတော့၊ဘုရားက-ငါသည် သုခဝေဒနာနေ့ကကြ တဏှာလာတဲ့ ပုဂ္ဂိုလ် များကို ဘယ်အခါကာလမှ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီးကို ရလိမ့်မယ်လို့ တခါမှ မဟောဘူးဘူးတဲ့(မှန်ပါ)။

ကဲ....ဟောလို့ကော ဖြစ်ပါ့မလား.... (မဖြစ်ပါဘူးဘုရား) ဘဝဘယ်နှစ်ခု ဆက်သွားပါလိမ့်မယ်-(နှစ်ခုပါဘုရား) ဘဝနှစ်ခု ဆက်သွားတယ်၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဦးခင်မောင်.... ဘဝဘယ်နှစ်ခုလဲ....(နှစ်ခုပါဘုရား) ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝ ဆက်သွားတယ်ဆိုတာ တကာ တကာမတွေ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘယ့်နှယ်ကြောင့် ဆက်ပါလိမ့်မလဲလို့ သဘောကိုလဲ မေးကြည့်တဲ့ အခါကျတော့ ဒီဝေဒနာနေ့ကကြ တဏှာလိုက်လာလို့ (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) သုခဝေဒနာ

နောက်က-(တဏှာလိုက်လာလို့ပါဘုရား)တဏှာလိုက်လာတော့ တဏှာပစ္စယာ....(ဥပါဒါန်ပါ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝ ပါ) ကမ္မဘဝပစ္စယာ.... (ဇာတိပါ) ဟော....ဇာတိဆိုတော့ အနာဂတ်ဘဝ မရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား)။

ဇာတိလာယင် ဇရာမရဏာတွေက ရှန်းလို့ ကန်လို့ လွတ်နိုင် သေးရဲ့လား....(မလွတ်နိုင်ပါဘူးဘုရား) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုခဝေဒနာနောက်က တဏှာမှ မချုပ် လို့ရှိယင်ဖြင့် တဏှာမပျောက်လို့ရှိယင်ဖြင့် ဘယ်တော့မှ ဒုက္ခ ဆုံးတဲ့နိဗ္ဗာန် ရောက်လိမ့်မယ်လို့ ငါဘုရားမဟောဘူး ဆိုတဲ့ဥစ္စာ ဘုရား၏အမိန့်တော်ကို ဦးခင်မောင် ယုံပလား.... (ယုံပါတယ် ဘုရား) တကာ တကာမတွေကလဲ ဥပရိပဏ္ဏာသပါဠိတော် **ဆဆက္ကသုတ်**မှာ လာတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါဘုရား)။

အဲ....ဆဆက္ကသုတ်မှာ သေသေချာချာ လာသောကြောင့် ဒီဥစ္စာကို အတိအလင်းဘဲ ဆုံးဖြတ်ချက်ချပေးပါတယ်(မှန်ပါ) တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ် ဘယ်ဘဝနဲ့ ဘယ်ဘဝ ဆက် သွားပါလိမ့်....(ပစ္စုပ္ပန်နဲ့ အနာဂတ်ဘဝ ဆက်သွားပါတယ်) သေသေချာချာ နားကြနော် နားထောင်ကောင်းအောင် ဟော တဲ့ တရားမဟုတ်ဘူးတဲ့၊ အလုပ်ပြမယ်လို့ ဟောမဲ့ တရားလို့ ဆိုတာ မှတ်စမ်းပါနော်....(မှန်ပါဘုရား)။

မောင်ကို နားထောင်ကောင်းအောင် ဟောတဲ့တရား မဟုတ် ဘူးနော်....(မှန်ပါ) အလုပ်ပြနေတယ်၊ အလုပ်ကို ဒီလိုလုပ်မှ ရမယ်ဆိုတာ ခုတော့ဖြင့် အလုပ်မပြခင် ဩော်....မလုပ်လို့ရှိယင် ဖြင့်ဒီအတိုင်းထွက်မှာပါကလားဆိုတာမပေါ်ကြသေးဘူးလား၊ (ပေါ်ပါတယ်ဘုရား)ကိုင်း-ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်

ကြီးက ဟောတဲ့ဥစ္စာ သုံးခါစေ့အောင်ဘဲ ဦးခင်မောင် ပြောပါဦးမယ်....နေဉ်(မှန်ပါ) သုခဝေဒနာနောက်က တဏှာလာနေတဲ့ပုဂ္ဂိုလ်များ ဘယ်အခါကာလမှ ငါသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောဘူးပါဘူး၊ ဟောစရာအကြောင်းလဲ မရှိပါဘူး၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

သုခဝေဒနာနောက်က တဏှာလာတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်ပါ့မလား-(မရောက်ပါဘူးဘုရား) သုခဝေဒနာမနောက်က (တဏှာလာတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရောက်ပါဘူး) သုခဝေဒနာနောက်က တဏှာလာတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရောက်နိုင်ဘူး၊ ဒီတလုံးမှတ်စမ်းပါ၊ ဒီတလုံးမှတ်စမ်းပါ၊ အင်မတန် အရေးကြီးနေတယ်၊ ခင်ဗျားတို့က သုခဝေဒနာကလေး ဖြစ်တယ်ဆိုလို့ရှိယင် ဥပမာမယ်-ဦးခင်မောင်ဖြစ်စေ မောင်ကိုဖြစ်စေ တကာသစ်ဖြစ်စေ ဦးအောင်တို့ဖြစ်စေ လေကလေးတိုက်လို့ ကိုယ်ပေါ်မှာ ချမ်းသာလုံးကလေး လာနေတဲ့အခါကျတော့ ဒီချမ်းသာကလေးကို ကာယိက သုခကလေးကို ခင်ဗျားတို့က ဪ....ဒီလိုများ နေရတာ ကောင်းလိုက်တာဆိုတာ မလာဘူးလား(လာပါတယ်ဘုရား)။

ဒီလိုနေရတာဆိုတော့ သုခဝေဒနာပေါ်တာ ကောင်းလိုက်တာ ဆိုတာက တဏှာ၊ဒီနေရာ ကြာကြာ နေ့ဦးမှဘဲဆိုဘာက....(ဥပါဒါန်ပါဘုရား) ဥပါဒါန်ဘဲ ဒီနေရာမယ် ဟိုပြင်- ဒီပြင်ရှေ့လှည့်ထိုင်လိုက် နောက်လှည့်ထိုင်လိုက်ဆိုတဲ့ဥစ္စာ ကာယကံတွေ မပါသေးဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာပစ္စယာ....(တဏှာပါဘုရား) တဏှာပစ္စယာ (ဥပါဒါန်ပါဘုရား) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါပါဘုရား)

ဟော....ကာယကံ ဝစီကံနဲ့ ခင်ဗျားတို့က ဟိုလှည့်ထိုင် ဒီလှည့်ထိုင်နဲ့ ကာယကံအလုပ်တွေ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ဥစ္စာ ကုလားထိုင်ပေါ်မှာ လေပြေလေညှင်းခံနေတာဟာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပေါ်သတုံးဆိုတော့ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါပါဘုရား) ဒါတွေ ပေါ်မနေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါတွေ ခင်ဗျားတို့က မဖြတ်တော့ဘူးဆိုတော့ ခင်ဗျားတို့သည် လေညှင်းခံရင်းမတ်တတ်နဲ့ အနာဂတ် ဇာတိ ဇရာမရဏ အလုပ်ကို လုပ်မနေဘူးလား....(လုပ်နေပါတယ်ဘုရား) လုပ်နေတယ်လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) လေညှင်းခံရင်းမတ်တတ်နဲ့ ဘာဖြစ်နေကြသလဲ.... (အနာဂတ်ဘဝ လုပ်နေပါတယ်ဘုရား) အနာဂတ်ဘဝ ဆင်းရဲတွေ့ရအောင် ကြိုးစားနေကြတယ် (မှန်ပါ့) အနာဂတ် ဆင်းရဲတွေ့ရအောင် ကြိုးစားနေတယ်ဆိုတာကို မယုံယင် ဆင်းရဲကြည့်လိုက်၊ ဇာတိက ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား) ဇရာက....(ဒုက္ခသစ္စာပါဘုရား) မရဏကကော....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း-ခင်ဗျားတို့ လေညှင်းခံရင်း အနာဂတ်ဒုက္ခတွေရအောင် ကြိုးစားနေကြတယ်၊(မှန်လှပါ)ဘယ်လိုဆိုကြမယ်....(လေညှင်းခံရင်း အနာဂတ် ဆင်းရဲတွေ ရအောင် ကြိုးစားနေပါတယ်ဘုရား) လေညှင်းခံရင်း အနာဂတ်ဒုက္ခတွေ ရအောင် ကြိုးစားနေတယ်လို့ ဘုန်းကြီးက စွဲချက်တင်လိုက်ပါတယ်၊ (မှန်ပါ) ဦးခင်မောင်ကြီးတို့ ငြင်းချင်သေးသလား (မငြင်းပါဘူးဘုရား)

ဒါက ခင်ဗျားတို့က ဒီဘဝအတွက်တွင် ကြိုးစားနေတာလား၊ နောက်ဘဝအတွက်ပါ ဆင်းရဲတွေရအောင် ကြိုးစားနေတာလား-မေးယင် ဘယ့်နှယ်ဖြေကြမယ်....(နောက်ဘဝ ဆင်းရဲတွေပါရအောင် ကြိုးစားနေကြပါတယ်ဘုရား) ဒါက သတိပဋ္ဌာန် လွတ်သွားပြီ (မှန်ပါ့) တကာ တကာမတို့ ဘာလွတ်သွားပါလိမ့်.... (သတိပဋ္ဌာန် လွတ်သွားပါတယ်ဘုရား) သတိပဋ္ဌာန် လွတ်သွားပြီ။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ မဂ္ဂင်ငါးပါးနဲ့ ကျုပ်တို့အလုပ်-လုပ်ကြစို့၊ မဂ္ဂင်ငါးပါးနဲ့ အလုပ်-လုပ်ကြစို့ဆိုတော့ လွယ်ပါတယ်၊ ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်တယ် တကာ တကာမတို့၊ ကိုယ်ပေါ်မှာ ဘာဝေဒနာပေါ်ပါလိမ့်.... (သုခဝေဒနာပေါ်ပါတယ်) အိုက်တဲ့အခါ လေကလေးတိုက်တော့ ကိုယ်ပေါ်မှာ ဘာဝေဒနာပေါ်ပါလိမ့်.... (သုခဝေဒနာပေါ်ပါတယ်ဘုရား)။

အဲဒီ သုခဝေဒနာ ပေါ်-ပေါ်ခြင်း ခင်ဗျားတို့က ဟောဒီ မဂ္ဂင်ငါးပါးနဲ့ ခြော်....သူကလေးဟာ ဖဿပစ္စယာ ဝေဒနာဘဲ ဖဿချုပ်လို့ ချုပ်တာဘဲဆိုပြီး ဖြစ်ချုပ်ကို မမြင်-မြင်အောင် ကြည့်ပါ၊ သဘောကျပလား....(ကျပါပြီ) ဖြစ်ပျက်ကို....(မြင်အောင်ကြည့်ရပါမယ်ဘုရား) မမြင်-မြင်အောင် ကြည့်လိုက်တဲ့အခါကျတော့ တကာ တကာမတို့ဘဲ စဉ်းစားတော့ ဝေဒနာက ဖြစ်ပျက်ဟုတ်လား၊ ရှုတာက မဂ်လာဖြစ်တယ်၊ (မှန်ပါ့) ဝေဒနာက....(ဖြစ်ပျက်ပါဘုရား) ရှုတာက....(မဂ်ပါဘုရား)။

မဂ်လာဖြစ်တော့ ကိုင်း-တကာ တကာမတို့ ဒီကြားထဲ မဂ္ဂင်ငါးပါးဆိုတဲ့ ဖေါင်တခု သွင်းလိုက်တယ်၊ဖေါင်တခုသွင်းလိုက်တဲ့

အခါကျတော့ ဒီဘက်က တဏှာလာသေးရဲ့လား-(မလာပါဘူး ဘုရား) ဥပါဒါန်ရော....(မလာတော့ပါဘူး) ကံရော....(မလာ တော့ပါဘူး) ဒါဖြင့် ပစ္စုပ္ပန်အကြောင်းသုံးခုမှ မလာလို့ရှိယင် ဖြင့် အနာဂတ်အကျိုးသုံးခု လာနိုင်ပါ့မလား....(မလာနိုင်ပါဘူး ဘုရား) ဒါဟာ ဘာလုပ်လိုက်လို့ပါလိမ့်ဆိုတော့ ကိုးစားရာ ဖေါင်ကလေးတခု ကြိုးစားလိုက်လို့ (မှန်လှပါဘုရား) ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုးစားရာ ဖေါင်ကလေးတခုကို .... (ကြိုးစားလိုက်လို့ပါ ဘုရား)ဒီဖေါင်ကလေးကို ရ-ထားတယ်ဆိုယင်ဘဲ တကာ တကာ မတို့ ဒါ မဂ္ဂင်ဖေါင်ကလေးဘဲ၊ လောကီမဂ္ဂင်ဖေါင်ကလေးဘဲ (မှန်ပါ့) သဘောပါကြလား....(ပါ-ပါပြီ) ဘာဖေါင်တဲ့တုံး.... (လောကီမဂ္ဂင်ဖေါင်ပါဘုရား) ဒါဖြင့် ဒီဖေါင်ကလေး ဒီ ကြားထဲမှာ မခိုလိုက်လို့ရှိယင်ဖြင့် တကာ တကာမတို့ ခုနက အတိုင်း တန်းမသွားပေဘူးလား....(တန်းသွားပါတယ်ဘုရား)။

ဒါ့ကြောင့် ယနေ့သည်ကားလို့ ဆိုလို့ရှိယင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟောလို့ ကြွ....တဲ့၊ သုခဝေဒနာ နောက်က တဏှာလာနေတဲ့ ပုဂ္ဂိုလ် ဒုက္ခသိမ်းလိမ့်မယ်လို့ ငါ ဘုရားမဟောပါဘူးဆိုတာကော သဘောကျပလား.... (ကျပါ တယ်) ဒါဖြင့် သုခဝေဒနာနောက်က တဏှာမလာခဲ့လို့ရှိယင် ဒုက္ခသိမ်းလိမ့်မယ်လို့ ငါဘုရားဟောတယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) သုခဝေဒနာနောက်က တဏှာမလာ ယင်(ဒုက္ခသိမ်းပါလိမ့်မယ်ဘုရား) သိမ်းတာပေါ့ တကာ တကာ မတို့ ဒီဒုက္ခအကြောင်းသုံးခုကော မသိမ်းဘူးလား.... (သိမ်းပါ

တယ်ဘုရား) ဒုက္ခအကျိုးသုံးခု လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘူးဘုရား)။

ဟော– အကြောင်းရော အကျိုးရော သိမ်းပစ်လိုက်တယ်၊ (မှန်ပါ့ဘုရား) ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာ တော်တော်ရှင်းပလား....(ရှင်းပါပြီ) ရှင်းသွားတဲ့အခါကျတော့ ဘယ်နှစ်လုံးတဲ့ဖေါင် ကိုယ်ပိုင်ရသတုံး .... (ငါးလုံးတွဲဖေါင် ကိုယ်ပိုင်ရပါတယ်ဘုရား) ဒီငါးလုံးတွဲဖေါင် ကိုယ်ပိုင်ရယင်ဘဲ မပူပါနဲ့တော့လို့ သတိပေးလိုက်တယ်၊ (မှန်လှပါဘုရား) တပည့်တော်တို့ ဒီဘဝ ရှစ်လုံးတော့ဖြင့်ဘုရား ပါရမီမရှိလို့မရ အားထုတ်မှ ညံ့ဖျင်းလို့မရဘူး၊ ငါးလုံးနဲ့တော့ဖြင့် ဖြစ်ပျက်တော့ မြင်နေတာဘဲ၊ ဒီဘက်က ဖြစ်ပျက်ပေါ့ဗျာ၊ ဦးခင်မောင် ကျေနပ်ပလား....(ကျေနပ်ပါတယ်)။

သုခဝေဒနာကလေးဖြစ်ပျက်ကိုတော့ မဂ္ဂင်ငါးပါးနဲ့ မြင်တယ်ဆိုကြပါစို့နော်.... (မှန်လှပါ) ထိုကဲ့သို့ မြင်လို့ရှိယင်ဖြင့် စုတိမနေ သေလွန်တဲ့ အခါကျလို့ရှိယင်ဖြင့် နတ်ရွာ သုဂတိ ရောက်ပါတယ်၊ သဘောပါလား....(ပါ-ပါတယ်) ဘယ်ရောက်သလဲ....(နတ်ရွာသုဂတိရောက်ပါတယ်)ငါးလုံးတွဲဖေါင်ရယင်ဘဲ နတ်ရွာသုဂတိတော့ သေချာပြီတဲ့ တကာ တကာမတို့ (မှန်လှပါ) သေချာတဲ့အပြင်ဘဲ၊ နတ်သမီးရင်ခွင်ထဲမှာ - ခင်ဗျားတို့ အခု အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တယောက်ယောက်က သွားပြီး သကာလ နတ်သမီးရင်ခွင်ထဲမှာသွားပြီး ယောကျ်ားကလေးဖြစ်ဖြစ် မိန်းမကလေးဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်နတ်ပြည်ရောက်တာက နတ်ပြည်ရောက်မှန်း မသိသေးဘူး မောင်ကိုရေ သောတာပန် တည်တာက စောမယ် (မှန်လှပါဘုရား)မဂ္ဂင်ရှစ်ပါးပြည့်တာက

စောနေသတဲ့ တကာ တကာမတို့၊ ဒါကအင်္ဂုတ္တိုရ်ပါဠိတော်လို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါ ဘုရား) အင်္ဂုတ္တိုရ် ပါဠိတော်မှာ လာပါတယ်။ ။

ဝိပဿနာဉာဏ်နဲ့သေတဲ့ပုဂ္ဂိုလ်များဟာ တကာ တကာမတို့ အချည်းနှီးဖြစ်ပါသလား – ဒီလောကဲတောင် ကျေးဇူးများသလားဆိုတာ ပေါ်လာကြပလား.... ( ပေါ်လာပါပြီ ဘုရား ) ဒါဖြင့် ငါးလုံးနဲ့သေကော ကြောက်စရာရှိရဲ့လား....(မရှိပါဘူးဘုရား)ရှစ်လုံးနဲ့ သေမယ်ဆိုယင် အတိုင်းထက်အလွန်ပေါ့ဗျာ (မှန်လှပါဘုရား) ဒါဖြင့် ငါးလုံးနဲ့ သေတာတောင်မှ အကျိုးယုတ်ပါရဲ့လား....(မယုတ်ပါဘူး)။

အထက်ဆန်သွားတယ်ဆိုတာ-မောင်ကိုရေ နတ်ပြည်ဆန်သွားတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) နတ်က နေပြီး မဂ်ရှစ်ပါး ဖြစ်ပြီးသကာလ နိဗ္ဗာန် ကူးသွားတယ်ဆိုယင်ကော....(မလွဲပါဘူးဘုရား) မလွဲဘူးဆိုတာ သေချာကြပလား....(သေချာပါတယ်)ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီဖေါင်ကလေးမှမရှိတဲ့ပုဂ္ဂိုလ်များဟာ ဘယ့်နှယ်လုပ်ကြမတုံးလို့မေးယင် မပြောတတ်ပါဘူး ဖြေရုံဘဲရှိမယ် (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ဒီ ငါးလုံးဖေါင်ကလေးမှ ခင်ဗျားတို့က ကိုယ်ပိုင်မရှိဘူး၊ ရှစ်ခုဆိုတာ ဝေးပါသေးရဲ့လို့-မောင်ကို ဒီလိုဆိုယင် ခိုကိုးရာမဲ့ မဖြစ်ဘူးလားဖြစ်မလား(ဖြစ်ပါတယ်ဘုရား)ဒါဖြင့်တကာတကာမတို့ ဒီ တရားပွဲမှာအားလုံးဟာ အလုပ်ကို အလိုရှိတဲ့ပုဂ္ဂိုလ်များ လာ၍နာကြပါ၊ ကောင်းပါတယ်နော်....(မှန်လှပါဘုရား)လုပ်မှ ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သင်္ခါရဝေဒနာကို ဖြစ်ပျက်ရှုနိုင်မှ၊ဖြစ်ပြီးပျက်တဲ့တရား'ဟူတဲ့
အဘာဝငွေ့နအနိစ္စ''ဆိုတဲ့ အတိုင်း-ဖြစ်ပြီးပျက်တာကို ရှုနိုင်တဲ့
မဂ္ဂင်ငါးပါးလာမှ ကျုပ်တို့မှာ ဆန်ပေါင်တခု ရပါလိမ့်မယ်၊
အထက်ဆန်တက်တဲ့ပေါင် ရမယ်(မှန်ပါ့)သဘောပါကြလား....
(ပါ-ပါပြီ) ဒါဖြင့် ဒီအလုပ်သည် မျှောချင် မြုပ်ချင်တဲ့ပုဂ္ဂိုလ်
ဖြင့် ခင်ဗျားတို့ကို တိုက်တွန်းစရာမလိုပါဘူး(မှန်ပါ့)။

တကယ်တမ်း ကိုယ့်ကိုယ်-ကိုယ်သနားပြီး မျှောခြင်း မြုပ်ခြင်း
မှ လွတ်ချင်ပါတယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဒီ ပေါင်ရှိထိုက်-မရှိထိုက်....
(ရှိထိုက်ပါတယ်ဘုရား)အားလုံး တာဝန် ခံနိုင်ပါ့မလား.... (ခံ
နိုင်ပါတယ်) သူများအရေးလား - ကိုယ့်အရေးလား.... (ကိုယ့်
အရေးပါဘုရား) အဲဒီတော့ ခင်ဗျားတို့ အခုဘယ်လောက်ဘဲ
ချမ်းသာ-ချမ်းသာ ရောင်းဝယ် ဖေါက်ကားတာတွေကတော့
ဖြင့် ဒီ ပေါင်လိုတော့ မကယ်ဘူးနော်....(မှန်ပါ့ဘုရား)မောင်ကို
ကယ်ပါ့မလား....(မကယ်ပါဘူးဘုရား) ဦးခင်မောင် ကယ်ပါ့မ
လား....(မကယ်ပါဘူး)။

ဒါဖြင့် သားမယားတွေကလဲ ချစ်ပါတယ် ခင်ပါတယ် ကြင်
နာပါတယ်ဆို ကယ်နိုင်ပါ့မလား.... (မကယ်နိုင်ပါဘူးဘုရား)
ပစ္စည်းတွေကလဲ—သိန်းပေါင်း များစွာ ချမ်းသာတဲ့ပစ္စည်းက
ကော....(မကယ်နိုင်ပါဘူး)မကယ်နိုင်ပါဘူး၊ ကိုယ်လုပ်ထားတဲ့
အဆောက်အဦတွေ အိုးစာ မင်းစာတွေကကော....(မကယ်နိုင်ပါ
ဘူးဘုရား)ဒါဖြင့် ဘယ်သူကမှ ကယ်မှာပါလိမ့်....(မဂ္ဂင်ငါးပါး
ကသာ ကယ်မှာပါ)မဂ္ဂင်ပေါင်ကမှ ကယ်နိုင်တယ်ဆိုတာ သေ
ချာပလား....(သေချာပါတယ်ဘုရား) ကိုင်း....ဒါဖြင့် ပေါင်
အကြောင်းလဲ သိသွားပြီတဲ့၊ ဒီ တကာ တကာမတွေ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သုခဝေဒနာနောက်က တဏှာလာယင် ဘယ်တော့မှ နိဗ္ဗာန်မရဘူးလို့ မဟောဘူးလား (ဟောပါတယ်ဘုရား)အခု လာသေးရဲ့လား....(မလာပါဘူး) သုခဝေဒနာကလေး ဘာလုပ်ကြပါလိမ့်....(ဖြစ်ပျက်ရှုရပါမယ်) ဒါဖြင့် သုခဝေဒနာက ဖြစ်ပျက်၊ရှုတာက.... (မဂ္ဂပါဘုရား) သဘောကျပလား.... (ကျပါပြီ) သေတာက ဟောဒီမှာသုံးခု၊ တကာ တကာမတို့ ဒီသုံးခုသေတော့ ဒီသုံးခု မလာဘူးလား.... (မလာပါဘူးဘုရား။)

ဒီသုံးခု မလာတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ တဏှာ ဥပါဒါန် ကံတွေ မသေဘူးလား....သေသလား.... (သေပါတယ် ဘုရား) ဒါကို ကြပ်ကြပ်ကြည့်ပါ၊ ပုံထဲကြည့်ကြ တကာ တကာမတို့— နော်၊ တရားလဲနာကြ (မှန်ပါ) **(စက်ဝိုင်းကိုပြသည်)**။

ဒီ သုခဝေဒနာကလေးပေါ်တာက အနိစ္စ ဖြစ်ပျက်လို့ တကာ တကာမတွေက မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်ပါတယ်၊ ရှုလိုက်တဲ့ အခါကျတော့ ဒီ တဏှာ ဥပါဒါန် ကံ လာသေးလား....(မလာပါဘူးဘုရား)။

ဩော်....ဒီဟာတွေဟာ တကာ တကာမတွေ မနေ့ကပြောခဲ့တဲ့ ဒီဟာကို သူက သုခဝေဒနာကလေးက ဟေဝိပဿိကော၊ ဟေဝိ=လာခဲ့ပါ၊ပဿ=ကျုပ်ကိုရှုပါလို့ မနေ့က သင်ထားတယ် မဟုတ်လား....(မှန်လှပါဘုရား)သုခဝေဒနာက ဘာတုံး....(ဟေဝိ ပဿိကော)မဂ်က ဘာလုပ်ရမတုံး(သန္ဒိဋ္ဌိကောပါ)သန္ဒိဋ္ဌိကောနဲ့ လိုက်ရမယ်(မှန်ပါ) သုခဝေဒနာက ဘာတဲ့....(ဟေဝိပဿိကော ပါ) မဂ်က.... (သန္ဒိဋ္ဌိကောပါ)သန္ဒိဋ္ဌိကောဆိုတော့ ကိုယ်တိုင် မြင်အောင် လိုက်ပါတဲ့(မှန်ပါ)။

သာမံပယံတာမှော်ဆိုတဲ့အတိုင်း တကာ တကာမတို့ ဘယ်လို မြင်အောင် လိုက်ရမလဲ....(ကိုယ်တိုင်မြင်အောင် လိုက်ရပါမယ်) ကိုယ်တိုင်မြင်အောင် လိုက်-လိုက်တဲ့အခါကျတော့ အနိစ္စ သွား မြင်တယ်၊ မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား) ဒါဖြင့် သုခ ဝေဒနာက အနိစ္စ၊မြင်တာက....(မဂ္ဂပါဘုရား)မဂ္ဂရပြီးသကာလ သွားတော့ ဟောဒီ သမုဒယသုံးခု မောင်ကို သေ-မသေ.... (သေပါတယ်ဘုရား)။

ဦးခင်မောင် သေ-မသေ....(သေပါတယ်ဘုရား) ဒါဖြင့် ဒီ သမုဒယသစ္စာ သေပေါ့၊ ဒီဘက်က ဒုက္ခတွေက ကျုပ်တို့ ရချင် လို့ ယူချင်လို့ကို ရသေးရဲ့လား....(မရပါဘူးဘုရား) သေသေ ချာချာ သေတယ်ဆိုတာလဲ ရှင်းကြပါပလား.... (ရှင်းပါပြီ) ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ခုနက ဘုရားက သုခ ဝေဒနာနောက်က တဏှာချုပ်မယ်ဆိုလို့ရှိယင်လဲ ဒီဘဝ ဒုက္ခ ခပ် သိမ်း ငြိမ်း လိမ့် မယ် ဆိုတဲ့ဥစ္စာ ငါဟောတယ်ဆိုတာကော ကဲ-နောက်ထပ် ဟော ပြန် တော့ ကော တ ကာ တ ကာ မ တွေ ကျေနပ်ကဲ့လား....(ကျေနပ်ပါတယ်ဘုရား)။

သုခဝေဒနာနောက်က တဏှာမလာလို့ရှိယင်လဲတဲ့ ဒုက္ခငြိမ်း လိမ့်မယ်၊ ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ရောက်လိမ့်မယ်၊ ရလိမ့်မယ်လို့ ငါ ဘုရား သေသေ ချာချာ ဟောတယ်ဆိုတော့ တဏှာမလာတဲ့ အတွက် ဟောဒီ သမုဒယ ချုပ်တယ်၊ မချုပ်ဘူးလား....(ချုပ် ပါတယ်ဘုရား) ဟောဒီ ဒုက္ခတွေကော.... (ချုပ်ပါတယ်ဘုရား) ဒါတွေဟာ တ ကာ တကာမတွေ စဉ်းစားကြည့်စမ်း၊ ခုနက ပ ဋိစ္စ သ မုပ္ပါဒ် တန်းပြတုန်းကလဲ တကာ တကာမတွေ ခန္ဓာ ကိုယ်ဘဲ၊ (မှန်ပါ)။

အခု ဝိပဿနာမဂ် ဝင်ကြည့်လိုက်တော့လဲ ပြောပ်....ကိုယ့်သန္တာန်ရှိတဲ့ မဂ်ဝင်လိုက်ပြန်တော့ သန္နိဋ္ဌာနကောနဲ့ ကိုယ်တိုင် လိုက်-လိုက်ပြန်တော့လဲ အင်း....နေရာကျတာဘဲ ဒီအတိုင်း မှန်ပေတာဘဲဆိုတာ အသွားအပြန် ဟောတဲ့အတွက် တကာ တကာ မတွေ့ ကောင်းကောင်းရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား) ကဲ-တရားပွဲထဲမှာ တကာတကာမတွေ့ ဒါ သဘောမကျ-ကျအောင်ဘဲ ပြောနေတယ်ဆိုတာ မောင်ကို ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား) တကာ တကာမတွေ့ သဘောကျကြရဲ့လား.... (ကျပါတယ်)။

ပြောပ်-ဒါဖြင့် အလုပ်-လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ တကာ တကာ မတို့ ဒီဘက်က "ဟုတ္ဒာ အဘာဝဋ္ဌနေ အနိစ္စ"ဆိုတဲ့ ဖြစ်ပျက်၊ ဒီဘက်က ဘာပါလိမ့်....(မဂ္ဂပါဘုရား) ရှုတာက မဂ်....(မှန်ပါ့) အရှုခံတာက ဖြစ်ပျက်၊ ရှုတာက....(မဂ်ပါဘုရား) အရှုခံတာက (ဖြစ်ပျက်ပါဘုရား) ရှုတဲ့ဉာဏ်က.... (မဂ်ပါဘုရား) အဲ—သေတာက သမုဒယ သဘောကျပလား.... (ကျပါပြီ) နောင် မရတာက ဒုက္ခ၊ (မှန်ပါ့) ဒုက္ခ ရသေးရဲ့လား....(မရပါဘူး) ဒုက္ခ မရလို့ ရှိယင် ဒီဟာ နိရောဓသစ္စာဖြစ်ရမယ်၊ သဘောပါကြလား (ပါ-ပါပြီ)။

ပြောပ်....ဒါဖြင့် နဂိုတုန်းကတော့ ဒုက္ခနဲ့ သမုဒယ တန်းနေတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) မဂ် မဝင်တုန်းကတော့ ဒုက္ခ သမုဒယ တန်းနေတယ်၊ ဒီ အခု ပြောခဲ့တာတွေက သမုဒယတွေဖြစ်ပြီး ဒီဘက်က ဒုက္ခတွေ မနေဘူးလား.... (နေပါတယ်ဘုရား) ဒါသုခဝေဒနာကို မရှုတဲ့ပုဂ္ဂိုလ်အတွက်မှာ တကာ တကာမတို့ သမုဒယနဲ့ ဒုက္ခ ဖြစ်ပါတယ်၊ (မှန်ပါ့ဘုရား) ရှင်း

ဟ်လား....(ရှင်းပါပြီ) ဒီသင်္ခါရဝေဒနာကို အနိစ္စလို့ မရှုတဲ့ပုဂ္ဂိုလ်မှာ ဒီသုံးခုက ဘာပါလိမ့်....(သမုဒယပါ) ဒီသုံးခုက(ဒုက္ခပါ) သေချာပလား....(သေချာပါပြီ)၊

ဩြဲ....ဒါဖြင့် တကာ တကာမတွေ မရှုမပွားတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် တနေ့လုံး ဘာလုပ်နေကြပါလိမ့်မတုံး မေးလိုက်တယ်၊ သမုဒယနဲ့ ဒုက္ခနဲ့ဘဲ တပည့်တော်တို့ အချိန်ကုန်နေကြတယ်ဘုရား....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) တနေ့လုံး ဘာလုပ်နေကြသလဲ.... (သမုဒယနဲ့ ဒုက္ခနဲ့ဘဲ အချိန်ကုန်နေပါတယ်) သမုဒယနဲ့ ဒုက္ခနဲ့ဘဲ အချိန်ကုန်နေတယ်လို့ ဆိုလို့ရှိယင်ဖြင့် ငြင်းဘို့လိုသေးသလား....(မလိုပါဘူး)။

ကိုင်း....ဒါဖြင့် တကာ တကာမတွေမှာ တနေ့လုံးဟာ ရိုးရိုးဘဲ ခုနက သိလလဲ ယူထားတော့ အရောင်းနဲ့ အဝယ်နဲ့ အပြောနဲ့ အဆိုနဲ့ သားနဲ့ သမီးနဲ့ နေကြတဲ့ ပုဂ္ဂိုလ်များမှာ ဘယ်သစ္စာနှစ်ပါးနဲ့ နေကြပါလိမ့်မတုံး.... (သမုဒယနဲ့ ဒုက္ခနဲ့ နေကြပါတယ်ဘုရား) သမုဒယနဲ့ ဒုက္ခနဲ့ဘဲ နေတာဘဲ(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) နိရောဓ မဂ္ဂ ပါသေးရဲ့လား.... (မပါ-ပါဘူး) ဩြဲ....တယ်ကြောက်စရာကောင်းပါကလား တကာ တကာမတို့ (မှန်လှပါ)။

သမုဒယသစ္စာသည် ဒုက္ခဖြစ်ကြောင်း (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) သမုဒယသုံးခုက.... (ဒုက္ခဖြစ်ကြောင်းပါဘုရား)သေသည်၏ အခြားမဲ့၌ ဒုက္ခဖြစ်ကျိုးသုံးခု မရဘူးလား (ရပါတယ်ဘုရား) ဒါ-ဆုတောင်းလို့ ပြည့်တာလား.... ဓမ္မသဘောဘဲဖြစ်တာလား.... (ဓမ္မသဘောပါဘုရား) ဒီ အထဲက နေပြီး ခင်ဗျားတို့က လုပ်တာကတော့ သမုဒယနဲ့လုပ်တာ....

ဟုတ်လား....၊ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ရ-ရပါလို၏လို့ ပါးစပ်ကအော် နေလို့ ဒီအကြောင်းအကျိုးကပြတ်သွားမှာလား.... (မပြတ်ပါ ဘူးဘုရား) ပြတ်နိုင်ပါ့မလား....(မပြတ်နိုင်ပါဘူး)။

ဦးခင်မောင် အပြောကလေးနဲ့ ပြတ်ယင် အလွယ်သားပေါ့ (မှန်ပါ့) အပြောနဲ့ပြတ်တဲ့ တရားမျိုးလား.... (မဟုတ်ပါဘူး ဘုရား)အလုပ်နဲ့ ပြတ်ရမည့်တရားမျိုး(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ)အပြောနဲ့ ပြတ်မှာလား-၊အလုပ်နဲ့ဖြတ်ရမှာလား- (အလုပ်နဲ့ ဖြတ်ရမှာပါဘုရား)ကိုင်း–ဒါဖြင့် ဒီကြားထဲ အလုပ် ဝင်လိုက်၊ အပြောနဲ့ဖြင့် မပြတ်တာ သေချာနေပြီ (မှန်ပါ့) ဒါဖြင့် ဒီကြားထဲ အလုပ်ဝင်လိုက်။

တကာ တကာမတို့ ဒီဘက်က သုခဝေဒနာကလေး ကိုယ် ပေါ်မှာပေါ်တယ်၊ ဒီကနေပြီးသကာလ သူက သုခဝေဒနာ ကလေး ကိုယ်ပေါ်-ပေါ်တယ်ဆိုတော့ တကာ တကာမတွေ ဟေ့ဟိုပဿိကောလို့ မနေ့က ပြောခဲ့ပြီ (မှန်လှပါဘုရား)ဟေ့ဟိုက ဘာတဲ့တုံး....(လာပါ)ပဿက....(ရှုပါ) ဩော်....ဒါကလေးက ရှုပါ ရှုပါလို့ ခေါ်နေတယ်၊ လာ-ရှုပါ လာ-ရှုပါလို့ ခေါ် တယ်၊ သဘောကျပလား....(ကျပါတယ်)။

လာရှုပါ လာရှုပါလို့ခေါ်တော့ - သုခဝေဒနာကလေးက ခေါ်တော့ ခင်ဗျားတို့က လာတာက လွဲနေတယ်၊ လာတော့ လာတယ်၊ သူ့နောက်က တဏှာက လာပစ်လိုက်တယ်၊ နေရာ ကျလိုက်တာဟေ့ ချမ်းသာလိုက်တာ....လို့ ဆိုပြီး တဏှာ လာ ပစ်လိုက်တယ်၊ (မှန်ပါ့) မလာဘူးလား....(လာပါတယ်) ဦးခင် မောင် ဘာလာပစ်လိုက်သလဲ....(တဏှာ လာပစ်လိုက်ပါတယ်) လာရမှာက ဘာ–လာရမှာတုံး....(မဂ်ပါဘုရား)။

မှဂ် လာရမှာတဲ့၊သန္ဒိဋ္ဌိကောဆိုတဲ့ ကိုယ်တိုင်မြင်တဲ့ မဂ်-လာရမှာ၊ သဘောကျပလား....(မှန်ပါ)ကိုယ်တိုင်မြင်တဲ့ မဂ်-လာရမှာ ဘာ-လာနေကြသလဲ.... (တဏှာ လာနေပါတယ် ဘုရား) အဲဒီတွင် ကိုယ်ကျိုးနည်းပြီ၊ (မှန်ပါ) အဲဒီတော့ တဏှာလာတော့-ပြန်ပြောလိုက်တယ်၊ သုခဝေဒနာပစ္စယာ.... (တဏှာပါဘုရား)တဏှာပစ္စယာ.... (ဥပါဒါန်)ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ)ကဲ....ခင်ဗျားတို့ ပစ္စုပ္ပန် မကောင်းတဲ့ အကြောင်းသုံးခုကိုယ့်ဝမ်းထဲ မရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား)။

အကျိုးသုံးခုကို ကျုပ်မရချင်ဘူးဆိုလို့ကော တားလို့ ဆီးလို့ ရပါ့မလား....(မရပါဘူးဘုရား)ဒါဖြင့် သမုဒယနဲ့ ဒုက္ခဘဲဖြစ်တယ်၊ (မှန်ပါ) ဦးခင်မောင် အလာလွဲပြီ၊ (မှန်ပါ) ခေါ်တဲ့နေရာမှာ .... (အလာလွဲနေပါတယ်ဘုရား) အလာလွဲနေတယ်ဆိုတာ သေချာပလား.... (သေချာပါတယ်) ခေါ်တဲ့နေရာမှာ (အလာလွဲနေပါတယ်ဘုရား)။

အလာလွဲနေတာ သေချာတဲ့အတွက် ခင်ဗျားတို့ဟာ ဘယ်သစ္စာနှစ်ခုကို ကိုယ်ပိုင်ရပါလိမ့်မလဲ(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာကိုယ်ပိုင်ရပါတယ်ဘုရား) သမုဒယသစ္စာက အပူခေါ်တယ်၊ သဘောကျပလား၊ သမုဒယသာ ဝမ်းထဲမှာရှိယင် ပူနေတာဘဲ (မှန်ပါ) သူက ဒုက္ခသ-ဆိုသဖြင့် တကာ တကာမတွေ သိတဲ့အတိုင်း သူကလဲ ဆင်းရဲမျိုးတွေကို စုံနေအောင် အကျိုးပေးတာဘဲ၊ မပေးဘူးလား....(ပေးပါတယ်ဘုရား)။

ဒါဖြင့် အပူနဲ့ ဆင်းရဲဘဲရတယ်၊ (မှန်ပါ) သဘောပါကြလား....(ပါ-ပါပြီ) ဘာရသလဲ.... (အပူနဲ့ ဆင်းရဲဘဲ ရပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် ဒီ တကာ တကာမတွေ အပူနဲ့ ဆင်း

ရဲချည်း ရနေပါလိမ့်မတုံးဆိုတော့ အလာလဲ့တယ် (မှန်လှပါ) ဟေ=လာခဲ့ပါ၊ ပဿ=ရှုပါလို့ဆိုတော့ အရှုက လဲ့နေလို့ မဂ်နဲ့သွားရမှာ တဏှာနဲ့သွားနေလို့ ရှင်းပလား....(ရှင်းပါပြီ)။

ဒီကရှေ့ ဘာနဲ့သွားမလဲ....(မဂ်နဲ့သွားပါမယ်ဘုရား) မဂ်နဲ့သွားလိုက်တော့ အပူသိမ်း၍ ဒုက္ခငြိမ်းတယ်၊ ဘယ့်နှယ်ဆိုကြမယ်.... (အပူသိမ်း၍ ဒုက္ခငြိမ်းပါတယ်ဘုရား) အပူသိမ်း၍ ဒုက္ခငြိမ်းတယ်ဆိုတာ တကာတကာမတွေ့ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) အဲဒါကြောင့် အလုပ်ဟာ လုပ်ပြီးတဲ့ အခါကျတော့မှ မောင်ကိုတို့ ဦးခင်မောင်တို့ အပူသိမ်း၍ ဒုက္ခငြိမ်းတယ်ဆိုတာ မသေချာဘူးလား- (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီလာနည်း ဒီသွားနည်း ခေါ်တော့ ခေါ်တာဘဲ၊ ဟေ=လာ ခဲ့ပါ၊ ပဿ=ရှုပါလို့ ဆိုတော့ တဏှာ က ချည်း ဦးအောင် သွားနေတယ်၊ (မှန်လှပါ) ဉာဏ်က သွားရဲ့လား.... (မသွားပါဘူး)အဲဒီတော့ ဉာဏ်က မသွားတော့ကို ဉာဏ်မဂ္ဂင်က မသွားဘဲဖြစ်နေတော့ ကျုပ်တို့မှာ-တဲ့ အပူရတယ် ဆင်းရဲရတယ်၊ (မှန်ပါ) ဘာရကြသလဲ....(အပူရ- ဆင်းရဲ ရပါတယ်ဘုရား)အပူနဲ့ ဆင်းရဲဘဲ ရတယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

အပူနဲ့.... (ဆင်းရဲဘဲရပါတယ်) အပူနဲ့ ဆင်းရဲဘဲ ရတယ် ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား) အဲဒါ ဘာလုပ်လို့ ဘယ့်နှယ်ကြောင့်ပါလိမ့်၊ ခေါ်တာကို အသွား မတတ်လို့ (မှန်လှပါဘုရား)ဘယ်လိုဆုံးဖြတ်ချက်ချမလဲ(ခေါ်တာကို အသွားမတတ်လို့ပါဘုရား) ကဲ- ဒီကရှေ့ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ပြင်ခဲ့သည့်အတိုင်း ဆရာ ဘုန်းကြီးကလဲ ပြင်တဲ့အတွက်—

"သုခံဝါ ဝေဒနံ ဝေဒယမာနော
သုခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ"

သိအောင်လုပ်လေကွာလို့ ဆိုတော့ ပဇာနာတိ = ပညာနဲ့ သိအောင်လုပ်ပါဆိုတော့၊ မဂ္ဂင်နဲ့ သိအောင်လုပ်ပါလို့ ဘုရားက မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီဟောတဲ့အတိုင်း ဘုန်းကြီးတို့ တကာ တကာမတွေက ခေါ်ရာကို အသွား တတ်မယ်ဆိုလို့ ရှိယင်ဖြင့် အပူသိမ်း၍ ဒုက္ခငြိမ်းပါတယ်(မှန်ပါ)သဘောပါကြလား....(ပါ-ပါတယ်) အပူသိမ်း၍....(ဒုက္ခငြိမ်းပါတယ်ဘုရား) အပူသိမ်း ဆိုတာက သမုဒယသိမ်းတာ (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) အပူသိမ်း၍.... (ဒုက္ခငြိမ်းပါတယ်ဘုရား) ခေါ်ရာကို သွားတတ်တဲ့အတွက်....၊ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်နှယ်တဲ့....(ခေါ်ရာကို သွားတတ်တဲ့အတွက်) ခေါ်ရာကို သွားတတ်တဲ့အတွက် အပူသိမ်း၍.... (ဒုက္ခငြိမ်းပါတယ်ဘုရား) ဒုက္ခငြိမ်းတာ ခင်ဗျားတို့ ရှေ့တွင်အပူသိမ်းတာပါ၊ တကာ တကာမတို့ သဘောကျပလား....(ကျပါပြီ)ခင်ဗျားတို့ရှေ့တွင် အပူသိမ်းတာပါ၊ မဂ္ဂင်နဲ့ ဒီလိုသွားလိုက်တာကို(မှန်ပါ)မဂ္ဂင်နဲ့ သွားလိုက်တဲ့အတွက် အပူသိမ်း၍ဘာတဲ့.... (ဒုက္ခငြိမ်းပါတယ်ဘုရား)။

ဒါဖြင့် အပူသိမ်း၍ ဒုက္ခငြိမ်းတယ်ဆိုသဖြင့် တကာ တကာမတို့ ရ-ထားတဲ့ ဓမ္မဂုဏ်တော်ရွတ်ကြည့်၊သေသေချာချာ ပေါ် ပါလိမ့်မယ် အကာလိကော၊ သန္ဒိဋ္ဌိကောပြီးတော့ ဦးခင်မောင် ဘာလာသတုံး....(အကာလိကောပါ)ကိုင်း....အပူသိမ်းတာလား တကာ တကာမတို့ အခါမလင့် အကျိုးပေးတာလား....၊ အပူ

မသိမ်းသေးဘူးလား....(သိမ်းပါတယ်ဘုရား) အခါများ ခြား သေးလား-(မခြားပါဘူး)ဒါဖြင့် အကာလိကော-ကော မကိုက် ဘူးလား....(ကိုက်ပါတယ်)။

ဒုက္ခသိမ်းတာလဲ အကာလိကောဘဲ မကျဘူးလား....(ကျပါ တယ်) ဒါဖြင့် တကာ တကာမတို့ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်-လို့ရှိယင် အကာလိကောဆိုတာ အပူသိမ်း ၍ ဒုက္ခငြိမ်းတာဘဲ၊ပေါ်ကြပလား....(ပေါ်ပါပြီ)အပူသိမ်း၍- (ဒုက္ခငြိမ်းတာ) အဲဒါဘာဆိုကြမလဲ.... (အကာလိကောပါ ဘုရား)သေသေချာချာ မှတ်ပါ တကာ တကာမတို့ ရ-ထားတဲ့ ဟာကို ရှင်းပေးတာပါ(မှန်ပါ)။

ဦးခင်မောင် ဘာ ရှင်းပေးပါလိမ့်....(ရ-ထားတာ ရှင်းပေး တာပါဘုရား) နောက်က တကာ တကာမတွေ....(ရ-ထားတာ ရှင်းပေးတာပါဘုရား) ရှင်းလိုက်တော့ ခင်ဗျားတို့ ကွယ်ရာမှာ ရှင်းတာလား....၊ရှေ့တွင် ရှင်းတာလား....(ရှေ့တွင် ရှင်းတာပါ ဘုရား)ဟုတ်ကော ဟုတ်ပါရဲ့လား.... (ဟုတ်ပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ် ဆက်နိုင် သေးရဲ့လား.... (မဆက်နိုင်ပါဘူး) မဆက်နိုင်တာကို သေသေချာချာ ခင်ဗျားတို့ သိရတဲ့အတွက်-တဲ့ ဩြဘ်.... ဒီ တရားသည်ကား-လို့ ဆိုယင် တယ်-အဘိုးတန်ပါ ကလား....(မှန်ပါ)။

ဒါဖြင့် ဒီဘက်က ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်လို့ရှိယင်ဖြင့် အကာလိကောဆိုတဲ့ အခါမလင့် အကျိုး ပေးတဲ့ အပူသိမ်း၍ ဒုက္ခငြိမ်းတာဟာ ဒို့-ဆုတောင်းနဲ့ ရတာ လား....၊ခေါ်ရာကို လိုက်တတ်တာနဲ့ ကိစ္စပြီးသွားတာလား.... ခေါ်ရာကို လိုက်တတ်တာနဲ့ ကိစ္စပြီးသွားတာပါဘုရား)။

ခေါ်ရာကို လိုက်တတ်တာနဲ့ ကိစ္စပြီးသွားတာကို တကာ တကာမတို့ သူများပြောလား....၊ မျက်မြင်လား....(မျက်မြင်ပါ ဘုရား)။

ဒါဖြင့် မျက်မြင်အလုပ်ဖြင့် လုပ်ထိုက် မလုပ်ထိုက်.... (လုပ် ထိုက်ပါတယ်ဘုရား) ဖေါင်ကော ဖြစ်ပလား.... (ဖြစ်ပါပြီ ဘုရား)ငါးလုံးဖေါင် သေချာပလား....(သေချာပါပြီဘုရား)။

ငါးလုံးဖေါင် ဆိုလို့ရှိယင်ဘဲ လူတယောက်ကတော့ဖြင့် မြုပ်ခြင်း မျောခြင်းလမ်းကို လွတ်ပါတယ်(မှန်လှပါ) ရှင်းကြ ပလား-(ရှင်းပါပြီ)ငါးလုံးဖေါင်ကို ကိုယ်ပိုင်ရယင်ဘဲ မြုပ်ခြင်း မျောခြင်း ဘယ့်နှယ်နေသတုံး....(လွတ်ပါတယ်ဘုရား)မြုပ်ခြင်း မျောခြင်း လွတ်နိုင်ပါတယ်၊ အထက်ဆန်သွားဘယ်ဆိုတော့ သုဂတိ သေသေချာချာ မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)။

အဲဒါတွေ တကာတကာမတွေကို ယခု သုခဝေဒနာတလုံးကို ဖြစ်ပျက်ရှုဘာကို ဟောရသဖြင့် ဘုန်းကြီးဟာ အများကြီး ကျေနပ်ပါတယ်၊ ဘာ့ကြောင့် ကျေနပ်ပါလိမ့်မတုံး ဆိုတော့ ခင်ဗျားတို့ မျက်မြင်ပြုပြီးသကာလ သူ့ ပါဠိတော်နဲ့ လဲတလုံးမှ မလွဲ-မောင်ကို လွဲသေးသလား.... (မလွဲပါဘူး ဘုရား)အကျိုး ပေးကလဲ ချက်ခြင်း အကျိုးပေးတယ်ဆိုတာလဲ ရှောင်ရှား နေလို့ ရသေးရဲ့လား....(မရပါဘူး)။

ဒါဖြင့် ဒီအလုပ်သည်ကားလို့ဆိုယင် တကာ တကာမတို့ ခုနက ပဋ္ဌမက ရှင်းခဲ့တဲ့ ငါးလုံးဖေါင်မှ မရှိယင်လဲ မြုပ်ရုံနဲ့ မျောရုံဘဲ(မှန်ပါ)ရေတွေက တိုက်ချသွားမှာ မဟုတ်သလား.... (မှန်ပါဘုရား)ငါးလုံးဖေါင် မရှိယင်လဲ.... (မြုပ်ရုံနဲ့ မျောရုံ

ပါဘဲ)မြုပ်ရုံနဲ့ မျောရုံဘဲဆိုတာ သေချာပလား.... (သေချာ ပါတယ်)။

ကိုင်း....တကာ တကာမတို့ ဒါကလေးမှ မရှိယင် ခင်ဗျားတို့ ဩော်....ငါသေယင် ဘာဖြစ်မှာတုံးလို့ မတွေးပါနဲ့ဦး၊သဘော ကျပလား.... (မှန်ပါ့ဘုရား) ငါသေယင် ဘာဖြစ်မှာတုံးလို့ မတွေးနဲ့ မြုပ်သမား မျောသမား သေချာပဟေ့၊ ရှင်းကြ ပလား.... (ရှင်းပါပြီ)ဘာ–သေချာပါလိမ့်.... (အမြုပ်သမား အမျောသမား သေချာပါတယ်ဘုရား)သဘောပါကြလား.... (ပါ-ပါတယ်)။

ကဲ....ဒါဖြင့် မှတ်မိအောင် တကာ တကာမတို့ နာရီကလဲ အင်မတန်စေ့လှယ်တယ်၊ကဲ....ဒါဖြင့် ခေါ်တဲ့တရားက ဘာတဲ့- (ဟေိပဿိကောပါဘုရား)သွားရမည့်တရားက.... (သန္ဒိဋ္ဌိကော ပါ)ကိုယ့်သန္တာန်မှာ အပူသိမ်းတာ ဒုက္ခငြိမ်းတာက ဘာတဲ့.... (အကာလိကောပါဘုရား)။

ကိုင်း....တကာ တကာမတို့ ဒါ အလိုက်ကောင်းတော့ အမှားတွေ သေတယ်ဆိုတာကော သေချာကြပလား-(သေချာ ပါတယ်ဘုရား) ဘာ-သံသယရှိဘို့ လိုသေးသလဲ....(မလိုပါဘူး ဘုရား)။

အဲဒါ သေသေချာချာ မှတ်တော့မှ ဩော်....ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တရားဂုဏ်တော် ခြောက်ပါးထဲမှာ ဒို့အလုပ် စဉ် ပါနေပါကလားဆိုတာလဲ ဦးခင်မောင်ရေ တခြားက ရှာရ တာလား၊ တရားဂုဏ်တော်ထဲ ပါပြီးသားလား.... (တရားဂုဏ် တော်ထဲ ပါပြီးသားပါဘုရား)။

တရားဂုဏ်တော်ထဲ ပါပြီးသား ဖြစ်နေတဲ့အတွက် မောင်ကိုတို့ လူစု ဦးခင်မောင်တို့လူစု ဘာပူစရာရှိသေးသတုံး.... (မရှိပါဘူး ဘုရား) ကျုပ်ဖြင့်ဗျာ အပါယ်သွားရမှာ သိပ်ကြောက်တာဘဲ၊ ဟာ....ဒါလုပ်လိုက်ဆိုတော့ အပါယ်သွားမည့်တရားသုံးခု မသေဘူးလား သေသလား....(သေပါတယ်ဘုရား) တဏှာ ဥပါဒါန် ကံ မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါဖြင့် အပါယ်သွားရမှာ ကြောက်တယ်ဆိုယင် ဒါလုပ်ရုံဘဲ (မှန်လှပါဘုရား) သဘောကျပလား .... (ကျပါပြီ) ဒါဖြင့် တကာ တကာမတို့ ဘာဖေါင် ယနေ့ ဆင်ဖြစ်ပါလိမ့်....(ငါးလုံး ဖေါင်ပါဘုရား)။

အဲ.... ဖေါင်ဆင်ဖြစ်တယ်ဆိုတာ ဒီနေ့ သုခဝေဒနာ တလုံး တည်းဘဲ အတော်ကြာသွားပြီ၊ ကြာချင်ကြာပေ့စေ တကာ တကာမတို့ နားလည်မှု ရှေးရှုပေါနေရတာနော်၊ (မှန်ပါ ဘုရား)။

ကဲ-ဒါဖြင့် သုခဝေဒနာ ဒါက အပကိုယ်ပေါ်မှာ ပေါ်တယ် လို့ မှတ်လိုက်တာပေါ့နော်၊ သောမနဿဝေဒနာ ဝမ်းသာတယ် ဆိုတော့ ဝမ်းထဲက မသာဘူးလား....(သာပါတယ်ဘုရား)။

အဲဒီ ဝမ်း ထဲ က သာပြန်လို့ ရှိယင်လဲ သောမနဿ ဝေဒနာ နောက် သူ့ မရှုဘဲထားလို့ ရှိယင်လဲ ခုနက ပြောခဲ့တဲ့ တဏှာ ဥပါဒါန် ကံ လိုက်ဦးမှာဘဲ (မှန်ပါ) မလိုက်ပေဘူးလား.... (လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်အကြောင်း သုံးခုလာလို့ရှိယင် အနာဂတ် အကျိုးသုံးခုကကော မလာဘူးလား၊ လာမလား....(လာပါမယ်

ဘုရား) ဇာတိ ဇရာ မရဏ မလာနိုင်ဘူးလား.... (လာပါတယ် ဘုရား)။

သောမနဿဝေဒနာကို မရှုမိဘဲနဲ့ (ဝါ) သုခဝေဒနာမရှုမိဘဲနဲ့ သုခသောမနဿဟာ အတူတူဘဲ၊ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ငါဘုရားသည် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောဘူးဆိုတာ မရှုယင် တကာ တကာမတို့ ဒါတွေဘဲ လာမှာဘဲ၊(မှန်လှပါဘုရား)မလာဘူးလား....(လာပါတယ်ဘုရား)။

မရှုယင်....(တဏှာ ဥပါဒါန် ကံ)။

ဒီဘက်က.... (ဇာတိ ဇရာ မရဏ)။

ဘယ်လိုပုဂ္ဂိုလ် လာပါလိမ့်မလဲ တကာ တကာမတို့- (မရှုတဲ့ ပုဂ္ဂိုလ် လာပါတယ်)။

အဲ-မရှုတဲ့ပုဂ္ဂိုလ်ဆိုတော့ တကာ တကာမတွေ သတိပေးလိုက် ပါတယ်၊ ဟိုပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ မှန်မှန်မလိုက်လို့ (မှန်လှပါ) သဘောကျပလား....(ကျပါပြီ) အကာလိကော ဆိုတဲ့ အကျိုးပေးခွင့် ခံစားရသေးရဲ့လား.... (မခံစားရပါဘူး) တယ်လဲ ဆုံးရှုံးသွားပါကလား....(မှန်ပါ့) အင်မတန် မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတို့ ဝမ်းထဲ သောမနဿလာလဲ ဖြစ်ပျက် ရှုပါ၊ (မှန်ပါ့) သောမနဿလာလဲ.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ တကာ တကာမတို့ ဒီမဂ်ငါးခုဟာ အရင်အတိုင်း ပြန်ဝင်နိုင်တယ်၊ မဝင်ပေဘူးလား....(ဝင်ပါတယ်ဘုရား) ဖြစ်ပျက် ရှုလိုက်ကော့ မဂ် ဝင်

မလာဘူးလား....(လာပါတယ်ဘုရား) "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ" ဆိုတဲ့ မဂ္ဂင်ငါးပါး ဝင်မလာဘူးလား....(ဝင်လာပါတယ်ဘုရား)။

မဂ္ဂင်ငါးခုသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဟေ့ပဿိကော ခေါ်ရာကို သန္နိဋ္ဌိကောနဲ့ လိုက်တဲ့အတွက် တကာ တကာမတို့ ဒီ သမုဒယသုံးခု ချုပ်-မချုပ်(ချုပ်ပါတယ်ဘုရား)သူချုပ်တော့ ဒီဘက်က ဒုက္ခသုံးခုကော....(ချုပ်သွားပါတယ်ဘုရား)

ဒါဖြင့် အကာလိကော ဟုတ်-မဟုတ်(ဟုတ်ပါတယ်ဘုရား) ဒီဘက်က တကာ တကာမတွေ အကာလိကော ဟုတ်-မဟုတ် (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ ဘုရားရှိခိုးပြီး သကာလ ကြည့်....ဒီပါဠိတော့ဖြင့် ဘုရားရှိခိုးတဲ့ လူအပေါင်း ဟာဖြင့် မပါဘူးလို့ဆိုတဲ့ပုဂ္ဂိုလ် ရှားပါတယ်၊ (မှန်ပါ ရှား ပါတယ်)။

ဘုရားရှိခိုးတိုင်း သန္နိဋ္ဌိကော အကာလိကော ဟေ့ပဿိကော ဆိုတာတော့ မပါတဲ့ပုဂ္ဂိုလ် အတော်ရှားမယ်၊ (ရှားပါတယ် ဘုရား) မရှားပေဘူးလား....(ရှားပါတယ်ဘုရား)။

အဲဒီတော့ ကြည့်....ဒို့ဆရာဘုန်းကြီးက ဒီဥစ္စာ အလုပ်ခွင် သွင်းပါဦးဆိုပြီး ဘုရားရှိခိုးပြီးယင် ကဲ....ဟေ့ပဿိကော ခေါ် ရာကို သန္နိဋ္ဌိကော လိုက်ဦးမယ်လို့ ခင်ဗျားတို့ ဘုရားရှိခိုးပြီး ယင် အလုပ်နဲ့ လိုက်ဦးမယ် ဆိုပြီးသကာလ ဒီစိတ်ကလေး ပြောင်းကြပါ(မှန်ပါ) မောင်ကို ပြောင်းသင့်-မပြောင်းသင့်.... (ပြောင်းသင့်ပါတယ်ဘုရား)။

ဘုရားရှိခိုးတော့ ဒါတော့ ပါသွားပြီ(မှန်ပါ) ပါသွားပြီး သကာလ ဒီဥစ္စာ အရှတ်အဘတ် ဓမ္မာနုဿတိသာ ပါသွားပြီး သကာလ သမထသာ ပါသွားပြီး ဒို့မှာ ဝိပဿနာ မပါသေး ပါကလားလို့ ဆိုတာကော မသေချာဘူးလား....(သေချာပါ တယ်ဘုရား)။

ဟေိပဿိကော ဩပနေယျိကော ပစ္စတ္တံ
ဝေဒိတဗ္ဗော ဝိညူဟီတိ။

တရားဂုဏ်တော်တွေ ရှိခိုးပါ၏ဆိုတော့ ဓမ္မာနုဿတိ မဖြစ် ဘူလား....(ဖြစ်ပါတယ်ဘုရား) အဲဒါက သမထလား-ဝိပဿနာ လား.... (သမထပါဘုရား) သမထပါဘဲ၊ (မှန်လှပါဘုရား)။ အဲဒီ သမထနဲ့ဘဲ ကိစ္စပြီးနိုင်ပါသလားလို့မေးတော့ ဘယ့် နှယ် ဖြေကြမလဲ(မပြီးနိုင်ပါဘူးဘုရား)။

ဒါဖြင့် ရှတ်တော့ ရှတ်ပြီးပြီဟေ့၊ ရှိတော့ ရှိခိုးပြီးပြီဟေ့၊ ရှိခိုးပြီးသည့်နောက် ငါသည်ကားလို့ဆိုယင်ဖြင့် ဝိပဿနာ အလုပ်-လုပ်ဦးမှဘဲ၊ ဒီပါဠိတော်အတိုင်း ဝိပဿနာလုပ်ဦးမှဘဲ ဆိုပြီးသကာလ လုပ်ကြမယ်ဆိုယင်ဖြင့် ခန္ဓာကိုယ်ထဲပေါ်တဲ့ ဝေဒနာတွေက တကာ တကာမတွေ့ ဟေိပဿိကော၊ သဘော ကျပလား....(ကျပါပြီ)။

ခန္ဓာထဲပေါ်တဲ့ဝေဒနာတွေက-(ဟေိပဿိကောပါဘုရား) မဂ္ဂင်က—(သန္ဒိဋ္ဌိကောပါဘုရား)အဲ-မဂ္ဂင်က သန္ဒိဋ္ဌိကောနဲ့လိုက်၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဟေိပဿိကော ခေါ်ရာကို....(သန္ဒိဋ္ဌိကောနဲ့လိုက် ပါ) သန္ဒိဋ္ဌိကောနဲ့လိုက်လို့ရှိယင်ဖြင့် ဘာများ ကျေးဇူးခံစား ရသတုံးမေးယင် ဘယ့်နှယ်ပြောကြမလဲ....(အကာလိကော ဖြစ်

ပါတယ်) အကာလိကောဆိုတော့ ဟောဒီ သမုဒယနဲ့ ဒုက္ခ ချုပ်တယ်၊ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)ဒီ သမုဒယ နဲ့ ဒီဒုက္ခချုပ်တယ်ဆိုတာ သေချာကြပလား.... (သေချာပါ တယ်ဘုရား)။

ဒါကြောင့် ကိုယ်ပေါ် သူ့ခပေါ်လဲ ဖြစ်ပျက်ရှုပါ၊ ဝမ်းထဲ ဝမ်းသာတဲ့ သောမနဿပေါ်ယင်ကော.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား) ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်တဲ့....တကာ တကာမတို့ မဂ်ပေါ်လာတယ်ဆိုတာ မသေချာဘူးလား....(သေ ချာပါတယ်ဘုရား)။

ဒါဖြင့် မဂ်ဆိုတာ ဖေါင်ဘဲ မောင်ကိုရေ(မှန်လှပါ)မဂ်ဆို တာ ဘာပါလိမ့်....(ဖေါင်ပါ ဘုရား) ဘယ်နှစ်လုံး ဖွဲ့ထားတဲ့ ဖေါင်ပါလိမ့်....(ငါးလုံးဖွဲ့ထားပါတယ်)ငါးလုံးဖွဲ့ထားတဲ့ဖေါင် ဘဲ ရှိသေးတယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ရှစ်လုံးတွဲ ရမှ သာပြီးစိတ်ချ ရတယ်(မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်) ရှစ်လုံး မတွဲရသေးယင်.... (စိတ်မချရသေးပါဘူး) အဲ....ဝိပဿနာရှုပြီး သကာလ နေငြားသော်လဲ ငါးလုံးထက် မပိုနိုင်ဘူး၊ အမြဲတမ်း က ငါးလုံးဘဲရှိမယ်နော်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဝိပဿနာနဲ့ သေပျော်ကြပလားလို့ မေးလို့ ရှိယင်ဖြင့် ဒုတိယဘဝ ပဋိသန္ဓေရှိသေးတယ် ဟောရလိမ့်မယ် နော်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) နတ်ပဋိသန္ဓေ ကျန်မ နေဘူးလား....(ကျန်နေပါတယ်ဘုရား) သို့သော် ဒီဥစ္စာလဲ ပဋိ သန္ဓေဟူသရွှေဟာ ဇာတိဘဲ၊ ဇာတိသည် ဘာသစ္စာလဲ.... (ဒုက္ခ သစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ ကျန်သေးတယ်ဆိုတော့ ကောင်းသေးရဲ့လား....(မကောင်းပါဘူး) မကောင်းတဲ့အခါ ကျလို့ ရှိယင်ဖြင့် ရှစ်ပါးပြည့်အောင်လုပ်ဘို့ အရေးဟာ ကျုပ်တို့ မကျန်လားဗျာ....(ကျန်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ရှစ်ပါး ဖြစ်အောင် ဘယ်လိုလုပ်ရမှာတုံးလို့ မေးတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာသံယုတ်မှာ ဘယ်လိုဟောလိုက်သတုံးလို့ ဆိုတော့-

သော ဝေဒနာ ပရိညာယ၊
ဒိဋ္ဌေဝမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊
သင်္ချံ နောပေတိ ဝေဒဂူ။ ။

ဆိုပြီးသကာလ ပါဠိတော်ကို ဘုရားက ဟောတယ်။

ဟောဒီ ဝေဒနာကို ခင်ဗျားတို့-ဝေဒနာကလေးဟာ ဖြစ်တာလဲ ဒုက္ခဘဲ၊ ပျက်တာလဲ ဒုက္ခဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိအောင် လုပ်စမ်းပါ(မှန်လှပါ) ဖြစ်တာလဲ....(ဒုက္ခပါဘဲ)ပျက်တာလဲ....(ဒုက္ခပါဘဲ)ပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်စမ်းပါ။

သော=ထိုဝေဒနာ ကမ္မဋ္ဌာန်းကို ရှုတဲ့ပုဂ္ဂိုလ်သည်၊ ဝေဒနာယ=ဝေဒနာကို၊ပရိညာယ=ပိုင်ပိုင်နိုင်နိုင် သိခဲ့သည်ရှိသော်(ဝါ) ဖြစ်တာလဲ-ဒုက္ခဘဲ၊ပျက်တာလဲ-ဒုက္ခဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိခဲ့သည်ရှိသော်။ ။

သူ့ကို ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိအောင်ရှုကြည့်စမ်းပါတဲ့ နော်၊ ဖြစ်ပျက်လို့ ရှုတာကတော့ ဝိပဿနာနော်.... (မှန်ပါ) ဟိုဟာ ဖြစ်တာလဲဒုက္ခဘဲ၊ပျက်တာလဲ ဒုက္ခဘဲလို့ မြင်တဲ့ တကာ

တကာ့မတွေက စဉ်းစဉ်းစားစား ရှုစမ်း၊စဉ်းစဉ်းစားစား ရှုလိုက်တော့ သစ္စာ ဖြစ်မသွားဘူးလား....(ဖြစ်ပါတယ်ဘုရား)ဖြစ်တာလဲ....(ဒုက္ခပါဘဲ)ပျက်တာလဲ....(ဒုက္ခပါဘဲ)။

အဲဒီတော့- ဒိဋ္ဌေဝဓမ္မေ=ယခုခင်ဗျားတို့ ရှုတဲ့ခဏ၌၊အနာသဝေါ=အာသဝေါကင်းတယ် ဆိုတော့ ဟောဒီ တကာ တကာမတို့ တဏှာဆိုတဲ့ ကာမာသဝ လာသေးရဲ့လား.... (မလာပါဘူးဘုရား) တဏှာနဲ့ တွဲနေတဲ့ ဒိဋ္ဌာသဝကော.... (မလာပါဘူး) တဏှာနဲ့ သဟဇာတဖြစ်နေတဲ့ အဝိဇ္ဇာသဝကော.... (မလာပါဘူး)။

ကဲ....ဒါဖြင့် အာသဝ လာသေးရဲ့လား.... (မလာပါဘူး) ဒါတွေ သမုဒယတွေက အာသဝတွေဘဲမောင်ကိုတို့ ဦးခင်မောင်တို့ ဒီအာသဝတွေ လာသေးရဲ့လား....(မလာပါဘူး)။

ဒိဋ္ဌေဝဓမ္မေ အနာသဝေါ....တဲ့၊ဟောဒီကဒုက္ခသစ္စာလဲ ပိုင်ပိုင်နိုင်နိုင် သိပါရော၊ မဂ္ဂင်က ရှုစ်ပါးသွားဖြစ်တယ်၊ ရှုစ်ပါးသွားဖြစ်တော့ ဒီ အာသဝတွေ လာသေးရဲ့လား.... (မလာပါဘူး) ဒီဘက်ကဟာတွေကော လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘူး) အာသဝရှိမှ ဒုက္ခတွေလာမှာကိုး(မှန်ပါ)။

"ဒိဋ္ဌေဝဓမ္မေ အနာသဝေါ ကာယဿ ဘေဒါ ဝမ္မဋ္ဌော"-တဲ့၊

ခင်ဗျားတို့ သေပါတဲ့၊ မဂ္ဂင်ရှစ်ပါးပြည့်စုံပြီး သကာလခင်ဗျားတို့ ကာယဿ=ခန္ဓာကိုယ်၏၊ ဘေဒါ=ပျက်သောအခါကာလ၌၊ ဓမ္မဋ္ဌော=နိဗ္ဗာန်၌တည်သည်၊ ဟောတိ=ဖြစ်၏။

ဒါတွေ တခုမှ မလာတော့ဘူး၊ လာပါဦးမလား.... (မလာပါဘူး) ဒါဖြင့် ဒီဘက် သမုဒယတွေချုပ် ဒုက္ခတွေချုပ်ဘာဘာခေါ်ကြမလဲ....(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။

ဟောာ....ကာယဿ= ခန္ဓာကိုယ်၏၊ ဘေဒါ= ပျက်သောအခါ၌၊ ဓမ္မဒ္ဒေသ=နိဗ္ဗာန်၌တည်သည်၊ ဟောတိ=ဖြစ်၏။

ဒီဘက်သမုဒယ ဒုက္ခချုပ်တာ နိဗ္ဗာန်ရောက်တော့တာပါဘဲ၊ မရောက် မရှိပါဘူး၊ ဒါကို ပိုင်ပိုင်နိုင်နိုင်သိဘို့ အရေးကြီးပါတယ်၊ (မှန်ပါ့) ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေ ပိုင်ပိုင် နိုင်နိုင်သိဘို့ အရေးကြီးပါတယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင် သိခဲ့သည်ရှိသော် အာသဝေါတရား ဘယ်နှယ်နေသလဲ(ကုန်ပါတယ်ဘုရား) အာသဝေါတရား ကုန်တယ်ဆိုတာ သေချာကြပလား-(သေချာပါတယ်ဘုရား)။

ကာယဿ=ယခုဘဝရှုပြီးသော ခန္ဓာကိုယ်၏၊ ဘေဒါ=သေသောကာလ၌၊ ဓမ္မဒ္ဒေသ=နိဗ္ဗာန်၌တည်သည်၊ ဟောတိ=ဖြစ်၏။

ဒီဘက်က သမုဒယနဲ့ ဒုက္ခတွေ မချုပ်သေးဘူးလား....(ချုပ်ပါတယ်ဘုရား) အဲဒါ ဘာသစ္စာ ခေါ်ကြမလဲ.... (ဒုက္ခသစ္စာ ခေါ်ပါတယ်ဘုရား) နိရောဓ သစ္စာလို့ မခေါ်နိုင်ဘူးလား.... (ခေါ် နိုင်ပါတယ် ဘုရား) ဒါနိဗ္ဗာန်တည် တာ မဟုတ်သေးဘူးလား....(ဟုတ်ပါတယ်)။

ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိအောင် ခင်ဗျားတို့ ရှုပေးပါ၊ (မှန်လှပါ) သဘောပါပလား....(ပါ-ပါပြီ)။

နာရီလဲစေ့သွားပြီ၊ ယနေ့ ဒီတွင်ဘဲ တော်ကြဦးစို့—။

သာဓု....သာဓု....သာဓု

☆

## ကျောက်ဆူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်တောင်း
## မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့-ဦးချစ်ဆွေ ဓမ္မာရုံ၌
## ဟောကြားတော်မူသော
## အချိန်ကာလ၏ စားဖတ် ဝါးဖတ်ဖြစ်ပုံ
# ဒေသနာတော်
(၁၃-၂-၆၁)

အားလုံး တရားနာလာကြတဲ့ တကာ တကာမတွေ မိမိခန္ဓာ ကိုယ်ကြီး ဘာဖြစ်နေတယ်ဆိုတာ သိဖို့အရေးကြီးပါတယ်၊ မိမိ ခန္ဓာကိုယ်ကြီးကို နံနက်ကာလ ညကာလတွေက စား-ဝါးပြီး မျို တယ်လို့ မှတ်ထားလိုက်စမ်းပါ၊ မိမိခန္ဓာကိုယ်ကြီး ဘယ်သူက စား-ဝါးနေပါလိမ့်.... (နံနက်ကာလ ညကာလက စား-ဝါးနေ ပါတယ်ဘုရား)။

နံနက်ကာလ ညကာလတွေက စား-ဝါးပြီးသကာလ နေ သောကြောင့် ပျိုရုပ်တွေ အကုန်ပျောက်ပြီး အိုရုပ်တွေ ပေါ် ပေါက်လာတယ်ဆိုတဲ့ဥစ္စာ တကာ တကာမတွေ ကာလစားမှု ဘဲလို့ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ့) ဘယ်လို မှတ်ကြ မယ်-(ကာလ စားမှုပါ) ကာလ စားမှုဆိုတာ သေချာကြပလား (သေချာပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတွေ ဒီဘဝမှာလဲ နံနက်ကာလ ညကာလ ရှိနေတော့ အိုနေတာဘဲ၊ နတ်ပြည်သွားနေမယ်၊ ဗြဟ္မာပြည်သွားနေမယ်ဆိုတော့ ဒီကာလတွေ မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

ဒီကာလတွေ ရှိနေလို့ရှိယင် ကာလ၏ စားဖတ် ဝါးဖတ် အဖြစ်နဲ့ ခန္ဓာဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ဘဲ အချိန်ကုန်ရပါလို၏—ဆိုလို့ရှိယင် လွဲပါ့မလား (မလွဲပါဘူးဘုရား)။

ဉာဏ်နဲ့ နားထောင်ကြည့်ပါ တကာ တကာမတို့၊ နံနက်ကာလကလဲ အိုအောင်လုပ်တာဘဲ၊ သေကာနီး ဖြစ်အောင် လုပ်တာဘဲ၊ သေအောင်လုပ်တာဘဲ၊ (မှန်ပါ့) ညကာလကလဲ အိုအောင် သေကာနီးဖြစ်အောင် သေအောင် မလုပ်ကြဘူးလား- (လုပ်ပါတယ်ဘုရား)။

သူတို့မှတ်ပြီးသကာလ ကြီး ရင့်တာ တွေ သေလုပြီဆိုတာက နံနက်ကာလ ညကာလတွေကို လ-လုပ်ပြီးတွက်လိုက်၊နှစ်-လုပ်ပြီးတွက်လိုက်လို့ ဩော်.... ဒို့လဲ နီးပါပေါ့လားဆိုတာ ဒီကာလတွေ၏ စွမ်းရည် သတ္တိဘဲဆိုတာ တကာ တကာမတွေ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် နံနက်ကာလ ညကာလသည် တကာ တကာမတွေ၏ ခန္ဓာကိုယ်ကို နေ့တိုင်း စား- ဝါးနေတယ်ဆိုလို့ရှိယင် လွဲပါ့မလား....(မလွဲပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတွေ ဘာဆုတောင်းတောင်း ကာလလက်တွင်းမှာဘဲ ခေါင်းစင်းအပ်ရလိမ့်မယ် ဆိုတဲ့ဥစ္စာ ငြင်းဘို့လိုသေးသလား....(မလိုပါဘူး)။

ဒါဖြင့် ဘယ်ဘဝ ဘယ်ဘုံ ဘယ်ဌာနမှာမှ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်ပါ့မလဲလို့ မေးဘို့ မလိုဘူးလား (လိုပါတယ် ဘုရား) သုံးဆဲ့တဘုံ ပြင်ဘက်ထွက်မှ ရမယ်။

(မှန်ပါဘုရား) ဘယ်လို မှတ်ကြမယ်....(သုံးဆဲ့တဘုံ ပြင်ဘက် ထွက်မှ ရမှာပါဘုရား)။

သုံးဆဲ့တဘုံ အပြင်ဘက်ထွက်မှ ကာလ၏ စားဖတ် ဝါးဖတ် အဖြစ်နဲ့ နေခြင်းမှ လွတ်လိမ့်မယ်လို့ဆိုတာ တကာ တကာ မတွေ့ သေသေချာချာ မှတ်ဘို့ပါဘဲ၊ (မှန်ပါဘုရား) သဘော ကျကြပလား....(မှန်ပါ)။

ဒါဖြင့် နက်ဖြန်မနက် မိုးလင်းလို့ရှိယင်လဲ တကာ တကာမ တွေ၏ အသားတွေ အရိုးတွေ ကာလစားတာနဲ့ လျော့ပါးလိမ့် မယ်ဆိုတာလဲ ငြင်းဘို့ လိုသေးသလား....(မလိုပါဘူးဘုရား) ည အိပ်ရာဝင်တော့ ကိုယ်ကသာ အိပ်ရာဝင်နေတယ် ကာလက မစားဘူးလား မေးလို့ရှိယင်(စားပါတယ်ဘုရား) ညကာလက စားပြန်တာဘဲ (မှန်ပါ) သဘောပါကြလား.... (ပါ-ပါတယ်)။

ဒါဖြင့် တကာ တကာမတို့ ပဋိသန္ဓေနေတဲ့အချိန်ကစပြီး ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ ကျုပ်တို့ အမှုထမ်းပြီး ခန္ဓာ နဲ့ အမှုထမ်းခဲ့ရတာ ရှေ့နောက်စုန်းတွေ ကာလ လက်တွင်းမှာ အသေကောင် အပ်ရလိမ့်မယ်ဆိုလို့ရှိယင်လဲ ငြင်းဘို့ရာ လိုသေး သလား....(မလိုပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကာလ၏စားဖတ် ဝါးဖတ်အဖြစ် မှ လွတ်အောင် ဘယ်လိုကြိုးစားကြမလဲလို့ မေးတဲ့အခါကျ တော့ နေမရှိ-လမရှိတဲ့ နိဗ္ဗာန်ကို သွားနေမှ ကာလလဲ ပျောက် သွားမယ်....(မှန်လှပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ နေတွေလတွေကြောင့် ညကာလ နေ့ကာလ မဖြစ်ရဘူးလား.... (ဖြစ်ရပါတယ်ဘုရား) ဒါဖြင့် ဒီနေလတွေမရှိတဲ့ နိဗ္ဗာန်မှာ ဆိုလို့ရှိယင်ဖြင့် တကာ တကာမ

တွေဟာ အိုမှုဘိစီး နာမှုဘိစီး သေမှုဘိစီး ဖြစ်နိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဒီ တရားကို ဉာဏ်နဲ့ နားထောင်ကြည့်လို့ ရှိယင်ဖြင့် ဩော်....ဟုတ်ပါလား ဆိုတာ ပေါ်လာလိမ့်မယ်နော်.... (မှန်ပါဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဦးခင်မောင်တို့ ခင်ဗျားတို့-ကျုပ်တို့ကို ဘယ်သူက စားနေပါလိမ့်....(ကာလက စားနေပါတယ်ဘုရား)အားလုံး နောက်က တကာ တကာမတွေ ဘယ်သူက စား ဝါးနေပါလိမ့်....(ကာလက စားဝါးနေပါတယ်ဘုရား) ကာလက စား ဝါးနေတယ်ဆိုတာ သဘောကျပလား....(မှန်ပါ)။

ဒါဖြင့် တကာ တကာမတို့ ကာလဆိုတာသည် နေတို့ လတို့ကြောင့် ဖြစ်လာတာ(မှန်ပါ)နံနက်ကာလဆိုတာလဲ နေကြောင့်ဖြစ်တာ၊ ညကာလဆိုတာလဲ လကြောင့်ဖြစ်လာတာ။

အဲဒီကာလတွေသည် တကာ တကာမတွေကို အမြဲ သုံးဖြုန်းပြီးသကာလ စားသောက်ပစ်လိုက်တာ ခင်ဗျားတို့ အမေတွေ အဖေတွေဟာလဲ ကြီးရင့်လို့ သေကုန်ပြီဆိုတာလဲ ကာလ စားသွားတာဘဲ(မှန်ပါဘုရား) ဒီ အခုကျန်ရစ်တဲ့ သားတွေ မြေးတွေလဲ ဘယ်သူ စားနေတယ်ဆိုတာ အကဲခတ်ကြည့်ပါဦး၊ (ကာလ စားနေပါတယ်ဘုရား) ကာလ စားနေတာဘဲဆိုတာ သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေဟာ ကာလလက်တွင်းမှာဘဲ ဘဝပေါင်းများစွာ ခန္ဓာကိုယ် ခေါင်းစင်းပြီး အပ်ခဲ့ရတယ်ဆိုတာ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား)။

အဲဒါ ဘယ်တော့မှလဲ ကာလပြင်ဘက်မှာ ထွက်မယ်ဆိုတာ စိတ်ကူးမလာတာလဲ အတော်ဆိုးဝါးတယ်လို့ ဆိုလို့ရှိယင်ဖြင့် ဦးခင်မောင်တို့ မောင်ကိုတို့ ငြင်းဘို့လိုသေးသလား.... (မလိုပါဘူးဘုရား) ကာလပြင်ဘက်မှာ ရှိတယ်လို့ မသိတဲ့ဉာဏ်သည် ကားလို့ ဆိုလို့ရှိယင် အလွန်ဆိုးဝါးတဲ့ ဉာဏ်ဘဲလို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကာလပြင်ဘက် ထွက်ကြရအောင် (မှန်ပါ) ဘယ်ထွက်ကြရမယ်.... (ကာလပြင်ဘက်ပါဘုရား)။

နံနက်ကာလ ညကာလမရှိတဲ့ နေရာဌာန ကျုပ်တို့ သွားနေလို့ရှိယင်ဖြင့် ကြီးပဟာ အိုပဟာ သေကာနီးပကာလို့ ကာလ စားလို့ ဝါးလို့ ရော့ရဲတဲ့အမိုပ္ပါယ် ကန်ပျောက်တဲ့အမိပ္ပါယ် ဦးခင်မောင်–ရှိသေးရဲ့လား....(မရှိတော့ပါဘူးဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်လိုလုပ်ကြမယ် စိတ်ကူးသလဲလို့ မေးလို့ရှိယင် ကာလပြင်ဘက်ထွက်အောင် စိတ်ကူးရမယ်ဆိုတဲ့ဥစ္စာ ယနေ့တရား စ-ပြီး ပြောပါတယ် (မှန်ပါဘုရား) ဘယ်ပြင်ဘက် ထွက်ကြရမယ်–(ကာလပြင်ဘက်ထွက်ကြရမယ်) ကာလ ပြင်ဘက်ကို ထွက်ကြရပါလိမ့်မယ်....(မှန်ပါ)။

ကာလ ပြင်ဘက်မှ မထွက်နိုင်လို့ရှိယင်လဲ တော်တော်ကြာကြီးပေါ့ အိုပေါ့ သေပေါ့ ဆိုတဲ့အသံတွေဟာ အမြဲတမ်းဘဲကြားနေရလိမ့်မယ်ဆိုတာ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ ကာလကချည်း ကျုပ်တို့ရဲ့ အမေအဖေတွေကို စားသွားခဲ့ပြီ၊ ဘယ်သူ စားဝါးပြီး

ကုန်သွားပါလိမ့်မလဲဆိုတာ စဉ်းစားကြစမ်းပါဦး-(ကာလ စားလို့ ကုန်သွားပါတယ်ဘုရား)။

ဘိုးတွေ ဘွားတွေ သေကုန်တာလဲ ဘယ်သူစားတယ်ဆိုတာ တွက်ဆကြည့်ပါဦး....(ကာလ စားသွားပါတယ်ဘုရား) ကာလ စားသွားတာဘဲဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် ကျုပ်တို့ကိုကော ဘယ်သူစားမှာတုံး.... (ကာလစားမှာပါဘုရား)ကျုပ်တို့က မွေးဖွားထားတဲ့ သားတွေ သမီးတွေကော....(ကာလ စားမှာပါဘုရား) ဪ.... ကျုပ်တို့ အမျိုးဟာ အသေခံမျိုး ဖြစ်နေပါကလား.... (မှန်ပါ့ ဘုရား) တကာ တကာမတို့ ဘယ်လိုမှတ်ကြမယ်.... (အသေခံမျိုး ဖြစ်နေ ပါတယ်ဘုရား)။

အသေခံမျိုး ဖြစ်နေလို့ရှိယင်ဖြင့် ဘယ်နေရာနေနေ ကျုပ်တို့ အသေခံမျိုး ဖြစ်ပြီး သကာလ နေခဲ့သော် ဘယ်တော့မှ အန္တရာယ်ကင်းလို့ ဘေးရှင်းမယ် ဆိုတဲ့ဥစ္စာ ပြောဘို့လိုသေး သလား....(မလိုပါဘူးဘုရား)၊

ဒါဖြင့် ဘယ်လိုစဉ်းစားကြမတုံး၊ ကာလပြင်ဘက် ထွက်ကြမှဘဲ အဘိုးတန်တော့မယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား) တကာ တကာမတို့ ဘယ်သူ့ပြင်ဘက် ထွက်ကြမယ်.... (ကာလပြင်ဘက် ထွက်ကြပါမယ်ဘုရား) ကာလပြင်ဘက် ထွက် ကြမှသာလျှင်တဲ့ တကာ တကာမတို့ ကုန်သည်ကြီးလဲဇာတ်သိမ်း၊ နာမည်ကြီးလဲ ဇာတ်သိမ်း၊ အဲဒီ ဇာတ်သိမ်းတဲ့ နေရာဌာနသည် ကာလ၏ပြင်ဘက်မှာ ရှိတယ်ဆိုတာ မှတ်ထားလိုက်စမ်းပါနော်၊ (မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ နံနက်ကာလ ညကာလဟာ နေ့တွေ လတွေ အမှတ်ပြုပြီးသကာလ ထားရတယ်ဆိုတဲ့ဥစ္စာလဲ ဦးခင်မောင်တို့ မောင်ကိုတို့ ကျေနပ်ပလား....(ကျေနပ်ပါပြီ ဘုရား)။

ဒို့ကို နေ့တိုင်း ကြီးအောင် အိုအောင် လုပ်နေတယ်၊ နေက လဲ ပူလွန်းလို့ အိုအောင်လုပ်တယ်၊ လကလဲ အေးအောင်လို့ ထို့အတူဘဲ အသက်တမ်း ဆုတ်ယုတ်အောင် လုပ်တယ်ဆိုလို့ ရှိယင်လဲ လွဲပါ့မလား....(မလွဲပါဘူးဘုရား)။

ဒါကြောင့် ဘုရားအလောင်း ငယ်စဉ်အခါတုန်းက ကာလော ဘက္ခတိ ဘူတာနိ၊ ကာလော= နံနက်ကာလ ညကာလသည်၊ ဘူတာနိ=သတ္တဝါတို့ကို၊ ဘက္ခတိ=စားချေ၏။

ကျုပ်တို့က ကာလ ပြန်စားနိုင်တဲ့ အခြေအနေ မပါဘူးနော်၊ (မပါ-ပါဘူး) ကာလက သာလျှင် ကျုပ်တို့ကိုစားနေတယ် ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

အခု တရားနာနေတုန်းမှာ တကာ တကာမတွေ ဘယ်သူက ကျုပ်တို့ကို စားဝါးနေတယ်ဆိုတာကော သဘောကျပလား.... (မှန်ပါ့-ကျပါပြီ) ကာလက စားဝါးနေတယ်ဆိုတာ ငြင်းဘို့ လိုသေးသလား....(မလိုပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကျုပ်တို့က ပြန်စားတဲ့နည်း ကျုပ်တို့မှာ မရှိတော့ဘူးလားလို့ မေးဘို့လိုနေတယ်(လိုပါတယ် ဘုရား)။

သူကချည်း စားဖတ်ဝါးဖတ်အဖြစ်နဲ့ ကျုပ်တို့ ခန္ဓာကိုယ် ကို သုံးစွဲပစ်လိုက်တာ ကျုပ်တို့က ကာလကို ပြန်စားတဲ့နည်း ရှိ သေးတယ် ဆိုတာလဲ မှတ်လိုက်စမ်းပါဦး၊ (မှန်လှပါဘုရား)

ကျုပ်တို့က ဘာပြန်စားရမယ်.... (ကာလကို ပြန်စားရမယ်) ကာလကို ပြန်စားရမယ်ဆိုတာကော သဘောကျပလား(မှန်ပါ ကျပါပြီ)။

ကိုင်း–ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်ဖြစ်အောင် ကျုပ်တို့ လုပ်လိုက်ကြစို့၊ ရဟန္တာဖြစ်အောင် လုပ်လိုက်တဲ့အခါကျတော့ ရဟန္တာဖြစ်ပြီးသကာလ ပရိနိဗ္ဗာန်စံကြစို့....နော်၊ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံ တဲ့ အခါကျတော့ တကာ တကာမတို့ သူ့မှာ ရှေ့ကို ရဟန္တာမဖြစ်လို့ရှိယင်ဖြင့် ကာလတွေ အများကြီး မကျန်ဘူးလား.... (ကျန်ပါတယ်ဘုရား)။

အဲဒီကာလတွေကို ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့ပုဂ္ဂိုလ်က သူ့ စားမည့်ကာလတွေကို သူကစားပစ်လိုက်ပါတယ်၊ (မှန်လှပါဘုရား) သဘောပါပလား....(မှန်ပါဘုရား)။

ဒါဖြင့် ရဟန္တာဖြစ်အောင် ပရိနိဗ္ဗာန်စံနိုင်တဲ့ နိဗ္ဗာန်ရောက်အောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်များကျတော့ သူ့ လာလတ္တံ့ဖြစ်တဲ့ သူ့ကို စားလတ္တံ့ဖြစ်တဲ့ အနာဂတ်ကာလတွေဟာ သူကစားပစ်လိုက်တဲ့အတွက် ကာလက စားရသေးရဲ့လား-(မစားရပါဘူး)။

ဒါ-သေသေချာချာစဉ်းစားပါ တကာ တကာမတို့ ကိုယ့်ကိုယ်ကို ကာလကစားတာဖြင့် ထောင်းထောင်းကျေနေပေါ့လို့ ဆိုယင် လွဲပါ့မလား....(မလွဲပါဘူးဘုရား)။

ဒါဖြင့် ဘယ်လိုလုပ်ကြမယ်....(ကိုယ်က ကာလကို ပြန်စားရမယ်) ကိုယ်က ကာလကို ပြန်စားရမယ်(မှန်ပါ့) တကာ တကာမတို့ ဘယ်လိုစားကြမယ်....(ကိုယ်က ပြန်စားရမယ်)။

ကိုယ်က ကာလကို ပြန်စားနိုင်တဲ့နည်းနဲ့ လုပ်ကြရလိမ့်မယ်-နို့မို့လို့ရှိယင် ခင်ဗျားတို့ကို စားလိမ့်မယ် အားလုံး၊အဘိုးတွေ

အဖွားတွေလဲ ကာလလက်တွင်းမှာဘဲ သေပွဲဝင်ခဲ့ရတယ်၊ သူကမွေးထားတဲ့ သားတွေ မြေးတွေကော.... (ကာလလက်တွင်းမှာဘဲ သေရတယ်) ကာလ လက်တွင်းမှာဘဲ သေပွဲဝင်ခဲ့ရတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကျုပ်တို့မွေးထားတဲ့ နောင်လာနောက်သားတွေလဲ ဘယ်မှာ သူတို့တတွေ သေပွဲဝင်ကြမယ်(ကာလ လက်တွင်းမှာဘဲ သေပွဲဝင်ကြပါမယ်)။

အဲဒါတွေကို တကာ တကာမတို့ ကာလကို ပြန်စားတတ်တဲ့ အလုပ်ကို မလုပ်ခြင်းကြောင့် ဒီထဲမှာဘဲ သေပွဲချည်း ဝင်ရတယ်၊ ဘာလဲ ဒါနတွေပြုပြီး ဆုတောင်းလိုက်၊ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ကာလ စားဖတ် ဝါးဖတ်ဖြစ်ရပါလို၏၊ မကျဘူးလား.... (ကျပါတယ်ဘုရား)နတ် ဖြစ်ရပါလို၏ဆိုယင်ကော.... (ကာလ စားဖတ်ဝါးဖတ်ပါဘုရား) ဗြဟ္မာ ဖြစ်ရပါလို၏ဆိုယင်ကော....(ကာလ စားဖတ် ဝါးဖတ်ပါဘဲဘုရား) ကာလစားဖတ် ဝါးဖတ် ဖြစ်ရပါလို၏ဆိုယင် လွဲပါမလား.... (မလွဲပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တောင်းသရွှဆုသည် သူများစားဘို့ အထည်လုပ်ပေးတာဘဲ ( မှန်ပါ့ဘုရား ) သဘောကျပလား.... (မှန်ပါ့)ခင်ဗျားတို့ တောင်းတဲ့ဆုသည်-(သူများစားဘို့အထည် လုပ်ပေးတာပါဘုရား)လုပ်ကောင်း-မလုပ်ကောင်း စဉ်းစားစမ်းပါ....(မလုပ်ကောင်းပါဘူးဘုရား)။

မလုပ်ကောင်းတာ ခင်ဗျားတို့အတင့်ရဲလှချည့်ကလား၊ဒီဘဝက စုတေမနေ့ သေလွန်ရသည်ရှိသော် လူကောင်း နတ်ကောင်း ဖြစ်ရပါလို၏ဆိုတာ၊အခု ဒီ အဓိပ္ပါယ်မျိုးကို မသိလို့ မောင်ကို

တို့ ရောင်ဝါးဝါးဖြစ်နေတာဘဲဆိုယင်ကော လွဲသလား (မလွဲပါဘူး)ဦးခင်မောင် ရိပ်မိပြီနော်....(ရိပ်မိပါပြီ)နောက်က တကာ တကာမတွေ ရိပ်မိကြရဲ့လား....(ရိပ်မိပါတယ်ဘုရား)။

ကဲ....နုတ်ဖြစ်ရပါလို့၏ဆိုယင် ဘယ်သူ့လက်တွင်း အပ်ရမှာတုံး.... (ကာလလက်တွင်းအပ်ရမှာပါ) ပြုဟွာ ဖြစ်ရပါလို့၏.... (ကာလလက်တွင်းအပ်ရမှာပါ) အကြိမ်ကြိမ် ဖြစ်ရပါလို့၏.... (ကာလလက်တွင်းမှာပါ)ကာလ စားဖတ်ဝါးဖတ် အကြိမ်ကြိမ် ခံရပါလို့၏ဆိုတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ဟာက အားကြီးခက်ပါတယ်၊ ဒီ တကာ တကာမတွေ တရားထူး တရားမြတ်ကို မနာဘူးပြီဆိုမှဖြင့် သူများ စားဘို့ဝါးဘို့ကို ဆုတောင်းယူတယ်(မှန်ပါ့)။

သူများ စားဖတ်ဝါးဖတ်ဖြစ်ရတဲ့ ခန္ဓာဖြစ်အောင်ဆုတောင်းနေတယ် ဆိုကတည်းကိုက ဦးခင်မောင် အတော်လွဲတဲ့ဆု.... (မှန်ပါ့ဘုရား) ညဏ်ပါကြရဲ့လား....(ပါ-ပါတယ်ဘုရား) သေသေချာချာ ညဏ်နားနှင့်ထောင်ကြည့်တော့မှ ဩော်....ဟုတ်ပါကလားဆိုတာ လာနေတယ်နော်....တကာ တကာမတို့(မှန်ပါ့) ကဲ....သဘောပါကြပလား....(ပါ-ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဘယ်ဘုံ ဘယ်ဘဝ ရောက်ချင်ကြသတုံး.... (ဘယ်ဘုံမှ မရောက်ချင်ပါဘူးဘုရား) ဘယ်ဘုံ ဘယ်ဘဝ ရောက်ခဲ့သည်ရှိသော် ဘယ်သူ၏စားဖတ်ဝါးဖတ် ဖြစ်မယ်ဆိုတာ မသေချာသေးဘူးလား.... (သေချာပါတယ်ဘုရား) ဘယ်သူ၏စားဖတ်ဝါးဖတ် ဖြစ်ရမယ်....(ကာလ၏ စားဖတ်ဝါးဖတ် ဖြစ်ရမယ်)။

ပ.ပ.၂လ၏ စားဖတ်ဝါးဖတ် ဖြစ်ပြီးသကာလ နံနက်ကာလ ညကာလတွေက စားသောက်သွားလို့ ရှိယင်ဖြင့် နတ်ခန္ဓာဖြစ်ယင်လဲ သူများ စားဘို့ဝါးဘို့ဘဲ(မှန်ပါ့)လူဖြစ်ကော....(သူများ စားဘို့ဝါးဘို့ဘဲ)သူများ စားဘို့ဝါးဘို့ဘဲဆိုတာ ငြင်းဘို့လိုသေး သလား....(မလိုပါဘုရား)။

ကိုင်း....ဒါဖြင့် သူများဆိုကဖြစ်စေ ဘယ်မှာဖြစ်စေ တော်တော်ကြာ အသုဘလာဖိတ်ပြန်ပြီ တကာ တကာမတို့ မသွားကြရဘူးလား....(သွားရပါတယ်ဘုရား)အဲဒါ ဘယ်သူ စားဝါး ထားတာပါလိမ့်....(ကာလ စားဝါးထားတာပါဘုရား) ပို့တဲ့လူကလဲ ပို့နေသေးတာဘဲ၊ ပို့တဲ့လူလဲ နောက်ကိုဘာဖြစ်ဦးမယ် ဆိုတာ စဉ်းစားကြည့်စမ်းပါဦး အခု ကာလက စားဝါးသွားတဲ့ လူလိုဘဲ သုသာန်ပို့ရဦးမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ရှေ့လူကလဲ ကာလစားဖတ်ဝါးဖတ် ဖြစ်လို့ သေရတယ်၊နောက်လူလဲ စိတ်ချလက်ချ စားဖတ်ဝါး ဖတ် အဖြစ်နဲ့ဘဲ အချိန်ကုန်ရဦးမှာဘဲလား.... (ကုန်ရဦးမှာဘဲ ဘုရား) စားဖတ်ဝါးဖတ်အဖြစ်နဲ့ အချိန်ကုန်ရဦးမှာဘဲဆိုတာ မသေချာလား(သေချာပါတယ်ဘုရား)။

ဒါဖြင့် အားလုံးတကာ တကာမတွေ ခင်ဗျားတို့ အဝတ် တွေဆင် အစားတွေကျွေးပြီးသကာလနေတာ ကိုယ့်ခန္ဓာကိုယ် ကြီး အဝတ်တွေဆင် အစားတွေကျွေး အမျိုးမျိုးဖိးလိမ်းပြီး သကာလနေတာ ဩော်....ကာလစားတဲ့ အခါကျလို့ရှိယင်ဖြင့် ကောင်း ကောင်း မွန်မွန် ထိုးအပ်နိုင်အောင် လို့ လုပ်နေတဲ့

အခိုပ္ပါယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) မနစ်နာဘူးလား....((နစ်နာပါတယ်ဘုရား)။

ဖီးသ၍ လိမ်းသ၍ ပြင်သ၍ ကျွေးသ၍ မွေးသ၍ဟာ အဖတ် တင်တာ ပါသလား....၊ သူများဘို့ချည်း ဖြစ်နေသလား....(သူ များဘို့ချည်း ဖြစ်နေပါတယ်ဘုရား)ဘယ်သူ၏ အတွက်ပါလိမ့်- (ကာလ၏အတွက် ဖြစ်ပါတယ်)ကာလ၏ စားဘို့ ဝါးဘို့ ဖြစ် နေပါတယ်ဆိုတဲ့ဥစ္စာ ကာလကိုက နံနက်ကာလ ညကာလ သူတို့ကနေပြီးသကာလ ခန္ဓာကိုယ်ထဲမှာ တေဇောအားပေး လိုက်တယ်၊ တေဇောအားပေးလိုက်တော့ တေဇောက စားဝါး ပစ်လိုက်တာ တော်တော်ကြာကျတော့ သွေးတွေဆုတ်ကုန်ပြီ ဟေ့ဆိုတော့ တေဇောက သတ်ပစ်လိုက်တာ၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် တေဇောဟာ လူသတ်သမားဆိုတာ သဘောကျပ လား....(သဘောကျပါပြီ)ကာလက တေဇောလုပ်တယ်၊ တေ ဇောကလူတွေ စားဝါးပြီး သေအောင် လုပ်တယ် ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာ တကာမတို့ တရားမများပါဘူးတဲ့၊ ယနေ့ တရားဟာ တကာ တကာမတို့က ကာလကိုပြန်စားနိုင်တဲ့နည်း ရှာဘို့အရေးဟာ ကြီးပါတယ်(မှန်ပါ)ဘာ-အရေးကြီးပါလိမ့်- (ကာလကိုပြန်စားနိုင်တဲ့အရေး ကြီးပါတယ်)ကာလကို မိမိက ပြန်စားနိုင်ဘို့ အရေးဟာ အင်မတန် ကြီးနေပြီ (မှန်ပါ) သဘောကျရဲ့လား.... (ကျပါပြီ) ကာလကို (မိမိက ပြန်စား နိုင်ဘို့ အရေးကြီးပါတယ်) မိမိက ပြန်စားနိုင်ဘို့အရေးဟာ အင်မတန်ကြီးနေပြီ၊ နို့မို့လို့ရှိယင် ခင်ဗျားတို့ မျက်ရေစက်

လက်နဲ့ ဝိညာဏ်ချုပ်ရလိမ့်မယ်၊ (မှန်ပါ) မချုပ်ရဘူးလား.... (ချုပ်ရပါတယ်ဘုရား)။

သေခါနီးကျတော့ မျက်ရေစက်လက် မကျပေဘူးလား.... (ကျပါတယ်ဘုရား) ကျပြီး သကာလ တားလို့ ဆီးလို့ကော ရရဲ့လား....(မရပါဘုရား) မရဘဲနဲ့ အင်....သေချိန်ရောက်လို့ ကာလ၏ စားဖတ်ဝါးဖတ် အဖြစ်နဲ့ဘဲ ခံလိုက်ရုံဘဲ ရှိတယ်၊ ဘယ်သူ အတွဲသမားက ဘယ်လိုဘဲတားတား ဘယ်အမေ အဖေ က ဘယ်လိုဘဲ မေတ္တာပို့ပြီးတားတား ဦးခင်မောင် ရ-မရ-(မရ ပါဘုရား) ဘယ်သူ့လက်တွင်းမှာ အပ်လိုက်ရပါလိမ့်....(ကာလ လက်တွင်းမှာ အပ်လိုက်ရပါတယ်)။

အဲဒါ ဘယ်လောက်ကြာခဲ့ပလဲ မေးယင် ဘယ့်နှယ်ဖြေကြ မလဲ....(တသံသရာလုံးပါဘုရား) တသံသရာလုံးဟာ မောင်ကို တို့ရေ-ဒို့ကနိုင်ခဲ့သလား၊ ကာလကချည်း နိုင်ခဲ့သလား (ကာလ ကချည်း နိုင်ခဲ့ပါတယ်ဘုရား)။

အဲဒါ ဘယ်ဉာဏ် မရလို့ ပါလိမ့်မလဲလို့ မေးဘို့အချိန် ရောက်လာပြီ (ရောက်လာပါပြီဘုရား) ဘယ်ဉာဏ် မရလို့ပါ လိမ့်မလဲလို့ မေးဘို့အချိန်ရောက်လာတဲ့အခါ ကာလကို ပြန်စား တတ်တဲ့ဉာဏ် မရလို့.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား) ဘယ်ဉာဏ်မရလို့ပါလိမ့်....(ကာလကို ပြန်စားတတ်တဲ့ ဉာဏ် မရလို့ပါ) ကာလကို ပြန်စားတတ်တဲ့ဉာဏ် မရဘဲဖြစ်နေ ကြတယ်၊ (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ယနေ့သိရမှာ တကာ တကာမတို့ ကာလကို ပြန်စား တတ်တဲ့ဉာဏ် ပေးဘို့ရာ အရေးကြီး မလာဘူးလား(လာပါတယ် ဘုရား) ဒါဖြင့် အဖြစ်လဲလွတ်မယ်၊ အအိုရော....(လွတ်ပါတယ်)

အနာရော....(လွတ်ပါတယ်ဘုရား)အသေရော-(လွတ်ပါတယ်) သဘောပါကြလား....(ပါပါပြီ)။

ဒါတွေဟာ ဤကဲ့သို့ လွတ်တဲ့အခါကျလို့ ရှိယင် ကာလ လက်အောက်မှာနေယင်သာ သိရတာမျိုး၊ ကာလ လက်အောက် မှာနေယင်သာ တကာ တကာမတို့ အင်း....ဟင်....ဇာတိလာပြန် ပြီ၊ အင်း....ဟင်.... ဇရာလာပြန်ပြီ၊ ဗျာဓိလာပြန်ပြီ၊ မရဏ လာ ပြန်ပြီလို့ အမျိုးမျိုး မလာဘူးလား....(လာပါတယ်ဘုရား)။

ကာလ လက် အောက် က လွတ် သွား တဲ့ အခါကျလို့ ရှိယင် ကာလကလဲ ဇာတိ=ပဋိသန္ဓေနေအောင် သူက လုပ်နိုင်သေးရဲ့ လား....(မလုပ်နိုင်ပါဘူး) ဇရာ=အိုအောင်ကော....(မလုပ်နိုင် ပါဘူး) ဗျာဓိ = နာ အောင် ကော .... (မလုပ်နိုင်ပါဘူး) မရဏ=သေပွဲဝင်အောင်ကော....(မလုပ်နိုင်ပါဘူးဘုရား)။

အင်း....ဒါဖြင့် တကာ တကာမတို့ ကျုပ်တို့ ရှန်းကန်ဘို့ အ ချိန်ဖြင့် ဦးခင်မောင် ရောက်ပါပြီ၊(မှန်လှပါဘုရား) ဒါ ကျုပ်တို့ ဘယ့်နှယ် ဆိုကြမယ်.... (ရှန်းကန်ဘို့ အချိန်ရောက်ပါပြီ) ဘာ့ ကြောင့်တုံးဆိုတော့ အရင်က မသိလို့ ပေခံနေရတာ၊ (မှန်ပါ့) တကာ တကာမတွေ ရှေးကတော့ ဘာတဲ့....(မသိလို့ ပေခံနေရ တာပါဘုရား)။

အခုအခါကျတော့ ဆရာဘုန်းကြီး အကူအညီနဲ့ ဆရာ ဘုန်း ကြီးပေးတဲ့နည်းကိုယူ၍ ဘုရားပေးတဲ့နည်းကို အသုံးချ၍ ကိုင်း- နောက်ကာလတွေ အများကြီး ကျန်ပါသေးတယ်၊ စားမည့် ကာလတွေ အများကြီး ကျန်ပါသေးတယ်၊ ငါသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ကာလကိုဘဲ ပြန်စားပါတော့မယ်ဆိုပြီးသကာလ နိဗ္ဗာန်ဝင်အောင် လုပ်လိုက်လို့ ရှိယင်ဖြင့် မောင်ကိုရေ ကာလ

တွေက စားနိုင်သေးရဲ့လား....(မစားနိုင်ပါဘုရား) အဲဒီကာလ ကို နိဗ္ဗာန်ဝင်တဲ့ တရားနဲ့ စားမသွားဘူးလား.... (စားသွားပါ တယ် ဘုရား)။

နောက်လာလတ္တံ့ ကာလတွေကကော သူစားပစ်လို့ နိဗ္ဗာန် ဝင်တဲ့ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတဲ့ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တွေက စားဝါးပစ်လိုက်တဲ့အတွက် ကာလကိုပြန်စားနိုင်ပါတယ်၊(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ယနေ့တရားမှာ ခင် ဗျားတို့ အရှုံးပေးလာခဲ့ရတဲ့ ဘဝတွေ အင်မတန် များခဲ့ပါပြီ၊ (များပါပြီ) အနိုင်ရဘို့ရာ နည်းကဖြင့် အခုမှဘဲ နည်းရတော့ မယ်ဆိုတဲ့ဥစ္စာ ယနေ့အစဘဲဆိုယင်ကော လွဲပါ့မလား....(မလွဲ ပါဘူးဘုရား)။

ဒါဖြင့် ရှေး တုန်းက ဆို ဘယ် လို နဲ့ အချိန်ကုန်ခဲ့ရတုံးဗျာ၊ (ကာ လ စား ဖတ် ဝါး ဖတ် အဖြစ်နဲ့ အချိန်ကုန်ခဲ့ရပါတယ်) ကာလ စားဖတ် ဝါးဖတ်အဖြစ်နဲ့ အချိန်ကုန်ခဲ့ရတယ်၊ ကာလ ကို ပြန်စားခဲ့ရတဲ့ဘဝရယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ယနေ့ဘာလုပ်ရမှာပါလိမ့်.... (ကာလကို ပြန်စားရအောင် လုပ်ရပါမယ်) အဲ....ကာလကို ပြန် စားရမယ်ဆိုတဲ့အဓိပ္ပါယ်ဟာတဲ့ နိဗ္ဗာန်ကိုဝင်မှ ကာလတွေဟာ နံနက်ကာလလဲ နိဗ္ဗာန်မှာ ရှိသေးရဲ့လား-(မရှိပါဘူး)ညကာလ ကော....(မရှိပါဘူး)။

ဒါဖြင့် လ-တွေကောရှိသေးရဲ့လား....(မရှိပါဘူး) ဒါဖြင့် နှစ်တွေကော....(မရှိပါဘူး)မရှိတော့ ကျုပ်တို့မှာ အိုစရာ နာစ ရာ သေစရာကော ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ခြောက်....ဒါဖြင့် နိဗ္ဗာန်ဝင်သွားတဲ့ ပုဂ္ဂိုလ်ဟာ ဘာလုပ်သွား ပါလိမ့်မတုံးဆိုတော့ သူ့ ကာလတွေ သုချုံးရုံးပြီးသကာလ စားသွားတယ်လို့ သေသေချာချာ မှတ်ပါတော့ (မှန်လှပါ ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ယနေ့တရား- ဘာက ဘာလုပ်ရ မှာပါလိမ့်....(ကာလကို ပြန်စားရမှာပါ)ကာလကို မိမိက ပြန် စားရမယ်(မှန်ပါ့)တကာ တကာမတို့ ဘာလုပ်ရမယ်....(ကာလ ကို မိမိက ပြန်စားရပါမယ်ဘုရား)။

နို့ မို့ လို့ ရှိယင် ဒီကာလကြီးဟာက ကိုယ့်အတွက်ကို ကိုယ် စားကြမှ ရမှာ၊ သူများကို အမွေဝေလို့လဲ ရမှာမဟုတ်ပါဘူး (မရပါဘူး)သဘောကျပလား....(ကျပါပြီ)။

ကိုယ်လုပ်မှ ကိုယ်ရဟန္တာဖြစ်မယ်၊ ရဟန္တာဖြစ်မှ ပရိနိဗ္ဗာန် စံပြီးသကာလ နိဗ္ဗာန်ရောက်မယ်၊ နိဗ္ဗာန်ရောက်မှ ကာလကို ကိုယ်ကပြန်စားနိုင်တာကျတော့ တကာ တကာမတို့ သားငဲ့နေ လို့ သမီးငဲ့နေလို့ ပစ္စည်းငဲ့နေခဲ့သည်ရှိသော် ကာလ၏ စား ဖတ် ဝါးဖတ်ဖြစ်မယ်(မှန်လှပါဘုရား)။

သူတို့မငဲ့ဘဲနဲ့ ကိုယ့်ဟာကိုယ် ကုန်းရုန်းပြီးသကာလ ကာလ ကို မိမိကစားတဲ့ ပရိနိဗ္ဗုတပုဂ္ဂိုလ်ဖြစ်အောင် လုပ်ခဲ့လို့ရှိယင် မောင်ကိုရေ အစား ခံရသေးရဲ့လား....(မခံရပါဘူး)။

ဒါဖြင့် တကာ တကာမတို့ ကာလကို ကျုပ်တို့က ဘာလုပ် ရမယ်.... ( ပြန်စားရပါမယ် ) ကာလ ပြန်စားရမယ်ဆိုတော့ တကာ တကာမတို့ ကာလပြင်ဘက်ရောက်မှဘဲ ကျုပ်တို့က ပြန်စားနိုင်မှာဘဲ(မှန်ပါ့)။

ကာလအတွင်းမှာ နေသ၍ကာလပတ်လုံးဖြင့် ကာလက စားတာနဲ့ဘဲ အချိန်ကုန်လိမ့်မယ်ဆိုတာ သဘောပါကြလား....(ပါပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ သေသေချာချာ ကာလကို စားတဲ့နည်းကို လုပ်ကြပါစို့ဆိုတဲ့ဥစ္စာ အလုပ်တရား ပြပါတော့မယ်။

မနေ့က သုခဝေဒနာပြခဲ့တယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုခဝေဒနာ နောက်က တဏှာ ဥပါဒါန် ကံ လာခဲ့သော် ဘယ်အခါကာလမှ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ လွတ်ကင်းမည်လို့ ငါမဟောဘူး၊ ဒါကလေးမှတ်ထားနော်....(မှန်ပါ့ဘုရား)။

သုခဝေဒနာ နောက်က တဏှာလာခဲ့သော် ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်လိမ့်မည်လို့ ဘယ်တော့မှ ငါမဟောဘူး (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) သုခဝေဒနာနောက်က တဏှာလာခဲ့သော်-ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ ဘယ်တော့မှ လွတ်လိမ့်မယ်လို့ ငါမဟောဘူး၊ ရှင်းပလား.... (ရှင်းပါပြီ) သုခဝေဒနာနောက်က တဏှာလာခဲ့သော် ဘယ်လိုမှတ်ကြမယ်....(ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ ဘယ်တော့မှ လွတ်လိမ့်မယ်လို့ ငါမဟောဘူး)။

ဘယ်တော့မှ မလွတ်ဘူးဆိုတော့ ဟောဒါက တကာ တကာမတွေ ကိုယ်ပေါ်-ပေါ်တဲ့ သုခဝေဒနာ၊ ဝမ်းထဲမှာပေါ်တဲ့ သောမနဿဝေဒနာ ထားလိုက်ပါတော့....နော်(မှန်ပါ့)။

ဒီဟာကလေးကို ခန္ဓာကိုယ်ထဲ သုခကလေး-ချမ်းသာလုံးကလေး ပေါ်လာပြီဆိုမှဖြင့် သာယာတဲ့တဏှာက မလာပေဘူး

လား....(လာပါတယ်ဘုရား)တဏှာလာယင် ဥပါဒါန်လာလိမ့်မယ်နော်.... (မှန်ပါ့) ဥပါဒါန်လာယင်.... (ကမ္မဘဝလာမယ်) ကံ လာလိမ့်မယ်၊ ကံ လာလို့ရှိယင်လဲ ဟောဒီအထဲ ခန္ဓာပေါ်ပါလိမ့်မယ်၊ဇာတိ ဇရာ မရဏတွေ မပေါ်ပေဘူးလား(ပေါ်ပါတယ်ဘုရား)ဒါတွေဟာ ကာလ၏ စားဖတ် ဝါးဖတ် မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

တကာတကာမတွေ ဇာတိ ဇရာ မရဏတွေဟာ ဘယ်သူ့စားဘို့ ဖြစ်လာပါလိမ့်....(ကာလစားဘို့ ဖြစ်လာပါတယ်) ဒြွော်....သုခဝေဒနာ နောက်က တဏှာလာလို့....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်နောက်က ဘာလာပါလိမ့်.... (သုခဝေဒနာ နောက်က တဏှာလာပါတယ်)သုခဝေဒနာ နောက်က တဏှာ လာတာနဲ့ တခါတည်း နောက်ဘဝဆိုတာကြီး စားစရာ့ ဝါးစရာ ခန္ဓာကြီး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ရွတ်လိုက်ပါလား ခုနကတရား ဘုရားလောင်း ဟောတဲ့တရားနဲ့ “ကာလော ဘက္ခတိ ဘူတာနိ” ဆိုတဲ့ ဂါထာနဲ့ ဘဲ ရှင်းလိုက်တဲ့အခါကျတော့ တကာ တကာမတို့သည်တဲ့ သုခဝေဒနာနောက်က တဏှာ လာခဲ့သော် ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ ဘယ်တော့မှ လွတ်လိမ့်မည်လို့ ငါမဟောဘူး ဆိုတဲ့အဓိပ္ပါယ်လဲ မရှင်းကြသေးဘူးလား-(ရှင်းပါတယ်ဘုရား) ဘာလာလို့ပါလိမ့်(တဏှာလာလို့ပါ) သုခဝေဒနာနောက်က ဘာလာတုံး....(တဏှာလာပါတယ်)။

ကိုင်း- ဒြွော်.... သုခဝေဒနာနောက်က တဏှာလာတော့ တဏှာ ဥပါဒါန် ကံ၊ ကံတွေက ခန္ဓာလုပ်လိုက်တယ်၊ မြင်ကြပလား....(မှန်ပါ့) ဒီကံတွေက ဘာလုပ်ပါလိမ့်.... (ခန္ဓာလုပ်ပါ

တယ် ဘုရား) ဒီ ခန္ဓာ လုပ် လိုက် က တည်း က ဒီခန္ဓာကြီးဟာ ကာလထဲ ဝင်မတိုးဘူးလား....(တိုးပါတယ်ဘုရား) ကာလထဲ ဝင်တိုးကတည်းက စားဖတ် ဝါးဖတ်အဖြစ်နဲ့ ဒီခန္ဓာကြီး မှခံရ ပေဘူးလား....(ခံရပါတယ်ဘုရား) သဘောကျပြီနော် (မှန်ပါ့) ဒါမနေ့ကတရားအတိုင်းပါဘဲ၊ ဒီနေ့တော့ ကာလနဲ့ ပြန်ဟော တယ်၊ (မှန်ပါ့)။

ကိုင်း- ဒါဖြင့် တကာ တကာမတို့ သုခဝေဒနာနောက်က တဏှာလာတဲ့ပုဂ္ဂိုလ်မှာ ဘယ်ခါကာလမှ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ လွတ်လိမ့်မည်မဟုတ်ဘူးဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောဘာတော့ ကျေကျေနပ်နပ်၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တဏှာမလာအောင် လုပ်ကြစို့ရဲ့၊ (မှန်လှပါဘုရား) ဘာလုပ်ကြရမယ်....(တဏှာမလာအောင် လုပ်ရမှာပါ) တဏှာ မလာအောင် လုပ်ကြစို့သာ ဆိုရတယ် တကာ တကာမတွေ သိပြီးသားဘဲတဲ့ ဘုန်းကြီး ခဏခဏ ဟောနေတာဘဲ တကာ တကာမတို့ ကိုယ်ပေါ် သုခဝေဒနာ လာလို့ရှိယင်လဲ ဖြစ်ပျက် ရှုရမှာဘဲ (မှန်ပါ့) ကိုယ်ပေါ် သုခဝေဒနာလာယင် (ဖြစ်ပျက် ရှုရပါမယ်)။

ဒါဖြင့် သုခဝေဒနာကို ဖြစ်ပြီး ပျက်တဲ့ တရားဘဲလို့ မိမိက ဉာဏ်နဲ့သာ ရှုပေးလို့ရှိယင်ဖြင့် ဟောဒီမဂ်တွေ တကာ တကာ မတို့ ကာလ၏ စားဖတ် ဝါးဖတ်ဖြစ်ကြောင်းဖြစ်တဲ့ တရားတွေ ပေါ်ခွင့်ပေးသေးရဲ့လား....(မပေးပါဘုရား) မပေးတဲ့အတွက် ဒီကာလ စားဖတ် ဝါးဖတ်ဆိုတဲ့ ခန္ဓာပေါ်သေးရဲ့လား(မပေါ် ပါဘူးဘုရား)။

ဒါဖြင့် ဒီအလုပ်သည် တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ ပြောဲ....ကာလလက်တွင်းမှ လွတ်ကင်းတဲ့ အလုပ်ဆိုလို့ ရှိယင်လဲ ဒီအလုပ်မပါတဲ့ ပုဂ္ဂိုလ်တွေမှာ ကာလ စားဖတ် ဝါးဖတ်အဖြစ်နဲ့ သေပွဲချည်း ဝင်ရတယ်ဆိုတာလဲ တကာ တကာမတွေ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား) ကဲ-လုပ်တတ်ကြပလား (လုပ်တတ်ပါပြီ)သုခဝေဒနာပေါ်ယင် ဘာလုပ်ရမယ်(ဖြစ်ပျက် ရှုရမယ်) တခါတည်းဖြစ်ပျက်ရှု။

ခန္ဓာကိုယ်ထဲမှာ ဘယ်နေရာကလေးက ချမ်းသာတယ်ဆိုယင် ဖြင့် ကိုယ်ပေါ်မှာ ချမ်းသာယင် ချမ်းသာလုံးကလေးကို အနိစ္စ ဖြစ်ပျက် ရှုပါ၊ (မှန်ပါ့ဘုရား) ဝမ်းထဲက ချမ်းသာယင်ကော (ဖြစ်ပျက်ရှုရပါမယ်) ချမ်းသာလုံးကလေးကို ဘာလုပ်ကြရ မယ်၊(ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ကို ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်တော့ ဒီကာလ၏စားဖတ် ဝါးဖတ် ခန္ဓာဖြစ်ကြောင်းတွေ မသေဘူးလား.... (သေပါတယ် ဘုရား) ခန္ဓာဖြစ်ကြောင်း သေကတည်းက ခန္ဓာဖြစ်ကျိုးဆိုတာ ပေါ်သေးရဲ့လား....(မပေါ်ပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့၊ အင်....ဒီလိုဆိုယင် ဒို့က ကာလ ပြန်စားနိုင်တဲ့အခိပ္ပါယ်၊ မဂ်ရ မယ်ဆိုယင်ဘဲ ကာလပြန်စားပြီ၊ (စားပါပြီ) သေတာပန် ဖြစ် တယ်ဆိုဘဲဗျာ၊ အလွန်ဆုံး ခုနစ်ဘဝသာ စားဖတ် ဝါးဖတ်အ ဖြစ်နဲ့ ခံရတော့မယ်၊ နောက်ခံရသေးရဲ့လား....(မခံရပါဘူး) ရဟန္တာဖြစ်သွားတယ် ဆိုလို့ရှိယင်လဲ တကာ တကာမတို့ ဒီတ ဘဝသာ စားဖတ် ဝါးဖတ်ဖြစ်တော့မယ်၊ နောက် ဖြစ်နိုင်သေး ရဲ့လား....(မဖြစ်ပါဘူးဘုရား)။

အဲဒီတော့ တကာ တကာမတွေ ဒီဥစ္စာ ကာလလက်တွင်းမှ လွတ်ကင်းတဲ့တရားဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် အသေလွတ်ချင်ယင် သုခဝေဒနာလာလဲ ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်)သောမနဿဝေဒနာ လာယင်ကော (ဖြစ်ပျက် ရှုရမှာပါဘဲ)ကျုပ်တို့ ရှုရမှာကို မရှုယင် ခင်ဗျားတို့သည် တကာ တကာမတို့ ခန္ဓာပေါ်ကြောင်းတွေ ဖြစ်ဦးမှာဘဲ (မှန်ပါ)တဏှာ ဥပါဒါန် ကံ ဆိုတာ ဘာပါလိမ့်.... (ခန္ဓာဖြစ်ကြောင်းတွေပါ)ခန္ဓာပေါ်ကြောင်းတွေဆိုတာ သေချာပလား·(သေချာပါပြီ)။

အဲဒီခန္ဓာပေါ်ကြောင်းတွေ လာလို့ရှိယင် ခန္ဓာပေါ်ကျိုးဆိုတဲ့ ဇာတိ ဇရာ မရဏတွေ လာမလား-မလာဘူးလား-(လာပါတယ်ဘုရား) ဇာတိ ဇရာ မရဏ လာလို့ရှိယင်ဖြင့် ဦးခင်မောင်တို့ မောင်ကိုတို့ ကာလထဲသွားတိုးပြီပေါ့.... (မှန်ပါ) မတိုးသေးဘူးလား....(တိုးပါပြီဘုရား) ကာလ၏ စားဖတ်ဝါးဖတ် အဖြစ်နဲ့အချိန် မကုန်ရပေဘူး လား.... (ကုန်ရပါတယ်ဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ အန္တရာယ်ကင်း ဘေးကင်းချင်လို့ရှိယင်ဖြင့် အအို-အနာ-အသေလွတ်ချင်ကြလို့ရှိယင်ဖြင့် မဂ်အလုပ်-လုပ်ရလိမ့်မယ် (မှန်ပါ့ဘုရား)ဘာလုပ်ကြမယ်....(မဂ်အလုပ်-လုပ်ကြရပါမယ်) မဂ်အလုပ်-မလုပ်ယင်ဖြင့်-(အအို-အနာအသေ မလွတ်နိုင်ပါဘူး)။

ခင်ဗျားတို့က အဟံအဝေရောဟောမိ-ငါ-အန္တရာယ်ကင်းရပါလို၏၊ငါ-အအိုလွတ်ရပါလို၏၊ ငါ-အနာလွတ်ရပါလို၏၊ ငါ-

အသေလွှတ်ရပါလို၏၊ ဆိုလို့ရှိယင် ဦးခင်မောင်တို့ မောင်ကို တို့ လွှတ်ပါ့မလား....(မလွှတ်ပါဘူးဘုရား)။

ဘာ့ကြောင့် မလွှတ်သတုံးလို့ မေးတဲ့အခါကျတော့ ကျုပ်တို့က ဝေဒနာလာတာမှ ဖြစ်ပျက်မရှုတော့ တဏှာ ဉပါဒါန် ကံတွေက ခန္ဓာလုပ်မှာဘဲ (မှန်လှပါဘုရား)မလုပ်ပေဘူးလား.... (လုပ်ပါတယ်ဘုရား)တဏှာ ဉပါဒါန် ကံတွေက ဘာလုပ်မယ်-(ခန္ဓာလုပ်မယ်)။

ခန္ဓာလုပ်တဲ့အခါကျတော့ ခန္ဓာက ကာလထဲ မတိုးဘူးလား-(တိုးပါတယ်ဘုရား)ကာလထဲတိုးတော့ ကာလ၏ စားဖတ်ဝါးဖတ်အဖြစ်နဲ့ အချိန် မကုန်ရပေဘူးလား-(ကုန်ရပါတယ်ဘုရား) ဒါ့ကြောင့် ကိုယ်ပေါ်မှာ တကိုယ်လုံးမှာ သုခပေါ်လဲ ဘာလုပ်ရမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဝမ်းထဲမှာ သောမနဿပေါ်ကော....(ဖြစ်ပျက် ရှုရမှာပါဘဲ) ဖြစ်ပျက်ရှုရမယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား) ကောင်းပြီ ဒါဖြင့် သုခဝေဒနာအတွက်မှာ ဒီအတိုင်းဘဲ တကာ တကာမတွေက ဟောဒီဖြစ်ပျက်ကို မြင်အောင်ရှုပါလို့ ဆိုတဲ့ (၁)နံပါတ်ကလေးပေးလိုက်တယ်နော်....(မှန်ပါ့) ဒီ ဖြစ်ပျက်ကို မုန်းသည်တိုင်အောင် ရှုပါဆိုတာလဲ (၂) နံပါတ် အလုပ်စဉ် ပေးလိုက်ပါတယ်(မှန်ပါ့)။

ဒီဖြစ်ပျက်ဆုံးသည့်တိုင်အောင်ဘဲ တကာတကာမတွေ ရှုလို့ရှိယင်ဖြင့် သောတာပန် သေသေချာချာတည်ပါတယ်ဆိုတာလဲ သဘောကျပလား....(ကျပါပြီ)ရှင်းပြီနော်....(မှန်ပါ့)ကောင်းပြီ ဒါဖြင့် အလုပ်စဉ်မှာဖြင့် တကာ တကာမတို့ ဖြစ်ပျက် မြင်

အောင်ကြည့်ပါ သုခဝေဒနာကိုနော်....(မှန်ပါ) နောက်ဘယ်လို ဆက်ကြည့်ရမလဲ....(မှုန်းအောင်ကြည့်ရပါမယ်)။

မှုန်းအောင် ကြည့်ရမှာဘဲ ဆိုတာကော ကျေနပ်ပလား ....(ကျေနပ်ပါပြီဘုရား)နောက်တခါကျတော့ ဒုက္ခသစ္စာအဖြစ်နဲ့ ဆုံးအောင်ကော....(ကြည့်ရပါမယ်ဘုရား) ကြည့်လိုက်လို့ ရှိယင် ဖြင့် ဟောဒါ မဂ္ဂင်ရှစ်ပါး ကောန်ဖြစ်ပါတယ် (မှန်ပါ)ဆုံးသွားလဲ မဂ္ဂင်ရှစ်ပါးဖြစ်ပါတယ်ဆိုတာကော သဘောကျပလား....(ကျပါပြီ) မဂ္ဂင်ရှစ်ပါးဖြစ်ပါတယ် ဆိုကတည်းကိုက တကာ တကာမတို့ ဒီဘက်က တဏှာ ဥပါဒါန် ကံတွေ ဘယ့်နှယ်နေသတုံး....(ချုပ်သွားပါတယ်)။

ချုပ်သွားသောကြောင့် ကာလ၏စားဖတ် ဝါးဖတ် ခန္ဓာကိုယ်ကြီး ပေါ်နိုင်သေးရဲ့လား.... (မပေါ်နိုင်ပါဘူးဘုရား) အဲဒါမပေါ်နိုင်တာ သောက်လို့ရှိယင်လဲ ကာလကို ကိုယ်က ပြန်စားရာမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)အနာဂတ် နောက်ဘဝများစွာတွေ လာဦးမယ် မဟုတ်လား....(မှန်ပါ)။

အဲဒီကာလတွေကို ကျုပ်တို့က ပြန်ပြီးစားလိုက်တဲ့အတွက် အိုပွဲ နာပွဲ သေပွဲတွေဟူသရွေ့ အကုန်လွတ်ငြိမ်းတယ်ဆိုယင် လွဲပါ့ မလား....(မလွဲပါဘူးဘုရား)သဘောပါကြလား.... (ပါ-ပါပြီ) ဒါဖြင့် ရှုဖြစ်အောင် ရှုပါဆိုဘာ တကာ တကာမတို့ ကိုယ့်ကိုယ်ကို သနားယင် ရှုပါ(မှန်ပါ)ဘယ်လိုမှာပါလိမ့်....(ကိုယ့်ကိုယ်ကို သနားယင် ရှုပါ)။

ခင်ဗျားတို့က အိမ်ရောက်တဲ့အခါကျတော့ အိပ်ချင်တယ်၊ ညောင်းတယ် ညာတယ်၊ နက်ဖြန်လဲ ကိစ္စတွေက ရှိသေးတယ်လို့ ဆိုတာ ခင်ဗျားတို့ လဲတဲ့ဆင်ခြေသည် ခင်ဗျားတို့ သေပွဲ

ဝင်ဘိုဘဲလို့ မှတ်လိုက်စမ်းပါ(မှန်လှပါဘုရား)ခင်ဗျားတို့ လဲတဲ့ ဆင်ခြေသည်....(သေပွဲ ဝင်ဘိုပါဘုရား) ခင်ဗျားတို့ သေပွဲ ဝင် ရမှာဘဲ၊ ဘာ့ကြောင့်တုံးဆိုတော့ ဒီမဂ်အလုပ်မှ-မလုပ်လို့ရှိယင် ခန္ဓာ ပေါ်ဦးမှာဘဲ(မှန်ပါ့) ခန္ဓာပေါ်ယင် စားဖတ် ဝါးဖတ် အဖြစ်နဲ့ ဘယ့်နှယ်တုံး....(ဖြစ်ရဦးမှာပါဘဲ)အချိန်ကုန်မယ်ဆို တာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါတွေ တကာ တကာမတွေသိတော့ ဩော်....ငါ့ဟာ မင်းသေပွဲကို မင်းလွတ်အောင်လုပ်တဲ့အလုပ်၊ မင်းပျင်းနေတယ် မင်းဖြင်းနေတယ် မင်းဆင်ခြေလဲနေတယ်လို့ ကိုယ့်ကိုယ်လဲ ဆုံးမကြပါဦး(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ) ဘယ် သူ့ကို ဆုံးမရမယ်....(ကိုယ့်ကိုယ်ကို ဆုံးမရမယ်)ကိုယ့်ကိုယ်ကို ဆုံးမရမယ်ဆိုတဲ့ဥစ္စာ တကာသစ်တို့ သေချာပလား....(သေချာ ပါပြီ) ပျင်းနေမယ်ဆိုလို့ရှိယင် မင်းသေပွဲဝင်ချင်လို့လားလို့ မေးလိမ့်မယ်(မှန်ပါ့)အိပ်ချင်တယ် ဆိုလို့ရှိယင်ကော.... (မင်း သေပွဲဝင်ချင်လို့လား မေးလိမ့်မယ်)မင်း ဒီ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ သေပွဲဝင်ချင်လို့လား-မမေးထိုက်ဘူးလား.... (မေးထိုက်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ မဂ်မှတပါး ကယ်မည့်သူ ယူမည့်သူ ရှိပါသေးရဲ့လား....(မရှိပါဘူးဘုရား)။

ဒါဖြင့် ဒီ မဂ်အလုပ်ဟာ တကာ တကာမတို့ ကိုယ့်—အား အကိုးရဆုံး အလုပ်ဆိုတာကော သေချာပလား.... (သေချာ ပါပြီ) ဘယ်အလုပ်လို့ ဆိုကြမယ်.... (ကိုယ့်—အားအကိုးရဆုံး အလုပ်ပါဘုရား)ကိုယ့်-အားအကိုးရဆုံးအလုပ်လို့ သေဒသချာ

ချာ မှတ်ပါလို့ သတိပေးလိုက်ပါတယ်(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် သုခဝေဒနာကို ပြင်ဘက်ပေါ်လဲရှု၊ အတွင်းပေါ်လဲ ရှုဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာရှုလိုက်တော့ တဏှာ ဥပါဒါန် ကံတွေ မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)ပဋိစ္စသမုပ္ပါဒ် အလယ်က ပြတ်တယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်ပါလိမ့်(အလယ်ကပြတ်ပါတယ်ဘုရား) သုခဝေဒနာ နဲ့ သောမနဿဝေဒနာ ရှုလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ် သတုံး.... (အလယ်က ပြတ်ပါတယ်)အလယ်က ပြတ်တယ်ဆို တော့ တဏှာ ဥပါဒါန် ကံတွေ ပြတ်သွားတယ် (မှန်ပါ့) သ ဘောပါကြလား....(ပါ-ပါပြီ)။

ကောင်းပြီ ဒါဖြင့် ယနေ့–ဒုက္ခပြောကြပါဦးစို့ ရှုနည်းကို၊ ဒါ-သိကြားမင်းကြီးက ပပဉ္စတရား ချုပ်နည်းကို ဘယ်အကျင့် ကျင့်ရပါမည်လဲဆိုတော့ ဝေဒနာ့နုပဿနာ ရှုကွလို့ ဘုရားက ဟောသွားလို့ မောင်ကို-ဟောရခြင်းဖြစ်တယ်နော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ တကိုယ်လုံးကရော ဟိုက ယား ဒီက နာဆိုတဲ့ ဒုက္ခဝေဒနာကလေးတွေရော မပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား)အဲဒီဒုက္ခဝေဒနာကလေးတွေ ပေါ် တာကိုတဲ့ တကာ တကာမတွေက မရှုဘူးဆိုတော့ ဒုက္ခနောက်က ဒေါသတွေ မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)သောက ကော....(လိုက်ပါတယ်ဘုရား)ပရိဒေဝကော.... (လိုက်ပါတယ် ဘုရား)ဥပါယာသတွေကော....(လိုက်ပါတယ်ဘုရား) **ဒါတွေ ဖြစ်ပျက်မသိတဲ့ အဝိဇ္ဇာက-ကော**.... (လိုက်ပါတယ်ဘုရား)။

လိုက်လာတော့ကို ပဋိစ္စသမုပ္ပါဒ် အဆုံးကနေပြီးသကာလ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ စားစရာတခု ပေါ်လာတယ်(မှန်ပါ့)ခန္ဓာတခု မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)ဝိညာဏံဆိုတာ ခန္ဓာငါးပါးကို ဆိုပါတယ်(မှန်ပါ့) ခန္ဓာငါးပါး စားဖတ် ဝါးဖတ် အဖြစ်နဲ့တခုမပေါ်လာဘူးလား.... (ပေါ်လာပါတယ်)။

ဘာ့ကြောင့် ပေါ်လာပါလိမ့်မတုံးဆိုတော့ ဒုက္ခဝေဒနာနောက်က ဒေါသ သောက ပရိဒေဝ ဥပါယာသ အဝိဇ္ဇာ လိုက်လာတဲ့အတွက် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"တို့ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား) 'ဝိညာဏံ'ဆိုတာ နောက်ဘဝ ခန္ဓာဘဲဆိုယင်ကော လွဲပါ့မလား.... (မလွဲပါဘူး)။

ဒါဖြင့် ဘယ်သူ၏ စားဘို့ ဝါးဘို့ ပေါ်လာပြန်ပါလိမ့်.... (ကာလ၏ စားဘို့ ဝါးဘို့ပေါ်လာပါတယ်ဘုရား) ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ တကာ တကာမတွေ့ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲ....ဒါက ဘာ-မရှုလို့ပါလိမ့်မတုံးဆိုလို့ရှိယင် ဘယ့်နှယ်ဖြေကြပါ့မယ်....(ဖြစ်ပျက်မရှုလို့ပါ)ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုလိုက်တဲ့အတွက် ဒုက္ခဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ဒေါသ သောက ပရိဒေဝ ဥပါယာသ လိုက်မြဲမမှတာ(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)သူတို့လိုက်တာသည် သိလို့လိုက်တာလား-မသိလို့လိုက်တာလား....(မသိလို့လိုက်တာပါဘုရား)။

မသိလို့လိုက်တာ၊ အဝိဇ္ဇာကလဲ ဒီထဲပါနေတော့ အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ.... (ဝိညာဏံပါ)

ဝိညာဏ် ပေါ်လာကတည်းက ဒုတိယခန္ဓာ ပေါ်လာပါပြီ တကာ တကာမတို့၊ ဒုတိယခန္ဓာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဒီခန္ဓာ ပေါ်လာတော့ ဘယ်သူ၏ စားဘို့ ဝါးဘို့ ဖြစ်လာပါလိမ့်.... (ကာလ၏ စားဘို့ ဝါးဘို့ဖြစ်လာပါတယ် ဘုရား)ကာလ၏ စားဘို့ ဝါးဘို့ဖြစ်လာတယ်ဆိုတာ မသေချာ သေးဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆဆက္ကသုတ်မှာ ဟောပြန်တယ်၊ **ဒုက္ခဝေဒနာနောက်က ဒေါသကို မရှုဘဲနဲ့** ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်လိမ့်မယ်လို့ ငါဘုရား မဟောဘူးတဲ့ (ဝါ) နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောဘူးပြောတာဘဲ(မှန်ပါ့)။

ဒုက္ခဝေဒနာနောက်က ဒေါသသာ လိုက်နေမယ်ဆိုလို့ရှိယင်ဖြင့် ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်လိမ့်မယ်လို့ ငါဘုရား မဟောဘူးဆိုတာကော ယုံကြပလား....(ယုံပါပြီဘုရား) ဦးခင်မောင်-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) ဟိုဘက်က တကာတွေကော ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာနောက်က ဒေါသမှ ခင်ဗျားတို့မလာအောင် မတားနိုင်လို့ရှိယင် ဒေါသ သောက ပရိဒေဝ ဥပါယာသ အဝိဇ္ဇာ သံခါရ မလာပေဘူးလား....(လာပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် အဆုံးကနေပြီးသကာလ အစ-ပြန်မပတ်ဘူးလား.... ( ပတ်ပါတယ်ဘုရား ) အဝိဇ္ဇာပစ္စယာသင်္ခါရာ ပြန်ပတ်တယ် (မှန်ပါ့)ပြန်ပတ်တာ ထောက်လိုက်တော့ ခန္ဓာတခု မပေါ်လာ ဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒီခန္ဓာ ဘယ်သူ၏ စားဘို့ ဝါးဘို့ဖြစ်လာပါလိမ့်....(ကာလ၏ စားဘို့ ဝါးဘို့ဖြစ်လာပါတယ်ဘုရား) ဒါ-ဘယ်သူ့ မရှုမိလို့ ပါလိမ့် တကာ တကာမတို့—(ဒုက္ခဝေဒနာဖြစ်ပျက်မရှုမိလို့ပါဘုရား) ဒုက္ခဝေဒနာ ဖြစ်ပျက် မရှုမိတဲ့အတွက်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ သူများစားဘို့ဝါးဘို့ ပေါ်လာပြန်တယ်ဆိုယင်ကော ငြင်းဘို့လို သေးသလား...(မလိုပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေက ခြေဘ်.... ကိုယ့်အသေ—သူများစားဘို့ ဝါးဘို့ဖြစ်တဲ့ အသေမျိုး သေပေး ရမယ်ဆိုလို့ ရှိယင်ဖြင့် အကြီးအကျယ် ကိုယ်ကျိုးနည်းတယ်ဆို တာလဲ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မရှောင်ချင်ကြဘူးလား မရှားချင်ကြဘူးလားလို့ မေးဘို့မထိုက်ဘူးလား....(ထိုက်ပါတယ်) ရှောင်ထိုက်တယ် ရှား ထိုက်တယ်ဆိုတာကော တကာ တကာမတွေ သေချာပလား.... (သေချာပါပြီဘုရား) သေချာတော့ကိုတဲ့ ဒါ-စားဖတ်မလိုက် အောင် ဘုန်းကြီးက ရှင်းပြပါမယ်။

ခုပြောတဲ့ တကာ တကာမတွေ မဂ်သွင်းပေါ့ သဘောကျ ပလား.... (မှန်ပါ့)ခုပြောတဲ့ မဂ် သွင်းလိုက်တဲ့အခါကျတော့ ကိုယ်ပေါ် ဒုက္ခပေါ်တယ် ဟိုက-ယား ဒီက—နာ၊ ဖျောက်မပစ် ပါနဲ့ ဖျောက်မပစ်ပါနဲ့ ဒီဥစ္စာကို နာတာကို နာတဲ့နေရာ ဖြစ် ပျက်ရှု၊ ယားယင်ကော....(ဖြစ်ပျက်ရှုရပါမယ်)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီက မဂ်-ဝင်မလာဘူးလား (လာပါတယ်ဘုရား) မဂ်-ဝင်လာတဲ့အခါကျတော့ ဒေါသ သောက ပရိဒေဝ လာသေးရဲ့လား.... (မလာပါဘူးဘုရား)

အဝိဇ္ဇာ သင်္ခါရကော....(မလာပါဘူးဘုရား) သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ ခန္ဓာအစုကော.... (မလာပါဘူး) ပေါ်သေးရဲ့လား....(မပေါ်ပါဘူး)။

အဲဒါ မပေါ်တာ ထောက်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒါ-ဒုက္ခဝေဒနာကို မဂ်နဲ့ဖြစ်ပျက်ရှုလိုက်တဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့ဒီ ကာလကို ကိုယ်က စားပစ်နိုင်ပါတယ်၊ (မှန်ပါ့)ကာလ၏ စားဖတ် ဝါးဖတ်အဖြစ် ခန္ဓာပေါ်သေးရဲ့လား-(မပေါ်ပါဘူးဘုရား) ရှုတတ်ကြပလား-(ရှုတတ်ပါပြီ)။

ဒါဖြင့် ယားယင်လဲ ခန္ဓာကိုယ်ထဲ ဖြစ်ပျက်ရှုနာယင်လဲ.... (ဖြစ်ပျက်ရှု)အကုန် ဖြစ်ပျက်ရှုလိုက်လို့ရှိယင်ဖြင့် ဖြစ်ပျက်-မဂ် ဆိုကတည်းက ဒီဘက်က ဒုက္ခ ဒေါမနဿတွေ ဘာတွေ မချုပ်သေးဘူးလား....(ချုပ်ပါတယ်ဘုရား)ချုပ်တော့ အဝိဇ္ဇာက ပါနိုင်သေးရဲ့လား....(မပါနိုင်ပါဘူးဘုရား)မပါနိုင်တော့ အဝိဇ္ဇာသေ၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရကော.... (ချုပ်သွားပါတယ်) သင်္ခါရချုပ်တော့ ဝိညာဏ်ဆိုတဲ့ ခန္ဓာကော....(ချုပ်သွားပါတယ်)။

အဲ ဝိညာဏ်ဆိုတဲ့ ခန္ဓာချုပ်တာ ထောက်လိုက်တော့ စားစရာ ဝါးစရာ အထည်တခုဖြစ်သေးရဲ့လား....(မဖြစ်ပါဘူးဘုရား) အင်း....ဟင် ဒါဖြင့် ကာလကို ကျုပ်တို့က စားပစ်လိုက်တယ် ဆိုယင်ကော လွဲပါ့မလား....(မလွဲပါဘူး)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာပေါ်လဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုကြစမ်းပါ၊ ဒါ-မရှုလို့ရှိယင်ဖြင့် ကာလ၏ စားဖတ် ဝါးဖတ်

အဖြစ်မှ လွတ်လိမ့်မယ်လို့ ဘယ်တော့မှ မဟောပါဘူး(မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ကိုင်း....ဒါက ဒုက္ခ ကိုယ်ပေါ်မှာ ပေါ်တာ၊ ဒေါမနဿကျ တော့ တကာ တကာမတွေက အခဲမကျေ၊ အခဲမကျေဆိုပြီး ဝမ်းထဲမပေါ်တတ်ဘူးလား....(ပေါ်တတ်ပါတယ်ဘုရား) အဲဒီ ပေါ်လာယင် သူ့ကိုဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) အဲ ဒေါမနဿကလေးပေါ်လဲ ဖြစ်ပျက်ရှုပေးပါ(မှန်ပါ)။

ဒေါမနဿကလေး ဘယ်သူ့အပေါ်မကျေနပ် ဘယ်သူ့အ ပေါ်မှာကြောင့်ကြ ဘယ်သူ့အပေါ်မှာ စိုးရိမ်နေ လာတိုင်း လာတိုင်း ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုပေးရမယ်)သူလဲ အနိစ္စ ဘဲလို့ ရှုပေးပါ၊ ဒေါမနဿဝေဒနာကို ဖြစ်ပျက် ရှုပေးပါ (မှန်ပါ)။

ရှုလိုက်လို့ရှုယင်ဖြင့် တကာ တကာမတို့ ဒေါမနဿဝေဒနာ က အနိစ္စ၊ရှုတာက မဂ္ဂ ဖြစ်လာတော့ ကာလ၏ စားဖတ်ဝါးဖတ် ဖြစ်ကြောင်းတရားတွေ မသေဘူးလား.... (သေပါတယ်ဘုရား) ဖြစ်ကြောင်းတရားတွေ သေတဲ့အခါကျတော့ ဖြစ်ဘို့ အကျိုး ဆိုတဲ့တရား ပေါ်နိုင်သေးရဲ့လား....(မပေါ်နိုင်ပါဘူးဘုရား)။

ဩြော်....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရား၊ကာလ၏ စား ဖတ် ဝါးဖတ်မှ လွတ်စေနိုင်တဲ့တရားဆိုတာကော ပေါ်လာကြ ပလား.... (ပေါ်လာပါပြီဘုရား)ဒါဖြင့် ဒုက္ခလာလဲ ဖြစ်ပျက် ရှု၊ ဒေါမနဿလာယင်ကော....(ဖြစ်ပျက် ရှုရမှာပါဘဲ) ရှင်းပြီ နော်....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဥပေက္ခာ ပြောကြပါစို့၊ ဥပေက္ခာ ပြောကြ ရအောင် ဒါ-ဝိပဿနာ အလုပ်သင်နေတယ်လို့ မှတ်ကြစမ်းပါ

နော်….(မှန်ပါ့) အလုပ်-မလုပ်လို့ ရှိယင်ဖြင့် ဦးခင်မောင်ရေ—အလိုလို ချုပ်သွားလိမ့်မယ်ဆိုတာများ ပါရဲ့လား….(မပါ-ပါဘူးဘုရား)အလိုလို စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်လိမ့်မယ်ဆိုတာကော….(မပါ-ပါဘူးဘုရား)။

ဘယ်နည်းနှင့်မှ မရဘူး၊ ယခုခန္ဓာဖြစ်စဉ်မှာ ဖြတ်မှသာလျှင် အမှန်ရောက်မယ်ဆိုတာကော သေချာကြပလား….(သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ မျက်လုံးထဲမှာတဲ့ မျက်လုံးထဲမှာဆိုလို့ရှိယင် ဖြတ်ဆို မျက်လုံးကလေး ဖွင့်လိုက်တယ်ဆိုလို့ရှိယင် တခုခုမြင်တဲ့ စိတ်ကလေး မပေါ်ဘူးလား….(ပေါ်ပါတယ်ဘုရား)။

အဲဒီ မြင်တဲ့စိတ်ကလေးဟာလဲ စိတ်ကလေးချည်း ဖြစ်တာမဟုတ်ဘူး၊ ဝေဒနာနဲ့ တွဲနေသောကြောင့် ဥပေက္ခာဝေဒနာ (မှန်ပါ့) သဘောကျပလား….(ကျပါပြီ)မျက်လုံးထဲ ဘာဝေဒနာ ပေါ်သတုံး….(ဥပေက္ခာဝေဒနာ ပေါ်ပါတယ်)ရှင်းပြီနော် (ရှင်းပါပြီ)။

မျက်လုံးဟာ ဥပေက္ခာဝေဒနာချည်း တကာ တကာမတို့ ဆုံးဖြတ်ချက်ချပါ၊(မှန်ပါ့)မျက်လုံးဟာ ဘာ-ဝေဒနာ ပေါ်သတုံး….(ဥပေက္ခာဝေဒနာ ပေါ်ပါတယ်) ဥပေက္ခာဝေဒနာမှတပါး ဒီ့ပြင်ဟာ ပေါ်နိုင်သေးရဲ့လား….(မပေါ်နိုင်ပါဘူးဘုရား)မပေါ်နိုင်ပါဘူးတဲ့၊ မျက်လုံးဟာ စဉ်းစားကြည့် တကာ တကာမတို့ ဒီလိုဖွင့်လိုက်တယ်၊ မြင်ရုံဘဲ မြင်တာဘဲ၊ သူ့မှာ လိုချင်တာ ပြစ်မှားတာ ပါသေးသလား….(မပါ-ပါဘူး)။

ဒါ့ကြောင့် မြင်ကာမတ္တကို ဘာဆိုကြမယ်.... (ဥပေက္ခာဝေဒနာပါဘုရား) မျက်လုံးမှာ ဘာ-ပေါ်တယ်.... (ဥပေက္ခာဝေဒနာပေါ်ပါတယ်)သေသေချာချာ မှတ်ပါ တကာ တကာမတို့ မျက်လုံးထဲ ဘာ-ဝေဒနာ ပေါ်သတုံး....(ဥပေက္ခာဝေဒနာ ပေါ်ပါတယ်) အဲ....မျက်လုံး ဖွင့်လိုက်သည်နဲ့ တပြိုင်နက်တည်း ဥပေက္ခာဝေဒနာ ပေါ်တာဘဲ(မှန်ပါ့)။

အဲဒီ ဝေဒနာပေါ်တာကလေးကို တကာ တကာမတွေက မသိလိုက်တော့ဘူး၊ မျက်လုံးတော့ ဖွင့်တော့-ဖွင့်လိုက်တယ်၊ ဥပေက္ခာဝေဒနာလို့ သိလိုက်သေးရဲ့လား.... ( မသိလိုက်ပါဘုရား) မသိတာက အဝိဇ္ဇာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)မသိတော့ ဘာ-ပေါ်လာတုံး-(အဝိဇ္ဇာပေါ်လာပါတယ်)။

ဒါဖြင့် အဝိဇ္ဇာပေါ်လာတော့ မောင်ကိုတို့ ဦးခင်မောင်တို့ သူ့ ပဋိစ္စသမုပ္ပါဒ်က သူသွားတော့မယ်(မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား)။

ဟော....တကာ တကာမတို့ ဟောဒီ ပဋိသန္ဓေနေတဲ့ ခန္ဓာတခု အနာဂတ်ဘဝ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ဒါဟာ ဘာ-မရှုမိလို့ပါလိမ့်မတုံး၊ အကဲခတ်ကြစမ်း-(ဥပေက္ခာမရှုမိလို့ပါဘုရား) ဥပေက္ခာဝေဒနာ မရှုမိလို့၊ ဥပေက္ခာဝေဒနာ၏ ဖြစ်ပျက်ကို မရှုမိတဲ့အတွက်၊ မြင်တာက ဥပေက္ခာ၊ ဥပေက္ခာဖြစ်နေပေမယ်လို့ ကိုယ်က မသိလိုက်ဘူး(မှန်ပါ့)။

ကိုယ့်ကိုယ်က မသိလိုက်တာက ဘာပါလိမ့်....(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာလာတော့ ဒီ့ပြင် သင်္ခါရ မလာဘဲနေပါ့မလား (မနေပါဘုရား) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား) သင်္ခါရ

ပစ္စယာ.... (ဝိညာဏ်ပါဘုရား) ဒီလို စဉ်မလာရဘူးလား.... (လာရမှာပါဘုရား)။

အဲဒါတွေ သေသေချာချာ စဉ်းစားပြီးသကာလ ရှုတော့မှ ပြော်....ဝေဒနာမရှုလို့ရှိယင် ကာလ၏ စားဖတ် ဝါးဖတ်မှ လွတ်ဘို့ရာ အရေး အတော်လိုပါသေးကလား ဆိုတာ တကာ တကာမတွေ ဆုံးဖြတ်ချက် မချနိုင်ဘူးလား....(ချနိုင်ပါတယ် ဘုရား)သဘောပါကြလား....(ပါ-ပါပြီ)။

ဒါဖြင့် ဥပေက္ခာဝေဒနာ ပေါ်လဲ ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရမှာပါ) အဲ....ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဒါက ဥပေက္ခာဝေဒနာ၊ ဒါက နောက်ကနေပြီး ကျုပ်တို့က ဖြစ်ပျက်ရှုတဲ့ မဂ္ဂင်တွေ မလာဘူးလား....(လာပါတယ်ဘုရား)ဖြစ်ပျက်ရှုတဲ့ မဂ္ဂင်တွေ လာတဲ့အခါကျတော့ ဖြစ်ပျက် မဂ် ဆိုတော့ မဂ် ဆိုတာ ကိလေသာ သတ်ပါတယ်ဆိုတော့ အဝိဇ္ဇာကိလေသာ လာသေးရဲ့လား....(မလာပါဘူးဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ်တော့ ဘယ်နှယ်ဆိုကြမယ်.... (သင်္ခါရချုပ်ပါတယ်) သင်္ခါရချုပ်တယ်၊သင်္ခါရချုပ်တော့....(ဝိညာဏ်ချုပ်ပါတယ်)ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး မချုပ်သေးဘူးလား-(ချုပ်ပါတယ်ဘုရား) ခန္ဓာငါးပါး ချုပ်တယ် ဆိုကတည်းက တကာ တကာမတို့ ကာလ၏ စားဖတ် ဝါးဖတ်အထည် ပေါ်သေးရဲ့လား....(မပေါ်ပါဘုရား)။

ဒါဟာ ဘာကို ရှုလိုက်လို့ပါလိမ့်ဗျာ.... (ဥပေက္ခာဝေဒနာကို ဖြစ်ပျက် ရှုလို့ပါ) ဥပေက္ခာဝေဒနာကို ဖြစ်ပျက် ရှုလိုက်တဲ့ အတွက် ဤမျှလောက် ကျေးဇူးခံစားရတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါဖြင့် မျက်လုံးထဲ ဘာဝေဒနာ ပေါ်သ

တုံး....(ဥပေက္ခာဝေဒနာပေါ်ပါတယ်) ပေါ်တိုင်း-ပေါ်တိုင်း ဘာလုပ်ကြရမယ်....(ဖြစ်ပျက်ရှုရပါမယ်)။

ဖြစ်ပျက် ရှုပေးစမ်းပါဆိုတာကို ဦးခင်မောင်တို့ မောင်ကိုတို့ မပျင်းကြပါနဲ့၊တရားတပွဲလုံး တကာ တကာမတွေ့ မပျင်းပါနဲ့ ဆိုတာ သတိပေးတယ်နော်.... (မှန်ပါ့ဘုရား)အကယ်၍ ပျင်း လိုက်ယင် ဘာဖြစ်မတုံး....ကာလ၏ စားဖတ် ဝါးဖတ်ဖြစ်မယ် (မှန်ပါ့)သဘောကျပလား... (ကျပါပြီ)ပျင်းလိုက်ယင် ဘာဖြစ် မယ် ထင်သတုံး.... (ကာလ၏ စားဖတ်ဝါးဖတ် ဖြစ်ပါမယ် ဘုရား)။

ဒါဖြင့် ကိုယ့်ကို သူများသတ်ဖြတ်စားမည့်အလုပ်မှ လွတ် စေချင်လို့ရှိယင် ဥပေက္ခာဝေဒနာ လာလဲ ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်)ရှင်းပလား....(ရှင်းပါပြီ)အဲဒီတော့ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဆဆက္ကသုတ်မှာ တခါတည်း အကူအညီပေးလိုက်တယ် ဦးခင်မောင်ရေ....(မှန်လှပါဘုရား)။

ဥပေက္ခာဝေဒနာ ပေါ်တာကို မင်းတို့သည်ကားလို့ ဆိုလို ရှိယင်ဖြင့် မသိလို့ရှိယင်ဖြင့်တဲ့ အဝိဇ္ဇာလာမှာဘဲ၊ အဲဒီအဝိဇ္ဇာ လာလို့ရှိယင်ဖြင့် ဘယ်တော့မှ ကာလ၏ စားဖတ် ဝါးဖတ် လွတ်လိမ့်မယ်လို့ ငါမဟောဘူးတဲ့(မှန်ပါ) ဥပေက္ခာဝေဒနာ မရှုယင် ဘာလာမတဲ့တုံး....(အဝိဇ္ဇာလာပါမယ်)။

အဝိဇ္ဇာ လာလို့ရှိယင်ဖြင့် တကာ တကာမတွေ့ သိတဲ့အတိုင်း သင်္ခါရက နေသေးရဲ့လား....(မနေပါဘုရား) မနေလို့ရှိယင် ဖြင့် ကျုပ်တို့ ဝိညာဏ်ဆိုတဲ့ ခန္ဓာကြီး ပေါ်-မပေါ်.... (ပေါ် ပါတယ်ဘုရား) ပေါ်လာတော့ ဘယ်သူစားဘို့ဝါးဘို့ အထည် ဖြစ်လာသတုံး....(ကာလ စားဘို့ဝါးဘို့ ဖြစ်လာပါတယ်)ကာလ

၏ စားဘို့ ဝါးဘို့ အထည်ဖြစ်လာတယ်ဆိုတာ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မောင်ကိုရေ– ပြောပြန်တယ်၊ ဥပေက္ခာဝေဒနာပေါ်တာမှ ဖြစ်ပျက်မရှုမိလို့ ရှိယင်ဖြင့် အဝိဇ္ဇာ မသေဘူးကွ(မှန်လှပါဘုရား)အဝိဇ္ဇာ မသေ တဲ့အတွက် သင်္ခါရတို့ ဝိညာဏ်တို့ဆိုတဲ့ ကာလစားဖတ် ဝါး ဖတ်တွေဟာ ဘယ်နည်းနဲ့မဆို ပေါ်ရမယ်လို့ ဘုရားဟော တာကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘာလုပ်ကြရမယ်.... (ဥပေက္ခာ ဝေဒနာကို ဖြစ်ပျက် ရှုရပါမယ်)ဒါဖြင့် ဥပေက္ခာဝေဒနာ ပေါ် ယင်လဲ ဖြစ်ပျက် ရှုရလိမ့်မယ်နော်....(မှန်ပါ) အနိစ္စ ရှုရလိမ့် မယ်၊ ဖြစ်ပျက်ဆိုတာ အနိစ္စကို ချုပ်သွားတာလို့ မှတ်လိုက် စမ်းပါ(မှန်ပါ)။

**ဖြစ်ပျက်ဆိုတာ ဘာလုပ်တဲ့ စကားပါလိမ့်....(အနိစ္စရှုရ မှာပါ) အနိစ္စကို ချုပ်သွားတဲ့စကားလို့** တကာ တကာမ တွေ ကျေကျေနပ်နပ် မှတ်ထားပါနော်....(မှန်ပါ)။

ကဲ....ဒါဖြင့် နားကကြားတာကို ကြားကာမျှမတ္တမှာ ဦး ခင်မောင်ရေ–ကြားတယ်လို့ ဆိုကာမတ္တကလေးမှာလဲ လိုချင် ရချင် ရှိသေးရဲ့လား....(မရှိပါဘူး)စိတ်ဆိုးတာကော ပါသေး ရဲ့လား....(မပါ–ပါဘူး)။

အဲဒါကြောင့် ကြားတဲ့ဝေဒနာကလေးဟာ ကြားတဲ့စိတ် ကလေးဟာ ဥပေက္ခာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ) ကြားတဲ့ စိတ်ကလေးဟာ....(ဥပေက္ခာဝေဒနာပါ) သဘောပါကြလား.... (ပါ-ပါပြီ)။

ဒါဖြင့် အဲဒီဥပေက္ခာဝေဒနာကလေးပေါ်လာတာကို မသိလိုက်ယင် ဘယ်သူလာမယ်....(အဝိဇ္ဇာလာပါမယ်)အဝိဇ္ဇာ လာမယ်၊ အဝိဇ္ဇာလာယင်.... (သင်္ခါရလာမယ်) သင်္ခါရလာယင်....(ဝိညာဏ်လာမယ်) ဝိညာဏ်ဆိုယင်ဖြင့် ခန္ဓာမပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား) အနာဂတ်ခန္ဓာ ပေါ်ပြီနော်....(ပေါ်ပါပြီ)အနာဂတ်ခန္ဓာ ပေါ်ခဲ့လို့ရှိယင်ဖြင့် တကာ တကာမတို့ ကာလ၏ စားဖတ် ဝါးဖတ် ဘယ့်နှယ်တုံး....(ဖြစ်ပါတယ်ဘုရား) ကေန်ဖြစ် တကယ်ဖြစ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တပည့်တော်တို့ဘုရား ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ အချိန်ကုန်ခဲ့ရတာတွေ အင်မတန် ကြာမြင့်ခဲ့ပါပြီ၊ဒါ-တပည့်တော်တို့ ဘယ်လိုများ ဇာတ်သိမ်းရပါမလဲဆိုတာ ယနေ့ အကြံဉာဏ် ပေးပါတယ်-တကာ တကာမတို့ အကူအညီပေးပါတယ်။

နားထဲ ဥပေက္ခာဝေဒနာ ပေါ်လဲ ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက် ရှုလိုက်တော့ အဝိဇ္ဇာ လာသေးရဲ့လား....(မလာပါဘူးဘုရား)အဝိဇ္ဇာမလာတော့ သင်္ခါရကော-(မလာပါဘူးဘုရား) သင်္ခါရမလာတော့ ခန္ဓာကော....(မပေါ်ပါဘူး) မပေါ်ယင် ဘယ်ကာလက ဘာကို သွားစားမလဲ....(စားစရာမလိုတော့ဘူး)ကာလက မစားနိုင်ဘူးဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အဲ....ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ကိုယ့်ကိုယ် သူများစားမှာ ကြောက်လို့ရှိယင်ဖြင့် ဒီဝေဒနာ ပေါ်

တွာကို တကာသစ်တို့ ဘာလုပ်ရမလဲ.... (ဖြစ်ပျက် ရှုရပါမယ် ဘုရား) ဖြစ်ပျက် ရှုပေးရမယ်ဆိုတာ မသေချာဘူးလား (သေချာ ပါတယ်ဘုရား)။

အဲဒါကြောင့် ပိဋကတ်သုံးပုံကို အကုန်ချုံ့လိုက်တဲ့အခါကျ တော့ ပိဋကတ်သုံးပုံမှာ စာတွေသင်ကြ၊ အမျိုးမျိုး သင်ကြ၊ အမျိုးမျိုး ဝိနည်းသုတ္တန်တွေ သင်ကြ၊ မောင်ကို-အကုန် သင် ကြတာပေါ့ကွာ (မှန်ပါ့ဘုရား) နောက်ဆုံးပိတ်တနေ့ဟာ ဒါကို အားထုတ်စေချင်လို့ အသင်ခိုင်းတာ (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

**ပိဋကတ်သုံးပုံ ချုံ့လိုက်တဲ့အခါကျတော့ ဖြစ်ပျက် အား ထုတ်စေချင်လို့ သင်ကြတာ** (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘာကို အားထုတ်စေချင်လို့ပါလိမ့်.... (ဖြစ်ပျက် အားထုတ်စေချင်လို့ပါဘုရား)။

အဲ....ပိဋကတ်သုံးပုံ ချုပ်လိုက်တဲ့အခါကျတော့ အနိစ္စ ဒုက္ခ အနတ္တသာ ရှိတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ပိဋကတ်သုံးပုံ အကုန်သင်လာတာတွေ နောက်ဆုံးပိတ် ဒီ ရှုတတ် မှတ်တတ်ဖို့ကို သင်တာပါဘဲ (မှန်လှပါဘုရား) ရှင်းပြီနော်.... (မှန်ပါ့)။

အဲဒီတော့ ရှုတတ် မှတ်တတ်တော့ သံသရာစခန်း မသတ် ဘူးလား....(သတ်ပါတယ်ဘုရား) သံသရာစခန်း သတ်တယ်ဆို တော့ အဝိဇ္ဇာ သင်္ခါရ ချုပ်သောကြောင့် ဝိညာဏ်ကော.... (ချုပ်ပါတယ်ဘုရား) ဒါ-သံသရာဘဲ၊ ဒီ သံသရာတွေ စခန်း သတ်တာသည် ဖြစ်ပျက်ရှုတဲ့ဉာဏ်ဘဲ၊ (မှန်ပါ့) ရှင်းကြပလား....

(ရှင်းပါပြီ)သံသရာစခန်းသတ်တာ ဘာပါလိမ့်....(ဖြစ်ပျက်ရှုတဲ့ ဉာဏ်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် နေရာကျပြီ တကာ တကာမတို့ နားမှာလဲ ဥပေက္ခာဝေဒနာ၊ နှာခေါင်းမှာကော.... (ဥပေက္ခာဝေဒနာ ပါဘဲဘုရား)။

နှာခေါင်းထဲ ရှူတဲ့ ရှိုက်တဲ့အခါ မွှေးတာကလေး ရှူးရှူး၊ နံတာကလေး ရှူမိ ရှူမိ၊ ဒီထဲမှာ ပေါ်လာသည်ဖြင့် ဥပေက္ခာ ချည်းဘဲ မှတ်ပါ(မှန်ပါ)ဒါ-ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) လျှာပေါ်မှာ စားတိုင်း စားတိုင်း....(ဥပေက္ခာဝေဒနာ ရှုရပါမယ်) ကိုယ်ထဲမှာ ဥပေက္ခာ ပေါ်တိုင်းပေါ်တိုင်း.... (ဥပေက္ခာဝေဒနာ ရှုရပါမယ်)။

အင်း-ဟင်-ကိုယ်ထဲမှာတော့ ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် ကမ္မဋ္ဌာန်းကာ ထားတဲ့အခါ နေပါစေကွာ၊ဒါ-ထားလိုက်ပါကွာ၊ ဒီပစ္စည်း တော့ကွာ ကိစ္စမရှိပါဘူးကွာ၊ ကိစ္စမရှိတာ သုံးတိုင်းသုံးတိုင်း ဘာတုံး....(ဥပေက္ခာဝေဒနာပါဘုရား) ကိစ္စမရှိဘူး ကိစ္စမရှိဘူး ဒီ ပစ္စည်းဟာ သိမ်းသွားရမလား၊မသိမ်းပါနဲ့ ကိစ္စမရှိပါဘူး မသုံးဘူးလား....(သုံးပါတယ်ဘုရား)။

အဲဒီ ကိစ္စမရှိပါဘူး သုံးတဲ့စိတ်ဟူသည် ဘာဆိုကြမယ်.... (ဥပေက္ခာဝေဒနာပါ) အဲဒီ ကိစ္စမရှိဘူးဆိုတဲ့ စိတ်ကိုလဲ ဘာ လုပ်ကြရမလဲ....(ဖြစ်ပျက်ရှုရပါမယ်)။

ဖြစ်ပျက် ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ အင်း....ဝမ်းထဲ ပေါ်တဲ့ ဥပေက္ခာဝေဒနာက အနိစ္စ၊ ရှုတာက မဂ္ဂ–မဖြစ်ဘူး လား.... (ဖြစ်ပါတယ်ဘုရား) ဒီဘက်က အဝိဇ္ဇာ သင်္ခါရက

ဘယ့်နှယ်နေသတုံး....(ချုပ်ပါတယ်) မချုပ်ဘူးလား....(ချုပ်ပါတယ်)ရှင်းပြီနော်(မှန်ပါ့)။

ဒါဖြင့် ဥပေက္ခာဝေဒနာ ပေါ်နိုင်တဲ့နေရာ ငါးနေရာ ဟောပြီးပါပြီ(မှန်ပါ့) အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဥပေက္ခာဝေဒနာကို ဖြစ်ပျက်မရှုဘဲနဲ့ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်လိမ့်မယ်လို့ ငါဘုရားမဟောဘူးတဲ့ (မှန်လှပါဘုရား)သဘောပါကြလား....(ပါ-ပါပြီ)။

ဥပေက္ခာဝေဒနာ ဖြစ်ပျက် မရှုဘဲနဲ့ ကာလ၏ စားဖတ်ဝါးဖတ်အဖြစ်မှ လွတ်လိမ့်မယ်လို့ ငါဘုရားမဟောဘူးလို့ ဆဆက္ကသုတ်မှာ သေသေချာချာ လာပါတယ်(မှန်ပါ့) သဘောပါကြလား(ပါ-ပါတယ်)ဒါဖြင့် တကာ တကာမတို့ ဝေဒနာသုံးမျိုးကို လှည့်မရှုရပေဘူးလား....(ရှုရပါတယ်ဘုရား)။

ကိုင်း....ရှုတဲ့အခါကျတော့ ဒီနေ့ပြရမှာက တကာ တကာမတွေ ရှုတာ လမ်းဆုံးရှုနည်းကို ပြပါဦးမယ်(မှန်ပါ့)လမ်းဆုံးရှုနည်းနော်....(မှန်ပါ့) ဒါက စ-ရှုနည်းကိုပြတာ (မှန်ပါ့) တပည့်တော် ရှုရမှာ မသေမခြင်း ရှုရမှာလားဘုရား၊ဘယ်အချိန်ကျတော့ စခန်း သတ်ရမှာလဲ....ဦးခင်မောင်-မေးတို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

အဲဒီတော့-ကိုတဲ့ ဘုန်းကြီးလဲ ယနေ့ရှင်းပြပါမယ်၊ ဥပမာ တကာ တကာမတွေက ဝေဒနာ ပေါင်းလိုက်တဲ့အခါကျတော့ သုခ ဒုက္ခ ဥပေက္ခာဘဲရှိတယ်၊ပေါင်းလိုက်တဲ့အခါ ဒါဘဲမရှိဘူးလား....(ရှိပါတယ်ဘုရား) ဒီ့ပြင် ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘူးဘုရား)သုခ ဒုက္ခ ဥပေက္ခာလို့ သုံးခုဘဲချုံးလို့ အခုန

ပြောခဲ့တာတွေက အကုန်မဝင်ဘူးလား.... (ဝင်လာပါတယ်ဘုရား)။

ဥပေက္ခာ–ဥပေက္ခာချင်းပေါင်း၊ သုခနဲ့ သောမနဿနဲ့ ပေါင်း၊တကာသစ်ရေ- ဒုက္ခနဲ့ဒေါမနဿနဲ့ကော.... (ပေါင်းရမှာပါဘဲ) ပေါင်းလိုက်တဲ့အခါကျတော့ ဘယ်နှစ်မျိုးရှိတော့သတုံး....(သုံးမျိုးရှိပါတယ်)သုံးမျိုးရှိတော့ သုခ ဒုက္ခ ဥပေက္ခာဘဲ ပြန်ဖြစ်တယ်(မှန်ပါ့)သဘောပါကြလား....(ပါပါပြီ)ချုံးလိုက်တဲ့အခါ သုခ ဒုက္ခ ဥပေက္ခာဘဲ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ ဒီဥပေက္ခာ ဒီဟာတွေကို တကာ တကာမတွေက အဲဒီ- အချိန်ကျလာတော့ ရှုတဲ့လမ်းဆုံးကို ပြောတော့မယ်ဆိုတော့ တကာ တကာမတွေ မသေမခြင်း မှတ်ထားပါ၊မိလိန္ဒမင်းကြီးက-အရှင်ဘုရား....ဝိပဿနာရှုတဲ့အခါ ရှုတော့-ရှုပါမယ်တဲ့၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များ နိဗ္ဗာန်ရောက်တယ်လို့ ပြောပါတယ်၊ဘုရားက ဒါဟောပါတယ်၊အဲဒီတော့ ဝိပဿနာရှုနေရင်းနိဗ္ဗာန်ရောက်ပုံပြောစမ်းပါ၊ တကာ တကာမတို့ ဘာတဲ့တုံး.... (ဝိပဿနာရှုရင်း နိဗ္ဗာန်ရောက်ပုံပြောပါတဲ့) ဝိပဿနာ ရှုရင်းမတ္တနဲ့ နိဗ္ဗာန်ရောက်သွားပုံကို ပြောစမ်းပါတဲ့။

ဒါဟာ တကာ တကာမတို့ လေးလေး စားစား နားထောင်ရမည့် စကားနော်-(မှန်ပါ့ဘုရား)ဘယ်လို နားထောင်ရမှာတုံး-(လေးလေး စားစား နားထောင်ရမှာပါဘုရား)ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်များ နိဗ္ဗာန်ရောက်တယ်လို့ ပြောပါတယ်ဘုရားတဲ့၊

အဲဒီတော့ ဝိပဿနာရှုရင်း ဘယ်လို ရောက်သွားတယ်ဆိုတာ တပည့်တော် သိချင်ပါတယ်၊ မိလိန္ဒမင်းကြီးက မေးတယ်နော်(မှန်ပါ့) ဝိပဿနာရှုရင်း ဘာတဲ့တုံး- (နိဗ္ဗာန်ရောက်ပုံပြောစမ်းပါတဲ့) ဝိပဿနာရှုရင်း နိဗ္ဗာန်ရောက်သွားတယ်ဆိုတာ တပည့်တော်သိချင်ပါတယ်(မှန်ပါ့)။

အဲဒါကြောင့် အရှင်ဘုရားကိုတော့ ဝိပဿနာရှုပြီး နိဗ္ဗာန်ရောက်တဲ့ ရဟန္တာဖြစ်နေတာ တပည့်တော်သိပါတယ်၊ အဲဒါ အရှင်ဘုရားက ဒီလမ်း-သွားပြီး သွား လမ်း ဖြစ်သောကြောင့် ကိုယ်တိုင် ရောက်ခဲ့တဲ့လမ်းဖြစ်လေသောကြောင့် ဆုံးပြီးသကာလ နေပါသည်။

ဒါ့ကြောင့် အရှင်ဘုရား ဝိပဿနာ ရှုပြီးယင် နိဗ္ဗာန်ဘက်ကို ရောက်ပုံကို တပည့်တော် ရှင်းပြပါတဲ့....(မှန်ပါ့)၊ တကာတကာမတို့ ဒီထက် ချက်ကောင်း ဘယ်ရှာတွေ့တော့မလဲ....(မတွေ့ပါဘူး ဘုရား) သဘောပါပလား.... (ပါ-ပါပြီ)၊ ဝိပဿနာရှုရင်း နိဗ္ဗာန်ရောက်ပုံကို အရှင်ဘုရား ရှင်းပြစမ်းပါ ဘုရား့၊ တပည့်တော်လဲ အားထုတ်ပါမယ်၊ (မှန်ပါ့)။

တကာတကာမတို့ ဝိပဿနာရှုရင်း ဘယ်ရောက်ပုံ မေးပါလိမ့်....(နိဗ္ဗာန်ရောက်ပုံ မေးပါတယ်ဘုရား)၊ ဝိပဿနာရှုရင်း.... (နိဗ္ဗာန်ရောက်ပုံမေးပါတယ်)၊ နိဗ္ဗာန်ရောက်ပုံ မေးတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။ အမေးသမားကလဲ တကာတကာမတို့ မိလိန္ဒမင်းကြီး—နော်၊ (မှန်ပါ့)။ အဖြေသမားက အရှင်နာဂသိန် ရဟန္တာနော် (မှန်ပါ့)။

ရဟန္တာလို့ ဦးခင်မောင်တို့ မောင်ကိုတို့ မှတ်ကြပါ။ရောက်ပြီးသွားလမ်း ပြောရမှာနော်၊ (မှန်ပါ့)၊ မသိတဲ့ လူက မှန်းပြော

တဲ့ တရားလား....၊ သူသွားရာလမ်း ပြောမှာလား....(သူသွားရာ လမ်း ပြောမှာပါဘုရား)။

ဒါဖြင့် ဒီလမ်းသည် ကျုပ်တို့သည်ကားလို့ ဆိုလို့ ရှိယင် ယုံမှားသံသယရှိပြီးသကာလ နေစရာ လိုသေးရဲ့လား.... (မလို တော့ပါဘူး)၊ အဲဒါကြောင့် ဒီစခန်းကို ယနေ့သွားရမှာ ဖြစ် နေတော့ တကာတကာမတွေက ပေါ့ပေါ့ကလေးမှတ်သွားမှာ စိုးရိမ်လို့ ပြောဘ်....ဒို့လဲ ဝိပဿနာရှုမှဘဲ၊ ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်မှ လွတ်မှာလို့ဆိုတော့ ဝိပဿနာရှုရင်းဘဲ နိဗ္ဗာန် ရောက်မှ စားဖတ်က သေသေချာချာ လွတ်မှာ (မှန်ပါ့)။

ဝိပဿနာမရှုဘဲနဲ့လဲ နိဗ္ဗာန် မြင်ရပါ့မလား.... (မမြင်ရပါ ဘုရား)၊ ဝိပဿနာမရှုဘဲနဲ့လဲ နိဗ္ဗာန်မြင်ရပါ့မလား.... (မမြင်ရ ပါဘုရား)၊ မမြင်ရနိုင်ဘူးတဲ့။ ဝိပဿနာမရှုဘဲနဲ့လဲ နိဗ္ဗာန်မမြင် ရတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဝိပဿနာလဲ ရှုရ မယ်။ ရှုမှလဲ နိဗ္ဗာန်ဘက်ကိုရောက်မယ်၊ (မှန်ပါ့) ရောက်မှလဲ ကိုယ့်ခန္ဓာကြီး ကာလ၏စားဖတ်ဝါးဖတ် အဖြစ်မှ လွတ်မယ်ဆို တာ သေချာကြပလား....(သေချာပါပြီ ဘုရား)။

ဒါဖြင့် ဝိပဿနာရှုရလိမ့်မယ်နော်....(မှန်ပါ့)။ ကိုင်း-ဒါဖြင့် ဝိပဿနာရှုတော့ ဝေဒနာရှုတာပေါ့တဲ့၊ ယခုတော့ ဝေဒနာ စခန်းကိုဘဲ ဟောနေရတဲ့ အတွက် ဦးခင်မောင်ရေ-ဝေဒနာဘဲ ရှုရလိမ့်မယ်နော်....(မှန်ပါ့ ဘုရား) ဝေဒနာနုပဿနာဘဲ ရှုရလိမ့် မယ်။ ကိုင်း-ကိုင်း ရှုပုံပြောပါတော့မယ်တဲ့။

တကာကြီးတဲ့....မိလိန္ဒမင်းကြီးကို အရှင်နာဂသိန်က ခေါ် လိုက်တယ်၊ ဝိပဿနာရှုရင်း နိဗ္ဗာန်ရောက်ပုံကို ကျုပ် သေသေ ချာချာရှင်းပြမယ် တကာကြီး၊ သေသေချာချာ, နားထောင်၊

တကာတကာမတွေကော–သေသေချာချာနားမထောင်ရပေဘူးလား.... (နားထောင်ရပါတယ် ဘုရား)။ ဒါန-သီလ ကုသိုလ်ကောင်းမှုတွေပြုပြီးသကာလ ဒီကောင်းမှုကြောင့်မဂ်ဖိုလ် နိဗ္ဗာန်ရောက်ရ- ရရပါလို၏လို့ ခင်ဗျားတို့ ဆုချည်းတောင်းနေတယ်။

ဆုတောင်းနေတဲ့ဥစ္စာ ခင်ဗျားတို့ ဒီအတိုင်းရမယ်မဟုတ်ဘူး၊ ဝိပဿနာရှုရင်း မဂ္ဂနဲ့ နိဗ္ဗာန်ဘက်ကို ဝိပဿနာရှုမှ နိဗ္ဗာန်ဘက် ရောက်မှာကိုး (မှန်လှပါဘုရား) ဝိပဿနာရှုမှ.... (နိဗ္ဗာန်ဘက် ရောက်မှာ)။

အဲဒီတော့ ဘယ်လို ဝိပဿနာရှုလို့ ဘယ်လို နိဗ္ဗာန်ဘက်ရောက်သွားတယ်ဆိုတာ တပည့်တော် သိချင်ပါတယ်လို့ မိလိန္ဒမင်းကြီးက မမေးဘူးလား....(မေးပါတယ်)။

မေးတော့ အရှင်နာဂသိန်ကလဲ အတိအလင်း ဖြေပါလိမ့်မယ်ဆိုတာ တကာတကာမတွေ မှတ်ထားလိုက်တာပေါ့-(မှန်လှပါ ဘုရား) အရှင်နာဂသိန်က ဘာပါလိမ့်.... (အတိအလင်းဖြေပါလိမ့်မယ်)၊ ရှင်းရှင်းလင်းလင်း ဖြေလိမ့်မယ်.... (မှန်ပါ့)၊ တကာကြီးတို့....ပဌမရှေးဦးစွာ ဖြစ်ပျက်ကို ရှုပေးပါ။ သုခဝေဒနာ ပေါ်လဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုပေးရမယ်) ဒုက္ခဝေဒနာ ပေါ်လဲ....(ဖြစ်ပျက်ရှုရမယ်)ဥပေက္ခာဝေဒနာ ပေါ်လဲ (ဖြစ်ပျက်ရှုရမယ်)။

ဖြစ်ပျက်ကို ရှုနေစမ်းပါတကာကြီးတို့၊ ဒီအတိုင်းသာ ရှုနေ၊ ရှုဖန်များလာတဲ့ အခါကျလို့ရှိယင်ဖြင့် ဒီ အဖြစ်အပျက်တွေ တကာတကာမတွေက ဒါ ဝေဒနာက္ခန္ဓာဆိုယင် လွဲပါ့မလား.... (မလွဲပါဘူးဘုရား) ဒါ-ဘာခန္ဓာတွေပါလိမ့်.... (ဝေဒနာက္ခန္ဓာတွေပါ ဘုရား)ဝေဒနာက္ခန္ဓာဆိုတာ သူများဝေဒနာက္ခန္ဓာလား၊

မိမိဝေဒနာက္ခန္ဓာလား....(မိမိဝေဒနာက္ခန္ဓာပါဘုရား)မိမိသန္တာန်ဖြစ်တဲ့ မိမိဝေဒနာက္ခန္ဓာ....(မှန်ပါ့)။

ဒါဖြင့် ဒါတွေဟာ ဖြစ်ပြီးပျက်တယ် – ဖြစ်ပြီးပျက်တယ်ဆိုတော့ မိမိသေတာတွေ မဟုတ်ဘူးလား.... (မှန်လှပါဘုရား)၊ ရုပ်မိကြပလား....(ရုပ်မိပါပြီ) ဘယ်သူသေတာတုံး....(မိမိသေတာပါဘုရား) အင်း....မိမိသေတာကို မိမိရှုရတာဘဲ–(မှန်ပါ့) ဝိပဿနာဆိုတာ ဘာပါလိမ့်-(မိမိသေတာမိမိရှုရတာပါဘုရား) မိမိသေတာကို မိမိရှုရတယ်ဆိုတာ ရုပ်မိပလား.... (ရုပ်မိပါပြီဘုရား)။

ဝိပဿနာဆိုတာ ဘာပါလိမ့်....(မိမိသေတာ မိမိရှုရတာပါဘုရား) မိမိသေတာ မိမိရှုနေတော့ ကိုယ့်အသေကလေးတွေကို ကိုယ်မြင်အောင် ရှုပြီးသကာလ ကိုယ့်အသေ ကိုယ်မြင်လိမ့်မယ် တကာကြီး.... (မှန်ပါ့) ဒါ-ဝိပဿနာ ရှုတာဘဲ.... (မှန်ပါ့) ကိုယ့်အသေ ကိုယ်မြင်တာ ဘာတုံး.... (ဝိပဿနာရှုတာပါဘုရား)။

ဒါကြောင့် ဝေဒနာက္ခန္ဓာကလေးတွေ သေတော့ ကျုပ်တို့က ခန္ဓာငါးပါးသမားဆိုတဲ့ဥစ္စာ ဝေဒနာက္ခန္ဓာသေလဲ ဦးခင်မောင်ရေ့ ကျန်လေးပါးပါ ရောသေတာနော်.... (မှန်လှပါဘုရား) မောင်ကို-ဘာတဲ့တုံး....(ကျန်လေးပါးပါ ရောသေပါတယ်ဘုရား) ဒါဖြင့် ခန္ဓာငါးပါးလုံးသေတော့ ကိုယ့်အသေမဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါ ကြပ်ကြပ်စဉ်းစားပါ တကာ တကာမတို့ ခန္ဓာငါးပါးတပါးသေယင် အကုန်သေတာဘဲ(မှန်လှပါဘုရား)ရှင်းပြီနော်-(ရှင်းပါပြီ) အဲဒီတော့ ဝိပဿနာ ရှုပါဆိုတော့ မဂ္ဂင်နဲ့ အရှု

ခိုင်းတဲ့အခါကျတော့ ဘာတွေမြင်ကြတုံး....(ကိုယ့်အသေကိုယ်မြင်ပါတယ်ဘုရား) ကိုယ့်အသေ ကိုယ်မြင်ကြတယ်၊ တကာတကာမတို့ ဘာမြင်ကြတုံး....(ကိုယ့်အသေ ကိုယ်မြင်ကြတယ်)။ အဲ....တကာကြီးတဲ့.... ရှေးဦးစွာတော့ ကိုယ့်အသေ ကိုယ်မြင်လိမ့်မယ်(မှန်ပါ့)သဘောပါလား....(ပါ-ပါတယ်ဘုရား)အရှင်နာဂသိန်ကဆိုပြီ၊ တကာကြီး ရှေးဦးစွာ ဝိပဿနာရှုပါတဲ့၊ ရှုတဲ့အခါ ကိုယ့်အသေ ကိုယ်မြင်ပါလိမ့်မယ်တဲ့(မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

အဲ....ကိုယ့်အသေ ရှုဖန်များလာတဲ့ အခါကျတော့ ခြေသံ-ဒါတွေဟာ ဘာမှမဟုတ်ပါလား၊ ရှုံစရာ မုန်းစရာ ပါကလားဆိုတာ ရှုဖန်များလာယင် မုန်းလိမ့်မယ် တကာကြီးတဲ့(မှန်ပါ့) မမုန်းဘူးလား-မုန်းသလား- (မုန်းပါတယ်ဘုရား)ကိုယ့်အသေတွေချည်းထပ်မြင်နေရတော့ဘယ့်နှယ်ဖြစ်မယ်ထင်ကြသလဲ(မုန်းပါတယ်) မုန်းမယ်ဆိုတာ မသေချာသေးဘူးလား....(သေချာပါတယ်)အဲဒီတော့ တကာကြီးတဲ့— ပဌမကိုယ့်အသေ ကိုယ်မြင်လိမ့်မယ်၊နောက် ကိုယ့်အသေ ကိုယ်မုန်းလိမ့်မယ်။

ဦးခင်မောင် ဘယ်နှစ်ချက် ရှိသွားပလဲ.... (နှစ်ချက်ရှိသွားပါပြီ)နှစ်ချက် ရှိသွားပြီဆိုတာ သဘောကျကြပြီနော်(မှန်ပါ့) နောက်ကျတော့ တကာကြီးတဲ့-ဒီ ဉာဏ်ကထွက်လာတဲ့ အခါကျတော့ ကိုယ့်အသေကြီးကို ကိုယ်မလိုချင်တော့ဘူး(မှန်ပါ့) ဉာဏ်ကထွက်လာတော့ ကိုယ့်အသေဘယ့်နှယ်.... (ကိုယ်မလိုချင်တော့ဘူး)မလိုချင်တဲ့အချိန်ကျတော့ တကာကြီးတဲ့ ရှုစရာခုနက အသေခန္ဓာကြီး ပျောက်သွားတယ်(မှန်ပါ့)။

အသေခန္ဓာကြီး ပျောက်တဲ့ဆိုကိုမြင်တယ် (မှန်ပါ့) ရှုနေတဲ့ တရားကအသေခန္ဓာပျောက်တာကိုမြင်တယ်(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား) ရှုနေတဲ့တရားက.... (အသေခန္ဓာပျောက်တာကို မြင်ပါတယ်ဘုရား)ဒါဖြင့် မသေရာကို မြင်တာပေါ့(မှန်ပါ့ဘုရား) ခုနကတော့အသေတွေမြင်၊ အသေတွေမုန်း (မှန်ပါ့)။

အခု နောက်-ရှုဖန်များလာတော့ ဒီအသေတွေဖြင့် မလိုချင်ပါဘူးလို့ ဒီဉာဏ်ကထွက်လာတဲ့အခါကျတော့ အသေ မြင်သလား....မသေတာ မြင်သလား....(မသေတာ မြင်ပါတယ်ဘုရား) ဒါဖြင့် မသေတာ ဘာခေါ်ကြမယ်(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) မသေတာကနိဗ္ဗာန်၊ မသေတာမြင်တာက.... (မဂ်ပါဘုရား)။

မသေတာက....(နိဗ္ဗာန်ပါဘုရား)။

မသေတာမြင်တာက....(မဂ်ပါဘုရား)။

မသေရာက....(နိဗ္ဗာန်ပါဘုရား)။

မသေရာမြင်တာက....(မဂ်ပါဘုရား)။

ဒါဖြင့် ဒီဉာဏ်ဟာခုနကလိုအသေမြင် အသေမုန်းတဲ့ ဘက်ကမှ အသေဆုံးတဲ့ဘက် ကူးသွားတယ်(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) အသေမြင်အသေမုန်းရာမှ-ဘယ်ကူးသွားသတုံး.... (အသေဆုံးတဲ့ဘက် ကူးပါတယ်) အသေဆုံးတဲ့ဘက်ကို ဒီဉာဏ် ကူးသွားတယ်(မှန်လှပါ)သဘောကျပလား- (ကျပါပြီ)ဒါဖြင့် တကာ တကာမတွေဘဲ အားထုတ်ကြစမ်းပါလို့ ပဋ္ဌမဖြစ်ပျက် မြင်ယင် အသေမြင်ပြီ အောက်မေ့ပါ(မှန်ပါ့)။

ရှုဖန်များယင် ကိုယ့်အသေ ကိုယ်မမုန်းပေဘူးလား....(မုန်းပါတယ်ဘုရား)ဒီအသေကြီးတွေ ထွက်လာလို့ရှိယင် လိုချင်ဦး

မလား-မလိုချင်ဘူးလား- (မလိုချင်ပါဘူးဘုရား) မလိုချင်လို့ရှိ ယင် ရှေ့ပိုင်းကဝေဒနာတွေ သေတာတွေ တကာ တကာမတို့ သေသေချာချာမှတ် အကုန်ပျောက်လိမ့်မယ်....(မှန်ပါ့)ပျောက် သွားတော့ ကိုယ့်ခန္ဓာငါးပါးအသေ မြင်ရသေးရဲ့လား.... (မမြင်ရပါဘုရား)။

ဒါဖြင့် မသေရာက နိဗ္ဗာန်။
မြင်တာက....(မဂ္ဂင်ပါဘုရား)။
မသေရာက....(နိဗ္ဗာန်ပါ)။
မြင်တာက ....(မဂ္ဂင်ပါဘုရား)။

မဂ်ဉာဏ်ဆိုသဖြင့် ဩော်-ပဌမအသေမြင်ပြီး၍အသေမှန်းပြီး သကာလမှ မသေရာမြင်ပါကလားဆိုတာ သုံးချက် (မှန်လှပါ ဘုရား)သဘောပါလား....(ပါ-ပါပြီ)ပဌမဘာမြင်တုံး....(ကိုယ့် အသေ ကိုယ်မြင်ပါတယ်)အသေမြင်တယ်၊ နောက် အသေမှန်း တယ်ဆို ဦးခင်မောင်ရေ(မှန်ပါ့) နောက်ကျတော့ ဘာမြင်ပါ လိမ့်....(မသေရာမြင်ပါတယ်)။

ရှုဖန်များလာတဲ့အခါကျတော့ ဒီအသေကြီး မလိုချင်တော့ ပါဘူးဆိုတော့ ဒီအသေကြီးဟာ အကုန် ပျောက်သွား တယ် (မှန်ပါ့)ပျောက်ထွက်သွားပြီး ဘယ်ဘက် ဒီဉာဏ်ကူးသွားပါ လိမ့်....(မသေရာဘက်ကို ကူးသွားပါတယ်)ဒါဖြင့် မသေရာက ဘာပါလိမ့်....(နိဗ္ဗာန်ပါဘုရား) မြင်တာက....(မဂ္ဂင်ပါဘုရား)။

အဲဒီလိုကူးတယ်-တကာကြီးတဲ့၊ပဌမတော့အသေမြင် အသေ မှန်းတာဘဲတဲ့၊ ရှုနေတဲ့ဉာဏ်ဟာ၊ နောက်တော့မှ မသေတဲ့ ဘက် ကူးသွားတယ်(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)နောက်

ကျတော့ ဘယ်ဘက်ကူးသွားသတုံး....(မသေတဲ့ဘက် ကူးသွား ပါတယ်)။

အဲဒါ မသေတဲ့ဘက်ကို ခင်ဗျားတို့ကူးအောင် ရှုနိုင်လို့ရှိ ယင်ဖြင့် ပဋ္ဌမသောတာပန်တည်တယ်လို့ မှတ်ပါ (မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

နာရီစေ့သွားပြီ၊ ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

☆

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့ - ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော
ကံအမျိုးမျိုးကိုအဟောသိကံဖြစ်အောင် လုပ်နည်း

# တရားတော်

(၄-၂-၆၁)

ပဋိစ္စသမုပ္ပါဒ်လို့ ဆိုတာ တကာတကာမတွေ့ မိမိခန္ဓာ နေ့တိုင်းဖြစ်နေတာလို့ မှတ်ကြစမ်းပါ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ မိမိခန္ဓာ နေ့တိုင်းဖြစ်နေတာလို့ မှတ်ထားကြပါ။ (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်....(မိမိခန္ဓာ နေ့တိုင်း ဖြစ်နေ တာပါဘုရား)။

မိမိခန္ဓာ အစဉ်အတိုင်း ပျက်ပြီး၊ နေ့တိုင်း အစဉ် အတိုင်း ဖြစ်နေတာ ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်တယ် (မှန်ပါ)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်တခြား ခန္ဓာတခြားလို့ အားလုံး တကာတကာမတွေက မယူလိုက်ကြပါနဲ့နော်.... (မှန်ပါ) ဒီ-အချိန် ပဋိစ္စသမုပ္ပါဒ်ဖြစ်တယ်ဆို၊ ဒီ အချိန် ဖြတ်ရလိမ့်မယ်လို့ မှတ်လိုက်စမ်းကြပါ၊ (မှန်ပါ) ဒီအချိန် ပဋိစ္စသမုပ္ပါဒ်ဖြစ်ယင်-(ဒီအချိန်ဖြတ်ရလိမ့်မယ်) ဒီအချိန်ဖြတ်မှသာလျှင် တကာတကာမတို့ ရှေ့မဆက်တော့မပေါ့ (မှန်ပါ)။

ဒီအချိန် မဖြတ်ဘဲ နေခဲ့သည်ရှိသော် တကာတကာမတို့သည် အကုသိုလ်ကံတွေ စုနေတဲ့ တကာတကာမတွေလို့ မဆိုထိုက်ပေဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါ ကြပ်ကြပ်စဉ်းစားကြပါ၊ ဒီနေ့ပဋိစ္စသမုပ္ပါဒ် ရှင်းပြီး သကာလ တကာတကာမတို့ သိကြားမင်းကြီး တရားနာရင်း သောတာပန်တည်ပြီး စုတေတယ်။(မှန်ပါ) စုတေပြီး ဘွားကနဲ ဒီနေရာမှာ သိကြားမင်းဘဲ ပြန်ပြီးဖြစ်တယ်၊ လူ့ပြည်မှာ စုတေ၊ လူ့ပြည်မှာဘဲ ပြန်ဖြစ်ပါတယ်၊ ဥပပတ် ပဋိသန္ဓေ ဖြစ်ပါတယ်၊ (မှန်ပါ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ခန္ဓာနဲ့ဟာ တခြားစီလား.... အတူတူလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမယ်....(အတူတူပါဘဲဘုရား) အတူတူဘဲဆိုတာ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ)။

အဲဒီတော့ တကာတကာမတွေ စဉ်းစား ကြည့်ပါလား....၊ ဥပမာမယ် ဒီက ချမ်းသာတဲ့ ဝေဒနာကလေး ပေါ်တယ်၊ ကိုယ်ပေါ်မှာ ချမ်းသာတဲ့ သုခဝေဒနာကလေး ပေါ်တယ်ဆိုပါတော့

ခုလို လေကလေး ဘာကလေးတိုက်တော့ သုခဝေဒနာ မပေါ်ကြဘူးလား....(ပေါ်ပါတယ်ဘုရား)အဲဒီ သုခဝေဒနာ ဒါ ပဋိစ္စသမုပ္ပါဒ် စ-လာတာဘဲ မှတ်လိုက်စမ်းပါ၊(မှန်ပါ့)။

ဒါ ဘာစ-တာပါလိမ့်....(ပဋိစ္စသမုပ္ပါဒ်စ-တာပါ)ဝေဒနာကနေ စ-လိုက်တယ် ဦးခင်မောင်ရဲ့ (မှန်ပါ့ဘုရား) ဘယ်ကနေ စ-သလဲ.... (ဝေဒနာကနေ စ-ပါတယ်ဘုရား) ဝေဒနာကနေ စ-တော့ ခြေဘ်.... ဒါ ဘာပါလိမ့်မတုံးဆိုတော့ ဝေဒနာကန္ဓာ ပေါ်တာလို့ မှတ်လိုက်တာပေါ့ (မှန်ပါ့) ဘယ်လို မှတ်ကြမယ်-(ဝေဒနာကန္ဓာ ပေါ်တာပါဘုရား)။

ဝေဒနာကန္ဓာ ပေါ်တာလို့ ဘုန်းကြီးတို့ တကာ တကာမတွေက မှတ်ထားတော့ ခြေဘ်.... ဒါ ပဋိစ္စသမုပ္ပါဒ် ဆိုတာ တခြားလားမှတ်တယ်၊ ဒီခန္ဓာထဲ ဝေဒနာကန္ဓာ ပေါ်လာတာ ဆိုဟာကိုးလို့ဆိုတော့ မောင်ကိုတို့ မရှင်းသေးဘူးလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီဝေဒနာကန္ဓာသည် တကာတကာမတွေက ဒီ-သုခဝေဒနာကလေးကို သာယာတယ်ဆိုတော့ ဒီဝေဒနာကလေး ချုပ်ပြီးသကာလ သဘောကျတဲ့ တရားကလေးကော မလာဘူးလား....(လာပါတယ်) ဒါလဲ ဘာခန္ဓာတုံးလို့ မေးလို့ရှိယင် တကာတကာမတွေ၏ သန္တာန်မှာဖြစ်တဲ့ တဏှာခန္ဓာပေါ်တာဘဲ (ဝါ) သင်္ခါရကန္ဓာ ပေါ်တာဘဲဆိုယင် လွဲသလား.... (မလွဲပါဘူး ဘုရား)။

ဒါတွေ ရှုလိုက်တဲ့ အခါကျတော့မှ ဘုန်းကြီးတို့ တကာတကာမတွေမှာ ခြေဘ်....ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားလား—အောက်မေ့တယ် ဝေဒနာပေါ်ယင် ဝေဒနာကန္ဓာပေါ်တာ

ပဋိစ္စသမုပ္ပါဒ်ဘဲ (မှန်ပါ့) တဏှာပေါ်ယင်လဲ ဘာဆိုကြမယ်.... (သင်္ခါရက္ခန္ဓာပါဘုရား) သင်္ခါရက္ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပေါ်သည် လို့ဆိုယင် လွဲပါမလား....(မလွဲပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် တဏှာပေါ်တာလဲ ပဋိစ္စသမုပ္ပါဒ်ဘဲ၊ သဘောကျပလား.... (ကျပါပြီ) သို့သော် ဦးခင်မောင်.... အကြောင်းအကျိုး ဆက်-မဆက်ကြည့်တော့ ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) တဏှာဆိုတော့ ဝေဒနာမပေါ်ဘဲနဲ့ ဒီတဏှာ ပေါ်ပါမလား....(မပေါ်ပါဘူး ဘုရား)။

ဒါဖြင့် ဝေဒနာတုန်းကလဲ ဝေဒနာက္ခန္ဓာ တဏှာပေါ်တော့ လဲ သင်္ခါရက္ခန္ဓာဆိုတော့ ခန္ဓာဆက်ပေါ်တယ် (ဆက်ပေါ်ပါ တယ် ဘုရား) ဘာတွေ ဆက်ပေါ်သလဲ....(ခန္ဓာတွေ ဆက်ပေါ် ပါတယ်ဘုရား) ဒါ-ကြပ်ကြပ်သတိထားကြ တကာတကာမတို့ ခြေဘ်.... ဒီခန္ဓာ ဆက်ပေါ်လာတာပါကလား ဆိုတာ ပဋိစ္စ သမုပ္ပါဒ်လို့ ဘုန်းကြီးတို့ တကာတကာမတွေက သေသေချာ ချာ မှတ်ပါ (မှန်ပါ့)။

ကောင်းပြီ ဒီတဏှာချုပ်သွားတော့ ဥပါဒါန်ဆိုတာကလေး ကလဲ ပေါ်လာတယ်၊ စွဲလမ်းတဲ့ တဏှာ အကြီးစားကလေး ပေါ်လာတယ်၊ ဒါလဲဘာပေါ်တာလဲဆိုလို့ရှိယင် သင်္ခါရက္ခန္ဓာ အကြီးစားပေါ်တာဘဲလို့ဆိုယင် လွဲပါမလား.... (မလွဲပါဘူး ဘုရား) ဒါလဲ ခန္ဓာပေါ်တာဘဲဆိုတာ သေချာကြပလား.... (သေချာပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီထိအောင် ပေါ်လာလို့ရှိယင်ဖြင့် မမှ နိယာမအတိုင်း ဖြစ်တဲ့အတွက် ကာယကံ ဝစီကံနဲ့ ကံတွေကော မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ဒီ ကံ သင်္ခါရက္ခန္ဓာလဲ

တကာတကာမတွေ စဉ်းစားကြည့်၊ ဒီသုံးခု ချုပ်ပြီး ဒါ ပေါ်လာတာဘဲ၊ ခန္ဓာပေါ်တာဘဲ မဟုတ်လား.... (မှန်ပါ)ဒါ ဘာခန္ဓာပါလိမ့်....(သင်္ခါရက္ခန္ဓာပါ ဘုရား) သင်္ခါရက္ခန္ဓာ ပေါ်တာဘဲဆိုတာ သေချာကြပလား....(သေချာပါပြီ)။

သင်္ခါရက္ခန္ဓာပေါ်တော့ ဩော်....ပဌမ ဒီခန္ဓာ ချုပ်ပြီး ဒီ–ခန္ဓာ ပေါ်တယ်၊ ဒီခန္ဓာချုပ်ပြီး ဒီခန္ဓာ ပေါ်တယ် (မှန်ပါ) ဒီခန္ဓာချုပ်ပြီး ဒီခန္ဓာပေါ်တယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီ ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်လား - ခန္ဓာတခုချုပ်ပြီး- ခန္ဓာတခု ဆက်ပေါ်တာလား-မေးကြည့်စမ်း.... (တခုဆက်ပေါ်တာပါ) ခန္ဓာတခု ချုပ်ပြီးခန္ဓာတခု ဆက်ပေါ်နေတာ (မှန်ပါ)သဘော ပါကြလား-(ပါ-ပါတယ်ဘုရား)ခန္ဓာတခု ချုပ်ပြီးသကာလ.... (တခုဆက်ပေါ်ပါတယ်) တခုဆက်ပေါ်တာဘဲ ပဋိစ္စသမုပ္ပါဒ် လို့ ဆိုကြစမ်းပါဆိုတာတော့ ကျေနပ်ပလား....(ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် တကာ တကာမတွေ (၁)ရယ် (၂)ရယ် (၃)ရယ် (၄)ရယ်၊ဒါတွေက ယခုဘဝလို့ မှတ်ထားလိုက်စမ်းပါ(မှန်ပါ) ဘာခေါ်ကြမတုံး....(ယခုဘဝပါဘုရား)ယခုဘဝလို့ မှတ်ထား လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဩော်....ယခုဘဝမယ် (၁) ခန္ဓာ၊ (၂)ခန္ဓာ၊ (၃) ခန္ဓာ၊ (၄)ခန္ဓာ ပေါ်သောကြောင့် တကာ တကာမတွေဘဲ စဉ်းစားပါတော့ ကမ္ဘာဝ ပစ္စယာ ဘယ်လိုဆိုထားသတုံး....(ဇာတိပါဘုရား)။

ဇာတိခန္ဓာဆိုတော့ တကာ တကာမတွေ အခုပဋိသန္ဓေ နေတာလား....နေခင်–နေမှာကို ပြောတာလား (နေခင်-နေမှာကို

ပြောတာပါဘုရား) နောင်-နေမှာ ပြောတာသည် တကာ တကာမတို့ နောင်-နေမှာလို့ ဇာတိခန္ဓာ ငါးပါး ပေါ်မှာ လို့ မောင်ကို သေသေချာချာ မှတ်စမ်းပါ(မှန်ပါဘုရား) ဇာတိဆိုတာ ခန္ဓာဘယ်နှစ်ပါး ပေါ်မှာတုံး.... (ငါးပါးပါ ဘုရား)ခန္ဓာငါးပါးတပြိုင်နက် ပေါ်မှာကိုဆိုသည်၊ခန္ဓာငါးပါး တခုခုပေါ်တာကို ဘာဆိုကြမယ်....(ဇာတိပါဘုရား)ဇာတိလို့ ခေါ်ကြမယ်နော်....(မှန်ပါ)။

ဒါဖြင့် တကာ တကာမတို့....ခန္ဓာသည် ပစ္စုပ္ပန်တွင်ဘဲ၊ ဒီဘက်ကလဲ ခန္ဓာဘဲမဟုတ်လား.... (မှန်ပါဘုရား) ပြီးတော့ နောက်ပေါ်မှာကော.... (ခန္ဓာပါ) ခန္ဓာ ဆက်သွားတယ် (မှန်ပါ)မောင်ကို ဘာတွေဆက်ပါလိမ့်....(ခန္ဓာဆက်ပါတယ် ဘုရား) ခန္ဓာ ဆက်သွားတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဩြော် .... ဒါဖြင့် ဒီဇာတိ လာလို့ရှိယင်လဲ ဇရာမရဏ ဆို တာ တကာ တကာမတို့ သူ့ အစဉ်အတိုင်း မသွားရဘူးလား- သွားရသလား....(သွားရပါတယ်) သွားရမှာ သေသေချာချာ သိပြီးနေတော့ ဘုန်းကြီးတို့ တကာ တကာမတွေ၌ ဒီအတိုင်း နေလိုက်လို့ရှိယင်ဖြင့် ဒီ အကြောင်းလေးခု ပြည့်စုံတော့ ဒီ အကျိုးသုံးခုကို ငါတို့ဖြင့် မရချင်ပါဘူးလို့ ညည်းညူနေငြား သော်လဲ တကာ တကာမတွေ ရ-ရမှာဘဲ(မှန်ပါ)သဘောပါ လား....(မှန်ပါဘုရား)။

ဒီ အကြောင်းလေးခုသာ စုထားလို့ရှိယင် ဒီ အကျိုးသုံးခု ဦးခင်မောင် ရ-ရမှာလား....-မရဘူးလား.... (ရ-ရမှာပါဘုရား) သဘောပါကြလား....(ပါ-ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် နေ့တိုင်း ဘာလုပ်နေကြသတုံး၊ ရောင်းဝယ်နေကြသလား- နှစ်ဘဝဆက်မှုအလုပ်ကို လုပ်နေကြသလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (နှစ်ဘဝဆက်မှု အလုပ်ကို လုပ်နေကြပါတယ်)။

နှစ်ဘဝဆက်မှု အလုပ်ကို·လုပ်နေတယ်ဆိုတော့ ဩော်.... ဒါဖြင့် တကာ တကာမတွေ ဒီအတိုင်း ဆရာဘုန်းကြီးက အခု ဖြစ်စဉ်နဲ့အကိုက် ရှင်းပြီး၊ ပြတဲ့အခါကျတော့ နှစ်ဘဝဆက် မိအောင်လို့ လုပ်နေရတယ်ဘုရား၊ အရမ်း လုပ်နေသလား.... အလွယ် လုပ်နေသလား....၊နှစ်ဘဝ ဆက်မိအောင် လုပ်နေသလားမေးယင် ဘယ့်နှယ်ပြောကြမယ်....(ဆက်မိအောင် လုပ်နေပါတယ်ဘုရား)။

ဩော်—နှစ်ဘဝဆက်မိအောင် လုပ်နေတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) အမြင် ပြောနေတာလား.... ရမ်းပြီး ပြောနေတာလား.... အထင်နဲ့ ပြောနေတာလား.... ကြည့်ကြစမ်း....(အမြင်နဲ့ ပြောနေတာပါဘုရား)မှန်ကော မှန်ပြီလား....(မှန်ပါပြီ)။

အဲ....ဒါကြောင့် တကာ တကာမတွေကို ဘုန်းကြီးတို့က ရောင်းနေတာ ဝယ်နေတာကို သဘောမတူလို့ မဟုတ်ပါဘူး. (မှန်ပါ့)ခင်ဗျားတို့ လုပ်နေတဲ့အလုပ်က·ကျုပ်တို့ ဘာအကုသိုလ် ရှိသတုံးဗျ၊ မေးတော့·မေးလိမ့်မယ်နော်(မှန်ပါ့) ဟာ....မင်းတို့ ဘာမှလဲ အကုသိုလ်မရှိဘူးကွ၊ ဒုက္ခရှာနေသဟေ့လို့ ပြောယင်ကော ငြင်းနိုင်သေးရဲ့လား....(မငြင်းနိုင်ပါဘူးဘုရား)ဘာ လုပ်နေကြတုံး....(ဒုက္ခ ရှာနေကြပါတယ်) ဒုက္ခ ရှာနေကြတယ်

ဆိုယင် တကာ တကာမတွေ ငြင်းဘို့လိုသေးသလား.... (မလို ပါဘူး)။

ဒါဖြင့် ဒုက္ခသိမ်းတဲ့အလုပ်မှ မလုပ်ဖြစ်တော့ဘူးဆိုယင်ဖြင့် တကာ တကာမတို့ ယခုဘဝ ဒုက္ခရှာတာက ဒီလေးခု သဘောကျပလား.... (မှန်ပါ့) နောင် ဒုက္ခ-ရမှာက ဒီဘက်က သုံးခုဆိုယင် လွဲပါ့မလား....(မလွဲပါဘူး)။

ဒီဘက်က ဒုက္ခဖြစ်ကြောင်းလေးခုက ဒုက္ခရှာတာ ဦးခင် မောင်ရေ(မှန်လှပါဘုရား) ဒီကရှာထားတဲ့ နောက်ပေါ်မည့် ဒုက္ခအကျိုးသုံးခုဆိုယင်လဲ လွဲပါ့မလား....(မလွဲပါဘူး) ရှင်းကြ ပလား....(မှန်ပါ့)ဒါ-ဘာခေါ်ကြမတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် လို့ ခေါ်ပါတယ်(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) ဒါ— ဘာခေါ်ကြမတုံး....(ပဋိစ္စသမုပ္ပါဒ် ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတွေ ဒီဘက်စဉ်းစားကြည့်ဘာပေါ့ ဝေဒနာ တဏှာ ဥပါဒါန် ကံ၊ ဒီဘက်လေးခုက ဘာတဲ့....တကာ တကာမတို့....(ဝေဒနာ တဏှာ ဥပါဒါန် ကံ ပါဘုရား)။

ဒါဖြင့် ဒီကံတွေ ဒီလိုတနေ့မှာ-ဝေဒနာ တဏှာ ဥပါဒါန် ကံ၊ ဝေဒနာ တဏှာ ဥပါဒါန် ကံ၊ ဘယ်နှစ်ကြိမ်ဖြစ်မလဲလို့ ဆရာဘုန်းကြီးက မေးတယ် ဒီတကာ တကာမတွေကို....(မရေ မတွက်နိုင်ပါဘူးဘုရား) ဘယ်ရေတွက်နိုင်မတုံး (မှန်ပါ့)ရှင်းကြ ပလား....(ရှင်းပါပြီ) ရေတွက်နိုင်ပါ့မလား....(မရေတွက်နိုင်ပါ ဘူးဘုရား)။

မရေတွက်နိုင်တော့ ဒီနေရာမှာ ကံပေါင်းဘယ်လောက် စုမိ မလဲလို့ မေးလို့ရှိယင် တကာ တကာမတွေ မရေတွက်နိုင်ဘူး ဘုရားလို့ ပြောကြရမှာဘဲ (မှန်ပါ့) သဘောကျရဲ့လား....

(ကျပါတယ်ဘုရား) ဒီကံကို တကာ တကာမတို့ ကံက အကျိုး မပေးသေးဘူး၊ ဒါက အနာဂတ်ဘဝ ဇာတိ ဇရာမရဏဆိုတာ တကာ တကာမတွေ သိပြီးသားဖြစ်နေတော့ ဒီအကျိုး ပေးပလားတဲ့၊ အခုဈေးထဲမှာ ထိုင်နေတုန်း.... (မပေးသေးပါဘူးဘုရား) မပေးသေးဘူး၊ တကာ တကာမတွေ အရောင်းအဝယ်လုပ်နေတုန်း ဒီအကျိုးသုံးခု ရပါသလား.... (မရသေးပါဘူးဘုရား)။

ဒီအကျိုးသုံးခု မရသေးတော့ ဘယ်တော့မှ ရမှာတုံးဘုရားလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား) ဘယ်တော့မှ ရမှာတုံးဘုရားလို့ မေးတော့ တိုတိုပြောတော့ သေယင်ရမှာဘဲ (မှန်ပါ) သဘောကျကြပလား.... (မှန်ပါ) တိုတိုပြောတော့.... (သေယင်ရမှာဘဲ)။

**ဒါဖြင့် ဒီကံတွေဟာ တကာ တကာမတို့ သူလဲအနိစ္စတွေဘဲ(မှန်ပါ)ပျောက်ပျက်သွားပါတော့လားလို့ မေးဘို့ မကြံဘူးလား**.... (ကြံပါတယ်ဘုရား) ဒီကံတွေဟာ တကာ တကာမတွေ သူလဲအနိစ္စဘဲ တကာသစ်ရေ· (မှန်ပါဘုရား) ပျောက်ပျက်သွားပါတော့လားလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)ရှင်းကြပလား(ရှင်းပါပြီ)ပျောက်ပျက်သွားပါတော့လားလို့ မေးဘို့လိုလာတယ်နော်(မှန်ပါဘုရား)လိုတဲ့အခါကျတော့ ဘုန်းကြီးကရှင်းပေးမယ်၊တကာ တကာမတို့ ဒါဟာ အင်မတန် ကြားရခဲတယ်ဆိုတဲ့အဓိပ္ပါယ် မှတ်ပါ(မှန်ပါ)။

ဟောဒီ တဏှာ ဥပါဒါန်က-တကာ တကာမတွေသန္တာန် တဏှာ ဥပါဒါန်က ခန္ဓာကိုယ်ထဲမှာ အနုသယ သဘောနဲ့

မဂ်ဉာဏ်မပေါ်သေးတော့ အမြဲတမ်း ရှိမနေဘူးလား–(ရှိနေပါတယ်ဘုရား)။

အဲဒီ တဏှာ ဥပါဒါန်က ဒီကံတွေကို လေလွင့်မသွားရအောင် အမြဲတမ်း သိမ်းထားတယ်၊ မသေမခြင်း သိမ်းထားတယ်(မှန်ပါ့ဘုရား)တကံ ပေါ်လာလဲ သူတို့က သိမ်းထားတယ် (မှန်ပါ့)သူတို့က သိမ်းထားတယ်၊ နောက်တကံ ပေါ်လာယင်ကော.... (သူတို့ကဘဲ သိမ်းထားတယ်) နောက်တကံ ပေါ်လာယင်ကော·(သူတို့ကဘဲ သိမ်းထားတယ်)။

ဒါဖြင့် တနေ့ကို သူတို့က ကံပေါင်း ဘယ်လောက် သိမ်းဆည်းထားသတုံးလို့ မေးယင် ဘယ်နှယ်ပြောကြမလဲ- (မရေမတွက်နိုင်ပါဘူး)မရေမတွက်နိုင်၊ ဒါကြောင့် တဏှာက ကံတွေ သိမ်းဆည်းပြီး သကာလထားတော့ ဟောဒီမှာ ပေါ်ပြီးတဲ့ ဇာတိ ပေါ်ပြီးတဲ့ဇရာ ပေါ်ပြီးတဲ့ မရဏ ကုန်တဲ့အခါ ကျမှ ဒီတဏှာက တကံကို ပဋ္ဌမ လွှတ်ပေးလိုက်တဲ့ဇာတိ ဇရာ မရဏကို ကုန်တဲ့အခါကျတော့မှ ဒုတိယ တဏှာ ဥပါဒါန်က တကံ လွှတ်ပြန်တာကိုး(မှန်ပါ့)သဘောကျပလား(မှန်ပါ့)။

တဏှာ အရင်ကံတွေ ကုန်သွားတော့ အရင်တကံ အကျိုးပေး ကုန်သွားတဲ့ အခါကျလို့ ရှိယင်ဖြင့် တဏှာ ဥပါဒါန်က ဘာလုပ်ပြန်သတုံး....(နောက်တကံ လွှတ်ပြန်တယ်) နောက်တကံ လွှတ်ပြန်တယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူသိမ်းဆည်းထားလို့ လွှတ်တယ်ဆိုတာ သဘောကျပလား.... (သဘောပါတယ်ဘုရား) ဒါဖြင့် တကာ တကာမတို့ တနေ့ သိမ်းဆည်းထားတာက ဘယ်လောက်တုံး....(မရေ

တွက်နိုင်ပါဘုရား) တဘဝ သိမ်းဆည်းထားတော့ (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူးဆိုတော့ ခင်ဗျားတို့ အပါယ်ရောက်သွားယင် ပြန်တက်ဘို့ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

ဒီတော့ တကံကုန်ရင်း အပါယ်ကံကလဲ လုပ်လိုက်ရင်း နောက်တခါ ဒီက အပါယ်ကံ နှစ်စေ့သွားပြန်တော့ တကံအတွက် စေ့သွားပြန်တော့ ဒီကနေ လွှတ်ပေးပြန်တာဘဲ မောင်ကိုရေ့ (မှန်ပါ့ဘုရား) လွှတ်ပေးတော့ ဒီအထဲဘဲ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) အပါယ်ထဲက ထွက်ရတယ်ဘဲ ရှိသေးရဲ့လား-(မရှိနိုင်ပါဘူးဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေကို သေသေချာချာ ပြောနေတာဘဲ၊ (မှန်ပါ့) တကာ တကာမတို့ ခင်ဗျားတို့က ဪ....ကျုပ်တို့သည်ကားလို့ ဆိုယင် စားဘို့ သောက်ဘို့ ရောင်းဘို့ ဝယ်ဘို့ ပယ်လို့ မဖြစ်တော့ လုပ်နေရတာဘဲ၊ မကောင်းလဲ မတတ်နိုင်ဘူး၊ ကမ္မဿကာဘဲ ကံစီမံသလို ခံဘို့ဘဲဆိုတော့ ကံက စီမံမည့်ကံက ဘယ်လောက်တုံးမေးယင် ဘယ့်နှယ်ပြောကြမယ် (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်တော့ ထွက်ပေါက်မြင်နိုင်ကြသေးရဲ့လား....(မမြင်ပါဘူးဘုရား) သဘောကျပလား (ကျပါပြီ)။

ဒါက ဒီဘဝတွင် စုတဲ့-ကံ၊ ရှေးဘဝက သူတို့စုထားတဲ့ တဏှာ ဥပါဒါန်တို့ စုထားတဲ့ ကံပေါင်းက ဘယ်လောက်တုံး....(မရေတွက်နိုင်ပါဘူးဘုရား)ဦးခင်မောင်....(မရေတွက်နိုင်ပါဘူးဘုရား) ဟိုဘက်ဘဝတွေက စုထားတဲ့ ကံတွေကော (မရေတွက်နိုင်ပါဘူးဘုရား)။

မရေတွက်နိုင်အောင် သူတို့က စုထားတယ်၊ (မှန်ပါ့) မရေတွက်နိုင်အောင် စုပြီးသကာလ အပယ်လေးပါး အကျိုးပေးလိုက်တယ်၊ တဘဝကျွတ်သွားပြန်၊ တခါ တကံကနေပြီး အကျိုးပေးပြန်တယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

ဒါဖြင့် အကျိုးပေး ကုန်နိုင်စရာ ရှိသေးရဲ့လား(မရှိပါဘူးဘုရား)ဒါ့ကြောင့် ငရဲမှာ အသက်တမ်း မရှိဘူးဆိုတာ ယုံကြည်ကြရဲ့လား....(ယုံကြည်ပါတယ်ဘုရား) ဒီကံတွေက အမြဲလွှတ်ပေးနေတာဘဲ (မှန်ပါ့) တက်လမ်း မြင်ကြသေးရဲ့လား (မမြင်ပါဘူးဘုရား)။

အဲဒါ စိုးရိမ်လို့ တကာ တကာမတွေ ဒီအကြောင်းကို ပြောနေရပါတယ်၊ ခင်ဗျားတို့ကတော့ ကံကလေးဟာ တခုတည်းလို့ အောက်မေ့နေမှာလဲ အလွန်စိုးရိမ်တယ်၊ (မှန်လှပါဘုရား)။

ဒီဟာကို မစိုးရိမ်သင့်ဘူးလား....(စိုးရိမ်သင့်ပါတယ်ဘုရား) နောက်က တကာ တကာမတွေ ယနေ့ သဘောပါရဲ့လား....(ပါပါတယ်ဘုရား) ကံတွေကို ဘယ်သူက စုထားသလဲ၊ ခင်ဗျားတို့ကံတွေကို....(တဏှာ ဥပါဒါန်က စုထားပါတယ်ဘုရား)။

တဏှာ ဥပါဒါန်က စုထားတာ ဘယ်လောက်များများ စုထားသတုံး ခင်ဗျားတို့ သိရဲ့လား(မရေတွက်နိုင်ပါဘူးဘုရား) မရေတွက်နိုင်အောင် စုထားတော့ နှစ်ကံပြောင်းပြီး အကျိုးပေးတာလား၊ တကံစီလွှတ်ပြီး အကျိုးပေးခိုင်းနေတာလား(တကံစီလွှတ်ပြီး အကျိုးပေးခိုင်းနေတာပါဘုရား)။

ဒါဖြင့် မောင်ကို ထွက်ပေါက် မြင်သေးရဲ့လား.... (မမြင်ပါဘူး ဘုရား) နောက်က တကာ တကာမတွေ ထွက်ပေါက်

မြင်သေးရဲ့လား....(မမြင်ပါဘူး) အပါယ်ကကော ထွက်ပေါက် မြင်သေးရဲ့လား(မမြင်ပါဘူး) သဘောကျပလား....(ကျပ်ါပြီ)။

ဒါဖြင့် သူ့အကျိုးပေးတာကို တကာ တကာမတွေ အကဲခတ်စမ်း၊ သူ့အကျိုးပေးတာ ဇာတိ ဇရာမရဏဘဲ အကျိုးပေးတယ်၊ (မှန်လှပါ)သူ့အကျိုးပေးတာ ဘာပါလိမ့်....(ဇာတိ ဇရာမရဏ ပါဘုရား) တခါ ဇာတိ ဇရာမရဏ ပြီးပြန်တော့ နောက်တခါ လုပ်မည့်ကံကကော ဘာတွေ အကျိုးပေးမလဲ.... (ဇာတိ ဇရာ မရဏပါဘဲ ဘုရား)။

ကဲ- ဒါဖြင့် ဒုတိယ ဇာတိ ဇရာမရဏ ကုန်သွားပြီ တကာ တကာမတို့ နောက်တခါ လုပ်မည့်ကံက ဘာလုပ်မှာတုံး(ဇာတိ ဇရာမရဏဘဲ အကျိုးပေးပါတယ်) ဇာတိ ဇရာမရဏဆိုတော့ သစ္စာချည်း လှတ်နေတယ်၊ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာက လွတ်ရက် ကျွတ်ရက်ကော ပါသေးရဲ့လား (မပါ ပါဘူး)။

အဲဒါကြောင့် တကာ တကာမတို့ ဒီကံတွေကို ကျုပ်တို့မှာ ရှေးကလဲ စုထားတာမနည်းဘူး၊ ဘဝများစွာက စုလာတာ ဒီဘဝကျမှလဲ ဒီကံတွေဘဲ စုနေကြပြန်တယ်ဆိုတော့ တချက် တိမ်းသွားလို့ရှိယင်ဖြင့် တကာသစ်တို့ ပြန်တက်ဘို့ မြင်ကြသေး ရဲ့လား....(မမြင်ပါဘူးဘုရား)။

ဒါဖြင့် အားကိုးရာ ရှာကြတော့၊ (မှန်ပါဘုရား) တကာ တကာမတွေ ဘာသတိပေးပါလိမ့်....(အားကိုးရာရှာကြ) အား ကိုးရာ ရှာကြတော့ ဝဠ္ဋတဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီကံတွေသည်ကားလို့ ဆိုလို့ရှိယင် မင်းတို့ကို အမျိုးမျိုး ဒုက္ခ

သံစွာတွေ လဲပြီး အကျိုးပေးတော့မှာဘဲ၊ လူဖြစ်လဲ ဇာတိ ဇရာ မရကြဘဲ လာမှာဘဲ (မှန်ပါ)။

အပါယ်ထဲ ဖြစ်တော့ကော-(ဇာတိ ဇရာမရကြဘဲလာမှာဘဲ) တိရစ္ဆာန် ဖြစ်တော့ကော .... (ဇာတိ ဇရာမရကြဘဲ လာမှာဘဲ) ဘာသစ္စာတွေချည်း သူ-အကျိုးပေးနေသလဲ .... (ဒုက္ခသစ္စာတွေ ချည်း အကျိုးပေးနေပါတယ်)။

ဒုက္ခသစ္စာတွေချည်း အကျိုးပေးနေတော့ ဘယ်သူ့ သတ္တိ ပါလိမ့်မတုံးမေးတော့ ဘယ့်နှယ်ပြောကြမလဲ ကံ၏သတ္တိ ဆိုကြ ပါစို့၊ (မှန်ပါ့ ကံ၏ သတ္တိ ပါဘုရား) သဘောကျပလား.... (မှန်ပါ) ကံ၏သတ္တိဆိုယင် လွဲပါ့မလား....(မလွဲပါဘူး) ကံကို ဘယ်သူစုထားသတုံးမေးတော့မှ....(တဏှာ ဥပါဒါန်က စုထား ပါတယ်)။

ဒီ ကံ တွေ ကို တ ခါ ဘယ် သူ က ဖြစ်စေတာတုံးလို့ မေးတဲ့ အခါကျတော့ ဒီတဏှာ ဥပါဒါန်တွေက စုလိုက်တဲ့ဘရားတွေ ဘယ်သူက ဖြစ်စေသတုံးမေးတော့ ဘယ့်နှယ်ပြောကြမယ်....(ဝေ ဒနာပါဘုရား) ဝေဒနာက ဖြစ်စေတယ်၊ သဘောပါကြလား (ပါ-ပါပြီ) ဘယ်သူက ဖြစ်စေတာတုံး .... (ဝေဒနာက ဖြစ်စေ တာပါဘုရား)။

ဝေဒနာက ဖြစ်စေတယ်ဆိုတော့ ဝေဒနာဆိုတာ ခင်ဗျားတို့ သန္တာန်မှာ ဝေဒနာက္ခန္ဓာက ဖြစ်စေတယ်လို့ ပြောလိုက်ပါတော့ (မှန်ပါ့ဘုရား) သဘောကျပလား .... (ကျပါပြီ) ဘယ်သူက ဖြစ်စေတာပါလိမ့်....(ဝေဒနာက္ခန္ဓာက ဖြစ်စေပါတယ်)။

ဝေဒနာက္ခန္ဓာက ဖြစ်စေတယ်ဆိုတာ အခုတရားနာနေတာတွေ ယောက်ျားတွေလား၊ မိန်းမတွေလား၊ ဝေဒနာက္ခန္ဓာတွေလား မေးကြည့်စမ်း....(ဝေဒနာက္ခန္ဓာတွေပါဘုရား)။

ဒါဖြင့် ခန္ဓာက ပေါက်ပွားလာတယ်၊ (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)ဘယ်သူက ပေါက်ပွားလာသတုံး(ခန္ဓာက ပေါက်ပွားလာပါတယ်ဘုရား) ဒါဖြင့် ဒီခန္ဓာရှိသ၍ ဒီတဏှာ ဥပါဒါန် ရှိတယ်၊ (မှန်ပါ့) သူတို့ရှိသ၍ ဒီကံတွေပေါ်ပြီး စုထားမယ်၊ (မှန်ပါ့) သဘောကျပလား....(ကျပါတယ်) စုထားသ၍ ကာလပတ်လုံး ဒီဒုက္ခသစ္စာက ထွက်ရက် လွတ်ရက် ကျုပ်တို့မြင်ကြသေးရဲ့လား....(မမြင်ပါဘုရား)။

အဲဒါကြောင့် အခုဆရာသမားနဲ့ ကြုံတဲ့အချိန် သာသနာတွင်းကြုံတဲ့အချိန် တကာတကာမတို့ ဒီကံတွေကို ကျုပ်တို့သည် ဒါဟာ မင်းတို့ ဘယ်လောက်ဘဲ စုထားထား အဟောသိကံဖြစ်အောင် လုပ်မည့်တရား ရှာဘို့ အရေးကြီးလာပြီ၊ (မှန်ပါ့ဘုရား) တကာ တကာမတို့ ဘာအရေးကြီးလာပြီလဲ (အဟောသိကံဖြစ်အောင် လုပ်မည့်တရား ရှာဘို့ အရေးကြီးလာပါပြီ)။

ဩော်.... ဒီကံတွေကတော့ဖြင့် မောင်ကို ရေတွက်နိုင်ရဲ့လားဟေ့....(မရေတွက်နိုင်ပါဘုရား) နောက်က တကာ တကာမတွေ ရေတွက်နိုင်ရဲ့လား....(မရေတွက်နိုင်ပါဘုရား)မရေတွက်နိုင်ဘူး၊ သားချစ်လို့ ထွေးပိုက်ထားတဲ့ကံတွေကလဲ မနည်းဘဲ (မနည်းပါဘုရား) သမီးချစ်လို့ ထွေးပိုက်ထားတဲ့ ကံတွေကကော.... (မနည်းပါဘုရား) သားဆုံးမနေတဲ့ ကာယကံ ဝစီကံတွေကကော-(မနည်းပါဘုရား) ခင်လွန်းလို့ပြောတဲ့ ကာယကံ ဝစီကံတွေကကော နည်းကြရဲ့လား....(မနည်းပါဘုရား)။

အဲဒီ မနည်းတဲ့ကံတွေဟာ ပါးစပ်က တခါပြောလိုက် တကံ၊ တခါတွေ့လိုက် တကံ၊ (မှန်ပါ့) ကာယကံက ပေါ်လိုက် ချစ်လို့ ခင်လို့ ပါးတွေ ဘာတွေ နမ်းလိုက် စုပ်လိုက်နဲ့ ဒီလိုနေတဲ့အခါ ကျတော့လဲ ကာယကံတွေက မလာဘူးလား .... (လာပါတယ် ဘုရား)။

ဒီကံတွေကလဲ တနေ့ ဘယ်လောက်တုံး မေးယင်(မရေတွက်နိုင်ပါဘူး) နောက်ထပ် ပါလာတဲ့ကံတွေကရော....(မရေတွက်နိုင်ပါဘုရား)ဝစီကံနဲ့ သူတို့ကို ပြောလိုက် ဆိုလိုက်တဲ့ ကံတွေကရော....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် တနေ့ ကံပေါင်း ဘယ်လောက်ပါလိမ့်....(မရေတွက်နိုင်ပါဘုရား) ဒါကို ဆရာ ဘုန်းကြီး အကူအညီ ပေးနေတယ် ဆိုတာ သဘောကျရဲ့လား .... (ကျပါတယ်ဘုရား) အားလုံး တကာ တကာမတွေ ဘာပေးနေသတုံး.... (အကူအညီ ပေးနေပါတယ်ဘုရား) ဒီလိုကူမည့်သူ မရှိယင် ခင်ဗျားတို့စီမံသလို ခံတော့မယ်၊ (မှန်ပါ့) စီမံမည့် တရားပေါင်းကလဲ ရေတွက်နိုင်ရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်လို့ ရှိယင်ဖြင့် ခါးစီး ခံဘို့သာ စိတ်ကူးပေတော့ လွတ်ပေါက်မရှိဘူးဆိုတာ သေသေချာချာမှတ်-မောင်ကို(မှန်ပါ့) လွတ်ပေါက်များ ရှိသေးသလား....(မရှိပါဘုရား) တချက်တိမ်း သွားတာကော....(မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီး တို့ တကာ တကာမတွေ ဒီဟာ ဘယ်သူ နိုင်ပါလိမ့်မလဲလို့ မေးတော့ ခင်ဗျားတို့မှာ အပါယ် သွားကြောင်း ကံတွေကလဲ မနည်းလှဘူး(မှန်ပါ့) နည်းသလား (မနည်းပါဘူး) တိရစ္ဆာန်ဖြစ်ဘို့ ကံတွေကကော(မနည်းပါဘူး)

နတ်ရွာသုဂတိ သွားဘို့ကံတွေကကော….(မနည်းပါဘူး)မနည်းပါဘူး၊ ဒါတွေကလဲ ဘာသစ္စာလို့ ပြောဦးမှာလဲ(ဒုက္ခသစ္စာပါဘုရား)။

ဘယ်သွားသွား ဒုက္ခသစ္စာမှတပါး ခင်ဗျားတို့ ဘာများအမွေရဦးမှာ မြင်ကြသေးသတုံး…. (မမြင်ပါဘူးဘုရား) ဒုက္ခသစ္စာဘဲ ရမယ်ဆိုတာ သေချာကြပလား…. (သေချာပါတယ်ဘုရား)။

အဲဒါတွေ သိပြီးသကာလနေတော့ ကြောင့်…. ဒီကံ အကျိုးပေးတာ ဒုက္ခသစ္စာချည်းပါလား၊ ဒီကံ အကျိုးပေးတာ ဒုက္ခသစ္စာချည်းပါလား၊ သူက အကျိုးပေးမည့် ကံတွေကလဲ မရေတွက်နိုင်ဘူး၊ မရေတွက်နိုင်လို့ရှိယင် အကျိုးပေး ဒုက္ခသစ္စာတွေကကော (မရေတွက်နိုင်ပါဘူး)မရေတွက်နိုင်ဘူးဆိုတာ သဘောကျပလား….(ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့ ဒီလိုလုပ်ကြစို့ရဲ့၊ အရင်တုန်းကတော့ ခင်ဗျားတို့က အင်း….ဟင်….ဒို့လဲ ကျောင်းကလေး ဆောက်ထားတာဘဲ၊ ဘုရားလဲ တည်ထားတာဘဲ၊ ရေကန်တူးထားတာဘဲ၊ ဒို့မှာဖြင့် ဒါသေပျော်ပေါ့- နေပျော်ပေါ့လို့ ဆိုတော့ ခင်ဗျားတို့ တနေ့တခါ တွေ့တဲ့ကံက နည်းသလား…. (မနည်းပါဘူး) အကုသိုလ် ကံကလေ-(မနည်းပါဘူး)။

ခလေးကလေး အော်ရ ငေါက်ရတဲ့ ကံတွေကကော(မနည်းပါဘူး) ခလေးကလေးကို ချစ်ရ– ခင်ရတဲ့ ကံတွေကကော…. (မနည်းပါဘူး) ပေးရ ကမ်းရတဲ့ကံတွေ နည်းသလား (မနည်းပါဘူး) ဒီခလေးနဲ့ ပတ်သက်ပြီး ရောင်းဝယ်ပြီး သူ့စားဘို့ သောက်ဘို့ ရှာရတဲ့ကံတွေကကော….(မနည်းပါဘူး)။

နို့- ခင်ဗျားတို့ ပြုတာနဲ့ စုထားတဲ့ အကုသိုလ်ကံတွေနဲ့ ဘယ်ဟာက များမလဲ....(အကုသိုလ်ကံက များပါတယ်) အကုသိုလ်ကံက များနေတော့ ချိန်ဆလို့ ရပါ့မလား....(မရပါဘူး) အကုသိုလ်ကံက များလွန်းတယ်လို့ ဦးခင်မောင် ဆိုထိုက်- မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) သဘောပါလား.... (ပါ-ပါတယ်)။

ဒါဖြင့် ဒီကံကို ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်လို လုပ်ရမတုံးလို့ဆိုယင် အဟောသိကံဖြစ်အောင် လုပ်ရလိမ့်မယ် (မှန်ပါ့) တကာ တကာမတွေ ဘာလုပ်ရမယ် (အဟောသိကံဖြစ်အောင် လုပ်ရပါမယ်) အဟောသိကံ ဖြစ်အောင် လုပ်ရလိမ့်မယ် (မှန်ပါ့) တကာတကာမတို့ ဒီကံ ဘာ လုပ်ရမယ်....(အဟောသိကံဖြစ်အောင် လုပ်ရမယ်)။

အဟောသိကံ ဖြစ်လို့ရှိယင် သူဘာတွေ အကျိုးပေးမယ် ထင်ကြသလဲ....(ဒုက္ခသစ္စာ အကျိုးပေးပါမယ်) ဒုက္ခသစ္စာတွေ အကျိုးပေးမယ်ဆိုတာ သေချာပလား.... ( သေချာပါပြီ ) အဟောသိကံ မဖြစ်လို့ရှိယင် ဘာတွေချည်း လာနေမယ်.... (ဒုက္ခသစ္စာတွေ လာနေပါမယ်)။

ဒုက္ခသစ္စာတွေ လာမယ်ဆိုသဖြင့် တကာ တကာမတို့ ဒီဥစ္စာ အဟောသိကံ အကုသိုလ်ကံတွေလဲ အဟောသိကံဖြစ်အောင် ဆိုတော့ ကိုင်း....ဒါဖြင့် စဉ်းစားကြတာပေါ့။

သောတာပတ္တိမဂ် ရ-သွားပြီ၊ ဒီပုဂ္ဂိုလ် ကလျာဏမိတ္တနဲ့ ပေါင်းလို့ သူတော်ကောင်းနဲ့ ပေါင်းလို့ သပ္ပုရိသူပသံသေဝ တရားမွေနာ တရားတွေကျင့် ဒီလူတော့ သောတာပန် တည်

သွားပြီဆိုတော့ အပါယ်လေးပါး မရောက်ဘူးလို့ဆိုတာကော ယုံကြည်ရဲ့မဟုတ်လား....(ယုံကြည်ပါတယ်ဘုရား)။

ဒါဖြင့် အပါယ်ရောက်စေတတ်တဲ့ကံတွေကို မဂ်ကဖြတ်မယ် (မှန်လှပါဘုရား)ဘယ်လောက်စုထားထား ဘယ်နှယ်နေသတုံး-(မဂ်ကဖြတ်ပါတယ်ဘုရား)မဂ်က ဖြတ်ပစ်တယ်ဆိုတာ သေချာပြီနော်.. (မှန်ပါ့) ဘယ်ကံတွေ အရင်ဖြတ်လိုက်ပါလိမ့်.... (အကုသိုလ်ကံတွေ ဖြတ်ပါတယ်ဘုရား) အပါယ်ရောက်စေတတ်တဲ့ အကုသိုလ်ကံတွေ(မှန်ပါ့)။

ဒါဖြင့် ဘဝများစွာက စုလာတာကို-တကာ တကာမတို့ ဘဝများစွာက အကုသိုလ်ကံတွေ စုထားတယ်၊ ဒီဘဝလဲစုထားတယ်ဆိုတဲ့ အကုသိုလ်ကံတွေဟာ မနည်းလှပါဘူး(မနည်းလှပါဘူး)။

အဲဒါတွေ သောတာပတ္တိမဂ် တကြိမ်ပေါ်လိုက်လို့ရှိယင် အကုန် အဟောသိကံ ဖြစ်ပါတယ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) သောတာပတ္တိမဂ် တကြိမ်ပေါ်ယင်....(အကုန် အဟောသိကံ ဖြစ်ပါတယ်)။

ဒါဖြင့် သူ အဟောသိကံ မဖြစ်သ၍ ကျုပ်တို့မှာ စိတ်ချလက်ချနေလို့ တော်ပါ့မလား....(မတော်ပါဘူးဘုရား)။

သူ-အဟောသိကံ မဖြစ်သ၍ တကာ တကာမတွေက အိပ်နေလိုက် စားနေလိုက် သားတွေနဲ့ ပျော်နေလိုက် သမီးတွေနဲ့ ပျော်နေလိုက် အင်း....အဝတ်အစားကလေးနဲ့ ပျော်နေလိုက် ဆိုလို့ရှိယင် ပျော်သာပျော်တယ်၊ ခင်ဗျားတို့ မချီသွားဖြုပါ ဟောဒါလာလိမ့်မယ်(မှန်ပါ့) ဇာတိ ဇရာမရဏတွေက လာမလား....မလာဘူးလား....(လာပါမယ်ဘုရား)ဘယ်သူက အကျိုး

ပေးတာတုံး.... (ကံက အကျိုးပေးတာပါ) ကံကို ဘယ်သူ စုထားတာတုံး....(တဏှာ ဥပါဒါန်က စုထားပါတယ်)ဒီတဏှာ ဥပါဒါန်က ဘယ်သူ့ကြောင့် လာပါလိမ့်....(ဝေဒနာကြောင့် လာပါတယ်)။

ဒါဖြင့် ဝေဒနာကို ခင်ဗျားတို့ ဝိပဿနာ မရှုလို့ရှိယင်ဖြင့် ဒါဟာ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်း(မှန်ပါ့) ဒုက္ခသစ္စာဟာ.... (ကိုယ်ပိုင်ပစ္စည်းပါဘုရား)ဒုက္ခသစ္စာဟာ ဒုက္ခများ ရောက်ရမှာ ကျုပ် အကြောက်ဆုံး ဘဲလို့ ညည်းလို့ တော်ပါ့မလား.... (မတော်ပါဘူးဘုရား)။

ဝေဒနာရှုမှ တဏှာသေမယ်၊ တဏှာသေမှ စုတတ်တဲ့တရား သေမယ်၊ စုတတ်တဲ့တရားသေမှ ကံတွေ လွင့်သွားမယ်(မှန်ပါ့ ဘုရား)ကံတွေ လွင့်သွားမှသာလျှင် တကာ တကာမတို့ ဇာတိ ဇရာမရဏသည် ကျုပ်တို့နှင့် အိုးစားကွဲမယ် (မှန်ပါ့ဘုရား) သဘောပါလား....(ပါ-ပါတယ်)။

ဒီလို အကြောင်းအကျိုးဆက်ပြီးသကာလ သိအောင်ဟော ပြီးသကာလနေတော့ ဘုန်းကြီးတို့ တကာ တကာမတွေ အိပ် နေလို့ မတော်သေးတဲ့ အချိန်ပါကလား၊ ပျင်းနေလို့ မတော် သေးတဲ့ အချိန်ပါကလား။

ဒို့သည်ကားလို့ဆိုယင် ဟောဒီ-ငရဲမျိုးစေ့တွေ ရှိနေပါ သေးကလားဆိုတာ ဦးခင်မောင် - ရိပ်မိပလား.... (မှန်ပါ့) ဘာတွေ ရှိနေသလဲ....(ငရဲမျိုးစေ့တွေ ရှိနေပါတယ်) ငရဲမျိုး စေ့ဟာ သေသည့်အခြားမဲ့၌ ငရဲကောင်တော့ ပေါက်တော့ မှာဘဲ(ပေါက်မှာပါဘဲ) မပေါက်ပေဘူးလား-ပေါက်မလား.... (ပေါက်မှာ့ပါ)။

အဲဒါပေါက်မှ ဒီမျိုးစေ့မှ ခင်ဗျားတို့က တုံးအောင် မလုပ်နိုင်တော့ဘူး ဆိုလို့ရှိယင် ခင်ဗျားတို့ လွတ်ရက်မရှိတဲ့ဆီ ရောက်သွားလိမ့်မယ်.... (မှန်လှပါဘုရား) မရောက်ရပေဘူးလား.... (ရောက်ရမှာပါ) လွတ်ရက် မရှိတဲ့ဆီကို.... (ရောက်ရမှာပါ) ရောက်ရလိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါတယ်)။

ဒါဖြင့် တကာ တကာမတို့ သေသေချာချာ ဆရာဘုန်းကြီးက ရှင်းပြတဲ့အခါကျတော့ သောတာပတ္တိမဂ် ရတော့ကို **စတူဟာပါယေဟိစ ဝိပ္ပမုတ္တော** လို့ မဆိုဘူးလား.... (ဆိုပါတယ်ဘုရား) "သဟာဝဿ ဒဿနသမ္ပဒါယ" ဒဿနသမ္ပဒါယ= သောတာပတ္တိမဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မြင်သည်နှင့်တကွ၊ "တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ" ဆိုတော့ တစ်- နှစ်- သုံး၊ ဒါတွေ အကုန်စွန့်သွားတာဘဲ၊ သဘောကျပလား....(မှန်ပါ့)ဒီအပါယ်သွားစေတတ်တဲ့ တဏှာကော.... (စွန့်သွားပါပြီ) ဒိဋ္ဌိကော.... (စွန့်သွားပါပြီ) သဘောကျပလား....(ကျပါပြီ)။

အင်း-ဟင်....ဒီဥစ္စာကော-အပါယ်သွားစေတတ်တဲ့ ဥပါဒါန်ကော....(စွန့်သွားပါပြီ)အပါယ်သွားစေတတ်တဲ့ ကံတွေကော-(စွန့်သွားပါပြီ) အကုန်စွန့်၊အကုန်စွန့်(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ မဂ်ဉာဏ်အမြင်ကို ရအောင် မလုပ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ဒီထက် ကိုယ်ကျိုးနည်းဘို့တော့ မရှိဘူး၊ အခုအလည်လာတာသာ မှတ်ကြပေတော့နော်.... (မှန်ပါ့)လူ့ပြည် အလည်လာတာသာ မှတ်ကြပေတော့၊ငါသေယင် အပါယ်သွားရလိမ့်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

•အဲဒါကြောင့် ဒီအလည်လာတုန်းမှာ ဒီဆရာသမားတွေနဲ့ ခုလို ဆုံတွေ့ရတဲ့အချိန် ခုအလုပ်ကို-လုပ်လိုက်မှသာလျှင် ကိုယ့်ကြွေးကို ကျေတော့မယ်-ဦးခင်မောင်ရေ- (မှန်လှပါဘုရား) မောင်ကို ဘာတုံးဟေ့.... (ကိုယ့်ကြွေး ကျေမှာပါဘုရား)။

အကုသိုလ်ကြွေးတွေက ဘဝများစွာက စုလာတာ၊ တဏှာက စုထားတာ နည်းသလားကွ....(မနည်းပါဘူးဘုရား)ဒါဖြင့် ဒီကြွေးတွေကို ဘာနဲ့ ဆပ်ကြမယ်.... (မဂ်နဲ့ ဆပ်ရပါမယ်) နောက်က တကာ တကာမတွေ ဘာနဲ့ဆပ်-ဆပ်ကြမယ်.... (မဂ်နဲ့ဆပ်ရပါမယ်) မဂ်နဲ့ဆပ်ရမယ်ဆိုတော့ မဂ်ရအောင်လုပ်ကြ(မှန်ပါဘုရား)မဂ်ရအောင်လုပ်တော့မှ ကြွေးကျေတော့မယ် (မှန်ပါ)။

မဂ်-မရအောင် လုပ်နေလို့ရှိယင် မဂ် မရသေးလို့ရှိယင် ဒီကြွေးဟာ ခင်ဗျားတို့ကုသိုလ်ကံတွေကြောင့် နတ်ရွာသုဂတိ ရောက်ပေမဲ့ နောက်ဆုံးပိတ် ပြန်ပြီး အပါယ် ကျဦးမှာဘဲ (မှန်လှပါဘုရား) မကျပေဘူးလား....(ကျပါမယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ကြွေးရှိလျက်နဲ့ အေးအေးနေတာ မကောင်းဘူး(မှန်ပါ) သဘောပါကြလား....(ပါ-ပါတယ်) ကြွေးရှိလျက်နဲ့.... (အေးအေးနေတာ မကောင်းဘူး) အပါယ်သွားဘို့ ကြွေးတွေ ဘယ်လောက်များသတုံး....(မရေတွက်နိုင်ပါဘုရား)။

ဒါကို ခင်ဗျားတို့က တရားလဲ အားမထုတ်ဘူး၊ တရားလဲ မနာတော့ဘူး၊ သိအောင်လဲ မလုပ်ဘူး၊ ကျင့်လဲ မကျင့်ဘူး ဆိုလို့ရှိယင် ကြွေးရှိလျက်နဲ့ အေးအေးနေတာဟာ ကြွေးရှိပြီး အေးအေးနေတတ်တဲ့ ပုဂ္ဂိုလ်ဟာ ကြွေးရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်

တော့မှ အေးအေးနေလို့ မတော်ဘူး၊ ပြန်ဆပ်တို့ ဂရုစိုက်ရမှာချည်းဘဲ(မှန်ပါ)ထုံးစံမဟုတ်ဘူးလား....(မှန်ပါ)။

အဲဒါ ကြွေးရှိလျက်နဲ့ အေးအေးနေတာ ဒီပုဂ္ဂိုလ်ဟာ ပုထုဇန်အရူးသော်၎င်း ဖြစ်ရမယ် (မှန်ပါ) သားနဲ့ သမီးနဲ့ အေးအေးချမ်းချမ်းနေတာ ဘယ့်နှယ်ဆိုကြမလဲ.... (ပုထုဇန် အရူးသော်၎င်း ဖြစ်ရမယ်)အရူးသော်၎င်း ဖြစ်ရမယ်၊ ကြွေးရှိမရှိ စဉ်းစားစမ်း.... (ကြွေးရှိပါတယ် ဘုရား) ကြွေးရှိတယ်၊ အပါယ်လေးပါးတံခါး ပိတ်ပြီးကြပလား....(မပိတ်သေးပါဘူး ဘုရား)။

မပိတ်သေးခင် ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ အပျော်ကြီးပျော်ပြီး သာမှုနာမှုတွေနဲ့ အလုံးစုံ အချိန်ကုန်ပြီးသကာလ ကိုယ်ရေး ဘာမှမလုပ်ရဘဲနဲ့ မဂ်ရကြောင်း ဖိုလ်ရကြောင်း မလုပ်တဲ့ပုဂ္ဂိုလ်ဟာသရွေ့သည် ကြွေးရှိလျက်နဲ့ ကြွေးမဆပ်ဘဲနဲ့ ကြွေးမှန်းမသိဘဲနဲ့နေတဲ့ အရူးနဲ့ ဘာထူးသေးသတုံး....(မထူးပါဘူးဘုရား) "ပုထုဇ္ဇနော ဥမ္မတ္တကော" ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ-ခြောက်ဟောနေတာလား....ဖြစ်စဉ်ကိုက်ပြောတာလား-(ဖြစ်စဉ်ကိုက်ပြောတာပါဘုရား) ခြောက်ဟောတာ တလုံးမှ မပါ-ပါဘူး တကာ တကာမတို့(မှန်ပါဘုရား)ခြောက်ဟောတာ မပါ-ပါဘူး၊ ခင်ဗျားတို့ဘဲ ဝေဒနာလာမယ်၊ ကိုယ်ပေါ်ချမ်းသာလုံးကလေး လာတယ်ဆိုယင် တဏှာက နှစ်သက်တယ်၊ ဥပါဒါန်က စွဲလမ်းတယ်၊ကာယကံ ဝစီကံက ဒီနေရာကလေး နေဘို့ အားထုတ်တယ်၊မထုတ်ဘူးလား-(ထုတ်ပါတယ်ဘုရား)။

အားထုတ်လိုက်တော့ ဒိကံတွေက တနေ့ ဒိကံပေါင်း ဘယ်လောက်တုံး.... (မရေတွက်နိုင်ပါဘူးဘုရား) မရေတွက်နိုင်တော့ ဒိကံတွေကို ဘယ်သူ စုထားသတုံး မေးပြန်တယ်.... (တကျော ဥပါဒါန်က စုထားပါတယ်ဘုရား) တကျော ဥပါဒါန်တွေက စုပြီးထားတော့ ကံတွေဟာ လွယ်လွယ်ရောက်သွားရဲ့လား....(မရောက်ပါဘူး) မီးကလေးတွေလို လွင့်သွားရဲ့လား- (မသွားပါဘူး)။

တကံမှာဘဲ သူတို့က စုထားတာကိုး၊ဒါ့ကြောင့် ကမ္မသမင်္ဂီ ဆိုတာပါဘဲ၊ ကမ္မသမင်္ဂီဆိုတာ ကံကို အုပ်ချုပ်ပြီးသကာလ ထားတာ၊ ကံကိုစောင့်ရှောက်ပြီးသကာလထားတာ၊ အဟောသိကံ မဖြစ်ရအောင်လို့ တကျော ဥပါဒါန်က စောင့်ရှောက်တယ်(မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်)။

ဒါဖြင့် တကျော ဥပါဒါန်သည် ကံကိုထိန်းသိမ်းထားတဲ့ တရားဆိုယင်ကော ကျေနပ်ပလား.... (ကျေနပ်ပါပြီ) တကျော ဥပါဒါန်ဟာ ဘာတရားပါလိမ့်.... (ကံကို ထိန်းသိမ်းထားတဲ့ တရားပါဘုရား)။

အဲ....ခင်ဗျားတို့ ရည်ရွယ်တုန်း တကျော ဥပါဒါန်ကရှိတော့ ပြုလိုက်တဲ့ ကံတွေကလဲ တကျော ဥပါဒါန် က ကာယကံ ဝစီကံ မနောကံ ကံ ဘယ်နှစ်မျိုးလုပ်ကြသတုံး.... (သုံးမျိုး လုပ်ကြပါတယ်) ကာယကံနဲ့ဘဲ သူများကို ပွေ့လိုက် ဆီးလိုက် လာပြန်တာဘဲ၊ ဝစီကံနဲ့လဲ ချစ်လိုက်တာ ခင်လိုက်တာဆိုတာ ပြောလျက် ဆိုလျက်ဘဲ မနေဘူးလား .... (နေပါတယ်ဘုရား) မနောကံနဲ့ကတော့ တွေးပြီးတော့များ ခင်နေလိုက်တာလဲ မရှိဘူးလား....(ရှိပါတယ်)။

ဒါဖြင့် ဒါတွေက ရှိပြီးသကာလနေတော့ တနေ့-ကံပေါင်း ဘယ်လောက်.... (မရေတွက်နိုင်ပါဘုရား) မပျောက်အောင် ဘယ်သူက စုထားသတုံး....(တဏှာ ဥပါဒါန်ပါဘုရား) တဏှာ ဥပါဒါန်က စုထားတယ်၊ စုချင်လို့ တွေ့အောင်ရှာတာလား၊ ဝေဒနာ ကျုပ်တို့က ဝိပဿနာ မရှုလို့လား- (ဝေဒနာ ဝိပဿနာ မရှုလို့ပါဘုရား)။

ဝေဒနာဝိပဿနာမရှုလို့ ဒီတဏှာ ဥပါဒါန်က ကံတွေ စုထားတယ်၊ (မှန်ပါဘုရား) ရပ်မိပလား.... (ရပ်မိပါပြီ) အဲဒီတော့ ဒီကံတွေက တပြုံကြီးအကျိုးပေးမှာလား၊ တခုတခု ကုန်မှ တခုတခု အကျိုးပေးမှာလား....(တခုတခုကုန်မှ တခုတခု အကျိုးပေးမှာပါဘုရား)။

တခုတခုကုန်မှ တခုတခု အကျိုးပေးမှာဆိုတော့ ဘုန်းကြီးတို့ တကာ တကာမတွေ လွတ်လမ်း ကျွတ်လမ်း မြင်ကြသေးရဲ့လား (မမြင်ပါဘုရား)ကဲ- ဒါဖြင့် ဘာ-အားကိုးကြမယ်.... (မဂ်ကို အားကိုးရမယ်) မဂ်သည်ကားလို့ ဆိုလို့ရှိယင် တကာ တကာ မတို့“သဟာဝဿ ဒဿနသမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ”ဆိုသလို သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ တွေ စွန့်ပါတယ်ဆိုသဖြင့် စတုဟာ ပါယေဟိစ ဝိပ္ပမုတ္တော= အပါယ် လေးပါးမှ လွတ်ပါတယ်ကွာဆိုတော့ ဒီအထဲ အပါယ်ကျတတ်တဲ့ ကံတွေ အများကြီးမပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒါတွေ မဂ်ရတော့ ဘယ်နှယ်နေကြသတုံး.... (အဟောသိကံ ဖြစ်ပါတယ်ဘုရား) ဒါဖြင့် အပါယ်ကံတွေ မောင်ကို လွတ်သွားပြီ၊ (လွတ်ပါပြီ) ဒါ ဘယ်သူ့ကြောင့် လွတ်သွားပါလိမ့်....(မဂ်ကြောင့်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ မဂ်ကို အား

မကိုးလို့ရှိယင် ဒီဟာတွေအဟောသိကံဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူး) ကံကော အဟောသိကံ ဖြစ်ပါ့မလား.... (မဖြစ်ပါဘူးဘုရား) ကံမှ အဟောသိကံ မဖြစ်လို့ရှိယင် အကျိုးပေးဟာ အဟောသိကံဖြစ်နိုင်ပါ့မလား တကာ တကာမတို့.... (မဖြစ်နိုင်ပါဘူးဘုရား) သဘောပါကြရဲ့လား (ပါ-ပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့မှာ ကံတည်းဟူသော ကြွေးတွေ ဘယ်လောက်ရှိသတုံး .... (မရေတွက်နိုင်ပါဘုရား) နောက်က တကာ တကာမတွေ ကြွေးဟောင်း ဘယ်လောက်ရှိသတုံး (မရေတွက်နိုင်ပါဘုရား) ဘယ့်နှယ်ကြောင့် ခင်ဗျားတို့သည် ပြုံးနေကြသတုံး၊ ဒီကြွေးတွေဟာ ခန္ဓာနဲ့ဆပ်မှ ကျေမှာ (မှန်ပါ့) ဘာနဲ့ ဆပ်ရမှာတုံး....(ခန္ဓာနဲ့ဆပ်ရမှာပါ)။

ခန္ဓာနဲ့ဆပ်မှ ကျေမှာဆိုတာ မထင်ရှားဘူးလား-(ထင်ရှားပါတယ်ဘုရား)ဆပ်နိုင်ကြပါ့မလား စဉ်းစားကြည့်ပါ....(မဆပ်နိုင်ပါဘုရား) ဒယ်အိုး ပြောင်းဆပ်ရမှာ (မှန်ပါ့) တိရစ္ဆာန်အဖြစ် ပြောင်းပြီး ဆပ်ရမှာဆိုတော့ ဆပ်နိုင်ကြပါ့မလား.... (မဆပ်နိုင်ပါဘုရား) ဆပ်ချင်တဲ့စိတ်လဲ ပေါ်နိုင်ပါ့မလား.... (မပေါ်နိုင်ပါဘုရား) ဒီအဖြစ်မျိုး ကြောက်လှချေရဲ့လို့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီအကျိုး မကြောက်ပါနဲ့၊ ဟောဒီအကြောင်းတွေကို သတ်ဘို့ကို ကျုပ်တို့ဂရုစိုက်ပါ၊ (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) အကျိုး မကြောက်ပါနဲ့၊ ဘာ-သတ်ရမတုံး.... (အကြောင်း သတ်ရပါမယ်) အကြောင်း သတ်ရမယ်ဆိုလို့ရှိယင်ဖြင့် ဒါ့ဖြင့် တကာ တကာမတို့ အကြောင်းသတ်ကြစို့၊

သတ်ပုံကလေး အခုရှင်းပြမယ်နော်၊ (မှန်ပါ) သတ်ပုံရှင်းပြတော့ လွယ်ပါတယ်၊ (မှန်ပါ)။

သတ်ပုံရှင်းပြတော့ ဥပမာ သုခဝေဒနာ ပေါ်တယ် တကာ တကာမတွေ ခန္ဓာကိုယ်ထဲမှာ တဏှာမလာအောင်လို့တော့ ကြည့်ရတယ်၊ တဏှာမလာအောင် ကျုပ်တို့ကြည့်လိုက်လို့ရှိယင် လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား) လာသေးရဲ့လား- (မလာပါဘုရား) မလာတော့ သိမ်းဆည်းမည့်သူကော ရှိသေးရဲ့လား....(မရှိပါဘုရား) တဏှာ ဥပါဒါန် လာသေးရဲ့လား.... (မလာပါဘုရား)။

သိမ်းဆည်းမည့်သူ မရှိဘူးဆိုတော့ ကံကကော ဖြစ်သေးရဲ့လား....(မဖြစ်ပါဘူး) သူမှ မဖြစ်ဘဲနဲ့ ဒီအကျိုးပေးကြီးကို ကျုပ်တို့ကိုယ်တိုင် ခံစရာကော အကြောင်းမြင်သေးရဲ့လား.... (မမြင်ပါဘူး) ဒါဖြင့် ခြောက်.... ဒီအကြောင်းဟာ ဝိပဿနာ မဂ်ကို သွင်းရမယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ဒီအကြောင်းဟာ ဘာလုပ်ရမယ်- (ဝိပဿနာမဂ်ကို သွင်းရပါမယ်)။

ဒါမေ့နေလို့ ရှိယင် ဒီအကြောင်းက ဒီကျွံသွားမယ်၊ (မှန်ပါ)ဒီမဂ်ကို မေ့နေလို့ရှိယင်ဖြင့် ဝေဒနာ တဏှာ ဥပါဒါန်ကံ၊ ဝေဒနာ တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာမရဏ၊ ဒီမဂ်မေ့တဲ့ ပုဂ္ဂိုလ်၊ သဘောကျပလား.... (ကျပါပြီဘုရား) ဒီမဂ်ကို မမေ့တော့ပါဘူး၊ ဒီမဂ်ကို ကြားသွင်းပါတော့မယ်၊ ကြားသွင်းပါတော့မယ်လို့ စိတ်ထဲမှာ မေးကြစမ်းပါ၊ (မှန်ပါ)။

မေးလိုက်လို့ရှိယင်ဖြင့် သိမ်းဆည်းလိုက်တဲ့ တဏှာ ဥပါဒါန်ကော ဘာဖြစ်ရမလဲ....(ချုပ်ရပါမယ်) ချုပ်ရမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်) သူတို့ချုပ်သွားတော့ ဒီကံ

ကော ဖြစ်သေးရဲ့လား....(မဖြစ်ပါဘူး) မဖြစ်ဘူး၊ ကံမှမဖြစ်ဘဲနဲ့ ဒီအကျိုးပေး ကျုပ်တို့ ကိုယ်တိုင် ရစရာမြင်သေးရဲ့လား-(မမြင်ပါဘူး)။

ဒါဖြင့် စိတ်ချရရဲ့လား၊ မချရဘူးလား....(စိတ်ချရပါတယ်ဘုရား) ဒါဖြင့် စိတ်ချရတဲ့ အလုပ်ကို ခင်ဗျားတို့ကို ပေးပါပြီ၊ (မှန်လှပါဘုရား) တကာ တကာမတို့ ဘာအလုပ်ကိုပေးပါလိမ့် (စိတ်ချရတဲ့အလုပ် ပေးပါတယ်ဘုရား) စိတ်ချရတဲ့အလုပ်က ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ဝိပဿနာရှုယင် ဖြစ်တာဘဲ(မှန်ပါ့) ဦးခင်မောင် ဘာတဲ့တုံး(ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ဝိပဿနာရှုပေးပါ)။

ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ရှုလို့ ရှိယင် မောင်ကို ဒီသုံးခု ဘယ်နှယ်နေတုံးဟေ့(မှန်ပါ့) ဒီဘက်သုံးခုကော.. (ပြတ်သွားပါတယ် ဘုရား) ပြတ်ပါတယ် ဆိုတော့ ခြောက်... ဒါ ဘုရားသာသနာနဲ့ ကြုံလို့၊ ဘုရားသာသနာနဲ့ ကြုံပြီး ဓမ္မက္ခန္ဓာတွေ ထားပစ်ခဲ့လို့ ဘုန်းကြီးများကလဲ ပြောတတ် ဆိုတတ်တာ(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတွေ ဒီအခါကာလမျိုးကို ကံရှုတာတော့ ခင်ဗျားတို့က ရှုတတ်တယ်၊ ဖြတ်ပါဆိုတော့ ဖြတ်တတ်တဲ့ဉာဏ်က သာသနာတွင်းကြုံမှ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဆရာကောင်း သမားကောင်းကော-(ကြုံမှပါဘုရား)ခင်ဗျားတို့မှာကော ထောင်နိုင်တဲ့ နားကကော (ပြည့်စုံမှပါဘုရား)။

ခင်ဗျားတို့မှာလဲ ထောင်နိုင်တဲ့နား ပါဦးမှ (မှန်ပါ့) သဘောပါ့လား....(ပါ-ပါပြီ) ဒါဖြင့် ဒီအလုပ်ဟာ မလုပ်

မဖြစ်တဲ့ အလုပ်ထဲ ခင်ဗျားတို့ သွင်းထိုက်-မသွင်းထိုက်....(သွင်းထိုက်ပါတယ်ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)ဘယ်အထဲ ထားကြမယ်....(မလုပ်မဖြစ်တဲ့အလုပ်ထဲ ထားပါမယ်) မလုပ်မဖြစ်တဲ့အလုပ်ထဲ တကာ တကာမတွေ ဒီအလုပ်ဟာ သွင်းရလိမ့်မယ် (မှန်ပါ့)။

မသွင်းလို့ရှိယင်ဖြင့် ခင်ဗျားတို့က အိပ်နေပေမဲ့ ဝေဒနာတဏှာ ဥပါဒါန် ကံ က-ဆက်နေမှာဘဲ(မှန်ပါ့) ခင်ဗျားတို့က ရောင်းရင်း-ဝယ်ရင်း-နေတော့ကော....(ဆက်နေပါတယ်)ပြောရင်း-ဆိုရင်း-နေပြန်တော့ကော....(ဆက်နေပါတယ်) စားရင်း-သောက်ရင်း—နေပြန်တော့ကော.... (ဆက်နေပါတယ်) အဲ....သူတို့ကတော့ဖြင့် ခင်ဗျားတို့ ဓမ္မနိယာမလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

သံယုတ်ပါဠိတော်မှာ "ဓမ္မ နိယတတာ"လို့ သေသေချာချာ ပဋိစ္စသမုပ္ပါဒ် ဟောထားတဲ့အတွက် မောင်ကိုရေ....မင်းတို့က နှလုံးမသွင်းဘဲနေပေမဲ့ သူတို့ကတော့ ဆက်ရက်ဘဲ(မှန်ပါ့ဘုရား) ရှင်းကြပလား တကာ တကာမတွေ.... (ရှင်းပါပြီဘုရား)သေသေချာချာမှတ်ထား ဒီဥစ္စာ ကောင်းအောင် ဟောတဲ့တရား မဟုတ်ဘူး၊ ခင်ဗျားတို့ အကျိုးကျေးဇူးကို ရှုပါလို့ပြောတဲ့တရားလို့ မှတ်စမ်းပါနော်—(မှန်ပါ့ဘုရား)ကဲ....ဒါဖြင့် တကာသစ်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဝေဒနာသုံးမျိုးကို လှည့်ရှုလို့ရှိယင်ဖြင့် တကာ တကာမတို့ ဒီတဏှာ ဥပါဒါန် ကံ တွေ ချုပ်-မချုပ်....(ချုပ်ပါတယ်ဘုရား) ဇာတိ ဇရာမရဏတွေ.... (ချုပ်ပါတယ်ဘုရား) ချုပ်တယ်လို့ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်

ဘုရား)ကဲ....ဒါဖြင့် သိကြားမင်းသောတာပန်တည်ပုံ ပြောကြ ပါစို့....သိကြားမင်းက-အရှင်ဘုရား....ပပဥ္စတရား ချုပ်တဲ့တရား မရှိဘူးလားလို့ တနေ့ကမေးတယ်မဟုတ်လား.... (မှန်လှပါ ဘုရား)။

မေးတော့ ဝေဒနာကမ္မဋ္ဌာန်းရှုပေ့....လို့ ဘုရားက ဖြေ လိုက်တယ် (မှန်ပါ့) ဘာရှုရမလဲ.... (ဝေဒနာကမ္မဋ္ဌာန်းရှုရပါ မယ်) ဝေဒနာကမ္မဋ္ဌာန်း ရှုပေ့လို့ ဘုရားက ဖြေလိုက်တော့ ဝေဒနာကမ္မဋ္ဌာန်းကို ဘုန်းကြီးသုံးရက်ရှိပြီ ဟောနေတာ၊တကာ တကာမတို့ သုခဝေဒနာ ကိုယ်ပေါ်မှာပေါ်ယင်လဲ ဘာလုပ်ရ မလဲ.... (ဖြစ်ပျက်ရှုရပါမယ်) သောမနဿဝေဒနာ ဝမ်းထဲ ပေါ်ယင်ကော....(ဖြစ်ပျက်ရှုရပါမယ်)။

ဒုက္ခဝေဒနာတွေ ကိုယ်ပေါ်မှာ ပေါ်ယင်ကော.... (ဖြစ် ပျက်ရှုရပါမယ်)ဒါဖြင့် ဒေါမနဿဝေဒနာတွေ ဝမ်းထဲပေါ် ယင်ကော....(ဖြစ်ပျက်ရှုရပါမယ်)မျက်စိ နား နှာခေါင်း လျှာ မှာ ဥပေက္ခာဝေဒနာ ပေါ်ယင်ကော.... (ဖြစ်ပျက်ရှုရပါမယ်) ဝမ်းထဲ ဥပေက္ခာ ပေါ်ယင်ကော(ဖြစ်ပျက်ရှုရပါမယ်) အဲဒါ ဖြစ်ပျက်ရှုပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော ကြားတော်မူလို့ ဘုန်းကြီးက ဟောရခြင်းဖြစ်ပါတယ် (မှန်ပါ့)။

ဒါ့ကြောင့် တကာ တကာမတွေ ဝေဒနာပေါ်အောင်-ဝေ ဒနာပေါ်တဲ့အခါမှာ ဘယ်အခါကာလမှာ ဖြစ်ပြီး ပျက်တဲ့ အနိစ္စတွေကို မမြင်ဘဲနဲ့ -မမြင်မရှိကြပါစေနဲ့၊ ခင်ဗျားတို့ ရှုဖြစ်အောင်ရှုကြပါဆိုတဲ့ဥစ္စာ ဒီအကြောင်းသုံးခု ကြောက်စရာ ကောင်းလွန်းလို့ ဒီအကျိုးသုံးခုကိုလဲ ခင်ဗျားတို့ လက်ခံနိုင်

မှာမဟုတ်လို့ ဒီတရားဟောရတာပါ (မှန်ပါ့) ဒီ အကြောင်း သုံးခုကလဲ အကြောင်းကောင်းလား - အကြောင်းဆိုးလား .... (အကြောင်းဆိုးပါဘုရား)။

ဒီ အကျိုးသုံးခုကော ခင်ဗျားတို့ ကိုယ်တိုင်ခံရမှာ သိပြီး သကာလနေတော့ ရချင်စရာ-ယူချင်စရာတရား တခု ပါ-ပါရဲ့ လား....(မပါ-ပါဘူးဘုရား) အဲဒီကဲ့သို့ မပါတာ သိနေတော့ ကိုင်း... ကယ်မည့်·ယူမည့်သူဟာ ဝိပဿနာမဂ် (မှန်လှပါဘုရား) ရှင်းကြပလား.... ( ရှင်းပါပြီ ) ကယ်မည့်—ယူမည့် သူဟာ.... (ဝိပဿနာမဂ်ပါဘုရား) ဝိပဿနာမဂ် ရင့်သွားတော့ လော ကုတ္တရာမဂ် ဖြစ်မယ်(မှန်ပါ့)။

တကာ တကာမတို့ ဝိပဿနာမဂ် ရင့်သွားတော့....(လော ကုတ္တရာမဂ် ဖြစ်ပါမယ်)လောကုတ္တရာမဂ် ဖြစ်သွားတဲ့အခါကျ တော့ ဟောဒီ အပါယ်သွားမည့် တဏှာကော.... (ချုပ်သွား ပါတယ်) အပါယ်သွားမည့် ဥပါဒါန်ကော.... (ချုပ်သွားပါ တယ်)အပါယ်ရောက်စေတတ်တဲ့ ကံ-(ချုပ်သွားပါတယ်) ချုပ် တော့ ဟောဒီအပါယ်ကောင်ကြီး ပေါ်စရာ သေသည်၏ အခြားမဲ့၌ ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘာကို အားကိုးရမတုံးဆိုတော့ ဟောဒီ (၁)ကို(၂)နှင့်ရှုတာ အားကိုးရလိမ့်မယ်(မှန်ပါ့ဘုရား) ဦးခင်မောင်ရေ - ဘာအားကိုးမယ်.... (၁—ကို ၂— နှင့်ရှုတာ အားကိုးရပါမယ်) (၁)ကို (၂)နှင့်ရှုတာ အားကိုးရမယ်ဆို တာ မောင်ကိုတို့ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် လွတ်သည်နဲ့တပြိုင်နက် ဆက်မနေဘ်.... (မှန်ပါ) လွတ်ယင် ဘယ့်နှယ်တုံး.... (ဆက်ပါမယ်) လွတ်ယင် ဒီက ဝေဒနာ တဏှာ ဥပါဒါန်(မှန်ပါ)။

မလွတ်လို့ရှိယင် ဝေဒနာ ပညာ (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) မလွတ်ယင်.... (ဝေဒနာ ပညာ) ဝေဒနာ ပညာ၊ ဝေဒနာနုပဿနာ၊ သဘောကျပလား.... (ကျပါပြီ) ဝေဒနာ နောက်က ဝိပဿနာ လိုက်ရမယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဩဘ်.... လွတ် တယ် ဆိုတာ ဘာ ပါလိမ့်မတုံး မေးတဲ့ အခါကျတော့မှ အဝိဇ္ဇာကိုး၊ (မှန်ပါ) လွတ်သွားတာဟာ ဘာပါလိမ့်....(အဝိဇ္ဇာ ပါ ဘုရား)။

အဝိဇ္ဇာ လွတ်သွားသည်နဲ့ တပြိုင်နက်တည်း ဝေဒနာပေါ် တာ လွတ်သွားသည်နဲ့ တပြိုင်နက်တည်း တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏတွေ မလာပါနဲ့ဆိုလို့.... (မရပါဘူး) ကံ- မလွတ်တော့ပါဘူးလို့ ဝေဒနာ လာတိုင်း လာတိုင်းဘဲ တပည့် တော်တို့သည်ကားလို့ ဆိုလို့ရှိယင် အနိစ္စမြင်အောင် ကြည့်ပါ တော့မယ်၊ ဖြစ်ပြီး ပျက်တဲ့ အနိစ္စကလေး တပည့်တော်တို့ မြင် အောင် ကြည့်ပါတော့မယ်ဆိုတော့လဲ တကာ တကာမတို့ "ဝေ ဒနာပစ္စယာ ပညာ" မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) ဝေဒနာ ပစ္စယာ....(ပညာ)။

"ဝေဒနာပစ္စယာ ပညာ"ဖြစ်သွားတော့ တဏှာ ဥပါဒါန် ကံ ဘာဖြစ်သတုံး.... (ချုပ်သွားပါတယ်ဘုရား) ဇာတိ ဇရာ မရဏတွေကော.... (ချုပ်သွားပါတယ်ဘုရား) ဩဘ်....ဒါဖြင့် ဒို့အားကိုးရာ့အစစ်ရှိပါသေးကလား၊ (မှန်ပါ) ဦးခင်မောင်....

ပေါ်ပြီ (မှန်ပါ့) တကာသစ်တို့ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား) ဒီဘက်က တကာတွေအားလုံး သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။

ခင်ဗျားတို့ ဒါမလုပ်ဘဲနဲ့ အေးအေး ချမ်းချမ်းသာ နေမယ်ဆိုယင် ခင်ဗျားတို့က အေးချမ်းပါရဲ့၊ ဒီအစဉ် တန်းတာကတော့ တန်းမှာဘဲ (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ခင်ဗျားတို့ အေးအေး ချမ်းချမ်း လေညှင်းခံနေတာကို ခင်ဗျားတို့က အေးအေး ချမ်းချမ်း စိတ်ထဲမှာကွာ အားလပ်ခွင့်ကလေးယူပြီး ဒီလိုနေလိုက်ရတာဘဲ၊ ငြိမ်ငြိမ် သိမ်သိမ် လေညှင်းခံပြီးသကာလ ညိုညို စိမ်းစိမ်းကလေးတွေ ကြည့်ပြီး သကာလ သာယာနေတယ်ဆိုယင် ခင်ဗျားတို့ အေးအေးနေလေ သူက ဆက်လေဘဲ၊(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ အေးအေးနေတာသည် ပဋိစ္စသမုပ္ပါဒ် ဘာတုံး.... (ဆက်တာဘဲ)ဆက်တာဘဲဆိုတော့ ခင်ဗျားတို့ကို အေးအေး မနေစေချင်လို့ ဟောတဲ့တရား မဟုတ်ပါဘူး၊ အေးအေးနေတဲ့ အပြစ်က ကြီးလွန်းလို့ .... (မှန်ပါ့ဘုရား) ဘယ်လိုပါလိမ့်.... (အေးအေးနေတဲ့အပြစ်က ကြီးလွန်းလို့ပါဘုရား)။

အေး အေး နေ တဲ့ အ ပြစ် က ကြီးလွန်းလို့ ဟောရပါတယ် ဆိုတာ အေးအေးနေတယ်ဆိုတာ တဏှာစိတ်ကို ပြောနေတာ (မှန် လှ ပါ ဘု ရား) အေးအေးနေတယ်ဆိုတာ ဘာပါလိမ့်.... (တဏှာစိတ်ပါ) တဏှာနဲ့ပြောတာ၊ တဏှာဆိုတော့ ဥပါဒါန် ကံ က နေပါ့မလား.... (မနေပါဘူးဘုရား) မနေတော့ ဇာတိ ဇရာမရဏဆိုတဲ့ အပါယ်ကောင်ကြီးတွေကကော ကျုပ်တို့ ဖြစ်ရမှာလား၊ မဖြစ်ရဘူးလား....(ဖြစ်ရမှာပါ)။

ဒါဖြင့် တကာ တကာမတို့ အေးအေး နေချိန်လား၊ အပူတပြင်း နေချိန်လား .... (အပူတပြင်း နေချိန်ပါဘုရား) အပူတပြင်း နေချိန်ဆိုယင် ဒီမင်္ဂကို သွင်းမိအောင် သွင်းပါ(မှန်ပါ့) ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရမယ်) မဂ်သွင်းရမယ်၊ ဖြစ်ပျက် ရှုရမယ်ဆိုတာ သဘောပါပလား....(ပါ-ပါပြီ)။

အဲဒီတော့ စဉ်းစား ကြည့်ပါတဲ့၊ ဒီဝေဒနာဟာ ဖြစ်ပြီး ပျက်တော့ ဝေဒနာ မချုပ်ဘူးလား....(ချုပ်ပါတယ်) ဒါဖြင့် ဝေဒနာ နိရောဓာ.... (တဏှာ နိရောဓော) တဏှာနိရောဓော ဆိုတော့ တဏှာချုပ်အောင် လုပ်နိုင်တဲ့ ဟောဒီမင်္ဂ ပေါ်လာတာဘဲ ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒီက ဘာပါလိမ့် .... (ဝေဒနာနိရောဓာ) ဒီဘက်က.... (တဏှာနိရောဓော) ဟော- တဏှာနိရောဓော ဆိုကတည်းက တကာ တကာမတို့ တဏှာလာပြီး ချုပ်တာလား၊ လာကို-မလာရတာလား.... (လာကို- မလာရတာပါဘုရား) လာကို-မလာရတဲ့ အလုပ်ကို ခင်ဗျားတို့ လုပ်ဖြစ်အောင်လုပ်ပါ၊ သဘောပါကြလား....(ပါ-ပါပြီဘုရား) လာကို-မလာရတဲ့ အလုပ်ကို- (လုပ်ဖြစ်အောင် လုပ်ပါ)လုပ်ဖြစ်အောင် လုပ်ပါဆိုတာ မတိုက်တွန်းထိုက်ဘူးလား....(တိုက်တွန်းထိုက်ပါတယ်)။

ဒါဖြင့် သုခဝေဒနာလာလဲ ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်အောင်လုပ် (မှန်ပါ့) ဝေဒနာနိရောဓာလို့ ဆရာဘုန်းကြီးက ဘယ့်နှယ်ကြောင့် ဟောရပါလိမ့်မလဲလို့ တကာတကာမတွေက အမေးထုတ်တဲ့အခါကျတော့ ဒီဝေဒနာက္ခန္ဓာ

မချုပ်ဘဲနဲ့ ဒီမဂ်ခန္ဓာ ပေါ်နိုင်ပါ့မလား မောင်ကို.... (မပေါ်နိုင်ပါဘူး)။

ဒါ့ကြောင့် ဝေဒနာနိရောဓ.... (တဏှာနိရောဓ) ရှင်းပလား.... (ရှင်းပါပြီ) ဒီဝေဒနာချုပ်တာ ပျက်တာကို ဒီက မမြင်ဘူးလား....(မြင်ပါတယ်) မြင်တာက မဂ်-မနေဘူးလား.... (မှန်ပါ့ဘုရား) မြင်တာက ဝိပဿနာနဲ့ ကေန်သိသွားတဲ့အတွက် ဝေဒနာနိရောဓ.... (တဏှာနိရောဓ) တဏှာနိရောဓ ဆိုတော့ ဒီနေရာမှာ တဏှာတွေ့တာလား တကာ တကာမတို့ မဂ်ပေါ်တာလား....(မဂ်ပေါ်တာပါဘုရား)။

ဩော်.... ဒါဖြင့် ကျုပ်တို့သည်ကားလို့ ဆိုယင် ဒီတဏှာ ချုပ်ပါတယ်ဆိုကတည်းက ဒီကံချုပ်တယ် (မှန်ပါ့) ဒီကံ ချုပ်ကတည်းက ဒီဇာတိ ဇရာမရဏတွေ တကာ တကာမတွေ ဘယ်လိုစဉ်းစားမလဲ....(မဖြစ်တော့ပါဘူး) ဒီကံတွေ အမိသွင်း နိုင်သေးရဲ့လား....(မသွင်းနိုင်ပါဘူး)။

ဒါဖြင့် ခင်ဗျားတို့က မအားမလပ်လို့ မရှုပါဘူးလို့ တကာ သစ်တို့က ဆင်ခြေလဲချင်လဲမယ်၊ မောင်ဘရွှေတို့က လဲချင် လဲမယ်၊ မလဲပေဘူးလား....(လဲပါတယ်ဘုရား)မအားမလပ်တာ ဘာတုံးလို့ ဘုန်းကြီးက မေးချင်တော့ မအားမလပ်တာ ဟောဒီခန္ဓာကြီးအတွက် ရှာနေရတာ (မှန်ပါ့) မဆိုပေဘူး လား....(ဆိုပါတယ်ဘုရား) စားဘို့ သောက်ဘို့ ဘာတုံး....(ရှာ နေရပါတယ်)။

ဒါဖြင့် ဘယ်သူ့အတွက်တုံးဆိုယင် ဒီခန္ဓာ့အတွက်(မှန်ပါ့) ဒါခင်ဗျားတို့ခန္ဓာ ဝေဒနာက္ခန္ဓာ မဟုတ်လား-(မှန်ပါ့)မိမိတို့ ရှာနေရတယ်ဆိုတာ ဒီခန္ဓာအတွက် ရှာနေတယ်၊ ရှာတာ တဏှာ

(မှန်ပါ) မဟုတ်ဘူးလား.... (မှန်ပါ) မရ-ရအောင် ရှာမယ် ဆိုတော့ ဥပါဒါန် (မှန်ပါ) မရ-ရအောင် အားထုတ်မယ် ဆိုတော့ ခင်ဗျားတို့-ခင်ဗျားတို့ မအားတာ ပဋိစ္စသမုပ္ပါဒ် ဆက် တာ ပေါ်ကြပလား....(ပေါ်ပါပြီ) ခင်ဗျားတို့ မအားတာ.... (ပဋိစ္စသမုပ္ပါဒ် ဆက်တာပါ)။

ဒါဖြင့် ဒီအဆက်သည် ဦးခင်မောင်တို့-မောင်ကိုတို့ ဩော်- မအားတဲ့အပြစ် အတော်ကြီးပါကလား....(ကြီးပါတယ်ဘုရား) တကာ တကာမတို့ ဘယ်နှယ်ဆိုကြမလဲ.... (မအားတဲ့အပြစ် အတော်ကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ လူတွေတိုင်းပြောတော့ ဩော်....ဟုတ် ပေလိမ့်မယ်၊ မအားရှာဘူး၊ အလုပ်က များတယ်ကိုး (မှန်ပါ) ခင်ဗျားတို့ပြောမယ်၊ သဘောကျရဲ့လား.... (ကျပါတယ်) မောင်ကို – မင်းတို့ချင်းကျတော့.... (မြောက်ပါတယ်ဘုရား) မြောက်တယ်။

ခင်ဗျားကိစ္စတွေက ဟိုမှာလဲလုပ်ထား ဒီမှာလဲလုပ်ထား ဆိုတော့ မအားဘူးဆိုတာ ကျုပ်တို့ယုံကြည်ပါတယ်၊ဟုတ်တယ် ဟုတ်တယ်၊ မအားလပ်ဘူး အစရှိသည်ဖြင့် ခင်ဗျားတို့ချင်း အပါယ်သွားတာကို ချောက်တွန်းနေတာ ရိပ်မိပလား....(ရိပ်မိ ပါပြီ) အပါယ်သွားတာကို ချောက်တွန်းနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီထဲမှာ ဒီလိုနည်းမျိုးဆိုတာ သဘောပါကြပလား(ပါ-ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ မအားတဲ့ပုဂ္ဂိုလ် ပြောသံ ကြား တိုင်းကြားတိုင်း ဘုန်းကြီးတို့ တရားပွဲလာတဲ့ အခု-တကာ တကာမတွေကဖြင့် ဩော်....မအားတဲ့အပြစ်ဟာ အကြီးဆုံးပါ

ကလား....(မှန်ပါ့) ဘယ်လို ဆိုကြမယ်....(မအားတဲ့အပြစ်ဟာ အကြီးဆုံးပါဘုရား)။

မအားတဲ့အပြစ်ဟာ ကြည့်လေ၊ ဒါကဘာတုံး....ခင်ဗျားတို့ ခန္ဓာကြီး (မှန်ပါ့)ဝေဒနာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ သူချည်းမဟုတ်ပါဘူး၊ ခန္ဓာငါးပါးနဲ့ တွဲလိုက်ကြပါစို့၊ ဒီ ခန္ဓာကြီးကိုက မအားတာမဟုတ်လား....(မှန်ပါ့ဘုရား)။

ဒီ ခန္ဓာကြီး စားဘို့ရာရှာတယ် (မှန်ပါ့)ရှာတာဟာ ဘာနဲ့ ရှာကြမလဲ....(တဏှာနဲ့ ရှာပါတယ်ဘုရား) တဏှာနဲ့ရှာတော့ ရှာရုံ မြင်ရရုံနဲ့ ကျေနပ်ကြရဲ့လား.... (မကျေနပ်ပါဘုရား) မရ-ရအောင် ကြံမယ်ဆိုတော့ ဘာဖြစ်သွားသတုံး....(ဥပါဒါန် ဖြစ်သွားပါတယ်)အို.... မရ–ရအောင်ဆိုတော့ ကိုယ်ရော-စိတ်ရော အားထုတ်မှ ရမယ်ဆိုတော့.... (ကံ ဖြစ်သွားပါတယ်) ဟော....ခင်ဗျားတို့ မှားတာဟာ ဒါဘဲ(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့ တကာ တကာမတို့ ငါဟာ အပါယ်သွားတယ် (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)ငါဟာ....(အပါယ်သွားပါတယ်)အပါယ်သွားတယ်၊ ဒီ့ပြင် ဘာပြောစရာ ရှိသေးသလဲ.... (မရှိပါဘူး)။

အဲဒါ အိမ်ကျတော့ ခင်ဗျားတို့ သုံးချင်လဲသုံးကြ၊ ငါဟာတော့ အပါယ်သွားလိမ့်ဦးမယ်(မသုံးချင်ပါဘူးဘုရား) သုံးချင်လဲ သုံးပါတဲ့၊ အမိပ္ပါယ်ကတော့ ကိုက်နေတာဘဲ၊ အမိပ္ပါယ်က မောင်ကို-မှားသလား- တန်းနေသလား.... (တန်းနေပါတယ်ဘုရား) အမိပ္ပါယ်တော့ တန်းနေပြီနော်....(မှန်ပါ့)။

အဲဒါကြောင့် တပည့်တော်တို့ ခုတော့ မလုပ်နိုင်သေးဘူး ဘုရား၊ နောင်ဖြေးဖြေးတော့ လုပ်ရမှာဘဲ၊ အခုတော့အပါယ် သွားပါရစေဦး၊ ဒီအခိုပ္ပါယ်ကော မရောက်ဘူးလား.... (ရောက် ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဆင်ခြေလဲပြီးနေတာ ကိုယ့်ကိုယ် ကို မကောင်း သဖြင့် သေ ကြောင်း ကြံတာနဲ့ အတူတူဘဲ (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ခင်ဗျားတို့လဲသည့် ဆင် ခြေသည် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ကိုယ့်ကိုယ်ကို သေ ကြောင်းကြံတာနဲ့ အတူတူပါဘဲ) ကိုယ့်ကိုယ်ကို မကောင်း သဖြင့် သေကြောင်းကြံတယ်ဆိုတာ အပါယ်သွားကြောင်း ကြံ တာ(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါရိုးရိုးဆရာတကာတွေမို့ ဖြစ်စဉ်ကလဲကိုက်နေလို့ ရှောင် ဟောလို့လဲ တကာသစ်-ရပ့ါမလား....(မရပါဘုရား) ဒါဖြင့် ဘယ်ပုဂ္ဂိုလ်လာဟောဟော ဒီအတိုင်းသွားရမှာဘဲ မောင်ကို(မှန် ပါ့ဘုရား)ဒီ့ထက်ဟောစရာကော ရှိသေးရဲ့လား-(မရှိပါဘူး)။

ဒီကံတွေ ဒီ အကုသိုလ်ကံတွေ ထဲက ဒီ မှအားတာ ဟူသ၍ ဟာလဲ သေသေချာချာ စဉ်းစားတော့ တဏှာကြောင့် မအား၊ ဥပါဒါန်ကြောင့်....(မအား) အားထုတ်နေရလို့.... (မအား)။

ကိုင်း....တဏှာ ဥပါဒါန် ကံ ကြောင့် မအားတာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) အဲဒီတော့ တကာ တကာမတွေက တလုပ်ကြောင့် မအားဘူးဆိုယင် တလုပ်ခင်တဲ့တဏှာ လာမယ်၊ (မှန်ပါ့) တလုပ်စွဲလမ်းတဲ့ ဥပါဒါန်ကော.... (လာပါမယ်) တလုပ်ရှိသေးတယ်ပြောတဲ့ ကာယကံ ဝစီကံ(လာပါမယ်)ရှိသေး

ရှိက ကာယကံ၊ အသံထွက်ပြီး ချော့မော့နေရတာက ဝစီကံ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကောင်းပြီ ဒါတွေသည်ကားလို့ဆိုယင်-ကာယကံ ဝစီကံတွေ သည်ကားလို့ဆိုယင် မောင်ကို-အဟောသိကံ ဖြစ်ပါ့မလား.... (မဖြစ်ပါဘူးဘုရား)ဘာဖြစ်လို့ မဖြစ်သတုံး....ဒိန္နစ်ခုက တင်း ခံနေလို့(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒိန္နစ်ခုက တင်းထားလို့ ခင်ဗျားတို့ အပါယ်တခါ သွား လိုက်-တခုလွှတ်ပေးလိုက်၊ကုန်အောင်လွှတ်ပေး ကုန်အောင်လွှတ် ပေးဆိုတော့ ဦးခင်မောင်ရေ လွှတ်လို့ဘဲ ကုန်နိုင်စရာရှိရဲ့လား (မရှိပါဘူး)။

ဒါဖြင့် ငရဲက တက်ရောမြင်သေးရဲ့လား....(မမြင်ပါဘူး) အဲဒါကြောင့် တကာ တကာမတို့ ဤခန္ဓာအတွက်ဟာ ခင်ဗျား တို့ အင်မတန်မှ တဏှာ ဥပါဒါန် ကံတွေ လာသောကြောင့် ဒီခန္ဓာဟာ တကာ တကာမတို့ခန္ဓာထဲမှာ ဗေဒနာကျွန္တာ ပေါ် တိုင်းပေါ်တိုင်း ဖြစ်ပျက်အလုပ်ကို မငိ-ကြားသွင်းပါဆိုတဲ့ဥစ္စာ ခင်ဗျားတို့ အင်မတန်အရေးကြီးလို့ပြောနေတဲ့ တရားထူး တရား မြတ်လို့ သေသေချာချာမှတ်ပါ(မှန်လှပါဘုရား) မှတ်မိကြပ လား....(မှတ်မိပါပြီ)။

ဒါဘာလဲကြည့်လေ ဝေဒနာပစ္စယာ တဏှာ၊တဏှာပစ္စယာ-(ဥပါဒါန်) ဥပါဒါနပစ္စယာ....(ကမ္မဘဝ) ကမ္မဘဝပစ္စယာ.... (ဇာတိပါ) ဇာတိ ဇရာမရဏသွားကြရောပေါ့(မှန်ပါ့)။

ကောင်းပြီ အဲဒါသာသိတယ်၊ ခင်ဗျားတို့ မအားတဲ့အခါ ဖြစ်တာ(မှန်ပါ့) ကဲ.... ဆရာဘုန်းကြီးတရားကို နားထောင်၊ ဘုရား တရားကို နားထောင်ရမယ်ဆိုတော့ သုခံဝါဝေဒနံ ဝေဒ

ယမာနော သုခံဝေဒနံ ဝေဒယာမိတိ ပဇာနာတိ-သိအောင် လုပ်ရမယ်ဆိုတာ မဆိုဘူးလား.... (ဆိုပါတယ်ဘုရား) ဆိုတော့ ဒီဝေဒနာကလေးဟာ ခန္ဓာကိုယ်ထဲ ပေါ်တယ်၊ ရှိ-မရှိ ဒီကနေ နောက်ကမင်္ဂနဲ့ ရှုတယ်၊မရှုနိုင်ဘူးလား....(ရှုနိုင်ပါတယ်)ရှုလိုက်တဲ့အခါကျတော့ ရှိသေးသလား-မရှိတော့ဘူးလား....(မရှိတော့ပါဘူး) ဒါဟာ မရှိတာက အနိစ္စ၊သိတာက မဂ္ဂ-သွားဖြစ်တယ် (မှန်လှပါ)။

မရှိတာက....(အနိစ္စပါ)။
သိတာက.... ( မဂ္ဂပါ )။

မဂ္ဂ ဖြစ်သွားတော့ကို မရှိတာက ဘယ်သူမရှိတာတုံးဆိုတော့ ဝေဒနာချုပ်တာ၊ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဝေဒနာနိရောဓော.... (တဏှာ နိရောဓော) ဟော-တဏှာနိရောဓောတိ မဂ္ဂေါ၊ တဏှာနိရောဓောတိ=တဏှာနိရောဓောဟူသည်ကား၊ မဂ္ဂေါ=မင်္ဂပေါ်တာဘဲကွ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဝေဒနာနိရောဓောဆိုတာ ဝေဒနာချုပ်တာ(မှန်ပါ့) တဏှာနိရောဓောဆိုတာက ( တဏှာချုပ်တာ ) မင်္ဂပေါ်တာ ဆိုတာ သေချာပလား....(သေချာပါပြီ)။

စာထဲမှာသွားကြည့်ယင် ခင်ဗျားတို့ ပြောြ....ဒီတဏှာချုပ်တာလို့ဘဲ ခင်ဗျားတို့က အောက်မေ့မယ်(မှန်ပါ့) မဟုတ်ပါဘူး၊ ဒီတဏှာချုပ်တာ မဟုတ်ဘူး၊ဒီတဏှာ မလာဘို့၊ သူပေါ်မည့်နေရာ၌ မင်္ဂပေါ်တာကို ဆိုပါတယ်(မှန်ပါ့) ရှင်းပနော်.... (ရှင်းပါပြီ)။

သူပေါ်မည့်နေရာ—တဏှာပေါ်မည့်နေရာကို.... (မဂ်ပေါ်တာကိုဆိုပါတယ်) မဂ်ပေါ်တာ ဆိုတယ်ဆိုတာ မောင်ကို—အကွက်ချပြမှ သိမယ်(မှန်ပါ့)နို့မို့ယင် သိပါ့မလား.... (မသိပါဘူး)။

စာသာလုပ်နေတဲ့ပုဂ္ဂိုလ်-စာလို သိနေတဲ့ပုဂ္ဂိုလ်ဖြင့် ဝေဒနာချုပ်မှ—တဏှာချုပ်မှာပါကွာ—ဆိုတော့ ဒီတဏှာချုပ်မှာပါဘဲ ပြောတယ်(မှန်ပါ့)။

စင်စစ်တဏှာကို-လာကိုမလာဘူး(မှန်ပါ့)လာသေးရဲ့လား (မလာပါဘူး)။

ဒါဖြင့် မလာဘဲနဲ့ ပျောက်ပျက်တာကို ဆိုတာပါ(မှန်ပါ့) သဘောပါကြလား....(ပါပါပြီ)ဘယ်လိုပါကြတာလဲ....(မလာဘဲနဲ့ ပျောက်ပျက်တာကို ဆိုတာပါ)ရှင်းပြီနော်....(ရှင်းပါပြီ)။

ရှင်းတော့ ဘုရားသခင် ကိုတော်မြတ်ကြီးက သိကြားရေ—ဝေဒနာရှုမှ ပပဉ္စချုပ်မယ်ကွဆိုတော့—တဏှာ၊ တဏှာဆိုတာ တကာ တကာမတို့ ပပဉ္စဘဲ၊တဏှာ မာန ဒိဋ္ဌိကို ပပဉ္စလို့ မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

ပပဉ္စ တရား ဟာ တဏှာ မာန ဒိဋ္ဌိဘဲ မဟုတ် ဘူး လား....(မှန်ပါ့) ဟောဒီတဏှာ ချုပ်ကတည်းက တဏှာနဲ့ တွဲပြီး မာနကကော....(ချုပ်ပါတယ်ဘုရား) ဒိဋ္ဌိကကော.... (ချုပ်ပါတယ်ဘုရား)။

အင်း—ပပဉ္စချုပ်ချင်ယင် မင်းဝေဒနာရှုကွ၊မဟောဘူးလား (ဟောပါတယ်ဘုရား) ပပဉ္စချုပ်ချင်ယင်.... (ဝေဒနာရှုရမယ်) ဝေဒနာရှုကွလို့ဟောလိုက်တဲ့အတွက် ဟောဒီ တဏှာနဲ့ ဒိဋ္ဌိနဲ့ ဆိုတာ တကာ တကာမတို့ ခွဲလို့မရဘူး.... (မှန်လှပါဘုရား)

သဘောကျရဲ့လား.... (ကျပါတယ်) ဒိဋ္ဌိနဲ့ တဏှာဆိုတာ လောဘသဟဂုတ် ဒိဋ္ဌိသမ္ပယုတ္တလို့ဆိုတာ သင်္ဂြိုဟ်ရတဲ့ ပုဂ္ဂိုလ်များ လူတိုင်းသိတယ် မဟုတ်လား....လောဘနဲ့ ဒိဋ္ဌိနဲ့ ဘယ့်နှယ် နေသတုံး....(တွဲနေပါတယ်ဘုရား)။

ဒါဖြင့် တဏှာနဲ့ ဒိဋ္ဌိနဲ့ မတွဲဘူးလား....(တွဲပါတယ်ဘုရား) တဏှာနဲ့ မာနနဲ့ကော....(တွဲပါတယ်ဘုရား)။

ဒါဖြင့် ဒီအထဲမှာ တဏှာ မာန ဒိဋ္ဌိ သုံးခု စုံမနေပေဘူးလား....(စုံနေပါတယ်ဘုရား)။အဲ....ဒိဋ္ဌိဖြစ်လို့ရှိယင် မာန-လာမှာဘဲ....(မှန်ပါ)။

အဲဒီတော့ ဒါချုပ်ချင်လို့ရှိယင် ဒီဟာသွင်းမှရမယ်၊ တကာ တကာမတို့....(မှန်ပါ) (**တဏှာချုပ်ချင်ယင် မဂ်သွင်းဆိုလို၏**) ဝေဒနာရှုတဲ့ မဂ်ကို (သွင်းမှရပါမယ်)သွင်းမှရမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်)။

ဒါဖြင့် သွင်းတတ်ကြပလား....(သွင်းတတ်ပါပြီ) အဲဒီတော့ အိမ်ရောက်တဲ့အခါ လုပ်ဘို့ ဘန်းကြီးက လုပ်နည်းကလေး နည်းနည်းပြောလိုက်ပါဦးမယ်။ အိမ်ကျတော့ ခင်ဗျားတို့ အလုပ်ကလေးကိုရှု၊ ဖြူတာကိုလဲသိ၊ စိမ်းတာကိုလဲသိ၊ သိရာကနေ ငါးမိနစ်၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် သိပြီးပြီဆိုလို့ရှိယင် နောက်ကျတော့ ခန္ဓာကိုယ်ထဲက ယားတာ၊ နာတာ၊ ကောင်းတာတွေ ပေါ်လာလိမ့်မယ်....ပေါ်လာယင် ရှုတာ ရှိုက်တာ အကုန်ချုပ်လိမ့်မယ်။ ချုပ်ပြီး ဒီဟာကလေးကို ဩော်.... ဒါကလေးတွေက ဖြစ်ပျက်ကလေးတွေပါကလား၊ ဖြစ်ပျက်ကလေးတွေပါကလား၊ဖြစ်ပြီးပျက်နေတာပါကလား၊ဖြစ်ပြီးပျက်နေတာ

ပါကလားလို့ သိလာလိမ့်မယ်....(မှန်ပါ့ဘုရား) သဘောကျပ လား....(ကျပါပြီ)။

ပဌမ ရှုရှုကြိတဲ၊ မှန်မှန်ရှု၊ မှန်မှန်ရှုကြိပြီး ဆယ့်ငါးမိနစ် ရအောင် စိတ်-ဘယ်မှ မပြေးရအောင် နေလိုက်ထာပေါ့၊သမထ လုပ်ငန်းကစ၍ မှတည်လိုက်တာပေါ့.... (မှန်ပါ့) သဘောပါပ လား....(ပါ-ပါပြီ)။

မှတည်ပြီး ဘာလုပ်ရမလဲ....(ဝေဒနာပေါ်ရာလိုက်)သဘော ပါကြပလား....(ပါ-ပါပြီ) ဘာလိုက်ရမလဲ....(ဝေဒနာပေါ်ရာ လိုက်ရပါ့မယ်) ဝေဒနာပေါ်ရာ ဟောဒီမဂ်နဲ့လိုက်ပါ။

ဝေဒနာက ဒါဖြင့် သုခဝေဒနာဆိုလဲ့ တကိုယ်လုံးမှာ သူပေါ် ချင် ပေါ်မယ်....(မှန်ပါ့) ဒုက္ခဝေဒနာကော.... (တကိုယ်လုံးမှာ ပေါ်မယ်) သောမနဿဝေဒနာ ဝမ်းထဲပေါ်မယ်.... (ပေါ်ပါ တယ်) ဒေါမနဿဝေဒနာကော.... (ဝမ်းထဲပေါ်မယ်) ဝမ်းထဲ ပေါ်မယ်။

နောက်ပြီး ဒီမျက်လုံးက ဘာဝေဒနာပေါ်မယ်....(ဥပေက္ခာ ဝေဒနာပေါ်မယ်)။

နားက....(ဥပေက္ခာ ဝေဒနာ)။

နှာခေါင်းက....(ဥပေက္ခာဝေဒနာ)။

လျှာက....(ဥပေက္ခာဝေဒနာ)။

အဲ....ဝမ်းထဲကျတော့.... (သောမနဿ) အဲ....သောမနဿ ဒေါမနဿ ဥပေက္ခာ သူပေါ်ချင်ရာ ပေါ်လိမ့်မယ်၊ အာရုံနဲ့ တိုက်ဆိုင်တာ ပေါ်မှာဘဲ....(မှန်ပါ့ဘုရား)သဘောကျပလား.... (မှန်ပါ့) အဲဒီပေါ်ရာကို ဘာနဲ့လိုက်ရမလဲ(မဂ်နဲ့ လိုက်ရမယ်) မဂ်နဲ့လိုက်ရမယ်၊ ဝိပဿနာမဂ်ငါးလုံးနဲ့ လိုက်ရမယ်။သမ္မာဒိဋ္ဌိ,

သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ ဝိပဿနာမဂ်င်ါးလုံး၊ သူတို့က ခွဲမရဘူး.... ဦးခင်မောင်ရဲ့.... (မှန်လှပါ)။

ရှုတော့ ဒီငါးလုံးနဲ့ ရှုတာချည်းပေါ့ (မှန်လှပါ) သဘောကျပလား-(မှန်ပါ့)ဒါဖြင့် မဂ် ရ-ရပါလို၏လို့ ဆုတောင်းရမှာလား....လိုက်ပြီးရှုလို့ မဂ်ဖြစ်တာလား.... (လိုက်ရှုလို့ မဂ်ဖြစ်တာပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

မဂ် ရ-ရပါလို၏လို့ ဆုတောင်းရမှာလား....လိုက်ပြီး ရှုတာနဲ့ မဂ်ဖြစ်လာတာလား.... (လိုက်ရှုလို့ မဂ်ဖြစ်တာပါဘုရား) လိုက်ရှုလို့ မဂ်ဖြစ်တာဆိုသဖြင့် ခင်ဗျားတို့က မဂ်ကိုတခါတည်း တောင်းယူလို့ ရတဲ့ပုံမျိုး မှတ်ပြီးသကာလ နေ့တာက အတော်အရုပ်ဆိုးနေတယ်(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

တောင်းယူလို့ရတဲ့ ပစ္စည်းတမျိုးတဲ့၊ နတ်ရွာသုဂတိမျိုးကျတော့ လှူလည်းလှူ-တောင်းလည်းတောင်း ဆိုလို့ရှိယင် တကာသစ်-ရပါတယ်နော်....(မှန်လှပါ)။

မဂ်ကတော့ တောင်းယူလို့တော့မရဘူး တကာသစ်ရေ့၊ ရှုမှဖြစ်မယ်(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ) မဂ်ကဘာတုံး-(ရှုမှဖြစ်ပါတယ်) ရှုမှဘဲဖြစ်မယ်ဆိုတာ တရားတပွဲလုံး သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

မရှုဘဲနဲ့ နေလို့ရှိယင် ခင်ဗျားတို့ စဉ်းစားကြည့်-မရှုတော့ ဝေဒနာ တဏှာ ဥပါဒါန် ကံ လာမယ်၊ဒါဘဲသွားမယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကဲ....ခင်ဗျားတို့ သူများပြောလား....လက်တွေ့လား.... စဉ်းစားစမ်း.... (လက်တွေ့ပါဘုရား) မောင်ကို ဝေဒနာ....(တဏှာ ဥပါဒါန် ကံ) ဒါမှရှုဘဲနေယင် ဒီ

အတိုင်းသွားမှာဘဲ (မှန်ပါ့) ဒီ့ပြင် ဘာပါသေးသလဲ....(မပါပါဘူး) ကဲ-ရှုတယ်ဆိုတော့ ရှုလိုက်ပါပြီတဲ့ တကာ တကာမတို့၊ ရှုလိုက်တဲ့အခါ ဝေဒနာပေါ်တာတွေက သူမျှားမမေးနဲ့ လိုက်၊ လိုက်သာလိုက် ဦးခင်မောင်ရ....(မှန်ပါ့)

ဝေဒနာနိရောဓော....(တဏှာနိရောဓော)။
ဒါရှုလို့ ဖြစ်တာ....(မှန်ပါ့)။
မရှုယင်....(မဖြစ်ပါဘူး)။

ဒါဖြင့် လိုက်-လိုက်တဲ့အခါကျတော့ တဏှာ ဉပါဒါန် ကံတွေ ဘယ့်နှယ်နေသတုံး....(ချုပ်သွားပါတယ်)။

ဒါဖြင့် မဂ်ဆိုတာမျိုးဟာ တကာတကာမတို့ ပွားယူရမည့် အမိပ္ပါယ်ဆိုတာ ပေါ်ပလား....(မှန်ပါ့ဘုရား)ရှုရမည့်အဓိပ္ပါယ် ဆိုတာကော....(ပေါ်ပါပြီ)။

အဲဒါကြောင့် ဝိပဿနာမဂ်မှာ ပွားရမယ်၊ (မှန်ပါ့) လောကုတ္တရာမဂ်ကျတော့ မပွားပါနဲ့၊ တကြိမ်တည်းနဲ့ ပြီးလိမ့်မယ်၊ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဝိပဿနာမဂ်မှာ....(ပွားရပါမယ်) လောကုတ္တရာမဂ်ကျတော့-(ပွားဘို့မလိုပါဘူး) ပွားဘို့ မလိုဘူး၊ မဂ္ဂါဘိညာ သကိံ မတာ ဆိုတဲ့အတိုင်း တကြိမ်တည်းနဲ့ ပြီးတယ်၊ (မှန်ပါ့) ဝိပဿနာမဂ်မှာ....(ပွားရမယ်)လောကုတ္တရာမဂ်မှာ.... (တကြိမ်တည်းနဲ့ ပြီးတယ်) တကြိမ်တည်းနဲ့ ပြီးမယ်၊ ပွားဘို့မလိုဘူး။

သို့သော် တကာ တကာမတို့ ဝိပဿနာ မဂ်တည်းဟူသော ရှေ့သွားရှိမှ တကြိမ်တည်းဆိုတဲ့ လောကုတ္တရာမဂ်က ပေါ်တာ (မှန်ပါ့) သူ ရှေ့သွားမရှိယင်....(မပေါ်ပါဘူး) ဝိပဿနာမဂ်

ရှေ့သွားမရှိယင် နောက်ကမဂ် တကြိမ်လာနိုင်ပါ့မလား (မလာနိုင်ပါဘူး) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် မဂ်ကိုပွားရမယ်၊ ပွားရမယ်ဆိုတာ လောကီမဂ်ကိုဆိုတာလား....လောကုတ္တရာမဂ်ကို ဆိုတာလား....(လောကီမဂ်ကိုဆိုပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ပွားပါလို့ ဆိုတာ ဆရာဘုန်းကြီးက တပွဲလုံး တိုက်တွန်းတယ်၊ (မှန်ပါ့ဘုရား)

အင်မတန်ခင်မင်တဲ့ ဆွေမျိုး ဉာတကာတွေလို အင်မတန်ရင်းနှီးနေလို့ မတော်ဘူးသောသူမည်သည် မရှိလို့ ဒီဥစ္စာ သာသနာတွင်းကြုံလို့ တိုက်တွန်းနိုင်တဲ့ ပါးစပ်ပါတာနော် (မှန်ပါ့ဘုရား)သာသနာတွင်း မကြုံလို့ရှိယင် ဒီအသံထွက်လို့ကို မရဘူး (မှန်ပါ့) ရနိုင်ပါ့မလား....(မရနိုင်ပါဘူး) အဲဒါကြောင့် ဒီအရေးထက် ကြီးတဲ့အရေး ခင်ဗျားတို့မှာ ရှိသေးရဲ့လား.... (မရှိပါဘူးဘုရား)။

အကုသိုလ်တွေက ကိုယ့်မှာ အများကြီး မဟုတ်လားဗျာ....(မှန်ပါ့ဘုရား) အဲဒါတွေကို ဒီမဂ်နဲ့မှ မဖြတ်လို့ရှိယင် ဦးခင်မောင် ဘာနဲ့ဖြတ်မလဲ....(ဘာနဲ့မှ ဖြတ်လို့မရပါဘူး)သဘောကျကြပလား....(ကျပါပြီ)။

ကြည့်ပါတဲ့၊ တသက်လုံး မုဆိုးလုပ်နေတာ မဂ်နဲ့ဖြတ်လိုက်တဲ့အခါကျတော့ မုဆိုးကြီး လင်မယားတို့ နိဗ္ဗာန်မသွားဘူးလား၊ သွားသလား....(သွားပါတယ်) သဘောကျပလား-(ကျပါပြီ) ကဲ-ဒါဖြင့် တကာ တကာမတို့ မဂ်နဲ့ ဖြတ်လိုက်တော့လဲတဲ့ အကုသိုလ်တွေဟာ မသေဘူးလား....(သေပါတယ်)။

ပဥ္စာနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိကံ မှတပါး ကျန်တဲ့ဥစ္စာတွေ အကုန် မဂ်နဲ့ဖြတ်နိုင်တယ်၊ (မှန်ပါ့) ရှင်းပလား....(ရှင်း

ပါပြီ) အဲဒါ ဒီ တရားတပွဲလုံးမှာ မိဘသတ်တဲ့ကံ ပါတဲ့လူ တယောက်မှမရှိဘူး၊ (မရှိပါဘူး) နိယတ မိစ္ဆာဒိဋ္ဌိလဲ မရှိပါဘူး၊ (မရှိပါဘူး) ကံ- ကံ၏အကျိုးကို ယုံတဲ့ပုဂ္ဂိုလ်ချည်းဘဲဆိုတာ သဘောကျပလား....(ကျပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ အဲဒီကမ္မဿကတဉာဏ်နဲ့ မနေဘဲနဲ့ ဟောဒီမဂ်ဉာဏ်ကလေး ပွားပေးပါဆိုတာ ယနေ့ လေးလေးနက်နက် တိုက်တွန်းတယ်(မှန်လှပါဘုရား) မတိုက်တွန်းသင့်ဘူးလား....(တိုက်တွန်းသင့်ပါတယ်ဘုရား)။

တကာ တကာမတို့....ဘုန်းကြီးက ကြွေးတင်နေလို့လား.... ခင်ဗျားတို့ ကြွေးတင်နေလို့ ခင်ဗျားတို့ကြွေး ခင်ဗျားတို့ဆပ်ပါလို့ ခိုင်းတာလား....(တပည့်တော်တို့ ကြွေးတင်နေလို့ ဆပ်ခိုင်းတာပါဘုရား) အဲ....ခင်ဗျားတို့တင်နေတဲ့ကြွေး ခင်ဗျားတို့ဆပ်မှ ရမယ်၊ ဘုန်းကြီးတင်နေတဲ့ကြွေးကို.... (ဘုန်းကြီးဆပ်မှရမယ်) ဘုန်းကြီး ဆပ်မှရမယ်ဆိုတော့ မောင်ကိုရေ-ရှင်းပလား....(ရှင်းပါပြီ)။

သားမယားက လိုက်ဆပ်လို့ကော....(မရပါဘုရား)မရဘူး၊ ဆွေမျိုးဉာတိက လိုက်ဆပ်လို့ကော.... (မရပါဘူး) မရဘူးတဲ့ ကိုယ့်လောဘက ကိုယ့်ကံစုတာ၊သူတို့လောဘကလဲ သူတို့ကံစုတာ (မှန်ပါ့) ကျုပ်တို့လောဘကလဲ....(ကိုယ့်ကံစုတာ) ကျုပ်တို့ ကံကိုစုထားတယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီအတိုင်းဘဲ မဂ်နဲ့မဖြတ်သ၍ ကာလပတ်လုံး ဘယ်တော့ကျေတယ်လို့ ထုံးစံရှိပါသလား.... (မရှိပါဘူး)ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် မဂ်နဲ့ဖြတ်နည်းကလေး ပြောကြပါစို့ဆိုတော့ သိကြားဖြတ်ပုံက တကာ တကာမတို့ သုခဝေဒနာပေါ်လဲ သူ ဖြစ်ပျက်ရှုတာဘဲ(မှန်ပါ့)ဒုက္ခဝေဒနာ ပေါ်ကော-(ဖြစ်ပျက်ရှုတာဘဲ) ဥပေက္ခာဝေဒနာ ပေါ်ကော....(ဖြစ်ပျက်ရှုတာဘဲ)။

ကိုင်း....ဒီနေ့ ဒီတွင် တော်ကြစို့။

သာဓု....သာဓု....သာဓု

☆

**ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့- ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော**

**သင်္ခတ ဒုက္ခမှ အသင်္ခတ နိဗ္ဗာန်ပေါ်လာပုံ**

# တရားတော်

(၅-၂-၆၁)

တကာ တကာမတို့....သင်္ခတ တရားကို ပဋိစ္စသမုပ္ပါဒ်တရားနှင့် သင်္ခတ တရားဟာ အတူတူဘဲဆိုတာကို ယနေ့ရှင်းပြမယ်(မှန်ပါ့ဘုရား)အဲဒီတော့ ဒီမနေ့က ပြောခဲ့တဲ့ တကာ တကာမတွေ ခန္ဓာကိုယ်ကြီးဟာ ဝေဒနာက္ခန္ဓာကိုယ်ကြီးလို့ ပြောလိုက်တယ်၊ ဝေဒနာက္ခန္ဓာဆိုတာ တကာ တကာမတွေ မှတ်ထားပါ၊ ဝေဒ-

မြဲလိမ့်မယ်၊ ခိုင်လိမ့်မယ်၊ တည်တံ့လိမ့်မယ်ဆိုတဲ့ဥစ္စာ ပြောစရာ အချက်အလက် အကွက် ပါ-ပါရဲ့လား....(မပါ-ပါဘူး)။

ဘာပြုလို့တုံးဆိုလို့ရှိယင် ပြုပြင်လို့ ပေါ်လာတဲ့ သင်္ခတ တရားလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (ပြုပြင်လို့ ပေါ်လာတဲ့ သင်္ခတ တရားပါ) ပြုပြင်လို့ ပေါ်လာတဲ့ သင်္ခတ တရားဖြစ်တော့ ပြုပြင်တဲ့ အရှိန်အစော်လဲ ကုန်ပါရော— ပျက်စီးခြင်းသို့ရောက်ပါရော ဆိုလို့ရှိယင် သဘောကျပလား.... (ကျပါတယ်)။

ဒါဖြင့် ခန္ဓာငါးပါးကို ဘာတရားလို့ ခေါ်ကြမယ်(သင်္ခတ တရားပါ) သင်္ခတ တရားလို့ ခေါ်ဖြစ်အောင် ခေါ်ကြပါ တကာ တကာမတို့....(မှန်ပါ့) သင်္ခတတရားလို့ ခေါ်ဖြစ်အောင် ခေါ်လိုက်တဲ့အခါကျတော့ ရှင်းသွားတယ်၊ ကြော်.... သင်္ခတ တရားဆိုတာ ပြုပြင်မှု ပေါ်တဲ့တရား၊ သင်္ခတတရားဆိုတာ ဘာ ဆိုကြမယ်....(ပြုပြင်မှုပေါ်တဲ့ တရားပါဘုရား) ပြုပြင်မှုပေါ်တဲ့ တရားကို ဘာတရားလို့ခေါ်ကြမယ်....(သင်္ခတ တရားပါ)။

ဒါဖြင့် တကာ တကာမတို့ ရှေးတုန်းက ပြုပြင်လို့ပေါ်ပြီး ပြုပြင်တဲ့တရားက အကြောင်းတွေ သိမ်းလိုက်တဲ့အခါကျတော့ သင်္ခတ ခန္ဓာကြီး ဟာ ပျက်စီးခြင်း သို့ ရောက် တယ်၊ (ရောက်ပါတယ်) ဒီလိုရောက်လာတာ ဘယ်လောက်ကြာပလဲလို့ မေးလို့ ရှိယင် ဘယ့်နှယ်ဖြေကြမလဲ....(မရေတွက်နိုင်ပါဘူး) မရေတွက် နိုင်ဘူးဆိုတဲ့ အဖြေတွေ အများကြီးထွက်မယ်....(ထွက်ပါတယ် ဘုရား) ကိုင်း....တကာ တကာမတို့ ကံကပြုပြင်လိုက် စိတ်က ပြုပြင်လိုက် ဥတုကပြုပြင်လိုက်တော့ ဒီခန္ဓာငါးပါးကြီးဟာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

သူ့ကို ဘာတရားခေါ်ကြမလဲ....(သင်္ခတတရားပါ) သင်္ခတတရား၊ သူ့ပြုပြင်တဲ့ အကြောင်းတွေက သတ္တဝါတွေက ကုန်သွားတဲ့အခါကျတော့ ခန္ဓာငါးပါးကြီးဘာလုပ်ကြမယ်.... (ပျက်စီးပါတယ်)ပျက်စီးသွားတယ်ဆိုတာ ဦးခင်မောင် ကျေနပ်ပလား-( ကျေနပ်ပါပြီ ) ဒါဖြင့် သူ့ကို ဘာ တရား ခေါ် ကြမယ် .... (သင်္ခတတရားပါဘုရား)။

ဪ....ဒါဖြင့် ကျုပ်တို့ သင်္ခတနယ်ထဲနေရတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ) ဘယ်ထဲမှာ နေကြရတယ်.... (သင်္ခတနယ်ထဲနေကြရပါတယ်) သင်္ခတ နယ်ထဲနေရတယ်ဆိုတာ တကာ တကာမတို့ သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် သင်္ခတထဲနေလို့ ရှိယင် ဖြစ်လိုက် ပျက်လိုက်ဆိုတာ သေချာပလား....(သေချာပါတယ်) သင်္ခတထဲနေယင်....(ဖြစ်လိုက် ပျက်လိုက်)။

သင်္ခတထဲနေယင် .... (ဖြစ်လိုက် ပျက်လိုက်) ဖြစ်လိုက် ပျက်လိုက် နဲ့ နေ ရ တော့ မယ် ဆိုလို့ ရှိယင် တကာ တကာမတွေက ဪ....ဒီခန္ဓာကြီး ရ-ထားတာ ကောင်းကောင်းမနေရ၊ ခဏခဏ ပျက်နေတဲ့ခန္ဓာကြီးပါကလားဆိုလို့ ရှိယင် လွဲသေးသလား (မလွဲပါဘုရား)ဘယ့်နှယ်ကြောင့် ခဏခဏဖြစ် ခဏခဏပျက်ပါလိမ့်မတုံးလို့ သူ့ကို မေးကြည့်ပြန်တော့ သူက သင်္ခတတရားလို့ အစီရင်ခံပါလိမ့်မယ် သင်္ခတ တရားလို့ အစီရင်မခံဘူးလား-(ခံပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ **သင်္ခတဓမ္မာ**ဆိုတာ ဒီဥစ္စာပါဘဲ ပြု ပြင် နိုင် မှ ဖြစ် ပေါ် တဲ့ တ ရား ကို ဘာတရားခေါ်ကြမယ်.... (သင်္ခတ တရားပါ) ကိုင်း- ဒါဖြင့် တကာ တကာမတို့ သင်္ခတ

ဒုက္ခ သင်္ခါရဒုက္ခ အတူတူပါဘဲတဲ့၊ ဒီခန္ဓာကြီး ရ-ထားကတည်း ကိုက တကာ တကာမတို့ အစားနဲ့ ပြုပြင်ရတာကတမျိုး၊ အ ဝတ်နဲ့ ပြုပြင်ရတာကတမျိုး၊ ကံနဲ့ပြုပြင်ရတာကော.... (ပါ-ပါတယ်ဘုရား)။

အာဟာရနဲ့ပြုပြင်ရတာကော....(ပါ-ပါတယ်)အာရုံတွေနဲ့ ပြုပြင်ပေးနေရတာကော....(ပါ-ပါတယ်)ဒါဖြင့် ဒီထဲမှာ ခဏ ခဏ တနေ့မှ မပြုပြင်ရတဲ့အချိန်မရှိ၊တနာရီတစက္ကန့်မှမနားမနေ ပြုပြင်နေရတဲ့ အချိန်ချည်းဘဲလို့ ဆိုလို့ရှိယင် လွဲပါ့မလား.... (မလွဲပါဘူး)။

ဒါဖြင့်ဘာတရားပါလိမ့်....(သင်္ခတတရားပါ)တကာ တကာ မတို့ကျုပ်တို့ခန္ဓာကိုယ်ကြီး ရ-ထားတာကဖြင့် ပြုပြင်ပြီးသကာလ နေရတာဘဲ၊ ဘာပြုလို့ ထပ်ပြန်တလဲလဲ ပြုပြင်ရသလဲလို့ ဆရာဘုန်းကြီးက မေးလို့ရှိယင် ပျက်ပျက်သွားလို့....ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ....(ပျက်ပျက်သွားလို့ပါဘုရား)။

ပျက်ပျက်သွားတော့ မပြုပြင်ယင်လဲ အစားထိုးစရာ ရှိ သေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ခန္ဓာကိုယ်ကြီးကို ဘာတရား လို့ ခေါ်ကြမလဲ....(သင်္ခတတရားလို့ ခေါ်ပါတယ်)။

အဲ....သင်္ခတဆိုတာတော့ ဖြစ်မှုပျက်မှုရှိတယ်လို့ မှတ် လိုက်စမ်းပါ(မှန်လှပါဘုရား) ဦးခင်မောင်....ဘာခေါ်ကြမယ် (ဖြစ်မှုပျက်မှုပါဘုရား)ကိုမြရွှေ-ဘာခေါ်မယ်.... (ဖြစ်မှုပျက်မှု ပါဘုရား) ဖြစ်မှုပျက်မှုဆိုယင် ပြုပြင်လိုက်ယင်ဖြစ်တာဘဲ၊ မပြု ပြင်လိုက်ယင်....(မဖြစ်ပါဘူး) ပြုပြင်လိုက်ယင်ဖြစ်တယ်၊မပြုပြင် လိုက်ယင်....(မဖြစ်ပါဘူး)။

ဒါဖြင့် ကျုပ်တို့ ခန္ဓာငါးပါးကြီးကို ဘာတရား ခေါ်ကြမလဲ.... ( သင်္ခတတရားပါဘုရား ) သင်္ခတတရား ခေါ်ကြတော့ ဩော်....ခန္ဓာကိုယ်ကြီးဟာ ပြုပြင်နိုင်မှ ဖြစ်ပေါ်ကြတဲ့ သင်္ခတ တရားတွေပါကလားလို့ ယနေ့ သေသေချာချာ မှတ်ထားပါ (မှန်လှပါ)။

အဲဒီတော့ ဒီသင်္ခတတရားကိုဘဲ တကာ တကာမတို့ ပဋိစ္စ သမုပ္ပန္နတရားလို့လဲဆိုပါ ဦးခင်မောင်ရဲ(မှန်လှပါဘုရား)ပဋိစ္စ သမုပ္ပန္နတရားလို့လဲ ဆိုလိုက်စမ်းပါ (မှန်ပါ) ဘာပြုလို့တုံး၊ ဟေတု-အကြောင်းတွေက ပြုပြင်တော့ ဒါဟာ အကျိုးတရား မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) ပဋိစ္စသမုပ္ပါဒ် အကြောင်း ကြောင့် ပေါ်လာတဲ့အကျိုး ခန္ဓာကြီးဆိုယင်လဲ လွဲပါ့မလား-(မလွဲပါဘူး)။

ဒါဖြင့် သူ့ကို သင်္ခတတရားလို့ကော ဆိုလိုလဲ-ဆိုပါတော့ ပဋိစ္စသမုပ္ပန္နတရားလို့လဲ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ် ဘုရား)။

ဒါဖြင့် သင်္ခတတရားလို့လဲ ဆိုနိုင်၊ပဋိစ္စသမုပ္ပန္နတရားလို့လဲ ဆိုနိုင်တယ်ဆိုတာကော သဘောကျပလား....(ကျပါပြီ)ဒါဖြင့် တကာ တကာမတွေသန္တာန် ပေါ်လာတဲ့ ဥပမာ ဒီထဲမှာ ဝေဒနာ ပါတယ်၊ဝေဒနာက မကုန်သေးလို့ ဝေဒနာပစ္စယာ တဏှာ ဆိုပြန်တော့ ဝေဒနာက မပြုပြင်ဘဲနဲ့ တဏှာ ပေါ်ပါ့မလား-(မပေါ်ပါဘူးဘုရား)။

ဒါဖြင့် ဒီတဏှာကိုလဲ ဘာတရားခေါ်မလဲ (သင်္ခတ တရားပါ)သင်္ခတတရားဘဲ ခေါ်ရလိမ့်မယ်၊ သဘောကျပလား.... (ကျပါပြီ)။

တဏှာပြီး ဥပါဒါန်ဆိုတာကော တဏှာက ပွားပြင်လို့ ဥပါဒါန်ဖြစ်လာသောကြောင့် သူ့ကို ဘာခေါ်ကြမလဲ-(ပဋိစ္စသမုပ္ပန္နတရား) သင်္ခတတရား ပဋိစ္စသမုပ္ပန္နတရား၊ စေတနာဆို အတည့်ဘဲ(မှန်ပါ့)မတည့်ဘူးလား....(တည့်ပါတယ်) ဥပါဒါန ပစ္စယာ ကမ္မဘဝေါ ဆိုတာကော....(သင်္ခတတရားပါ)။

အင်း....သင်္ခတတရား ပဋိစ္စသမုပ္ပန္နတရားလို့ အားလုံးတရားနာတဲ့ တကာ တကာမတွေ မှတ်လိုက်စမ်းပါ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီတရားတွေဟာ ပွားပြင်လိုက် ပျက်လိုက်၊ ပွားပြင်လိုက် ပျက်လိုက်၊ ပွားပြင်တဲ့တရားကလဲ ပွားပြင်လိုက် ပျက်စီးသွားလိုက် ပွားပြင်လိုက် ပျက်စီးသွားလိုက် ဆိုတဲ့အဓိပ္ပါယ် ရှင်းပလား....(ရှင်းပါပြီ)။

ဒါကြောင့် ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာ-ရှိပါလိမ့်မတုံးလို့ မေးကြပါစို့နော်....၊ တကာ တကာမတွေ ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာ-ရှိပါလိမ့်မတုံးလို့ မေးကြတဲ့အခါကျမှ ပွားပြင်တုန်း ပေါ်တာဘဲ၊ပွားပြင်တဲ့အချိန်-ပေါ်၊ ပေါ်တဲ့အချိန် ပျက်စီးတာဘဲဆိုတော့ ဒီခန္ဓာကိုယ်ကြီးမှာ ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိတယ်(မှန်ပါ)ဘယ်လို မှတ်ကြမလဲ....(ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိပါတယ်ဘုရား)။

ဒီခန္ဓာကိုယ်ကြီး၏ စွမ်းရည်သတ္တိ ပြောစမ်းပါ တကာ တကာမတွေ ဘယ်လိုပြောကြမလဲ.... (ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိပါတယ်ဘုရား) ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ပြော်....ဒါဖြင့် တကာ တကာမတို့ တသံသရာလုံးမှာ ကျုပ်တို့သည် ဖြစ်ပျက်နဲ့ဘဲ၊ ဖြစ်လိုက် ပျက်လိုက်....အင်း.... မွေးလိုက် သေလိုက်ဆိုကြပါစို့.....၊မြန်မာလို ပြန်တော့နော်.... (မှန်ပါ့ဘုရား) မွေးလိုက် သေလိုက်နဲ့ အချိန်ကုန်လာကြတယ် ဆိုတာဟာ မရှင်းကြသေးဘူးလား....(ရှင်းပါပြီဘုရား) အနား ကော ရှိခဲ့ရဲ့လား....(မရှိပါဘုရား)။

မွေးလိုက်....(သေလိုက်ပါဘုရား)။

မွေးလိုက်....(သေလိုက်ပါဘုရား)။

မွေးလိုက် သေလိုက်ဘဲ ခင်ဗျားတို့ ကျုပ်တို့ နေခဲ့ရပါတယ် ဆိုတာ တကာ တကာမတွေ ငြင်းဘို့ လိုသေးသလား....(မလို ပါဘူးဘုရား)။

ဒါဖြင့် ဒီဇာတ်ကို ခင်ဗျားတို့ ဘာဖြစ်လို့ မသိမ်းချင်ပါ လိမ့်မလဲ....မွေးလိုက် သေလိုက်·မွေးလိုက် သေလိုက်၊ မွေးလို့ ရှိယင်လဲ မသေဘဲနဲ့ ခိုင်မြဲနေလို့ရှိယင်လဲ တော်သေးရဲ့၊ အခုတော့ မွေးလိုက် သေလိုက်၊ဖြစ်လိုက် ပျက်လိုက်၊မွေးလိုက် သေလိုက်· ဖြစ်လိုက် ပျက်လိုက် ဆိုဘဲ့ဥစ္စာ ဦးခင်မောင်တို့- ကိုမြရွှေတို့ ဘယ်အခါကာလမှ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတွေ မကြည့်ဘူးတာနဲ့ မွေးလိုက် သေလိုက်ကို မတွေ့ဘူး (မှန်လှပါ ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဘယ်အခါကာလမှ ဝိပဿနာဉာဏ်နဲ့ မကြည့်ဘူးတော့ ဘာတွေ့သတုံး....(မွေးလိုက် သေလိုက်) မွေးလိုက် သေလိုက် တွေ့ကြရဲ့လား....(မတွေ့ပါဘုရား)။

ဩော်....မေးလိုက် သေလိုက် မတွေ့တာသည် တကာတကာ မတို ဒါဖြင့် သင်္ခတဒုက္ခ မသိဘူးဘူးပေါ့(မှန်ပါ့ဘုရား) ဒါ ဘာဆိုကြမယ်....(သင်္ခါရဒုက္ခ မသိဘူးဘူး)။

အဲ....သင်္ခါရဒုက္ခကို တကာ တကာမတွေ့က မတွေ့ဘူးတော့ သင်္ခါရဒုက္ခကို တွေ့ဘူးမှသာလျှင် အသင်္ခတဆိုတာ ကြိုက်မယ်၊ သင်္ခါရဒုက္ခ တွေ့ဘူးမှ-အသင်္ခတနိဗ္ဗာန်ကို ကြိုက်မယ်....(မှန်ပါ့) ရှင်းပလား....(မှန်ပါ့) သင်္ခါရဒုက္ခ တွေ့ဘူးမှ ဘာကြိုက်မယ်.... (အသင်္ခတနိဗ္ဗာန်ကိုကြိုက်ပါမယ်)။

ဒါ့ကြောင့် ယနေ့တရား စ-ကတည်းက ဦးခင်မောင်တို့ တကာသစ်တို့ ကိုမြရွှေတို့ သင်္ခတက စ-၍ပြောတယ်(မှန်လှပါ ဘုရား)။

သင်္ခတက စ-ပြောလာတာ ခင်ဗျားတို့ သင်္ခတအကြောင်း ကောင်းကောင်းမသိတဲ့ အခါကျတော့ ဩော်....ကိုယ့်ခန္ဓာကိုယ် ကြီးဟာ ခဏခဏ ဖြစ်ပေါ်လိုက်—ခဏခဏ ပျက်စီးလိုက်၊ ခဏခဏ ဖြစ်ပေါ်လိုက် ခဏခဏ ပျက်စီးလိုက်ကို မသိအောင် အဝိဇ္ဇာက ဖုံးထားတဲ့အခါကျတော့ ဦးခင်မောင်—သိသေးရဲ့ လား....(မသိပါဘုရား)

မသိတော့ ဒီခန္ဓာကြီးဟာ တနေ့ကြည့်လိုက်လဲ အကောင်း တနေ့ကြည့်လိုက်လဲ အကောင်းဘဲလို့ ဒီလိုထင်နေမှာ စိုးတဲ့ အတွက်တဲ့ သင်္ခတကို ယနေ့ရှင်းပြတယ် (မှန်လှပါဘုရား) သဘောကျကြလား....(ကျပါပြီ) ဘာ-ရှင်းပါလိမ့်....(သင်္ခတကို ရှင်းပါတယ်)။

ဒါဖြင့် ဒီတရားတပွဲလုံး တရားဟောတဲ့ပုဂ္ဂိုလ်ရော တရားနာတဲ့ တကာ တကာမတွေရော ဘာတရားတွေတုံး မေးကြယင် ဘယ့်နှယ်ပြောကြမလဲ....(သင်္ခတတရားတွေပါဘုရား)။

သင်္ခတ တရားတွေဆိုတော့ ဩော်....ဟုတ်ပြီ ဒါဖြင့် ယနေ့ဖြင့် သင်္ခတ သဘော သိပြီ၊ ဖြစ်လိုက် ပျက်လိုက်၊ မွေးလိုက် သေလိုက်၊ ဖြစ်လိုက် ပျက်လိုက် မွေးလိုက် သေလိုက် ဒီခန္ဓာကြီး အကြောင်း ကောင်းကောင်း မသိသေးဘူးလား.... (သိပါတယ်ဘုရား)။

တဏှာကလေးကလဲ ဖြစ်ပြီး ပျက်လိုက်သေးတယ်၊ ဝေဒနာကလေးကလဲ ဖြစ်ပြီး ပျက်သွားတော့ သင်္ခတတရားမို့ ဖြစ်ပျက်ဘဲ မနေဘူးလား (နေပါတယ်ဘုရား) ဝေဒနာနောက်က လိုက်လာတဲ့ တဏှာကလေးကကော....(ဖြစ်ပျက်ပါဘဲဘုရား) သင်္ခတတရားမို့ ဖြစ်ပျက်တယ်၊ (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

တဏှာ နောက် က လိုက် လာ တဲ့ ဥပါဒါန်ကလေးကကော ဘယ်လိုဆိုကြမလဲ....(ဖြစ်ပျက်ပါဘဲ) သင်္ခတတရားမို့ ဖြစ်ပျက်ပါဘဲ၊ ဥပါဒါန်နောက်ကလာတဲ့ ကံကလေးကကော-(ဖြစ်ပျက်ပါဘဲဘုရား)။

ဩော် .... ဒါဖြင့် ကျုပ်တို့ သန္တာန်မှာရှိတဲ့ တရားဟူသရွေ့ သင်္ခတ တရား ဖြစ်ပျက်ချည်းဘဲလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ) ကျုပ်တို့သန္တာန်ဖြစ်တဲ့ တရားဟူသရွေ့ ဘယ့်နှယ်ဆိုကြပါမယ်....(သင်္ခတ တရားချည်းဘဲ) သင်္ခတတရားမို့ ဘယ်မှာလမ်းဆုံးပါလိမ့်....(ဖြစ်ပျက်မှာဆုံးပါတယ်)။

ဖြစ်မှု ပျက်မှုမှာ လမ်းဆုံးတယ်လို့ ရှင်းရှင်းလင်းလင်း မှတ်ထားလိုက်စမ်းပါ တကာ တကာမတို့....နော်၊ (မှန်ပါ) သင်္ခတ

တရားဟာ ဘယ်မှာလမ်းဆုံးပါလိမ့်....(ဖြစ်မှု ပျက်မှုမှာ လမ်းဆုံးပါတယ်) ဖြစ်မှု ပျက်မှုမှာ လမ်းဆုံးတယ်ဆိုတာ တကာ တကာ မတွေ့ သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ ဒါက တကာ တကာမတို့ ဘုန်းကြီး များက ဟောရတာက သင်္ခတ တရားမို့ ဖြစ်ပါတယ် ပျက်ပါတယ်ဆိုတာ အခု တရားပွဲထဲမှာ ပြောနေပြွားသော်လဲ အိမ်ကျ တဲ့ အခါကျ တော့ ဉာဏ်ကလေးနဲ့ကြည့်စမ်းပါ-နော်၊ (မှန်ပါ့ဘုရား) အိမ် ကျတော့ ဉာဏ်ကလေးနဲ့ကြည့်စမ်းပါ၊ ဉာဏ်ကလေးနဲ့ ကြည့် လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲက ဟိုနေရာကလဲ ရှရှ-ရှရှ၊ ဒီနေရာကလဲ ရှရှ-ရှရှ၊ ဟိုနေရာက ယားသလို၊ ဒီနေရာက ယံ သလို၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကလေးတွေက ဘာကလေးတွေလို့ ခင်ဗျားတို့ထင်ကြ မလဲ....(ဖြစ်မှု ပျက်မှုပါဘုရား) အင်း.... သင်္ခတတရားမို့ သူတို့ သည် ပေါ်လိုက် ပျက်လိုက်- ပေါ်လိုက် ပျက်လိုက်၊ ဒီလိုမနေ ပေဘူးလား- (နေပါတယ်ဘုရား) အဲဒါ ခန္ဓာရတဲ့ပုဂ္ဂိုလ်မှာဖြင့် ပေါ် လိုက် ပျက်လိုက်နဲ့ သင်္ခတ တရားနဲ့ဘဲ အချိန်ကုန်ရမယ် ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာရတဲ့ပုဂ္ဂိုလ်သည် သင်္ခတ ခန္ဓာကိုယ်ကြီး ဖြစ်လေသော ကြောင့် တကာ တကာမတို့ မွေးလိုက် သေလိုက်- မွေးလိုက် သေလိုက်နဲ့ လမ်းဆုံးရမယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျ ပလား....(ကျပါပြီ)။

ဒါဖြင့် ခင်ဗျား တို့ ဒီအ ထဲ မှာ ဘဲ ပျော်နေတဲ့ပုဂ္ဂိုလ်ဟာ ပြောသ်....ဒုက္ခသစ္စာနဲ့ ပျော်နေတယ်လို့ ဆိုကြပါစို့.... (မှန်ပါ့) ဒီအထဲ ပျော်နေတဲ့ပုဂ္ဂိုလ်များ(ဒုက္ခသစ္စာနဲ့ ပျော်နေပါတယ်)။

ဖြစ်တဲ့ တရားကလဲ သင်္ခတတရား၊ ပျက်တဲ့တရားကလဲ သင်္ခတတရားဘဲ၊ ပြုပြင်နိုင်မှ ပေါ်လာတဲ့တရား၊ မပြုပြင်ယင် ပျက်တဲ့တရား ဆိုတော့ ခင်ဗျားတို့သည် သင်္ခတတရားထဲမှာ ပျော်နေတယ် (ဝါ) ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်လို့ ဆိုကြပါစို့-(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ) ဘာနဲ့ ပျော်နေသလဲ.... (ဒုက္ခသစ္စာနဲ့ ပျော်နေပါတယ်) ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) သင်္ခတတရားဟာ ဖြစ်လိုက် ပျက်လိုက် မနေဘူးလား.... (နေပါတယ်ဘုရား)။

ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဖြစ်ရတာလဲ တကာ တကာမတွေ ဟောပြီးသား ဖြစ်နေတယ်၊ ဖြစ်ရတာလဲ ပျက်မလို့ဖြစ်လာတာ(မှန်ပါ့) တော်တော်ကြာကျတော့ ဒီ ပျက်မလို့ဖြစ်လာတော့ ပျက်လဲမသွားဘူးလား....(ပျက်ပါတယ်)သဘောပါလား....(ပါ-ပါပြီ)ဖြစ်လိုက်ပြီးတော့ ဘာဖြစ်သွားပြန်သတုံး-(ပျက်သွားပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ဘာ-တရားခေါ်ကြမယ်.... (သင်္ခတတရားပါဘုရား) ဒါဖြင့် သဗ္ဗေသင်္ခါရာ ဒုက္ခာဆိုတော့ သူဟာ ဒုက္ခသစ္စာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်) ဘာဖြစ်သွားပါလိမ့်.... (ဒုက္ခသစ္စာဖြစ်သွားပါတယ်) ဒုက္ခသစ္စာဖြစ်သွားတော့ တကာ တကာမတွေ ပျော်နေတာ ဘယ့်နှယ်ကြောင့် ပျော်ပါလိမ့်မတုံးလို့ဆိုတော့ သင်္ခတလည်း မသိ၊ သင်္ခတဟာ ဒုက္ခသစ္စာဘဲလို့ ကောဦးခင်မောင်တို့က ဉာဏ်ဝင်သေးရဲ့လား....(မဝင်ပါဘူး)။

ဉာဏ်မဝင်တော့ကိုတဲ့ တကာ တကာမတို့ မသိပျော်-ပျော်နေတယ်လို့ ဆိုကြပါစို့(မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမယ်-

(မသိပျော်–ပျော်နေပါတယ်ဘုရား) ဘာမသိတာပါလိမ့်-(ဒုက္ခ လို့ မသိတာပါဘုရား) သင်္ခတတရားလို့လဲ မသိဘူး၊ ဒီသင်္ခတ တရားသည် ဒုက္ခသစ္စာပါဘဲလို့ကော....(မသိပါဘုရား)

ဩော်....ဒါဖြင့်တကာ တကာမတို့ သေရင်း ပျော်နေတာဘဲ လို့ဆိုယင်ကော လွဲမလား(မလွဲပါဘုရား)မွေးရင်း ပျော်နေတာ ဘဲ ဆိုယင်ကော....(မလွဲပါဘူး)မွေးလိုက် သေလိုက်အပေါ်မှာ ပျော်နေတာဘဲ ဆိုယင်ကော....(မလွဲပါဘူး)။

ဒါဖြင့် ဦးခင်မောင်တို့ တကာသစ်တို့ ကိုမြရွှေတို့ စဉ်းစား တာပေါ့၊ ဩော်....သေရင်းပျော် - ပျော်နေတာ ပါကလား.... သင်္ခတမမြင်ဘဲနဲ့ – မီးတွေမမြင်ဘဲနဲ့ ပျော်နေတာပါကလား ဆိုယင် လွဲမလား (မလွဲပါဘူးဘုရား)။

ဒါကြောင့် အိမ်ပြန်တဲ့အခါမှာ တကာ တကာမတို့ ခန္ဓာ ကိုယ်ကို စောင့်ပြီးသကာလ ကြည့်စမ်းပါ၊ ဆရာဘုန်းကြီးက ဟောလိုက်တယ်၊ ဘုရားကဟောလိုက်တယ်၊ သင်္ခတာ ဓမ္မာလို့ ဟောလိုက်တယ်။

အဲဒီ သင်္ခတတရားဟုတ်-မဟုတ်၊ပေါ်လိုက်ပျက်လိုက်မှ ဟုတ် ပါရဲ့လားလို့ အိမ်ကျယင် ပြန်ကြည့်ကြပါနော်.... (မှန်ပါ့) ပြန်ကြည့်တဲ့အခါကျတော့ ခန္ဓာက သင်္ခတသဘောဖြစ်နေသော ကြောင့် ဦးခင်မောင် ဘာဘဲပြောမယ်ထင်သလဲ....သင်္ခတလက္ခ ဏာဘဲ ပြောမယ်....(မှန်လှပါဘုရား)။

တကာ တကာမတွေ ဘာပြမယ်ထင်သလဲ....(သင်္ခတ လက္ခ ဏာဘဲ ပြပါတယ်ဘုရား)သင်္ခတသဘောရှိလဲဘာပြောမယ် ထင် တုံး(ဖြစ်ပျက်ပြောမယ်) သင်္ခတလက္ခဏာဘဲ မပြောပေဘူးလား (ပြောပါတယ်ဘုရား) အဲဒီလိုပြောတာကို တကာတကာမတွေ

က ဉာဏ်နားကလေးနဲ့ ထောင်ကြည့်စမ်းပါ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သင်္ခတလက္ခဏာတွေကို သူ မပြောပေဘူးလား....(ပြောပါတယ်)ပြောတာကို ဘာနဲ့ထောင်ကြည့်ရမယ်.... (ဉာဏ်နားနဲ့ ထောင်ကြည့်ရမယ်)ဉာဏ်နားနဲ့ ဘုန်းကြီးတို့ တကာ တကာမတွေက ထောင်ကြည့်လိုက်တဲ့အခါကျတော့မှ ဪ....ဒါဖြင့် ဒို့ဟာ သင်္ခတနယ်ထဲရှိပါသေးကလား....(မှန်ပါ့) ဘယ်နယ်ထဲရှိသတုံး....(သင်္ခတနယ်ထဲ ရှိပါတယ်)။

သင်္ခတနယ်ထဲ ရှိပါသေးကလားဆိုတာ ဉာဏ်ထဲမှာ စိုက်ကြည့်တဲ့ ပုဂ္ဂိုလ်ကျတော့ တွေ့လည်းတွေ့ပြီဆိုတော့ မပြောပေဘူးလား....(ပြောပါတယ်)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဘယ်လိုလုပ်ကြမယ်....၊ သင်္ခတနယ်ထဲမှာဖြင့် ဖြစ်ပြီးပျက်တာမှတပါး ဘာရှိသေးသတုံး....(ဘာမှမရှိပါဘူး)။

ဒါဖြင့် သင်္ခတနယ်ထဲ နေသ၍ကာလပတ်လုံးဖြင့် ခိုင်ပါစေတော့ မြဲပါစေတော့ တည်တံ့ပါစေတော့ဆိုတဲ့သဘောတွေ ရပါ့မလား(မရပါဘူးဘုရား) ဖြစ်လိုက်ပျက်လိုက်ဘဲ နေရမယ်မဟုတ်လား....(နေရပါမယ်)ထိုင်နေရင်းလဲ ဖြစ်လိုက်ပျက်လိုက်ဘဲ၊ သွားနေရင်းလဲ....(ဖြစ်လိုက် ပျက်လိုက်ဘဲ) ရပ်နေရင်းလဲ-(ဖြစ်လိုက်ပျက်လိုက်ဘဲ)။

အေး....ဒါကြောင့် ဖြစ်လိုက်ပျက်လိုက်ချည်းဘဲ အချိန်တွေက အကုန်-ကုန်ပြီးသကာလ ဖြစ်ပျက်နဲ့ဘဲ အချိန်ကုန်နေရတော့ နောက်တခါ ခန္ဓာဆုတောင်းလိုက်ပြန်တော့ ခန္ဓာရလာတာဘဲ (မှန်ပါ့)သင်္ခတခန္ဓာကြီးဘဲ ရပြန်တယ် ဦးခင်မောင်ရ (မှန်ပါ့

ဘုရား)-ဘာရပြန်တုံး.... (သင်္ခါရခန္ဓာကြီးဘဲ ရပြန်ပါတယ်) ရပြန်တော့ ဘာတွေမှာ ကျုပ်တို့အနေနဲ့ ပိုင်ပိုင်ဆိုင်ဆိုင် ရပါ လိမ့်မတုံး....ဆိုတော့ ဖြစ်ပျက်ဘဲပြန်ရတယ်၊သဘောကျပလား- (မှန်ပါ့ဘုရား) ဖြစ်ပျက်ဘဲ ပြန်-မရဘူးလား.... (ရပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဆုတောင်းတာသည် တကာ တကာမတို့ ဖြစ်ပြီးပျက်တဲ့ဒုက္ခ ရ-ရပါလို၏-တောင်းတာနဲ့ ထူးသေးသ လား.... (မထူးပါဘုရား) လူဖြစ်ရပါလို၏ဆိုတော့ ဖြစ်ပျက် သင်္ခါရဒုက္ခ ရ-ရပါလို၏၊ သဘောကျပလား....(မှန်ပါ့)နတ်ဖြစ် ရပါလို၏ဆိုယင်ကော.... (သင်္ခါရဒုက္ခ ရ-ရပါလို၏) ဖြစ်ပျက် သင်္ခါရဒုက္ခ ရ-ရပါလို၏၊ ဗြဟ္မာ ဖြစ်ရပါလို၏ဆိုယင်ကော.... (ဖြစ်ပျက်သင်္ခါရဒုက္ခ ရ-ရပါလို၏)။

ဒါဖြင့် ဦးခင်မောင်တို့ ကိုမြရွှေတို့ စဉ်းစားပါ၊ ဒုက္ခသစ္စာ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်ဟာ ရှုံးလို့လား....—မရှုံးလို့လား — အကဲခတ်ကြည့်စမ်း....(ရှုံးလို့ပါဘုရား)ပေါ်ကြပလား တကာ တကာမတို့....(ပေါ်ပါပြီ)။

ဒုက္ခသစ္စာ ဆုတောင်းယူတာ—သင်္ခါရဒုက္ခ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များ ရှုံး-မရှုံး အကဲခတ်ကြည့်စမ်း—(ရှုံးပါတယ်ဘုရား) ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတာ သဘောကျပလား....(ကျပါပြီ) အန္ဓပုထုဇန် အကန်းဆိုတာကော သဘောကျပလား.... (ကျ ပါပြီ)။

ကိုင်း....ဒါဖြင့် အခု တရားတပွဲလုံး တရားနာနေတဲ့ပုဂ္ဂိုလ် တွေ များပါတယ်၊ ဘာ-ခန္ဓာတွေပါလိမ့်.... (သင်္ခါရခန္ဓာတွေ ပါဘုရား)သင်္ခါရခန္ဓာ.... သဘောကျပြီနော်....(မှန်ပါ့)။သင်္ခါရ

ခန္ဓာဆိုတာ ဘာပါလိမ့်....(ဖြစ်ပျက်ပါဘုရား) ဖြစ်ပြီးပျက်နေတဲ့ တရားတွေဘဲရှိတယ်(မှန်ပါ့) ခိုင်တဲ့ မြဲတဲ့တရား ဒီအထဲမှာ ပါသေးသလား....(မပါ-ပါဘူး)ဘယ်တရားတွေသာ ရှိပါလိမ့်–(ဖြစ်ပြီးပျက်တဲ့တရားဘဲ ရှိပါတယ်) ဖြစ်ပြီး ပျက်တဲ့တရားမှ တပါး ဘာရှိသေးသလဲ.... (ဘာမှမရှိပါဘူး) အကြိမ်ပေါင်း များစွာ ဖြစ်ပျက်နေတယ်ဆိုတာကော မသေချာဘူးလား....(သေချာပါတယ်)။

အဲဒါဖြင့် သေချာတော့မှ ဗြောင်....ဒွိသည်ကားလို့ ဆိုလို့ ရှိယင် သင်္ခတ-သိမှ ဘုန်းကြီးက တကာ တကာမတို့ အသင်္ခတ ဆိုတာ ကူးကြပါလို့ ပြောရတယ်၊ (မှန်လှပါဘုရား) သင်္ခတမှ လည်လည်ပတ်ပတ် ဘုန်းကြီးကပြောလို့ တကာ တကာမတွေက နားမဝင်ကြသေးဘူးဆိုယင် သင်္ခတဘဲ ပြောနေရမယ်၊ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

သင်္ခတမှ သဘောမကျလို့ရှိယင် အသင်္ခတ နိဗ္ဗာန်ကို တကာ တကာမတို့ ဘယ်သူသွားချင်မလဲ၊ (မှန်လှပါ) သွားချင်ပါ့ မလား-(မသွားချင်ပါဘူးဘုရား) သင်္ခတဒုက္ခကိုမှ နားမလည်တဲ့ ပုဂ္ဂိုလ်များသည် အသင်္ခတဓါတ် နိဗ္ဗာန်မြတ်ကို ဘယ်လိုရောက် ချင်စိတ်ဟာ ဘယ်လိုကူးကူး မပေါ်ဘူး၊ (မှန်လှပါဘုရား) ဦး ခင်မောင် ပေါ်ပါ့မလား .... (မပေါ်ပါဘူးဘုရား) ကိုမြရွှေ ပေါ်ပါ့မလား.... (မပေါ်ပါဘူးဘုရား) ဘာသိမှတုံး ဒါဖြင့် (သင်္ခတသိမှပါဘုရား) သင်္ခတ ဒုက္ခသိမှ အသင်္ခတ သုခကို ကြိုက်မယ်၊(မှန်ပါ့)အသင်္ခတ–ဆိုတာ နိဗ္ဗာန်၊သုခက ချမ်းသာကိုခေါ်တာ(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန် သွား ချင် တဲ့ ပုဂ္ဂိုလ် ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်သွားချင်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် ဒီအတိုင်းသွားလို့ ဖြစ် သ လား.... တဲ့၊ သင်္ခတကဆင်းပြီး သွားရမှာလား- ဆိုတာ ယ နေ့ တ ရား ပွဲ မှာ ရှင်းရှင်း လင်းလင်းပြောမယ်၊ (မှန်လှပါဘုရား)။

သင်္ခတ မမြင်တဲ့ပုဂ္ဂိုလ်ဘယ်တော့မှ မရောက်လို့ မှတ် (မှန်ပါဘုရား)ဘယ်လိုမှတ်ကြမယ်- (သင်္ခတမမြင်တဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မရောက်ပါ) သင်္ခတဒုက္ခ မမြင်တဲ့ပုဂ္ဂိုလ် ဘယ်တော့မှအသင်္ခတ ဆိုတဲ့ နိဗ္ဗာန်ဘက်ကို....(မရောက်ပါဘူး) ရောက်နိုင်ပါ့မလား.... (မရောက်နိုင်ပါဘူး)။ ။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ နိဗ္ဗာန်ကို ကွေ့ကွင်းသွားခဲ့သလို အခြားပုဂ္ဂိုလ်သတ္တဝါတွေလဲ အများကြီး ကျန်ရစ်တယ် ဆိုတာ မေးယင် ခင်ဗျားတို့ ရှင်းလောက်ပါပြီ၊ (မှန်ပါ့ဘုရား) သင်္ခတ ဒုက္ခကို မသိတဲ့ပုဂ္ဂိုလ် ဟူသရွေ့သည် နိဗ္ဗာန်ကိုမရောက်၊ အများကြီး ကျန် ရစ် လိမ့် မယ် ဆို တဲ့ ဆုံးဖြတ်ချက်ကိုချပါ၊ (မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ) သင်္ခတဒုက္ခမှ မမြင်တဲ့ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ဆိုကြပါ့မယ် (အကုန်ကျန်ရစ်ပါလိမ့်မယ်ဘုရား)။

အကုန်ကျန်ရစ်လိမ့်မယ်ဆိုတာ ကျုပ်တို့ ဘုရားအဆူဆူသည် တရားမဟောလို့ ကျန်ရစ်တာလား၊ ကျုပ်တို့ကိုယ်တိုင် ဉာဏ်နဲ့ သင်္ခတဒုက္ခကို ဘုရားဟောတဲ့အတိုင်း မမြင်လို့ ကျန်ရစ်တာလား ဆိုတာ သေသေချာချာ စဉ်းစားပါ၊ (မမြင်လို့ ကျန်ရစ်တာပါဘုရား) မမြင်လို့ ကျန်ရစ်တယ်လို့ ဒီ တကာ တကာမတွေ ဝန်ခံနိုင်ကြပါ့မလား....(ခံနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝလဲ ဆရာဘုန်းကြီးက ဟောပြန်တာဘဲ သစ္စာဒုက္ခကို မြင်အောင်ကြည့်ပါ၊ (မှန်ပါ့) ဟောပြီဦးခင်မောင်ရဲ့ (မှန်လှပါ) မဟောရပေဘူးလား.... (ဟောရပါတယ်ဘုရား) ဒီဟာတွေ မမြင် ဘူး ဆိုလို့ ရှိယင်တော့ သုံးဆယ့်တဘုံအတွင်း အိုဘေး နာဘေး သေဘေးနဲ့ဘဲ ကျန်ရစ်ခဲ့ပေတော့ (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ငွေတွေ ရွှေတွေ ဘာတွေ အမျိုးမျိုးအဖုံဖုံတွေနဲ့ နေရစ်ခဲ့ကြပေတော့၊ ဘာ့ကြောင့်တုံးဆိုတော့ ကိုယ့်သစ္စာ–ကိုယ်မမြင်တော့ အသစ္စာ ကိုယ့်ဉာဏ်နဲ့ ကြိုက်ပါ့မလား....(မကြိုက်ပါဘုရား)။

ဒါဖြင့် သစ္စာဒုက္ခ မမြင်တဲ့ပုဂ္ဂိုလ်များသည် အသစ္စာသုခကို ဘယ်နည်းနှင့် ကြိုက်ကြမယ်.... (မကြိုက်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သစ္စာဒုက္ခမြင်အောင် ဝိပဿနာဉာဏ်နဲ့ ကြည့်ရမယ်၊ ရှင်းကြပလား....(ရှင်းပါပြီ) သစ္စာဒုက္ခမြင်အောင်....(ဝိပဿနာဉာဏ်နဲ့ ကြည့်ရမယ်)ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးရမယ်၊ နားမလည်ယင် လည်အောင်ထောင်ပါ တကာ တကာမတို့၊ ဒီဟာ အင်မတန် အရေး ကြီး နေ တယ် (မှန်ပါ့ဘုရား)တကာတွေဘက်က စဉ်းစားမိကြရဲ့မဟုတ်လား (စဉ်းစားမိပါတယ်)။

သစ္စာမမြင်တဲ့ပုဂ္ဂိုလ်ဟာ အသစ္စာနိဗ္ဗာန် ရောက်လိမ့်မယ်လို့ ကိုမြရွှေ–မယုံနဲ့(မရောက်ပါဘူးဘုရား) ရောက်ချင်တဲ့စိတ်ကော ပေါ်ပါ့မလား....(မပေါ်ပါဘူး)။

ရောက်ချင်တဲ့စိတ်လဲ ပေါ်မှာမဟုတ်ဘူး၊ ရလဲ-ရမှာမဟုတ်ဘူးဆိုတဲ့ဥစ္စာ တကာ တကာမတွေ ကောန်ဘဲလို့ ဆုံးဖြတ်ချက်ချစမ်းပါ(မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် မောင်ထွန်းအောင်တို့ ဘာကို မြင်အောင်ကြည့်ရမယ်....(သင်္ခါတဒုက္ခကို မြင်အောင်ကြည့်ရမယ်) သင်္ခါတဒုက္ခကို မြင်အောင်ကြည့်ရမယ်၊ သင်္ခါတမြင်ယင်....ဒုက္ခက ပါလာတာဘဲ (မှန်ပါ့)ဖြစ်တာ ပျက်တာ သင်္ခါတမဟုတ်လား.... (မှန်လှပါ) အဲဒီ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲ၊ သဘောပါကြလား.... (ပါ-ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ဟာ ဘာ-တရားပါလိမ့်....(သင်္ခါတ တရားပါဘုရား)သင်္ခါတတရားဘဲ၊ သစ္စာဖွဲ့လိုက်တော့....(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာဘဲဆိုတာကော သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီသင်္ခါတဒုက္ခကိုမှ ဘုန်းကြီးတို့ တကာ တကာမတွေ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာ စိုက်လိုက်လို့ မသိသေးဘူးဆိုယင်ဖြင့် ဒီပုဂ္ဂိုလ်ဟာ အသင်္ခါတ-နိဗ္ဗာန် ရောက်လိမ့်မယ်လို့ ဦးခင်မောင် ဘယ်တော့မှ မယုံနဲ့(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဒါကို တရားစစ် တရားမှန်လို့ သေသေချာချာ မှတ်စမ်းပါ(မှန်ပါ့ဘုရား)ဘယ်လို မှတ်ကြမယ်....(တရားစစ် တရားမှန်ပါ)။

တရားစစ် တရားမှန်ဘဲတဲ့၊ သင်္ခါရဒုက္ခကို မမြင်ဘဲနဲ့ တကာသစ်ရေ—အသင်္ခါတနိဗ္ဗာန်ဘက်ကို သူ-ပြေးချင်ပါတယ်ဆိုတဲ့ဥစ္စာ ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘူးဘုရား) သဘောပါကြလား (ပါ-ပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ယနေ့ တရား စ-ကတည်းက ခပ်နက်နက်ဘဲ ပြောနေတယ်၊မပျင်းကြနဲ့၊ တော်တော်အရေးကြီးတယ်လို့ ဆုံးဖြတ်ချက်ချပါ(မှန်ပါ့ဘုရား)သခ်ာတ မမြင်တဲ့ပုဂ္ဂိုလ်ဟာ အသခ်ာတနိဗ္ဗာန်ကို မည်သည့်နည်း နှင့်မှ မကြိုက်ဘူးဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ကဲ....ဒါဖြင့် အားလုံးတကာ တကာမတွေ သခ်ာတက ဘယ်သူ့ပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့ခန္ဓာကိုယ် (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) သခ်ါရဒုက္ခက အားလုံးတကာ တကာမတွေ၏ ခန္ဓာကိုယ်ဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)အဲဒါကို ဉာဏ်နဲ့ကြည့်ရမယ် (မှန်ပါ့) ဉာဏ်နဲ့ကြည့်တော့မှ ဒီ သခ်ါရဒုက္ခဆိုတဲ့ ဒုက္ခသစ္စာကို ခန္ဓာကိုယ်ထဲမှာ ကိုယ့်ဉာဏ်က မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

တွေ့လာတဲ့ အခါကျတော့မှ ဩော်....မိမိဖြစ်နေတဲ့ ခန္ဓာကြီးဟာ အဖြစ်ဆိုးကြီးပါလားဆိုတာ ပေါ်သင့်—မပေါ်သင့် (ပေါ်သင့်ပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီ အဖြစ်ဆိုးကြီး မြင်တော့မှ အင်း....ဒီဝဋ်ကျွတ်မှ ကောင်းမှာဘဲဆိုတာ လာလိမ့်မနော်....(မှန်လှပါဘုရား) ဒီဝဋ်မကျွတ်ယင် ကောင်းနိုင်ပါ့မလား....(မကောင်းနိုင်ပါဘုရား)။

အဲဒါတွေကို တကာ တကာမတွေက ဒီအကြောင်း ဆရာပြောရုံနဲ့လဲ တရားနာရုံနဲ့လဲ မသိသေးဘူးလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဘယ်လိုပါလိမ့်....(ဆရာပြောရုံနဲ့လဲ မသိသေးပါဘူး) ခန္ဓာမြင်အောင် စိုက်ပြီးကြည့်မှ ပြီးကြမယ်၊ (မှန်ပါ့ဘုရား)

သဘောပါကြလား.... (ပါ-ပါတယ်) ဘာလုပ်ရမယ်....(ခန္ဓာ မြင်အောင် စိုက်ကြည့်ရပါမယ်)။

ခန္ဓာမြင်အောင် စိုက်ပြီးကြည့်တဲ့ အခါကျတော့မှ ဪ.... သင်္ခါရ ဒုက္ခတွေပါကလား၊ ဖြစ်ပျက်နေတာမှတပါး ဘာမှ မရှိ တော့ပါကလား ဆိုတော့မှ ကိုယ့်ခန္ဓာကြီးဟာ အရ တော်လေ စလား၊ အရ ဆိုးလေစလား ဆုံးဖြတ်ချက် ချပေးစမ်း.... (အရ ဆိုးလေစပါဘုရား)အရ ဆိုးလေစလို့ မလာဘူးလား.... (လာ ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် အရဆိုးလေစဆိုတဲ့ စိတ်ကလေး ဉာဏ် ကလေး ဦးခင်မောင် ပေါ်လာမှ အသင်္ခတဘက်ကျမှ ကောင်း တာဘဲဆိုတာ ဖြစ်အောင် ပြောင်းယူ (မှန်လှပါ) နို့မို့ယင် ပြောင်းပါ့မလား....(မပြောင်းပါဘူး)။

အဲဒါ တကာ တကာမတွေ အခု တရားပွဲလာတာ နာရီဝက် ဆိုသလိုဘဲတဲ့ နီးပါပြီ၊ နာရီဝက်တောင် နဲနဲကျော်သွားပါပြီ၊ ဒီ တလုံးကိုဘဲ ပြောနေတယ်၊ သင်္ခတမမြင်ဘဲ အသင်္ခတဆိုတဲ့ နိဗ္ဗာန် မရဘူးလို့ ရှင်းပလား....(ရှင်းပါပြီ) သင်္ခါရဒုက္ခကို မမြင်ယင်.... (အသင်္ခတ နိဗ္ဗာန်ကိုမရဘူး) အသင်္ခတနိဗ္ဗာန်ကို....(မရပါဘူး) မရနိုင်ဘူး တကာ တကာမတို့။

အဲဒါကြောင့် မပျင်းရိဘဲနဲ့ တရားကိုတော့ ဪ....ကြည့် နည်းက ဒီလိုကြည့်ရမှာပါကလား၊ (မှန်ပါ့) ကြည့်နည်းက ဒီ နည်းဘဲ ကျင့်ရမယ်နော်....(မှန်ပါ့) ခန္ဓာကိုယ်ထဲ ဉာဏ်နဲ့ကြည့် စမ်းပါ၊တဖျပ်ဖျပ်နဲ့ ဘာလုပ်နေတာတုံး- မေးစမ်း၊ ခန္ဓာကိုယ် ထဲမှာ....(ဖြစ်ပျက် သင်္ခါရဒုက္ခတွေ ဖြစ်နေတာပါ)။

ဖြစ်ပျက် သင်္ခါရဒုက္ခတွေက ကျုပ်တို့ရဲ့ဉာဏ်ကို ပြောနေတာ မဟုတ်လား .... (မှန်ပါ) ဘာတွေများ ပြောနေသလဲ.... (ဖြစ်ပျက်တွေ ပြောနေပါတယ်) ကျုပ်တို့ဟာ သင်္ခါရဒုက္ခတွေဗျ၊ ကျုပ်တို့ဟာ သင်္ခါရဒုက္ခတွေဗျလို့ ခန္ဓာကိုယ်ကြီးက မပြောဘူးလား....(ပြောပါတယ်)။

အဲဒီလို ခန္ဓာကိုယ်က ပြောတာကို ဉာဏ်က ကြည့်ပေးရမယ် နော်....(မှန်ပါဘုရား) မကြည့်တတ်တဲ့ ပုဂ္ဂိုလ်ကို ခန္ဓာက မပြောပါဘူး (မှန်ပါဘုရား) ကြည့်တတ်တဲ့ပုဂ္ဂိုလ်ကျတော့.... (ပြော ပါတယ်)။

ခန္ဓာက ပြောလာတဲ့အခါကျတော့မှ သူပြောတာကို ခင်ဗျားတို့က သူများပြော-မဟုတ်သောကြောင့် အယုံကြီးယုံလိုက်စမ်းပါလို့ ဘုန်းကြီးက သတိပေးလိုက်ပါတယ် (မှန်လှပါ) သူများ ပြောတာလား-ခန္ဓာက ပြောတာလား-(ခန္ဓာက ပြောတာပါ)။

အဲ....ခန္ဓာက ပြောတာကိုမှ အယုံကြီးယုံလိုက်တဲ့အခါကျတော့မှ ဩော်-ဒို့သည်ကားလို့ဆိုယင် ဘယ်သူနဲ့အတူတူ နေရပါလိမ့်မတုံးဆိုတော့ သင်္ခါရဒုက္ခသစ္စာကြီးနဲ့ အတူတူနေရတယ်ဆိုတာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား) အဲဒါ များများ ကြည့်ပေးရမယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာကို များများကြည့်ရမယ်.... (သင်္ခါရဒုက္ခကို များများကြည့်ရပါမယ်) သင်္ခါရဒုက္ခကို များများကြည့်ရမယ်ဆိုသဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ သင်္ခါရဒုက္ခမှတပါး ဒီ့ပြင် ဘာများ ရှိသေးသလဲ....(မရှိပါဘူးဘုရား) ဘာမှ မရှိဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

အဲဒီတော့ သေချာအောင် ဖြေ…သခ်ါရဒုက္ခမှတပါး ဘာမှမရှိပါကလား…သင်္ခါရဒုက္ခ အစုအပုံ တွေသာ ရှိနေပါကလားလို့ ကြည့်ပေးစမ်းပါ(မှန်ပါ) သဘောကျပလား…. (ကျပါပြီ)။

ကိုင်း…အဲဒီ သခ်ါရတွေကြည့်လို့ခင်ဗျားတို့က ခန္ဓာကိုယ်ထဲမှာ မြင်ပြီ၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေး ပေါ်လာလိုက် သင်္ခါရဒုက္ခစိတ်ကလေးကလဲ ပေါ်လာလိုက် ပျက်ပျက်သွား ပြန်တော့ ဘာပါလိမ့်…. (သင်္ခါရဒုက္ခပါဘုရား) အင်း…ရုပ်ကလေးက ပေါ်လာတာ ကြည့်လိုက်ပြန်တော့လဲ…. (သင်္ခါရဒုက္ခပါဘုရား)။

နို့ဒါဖြင့် တကာ တကာမတွေ ဘာတွေချည်း ကြည့်နေရသလဲ…. (သင်္ခါရဒုက္ခတွေပါ ဘုရား) အဲ…သင်္ခါရ ဒုက္ခချည်း ဦးခင်မောင်တို့ တွေ့ကြပါလိမ့်မနော်….(မှန်လှပါဘုရား)ဒါဟာ ဘာ-သင်နေတာတုံးလို့ တကာ တကာမတွေက မမေးပါနဲ့၊ ဝိပဿနာရှုနည်း သင်နေတာလို့ မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား) ရှင်းပြီနော်…. (ရှင်းပါပြီ)ဒါ ဘာသင်နေတာလဲ…. (ဝိပဿနာရှုနည်း သင်နေတာပါ)။

ခန္ဓာကိုယ်ကို စိုက်သာကြည့်၊ လိုက်ပြီးတော့ ကြည့်ယင် ခန္ဓာကိုယ်က နာသလိုလို ယားသလိုလို စိတ်တွေ အမျိုးမျိုးပေါ်ပြီး ပျောက်ပျောက်သွားတာတွေ၊ အင်း…ရုပ်တွေအမျိုးမျိုး ပေါ်ပြီးဖေါက်ပြန်သွားတာတွေ မပြောပေဘူးလား….ပြောမလား….(ပြောပါတယ်ဘုရား)အဲ·ဘာဒုက္ခတွေလို့ သူက ပြောသလဲ….(သင်္ခါရဒုက္ခတွေပါဘုရား)သင်္ခါရဒုက္ခတွေလို့ ဘယ်သူ

က ပြောပါလိမ့်....(ခန္ဓာက ပြောပါတယ်ဘုရား)ခန္ဓာက ပြော တယ်(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်ရောက်ချင်ယင် အရိယာ မျက်လုံး တပ်ပေးရလိမ့်မယ် ဦးခင်မောင် နိဗ္ဗာန်ရောက်ချင်ယင် (အရိယာမျက်လုံး တပ်ပေးရမယ်)အဲ....သင်္ခါရဒုက္ခကို မြင်တဲ့ မျက်လုံးကို ခင်ဗျားတို့ကို ဆရာဘုန်းကြီး တပ်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါ့)။

ဒါဟာ အရိယာမျက်လုံး တပ်ပေးတဲ့နေ့ဘဲ(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)နိဗ္ဗာန် ရောက်ချင်ယင် ဘာ-တပ်ပေးရ မယ်....(အရိယာမျက်လုံး တပ်ပေးရမယ်)အရိယာမျက်လုံး တပ် ပေးရမယ်ဆိုတာကော သေချာပလား....(သေချာပါပြီ)။

ခင်ဗျားတို့ ပင်ကိုယ်မျက်လုံးနဲ့ တော့ဖြင့် လှတာရယ် အရုပ် ဆိုးတာရယ် အကျိုးတန်တာရယ် ဦးခင်မောင် ဒါဘဲမြင်မယ် (မှန်ပါ့)သင်္ခါရဒုက္ခကိုတော့.... (မမြင်ပါဘူး) မမြင်နိုင်ဘူးဆို တာ သေချာကြပလား....(သေချာပါပြီ)။

အဲဒီတော့ ယနေ့သည် ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီး ဒီဥစ္စာ ဟောပါလိမ့်မတုံးလို့ ခင်ဗျားတို့က မေးချင်မေးကြ လိမ့်မယ်နော်....(မှန်လှပါ) ခင်ဗျားတို့စိတ်က သင်္ခါရဒုက္ခ မြင် လို့ ရှိယင်ဖြင့် ဘုန်းကြီးက အသင်္ခတဓါတ် ခင်ဗျားတို့စိတ် ပြေးလိမ့်မယ်ဆိုတာ သေသေချာချာ ဟောထားပါတယ် (မှန် ပါ့ဘုရား)။

သင်္ခါရဒုက္ခ မြင်ယင်.... (အသင်္ခတဓါတ် ပြေးလိမ့်မယ်) အသင်္ခတဓါတ်ကို ခင်ဗျားတို့ဉာဏ် ပြေးတော့မယ် (မှန်ပါ့)

သင်္ခါရဒုက္ခမြင်တဲ့ဉာဏ်သည် နောက်ဆုံးပိတ် ဘယ်ဘက် ပြေးမယ် ထင်တုံး....(အသင်္ခတဘက်ပြေးပါတယ်)။

အဲ....ဝိပဿနာ နှစ်လုံးတည်းနဲ့ ပြီးပါတယ်တဲ့၊ ဒီနေ့ ဟောတဲ့တရားမှာ ပဌမရှေးဦးစွာ သင်္ခါရဒုက္ခ မြင်ဘို့(မှန်ပါ့) ပဌမရှေးဦးစွာ ဘာမြင်ရမယ်.... (သင်္ခါရဒုက္ခ မြင်ရပါမယ်)။

သင်္ခါရဒုက္ခမြင်ရမယ်၊ အဲဒီ သင်္ခါရဒုက္ခ မြင်ဖန်များလာပြီဆိုမှဖြင့် ဒုက္ခအစစ်ဘဲလို့ ဝေဘန်နိုင်ပြီး လာတဲ့အခါကျလို့ရှိယင် တကာသစ် ဉာဏ် ဘယ်ဘက်ပြေးသွားလိမ့်မယ်ထင်သတုံး- (အသင်္ခတဘက်ပါဘုရား) အသင်္ခတသုခဘက် ပြေးလိမ့်မယ် (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒါဟာတဲ့ တကာ တကာမတို့ ဒါ နာမရူပပရိစ္ဆေဒကျမ်းက လာတယ်လို့ မှတ်လိုက်စမ်းပါနော်(မှန်ပါ့)။

ဇနေတာနုတ္တရံ မဂ္ဂ၊
မာသေဝန ဝိသေသတော။
ကင္ခသံဃန္ဓနာ ဇာတာ၊
အစ္စိမုမာဝ ဘာသုရံ။ ။

ဆိုတဲ့ ပါဠိဂါထာဟာ နာမရူပပရိစ္ဆေဒကျမ်းမှာ လာတယ်လို့ မှတ်လိုက်ကြစမ်းပါ၊ (နာမရူပပရိစ္ဆေဒ အဋ္ဌကထာ၊ ဒွါဒသမ ပရိစ္ဆေဒ ဂါထာအမှတ်—၁၇၇၈)။

အဲဒီတော့ကွာတဲ့ နိဗ္ဗာန်ကူးဘို့ နိဗ္ဗာန်ဘက်ကို ရောက်သွားတဲ့ဉာဏ်-နိဗ္ဗာန်ဘက်ကို ကူးသွားတဲ့ဉာဏ်ဟာ ဘယ်လိုမြင်လို့ ဘယ်လိုများ ကူးသွားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ သင်္ခါရဒုက္ခ မြင်တဲ့ဉာဏ်

ရင့်လာလို့ရှိယင် ဒီဉာဏ်သည် သင်္ခါရဒုက္ခဘက်မှ– အသင်္ခတဘက်သို့ ကူးသွားတယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ခင်ဗျားတို့ သင်္ခါရဒုက္ခမြင်တဲ့ဉာဏ် ရင့်သွားယင် ဒီဉာဏ် ဘယ်သွားမယ်ထင်တုံး....(အသင်္ခတဘက် သွားပါတယ်) ဒါဖြင့် ဝိပဿနာဉာဏ် ပြီးတော့ မဂ်ဉာဏ် လာတာဘဲ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)ဝိပဿနာဉာဏ် ပြီးတော့....(မဂ်ဉာဏ် လာပါတယ်)။

ဒါဖြင့် သင်္ခါရဒုက္ခတွေကို မြင်–နေပြီ၊ အားလုံး တကာတကာမတွေကို ရှခိုင်းလို့ မြင်ကြပါပြီ၊ ထိုသို့ မြင်ပြီးသကာလ နေရုံမတ္တနဲ့ ဖြတ်ဆို တကာ တကာမတို့ သင်္ခါရဒုက္ခတွေကို မတွေ့တော့ဘူး(မှန်လှပါဘုရား)သင်္ခါရဒုက္ခတွေကို မတွေ့တော့ အရင်က သင်္ခါရဒုက္ခတွေမြင်တဲ့ဉာဏ် ဖြတ်ခနဲ မနေဘူးလား.... (နေပါတယ်ဘုရား) ဒီရှုနေတဲ့ပုဂ္ဂိုလ်ပေါ့ဗျာ(မှန်ပါ့)။

နောက်ကျတော့ ဒီဉာဏ် ဘယ်ဘက် သွားပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ တကာ တကာမတို့ သင်္ခါရဒုက္ခမရှိတဲ့ဘက် ကျုပ်တို့ရှုနေတဲ့ဉာဏ်က သွားပါတယ်(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) ပဌမဉာဏ်သည် ဘယ်ဘက်မှာ နေသတုံး....(သင်္ခါရဘက်မှာ နေပါတယ်)။

အေး....ဉာဏ်သည် တကာ တကာမတွေ ရှင်းရှင်းလင်းလင်း မှတ်လိုက်စမ်း၊ ပဌမ သင်္ခါရဒုက္ခ ဘက်မှာ ယခုရှိနေတယ်(မှန်လှပါဘုရား)ဖြစ်ပျက်–ဖြစ်ပျက်–ဖြစ်ပျက်၊ ဖြစ်ပျက်ဒုက္ခသစ္စာထဲ သူ-မရှိဘူးလား.... (ရှိပါတယ်) နောက်တော့ ဦးခင်မောင်ရဲ့ ဒီဉာဏ် ဘယ်ဘက်ကူးသွားသလဲ.... (အသင်္ခတဘက် ကူးသွားတယ်)။

အသင်္ခတသုခဘက် ကူးသွားတယ်ဆိုလို့ ရှိယင်ဖြင့် ဖြစ်ပျက်တွေ အကုန် လွတ်သွားတယ် (မှန်လှပါဘုရား) ရှုရင်းမတ္တနှင့်ဒီဉာဏ်သည် ဖြစ်ပျက်တွေ ဘယ်နှယ်....(လွတ်သွားတယ်)လွတ်သွားပြီးသကာလ ဘြော်....ခိုင်မြဲတဲ့ နိဗ္ဗာန်ဘက်ကို သူ့ဟာသူကူးသွားတယ်(မှန်ပါ့)။

တကာ တကာမတို့ သူများပေးလို့ ရသလား....၊သူ့ဟာသူဉာဏ်တက်ပြီး ကူးသွားတာလား....(သူ့ဟာသူ ဉာဏ်တက်ပြီးကူးသွားတာပါဘုရား)။

ဒါ သေသေချာချာ မှတ်ပါ၊ အလုပ်တရားမှာ နှစ်လုံးတည်းနဲ့ ပြီးအောင်လုပ်(မှန်လှပါ)ဟောနေတယ် တကာ တကာမတွေ အလုပ်တရားမှာ နှစ်မျိုးတည်း ရှိပါတယ်၊ ပဌမ–ရှုနေတဲ့ဝိပဿနာဉာဏ်သည် တကာ တကာမတို့ သင်္ခါရဒုက္ခဘက်ကို အမြဲလှည့်နေတာဘဲ(မှန်လှပါ)။

ပဌမ–ရှုနေတဲ့ဉာဏ်သည် ဘယ်ဘက်လှည့်နေသတုံး(သင်္ခါရဒုက္ခဘက် လှည့်နေပါတယ်) သင်္ခါရဒုက္ခဘက် လှည့်နေတာဘဲဆိုတာ သေချာပလား....(သေချာပါပြီ)။

အဲဒါ သင်္ခါရဒုက္ခဘက် လှည့်နေတယ်ဆိုတာ၊ ဖြစ်ပျက်အနိစ္စဘက် လှည့်နေတယ်ဆိုလဲ ဟုတ်တာဘဲ(မှန်ပါ့) ဖြစ်ပျက်ဒုက္ခဘက် လှည့်နေတယ်ဆိုယင်ကော....(ဟုတ်ပါတယ်)ဖြစ်ပျက်အနတ္တဘက် လှည့်နေတယ်ဆိုယင်ကော....(ဟုတ်ပါတယ်)။

အဲဒီ လှည့်ရာက နေပြီးသကာလ ဒီဉာဏ်တွေ အခုရှုနေတဲ့ဉာဏ်တွေ ဒါက သင်္ခါရဒုက္ခတွေ ထားပါတော့ ဒီဘက်ကဟာတွေက(မှန်ပါ့) ဒီသင်္ခါရဒုက္ခတွေကို တခုပေါ်လိုက် တခု

ပျက်လိုက်နဲ့-လိုက်လိုက်-လိုက်လိုက်ပြီးသကာလ သွားတဲ့အခါ ကျတော့ သင်္ခါရဒုက္ခတွေကို ဒီဉာဏ်တွေက မမြင်ပေဘူးလား- (မြင်ပါတယ်)။

အဲ....မြင်ရာက နေပြီးသကာလ နောက်-ဒီဉာဏ်က ဘယ် ဘက် လှည့်သွားသတုံးလို့မေးယင် ဘယ့်နှယ် ဖြေကြမယ်.... (အသင်္ခတသုခဘက် လှည့်သွားပါတယ်)ဟော-သင်္ခါရဒုက္ခတွေ အကုန် ချုပ်တဲ့ဘက် လှည့်သွားတယ်၊သင်္ခါရဒုက္ခတွေ အကုန် ချုပ်တော့ အသင်္ခတသုခလို့ ဦးခင်မောင်-ဆိုလိုက်စမ်း.... (မှန် လှပါဘုရား)ဘယ်လို ဆိုကြမယ်.... (အသင်္ခတသုခပါဘုရား) အသင်္ခတသုခဆိုတာ တကာ တကာမတို့ အသင်္ခတနိဗ္ဗာန်၊ ရှင်း ပလား....(ရှင်းပါပြီ) အသင်္ခတနိဗ္ဗာန်ဆိုတာ ဦးခင်မောင်- ရှင်းပလား....(ရှင်းပါပြီ) နောက်က တကာ တကာမတွေ.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီဉာဏ်ဟာ အခု ဒါက-တကာ တကာမတွေ ခန္ဓာ အစဉ်တုံးကြီး ဆိုလိုက်ပါ၊ ပဌမတော့ဖြင့် ခန္ဓာဘဲ ဘုန်းကြီးက အရှုခိုင်းတာဘဲ၊ ပဌမတော့ ဘာ-အရှုခိုင်းပါလိမ့်....(ခန္ဓာဘဲ အရှုခိုင်းပါတယ်) ခန္ဓာရှုတော့ ခင်ဗျားတို့က ဘာတွေ-တွေ့ပါ လိမ့်-(ဖြစ်ပျက်တွေ တွေ့ပါတယ်ဘုရား)သင်္ခတဒုက္ခတွေ မတွေ့ ဘူးလား-(တွေ့ပါတယ်ဘုရား)။

အဲ-သင်္ခတဒုက္ခတွေ တွေ့လို့ သင်္ခတဒုက္ခတွေ တွေ့တဲ့ဉာဏ် တွေသည် တကာသစ် ရင့်သွားတယ်(မှန်ပါ့)သင်္ခတဒုက္ခတွေ့တဲ့ ဉာဏ်သည် ရင့်-မလာဘူးလား- (လာပါတယ်) ရှုဖန်များယင် ရင့်-လာတာပေါ့ဗျာ(မှန်ပါ့)။

ရှုဖန်များတဲ့အခါကျတော့ ဒီကဒုက္ခ၊ ဒီကဉာဏ်၊အင်း— ဒီက သင်္ခါရဒုက္ခ၊ဒီက မြင်တတ်တဲ့တရား၊ ဒီလိုချည်း မြင့်မနေ ပေဘူးလား—(မြင်ပါတယ်ဘုရား) မြင်လာတော့ ကြာတော့ မြင်ဖန်များလာတဲ့အခါ ဦးခင်မောင်-ဒီမြင်တဲ့ဉာဏ်ဟာ နုသွား မလား-ရင့်လာမလား—(ရင့်လာပါတယ်ဘုရား)။

ဒါက ခင်ဗျားတို့ ပါရမီရှိလို့ ရင့်လာတာလား-သင်္ခါရ ဒုက္ခ မြင်ဖန်များလို့ ရင့်လာတာလား— (သင်္ခါရဒုက္ခ မြင်ဖန် များလို့ ရင့်လာတာပါဘုရား) သင်္ခါရဒုက္ခ မြင်ဖန်များလို့ ရင့်လာတာ ဆိုတာ သေချာပလား- (သေချာပါပြီဘုရား)။

အဲ—သင်္ခါရဒုက္ခ မြင်ဖန်များလို့ ရင့်လာတဲ့အခါကျတော့ ဩော်—ဒီဥစ္စာ သင်္ခါရဒုက္ခမှတပါး ဘာမှမရှိပါကလား၊ မိမိ ခန္ဓာကိုယ်ထဲမှာ ဒိဋ္ဌိတို့ ဘာတို့တောင် ခံနေစရာမလိုတော့ပါ ဘူး၊အင်း—ဖြစ်လိုက်ပျက်လိုက်-ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့ သင်္ခါရ ဒုက္ခတွေသာ ဧကန်ရှိ-တကယ်ရှိ နေပါကလားလို့ ဉာဏ်ထဲမှာ ဆုံးဖြတ်ချက် မကျပေဘူးလား-(ကျပါတယ်ဘုရား)။

အင်း—ဉာဏ်နဲ့ ဆုံးဖြတ်ချက်ကျလို့ သင်္ခါရဒုက္ခ မြင်ရဖန် များလာပြီဆိုမှဖြင့် တကာ တကာမတို့....တဲ့၊ဒီဉာဏ်သည်....တဲ့ သင်္ခါရဒုက္ခဘက်ကို မလှည့်တော့ဘူး (မှန်ပါ့) ရှင်းပလား— (ရှင်းပါပြီ) သင်္ခါရဒုက္ခ ချုပ်တဲ့ဘက် လှည့်သွားတယ် (မှန်ပါ့) ဘယ်ဘက် လှည့် သွားပါလိမ့်.... (သင်္ခါရဒုက္ခ ချုပ်တဲ့ဘက် လှည့်သွားပါတယ်) သင်္ခါရဒုက္ခ ချုပ်တဲ့ဘက်လှည့် သွားတယ် (မှန်လှပါ)။

ကဲ....ဒါဖြင့် ပဋ္ဌမဉာဏ်ဟာ ဘယ်ဘက်လှည့်သတုံး....(သင်္ခါရ ဒုက္ခဘက် လှည့်ပါတယ်) နောက်—ရင့်လာတဲ့ဉာဏ် ဘယ်ဘက်

လှည့်သတုံး.... (သင်္ခါရချုပ်တဲ့ဘက် လှည့်ပါတယ်) ဒါဘဲ- ဒါဘဲ၊ တကာ တကာမတို့.... ဘုရားပွင့်လဲ ဒါ ဟောမှာဘဲ (မှန်ပါ)။

ဘုရားပွင့်လဲ ဒါဟောမှာဘဲ၊ ဘုရားကလဲ ဒါကိုဟောလို့ ဘုန်းကြီးကလဲ အမွေရလို့ တကာ တကာမတွေ ဒါဘဲ၊ ဒီအမွေဘဲ ပေးနေတယ် (မှန်လှပါ) သဘောကျပြီနော်....(ကျပါပြီ)။

ပဌမဉာဏ်သည် တကာ တကာမတွေ ဘယ်ဘက် လှည့်နေသတုံး.... (သင်္ခါရဒုက္ခဘက် လှည့်နေပါတယ်) နောက်-ဒီဉာဏ်ရင့်လာယင် ဘယ်ဘက်လှည့်မယ် ထင်သတုံး.... (သင်္ခါရချုပ်တဲ့ဘက် လှည့်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီပုဖြူကလေးက အသင်္ခတနိဗ္ဗာန် ထားလိုက်၊ ဟိုဘက်က သင်္ခါရဒုက္ခတွေက ခန္ဓာကြီး ထားပါတော့နော်....(မှန်ပါ) ဒီဘက်က ဘာပါလိမ့် (သင်္ခါရဒုက္ခ)ဒီဘက်က အသင်္ခတဓါတ် နိဗ္ဗာန်ပေါ့ဗျာ (မှန်ပါ) ရှင်းပလား-(ရှင်းပါပြီ)။

ဒီက ရှုတဲ့ဉာဏ်က တကာ တကာမတွေက ပဌမ ရှေးဦးစွာ သင်္ခါရဒုက္ခတွေကိုချည်း ရှုနေရမယ်၊ ဝေဒနာ-ပေါ်လဲ ဖြစ်ပျက်ရှုနေ၊စိတ်-ပေါ်ကော (ဖြစ်ပျက်ရှုရမယ်) ရုပ်တွေ ပေါ်နေယင် (ဖြစ်ပျက်ရှုနေရမယ်)။

အဲဒီတော့ကိုတဲ့- တကာ တကာမတို့ ဒီဖြစ်ပျက်တွေ မြင်ရာက နေပြီးသကာလမှ ဒီဉာဏ်သည် ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ် (မှန်ပါ) ဒီဘက်လှည့်တယ် ရှုရင်းမတ္တနဲ့ ကော.... တကာ တကာမတို့ ဘယ်လို လှည့်သွားသလဲ (ရှုရင်းမတ္တ လှည့်သွားမယ်)။

ရှုရင်းမတ္တနဲ့ လှည့်သွားတော့ကို ဒီခန္ဓာကြီးက မရှိလို့ လှည့်သွားတာလား– ဉာဏ်တက်လို့ လှည့်သွားတာလား– မေးဘို့ လိုလာတယ် (မှန်လှပါ) မလိုဘူးလား (လိုပါတယ်) အဲဒါ ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာတဲ့ နိဗ္ဗာန်ဆိုတဲ့ ခန္ဓာမရှိတဲ့ နိဗ္ဗာန်မှ မရောက်သေးတဲ့ဥစ္စာ ခန္ဓာကတော့ ရှိနေတာဘဲ(မှန်လှပါဘုရား) ခန္ဓာဖြစ်ပျက်ကတော့ ရှိရမယ် (ရှိပါတယ်) ဉာဏ်ကသာ ဒီဘက် လှည့်တာ (မှန်ပါ့ဘုရား)။

ဒါကို သေသေချာချာမှတ်ပါ တကာ တကာမတို့ (မှန်ပါ့ဘုရား) ဦးခင်မောင်–ဒီတလုံး သိပ်အရေးကြီးပါတယ်(မှန်ပါ့) ဒီခန္ဓာကြီးကတော့ ဘယ့်နှယ်တုံး.... (ရှိပါတယ်ဘုရား) ရှိရင်း မတ္တနဲ့ ဘယ်–လှည့်သွားသတုံး.... (အသင်္ခတဘက် လှည့်ပါတယ်) ခန္ဓာမရှိတဲ့ အသင်္ခတဘက် လှည့်မသွားဘူးလား.... (သွားပါတယ်)။

ဒါဖြင့် တကာ တကာမတို့ ပြောဘ်.... နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်များဟာက ဘာကို နာနာအလုပ်– လုပ်ရမှာတုံးဆိုတဲ့ မေးခွန်းဟာဖြင့် ယနေ့ပြေမယ်လို့ အောက်မေ့ပါတယ် (မှန်ပါ့ဘုရား) ဘာကို နာနာလုပ်ရမလဲ.... (သင်္ခတဒုက္ခ နာနာရှုရပါမယ်)သင်္ခတဒုက္ခကို နာနာရှုပေးရမှာဘဲ (မှန်ပါ့ဘုရား)သဘောကျပလား (မှန်ပါ့ဘုရား) ဖြစ်ပျက်ကို (နာနာရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ကို နာနာရှုလို့ ဒီဉာဏ်ဟာ ရင့်ခြင်းမက ရင့်လာပြီ ဆိုလို့ရှိရင် တကာ တကာမတို့ ဒီဉာဏ်သည် သင်္ခတဘက်က နေပြီး အသင်္ခတဘက်ကို ကိုယ့်ဟာကိုယ် ကူးသွားမယ် (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) သင်္ခတဘက်က (အသင်္ခတ

ဘက် ကူးမယ်)အသခ်တဘက်ကို ကိုယ့်ဟာကိုယ် ကူးသွားမယ်နော်.... (မှန်ပါ့)။

ကဲ....တကာ တကာမတို့ ဒါဖြင့် ဒါဟာ နိဗ္ဗာန်မြင်တယ်လို့ဆိုလို့ရှိယင်ကော သဘောကျပလား.... (ကျပါပြီ) ကောင်းပြီသေမှ မြင်ရမှာလား— ရှုရင်းမတ္တနဲ့ ကူးသွားတာ မြင်ရမှာလား.... (ရှုရင်းမတ္တနဲ့ ကူးသွားတာ မြင်ရမှာပါ)။

ရှုရင်းမတ္တနဲ့ ကူးသွားမှာ မြင်ရမယ်ဆိုတော့ ဒီဥစ္စာဟာသေသေချာချာ မဂ္ဂင်ရှစ်ပါး လာဖြစ်တယ်လို့ တကာ တကာမတွေ ဆုံးဖြတ်ချက် ချတာပေါ့ဗျာ (မှန်ပါ့) ကူးသွားလို့ရှိယင်မဂ္ဂင်ရှစ်ပါး ဖြစ်တယ် (မှန်ပါ့) မကူးသေးယင် မဂ္ဂင်ငါးပါးရှိနေတယ်မှတ် (မှန်ပါ့ဘုရား) မကူးသေးယင် (မဂ္ဂင်ငါးပါးရှိနေပါတယ်) ကူးသွားယင် (မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်)။

ဒါဖြင့် ခန္ဓာကြီးရှိလျက်နဲ့ ကူးသွားတာလား— ခန္ဓာတွေပျောက်ပြီးတော့ ကူးသွားတာလားလို့ မေးတော့.... ခန္ဓာကတော့ ဘေးကနေကြည့် ရှိတာဘဲ (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) ခန္ဓာကတော့ (ရှိပါတယ်)။

ကိုယ့်ခန္ဓာကတော့ ဘေးကနေကြည့် ရှိနေတာဘဲ၊ ရှိပင်ရှိငြားသော်လဲ ဉာဏ်က ကူးသွားတာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့ဘုရား)ဘယ်လို မှတ်ကြမယ် (ဉာဏ်က ကူးသွားတာပါဘုရား) ဉာဏ်က ကူးသွားတာလို့ သေသေချာချာမှတ်ပါ။

အခုတရားဟာ တကာ တကာမတို့ နာရီသုံးမတ်လောက်သာရှိသွားသေးတယ်၊ တကာသစ်—လိုရင်းက ဒိန္နစ်လုံးတည်းသာပြောနေတာ (မှန်လှပါဘုရား) ဘယ်နှစ်လုံး ပြောနေတာပါလိမ့်.... (နှစ်လုံးထဲ ပြောနေတာပါဘုရား)။

အဲဒီတော့ တကာ တကာမတို့ ဪ.... သူများပြောသံကြားတွေကို မယုံကြပါနဲ့နော်.... (မှန်ပါ) နိဗ္ဗာန်ဆိုတာ အဝေးကြီးကွ၊ လွယ်လွယ်နဲ့ ရတာမဟုတ်ဘူးကွ၊ဒီလို-မဆိုလိုက်ပါနဲ့နော်....(မှန်ပါ) သင်္ခတဒုက္ခသာ ခင်ဗျားတို့က ဖြစ်ပျက်တွေကိုသာ ခပ်များများ ရှုပေးပါ။ တကာ တကာမတို့နော်.... (မှန်ပါ)။

ဘာကို ဖြိုင်ဖြိုင် ကြည့်ရမလဲ.... (သင်္ခတဒုက္ခပါ) သင်္ခတဒုက္ခကိုသာ ဖြိုင်ဖြိုင် ကြည့်ပေးပါ။ သင်္ခတ ဖြိုင်ဖြိုင် ကြည့်ပေးလို့ရှိယင် ဒီဉာဏ်သည် သင်္ခတကျော်ပြီး သကာလ အသင်္ခတသုခဆိုတဲ့ နိဗ္ဗာန်ဘက် ကူးမလား....မကူးဘူးလား.... (ကူးပါတယ် ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အဝေးကြီးလား – အနီးကလေးလား ဆိုတော့–အို....သင်္ခတမဆုံးလို့ အသင်္ခတ မတွေ့သေးတာ။ (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) သင်္ခတမြင်တာ အပါးမဝသေးလို့ (ဝါ) အကြိမ်မများသေးလို့ အသင်္ခတဘက် မကူးတာ (မှန်လှပါဘုရား) နို့မို့ယင် ဒီဉာဏ် ကူးပါတယ် (မှန်ပါဘုရား) သဘောပါပလား....(ပါ·ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်လိုချင်ယင် ဘာကို မဲပြီးရှုရမလဲ ဆိုတာကော အဖြေထွက်ပလား .... (ထွက်ပါပြီဘုရား) ဘာကို မဲရှုရမလဲ (သင်္ခတဒုက္ခကို မဲရှုရမယ်)။

ဪ....သင်္ခတ ဒုက္ခဆိုတာ ဘုန်းကြီးပြောနေကျ၊ တကာ တကာမတွေ နားရည်ဝလို့ သိနေကျဖြစ်တဲ့ ဖြစ်ပျက်ပါဘဲ (မှန်ပါဘုရား) ရှင်းပြီနော် (မှန်ပါဘုရား) အဲဒီဖြစ်ပျက်ကိုသာ ဦးခင်မောင်တို့က ဉာဏ်နဲ့တက်ပါ၊ (မှန်ပါ) ငါ–နိဗ္ဗာန်လိုချင်

တယ်လို့ မလာနဲ့ (မှန်လှပါ) အားလုံး-တရားတပွဲလုံး ဆုံးဖြတ်ချက်ချပေးလိုက်ပါတယ် တကာ တကာမတို့ ငါ-နိဗ္ဗာန်လိုချင်တဲ့စိတ်ကို မလာစေနဲ့၊ (မှန်ပါ့ဘုရား) သင်္ခါရကိုသာ ရှုပေး၊ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘာကို ရှုရမလဲ (သင်္ခါရကိုသာ ရှုပေးရမယ်)။

သင်္ခါရကိုသာ ရှုနေ၊ ရှုလို့ ဒီဉာဏ်ဟာ ရင့်လှမကာ-ရင့်လာတယ် ဆိုယင်ဖြင့် ကိုမြရွှေ ဘယ်ကူးမယ် ထင်သတုံး....(အသင်္ခတဘက် ကူးပါမယ်ဘုရား) ခင်ဗျားတို့က ကူးခိုင်းလို့ ကူးတာလား သူ့ဟာသူ ဉာဏ်ရင့်လို့ ကူးတာလား....(သူ့ဟာသူ ဉာဏ်ရင့်လို့ ကူးတာပါဘုရား) သဘောပါပြီ၊ (ပါ-ပါပြီဘုရား)။

ဒီတလုံးပြောရတာနဲ့ ဘုန်းကြီးက အားလုံး တရားတပွဲလုံးရှိဆွေမျိုးဉာတကာ မိဘတွေလို ဘဝက မတော်ဘူးတာ မရှိတဲ့ ပုဂ္ဂိုလ်တွေကို ဒီဥစ္စာကလေးနှစ်လုံး ပြောရတာကို အတော်ကျေနပ်သွားပြီ၊ (မှန်လှပါဘုရား) ဘာပြုလို့ ဒီလောက်ကျေနပ်ရသတုံးလို့ မေးတဲ့အခါကျတော့ ကိုမြရွှေ ဒီကနေ ဒီကူးတယ်ဆိုတဲ့ ဥစ္စာဟာက နိဗ္ဗာန်သွားလမ်းက ဒါဘဲ ရှိတာဘဲ၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(နိဗ္ဗာန်သွားလမ်းကဒီတလမ်းသာရှိပါတယ်)သင်္ခတနဲ့-အသင်္ခတ-နိဗ္ဗာန်ရှိတာဘဲ(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒါ့ကြောင့် ဘုရားက သင်္ခါရဓမ္မာဆိုတာ ဒီဘက်မှာကွ၊ (မှန်ပါ့) သဘောပါလား....(ပါ-ပါပြီ) အသင်္ခတဓမ္မာဆိုတာ ဒီဘက်မှာကွ၊ (မှန်ပါ့) တရားနှစ်မျိုးဘဲရှိတယ်ကွ၊ ဓမ္မသင်္ဂဏီမှာ ဟောထားတယ်၊ (မှန်လှပါဘုရား) သဘော

ကျပလား....(ကျပါပြီ)ဒီဘက်က ဘာတုံး.... (သန္တာဝမ္မာပါ) သန္တာဝမ္မာ၊ ဒီဘက်က ဘာတုံး.... (အသန္တာဝမ္မာ)။

အသန္တ ဟာ နိဗ္ဗာန်ဘဲဗျ (မှန်ပါ) ဒီဘက်က သန္တာ တွေဟာ ရှုကြည့်နိုင်မှ ပေါ်လာတဲ့ ဖြစ်ပျက်တွေကိုးဗျ (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ခင်ဗျားတို့ ဉာဏ်သည် ရှေးဦးစွာ ပေါ်တဲ့ အလှည့်က (ဖြစ်ပျက်မြင်ရမယ်) သဘောပါ လား.... (ပါ-ပါတယ်)။

ကောင်းပြီ၊ ဒါဖြင့် နိဗ္ဗာန်ဆိုတာ တကာ တကာမတို့ ရှိနေ တာလား၊ သူကရှိပြီးသကာလ ဒီဘက်ကအသန္တကာ စောင့်နေ တာလား၊ အင်း....သူက ရှိနှင့် နေတာလား....၊ အင်း....သူကဘဲ အတိတ်သဘောနဲ့ ရှိနှင့်နေတာလား၊ ဘယ်လိုတုံး....ပစ္စုပ္ပန် သ ဘောနဲ့ ယခုရှိနေတာလား....၊ မေးတို့ မလိုဘူးလား(လိုပါတယ် ဘုရား) အတိတ်သဘောနဲ့ ရှိနှင့်တာလား....၊ ပစ္စုပ္ပန်သဘောနဲ့ ယခုရှိနေတာလား....၊ ဟာ....နောက်ကျမှ အနာဂတ်ကျမှ ပေါ် မှာလား....၊ သုံးချက် မေးရမယ် ခင်ဗျားတို့ကို၊ ဟုတ်လား.... (မှန်ပါ)။

နိဗ္ဗာန်သည် အတိတ်က ရှိသလား မေးလို့ရှိယင်လဲ ဦးခင် မောင်တို့ မရှိဘူးပြောနော် (မှန်ပါ) သဘောကျပလား....(ကျ ပါပြီ) ပစ္စုပ္ပန် အခုရှိနေသလား....မေးယင်လဲ (မရှိပါဘူး) မရှိ ဘူး၊ အနာဂတ်မှာ ရှိနေသလား–လို့မေးလို့ရှိယင် (မရှိဘူး) မရှိဘူးတဲ့ တကာ တကာမတို့ အဲဒီတော့ ဒီလိုရှိတဲ့တရား မဟုတ် ပါဘူးတဲ့ တကာ တကာမတို့၊ (မှန်လှပါ)။

ဒါဖြင့် ဘယ်လိုရှိတဲ့ တရားလဲဆိုလို့ မေးယင်ဖြင့်တဲ့ မိလိန္ဒ မင်းကြီး ထည့်ပေးကြစို့ ဦးခင်မောင်....နော်.... (မှန်လှပါ)

မိလိန္ဒမင်းကြီးက နိဗ္ဗာန်ဆိုတာ ဒီလိုလား အတိတ်က ရှိပြီးသား လားဘုရား၊ ယခု ပစ္စုပ္ပန်ရှိဆဲလားဘုရား၊ နောက်မှဘဲ ရှိလတ္တံ့ သော တရားမျိုးလား ဘုရားဆိုတော့ - တကာကြီး ဒီလိုမဟုတ် ဘူး ဖြေတာဘဲ၊ (မှန်လှပါဘုရား)။

ဒီလိုမဟုတ်ပါဘူး၊ တကာ တကာမတို့ ဒီဝါးစိမ်း ၂ လုံး၊ ဒီ ဘက်က ဝါးစိမ်းလဲ တတောင်လောက်ဖြတ် တကာသစ်ရေ-နော်၊ (မှန်ပါ့) ဒီဘက်က ဝါးစိမ်းလဲ တတောင်လောက်ဖြတ်ပြီး ဝါး ၂-လုံးကို ပွတ်ပါ၊ ဘယ်ဝါးလုံးမှ နဂိုရှိတုန်းက မပွတ်ခင်တုန်း က ပူတတ်တဲ့မီးစ မပါဘူး၊ သူတို့မှာ ဘာမှမရှိဘူး (မှန်ပါ့) သူ တို့မှာ ပါရဲ့လား.... (မပါ-ပါဘူး) မပါဘူးဆိုတာ သေချာ ပလား.... (သေချာပါတယ်)။

နို့သော် ခင်ဗျားတို့က မလျှော့တမ်း ပွတ်ပေးစမ်းပါ၊ မီး ထွက်မလာဘူးလား.... (လာပါတယ်ဘုရား) ဒီမီးဟာ ဝါးထဲမှာ ပါတာလား၊ အခုမှ အလုပ်-လုပ်လို့ ပေါ်လာတာလား.... (အ ခုမှ လုပ်လို့ ပေါ်လာတာပါ) အဲ....ခင်ဗျားတို့ဟာ တဲ့ အလုပ် လုပ်တဲ့ ပုဂ္ဂိုလ်မှ သန်တက ပေါ်လာတာ၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ် မှာ မပေါ်ဘူး၊ အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်မှာ သန်တသိတဲ့ ဉာဏ် (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ တရားနာရုံနဲ့ မကျေနပ်ဘဲနဲ့ ဘုန်းကြီးက နားလည်အောင်လဲ ပြောမယ်၊ လုပ် နည်းကိုလဲ ပြောမှာ ကေန်မှတ်ပြီး သကာလ ကြော်....ဝါးလုံး ပွတ်တာကို ဆရာဘုန်းကြီးကရော- မိလိန္ဒမင်းကြီးကမေးလို့ ရှင် နာဂသိန်ကဲ့ ဖြေနည်းရော၊ ဝါးလုံး သူ့ဟာသူသာချထား အေး

နေတာဘဲ၊ဘယ်နည်းနှင့်မှ ဦးခင်မောင်အပူမါတ်လာမှာ မဟုတ်ဘူး၊ လာပါ့မလား.... (မလာပါဘူးဘုရား)။

အဲ ဦးခင်မောင်က တလုံးအောက်ကထား တလုံးကို အပေါ်က ထားပြီး ပွတ်စမ်းဗျာ၊ ဘာဖြစ်လာမလဲ(ပူလာပါလိမ့်မယ်) တကာ တကာမတွေ ပူလာလိမ့်မယ်ဆိုတာ သေချာပလား (သေချာပါပြီ)တကာ တကာမတွေ အလုပ်က ဘာဘာလိမ့် ပွတ်တဲ့အလုပ်ပါ၊ မီးထွက်တဲ့အလုပ်က ဘာဘာလိမ့်—ဝါး အလုပ်ပါ၊ဒါ့ကြောင့် ခင်ဗျားတို့ဟာလဲ သဒ္ဓါတ ဒုက္ခတွေသာ ဖြိုင်ဖြိုင်ကြီး ရှုပေးကြပါ၊ အဲဒီလိုရှုပေးယင် ဝိပဿနာဉာဏ် ရင့်ရင့်လာမယ်၊ဝိပဿနာ ရင့်ရင့်လာတာကို ဘာဆိုကြမလဲ.... (ပူလာတာပါ)မီးထွက်တော့မလို့ ပူလာတာနဲ့ မတူဘူးလား- (တူပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တတ်နိုင်သရွေ့ ဦးခင်မောင်က ဖြစ်စေ၊ကိုမြရွှေက ဖြစ်စေ၊ တကာသစ်က ဖြစ်စေ၊ တတ်နိုင်သလောက် တိုက်လိုက်တော့ မီးထွက်လောက်တဲ့ အခြေအနေရောက်တော့ တခါတည်း မီးတွေ ထ,တောက်တာဘဲ (မှန်လှပါဘုရား) မတောက်ဘဲနေပါ့မလား....(တောက်ပါတယ်) ကိုင်း....နဂိုရိက ဝါးထဲမှာ မီးပါလို့လားတဲ့၊ လုပ်သောပုဂ္ဂိုလ်၏ လုံ့လ ပယောဂ ထက်သန်မှုကြောင့်လား (လုပ်သောပုဂ္ဂိုလ်၏ လုံ့လ ပယောဂ ထက်သန်မှုကြောင့်ပါဘုရား)ရှင်းပလား-(ရှင်းပါပြီ)။

ဒါဖြင့် ဝါးထဲမှာ မီးမပါ၊ ပွတ်ပါများလို့ပူ၊ ပူဖန်များလို့ မီးဖြစ်၊ ဒီအတိုင်း မနေဘူးလား....(နေပါတယ်ဘုရား)ဒီမှာလဲ ခင်ဗျားတို့ သဒ္ဓါတ တရားကို ဒီဉာဏ်ကလေးနဲ့ အမြဲတမ်း

သာရှု၊ ရှုတာနဲ့ ပူလာတာနဲ့ အတူတူဘဲ၊ မီးထွက်တော့မလို့ ဆိုတာ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်)။

ကဲ....ဒါဖြင့် ရှုနိုင်သရွေ့ ရှုလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဟောဒီတရားဟာ ဝိပဿနာမဂ်က-လောကုတ္တရာမဂ် ဖြစ်ပြီးသကာလ တခါတည်း မီးထတောက်တာနဲ့၊ ဦးခင်မောင် အတူတူဖြစ်တယ်(မှန်လှပါ)ရိပ်မိပလား (ရိပ်မိပါပြီ)ဒါဖြင့် တကာ တကာမတို့ ဆုတောင်းအလုပ်လားတဲ့၊ သစ္စာ တရားကို ရှုကြည့်ရမည့်အလုပ်လားတဲ့.... (သစ္စာ တရားကို ရှုကြည့်ရမည့်အလုပ်ပါဘုရား) သစ္စာ တရား ရှုလိုက်လို့ ရှိယင် မီးဟာ ပူထွက်လာတာဘဲ(မှန်ပါ)။

အသစ္စာဘက် ကူးတော့မယ်ဆိုယင် မီးတွေ တောက်လာတယ်(မှန်လှပါဘုရား) အသစ္စာဘက် ကူးတော့မယ်ဆိုယင်.... (မီးတောက်လာပါတယ်)မီးတောက်လာတယ်ဆိုတာလဲ မိလိန္ဒမင်းကြီးကမေးလို့ ရှင်နာဂသိန်က ဖြေတာလားဆိုတာလဲ သေသေချာချာမှတ်ကြပါ၊ ဒါဟာ ပါဠိအကိုးအကား ရှုတ်ပြီး ပြောနေတယ်လို့ ဒီလိုမယူကြနဲ့(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ယနေ့ပြောစရာရှိတဲ့အချက်က ဒီ နှစ်လုံးဘဲ ပြောစရာရှိနေတော့ တပည့်တော်တို့ နိဗ္ဗာန်ရောက်ချင်တယ်ဘုရား၊ ဘယ့်နှယ်များ လုပ်ရပါ့မတုံး....ကဲ....တရားတပွဲလုံးက မမေးပေဘူးလား....(မေးပါတယ်ဘုရား) နိဗ္ဗာန်ရောက်ချင်တယ်ဘုရာ့ တပည့်တော်တို့ အိုရ-နာရ-သေရ-မွေးရဆိုတဲ့ ဒုက္ခတွေက တပည့်တော်တို့ ကိုယ်တိုင်မြင်နေရပြီ၊ တပည့်တော်တို့ နိဗ္ဗာန်ရောက်မှ အေးမယ်လို့

ဟောကြတယ်၊ ဟောတဲ့အတိုင်းဘဲ နိဗ္ဗာန်ရောက်မှဘဲ နေရာကျမှာဘဲ တပည့်တော်တို့ နိဗ္ဗာန်ရောက်ချင်တယ်ဘုရာ့ သို့လို့ရှိယင်ဖြင့် နိဗ္ဗာန်ဟာ တကာ တကာမတို့ ဘယ်နည်းနှင့်မှ တိုက်ရိုက် မရောက်နိုင်ဘူး(မှန်ပါ့)။

သင်္ခတဘက်ကို ဉာဏ်လှည့်ပြီးမှ အသင်္ခတဘက်ကို ဉာဏ်ရောက်မှာဘဲ(မှန်လှပါ)သဘောကျပလား....(ကျပါပြီ)ဒီဉာဏ်သည် ရှေးဦးစွာ ဘယ်လှည့်ရမလဲ.... (သင်္ခတဘက်လှည့်ရမယ်) သင်္ခတဘက်ကို လှည့်လို့ ရင့်သန်တော့မှ ဘယ်လှည့်မလဲ.... (အသင်္ခတဘက်ကို လှည့်ပါမယ်)။

ကဲ....ဒါဖြင့် နာမရူပပရိစ္ဆေဒကျမ်းမှာ

ပရိပက္ကာ ကမေနေဝံ၊
ပရိဘာဝိတ ဘာဝနာ။
ပရိစ္စဇန္တိ သင်္ခါရေ၊
ပက္ခန္ဒတိ အသင်္ခတေ။ ။ (ဂါထာအမှတ်-၁၇၇၇)

ပရိပက္ကာကမေနေဝံ=မင်း အခုနအတိုင်း ရင့်ကျက်အောင်လုပ်စမ်းပါတဲ့၊ ပရိဘာဝိတ ဘာဝနာ=ပွားတာဟာသိမ်းပြီတဲ့၊ သင်္ခါတရား ဖြစ်ပျက်ကို ရှုသာနေတဲ့ တကာ တကာမတို့ ပွားသာနေတဲ့၊ရိပ်မိကြပလား....(ရိပ်မိပါပြီ)ဖြစ်ပျက်တွေ ဘာလုပ်နေရမယ်.... (ပွားနေရမယ်) ပွားနေပါတဲ့....၊ပရိပက္ကာ ကမေနေဝံ=သူဟာ ရင့်ကျက်လာပါလိမ့်မယ်တဲ့....(မှန်လှပါ)။

ပရိဘာဝိတ ဘာဝနာ=နောက်ကျတော့ ဘာဖြစ်မတုံးဘုရားတဲ့၊ ဒါတွေ ရင့်ကျက်လာတယ်(မှန်ပါ့) ပရိစ္စဇန္တိ သင်္ခါရေ=ဟောဒီ သင်္ခါရဒုက္ခတွေကို ဟောဒီဉာဏ်က စွန့်လိမ့်မယ်ကွတဲ့၊ မခင်တွယ်တော့ဘူး(မှန်လှပါ)ဒီသင်္ခါရဒုက္ခတွေကို....(စွန့်မယ်)

စွန့်သွားမယ် (မှန်ပါ) စွန့်သွားတော့-ပက္ခန္ဒတိ အသင်္ခတေ= ဒီဘက်ကူးသာလိမ့်မယ်ကွတဲ့ (မှန်လှပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

သင်္ခါရဒုက္ခ စွန့်ပြီး ဘယ်ဘက်ကို ကူးမလဲ.... (အသင်္ခတဘက်ကူးပါမယ်) ဟော....ခင်ဗျားတို့ ရှုနေတဲ့ဉာဏ်ဟာ ပဌမဒီဘက်ကို လှည့်နေတယ်၊ မဂ္ဂင်သည် ပဌမတော့ သင်္ခါရဒုက္ခဖြစ်ပျက်ဘက် မလှည့်ဘူးလား....(လှည့်ပါတယ်) ရင့်ကျက်လာတော့ အသင်္ခတဘက်ကို သူ့ဟာသူ လှည့်သွားတယ်(မှန်လှပါ) ခင်ဗျားတို့က ဆုတောင်းရတာလား....သူ့ဟာသူ လှည့်သွားတာလား....(သူ့ဟာသူ လှည့်သွားတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်က ဘာအလုပ်ပါလိမ့်မတုံးလို့ ဘုန်းကြီးက မေးတော့ ခင်ဗျားတို့ အလုပ်ဟာ သင်္ခါရဒုက္ခဘက်လှည့်ဘို့က ခင်ဗျားတို့တာဝန်(မှန်လှပါ) နိဗ္ဗာန်ဘက် လှည့်ဘို့အလုပ်က မဂ်၏တာဝန်(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ) ခင်ဗျားတို့ အလုပ်က ဘာတုံး-(သင်္ခါရဒုက္ခဘက် လှည့်ဘို့ပါ)သင်္ခါရဒုက္ခအလုပ်ကိုဘဲ ရှေးဦးစွာ မဂ္ဂင်ငါးပါးနဲ့ လှည့်နေဘို့ လိုတယ်(မှန်ပါဘုရား)ရှင်းပလား(ရှင်းပါပြီ)နောက်ကျတော့ မဂ်က ကျုပ်ကို နိဗ္ဗာန်ပို့ပေးပါလို့ ဆိုရမှာလား.... သူ့ဟာသူ နိဗ္ဗာန်ဆီ လှည့်သွားတာလား.... (သူ့ဟာသူ နိဗ္ဗာန်ဆီလှည့်သွားတာပါဘုရား)ဒါဖြင့် ခင်ဗျားတို့ ဉာဏ်က နိဗ္ဗာန်ဘက်လှည့်သွားတာဘဲ (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ဦးခင်မောင် နိဗ္ဗာန်ရောက်ချင်လို့ ရှိယင်ဖြင့် ဉာဏ်ကို ရှေးဦးစွာ ဘယ်ဘက်လှည့်ရမယ်(သင်္ခတဘက် လှည့်ရမယ်)။

အဲ.... သင်္ခတဒုက္ခဘက် လှည့်ပြီးသကာလ တကာ တကာမ တွေ လှည့်ထားပါတဲ့၊ဩြော်....သင်္ခါရဒုက္ခ-ဩြော်-သင်္ခါရဒုက္ခဘဲ ဖြစ်ပျက်ဘဲ ဖြစ်ပျက်ဘဲလို့ သိနေတာတွေဟာ ဖြစ်ပျက်ဘဲ ဖြစ် ပျက်ဘဲလို့သာ တကာ တကာမတွေက သိနေစမ်းပါ၊ ထိုကဲ့သို့ သိနေတော့ ဟောဒီဉစ္စာ ရင့်ကျက်မလား– မရင့်ကျက်ဘူးလား (ရင့်ကျက်ပါမယ်ဘုရား) ဉာဏ်လေး.... (မှန်ပါ့ဘုရား)။

အဲ....ရင့်ကျက်လာတဲ့ အခါကျတော့ သူသည် သင်္ခတဘက် က နေပြီး ဘယ်ဘက်ကူးမယ်ထင်တုံး....(အသင်္ခတဘက် ကူးပါ မယ်) ခင်ဗျားတို့က အကူးခိုင်းလို့ ကူးတာလား၊ ရင့်လို့ သူ့ဟာသူ ကူးတာလား.... (ရင့်လို့ သူ့ဟာသူ ကူးတာပါ ဘုရား) ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ တရားသည် တကာ တကာမတို့ ကိုယ်က အပို့ခိုင်းလို့ ရောက်တဲ့ တရားလား၊ ဉာဏ်ရင့်မှ ဉာဏ် လှည့်သွားတဲ့တရားလား....(ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့ တရား ပါဘုရား)။

အေး.... ဒီတရားဟာ တကာ တကာမတို့ ဒီကနေ့တရားဟာ သိပ်ပြီးတော့မများဘဲနဲ့၊ဩြော်.... လိုရင်း ဒါပါကလားဆိုတာ ပေါ်လာတယ် (မှန်ပါ့) မပေါ်ကြဘူးလား (ပေါ်လာပါတယ် ဘုရား) လိုရင်းကဖြင့် ဒါဘဲဆိုတာ မသေချာဘူးလား (သေချာ ပါတယ်ဘုရား) ဒါဖြင့် တကာ တကာမတွေ၏ အလုပ်က ဘာအလုပ်ပါလိမ့် (သင်္ခတရှုဘို့ပါဘုရား)။

ဟော.... သင်္ခတဘက် ဒီဉာဏ်လှည့်ပေး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ခင်ဗျားတို့အလုပ်က ဘာပါလိမ့် (သင်္ခတဘက် ဉာဏ်လှည့်ရပါမယ်) သင်္ခတဘက် ဉာဏ်လှည့်ပေး၊ ရင့်လာလိမ့် မယ်တဲ့၊ လှည့်ဖန်များတော့ ဖြစ်ပျက်တွေ မြင်လာလိမ့်မယ်၊ ဖြစ်

ပျက်တွေ ဒုက္ခသစ္စာလှည့်ပေး ရင့်လာလိမ့်မယ် (မှန်ပါ့) ခင်ဗျားတို့ ဆုတောင်းလို့ ရင့်တာလား၊ မြင်ဖန်များလို့ ရင့်တာလား (မြင်ဖန်များလို့ ရင့်တာပါဘုရား)။

ကဲ.... ရင့်လှမက ရင့်တဲ့အဆုံးကျတော့ ခင်ဗျားတို့ ရှုနေတဲ့ ဉာဏ် ဘယ်ဘက်လှည့်မတုံး.... (အသင်္ခတဘက် လှည့်ပါမယ် ဘုရား) ကဲ.... ခင်ဗျားတို့ ဆုတောင်းကြောင့် လှည့်တာလား၊ ရင့်လို့ လှည့်သွားတာလား (ရင့်လို့ လှည့်သွားတာပါဘုရား) ဒါဖြင့် ကိုမြရွှေ ဩြော်.... မီးထွက်လာတာ ပွတ်လို့ မီးထွက်လာတယ် (မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမယ် (ပွတ်လို့ မီးထွက်တာပါ)။

မီးထွက်လောက်အောင် ပွတ်လို့ (မှန်ပါဘုရား) မီးမထွက်လောက်အောင် မပွတ်သေးလို့ရှိယင် မီးကို မတောက်သေးဘူး (မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီ) ဒါဖြင့် မီးထွက်လောက်အောင်ပွတ်ယင် ဘာဖြစ်မယ်ထင်တုံး (မီးထွက်ပါတယ်)။

အဲ....ထိုနည်းအတူဘဲတဲ့ ခင်ဗျားတို့ အလုပ်က မီးပွတ်နေတဲ့ အလုပ်ပါ (မှန်ပါ့) ဒါ....ဖြစ်ပျက်ရှုနေတဲ့ အလုပ်ပါ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) မီးထွက်လောက်အောင် ပွတ်လာပြီ၊ မီးထွက်လောက်အောင် ရင့်လာပြီဆိုလို့ရှိယင်ဖြင့် ဒီဉာဏ်သည် မဂ္ဂင်ငါးပါးက ရှစ်ပါးမဖြစ်ပါနဲ့ ဆိုလို့ရပါ့မလား (မရပါဘူး) မီးထွက်လာတာဘဲ မီးထွက်လာသည်နှင့် တပြိုင်နက် အသင်္ခတဘက် မလှည့်ပေဘူးလား (လှည့်ပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့ အလုပ်လုပ်နေတုံးက သင်္ခတဘက် ချည်း လှည့်တယ်လို့ မှတ်ပါ (မှန်ပါ့) မဂ္ဂင်ငါးပါးက သူတို့ အားပြည့်လာတဲ့ အခါကျလို့ရှိယင်ဖြင့်တဲ့ မဂ္ဂင်ရှစ်ပါးဖြစ်ရော၊

တခါတည်း အသင်္ခတဘက် လှည့်သွားတယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မိလိန္ဒပဉှာမှာလဲ လာတယ်၊ ပြီးတော့ အင်္ဂုတ္တိုရ်မှာလဲ လာတယ် (မှန်ပါ)။

တကာ တကာမတို့ သင်္ခတတရား၏ ဖြစ်စဉ်နဲ့ အသင်္ခတတရား၏ ဖြစ်စဉ်ဆိုတာ အင်္ဂုတ္တိုရ်မှာလဲ သေသေချာချာ လာသောကြောင့် တကာ တကာမတို့၏ တာဝန်သည် ရှေးဦးစွာ ဘယ်ဘက်လှည့်ရမလဲ....(သင်္ခတဘက် လှည့်ရပါမယ်) ဒီဘက်က တကာတွေ ဘယ်ဘက်လှည့်ကြမယ် (သင်္ခတဘက် လှည့်ပါမယ်ဘုရား) သင်္ခတတရားဆိုတာ ခင်ဗျားတို့ခန္ဓာကိုယ်ထဲ ဖြစ်ပျက်တွေနေ၁်.... (မှန်ပါ) အနိစ္စကလေးတွေဘက်ကို လှည့်ရမယ် (မှန်ပါ)။

တကာ တကာမတွေ ဘယ်ဘက်လှည့်ရမယ်....(အနိစ္စဘက်ကို လှည့်ရမယ်) က....လှည့်တဲ့ဉာဏ်ရင့်လာတော့ကိုတဲ့ ဒီဉာဏ်တွေ ဘယ်ဘက်လှည့်သွားသလဲ.... (အသင်္ခတဘက် လှည့်သွားပါတယ်) ခင်ဗျားတို့က လှည့်ချင်လို့ လှည့်တာလား၊ ဉာဏ်အမြင်ကိုကလှည့်တာလား (ဉာဏ်အမြင်ကိုက လှည့်တာပါဘုရား) ခင်ဗျားတို့ လှည့်ထားတာက သင်္ခတဘက်လှည့်ထားတာ(မှန်ပါ) သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့ လှည့်ထားတာက (သင်္ခတဘက် လှည့်ထားတာပါဘုရား) သင်္ခတဘက် လှည့်ထားတယ်၊ ရင့်တော့ သူ့ဟာသူ ဘယ်ဘက်လှည့်သတုံး-(အသင်္ခတဘက် လှည့်ပါတယ်)အသင်္ခတ နိဗ္ဗာန်ဘက် မလှည့်ဘူးလား(လှည့်ပါတယ်)။

အဲ....အသင်္ခတဘက်- နိဗ္ဗာန်ဘက် လှည့်သွားတယ်ဆိုတော့ ပြော်.... ဉာဏ်သည်ကားလို့ဆိုယင် ဘယ်သူမှ စိုးပိုင်မှု မရှိပါ

ကလား၊ သူ့သဘောနဲ့ သူလှည့်တာပါကလားဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်) ဦးခင်မောင်–ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ကဲ.... ဒါဖြင့် တကာ တကာမတို့ ဒီနေ့ဖြင့် သင်္ခါတက အသင်္ခါတကူးဘို့ နားလည်ပလား....(နားလည်ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ဘက်မှ ဉာဏ်နဲ့ ကျိုးစားခဲ့လို့ ရှိယင် ဖြစ်ပျက်မရှုတဲ့ဘက် ကူးလိမ့်မယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) မကျိုးစားတဲ့ပုဂ္ဂိုလ်ဟာ (မကူးပါဘူး) မကူးပါဘူး ဆိုတာကော သဘောကျပလား.... (သဘောကျပါပြီ)။

ဒါဖြင့် ခုဒင်ကဝါးနှစ်လုံးထဲမှာ တကာ တကာမတို့ သိတဲ့အတိုင်း ဘယ်အလုံးထဲမှ မီးမပါဘူး (မပါ-ပါဘူး) ပွတ်တဲ့ပုဂ္ဂိုလ်၏ လုံ့လကြောင့် ဝါးနှစ်လုံး ပူ-မပူ (ပူပါတယ်ဘုရား) မီးမထွက်ခင် ပူတဲ့အပူသည် သင်္ခါတဘက်လှည့်တဲ့ဉာဏ်နဲ့ တူပါတယ် (မှန်ပါ့ဘုရား) မီးထွက်အောင်ပူလာတဲ့ အပူသည်ကားလို့ ဆိုယင် နိဗ္ဗာန်ဘက် လှည့်တဲ့ဉာဏ်နဲ့ တူပါတယ် (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အလုပ်-လုပ်တတ်ပလား (လုပ်တတ်ပါပြီ)ဒီအထဲ ဘာဂဏန်းဘဲ ပေါ်နေနေ သင်္ခါတဘက်လှည့်နေတာသာမှတ်(မှန်ပါ့)ဒီကြားထဲက ဖြစ်ပျက်မြင်လဲ ဥဒယဗ္ဗယဉာဏ်က သင်္ခါတဘက် လှည့်တာဘဲ၊ ဘင်္ဂမြင်လဲ သင်္ခါတဘက်လှည့်တာဘဲ၊ ဘယမြင်ကော.... (သင်္ခါတဘက်လှည့်တာဘဲ)။

အာဒီနဝမြင်ယင်ကော....(သင်္ခါတဘက်လှည့်တာဘဲ) အင်း.... နာမရူပပရိစ္ဆေဒကျမ်းကတော့ ရှေးဦးစွာကွာ သင်္ခါလှည့်နေတာ၊တော်တော်ကြာ အသင်္ခါတဘက် ဒီဉာဏ် ကူးသွားမှာပါဘဲ ဆိုတာ အင့်မတန် ရှင်းရှင်းလင်းလင်းပြသောကြောင့် အင်္ဂုတ္တိုရ်

ကလဲ ရှင်းရှင်းလင်းလင်းပြသောကြောင့် ခင်ဗျားတို့ ဉာဏ်စဉ်တွေကို မလိုက်ချင်လဲ နေပါတော့ သင်္ခတသာစိုက်ရှုပါ (မှန်လှပါဘုရား) သဘောပါလား (ပါ-ပါပြီ)။

သင်္ခတသာ စိုက်ကြည့်လိုက်လို့ ရှိယင် သင်္ခတသိတဲ့ဉာဏ် ရင့်မှ ကိုမြရွှေ ဘယ်ဘက်လှည့်မယ်.... (အသင်္ခတဘက်လှည့်ပါမယ်) ခင်ဗျားတို့က လှည့်ချင်လို့ လှည့်တာလား-ဉာဏ်ရင့်လို့ လှည့်သွားတာလား.... (ဉာဏ်ရင့်လို့ လှည့်သွားတာပါဘုရား)။

ဒါဖြင့်မီးထွက်လောက်အောင် ပူလို့ မီးဖြစ်တာပေါ့။ (မှန်ပါ့ဘုရား)၊ မီးကထွက်လောက်အောင်ပူလို့ (မီးထွက်တာပါ)၊ မီးကထွက်လောက်အောင်မပူယင် (မီးမထွက်ပါဘူး)၊ ဒါဖြင့် ခင်ဗျားတို့အလုပ်သည်ကားလို့ ဆိုယင် တကာတကာမတို့ မီးထွက်အောင် ပူအောင်လုပ်လို့ဘဲ၊ (မှန်ပါ့ဘုရား) မဟုတ်ဘူးလား (မှန်ပါ့)။

မီးထွက်လောက်အောင် ပူအောင်လုပ်လို့ရှိယင် မီးဖြစ်ပါစေလို့ ဆုတောင်းရမှာလား (မတောင်းရပါဘူး) သူ့ဟာသူ မီးထွက်လာမယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်) ဒါကြောင့် တကာတကာမတို့ သင်္ခတက အသင်္ခတ ကူးအောင် လုပ်နိုင်လို့ ရှိယင် ဒီဘဝနိဗ္ဗာန်ရတာဘဲဆိုတာ ဒါပါဘဲ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။ ကဲ—နာရီစေ့ပြီ ယနေ့ဒီတွင်တော်ကြစို့....။

သာဓု.... သာဓု.... သာဓု....

★

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့- ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# နိဗ္ဗာန်ရောက်ချင် ခန္ဓာစဉ်ဖြတ်ရန်

# တရားတော်

(၆-၂-၆၁)

အားလုံးတကာတကာမတွေနိဗ္ဗာန်ရတယ်လို့ ဆိုတာ မိမိခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဖြတ်တာကို ဆိုသည်လို့ အကျဉ်းချုပ်မှတ်ထားပါ။

နိဗ္ဗာန်ရောက်တယ် နိဗ္ဗာန်အာရုံပြုနိုင်တယ်၊ ခန္ဓာဆုံးပြီး သကာလ နိဗ္ဗာန်သို့ ရောက်သွားတယ်ဆိုတာ ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဖြတ်လို့- လို့ မှတ်လိုက်စမ်းပါ။ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် မဖြတ်ဘဲနဲ့ အားလုံးတကာ တကာမတွေ နိဗ္ဗာန်ကို ဘယ်သူမှ မရောက်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ။ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာတုံးလို့ မေးလို့ရှိယင် ခန္ဓာအစဉ် ဘုရာ့လို့ ဖြေရလိမ့်မယ် (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်.... (ခန္ဓာအစဉ်ပါဘုရား) အဲ.... ခန္ဓာအစဉ်ဟာတဲ့ ပဋိစ္စသမုပ္ပါဒ် အဲဒီခန္ဓာအစဉ်ကိုကြားထဲမြင်အောင် ဖြတ်လိုက်လို့ရှိယင် ဖြင့် ခန္ဓာအစဉ်ဟာ မပြတ်ဘူးလား.... (ပြတ်ပါတယ်ဘုရား)။

အဲဒီ ခန္ဓာအစဉ်ပြတ်တာကို ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်လို့ ခေါ်ကြပေတော့ တကာတကာမတို့။

ခန္ဓာအစဉ် ပြတ်သွားတယ်ဆိုတော့ ဒီဘက်က မူလခန္ဓာအစဉ်က ဒုက္ခသစ္စာ၊ ဟိုဘက်ပြတ်သွားတာက နိရောဓသစ္စာ၊ သဘောကျပလား၊ (ကျပါပြီ) ဒီဘက်ကျန်ရစ်တာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဟိုဘက် ပြတ်ထွက် သွားတာက.... (နိရောဓသစ္စာပါ)။

ဩော်.... ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင်ဖြင့် ခန္ဓာအစဉ် ပြတ်တတ်မှ.... (မှန်ပါ့ဘုရား) သေသေချာချာ မှတ်ကြပါ၊ နိဗ္ဗာန်ရောက်ချင်ယင် ခန္ဓာအစဉ်ပြတ်မှ (မှန်လှပါဘုရား)သဘောပါပလား.... (ပါပါပြီ)နိဗ္ဗာန်ရောက်ချင်ယင်....(ခန္ဓာအစဉ်ပြတ်မှ)။

ဩော်....ဒါဖြင့် နိဗ္ဗာန် ရောက်ဘို့ရာ ကိုယ့်ခန္ဓာအစဉ်ကို ကိုယ်ဖြတ်တတ်ဘို့ အရေးကြီးပါတယ်၊ သဘောပါကြလား.... (ပါပါပြီ) နိဗ္ဗာန်ရောက်ချင်ယင် ဘာလုပ်ရမယ်....(ကိုယ့်ခန္ဓာအစဉ် ကိုယ်ဖြတ်တတ်ဘို့ အရေးကြီးပါတယ်)။

ဩော်....နိဗ္ဗာန်ရောက်ကြောင်းတရား နိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ တခြားလား အောက်မေ့တယ်၊ ခန္ဓာအစဉ်ကို ဖြတ်တတ်တဲ့တရားရယင် ပြီးတာပါဘဲ၊ ရှင်းကြပလား (ရှင်းပါပြီ) ခန္ဓာအစဉ် ဖြတ်တတ်တဲ့တရား ရယင်.... (နိဗ္ဗာန်ရောက်ကြောင်းတရားပါဘုရား)နိဗ္ဗာန်ရတာဘဲ ဦးခင်မောင် ကျေနပ်ပလား(ကျေနပ်ပါပြီဘုရား)။

ကဲ.... ကိုမြရွှေတို့ တော်တော် ကျေနပ်ပလား (မှန်လှပါဘုရား) ဒီဘက်က မူလခန္ဓာအစဉ်က ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒီဘက်ပြတ်သွားတော့ ဘာဆိုကြမယ်....(နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ ဒုက္ခနိရောဓသစ္စာ (မှန်ပါ့)ရှင်းပ

လား.... (ရှင်းပါပြီ) ဒုက္ခတွေ ချုပ်သွားသောကြောင့် ဒုက္ခနိရောဓသစ္စာဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ရောက်ချင်လို့ရှိယင် ခန္ဓာအစဉ် ဖြတ်ရမယ် ယနေ့တရားက....။(မှန်လှပါ) နိဗ္ဗာန်ရောက်ချင်လို့ရှိယင်.... (ခန္ဓာအစဉ် ဖြတ်ရပါမယ်) ခန္ဓာအစဉ် ဖြတ်ရမယ်ဆိုတာသေသေချာချာ မှတ်စမ်းပါ(မှန်လှပါဘုရား)နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်....(ခန္ဓာအစဉ် ဖြတ်ရပါမယ်ဘုရား)။

ဒါဖြင့်ခန္ဓာအစဉ်ဆိုတဲ့ပဋိစ္စသမုပ္ပါဒ်ကြီးကိုမှ မသိတဲ့ပုဂ္ဂိုလ်များဟာဖြင့် ဘယ်လိုလုပ်ဖြတ်မယ်ဆိုတဲ့ဉာဏ်ဝင်စရာအကြောင်းမြင်သေးရဲ့လား ... (မမြင်ပါဘူးဘုရား)။

ဒါဖြင့်ပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်ကို သိမှသာလျှင် (ဝါ)ဒုက္ခသစ္စာကိုသိမှသာလျှင် ခန္ဓာအစဉ်ပြတ်မှုနိရောဓသစ္စာကို သဘောကျမယ် ဆိုတာကော သေချာကြပလား.... (သေချာပါတယ်ဘုရား) သဘောကို ပြောနေတဲ့အတွက် တကာတကာမတွေ အထူးတလည်ဘဲ ဂရုစိုက်ကြ၊ ကိုယ့်အရေးဟာ ဒါအကြီးဆုံးပါဘဲ (မှန်လှပါ) ဦးခင်မောင် ကိုယ့်အရေးဟာ ဒါ–အခုပြောတာ အကြီးဆုံးဘဲ(မှန်လှပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာသစ်တို့ နိဗ္ဗာန်ရောက်ချင် ဘာအစဉ်ဖြတ်ရမလဲ.... (ခန္ဓာအစဉ် ဖြတ်ရပါမယ်) မောင်ထွန်းမောင်တို့ ဘာမှတ်ကြမယ်.... (ခန္ဓာအစဉ်ဖြတ်ဘို့ပါဘုရား)။

ဘာဖြစ်လို့ ဒီခန္ဓာအစဉ် ဖြတ်နေရတာတုံးလို့ မေးတော့ ခန္ဓာက ဒုက္ခသစ္စာကိုး.... တကာတကာမတို့နော်.... (မှန်ပါ့) ခန္ဓာက (ဒုက္ခသစ္စာပါဘုရား) ဒီ–ဒုက္ခသစ္စာအစဉ်မှ မပြတ်လို့ရှိ

ယင်လဲ "ဒုက္ခနိရောဓနိဗ္ဗာန်" ဆိုတဲ့ ဒုက္ခချုပ်တဲ့နိဗ္ဗာန် ရောက်နိုင်ပါ့မလား.... (မရောက်နိုင်ပါဘူးဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်.... (ခန္ဓာအစဉ်ဖြတ်ရပါမယ်) ဒီနေ့တရားမှာ ဒီတလုံးကို သေသေချာချာ မှတ်ပါ (မှန်လှပါ) နိဗ္ဗာန်ရောက်ချင်ယင် ဘာလုပ်ရမယ်....(ခန္ဓာအစဉ်ဖြတ်ရမယ်) ခန္ဓာအစဉ်ဖြတ်ရမယ်။

ကောင်းပြီ ဒါဖြင့် ခန္ဓာအစဉ်ကို မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်များမှာ ဦးခင်မောင် နိဗ္ဗာန်ရောက်ပါ့မလား.... (မရောက်ပါဘူးဘုရား)။

ဒါကို သေသေချာချာမှတ်ကြ တကာတကာမတို့ ဒီဥစ္စာဟာ ကြားလဲ ကြားရခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်တွေလို့ မှတ်ကြစမ်းပါ နော်.... (မှန်လှပါဘုရား) နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်.... (ခန္ဓာအစဉ်ဖြတ်ရမယ်) ခန္ဓာအစဉ် ဖြတ်ရမယ်။

ကောင်းပြီ ဒါဖြင့် ခန္ဓာအစဉ် ဖြတ်ပုံကလေးရှင်းပြပါမယ်။ ဒီဘဝ ဘုန်းကြီးတို့ တကာတကာမတွေ ဘယ်ကများစပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ "သင်္ခါရပစ္စယာ ဝိညာဏံ" က စတယ်(မှန်လှပါ)။

ဒီဘဝ ဘယ်က စ-ပါလိမ့်....("သင်္ခါရပစ္စယာဝိညာဏံ" က စ-ပါတယ်ဘုရား)။

"ဝိညာဏံ" ကနေ စ-တယ်၊ "သင်္ခါရပစ္စယာ ဝိညာဏံ" ကနေ စတယ်ဆိုတာ သေသေချာချာ မှတ်ထားကြပါ (မှန်ပါ့ဘုရား) ဝိညာဏ်ပြီးတောင်မှ သူနဲ့တွဲနေတဲ့ နာမ်ရုပ်မလာဘူးလား.... (လာပါတယ်) နာမ်ရုပ်လာပြီး မျက်စိ နား နှာခေါင်း ဆိုတဲ့ သဠာယတနတွေ မလာဘူးလား.... ( လာပါတယ်ဘုရား )

ပြီးတော့ ဖဿ မလာဘူးလား....(လာပါတယ်)ဝေဒနာကော-(လာပါတယ်)။

ကောင်းပြီ ဒါဖြင့် ဒါဟာ ခန္ဓာအစဉ်တွေဘဲ၊ ဒါကစိတ်၊ ဒါကနာမ်ရုပ်၊ ဒါကစက္ခု သောတ ဃာန ဇိဝှါ ကာယ၊ဒါက ဖဿ၊ ဒါက ဝေဒနာ။

ကောင်းပြီ တကာ တကာမတို့ ဒီခန္ဓာအစဉ်တွေဟာ ခုပြော ခဲ့တဲ့ တစ်- နှစ်- သုံး- လေး- ငါး၊ ဒါ–တကာ တကာမတွေ ဒီဘဝ အစ ခန္ဓာအစဉ်လို့ ဦးခင်မောင်–မှတ်စမ်းပါ(မှန်လှပါ ဘုရား)။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တကာ တကာမတို့ ဒါ-ဒီဘက် ခန္ဓာအစဉ်နော်.... (မှန်လှပါဘုရား) သဘောပါလား....(ပါ-ပါပြီ)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟာ ဘာပါလိမ့်....(ဒီဘက်ခန္ဓာအစဉ်ပါဘုရား) ဒီဘဝ ခန္ဓာအစဉ်လို့ မှတ်ထားပါနော်(မှန်ပါ့)။

ကဲ....ဒီဘဝ ခန္ဓာအစဉ်ကို နောက်ဘဝ ခန္ဓာဖြစ်ကြောင်းနဲ့ ဖြတ်ရလိမ့်မယ်.... (မှန်ပါ့) မဖြတ်ရပေဘူးလား.... (ဖြတ်ရပါ မယ်)။

နောက်ဘဝ ခန္ဓာဖြစ်ကြောင်းနဲ့ ဖြတ်ရမယ်ဆိုတော့ ဩော်-ဒီဘဝ ခန္ဓာအစဉ်က ငါးခု၊ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ဘယ်နှစ်ခုပါလိမ့်....(ငါးခုပါဘုရား)။

နောက်ဘဝ ခန္ဓာအစဉ် ဖြစ်ကြောင်းက တဏှာ ဉပါဒါန် ကံ၊သဘောကျပလား(ကျပါပြီ)နောက်ဘဝ ခန္ဓာဖြစ်ကြောင်းက (တဏှာ ဉပါဒါန် ကံ)တဏှာ ဉပါဒါန် ကံ။

ဒါဖြင့် တကာ တကာမတို့ ဒါတွေလဲ ခန္ဓာတွေဘဲတဲ့၊တဏှာ ဆိုတာလဲ သင်္ခါရက္ခန္ဓာ၊ဥပါဒါန် သင်္ခါရက္ခန္ဓာ၊ စေတနာကလဲ သင်္ခါရက္ခန္ဓာတွေ၊ ဒါလဲ ခန္ဓာဘဲ၊ ဒီဘက်က ငါးခုကကော.... (ခန္ဓာပါဘဲဘုရား)အဲဒီ ခန္ဓာအစဉ်ကို ဖြတ်ရလိမ့်မယ်(မှန်ပါ့) တကာ တကာမတို့ ဘာဖြတ်ရမယ်....(ခန္ဓာအစဉ်ကို ဖြတ်ရပါ မယ်ဘုရား)။

ခန္ဓာအစဉ်ဆိုတော့ သေသေချာချာ ဒီပုံနဲ့လဲ ပြနေတဲ့အ တွက် ကြည့်လဲ ကြည့်ကြပါ၊ ပဋိစ္စသမုပ္ပါဒ်နဲ့လဲ ကိုက်ရမယ် (မှန်ပါ့) တကာ တကာမတွေ ခန္ဓာအစဉ်ပြတ်မှ နိဗ္ဗာန်ရမယ် ဆိုတာလဲ ကြည့်ရမယ်။

ဒါ့ကြောင့် ဒီဘဝဟာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ဒါလဲ ခန္ဓာအစဉ်ဘဲဆိုတာ သဘောကျပလား- (ကျပါပြီဘုရား)။

ကောင်းပြီ ဒါလဲ ခန္ဓာအစဉ်ဘဲဆိုတော့ ဒီဘက်က တဏှာ ဥပါဒါန် ကံ ဆိုတာကော တကာတကာမတို့ အာရုံကတွေလို့ ဝေဒနာပစ္စယာ တဏှာ ဥပါဒါန် ကံ မလာဘူးလား....(လာပါ တယ်ဘုရား) ဒါလဲ ခန္ဓာဘဲ မဟုတ်လား.... (ခန္ဓာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခန္ဓာအစဉ်ဖြတ်ယင် နိဗ္ဗာန် ရောက်တယ်၊ သဘောပါလား....(ပါ-ပါပြီ)ခန္ဓာအစဉ်ဖြတ်ယင် (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ခန္ဓာအစဉ်ဖြတ်ယင် နိဗ္ဗာန်ရောက်ပါတယ်ဆိုတော့ ဩော်.... ခန္ဓာအစဉ်ဖြတ်မှ နိဗ္ဗာန်ရောက်မယ်ဆိုတော့ တကာ တကာမ တွေက ဒီကြားထဲမှာ ဒီဖြုံဖြုံကလေးဟာ ဒီနေရာမှာ တကာ တကာမတွေ ဉာဏ်သွင်းရမယ် (မှန်ပါ့) ဉာဏ် မသွင်းရပေဘူး

လား....(သွင်းရပါတယ်) ခြောက်ခုမြောက်မှာ ဘာ—သွင်းရမယ်...(ဥာဏ် သွင်းရပါမယ်ဘုရား) ဥာဏ် သွင်းလိုက်တဲ့အခါကျတော့ ဒီဘက်ခန္ဓာနဲ့ ဒီဘက်က ခန္ဓာဖြစ်ကြောင်း ခန္ဓာနဲ့ မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်ခန္ဓာဖြစ်ကြောင်း တဏှာ ဥပါဒါန် ကံတွေ မချုပ်ပေဘူးလား....(ချုပ်ပါတယ်ဘုရား) ဘယ်သူက ဝင်ဖြတ်လိုက်ပါလိမ့်....(ဉာဏ်က ဝင်ဖြတ်ပါတယ်) ဝိပဿနာမဂ်က ဝင်မဖြတ်လိုက်ဘူးလား....(ဖြတ်ပါတယ်) ဝိပဿနာမဂ်က ဝင်-ဖြတ်လိုက်တဲ့အခါကျတော့ ဒီခန္ဓာကတော့ ပြီးပြီးသားမို့ သူ့ဟာသူ နေပေစေတော့ (မှန်လှပါ)။

ဒီဘက်က ခန္ဓာဖြစ်ကြောင်းက မဂ်-ဝင်လိုက်သဖြင့် ခန္ဓာဖြစ်ကြောင်း ခန္ဓာတွေသည် ခန္ဓာတော့ ခန္ဓာဘဲနေ(မှန်ပါ) သင်္ခါရက္ခန္ဓာတွေဘဲ၊ အဲဒီ သင်္ခါရက္ခန္ဓာတွေ တကာ တကာမတွေ မဂ်-ဝင်လိုက်တော့ကို ပေါ်သေးရဲ့လား.... (မပေါ်ပါဘူးဘုရား) မပေါ်တော့ တဏှာချုပ်တယ်၊ မချုပ်ဘူးလား....(ချုပ်ပါတယ်)ဥပါဒါန်ကော....(ချုပ်ပါတယ်ဘုရား)ကံကော (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အနာဂတ်ဘဝ ဇာတိ ဇရာမရဏ ဘယ်လိုစဉ်းစားကြမလဲ....(မလာပါဘူးဘုရား) ဒါဖြင့်နောက်ခန္ဓာ မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်လိုချင်ယင် ခန္ဓာအစဉ် ပြတ်ရမယ်(မှန်ပါ)။

တကာ တကာမတို့ နိဗ္ဗာန်ရောက်ချင်....(ခန္ဓာအစဉ် ပြတ်ရပါမယ်) နိဗ္ဗာန်ရောက်ချင်.... (ခန္ဓာအစဉ် ပြတ်ရပါမယ်) ခန္ဓာအစဉ် ပြတ်ရမယ်ဆိုတော့ ဒါပြတ်တတ်ဘို့ အရေးဟာ

ဆရာဘုန်းကြီးကလဲ နည်းပေးပါမယ် တကာ တကာမတွေကလဲ ကြိုးစားပါ(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဆရာဘုန်းကြီးကလဲ ခန္ဓာအစဉ် ဖြတ်နည်းကို ဒီ တကာ တကာမတွေကို ပေးမယ်၊ တကာ တကာမတွေကလဲ ဩော်.... နောက်ခန္ဓာ လာလို့ရှိယင်လဲ တဏှာ ဉပါဒါန် ကံလာလို့ ရှိယင် အနာဂတ်ခန္ဓာ မလာပေဘူးလား....(လာပါတယ်ဘုရား) အနာဂတ်ခန္ဓာ လာလို့ရှိယင် ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ်ခန္ဓာ သည် ဒုက္ခချင်း မဆက်ပေဘူးလား.... (ဆက်ပါတယ်ဘုရား) ဒုက္ခချင်း ဆက်သွားယင် တကာ တကာမတို့ ယခုနေရတာလဲ ဒုက္ခ၊ နောင်တွေမှာလဲ....(ဒုက္ခပါဘဲဘုရား)။

ဒါဖြင့် တကာ တကာမတို့မှာ ခန္ဓာအစဉ်ကို ဖြတ်တတ်တဲ့ မဂ် မဝင်လို့ရှိယင်ဖြင့် ဩော်....ဒို့သည် ယခု-ဘယ်လို နေရပါလိမ့်မတုံးလို့ မမေးနဲ့၊ ယခု-ဘယ်လိုနေရသတုံး....ဒုက္ခသစ္စာနဲ့ နေရတယ် (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) နောက်ဘဝ ဘယ်လို နေရမှာတုံး....(ဒုက္ခသစ္စာနဲ့ နေရမှာပါဘုရား)ယခု—ဘယ်လိုနေရသတုံး.... (ဒုက္ခသစ္စာနဲ့နေရပါတယ်ဘုရား) နောက်ဘဝ ဘယ်လို နေရသတုံး....(ဒုက္ခသစ္စာနဲ့ နေရပါတယ်)။

အဲဒါ ခန္ဓာအစဉ် ဖြတ်တတ်တဲ့မဂ် မဝင်တတ်လို့ (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ခန္ဓာအစဉ် ဖြတ်တတ်တဲ့.... (မဂ်-မဝင်တတ်လို့ပါဘုရား) ဒါဖြင့် တသံသရာလုံး ဘုန်းကြီးတို့ တကာ တကာမတွေဟာ ခန္ဓာအစဉ် ဖြတ်တတ်တဲ့မဂ် မဝင်တတ်ဘူး (မှန်လှပါဘုရား) တကယ်လို့ မဂ်ဝင်ခဲ့လို့ရှိယင် လဲ အခုတရားနာတဲ့ ခန္ဓာတွေ ရှိပါဦးမလား.... (မရှိပါဘုရား)။

ဩော်-ဒါဖြင့် ဒီတရားသည် နိဗ္ဗာန်ဝင်ချင် ခန္ဓာအစဉ် ဖြတ်ရမယ်ဆိုတော့ အားလုံး တကာ တကာမတို့ စဉ်းစားပြီး နား ထောင်စမ်းပါ၊ ဩော်....ဒီသည် ခန္ဓာအစဉ် ဖြတ်တဲ့ အလုပ်— မလုပ်ဘူးပါကလားဆိုတာ ပေါ်လာတယ် (မှန်ပါ့ဘုရား) ဘာ ပေါ်လာတယ်.... (ခန္ဓာအစဉ် ဖြတ်တဲ့အလုပ်—မလုပ်ဘူးပါဘူး ဘုရား) ခန္ဓာအစဉ် ဖြတ်တဲ့အလုပ်.... (မလုပ်ဘူးပါဘူးဘုရား)။

ဒါဖြင့် အခုအချိန်မှာ ဘုန်းကြီးတို့ တကာ တကာမတွေ မလုပ်တော့ဘူး၊ သားရေး သမီးရေး စီးပွားရေးတွေနဲ့ အချိန် ကုန်ပြီး သကာလ ကိုယ်ထင်သလိုသာ နေကြတော့မယ် ဆိုလို့ ရှိယင်ဖြင့် အခုနေအခါသည် ငါ-ဘာဖြစ်မှာတုံးလို့ မစဉ်းစား ပါနဲ့ ဒုက္ခဖြစ်မှာဘဲလို့သာ ဆုံးဖြတ် ချက် ချပါ၊ (မှန်လှပါ ဘုရား)။

အခုလို အိုဘေး နာဘေး သေဘေးပြီးယင် နောက်-ဘာနဲ့ နေရမလဲ.... (အိုဘေး သေဘေး နာဘေးနဲ့ဘဲ နေရပါမယ်) နောက်လဲ အိုဘေး နာဘေး သေဘေးနဲ့ဘဲ နေရလိမ့်မယ် ဆို တာ မရှင်းသေးဘူးလား.... (ရှင်းပါတယ်ဘုရား) ယခု-ဘာနဲ့ နေရတုံး....(အိုဘေး နာဘေး သေဘေးနဲ့ နေရပါတယ်)နောက် ဘာနဲ့ နေရမှာတုံး.... (အိုဘေး နာဘေး သေဘေးနဲ့ဘဲ နေရ ပါမယ်)။

ဒါဟာ ဘာ-မဖြတ်တတ်လို့ပါလိမ့်.... (ခန္ဓာအစဉ် မဖြတ် တတ်လို့ပါ)ခန္ဓာအစဉ် မဖြတ်တတ်လို့တဲ့....၊ အင်မတန် အဘိုး တန်သွားပြီ တကာ တကာမတို့၊ ဒီတလုံးနဲ့ဘဲ အင်မတန် အဘိုး တန်သွားပြီ၊ တကာသစ်—မတန်သေးဘူးလား.... (အဘိုးတန်ပါ တယ်ဘုရား)။

အင်မတန် အဘိုးတန်သွားပြီဆိုတာ ဦးဘအုန်းကြီး ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) တသံသရာလုံးမှာ ကျုပ်တို့သည် ခန္ဓာအစဉ် ဖြတ်တတ်တဲ့ဉာဏ် ဝင်စရာနေရာလဲ မတွေ့ဘူး၊ ဉာဏ်လဲ မဝင်ဘူးဆိုတာ အင်မတန် မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ကဲ-ယခုဘဝမှာ တကာ တကာမတို့ ဒီဘဝ ဒုက္ခကိုတော့ဖြင့် အကျိုးပေးပြီးသား ဖြစ်သောကြောင့် ခံရှိဘဲ၊ (မှန်ပါ့ဘုရား) နောက် ဒုက္ခကိုတော့ မဂ်ဝင်ယင် ပြတ်တယ်....(မှန်ပါ့) သဘောပါလား....(ပါ-ပါပြီ)နောက်ဒုက္ခတော့(မဂ်ဝင်ယင်ပြတ်တယ်)။

နောက်ဒုက္ခ မဂ်-ဝင်ယင် ပြတ်တယ်ဆိုတာ အပြောလားတဲ့၊ ပောဒိကြား ထဲမှာ မဂ်-ဝင်လိုက်လို့ ရှိယင် ဒီခန္ဓာနဲ့ ဒီဘက် ခန္ဓာတွေနဲ့ ဘယ့်နှယ်နေသလဲ.... (ပြတ်သွား ပါတယ် ဘုရား) ဒီခန္ဓာတွေက ပြသာ-ထားရတယ် ပေါ်သေးရဲ့လား....(မပေါ်ပါဘူး ဘုရား) ခန္ဓာဖြစ်ကြောင်းတွေ ပေါ်သေး ရဲ့လား.... (မပေါ်ပါဘူး)။

ဒါဖြင့် ခန္ဓာဖြစ်ကြောင်းမှ မပေါ်တော့ ခန္ဓာဖြင်ကျိုးတွေ ကော လာစရာမြင်သေးရဲ့လား....(မမြင်ပါဘုရား) ဒါဖြင့်နိဗ္ဗာန် ဝင်ချင်လို့ ရှိယင်ဖြင့် ခန္ဓာအစဉ် ဖြတ်ကြပါ၊ (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ်....(နိဗ္ဗာန်ဝင်ချင် ခန္ဓာအစဉ် ဖြတ်ရပါမယ်)။

တော်တော့်ကို အရေးကြီးတဲ့ တရားလို့ တကာ တကာမတွေ သေသေချာချာ မှတ်ပါ တရား မများပါဘူး (မှန်ပါ့) တရားမများပါဘူး၊ နိဗ္ဗာန်ဝင်ချင်ယင် ခန္ဓာအစဉ် ဖြတ်၊ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ခန္ဓာအစဉ် ဖြတ်လိုက်လို့ ရှိယင်

ဖြင့် တဏှာ အလိုလို ဖြတ်ထွက်သွားတယ်ဆိုတာကော သေချာ ပလား.... (သေချာပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဝင်ချင် ဘာလုပ်ရမယ်.... (ခန္ဓာအစဉ် ဖြတ်ရပါမယ်) ခန္ဓာအစဉ် ဖြတ်ရလိမ့်မယ်ဆိုတော့ တကာ တကာမတွေ ဒီဘက်က ငါးခုနဲ့ ဒီဘက်က သုံးခုနဲ့ မဆက်စေနဲ့ (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)ဒီဘက်က ငါးခုနဲ့....(ဒီဘက်က သုံးခုနဲ့ မဆက်စေနဲ့) သုံးနှင့်ငါး = ငါးနှင့်သုံး မဆက်စေနဲ့ (မှန်ပါ)။

တကာ တကာမတို့ သေသေချာချာဘဲ ရှင်းအောင် ပြောနေတယ်၊ ငါးနှင့်သုံး.... (မဆက်စေနဲ့) ငါးက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ (မှန်ပါ) သုံးက တဏှာ ဥပါဒါန် ကံ၊ (မှန်ပါ) ငါးနှင့်သုံး မဆက်စေနဲ့ (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) ငါးနှင့်သုံး....(မဆက်စေနဲ့)အဲဒါ ခန္ဓာအစဉ် ဖြတ်တာဘဲ၊ (မှန်ပါ) ရှင်းပြီနော် (ရှင်းပါပြီ) ငါးနှင့်သုံး—(မဆက်စေနဲ့) ဒါ ဘာလုပ်တာတုံး.... (ခန္ဓာအစဉ်ဖြတ်တာပါ)ခန္ဓာ အစဉ် ဖြတ်နေတာ (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်ဝင်ချင် ခန္ဓာအစဉ် ဖြတ်ဆိုတာ ငါးနှင့်သုံး မဆက်စေနဲ့ (မှန်ပါ) မောင်ထွန်းလှိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ဘာနှင့်ဘာနဲ့ မဆက်ရမှာတုံး.... (ငါးနှင့်သုံး မဆက်ရဘူး)။

ငါးနှင့်သုံး မဆက်စေနဲ့ဆိုတဲ့ စကားဟာ တကာ တကာမတို့ သာမညအရေးကြီးတဲ့ စကားလို့ မယူလိုက်နဲ့နော်(မှန်ပါ) ဘုရား တဆူတဆူပေါ်မှ ဒီပဋိစ္စသမုပ္ပါဒ် ဖြတ်နည်းကို ရတယ် (မှန်ပါ)။

ဒါကြောင့် တကာ တကာမတို့ ဘုရားဖြစ်သွားတယ် ဆိုတဲ့ ဥစ္စာ ဘယ်နေရာမှာ ဘုရားဖြစ်သွားသတုံး....လို့မေး၊ မနှစ်ကလဲ ဟောဘူးပါတယ်၊ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်-ဝင်လို့ ဘုရားဖြစ်တယ် (မှန်လှပါဘုရား) ဘုရား ဘယ်နေရာ ဖြစ်သတုံး (ဝေဒနာနဲ့ တဏှာကြား မဂ်-ဝင်လို့ဖြစ်ပါတယ်) ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ် (မှန်ပါ)။

သောတာပန် ဘယ်မှာ ဖြစ်ပါလိမ့်.... (ဝေဒနာနဲ့ တဏှာ ကြားမှာ ဖြစ်ပါတယ်) သကဒါဂါမ် ဘယ်မှာဖြစ်ပါလိမ့်.... (ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါတယ်) အနာဂါမ် ဘယ်မှာ ဖြစ်ပါလိမ့်....(ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါတယ်)ရဟန္တာ ဘယ်မှာ ဖြစ်ပါလိမ့် (ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါတယ်) ကဲ....ဦးခင်မောင်တို့ အားလုံး ကျေနပ်ပလား-(ကျေနပ်ပါပြီ)။

ဩော်....သံသရာ ဖြတ်သမားများဟာ ဒုက္ခဖြတ်သမား ဟူသ ရွေ့သည် ဒီကြားမှာဘဲ အလုပ်-လုပ်သွားကြတာဘဲ(မှန်လှပါ) ရှင်းပလား(ရှင်းပါပြီ)ဝေဒနာနောက်က မဂ်-ဝင်သွားတာချည်း ဘဲဆိုယင်ကော ငြင်းဘို့လိုသေးသလား.... (မလိုပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်ဝင်ချင် ဘာလုပ်ရမယ် (ခန္ဓာအစဉ်ဖြတ်ရမယ်) **ခန္ဓာအစဉ်ဖြတ်ရမယ်**၊ ဒီဘက်ခန္ဓာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) လာလတ္တံ့ ခန္ဓာက (ဒုက္ခ သစ္စာပါဘဲ)။

အဲဒီ ခန္ဓာအစဉ်ကိုဖြတ်လိုက်တော့ ပဌမခန္ဓာအစဉ်နောက် က မဂ်- ဝင်လိုက်တဲ့အခါကျတော့ နောက်- အနာဂတ်ခန္ဓာ အစဉ် ဘယ့်နှယ်နေပါလိမ့်....(ပြတ်သွားပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓနိရောဓော– ဘယ့်နှယ်ဆိုမလဲ.... (နိဗ္ဗာန်ပါ ဘုရား) ခန္ဓနိရောဓောက နိဗ္ဗာန်နဲ့ ဒီဘက်က တဏှာနိရော ဓောနိဗ္ဗာန်က ဒီသုံးခုကို ဆိုပါတယ်၊ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တဏှာချုပ်လို့လဲ ဒီဘက်က ဘာတုံး.... (ခန္ဓာချုပ် တယ်) သဘောကျပလား (ကျပါပြီ) တဏှာချုပ်လို့လဲ ဒီဘက်က အနာဂတ် ဘာဖြစ်သလဲ.... (ဒုက္ခချုပ်ပါတယ်) သမု ဒယနဲ့ ဒုက္ခချုပ်သွားတယ် (မှန်ပါ့) ဘယ်လို ဆိုကြမယ်.... (သမုဒယနဲ့ဒုက္ခ ချုပ်သွားပါတယ်)။

သမုဒယသစ္စာသုံးခုနဲ့ နောက်လာလတ္တံ့ဖြစ်တဲ့ ဒုက္ခသစ္စာ ဆိုတဲ့ ဇာတိ ဇရာမရဏကော မချုပ်ဘူးလား.... (ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် အားလုံး တကာ တကာမတို့ နိဗ္ဗာန်ရောက်ချင် ခန္ဓာ အစဉ် ဖြတ်ရမယ်ဆိုတဲ့ ဥစ္စာသည် ဘြော်.... ဆရာဘုန်းကြီးက ကြံစည်၍ ပြောတာလား....တဲ့၊ ပဋိစ္စသမုပ္ပါဒ် ပြပြီးတော့ သေ သေချာချာ ရှင်းပြတာလား....လို့မေးယင် ဦးခင်မောင် ဘယ့် နှယ်ပြောမယ် (ပဋိစ္စသမုပ္ပါဒ်ပြပြီး ရှင်းပြတာပါ) သေသေ ချာချာ ရှင်းပြတာ တကာ တကာမတို့ ဘာမှ သံသယမရှိနဲ့ တော့ (မှန်ပါ့) သဘောပါကြလား (ပါ-ပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဝင်ချင်ယင် ဘာလုပ်ရမယ်....(ခန္ဓာအစဉ် ဖြတ် ရမယ်) ဘယ်ကြားမှာ ဖြတ်ရမှာပါလိမ့်.... (ဝေဒနာနဲ့ တဏှာ ကြားမှာ ဖြတ်ရမှာပါ) ဝေဒနာနဲ့ တဏှာကြားမှာ ဒီဘက်က တကာ တကာမတွေ ဘယ်ကြား ဖြတ်ရမှာပါလိမ့်....(ဝေဒနာနဲ့ တဏှာကြားမှာ ဖြတ်ရမှာပါ) ဘုရား ဒိနေရာမှာ ဖြစ်တယ်ဆို တာ သဘောကျပလား....(ကျပါပြီ) ရဟန္တာ ဒိနေရာ ဖြစ်သွား

တယ် ဆိုတာကော....(သဘောကျပါတယ်)သဘောကျပြီနော်– သောတာပန်လဲ သူ့အလိုက် ဒီနေရာကနေပြီး သောတာပတ္တိမဂ် ကို ရတာဘဲဆိုတာကော သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် နေရာကျပါပြီတဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ တော်တော် ရှင်းသွားတဲ့အခါကျတော့ ဝိပဿနာ ရှုစရာက ဘယ်ဘက်ကတုံး.... ဝိပဿနာရှုလို့ ကိစ္စပြီးသွားတာက ဘယ် ဘက်ကတုံးဆိုတဲ့ မေးခွန်း ထွက်လာတယ် (မှန်ပါ့)။

ဝိပဿနာ ရှုစရာက တကာ တကာမတို့ ငါး-ဘက်က မှတ် နော်.... (မှန်ပါ့) ဝိပဿနာရှုလို့ ကိစ္စပြီးတာက သုံး-ဘက်က မှတ် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဝိပဿနာ ရှုရမှာက (ငါးဘက်ကပါဘုရား)။

ငါးဘက်က ကြိုက်ရာရှု၊ ဝိညာဏ် ရှုချင်ရှု၊ နာမ်ရုပ် ရှုချင်ရှု၊ သဠာယတန ရှုချင်ရှု၊ ဖဿ ရှုချင်ရှု၊ ဝေဒနာ ရှုချင်ရှု၊ ဝိပဿနာ ရှုရမှာက ငါး (မှန်လှပါဘုရား)။

ဝိပဿနာ ရှုခြင်းကြောင့် အကျိုးခံစားရတာက သုံး-မပေါ် တာ (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) သုံး- ပေါ် သေးရဲ့လား.... (မပေါ်တော့ပါဘူး) သုံး-ဘာဖြစ်လို့ မပေါ် ပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ရှိယင် တကာ တကာမတို့ သုံး သည်ကားလို့ ဆိုယင် ကိလေသာ သတ်တတ်တဲ့မဂ်က ဖြတ် လိုက်သောကြောင့် သုံး-မပေါ်နိုင်ဘူး၊ တဏှာ ဥပါဒါန် ကံ ပေါ်နိုင်သေးရဲ့လား.... (မပေါ်နိုင်ပါဘူး) တဏှာ ဥပါဒါန် ကံ ပေါ်နိုင်သေးရဲ့လား.... (မပေါ်နိုင်ပါဘူး)။

တဏှာမှ မပေါ်ဘဲနဲ့ ဥပါဒါန်က.... (မပေါ်ပါဘူး) ဥပါ ဒါန်မှ မပေါ်ဘဲနဲ့ ကံကကော.... (မပေါ်ပါဘူးဘုရား)

မပေါ်နိုင်ဘူးဆိုတာ တကာ တကာမတွေ ကောင်းကောင်းကြီး ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ.... ဒါဖြင့် ဝိပဿနာ ရှုရမှာက ရှေ့ပိုင်းက ဝိပဿနာရှုလို့ အကျိုးပေးတာက သုံးခု-သေသွားတယ်ဆိုတာ ကော သေချာပလား.... (သေချာပါပြီ)။

ကဲ....ဦးခင်မောင် ဒီထက် ရှင်းတာ ဘယ်ရှာတွေ့တော့မလဲ (မတွေ့ပါဘူး) မရှင်းသေးဘူးလား.... (ရှင်းပါပြီ) ဝိပဿနာ ရှုစရာက ဘယ်နှစ်ခုပါလိမ့်.... (ငါးခုပါဘုရား) ငါးခု-ငါးခုက ရှင်းပြမယ်၊ ဝိညာဏ် ရှုချင်ရှုပါ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) နာမ်ကိုလဲ ရှုချင်ရှု၊ရုပ်ကိုကော....(ရှုချင်ရှုပါဘုရား) စက္ခု သောတ ဃာန ဇိဝှာ ကာယကိုကော.... (ရှုချင်ရှုပါ) သဠာယတနကို ရှုချင်ရှုပါ။ ဖဿကော.... (ရှုချင်ရှုပါ)။ ဝေဒနာကော.... (ရှုချင်ရှုပါ)။

အဲ....ဒီငါးခု ကြိုက်ရာကို တကာ တကာမတွေက သတိပဋ္ဌာန် လေးပါးနဲ့ ဝေဘန်ခဲ့လို့ဆိုယင် သတိပဋ္ဌာန် လေးပါးထဲ ဝင် သွားတယ် (မှန်ပါ့)။

အဲဒီ ကြိုက်ရာကို တကာ တကာမတွေက သတိပဋ္ဌာန် လေး ပါး ဆက်လက်ပြီး တပါးပါးရှုယင်ဖြင့်.... ဒီဘက်က ဝိပဿနာ ရှုစရာ၊ ဒီဘက်က ဝိပဿနာ အကျိုးပေးတာလို့ သေသေ ချာချာ မှတ်ပါ (မှန်ပါ့) ဒီဘက်က ဘယ်နှယ်ဆိုကြမယ်.... (ဝိပဿနာ ရှုစရာပါဘုရား) ဒီဘက် သုံးခုက.... (အကျိုးပေး တာပါဘုရား)။

ဝိပဿနာ ရှုသောကြောင့် အကျိုးပြီးတာဆိုတော့ ဩော်.... ဒို့ဆရာဘုန်းကြီးက အကွက်ကျ ရှင်းပြနေပါကလားဆိုတာ ဦးခင်

မောင်ရေ တကာသစ်တို့-ပေါ်ပြီ (မှန်ပါ့) မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ဝိပဿနာ ရှုစရာက ဘယ်နှစ်ခုပါလိမ့်.... (ငါးခုပါဘုရား) ငါးခုပေမဲ့လဲ ပဋိစ္စသမုပ္ပါဒ်အလိုနဲ့ တကာ တကာမတို့ ရိပ်မိပလား.... (မှန်ပါ့)။

သတိပဋ္ဌာန်အလိုတော့ လေးပါးဘဲ၊ ဒါရှု စိတ္တာနုပဿနာ ဖြစ်မှာဘဲ ဒီဘက်ကဟာတွေ ရှုနေလို့ရှိယင်ဖြင့် ဓမ္မာနုပဿနာ ဖြစ်မှာဘဲ ဒီဘက်ကဟာ ရှုလို့ရှိယင် ကာယာနုပဿနာ ဖြစ်မှာ ဘဲ သဘောကျပလား....(မှန်ပါ့) ဒီဘက်ကထပ်ပြီး အာယတန တွေ ရှုလိုက်လို့ရှိယင်လဲ စိတ္တာနုပဿနာနဲ့ ကာယာနုပဿနာ သွားဦးမှာဘဲ (မှန်ပါ့)။

လိုရင်းတော့ဖြင့် တကာ တကာမတွေ ဒီထဲမှာ သတိပဋ္ဌာန် လေးပါး ပါသွားတယ် (မှန်လှပါဘုရား) ငါးခုသာဆိုတာ သတိပဋ္ဌာန်လေးပါးထဲ သွင်းလိုက်တော့ သတိပဋ္ဌာန်လေးပါးထဲ အကုန်မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ခန္ဓာရှိယင် အပါယ်ကြောက်နေရတာက ဘာဖြစ်လို့ ကြောက်ရတာတုံး ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်ကို ဘာဖြစ်လို့ ဒီလောက် ကြောက်ကြတာတုံး မေးလို့ရှိယင်ဖြင့် ခန္ဓာ ပေါ်မှာ ကြောင့် ခန္ဓာ ပေါ်ယင် တနေရာရာ ရောက်မှာဘဲ၊မသေချာဘူး လား.... (သေချာပါတယ်ဘုရား)ခန္ဓာပေါ်ယင်.... (တနေရာရာ ရောက်မှာပါဘဲ) သုံးဆယ့်တဘုံ တနေရာရာ မရောက်ပေဘူး လား....(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာ ပေါ်လို့ ကြောက်နေရတာ (မှန်ပါ့) အပါယ်လေးပါး ကျရတယ်ဆိုတာ ဘာပါလိမ့်....(ခန္ဓာပေါ်လို့ပါဘုရား)။

ဒါဖြင့် ခန္ဓာကြီးက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ပေါ်မည့်ခန္ဓာက ဒုက္ခသစ္စာမို့ "ဒုက္ခသာ ပိဋ္ဌနတ္တော" ဆိုတဲ့အတိုင်း အနှိပ်စက်ခံတို့ ပေါ်လာတာဘဲ(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)နောက် ပေါ်မည့်ခန္ဓာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဘာလုပ်တို့ ပေါ်လာတာပါလိမ့်.... (အနှိပ်စက်ခံတို့ပါဘုရား)အနှိပ်စက်ခံတို့ ပေါ်လာတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အဲ....အနှိပ်စက်ခံတို့ ပေါ်လာတာကို ကျုပ်တို့က မပေါ်လာအောင် လုပ်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဟောဒီယောဂီဟာ မဂ်ဆိုက်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ သူ့မှာ နောက် ခန္ဓာအတွက် စိုးရိမ်စရာ ရှိသေးသလား....(မရှိပါဘူးဘုရား)အပါယ်လေးပါးမှာ နာရချည်သေးရဲ့ ဆိုတာကော ရှိသေးရဲ့လား.... (မရှိပါဘူး)နတ်ပြည်သွားပြီးသကာလ အလောင်းကြီးကျ ဖြစ်ရချည်သေးရဲ့ ဆိုတာကော.... ရှိသေးရဲ့လား.... (မရှိပါဘူး) ဗြဟ္မာပြည်သွားပြီး အလောင်းကြီးကျ ဖြစ်ရချည်သေးရဲ့ဆိုတာကော....(မရှိပါဘူးဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တကာ တကာ မတို့တဲ့ ခန္ဓာရှိမှ အပါယ်လေးပါးရှိတယ်(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ခန္ဓာရှိမှ.... (အပါယ်လေးပါး ရှိပါတယ်) ခန္ဓာရှိမှ နတ်ပြည်ခြောက်ထပ်.... (ရှိပါတယ်) ခန္ဓာရှိမှ ဗြဟ္မာ

ပြည်နှစ်ဆယ်.... (ရှိပါတယ်ဘုရား) အဲဒါတွေဟာ ဒုက္ခသစ္စာ ချည်းဘဲ မဟုတ်လား....(မှန်ပါ့)။

အဲဒီတော့ ခန္ဓာကို ရုပ်သိမ်းလိုက်သည်နဲ့ တပြိုင်နက်တည်း မောင်ထွန်းလှိုင်တို့ စဉ်းစားကြည့် ကျုပ်တို့ဖြင့် ဘယ်ဘုံ ဘယ်ဒုက္ခမှ မရှိတော့ဘူး ဆိုနိုင် မဆိုနိုင်.... (ဆိုနိုင်ပါတယ် ဘုရား)သဘောပါကြလား....(ပါပါပြီ)ဘယ်ဘုံ ဘယ်ဒုက္ခ ရှိသေးတုံး....(မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပါယ်ကျမှာ သိပ်ကြောက်တယ်ဆိုတဲ့ ဥစ္စာ ခန္ဓာဖြစ်မှာကြောင့် အပါယ်ကြောက်နေတာ(မှန်လှပါ) ဘာ့ကြောင့် ကြောက်ရပါလိမ့်(ခန္ဓာဖြစ်မှာကြောင့် ကြောက်ရတာပါ) ခန္ဓာဖြစ်မှာကြောင့် အပါယ်ကြောက်နေရတယ်။

ဟို....နတ်ပြည် သွားပြီး သကာလ ပျော်မြူးပြီး သကာလ တပည့်တော်တို့ ပျော်ချင်တိုင်းပျော်၊တော်တော်ကြာ အပါယ် လေးပါး ရောက်ရဦးမှာဆိုတာကော ဘယ်သူ့ အကြောင်းရင်း ခံ ပြောတာတုံး.... (ခန္ဓာကို အကြောင်းရင်းခံ ပြောတာပါ ဘုရား)။

ဗြဟ္မာပြည်မှာဘုရား အသက်တမ်းကြီးကလဲ ရှည်ပါဘိနဲ့၊ တော်တော်ကြာ ဗြဟ္မာပြည်ကနေ အပါယ်လေးပါးလဲ ရောက်ပြန်တာဘဲ၊ ဒါလဲ ဘယ်သူ့ကို အကြောင်းရင်းခံ ပြောတာတုံး (ခန္ဓာကို အကြောင်းခံ ပြောတာပါ)ခန္ဓာကို အကြောင်းရင်းခံ ပြောတာချည်းဘဲဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီခန္ဓာ မလိုချင်ယင် ဒီဘက် ခန္ဓာ ရပါ့မလား....(မရပါဘူးဘုရား)ဒါဖြင့် ဝိပဿနာဆိုတာ မလိုချင်အောင် ရှုတာ (မှန်ပါ့)မပေါ်သေးဘူးလား.,..(ပေါ်

ပါပြီ) ဝိပဿနာဆိုတာ....(မလိုချင်အောင်ရှုတာပါ)မလိုချင်အောင် ရှုတာဆိုတာ မလိုချင်တာ မဂ်ပါဘဲ(မှန်ပါ့)မလိုချင်တာ ဘာပါလိမ့်....(မဂ်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဝိပဿနာမရှုဘဲနဲ့ ငါဖြင့်ဟော့ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန် ရောက်လိမ့်မယ်လို့ ဘယ်အခါကာလမှ မယုံကြည်လိုက်ပါနဲ့၊သူတော့ဖြင့် မပါ-မပြီးတဲ့တရားလို့ မှတ်လိုက်စမ်းပါ(မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဝိပဿနာ မရှုဘဲနဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့တော့ မယူပါနဲ့(မှန်ပါ့)ကိုမြရွှေ ယူလို့တော်ပါ့မလား.... (မတော်ပါဘူးဘုရား)။

သေသေချာချာ စဉ်းစားကြည့်လေ၊ ဒီဘက်ငါးခု-တခုခုမှ ခင်ဗျားတို့အဖြစ်အပျက်ကိုမမြင် အဖြစ်အပျက်ကိုမတွေ့ ဒီငါးခုကို ကျုပ်တို့ လိုချင်တဲ့တဏှာသာ ထွက်လာမယ်ဆိုယင် ဘယ်တော့ နိဗ္ဗာန်ရမလဲ မေးလိမ့်မယ်....(မရပါဘူးဘုရား)မရနိုင်ဘူးဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဘုရားဖြစ်တဲ့နေရာ ဒီနေရာမှာပါဘဲတဲ့(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဝေဒနာနဲ့ တဏှာကြား ဘာဖြစ်သတုံး.... (ဘုရားဖြစ်ပါတယ် ဘုရား) သောတာပန်-(ဝေဒနာနဲ့ တဏှာကြားဖြစ်ပါတယ်)ဝေဒနာနဲ့ တဏှာကြား သူလဲ သောတာပန် ဖြစ်တာဘဲ၊သကဒါဂါမ်ကော (ဝေဒနာနဲ့ တဏှာကြားဘဲ)အနာဂါမ်....(ဝေဒနာနဲ့ တဏှာကြား)ရဟန္တာ....(ဝေဒနာနဲ့ တဏှာကြား) အဲ....ဒီနေရာဟာ

ဗောဓိပင်နှင့် ရွှေပလ္လင်ပါကလားဆိုတာ မပေါ်လာသေးဘူး လား (ပေါ်လာပါပြီဘုရား)။

အေး....ဒါကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတာက အားလုံး တကာ တကာမတွေ အထည်ပြတာပါ၊ ဘုရားကိုယ်တော်မြတ် ကြီးရဲ့ ဝမ်းထဲမှာ တဏှာသတ်တာကတော့ ဝေဒနာနောက်က နေပြီး မဂ်ဝင်ပြီး ပစ်လိုက်တာနဲ့ တကာ တကာမတို့ ဘုရား အဖြစ်သို့ ရောက်သွားပါတယ်(မှန်ပါ့) သဘောပါလား....(ပါ ပါတယ်)။

ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တာက ကိုယ် တော်ကြီး ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်တော်ကြီး မဂ်ဉာဏ်နဲ့ဖြတ် လိုက်လို့ ဘုရားဖြစ်သွားရတယ်(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိ ပါပြီ)။

ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်သွားတာသည် ဘယ်လို ကြောင့် ဖြစ်ပါလိမ့်....(ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့ ဖြတ်လို့ ပါ)ကိုယ်တော်မြတ်ကြီးဉာဏ်နဲ့ ကိုယ်တော်မြတ်ကြီးခန္ဓာ ဖြတ် ချလိုက်တယ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ကိုယ်တော်မြတ် ကြီးဉာဏ်နဲ့.... (ကိုယ်တော်မြတ်ကြီးခန္ဓာ ဖြတ်ချလိုက်တယ်) ကိုယ်တော်မြတ်ကြီး ဉာဏ်က ခန္ဓာအစဉ် မဖြတ်လိုက်ဘူး လား....(ဖြတ်လိုက်ပါတယ်ဘုရား)။

ဒါကြောင့် ဒီနေရာမှာ မဂ်လေးတန်ရပြီး ဘုရားမဖြစ်ဘူး လား....(ဖြစ်ပါတယ်ဘုရား) ရှင်းကြပါပြီနော်....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ရှေ့ပိုင်းငါးခု သည် ဝိပဿနာ ရှုစရာ၊ နောက်ပိုင်းသုံးခုသည် ဝိပဿနာရှု

ခြင်းကြောင့် အကျိုးပြီးတာ (မှန်ပါ့) မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

တကာ တကာမတို့ ရှေ့ပိုင်းငါးခုက ဘာလုပ်ရမှာတုံး.... (ဝိပဿနာ ရှုစရာပါဘုရား) နောက် သုံးခုက ဘာပါလိမ့်.... (ဝိပဿနာရှုလို့ ပြီးတာပါ) ဝိပဿနာရှုလို့ အကျိုးပြီးတာ၊ အကျိုးပြီးတယ်ဆိုတာ လာသေးရဲ့လား(မလာပါဘုရား)မလာ ဘူးဆိုတော့ ဩော်....ဒါဖြင့် ဒို့ ဒီနေရာက ထိုင်ပြီးသကာလ ရှုရ မှာဘဲဆိုတာပေါ်ပြီ(ပေါ်ပါပြီ)မပေါ်သေးဘူးလား (ပေါ်ပါ ပြီ)ဝိပဿနာဘယ်နေရာထိုင်ရှုကြမယ် (ဝေဒနာနဲ့တဏှာကြား) ဝေဒနာနဲ့ တဏှာ ကြားကနေ ရှုရမှာဘဲ (မှန်ပါ့) ကိုမြရွှေ ဘယ်ကနေ ရှုမယ်....(ဝေဒနာနဲ့ တဏှာကြားက ရှုရပါမယ်) နောက်ကတကာတကာမတွေ.... (ဝေဒနာနဲ့ တဏှာကြားကပါ ဘုရား)။

ဝေဒနာနဲ့ တဏှာကြားကနေ ရှုရမှာဘဲ၊ တဏှာလာဘို့ အ ခွင့်ကို မပေးမှ၊ပေးလို့ရှိယင် တဏှာ ဥပါဒါန် ကံ မလာပေ ဘူးလား.... (လာပါတယ်ဘုရား) ဇာတိ ဇရာမရဏ တွေကော.... (လာပါတယ်ဘုရား)လာမယ်ဆိုတာ မသေချာဘူးလား.... (သေ ချာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားဖြစ်တဲ့နေရာလဲ ယနေ့ရှင်းပြပါပြီ၊ သော တာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တဲ့ နေရာလဲ ရှင်းပြ တဲ့အတွက် ဝိပဿနာသည် ရှေ့ငါးခုကို ရှုပါဆိုတော့ ဒီဘဝ ရလာတဲ့ ခန္ဓာ ဒီဘဝ အစဟာ ဝိညာဏ်က စ-တယ်ဆိုတာ ဦးခင် မောင် ရှင်းပြီးပြီ၊ (မှန်ပါ့ဘုရား) တကာ တကာမတွေ ဒီဘဝအစ ဘယ်ကပါလိမ့်.... (ဝိညာဏ်က စ-ပါတယ်ဘုရား) ဝိညာဏ်ပြီး

ဘာလာပါလိမ့်.... (နာမ်ရုပ် လာပါတယ်ဘုရား) နာမ်ရုပ် ပြီးတော့....(သဠာယတနပါ) သဠာယတနပြီးတော့....(ဖဿ)ဖဿပြီးတော့.... (ဝေဒနာ)။

ကိုင်း-ပဋိစ္စသမုပ္ပါဒ် ဆိုတာ ခြေဘ်....ဒီလို တန်းတာပါဘဲ ဆိုတာကော ပေါ်လာပလား.... (ပေါ်လာပါပြီဘုရား)။

ကဲ-ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့က တကာ တကာမတွေ အရှုလွယ်အောင် ခန္ဓာဖွဲ့ကြပါစို့.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ရှုလွယ်အောင် ခန္ဓာဖွဲ့ကြပါစို့ ဆိုတော့ ဝိညာဏ်က တကာ တကာမတို့ဝိညာဏက္ခန္ဓာဖြစ်သွားတော့ နာမ်တွေက ဝေဒနာက္ခန္ဓာသညာက္ခန္ဓာဖြစ်တယ်၊ စေတနာက သင်္ခါရက္ခန္ဓာ ရုပ်က ရူပက္ခန္ဓာဖြစ်ပြီ၊ (မှန်ပါ့)။

ဒီသဠာယတနဆိုတဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယတွေကလဲ ရူပက္ခန္ဓာထဲ သွင်းလိုက်တော့၊ ဖဿက သင်္ခါရက္ခန္ဓာထဲ သွင်းတော့၊ ဝေဒနာကဝေဒနာက္ခန္ဓာထဲ သွင်းလိုက်တော့၊ ခန္ဓာငါးပါး ပြန်ဖြစ်တယ်၊ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ခုနက ငါးခုပေါင်းလိုက်တော့ ဘာလာသတုံး.... (ခန္ဓာငါးပါး ဖြစ်ပါတယ်) ခန္ဓာငါးပါး ခုနက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ပေါင်းလိုက်တော့ကို ဘာဖြစ်လာသတုံး (ခန္ဓာငါးပါးဖြစ်ပါတယ်)။

အဲ....ဒါဖြင့် အခု ခန္ဓာငါးပါးဟာ ခင်ဗျားတို့၏ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်လိုက်(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အခု ခန္ဓာငါးပါးဟာ.... (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ခင်ဗျားတို့၏ ယခု ဖြစ်နေတဲ့ ခန္ဓာငါးပါးဟာ ယခု ပဋိစ္စသမုပ္ပါဒ်ဘဲဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီငါးပါး ရှုရမှာဘဲ၊ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘယ်သူ့ကိုရှုရမှာပါလိမ့်.... (ဒီငါးပါးကို ရှုရမှာ ပါဘုရား) ဒီလိုဆိုတော့ တကာသစ်ရေ ခုနကထက် ပိုရှင်းသွားပြီ၊ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ငါးမျိုးပေါင်းလိုက်တော့ ဘာဖြစ်လာသတုံး (ခန္ဓာငါးပါး ဖြစ်လာပါတယ်ဘုရား) ခန္ဓာငါးပါး ဘဲ ဖြစ်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) ပဋိစ္စသမုပ္ပါဒ် ငါးမျိုးပေါင်းလိုက်တော့.... (ခန္ဓာငါးပါးဖြစ်လာပါတယ်)။

ဩော်.... ဒို့ကို ဆရာဘုန်းကြီး ရှင်းပြပြီ တခြား သူလား အောက်မေ့နေတယ်၊ ငါတို့ဘာကလား ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဒီခန္ဓာငါးပါးဆိုတာပါကလားလို့ တကာဘကာမတွေ ဉာဏ်ထဲမှာ ရှင်းထားပါတော့ နော်.... (မှန်ပါ့) ရှင်းနိုင်ကြပလား (ရှင်းနိုင်ပါပြီ) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) လက်ရှိ ခန္ဓာငါးပါး (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်.... (လက်ရှိခန္ဓာငါးပါးပါဘုရား)။

လက်ရှိခန္ဓာငါးပါးကို တကာ တကာမတွေက သိရှိထားတော့မှ ဩော်.... တခြားရှုရမှာလား အောက်မေ့ နေတယ်၊ လက်ရှိခန္ဓာ ငါးပါးရှုလိုက် ပြီးတာဘဲ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာရှုရမယ်.... (လက်ရှိခန္ဓာငါးပါးရှုရပါမယ်)။

လက်ရှိခန္ဓာငါးပါး ရှုလိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဟော ဒီ– မြင်ရဲ့လား....ပဋိစ္စသမုပ္ပါဒ် ရှေ့ငါးပါး ရှုဆိုတာနဲ့ အဲဒါ ပေါင်းလိုက်တော့လဲ ယခုလက်ရှိခန္ဓာငါးပါး ဖြစ်လာပြန်တော့

တကာ တကာမတို့ ဒီခန္ဓာငါးပါးမှာပါး ရှစရာကော ရှိပါ ရဲ့လား.... (မရှိပါဘူးဘုရား) ဦးခင်မောင် သေချာပြီ.... (သေ ချာပါပြီ) အားလုံး တကာ တကာမတွေ သေချာပလား (သေချာပါပြီ)။

ဒါဖြင့်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ပဋိစ္စသ မုပ္ပါဒ် ပြတ်-မပြတ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ခန္ဓာနဲ့ဟာ တခြားစီ ဘဲလား အတူတူဘဲလား....(အတူတူပါဘဲဘုရား) ပေါင်းလိုက် တော့ အတူတူဖြစ်သွားတယ် (မှန်ပါ့ဘုရား)။

အဲဒီတော့ ဝင်မရှုပ်ကြပါနဲ့တော့ဆရာဘုန်းကြီးက အလွန် ရှင်းပြနေတဲ့အတွက် ဩြော်.... ကိုယ့်ခန္ဓာငါးပါး ကိုယ်ရှုလိုက် လို့ရှိယင်ဖြင့် ခန္ဓာပြတ်သွားတာဘဲ (မှန်လှပါ) ဒီဘက်ကခန္ဓာ လာသေးရဲ့လား.... (မလာပါဘူး) ခန္ဓာဖြစ်ကြောင်းတွေကော (မလာပါဘူး) မလာယင်ပြတ်မှာဘဲ၊ ပြတ်လို့ရှိယင် ဒီဘက်မှာ ဘာသစ္စာတွေတုံး.... (နိရောဓသစ္စာပါဘုရား)။

ဒီဘက်မှာ တကာ တကာမတို့ ဒီတဏှာချုပ်တာလဲနိရောဓ သစ္စာဘဲ (မှန်လှပါ)တဏှာနိရောဓောနိဗ္ဗာနံဘဲ (မှန်လှပါ)သ ဘောကျပလား(ကျပါပြီ) ဒီဘက်က နောက်လာမည့်ခန္ဓာချုပ် တာကော.... (နိရောဓသစ္စာဘဲ) နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ဘဲ မဟုတ်လား (မှန်လှပါ)။

ဩော်.... ဒါဖြင့် လက်ရှိခန္ဓာငါးပါးရှုလိုက်လို့ရှိယင်ဒီဘက် က တဏှာချုပ်တဲ့ နိဗ္ဗာန်လဲ ကျုပ်တို့ကိုယ်ပိုင်ရတာဘဲ သဘော ပါလား (ပါပါပြီ) ခန္ဓာချုပ်တဲ့နိဗ္ဗာန်ကော(ရပါတယ်ဘုရား) ရတယ်ဆိုတော့ ကျုပ်တို့အလုပ် ဘာပါလိမ့် မလဲလို့မေးတော့ မှ လက်ရှိခန္ဓာငါးပါးကို ဝိပဿနာရှုမှု၊ ပေါ်ကြပလား (ပေါ်

ပါပြီဘုရား) ဘာလုပ်ကြရမယ် (လက်ရှိခန္ဓာငါးပါးကိုဝိပဿနာရှုရပါမယ်) လက်ရှိခန္ဓာငါးပါးကို ဝိပဿနာရှုမှုဆိုတာသေချာကြပလား (သေချာပါပြီ)။

ကောင်းပြီဒါဖြင့် လက်ရှိ ခန္ဓာငါးပါး ဝိပဿနာရှုတော့ တကာတကာမတွေ လက်ရှိခန္ဓာငါးပါးကို များတယ် ထင်လို့ရှိယင် ဘုန်းကြီး ကျဉ်းပေးပါဦးမယ်၊ ဒီထဲမှာ ရုပ်က ရူပက္ခန္ဓာထား၊ နာမက္ခန္ဓာလေးပါးက တခုပျက်ယင် အကုန်ပျက်တာ ဖြစ်သောကြောင့် နာမ်ဘဲလို့ မှတ်လိုက်၊ သဘောကျ ပလား.... (မှန်ပါ)။

အဲဒီတော့ ခန္ဓာငါးပါးကို နှစ်ပုံ– ပုံလိုက်တော့ ရုပ်နဲ့နာမ်ဘဲရှိတယ် (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) ခန္ဓာငါးပါး နှစ်ပုံ– ပုံလိုက်တော့ (ရုပ်နဲ့နာမ်ဘဲ ရှိပါတယ်)။

ဒါဖြင့် ရုပ်–ရှုလဲနိဗ္ဗာန်ရောက်မှာဘဲ (မှန်လှပါ) နာမ်ရှုလဲ (နိဗ္ဗာန် ရောက်မှာဘဲ) ခန္ဓာ ငါးပါးကို ချုံးလိုက်ပြန်တော့ ဘယ်နှစ်ခုဖြစ်သွားသတုံး (နှစ်ခုဖြစ်သွားပါတယ်) နှစ်ခုတည်းဖြစ်သွားတယ်ဆိုတာ သေချာပလား (သေချာပါပြီ)။

အင်း....ဟင်....ဘာ သာလျှင် ရှိပါလိမ့်.... (ရုပ်နဲ့နာမ်ဘဲရှိပါတယ်ဘုရား)ရုပ်နဲ့နာမ်ဘဲရှိတယ်ဆိုတာသေချာပလား(သေချာပါပြီ)။

ဒါဖြင့် ရုပ်-ရှုလဲ နိဗ္ဗာန်ရောက်မှာဘဲ(မှန်ပါ) နာမ်-ရှုကော (နိဗ္ဗာန်ရောက်မှာဘဲ) ဩော်....တပည့်တော်တို့ နှစ်ခု ရှုရမှာဆိုတာ သေချာပလား (သေချာပါပြီ)။

ကောင်းပြီ ဒီနှစ်ခုတောင်မှ တကာတကာမတွေက များသေးတယ် ထင်လို့ရှိယင်ဖြင့် ရုပ်ဟာလဲ ရှုပါဆိုတော့ ရုပ်ကိုရှုရမှာ

လား အနိစ္စဆိုတဲ့ ဖြစ်ပျက်ကို ရှုရမှာလား(ဖြစ်ပျက်ဆိုတဲ့အနိစ္စ ရှုရမှာပါ)။

နာမ်ကိုရှုပါလို့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နာမ်ကို ရှုပါလို့ ဆိုငြားသော်လဲ နာမ်—ရှုရမှာလား.... သူတို့၏ ဖြစ်ပျက် ရှုရမှာလား (သူတို့၏ဖြစ်ပျက် ရှုရမှာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ သင်္ခါရာ အနိစ္စာတခုတည်း ရှု(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘာရှုကြမယ် (သင်္ခါရာ အနိစ္စာ တခုတည်း ရှုရမယ်)အနိစ္စတလုံးတည်းနှင့် ပြီးသွားတာဘဲ (မှန်ပါ့ဘုရား) ချုံးလိုက်ပြီ၊ ချုံးလိုက်ပြီ တကာတကာမတို့ အခုချုံးလိုက်ပုံကော သဘောကျရဲ့လား (ကျပါတယ် ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ချုံးလိုက်တော့ ခန္ဓာငါးပါး ဖြစ်လာတယ် (မှန်ပါ့) ခန္ဓာငါးပါး ဒုတိယ ချုံးလိုက်ပြန်တော့ နာမ်ရုပ်ဖြစ်လာတယ် (မှန်ပါ့) နာမ်ရုပ်တွေကို တခါ ချုံးလိုက်ပြန်တော့ အနိစ္စတလုံးတည်းဘဲ ကျစ်ရစ်တော့တယ် (မှန်ပါ့)။

ရုပ်မှာလဲ ဘာရှိတုံး....(အနိစ္စပါ)။

နာမ်မှာလဲ ဘာရှိတုံး....(အနိစ္စပါ)။

ဒါဖြင့် အနိစ္စ တလုံးတည်း ရှုလို့ရှိယင် ဒုက္ခ အနတ္တ ဒုက္ခသစ္စာ အကုန်ပါသွားတယ်လို့ တကာတကာမတွေ ယနေ့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်နှစ်လုံး ရှုရမှာလဲ (အနိစ္စ တလုံးတည်း ရှုရမှာပါ) တလုံးတည်း ရှုရမှာ များ-များ နေသေးသလားလို့ မေးချင်တယ် (မများပါဘူး) တကာ တကာမတွေ တလုံး

တည်း ရှုရမှာ များသေးသလား.... (မများပါဘူးဘုရား) ဒါမှ များလို့ ရှိယင်လဲ ရှာဘို့အခက်ကြီး (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတွေ ယနေ့ အင်မတန် စိပ်ပြီး သကာလ ပြောလိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက- ကွာ....တဲ့။

ဥဂ္ဂစ္ဆတိ ယထာဒိစ္စော၊
ပုရေက္ခတွာ ရုဏံ တထာ။
ဝိပဿနံ ပုရေက္ခတွာ၊
မဂ္ဂဓမ္မော ပဝတ္တတိ။ ။

(နာမရူပပရိစ္ဆေဒအဋ္ဌကထာ ဋီဒိသမပရိစ္ဆေဒ၊ ဂါထာအမှတ် ၁၁၇၉)

ဒီဂါထာ နာမရူပပရိစ္ဆေဒကျမ်းမှာ လာပါတယ်၊ ဒီဂါထာ နာမရူပပရိစ္ဆေဒကျမ်းမှာ လာတော့ တကာ တကာမတွေ ဒါ အလုပ်စဉ်ကို သူ-ပြလိုက်တာ (မှန်ပါ့) ဘယ်လို ပြလိုက်တုံး ဆိုတော့....“ဥဂ္ဂစ္ဆတိ ယထာဒိစ္စော၊ ပုရေက္ခတွာ ရုဏံတထာ” ဒါ ပါဠိလိုဖြစ်ပါတယ်။

မြန်မာလိုကျတော့ နေထွက်မယ်ဆိုယင် တကာ တကာမတို့ နေက အရင်ထွက်သလား.... အာရုဏ်က အရင်တက်သလား.... (အာရုဏ်က အရင်တက်ပါတယ်ဘုရား) သဘောပါပြီနော်.... နေထွက်မယ်ဆိုယင်နေက အရင်ထွက်သလား....အာရုဏ်ကအရင် တက်သလား.... (အာရုဏ်က အရင်တက်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အာရုဏ်က အရင်တက်ပါလိမ့်မလဲလို့- ဘုန်းကြီးတို့ တကာ တကာမတွေက မေးလို့ရှိယင် နေဟာ နေ၏အရှိန်အစော်က အရင်ထွက်လာတယ် (မှန်ပါ့)နေလုံးကြီးက

အရင်ထွက်သလား.... နေ၏အရှိန်အစော်က အရင်ထွက်သလား (နေ၏အရှိန်အစော်က အရင်ထွက်ပါတယ်ဘုရား)။

နေ၏ အရှိန်အစော်က အရင်ထွက်လာပြီးလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေက ပြောလုံးထုတ်လိုက်တာ ပေါ့– ဪ.... အာရုဏ်တက်ပြီ၊ နေတော့မကြာခင်ထွက်တော့ မယ်ဆိုတာ ခင်ဗျားတို့ သံသယရှိသေးလား.... (မရှိပါဘူး)။

အာရုဏ် တက်ပြီးသည်၏အခြားမဲ့၌ နေမှထွက်ပါ့မလား လို့ ဒီသံသယ လာသေးသလား....(မလာပါဘူး) ဘာ့ကြောင့် မလာပါလိမ့်ဗျာ....(အာရုဏ်တက်လာလို့ပါ)အာရုဏ်တက်လာ တာက နေ၏တံဆိပ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အာရုဏ်တက်လာတာကဘာပါလိမ့်....(နေ၏တံဆိပ်ပါဘုရား)။

နေ၏တံဆိပ်ဆိုတော့ ဪ....နေ အောက်မှာ ရှိနေတယ်၊ နေဟာမမြင်ကွယ်ရာ ရှိနေတယ်၊ ဒို့အာရုဏ်သာမြင်ရသေးတယ် ဆိုတာက မရှင်းလား.... (ရှင်းပါတယ်ဘုရား)။

ထိုကဲ့သို့ ရှင်းသွားတဲ့အခါကျတော့ တကာ တကာမတို့ ယနေ့ နေထွက်မည့် နေ့ဘဲဆိုတာကို အာရုဏ်မြင်သဖြင့်သိလိုက် ပါ (မှန်ပါ့) ယနေ့ နေထွက်မည့် နေ့ဘဲဆိုတာ ဘာ–မြင်သဖြင့် သိရမယ် (အာရုဏ် မြင်သဖြင့် သိရပါမယ်)အာရုဏ်ကိုမြင်သဖြင့် သိရမယ်ဆိုတာ သဘောပါကြလား....(ပါ-ပါပြီ) ရှင်းပြီနော် (ရှင်းပါပြီ)။

အဲဒီတော့ နာမရူပပရိစ္ဆေဒကျမ်းက ဥဂ္ဂစ္ဆတိ (ပ)တထာ= နေ-ထွက်မယ်ဆိုလို့ရှိယင်အာရုဏ်ဟာ အရင်တက်တယ်ကွဒီပါဠိ က ဒါဘဲ ဦးခင်မောင် နော်.... (မှန်လှပါ)။

တကာ တကာမတို့ဟာတဲ့.... နိဗ္ဗာန်လိုချင်လို့ရှိယင်လဲ.... ဝိပဿနံ ပုရေက္ခ ိတွာ=ဝိပဿနာသာ ရှေ့ပိုင်းကရှုနေ၊ဝိပဿနာသာ အခုပြောတဲ့ ဖြစ်ပျက်တွေကိုသာ ရှုနေ၊ တကာ တကာမတို့ သဘောကျပလား.... (ကျပါပြီ)။

ဝိပဿနာ ဖြစ်ပျက် ရှုနေတာသည်တဲ့ ခင်ဗျားတို့အာရုဏ် တက်နေတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဝိပဿနာ ရှုနေတာ ဘယ်လိုမှတ်ကြမယ်....(အာရုဏ်တက်နေတာပါဘုရား)။

ဒါဖြင့် အာရုဏ်တက်လို့ရှိယင်ဖြင့် ဝိပဿနာ ရှုနေတာသည် ဦးခင်မောင်ရေ အာရုဏ် တက်နေတာနဲ့ တူတယ်(မှန်လှပါ) ဝိပဿနံ ပုရေက္ခ ိတွာ=ဝိပဿနာကို ရှေ့ထားရမယ်၊ မဂ္ဂမေ့ဝ ပဝတ္တတိ=ဝိပဿနာသာ ရှုနေလို့ရှိယင်ကွာ....တဲ့ ဝိပဿနာ ရှုတဲ့ မဂ် ပဥ္စင်္ဂိကမဂ်ဆိုတဲ့ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့မဂ် လာလို့ရှိယင် ဖြင့် နောက် အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ သောတာပတ္တိမဂ်ဟာ အလိုလိုဖြစ်တာဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့ ဝိပဿနာသာ ရှုနေယင်ဖြင့် မဂ္ဂင် ရှစ်ပါး ဖြစ်ရပါလို၏လို့ ဆုတောင်းရမှာလား....အာရုဏ်တက်လို့ နေ-ထွက်လာမှာနဲ့ အတူတူဘဲလား....(အာရုဏ်တက်လို့ နေ-ထွက်လာမှာနဲ့ အတူတူပါဘဲဘုရား)။

ဩော်....အင်မတန် အားရှိစရာ ကောင်းပါကလားဆိုတာ တကာသစ်တို့—ကိုမြရွှေတို့ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဦးခင် မောင် ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကိုင်း....မောင်ထွန်းလှိုင်ရေ ဒို့ ဘာ·လုပ်ကြရမယ်-(ဝိပဿနာ ရှုရပါမယ်)ဝိပဿနံ ပုရေက္ခ ိတွာ ဆိုတဲ့အတိုင်း ဝိပဿနာသာ ရှုနေ (မှန်ပါ့) တကာ တကာမတို့ ဘာ— လုပ်နေရမယ်....

(ဝိပဿနာသာ ရှုနေရပါမယ်ဘုရား) ရှုရင်းမတ္တနဲ့ဘဲ အာရုဏ်လဲ တက်ပေါ့တဲ့.... တကာ တကာမတို့ နေထွက်ဘိုရာ မသေချာ ဘူးလား.... (သေချာပါတယ်)။

အဲ.... ဝိပဿနာ မဂ်ငါးခုသာ ရလို့ရှိယင်ဖြင့် ဦးခင်မောင် ရေ မဂ္ဂင်ရှစ်ပါးဆိုတဲ့ သောတာပတ္တိမဂ် မရ- မရှိဘူးတဲ့ (မှန်လှ ပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဝိပဿနာ ရှေ့သွားရှိလို့ရှိယင်ဖြင့် လောကုတ္တရာ မဂ် ရထိုက် မရထိုက်.... (ရထိုက်ပါတယ်ဘုရား) အဲဒီတော့ ပါရမီတွေ ဘာတွေကို စောင့်မနေပါနဲ့တော့ တကာ တကာမ တို့ ဝိပဿနာ ရှုသာနေပါ အာရုဏ်တက်နေတာပါဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဝိပဿနာ ရှုနေတာသည် ဝိပဿနာမဂ် ပေါ်-မနေသေး ဘူးလား.... (ပေါ်နေပါတယ်ဘုရား) ဝိပဿနာမဂ် ရင့်ကျက် လာလို့ရှိယင် ဘာဖြစ်မယ် ထင်ကြသလဲ.... (နေထွက်တာနဲ့ တူပါတယ်ဘုရား) နေထွက်တာနဲ့တူတဲ့ လောကုတ္တရာမဂ်ဖြစ်မယ် (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဝိပဿနာမဂ် ရင့် လာယင်.... (လောကုတ္တရာမဂ် ဖြစ်ပါမယ်ဘုရား) ဆုတောင်း ရတာလား....တဲ့ အာရုဏ်တက်လို့ နေထွက်လာတာဘဲလား.... (အာရုဏ်တက်လို့နေထွက်လာတာပါဘုရား)။

ဒါ့ကြောင့် ဝိပဿနံ ပုရေက္ခတွာ၊ မဂ္ဂမေ့ ပဝတ္တတိ= ဝိပဿနာသာ ရှေ့သွားရှိယင်ဖြင့်ကွာ....တဲ့ မဂ်-သေသေချာချာ ရတာပါဘဲ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါ့ကြောင့် ဘုန်းကြီးက တကာ တကာမတွေ ဆုပေးလိုက် တယ်၊ ဦးခင်မောင်တို့ ကြားမှာပေါ့ဗျာ သီလပေးကာနီး

ကန်တော့ကြစို့လို့ ဦးလှအောင်ဆိုတဲ့အခါ ဘုန်းကြီးက ဆုပေးလိုက်တယ်၊ မပေးဘူးလား.... (ပေးပါတယ်ဘုရား)။

ဘယ်လိုပေးလိုက်သတုံး ဆိုလို့ရှိယင် တကာ တကာမတို့သိတဲ့အတိုင်းတဲ့... မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတာ ဒါကိုဆိုတာ (မှန်လှပါ) သဘောကျပလား (ကျပါပြီ)။

မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတာ ခင်ဗျားတို့ အားထုတ်တဲ့ ဝိပဿနာဉာဏ် မဂ္ဂင်ငါးပါးကို ဆိုနေတာ (မှန်ပါ့) လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြုရှဲဆိုတာ သူက- နေပြီး အားသာထုတ်တဲ့ ရှစ်ပါးဖြစ်လာလိမ့်မယ်.... (မှန်ပါ့)။

ရှစ်ပါးဖြစ်ယင် အပါယ်လေးပါး ပိတ်သွားတံ့ဘဲ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ရှစ်ပါးသာဖြစ်ယင် အပါယ်လေးပါးတံခါး ဘယ့်နှယ်နေမလဲ.... (ပိတ်ပါတယ်ဘုရား) မပိတ်ပါနဲ့ဆိုလို့ ရ-သေးရဲ့လား....(မရပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဝိပဿနာသာ ကြိုးစားပါတဲ့၊ သောတာပတ္တိမဂ် အလိုလိုလာပါလိမ့်မယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဝိပဿနာမဂ်သာ.... (ကြိုးစားပါ) ကြိုးစားယင် ဘာမဂ် လာမလဲ....(သောတာပတ္တိမဂ် လာပါမယ်)။

အဲ....သကဒါဂါမိမဂ် လာချင်ပြန်တော့လဲ ဝိပဿနာဘဲ ရှေ့သွားရမှာဘဲ၊ နောက် ဘာမဂ် လာမယ်.... (သကဒါဂါမိမဂ် လာပါမယ်) အနာဂါမ် ဖြစ်ချင်ပြန်တယ်ဆိုတော့ ရှေ့က ဘာ·ရှေ့ထွားရမှာတုံး.... (ဝိပဿနာမဂ်ပါ) ဝိပဿနာမဂ်ဘဲ

ရှေ့ထားရမှာဘဲ၊သဘောကျပလား....(မှန်ပါ့)နောက် ဘာဖြစ်မလဲ.... (အနာဂါမိမဂ် ဖြစ်ပါမယ်) ရှင်းပြီနော်.... (မှန်ပါ့) ရဟန္တာ ဖြစ်ချင်ပြန်တယ် ဆိုတော့ ဘာ–ရှေ့ထားရမလဲ.... (ဝိဿနာမဂ် ရှေ့ထားရပါမယ်)။

ဝိပဿနာမဂ်ဘဲ ရှေ့ထားရမယ်၊ နောက်ကျတော့ ဘာလာမယ်....(အရဟတ္တမဂ် လာပါမယ်)အရဟတ္တမဂ် လာမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်) ဝိပဿနာ ရှုရမှာဘဲ၊ ဝိပဿနာ ရှေ့ထားရမှာဘဲ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) နောက်-ဘာဖြစ်မယ်ထင်သတုံး–(အရဟတ္တမဂ်ပါ)အရဟတ္တမဂ် လာမှာဘဲဆိုတာကော သေချာပလား....(သေချာပါတယ်)။

ကဲ....ဘုရားဖြစ်ချင်ပါသတဲ့ ဘာလုပ်ဦးမတုံး.... (ဝိပဿနာ ရှုရပါမယ်)ဝိပဿနာမဂ်ဘဲ ရှေ့ထားရဦးမှာဘဲ(မှန်ပါ့)သဘောကျပလား-(ကျပါပြီ)ပြီးတော့ကော ဘုရားဆိုတော့ သဗ္ဗညုတဉာဏ်ဆိုတဲ့ ဘုရားကိုယ်တော်မြတ်ကြီး ဖြစ်လာတို့ သဗ္ဗညုတဉာဏ်တွေရော ဘာတွေရော အပြည့်အစုံ ရ–လာမှာပေါ့ဗျာ၊ မရပေဘူးလား....(ရပါတယ်)။

ဒါဖြင့် ကျုပ်တို့ အဓိကထားလုပ်ရမည့်အလုပ် ဘယ်အလုပ်ပါလိမ့်မတုံးဆိုတာ ဒီတပွဲလုံးမှာဖြင့် တကာ တကာမတွေ သေသေချာချာ မှတ်တော့ ပေါ်သွားမယ် (ပေါ်ပါတယ်) ဘာ-ရှေ့ထားလုပ်ရမလဲ.... (ဝိပဿနာမဂ် ရှေ့ထားလုပ်ရပါမယ်)သူမပါဘဲနဲ့ လောကုတ္တရာမဂ်က ဘယ်တော့မှ ပေါ်လိမ့်မယ်လို့ မယူပါနဲ့တဲ့ (မှန်ပါ့) အာရုဏ်မှ မတက်တဲ့နေ့ဟာ နေမထွက်တော့ပါဘူး(မထွက်ပါဘူး)ရှင်းပလား-(ရှင်းပါပြီ) ကိုမြရွှေ ဘယ့်နှယ်တုံး.... (အာရုဏ်မတက်တဲ့နေ့ဟာ နေမထွက်

ဘူး) အာရုဏ်မှမတက်တာ နေ့ထွက်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ဟာ ဘယ်နှယ်လဲ....(မရှိပါဘူး) ဘယ်နည်းနဲ့ မျှော်လင့်ချက်ထားလို့ကော ထွက်မှာရော ဟုတ်ပါရဲ့လား-(မဟုတ်ပါဘူး)။

ဒါဖြင့် တကာ တကာမတို့ ဒီအရေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အကြီးဆုံးအရေးဟာ ဝိပဿနာ ရှုဖို့အရေး....(မှန်ပါ့)ဘာအရေးပါလိမ့်....(ဝိပဿနာ ရှုဖို့အရေးပါဘုရား) ဝိပဿနာ ရှုဖို့အရေးဟာ ခင်ဗျားတို့အရေး၊ မဂ်ပေါ်ဖို့အရေးဟာ ဝိပဿနာ ရင့်လာယင် ပေါ်မှာဘဲ(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာမဂ် ပေါ်လာလို့ရှိယင်ဖြင့် နောက်ဆုံးမှာ လောကုတ္တရာမဂ်က တောင်းတရတာလား....တဲ့၊ရင့်လို့ ပေါ်လာတာလား....(ရင့်လို့ ပေါ်လာတာပါ)ဒီအသီးမျိုး—သီးသာ သီးပါစေ တကာ တကာမတို့ ရင့်ဘို့ရာ ဒီသရက်သီးက လုပ်သွားမှာဘဲ(မှန်ပါ့)။

သရက်သီးငယ်က သရက်သီးကြီးဖြစ်အောင် မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)သရက်သီး-သီးဘို့သာ အရေးကြီးတယ်ဆိုတာ သဘောပါပလား....(ပါပါပြီ)။

ဒီမှာလဲ ဝိပဿနာမဂ် ပေါ်ဘို့သာ ခင်ဗျားတို့သန္တာန်အရေးကြီးတယ်(မှန်ပါ့)နိဗ္ဗာန်ရဘို့က ဒီလောက် အရေးမကြီးဘူး(မကြီးပါဘူး)မဂ် ရဘို့ရာကော....(ဒီလောက်အရေးမကြီးပါဘူး) ဝိပဿနာမဂ် ပေါ်ဘို့ရာတော့....(ကြီးပါတယ်)။

ဒါဖြင့် သရက်သီးမျိုးစေ့လုံးက အပင်ပေါ်မှာ မသီးလို့ရှိယင်ဖြင့် တကာ တကာမတို့ ရင့်ဘို့ မှည့်ဘို့ သရက်သီး စားဘို့ဆိုတဲ့အလုပ်ဟာ ဝေးပါသေးရဲ့(ဝေးပါတယ်)မဆိုထိုက်ဘူး

လား.... ဆိုထိုက်သလား.... (ဆိုထိုက်ပါတယ်ဘုရား) သဘော ကောင်းကောင်း ပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့....တဲ့၊ တကာ တကာမတို့ ဝိပဿနာ ရှုကြပါစို့ဆိုတော့ ခုနက ချုံးလိုက်တော့ ဝိပဿနာ မှာ ၂–ရှိသလား....၁–ရှိသလား-ချုံးနိုင်သမျှ ချုံးလိုက်တော့ (၁–ရှိပါတယ်)၁-ဘဲကျန်တော့တယ်(မှန်လှပါ)တကာ တကာ မတွေ့ ဘာကျန်သလဲ....(၁-ဘဲကျန်ပါတယ်) ၁–ဆိုတာ ဘာပါ လိမ့်....(အနိစ္စပါဘုရား)အနိစ္စဆိုတာ မြန်မာလို ပြန်လိုက်တော့ (မမြဲတာပါ)ဖြစ်ပြီး ပျက်တာ ဘာခေါ်ကြမလဲ.... (မမြဲတာ ပါဘုရား)။

အဲ....ဖြစ်ပြီး ပျက်တဲ့ အနိစ္စတလုံးကို ခင်ဗျားတို့ ရုပ်ကြိုက် တဲ့ ပုဂ္ဂိုလ်ဟာ ရုပ်ကိုရှုပါ၊ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ.... (ဝေဒနာရှုပါ) စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်....(စိတ်ရှုပါ)ရှင်းပြီနော်- (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဓမ္မာနုပဿနာ သစ္စာကြိုက်တဲ့ ပုဂ္ဂိုလ်က (သစ္စာရှုပါ)သစ္စာ ရှုဆိုတော့ တကာ တကာမတို့ ရှုတော့ ဒီငါးလုံးနဲ့ဘဲ ရှုရမှာပါဘဲ(မှန်ပါ)ပေါ်ကြပလား.... (ပေါ် ပါပြီ) ရှုတော့ ဘယ်နှစ်ခုနဲ့ရှုရမလဲ....(ငါးလုံးနဲ့ ရှုရမယ်) ငါးလုံး ရင့်ကျက်လာယင် ဘာဖြစ်မယ် ထင်ကြသတုံး....(ရှစ်ခု ဖြစ်ပါမယ်) ရှစ်ခု ဖြစ်မယ်ဆိုတာ သေချာပါတယ် (မှန်ပါ) ငါးလုံး ရင့်ယင်.... (ရှစ်ခု ဖြစ်ပါမယ်ဘုရား)ရှစ်ခု ဖြစ်မယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်)။

အဲ....ခင်ဗျားတို့ ရှင်းရှင်း ပြောလိုက်ပါမယ်၊ ငါးခုနဲ့ ဒီဘဝသေယင် နတ်ရွာသုဂတိရောက်မယ်(မှန်ပါဘုရား)သဘော

ကျပလား....(ကျပါပြီ) ငါးခု ရှုရင်းမတွေနဲ့ သေသွားယင်.... (နတ်ရွာသုဂတိ ရောက်ပါမယ်)နတ်ရွာသုဂတိ ရောက်သည်နဲ့ တပြိုင်နက်တည်း သောတာပန်တည်ရမယ်....(မှန်ပါ) ငါးခုနဲ့ သောတာတောင်မှ အရှုံးမရှိပါဘူး (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ရှစ်ခုနဲ့ သေလို့ရှိယင်ဖြင့် တကာ တကာမတို့ လူ့ပြည်တွင်ဘဲ ရှစ်ခုနဲ့ အားထုတ်ပြီး သေမယ်ဆိုလို့ရှိယင်ဖြင့်တဲ့.... လူ့ပြည်မှာဘဲ တကာ တကာမတို့ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်နိုင်ပါသေးတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) လူ့ပြည်တွင်ဘဲ ရဟန္တာဖြစ်ပြီး ဇာတ်သိမ်းရုံပါဘဲ.... (မှန်ပါ) တခု ရပြီးယင် အလွယ်ကလေးပါ၊ နောက်ဟာတွေက ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ငါးလုံးမဂ်သည် သုဂတိရောက်ပြီးမှ သောတာပန်တည်မယ်....(မှန်ပါ) ရှစ်လုံးမဂ်သည် ရပြီး–သောတာပန် တည်မယ်လို့မှတ်ပါ.... သဘောကျပလား.... (ကျပါပြီ) ငါးလုံးမဂ်သည် နတ်ရွာရောက်မှ ဘာတုံး.... (သောတာပန်တည်ပါမယ်) ရှစ်လုံးမဂ်သည် လူ့ပြည်တွင်....(သောတာပန်တည်မယ်)။

ကဲ....ဦးခင်မောင် ဟိုကျမှ တည်တာ ကြိုက်သလား....၊ ဒီက တည်တာ ကြိုက်သလား....(ဒီကတည်တာ ကြိုက်ပါတယ်ဘုရား) အလိုဆန္ဒလာပုံက အသန်ကြီးပါကလား ခင်ဗျားတို့ မလုပ်မှာ စိုးရိမ်နေတယ်နော်–ဟုတ်လား....။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ အလိုဆန္ဒပြည့်ရန် ဆိုလို့ရှိယင်ဖြင့် ငါးခုကို အမိကထားပြီး ရှုလို့ရှိယင်ဖြင့် ငါးခုက ရှစ်ခုဖြစ်ပါစေသတည်းဟု ဆုတောင်းရတာလား.... (မတောင်း

ရပါဘူး) ငါးခု ရင့်သန်တော့ ဘာဖြစ်လာသလဲ.... (ရှစ်ခုဖြစ်လာပါတယ်)ငါးခု ရင့်လာတာနဲ့ ရှစ်ခုဖြစ်တယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အလုပ်သည် မဂ္ဂင်ငါးပါးပေါ်တဲ့ အလုပ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ) ဘာအလုပ်ပါလိမ့်-(မဂ္ဂင်ငါးပါးပေါ်တဲ့ အလုပ်ပါဘုရား) မဂ္ဂင်ငါးပါးလို့ ဆိုတာကလဲ သူ့အလိုလိုပေါ်တဲ့ တရားတော့ မဟုတ်ဘူး-(မှန်ပါ့) တကာ တကာမတို့ ထပ်ပြောမယ်၊ သတိထားပါ....(မှန်ပါ့)မဂ္ဂင်ငါးပါးဟာ အလိုလိုပေါ်တဲ့ တရားလား....၊အားထုတ်မှ ပေါ်တဲ့ တရားလား....(အားထုတ်မှ ပေါ်တဲ့တရားပါဘုရား)။

ဟောဒီက ဖြစ်ပျက် တခုခုရှုမှ ဂရုစိုက်မှသာလျှင် ဒီငါးပါးပေါ်တယ်....(မှန်ပါ့) ဖြစ်ပျက်ရှုမှ ငါးပါးပေါ်တယ်–(မှန်ပါ့) ရိပ်မိပြီနော်....(ရိပ်မိပါပြီ) ဖြစ်ပျက်ရှုမှ.... (ငါးပါး ပေါ်ပါတယ်) ဖြစ်ပျက်ရှုမှ....(ငါးပါး ပေါ်ပါတယ်) နို့မို့ယင် ဒီမဂ္ဂင်ပေါ်နိုင်ပါ့မလား.... (မပေါ်နိုင်ပါဘူး) မပေါ်နိုင်ဘူးတဲ့-တကာ တကာမတို့ ဖြစ်ပျက်ရှုမှ ဘာပေါ်တုံး.... (ငါးပါး ပေါ်ပါတယ်) သဘောပါပလား....(ပါ-ပါပြီ)။

ကိုင်း....ဖြစ်ပျက်ရှုမှ ငါးပါး ပေါ်မယ် ဆိုတော့၊ ဪ.... အနိစ္စ မမြင်ဘဲနဲ့ လောကီမဂ္ဂင်တော့ မဝင်ပါဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တကာ တကာမတို့ ဒီတရားဟာ ဝတ္ထုကလေးတခု ထုတ်လိုက်ပါမယ်တဲ့–တကာ တကာမတို့ဝတ္ထုကလေးတခု ထုတ်လိုက်ပါမယ်၊ တကာ တကာမတို့ သေချာသွားအောင်လို့ (မှန်ပါ့) မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဦးခင်မောင်–သေသေ

ချာချာမှတ်စမ်း၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ တေဝိဇ္ဇဝစ္ဆသုတ်ဆိုတာ ရှိတယ်....(မှန်ပါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးပြီးသကာလ နေတုန်း အဲဒီ ဝစ္ဆအနွယ်ဖြစ်တဲ့ ဝစ္ဆပရိဗိုဇ်က ကေပုဏ္ဏရိကဆိုတဲ့ သရက်ဖြူပင်ကြီးနဲ့ သူ့ကမ္ဘွာန်းကျောင်းတွေမှာ သူနေပါတယ်တဲ့။

သရက်ဖြူပင်ရှိတဲ့ သူ့ကမ္ဘွာန်းကျောင်းတွေမှာ သူနေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရာဇဂြိုဟ်ပြည် ဆွမ်းခံသွားတော့ စောပါသေးတယ်လေ.... ဝစ္ဆဆီ ဝင်ပါဦးမယ်ဆိုပြီး ဝင်တယ်၊ စောပါသေးတယ်ဆိုပြီး ဝစ္ဆဆီ ဝင်လိုက်ပါတယ်၊ ဝစ္ဆဆီဝင်တော့ ဝစ္ဆက- အရှင်ဘုရား....ထိုင်တော်မူပါဦး၊ လာတော်မူပါဦး၊ ကြွတော်မူပါဦး....ခုမှဘဲ တပည့်တော်တို့ဆီမျာအလှည့်ကျတော့တယ်နဲ့ နေရာပေးလိုက်တယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ ကောင်းကောင်းမွန်မွန်ထိုင်ပြီးသကာလ အသက်ထက်ဆုံး အောက်မေ့အပ်တဲ့ စကားတွေကို တဦးနဲ့တဦး နှုတ်ဆက်ပြီးသကာလ ပြောကြနေကြတယ်။

ဒီကြုံတဲ့ အခါမှာ အရှင်ဘုရား....တဲ့၊ ဝစ္ဆက မေးပါရစေတဲ့ အရှင်ဘုရားသည် အလုံးစုံသော တရားတွေကို သိတယ်။ အလုံးစုံသော တရားတွေကို မြင်တယ်၊ အိပ်နေလဲမြင်တာဘဲ၊ သွားနေလဲ မြင်တာဘဲ၊ စားနေလဲမြင်တာဘဲလို့ အားလုံးက ပြောနေကြတယ်၊ အဲဒါ-အရှင်ဘုရား ဟုတ်ပါရဲ့လား....။

တကာ တကာမတို့ ပုဏ္ဏားက မေးတာနော်- (မှန်ပါ) ဝစ္ဆအနွယ်ဖြစ်တဲ့ ပရိဗိုဇ်က မေးတယ်ဆိုပါတော့။

အရှင်ဘုရား....တဲ့ အရှင်ဘုရား၏ ဂုဏ်ဟာ သိပ်ပြီး သတင်းကြီးပါတယ်တဲ့၊ ဘယ်လိုကြီးသတုံးဆိုတော့ ရှင်ကြီးဂေါတမဟာ အိပ်နေလဲ အလုံးစုံ အကုန်မြင်တာဘဲ လောကကြီးထဲမှာ သွားနေလဲ မြင်တာဘဲ၊ စားနေလဲ မြင်တာဘဲ၊ အမြော်အမြင်တွေဟာ ဘယ်အချိန်မဆို အမြင်ရှိပြီးသကာလ နေတာဘဲလို့ ပြောကြပါတယ်။

အဲဒါဟာ မှန်ရာကို ပြောတာလား၊ မတရားသဖြင့် စွပ်စွဲတာလားလို့ ပဏ္ဍားက မေးတယ်၊ ဘယ်သူက မေးတာပါလိမ့်....(ဝစ္ဆပရိဗိုဇ်က မေးတာပါ)။

ဝစ္ဆက မေးလိုက်တာ၊ မေးလိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့ကို ဒီဥစ္စာ မတရားသဖြင့် စွပ်စွဲတာပါကွာ၊ သဘောကျပလား....(ကျပါပြီ) ဘာတဲ့တုံး.... (မတရားသဖြင့် စွပ်စွဲတာ)။

မတရားသဖြင့်စွပ်စွဲတာတဲ့....ဒီဥစ္စာ စားနေလဲသိတယ် အိပ်နေလဲသိတယ် ထိုင်နေလဲသိတယ် တကာတကာမတွေ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက အမှန်ဖြေလိုက်တော့ ငါ့ကို မတရားသဖြင့်စွပ်စွဲတာလို့ မပြောလိုက်ဘူးလား(ပြောလိုက်ပါတယ်)။

ဒါဖြင့် ဘုရား....တဲ့ အရှင်ဘုရားဟာ အခုပြောတဲ့အဓိပ္ပါယ်တွေမှ မရှိလို့ရှိယင် အရှင်ဘုရားကို တပည့်တော်တို့က ဘယ်လိုမှတ်ရမှာတုံး....တဲ့၊ ငါ့ကိုမှတ်ချင်လို့ရှိယင်တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်လိုက်ကွ....တဲ့၊ တကာ တကာမတွေ ဘယ်လို မှတ်လိုက်တဲ့လဲ (တေဝိဇ္ဇပုဂ္ဂိုလ်လို့မှတ်ပါတဲ့) တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါတဲ့။

အဲဒါ ဆိုသဖြင့် ငါဟာ ငါ့ကိုယ်နဲ့ငါ ကိုက်တယ် ကွတဲ့ တေဝိဇ္ဇာပုဂ္ဂိုလ်ဆိုတာ ငါဟာ ဒိဗ္ဗစက္ခုရတယ်လို့မှတ် သဘော ကျပလား (မှန်ပါ့)ပုဗ္ဗေနိဝါသဉာဏ်လဲ ငါရတယ်လို့မှတ်၊အာ သဝက္ခယ ဉာဏ်လဲ ရတယ်လို့မှတ် (မှန်ပါ့)။

ဒါ ဝိဇ္ဇာသုံးပါး ရှင်းကြပလား(ရှင်းပါပြီ) တေဝိဇ္ဇပုဂ္ဂိုလ် ဆိုလို့ရှိယင် ငါ့ကို ချီးမြှောက်တဲ့သဘောနဲ့ ငါ့အရှိနဲ့ ကိုက်သ ကွ၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဘုရားဟာ ဝိဇ္ဇာဘယ်နှစ်ပါးနဲ့ ပြည့်စုံသလဲ (သုံး ပါးနဲ့ပြည့်စုံပါတယ်) အဲ-ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် ဒိဗ္ဗစက္ခုအဘိညာဏ် အာသဝက္ခယအဘိညာဏ် ဘယ်နှစ်ခုနဲ့ပြည့်စုံ ပါလိမ့် (သုံးခုနဲ့ ပြည့်စုံပါတယ်ဘုရား)။

အဲဒီလို ဆိုလို့ရှိယင်ဖြင့်တဲ့ အဲဒါငါ့နာမည်နဲ့ သူတို့ ချီးမွမ်း တာနဲ့ တေဝိဇ္ဇပုဂ္ဂိုလ်ကြီး တေဝိဇ္ဇ ပုဂ္ဂိုလ်ကြီးဆိုယင်ဖြင့် ကိုက် သဟေ့။

ခုနက ပြောသလိုဘဲ ရှင်ကြီး ဂေါတမဟာ ဉာဏ်အမြင် အင်မတန်ကြီးတယ်၊ အိပ်နေလဲသိတာဘဲ၊ သွားနေလဲသိတာဘဲ စားနေလဲသိတာဘဲဆိုတာဟာ ငါ့ကိုမတရားသဖြင့် စွပ်စွဲတာဘဲ အဲဒီလိုတော့ ငါမသိဘူးတဲ့ (မှန်ပါ့) သဘောပါပလား (ပါ ပါပြီဘုရား)။

ဆင်ခြင်ယင်တော့ သိတာပေါ့ တကာတကာမတို့ အိပ်နေ တဲ့ဥစ္စာဟာ ဘဝင်စိတ်နဲ့ အိပ်နေတာ ဘာသိစရာများ ရှိသေး သတုံး (မရှိပါဘူး) ရှိနိုင်ပါ့မလား.... (မရှိနိုင်ပါဘူး)။

အဲဒီတော့ ချီးမြှောက်လွန်းလို့ အဲဒီဂုဏ်တွေကတော့ ငါ့ ဂုဏ် မဟုတ်ဘူးကွလို့ ဘုရားက ငြင်းချလိုက်တယ်ဆိုတာ တကာ

တကာမတွေ ကောင်းကောင်း ရိပ်မိသွားပလား (မှန်ပါ) ဒီ တရားဟောချင်လို့ မဟုတ်ပါဘူးတဲ့ ဒါက ဗဟုသုတအတွက် ဟောရတာပါ၊ ဒါက တကာ တကာမတို့ ဗဟုသုတအတွက် ဟောတာဆိုတာ သေချာပလား (သေချာပါပြီ) နောက် ပုဏ္ဏားဆက်မေးတာ နားထောင်၊ နောက် ပုဏ္ဏားက ဆက်မေး တယ်။

ဒီတွင် ဝစ္ဆပရိဗိုဇ်က ဆက်ပြီးတော့မေးတယ်၊ ဘယ်လိုမေး လိုက်သတုံး.... ရှင်ကြီးဂေါတမတဲ့ ခုလိုကြုံတဲ့အခါမှာ တပည့် တော်တို့ မသိတာတွေကလဲ အကုန်လိုလိုဖြစ်နေတော့ မသိတာ မေးပါရစေ၊ မသိတာမေးပါရစေလို့ ပြောတော့....

ရှင်ကြီးဂေါတမတဲ့ လူများဟာ လူ့သံယောဇဉ် မစွန့်ဘဲ နဲ့ ဒုက္ခသိမ်းတဲ့နိဗ္ဗာန် ရောက်နိုင်ပါမလား.... တကာ တကာမတို့ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ရောက်နိုင်ပါမလားလို့ ဝစ္ဆပရိဗိုဇ်က မေးတယ်(မှန်ပါ)။

ဒါကြပ်ကြပ်မှတ်ထားပါ၊ ဒီအဓိပ္ပါယ်ဟာ တကာတကာမ တို့ အင်မတန် ကြုံကြိုက်ခဲတယ်၊ ဘုရားတဆူတဆူ ပွင့်မှ တခါ လောက် ဖြေတဲ့အဓိပ္ပါယ်နော် (မှန်ပါ) လူဟာ လူ့သံယော ဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရောက်နိုင်ပါမလားလို့ မေးလိုက်တယ် သဘောကျပလား (ကျပါပြီ) ဘာတဲ့တုံး ခင်ဗျားတို့မေးကြည့် စမ်း(လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရောက်နိုင်ပါ့ မလား)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရောက်နိုင်ပါ့မ လားလို့ ဝစ္ဆပရိဗိုဇ်ကမေးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက-

ဖြေလိုက်ပါတယ် ဦးခင်မောင် သေသေသေချာချာမှတ်ပါ .... (မှန်ပါ့)။

လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့တော့ နိဗ္ဗာန် မရဘူးကွ၊ ဖြေပြီ (မှန်ပါ့) သဘောပါကြလား (ပါပါပြီ) ဘယ်လိုဖြေလိုက်ပါလိမ့်(လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့နိဗ္ဗာန်မရပါဘူး) နိဗ္ဗာန်မရနိုင်ဘူး၊ တကာတကာမတို့ အင်မတန် အကွက်ကျတယ် နော်.... မေးပုံ အကွက်မကျဘူးလား....(ကျပါတယ်ဘုရား)ပဋ္ဌမ ဘယ်လို မေးလိုက်သတုံး (လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား....တဲ့)။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား ဆိုတော့ ဘုရားက ဘယ့်နှယ် ဖြေလိုက်ပါလိမ့် (လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး)။

မရောက်နိုင်ဘူး ဆိုတော့ ခင်ဗျားတို့ ထဲမှာ တယောက်မှ နိဗ္ဗာန်ရောက်မည့်သူ မပါဘူးလို့ ယူချင်လဲယူကြရော့(မှန်ပါ့) မယူရပေဘူးလား(ယူရပါမယ်) ကိုယ့်သံယောဇဉ်နဲ့ ကိုယ်နဲ့တော့ဖြင့် တကာတကာမတွေ ရှိကြတာချည်းဘဲနော်(မှန်ပါ့) အဲဒီဟာ ဘုန်းကြီးက ရှင်းပြပါမယ် (မှန်ပါ့)။

ဘုန်းကြီးက ရှင်းပြပါမယ် ဆိုတော့ တကာ တကာမတွေဘာမှ အားငယ်စရာ မရှိပါဘူး၊ အဋ္ဌကထာကလဲ ရှင်းပြတယ် (မှန်ပါ့)ဦးခင်မောင် ဒီအတိုင်းဆိုယင် ငိုချင်းချတို့ ရှိတော့တယ် (မှန်ပါ့) ဒီ့ပြင် ဘာမှမရှိတော့ဘူး။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား လို့ ဝစ္ဆပရိဗိုဇ်က မေးတော့ ဘုရားက ဘယ့်နှယ် ဖြေသတုံး (လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်မရောက်နိုင်ပါဘူး)

တကာတကာမတွေကကော ဘယ်လိုဖြေကြမလဲ (မရောက်နိုင်ပါဘူး ဘုရား)။

ကိုင်း.... ဒါဖြင့် လူ့သံယောဇဉ်ထဲမှာဘဲ အလုပ်လုပ်တဲ့လူ ရနိုင်တယ်ဆိုတာ ဘုန်းကြီးက နည်းပေးမယ်၊ သူ- ပြထားတာက ခင်ဗျားတို့ ဒါ ပြဘို့ဘဲ(မှန်ပါ့)ဟော-ဒီဘက်က တဏှာဆိုတာ သံယောဇဉ် မဟုတ်လား (မှန်ပါ့) ဥပါဒါန်ကော (သံယောဇဉ်ပါ)။

ကိုင်း....ဒီဘက်က ခန္ဓာငါးပါး ချုပ်ရှုလိုက်တော့ ဖြစ်ပျက်ရှုလို့ ဆရာဘုန်းကြီးက မှာ-မထားဘူးလား (မှာထားပါတယ်ဘုရား)မှာထားတဲ့အခါကျတော့ တကာတကာမတွေက ကိုယ့်ခန္ဓာ အိမ်ရောက်တဲ့အခါမှာ ဖြစ်စေ၊ လမ်းသွားတဲ့အခါ ကမ္မဋ္ဌာန်းကျောင်းမှာဖြစ်စေ ရှုနေပါပြီ။

ဒါကလေးတွေ ဖြစ်ပျက်ဝေဒနာကြိုက်တဲ့လူက ဝေဒနာဖြစ်ပျက် ရှုနေ၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က စိတ်ကို ဖြစ်ပျက် ရှုနေပြီနော်.... (မှန်ပါ့) ရှုလိုက်တော့ ဖြစ်ပျက်နဲ့ မဂ်ဘဲ ရှိတယ်၊ တကာ တကာမတို့ ဒီဘက် သံယောဇဉ် ရှိ-မရှိ (မရှိပါဘူးဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒီဘက်ကဘာတုံး (ဖြစ်ပျက်ပါဘုရား) ဒီဘက်က ဖြစ်နေတာ (မှန်ပါ့) ဒါ—ရှိရဲ့လား.... (မရှိပါဘုရား) ရှိကို-မရှိဘူး (မှန်ပါ့)။

ဒါက သူများပြောလား ခင်ဗျားတို့ အမြင်လား (အမြင်ပါဘုရား) ကြည့်လေ ဝေဒနာ ပစ္စယာ တဏှာ လာသေးသလား.... (မလာပါဘူး) တဏှာ လာယင် သံယောဇဉ် ကိုးဗျ (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

အဲဒီတော့ ဒီက-နေပြီး ဝေဒနာရှုသူက ဝေဒနာကလေးတွေ ဖြစ်ပျက်၊ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ စိတ်ကလေးတွေ ဖြစ်ပျက် ရှုနေတော့ ဖြစ်ပျက်ဝိပဿနာမဂ် (မှန်ပါ့) ဒီဘက်က တဏှာ ဥပါဒါန် ဘယ့်နှယ်နေမလဲ (မလာပါဘူးဘုရား)။

လာကို မလာဘူး (မလာပါဘူး) တကာတကာမတို့ စဉ်းစားကြည့်စမ်း လာကိုမလာတာဘဲလား (မလာပါဘူးဘုရား)။

ဒါဖြင့် ကျုပ်တို့ အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ လူဟာ လူ့ သံယောဇဉ် စွန့်သလား.... ဘယ်လိုဆိုကြမလဲ.... (စွန့်နေတယ် ဆိုရမယ်) လူဟာ လူ့သံယောဇဉ်စွန့်နေတော့ ဘုရားက ဘယ့်နှယ်ဖြေမယ်ထင်သလဲ၊ လူဟာ လူ့သံယောဇဉ်သာ စွန့်လို့ရှိယင် ဖြင့် ဘာတုံး (နိဗ္ဗာန်ရောက်နိုင်တယ်)။

ခင်ဗျားတို့ ဒီအထဲမှာ ပါတယ်တဲ့၊ ပုံစံ ချပြမှ ရှင်းတယ် ဒီဥစ္စာက (မှန်ပါ့) သဘောပါကြလား (ပါပါပြီ)။ ပုံစံ ချပြလိုက်တော့ ရှိသေးရဲ့လား (မရှိပါဘုရား)။

ဝိပဿနာ ရင့်လာတဲ့အခါကျတော့ ဒီမဂ်ဖြစ်လာတော့ ဒီ သံယောဇဉ်တွေက လာကို လာသေးရဲ့လား (မလာပါဘုရား) မဂ်က ဖြတ်ထားတယ်ဆိုတာ သေချာပလား(သေချာပါပြီ)။

အဲဒီတော့ကိုတဲ့ သံယောဇဉ်တန်းလန်းနဲ့ မဂ်တော့ မရနိုင်ဘူး၊ အလုပ်-လုပ်လို့ သံယောဇဉ် ချုပ်နေပြန်တော့လဲ ဘယ့်နှယ်ဆိုကြမလဲ....(ရနိုင်ပါတယ်) မဂ်-ရနိုင်တယ်ဆိုတာ သဘော ကျပလား.... (ကျပါပြီ) ဒါက တကာ တကာမတို့ အပြောလား.... အမြင်လား ကြည့်စမ်း (အမြင်ပါဘုရား)။

ဒီမဂ္ဂင်ငါးပါးက ဝေဒနာနောက်က နေချင် နေလိုက်၊ စိတ်နောက်က နေချင်နေလိုက်၊ ရုပ်နောက်က နေချင်နေလိုက် ဒီဥစ္စာ

သဘောကျပလား (မှန်ပါ့) နေလိုက်တဲ့အခါကျတော့ဖြစ်ပျက်နဲ့ - မဂ်ဘဲ ခင်ဗျားတို့ ဝမ်းထဲမှာရှိတယ်(မှန်ပါ့) တဏှာ ဥပါဒါန် ဘယ့်နှယ်နေသတုံး (ချုပ်သွားပါတယ်)။

လောဘ ဒေါသ (ချုပ်သွားပါတယ်)။

အဝိဇ္ဇာ သင်္ခါရ (ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် အဲဒီ သံယောဇဉ်တွေ လာခွင့်ပေးသေးရဲ့လားလို့ မေးယင် ဘယ့်နှယ် ပြောမလဲ....(မပေးပါဘူး) ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရနိုင်—မရနိုင် (ရနိုင်ပါတယ်ဘုရား) ရနိုင်တယ် ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါ—ဝတ္ထုမထုတ်သေးဘူး၊ ဝတ္ထုနှင့်တကွ ရှိပါတယ် ဦးခင်မောင် (မှန်လှပါဘုရား) နာရီလဲ စေ့နေပြီလို့ သဘောကျပလား.... (ကျပါပြီ) ဝတ္ထု မထုတ်သေးဘူး၊ ဝတ္ထုနဲ့ သေသေချာချာ ရှိတယ်၊ လူဟာ လူ့သံယောဇဉ်ကို ဘယ်လိုစွန့်မယ်ဆိုတဲ့ ဥစ္စာ တကာ တကာမတို့ အလုပ်-မလုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် မစွန့်တာ အမှန် (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်ဖြင့်....(စွန့်ပါတယ်ဘုရား)။

ဒါဖြင့် လူဟာ လူ့သံယောဇဉ် စွန့်-မစွန့်ဆိုတာ ဘယ်သူ့အပေါ်မှာ တည်နေတယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ (အလုပ်- လုပ်တဲ့ပုဂ္ဂိုလ်ပေါ်မှာ တည်နေပါတယ်) အလုပ်-လုပ်ရမယ်၊ သဘောကျပလား.... (ကျပါပြီ) အလုပ်-မလုပ်ယင်တော့ သံယောဇဉ် စွန့်မယ်ဆိုတဲ့ စကား မယုံနဲ့ (မှန်ပါ့)။

ရှိတဲ့သံယောဇဉ်တွေ ကုန်ပါပြီ၊ သားသမီးလဲ မခင်ပါဘူး၊ မြေးလဲ မခင်ပါဘူး၊ မြစ်လဲ မခင်ပါဘူး-ဟုတ်လား၊ အင်း.... ဘယ်လိုဘဲ သူတို့က အနားမှာ ပွတ်သီး ပွတ်သတ်လုပ်နေငြား

သော်လည်း စိတ်ကတော့ ဥပေက္ခာပါတဲ့.... အလကားပြောတာ တကယ်မဟုတ်ပါဘူးဆိုတာ ယုံကြည်ကြရဲ့လား.... (ယုံကြည်ပါတယ်) အလုပ်–လုပ်နေမှ ပြတ်တယ် (မှန်လှပါ)။

နို့မို့လို့ရှိယင်ဖြင့် ကိုယ့်သံယောဇဉ်သာ မရှိတာ၊ ကိုယ့်ခန္ဓာ သံယောဇဉ်က လာ–ငြိတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဟို.... သားသမီး မြေး မြစ် သံယောဇဉ်ကတော့ မရှိဘူး (မရှိပါဘူး) ကိုယ့်ခန္ဓာဆိုတဲ့ သံယောဇဉ်ကတော့.... (ရှိပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီ) အဲဒီတော့ လူဟာ လူ့သံယောဇဉ် ပြတ်ပါရဲ့လား.... (မပြတ်ပါဘုရား)။

ဒါဖြင့် အပြောသမားနဲ့တော့ မကိုက်ဘူးပေါ့ဗျာ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) အလုပ်သမားနဲ့တော့.... (ကိုက်ပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီတရား မဆုံးဘူး၊ နာရီလဲစေ့ပြီ နက်ဖြန်မှ ဆက်ဟောကြစို့။

သာဓု.... သာဓု.... သာဓု....

★

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့- ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော

## အရှိနဲ့ အသိကိုက်အောင်လုပ်နည်း

# စိတ္တာနုပဿနာ တရားတော်

(၇-၂-၆၁)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်း များစွာ မှာတယ်လို့ တကာ တကာမတွေ မှတ်ထားရမယ်နော်....။

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ
သမ္ပဇာနကာရီ။ အယံ ဝေါ အမှာကံ အနုသာသနီ။

ဆိုတာ အကြိမ်ပေါင်းများစွာ မှာတယ် (မှန်ပါ့)။

ဘိက္ခဝေ= အို.... ငါ၏ချစ်သား တပည့်များတို့၊ သတော= ခန္ဓာကိုယ်ပေါ်၌ သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော=ပညာအဆင်ခြင်နဲ့ ဖြစ်- ပျက် ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရေယျ=နေရစ်ကြပါ။

ခန္ဓာကိုယ်ကို သတိထားပြီး ပညာဉာဏ်နဲ့ ကြည့်ပြီး နေရစ်ကြပါ၊ သဘောကျပလား.... (ကျပါပြီ) ခန္ဓာကိုယ် ဘယ်လိုထားရမယ်.... (သတိထားပြီး နေရမယ်) သတိထားပြီး ပညာဉာဏ်နဲ့ ကြည့်၍ နေရစ်ပါလို့.... တကာ တကာမတို့ ဘုရားက မှာတော်မူတယ် (မှန်လှပါဘုရား) သတိထားပြီးတော့....(ပညာနဲ့ကြည့်ပြီး နေရစ်ပါ....တဲ့) ခန္ဓာကိုယ်မှာ သတိထားပြီး ပညာနဲ့ ကြည့်ပြီးတော့ နေရစ်ကြပါ။

အယံ=ဤငါပြောတဲ့ သတိထားပြီး ပညာနဲ့ကြည့်ဆိုတဲ့ သဘောသည်၊ဝေါ-တုမ္ဟာကံ=သင်ချစ်သားတို့အား၊ အမှာကံ= ငါဘုရားတို့၏၊ အနုသာသနီ=ကြီးစွာသော အဆုံးအမကြီးပေ တည်း....ဆိုတဲ့ဥစ္စာ သေသေချာချာ ဟောပါတယ်။

ဒါ့ကြောင့် တကာ တကာမတွေ **ခန္ဓာကိုယ်ပေါ်မှာ သတိ ထား၊ ပညာဉာဏ်နဲ့ ကြည့်ပါလို့** ယနေ့ စ-လာတယ်(မှန်ပါ့) ခန္ဓာကိုယ်ပေါ်မှာ ဘယ်လို ထားရမယ်.... (သတိထားပြီး ပညာနဲ့ ကြည့်ရမယ်) သတိထားပြီး ပညာနဲ့ ကြည့်ပါ၊ မိမိ တို့၏ ယောကျ်ားဖြင့် ယောကျ်ားခန္ဓာကိုယ်၊ မိန်းမဖြင့် မိန်းမ ခန္ဓာကိုယ်ကို သတိထားပြီး ပညာနဲ့ကြည့်ပါ။

သတိထားရမယ်ဆိုတာ ဘာများ ဖြစ်ဦးမလဲလို့ သတိထား ဘာများ ဖြစ်ဦးမလဲ ဘယ်လိုများ ဖြစ်ဦးမှာပါလိမ့်မလဲလို့ ခန္ဓာကိုယ်ကို သတိထားရမယ် (မှန်ပါ့)။

နောက်–ပညာနဲ့ သတိထားရင်းမတ္တနဲ့ ပေါ်လာလို့ရှိ ယင်ဖြင့် ဟိုနေရာက- ယား၊ ဒီနေရာက- နာ၊ ဒီစိတ်ကလေးက ပေါ် ဟိုစိတ်ကလေးက-ပေါ် ဆိုလို့ရှိယင် အဲဒါကို ပညာနဲ့ ကြည့် (မှန်ပါ့)။

ဒါဖြင့် သတိကို ရှေ့ထား၊ ပညာနဲ့ နောက်ကနေ ကြည့်ပါ ဆိုတာကို ဘုရားက သိပ်-မှာတော်မူတာ သဘောကျပလား.... (ကျပါပြီ)။

တကာ တကာမတို့ ခန္ဓာကိုယ်ပေါ်မှာ ဘယ်လိုလုပ်ရမှာတဲ့ တုံး.... (သတိထားပြီး ပညာနဲ့ ကြည့်ရမှာပါ) သတိထားပြီး ပညာနဲ့ ကြည့်ပါ၊ ရှင်းကြပလား.... (ရှင်းပါပြီ) သတိထား ပြီးတော့.... (ပညာနဲ့ကြည့်ရပါမယ်)။

အဲ.... သတိထားပြီးတော့ ပညာနဲ့ ကြည့်ကြလို့ ရှိယင်ဖြင့်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ခန္ဓာက ပြောပါလိမ့်မယ်ဆိုတာ ဘုန်းကြီးက တာဝန်ယူပါတယ်၊ ခန္ဓာက ဘာလုပ်မယ် ထင်ကြတုံး....(ပြောပါလိမ့်မယ်)မပြောဘဲ နေပါ့မလား.... (မနေပါဘုရား)။

မပြောဘဲ ဘယ်နည်းနှင့်မှ မနေဘူး၊ **ခန္ဓာကို သတိသာထား၊ ပညာနဲ့သာ ကြည့်လို့ ရှိယင်ဖြင့် ခန္ဓာက "ကျုပ်–အနိစ္စပါလို့"** ပြောပါလိမ့်မယ် (မှန်ပါ့) ခန္ဓာက ကျုပ်-အနိစ္စပါဘဲလို့ ပြောပါလိမ့်မယ် တကာ တကာမတို့.... ရှင်းကြပလား (ရှင်းပါပြီ) သတိထား ပညာနဲ့ကြည့်လို့ ရှိယင် ခန္ဓာက ဘာပြောလိမ့်မယ် ထင်သတုံး.... (ကျုပ်- အနိစ္စပါလို့ ပြောမယ်)။

ကျုပ်ဟာ အနိစ္စ-ခန္ဓာကိုယ်ပါဘဲလို့ သူက မပြောဘဲ မရှိပါဘူး ပြောပါလိမ့်မယ်လို့ တထစ်ချမှတ်ပါ (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ဒီရှေ့က တကာ တကာမတွေ ပြလိုက်မယ်၊ ဩော်.... ဒါဟာ ယခု ရ-ထားတဲ့ ခန္ဓာငါးပါးလို့ မှတ်ပါနော်.... (မှန်ပါ့ဘုရား) ယခု ရ-ထားတဲ့ ခန္ဓာငါးပါးလို့ မှတ်လိုက်စမ်းပါ၊ အခု ဒီမှာပြထားတာ ဘာပါလိမ့်....(ယခု ရ-ထားတဲ့ ခန္ဓာငါးပါး) ခန္ဓာငါးပါးဆိုတာ ယခု တရားနာနေတဲ့ ခန္ဓာငါးပါးကို ဆိုပါတယ် (မှန်ပါ့)။

တခြား ခန္ဓာငါးပါးကို ဘာမှ ဉာဏ်မရောက်ပါနဲ့ ဒီ ခန္ဓာငါးပါးကိုသာ ဉာဏ်ရောက်ပါ (မှန်ပါ့)။

ဒီ ခန္ဓာငါးပါးကို တကာ တကာမတွေကို မနေ့က သိသာအောင်လို့ ဘုန်းကြီးက ပြောလိုက်တယ်၊ဘယ်လို ပြောလိုက်

သတုံး ဆိုတော့ ခန္ဓာငါးပါးကို ချုံးလိုက်ကြဦးစို့ဟေ့.... ဆိုတော့ ရုပ်နဲ့ နာမ်ဘဲ ရှိတယ်လို့ မပြောဘူးလား....(ပြော ပါတယ်) ခန္ဓာငါးပါးချုံးလိုက်တော့ ဘာရှိသတုံး.... (ရုပ်နဲ့ နာမ်ဘဲ ရှိပါတယ်)ရုပ်နဲ့နာမ်ဘဲ ရှိတယ်လို့ တခါပြောလိုက် တယ်။

ရုပ်နဲ့နာမ်ပေမဲ့လဲ တကာ တကာမတို့ ပြင်ပြီး ချုံးလိုက် ပါဦးလို့ဆိုတော့ တကာ တကာမတွေ မနေ့က သင်ထားတဲ့ အတိုင်း ဩော်....ရုပ်ဟာလဲ အနိစ္စ၊နာမ်ဟာလဲ အနိစ္စ ဆိုတော့ အနိစ္စသာရှိတယ် ဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်လာ ပါတယ်ဘုရား)။

အဲ–**သတိထားပြီး ပညာနဲ့ ကြည့်ပြီဆိုမှဖြင့် ခန္ဓာက ဘာမှမပြောဘူး မောင်ထွန်းလှိုင်....အနိစ္စဘဲ ပြောမယ်....** (မှန်ပါဘုရား) ဦးခင်မောင်-ဘာပြောမယ် ထင်တုံး.... (အနိစ္စ ပြောပါမယ်ဘုရား)။

ခန္ဓာက အနိစ္စဘဲ ပြောလို့ရှိယင်ဖြင့် ကျုပ်တို့က ဩော်.... အနိစ္စပေမယ်လို့ ပညာနဲ့ လိုက်ပေးရမယ်(မှန်ပါ) ခန္ဓာဟာ သတိထား ပညာနဲ့ ကြည့်လိုက်လို့ ရှိယင်ဖြင့် အနိစ္စဘဲလို့ ခန္ဓာက ပြောပါလိမ့်မနော်....(မှန်ပါ)။

အဲဒီ ခန္ဓာက ပြောတာကို ခန္ဓာငါးပါးက ရုပ်နဲ့နာမ်နဲ့ဘဲ ထားပါတော့၊ ရုပ်နဲ့နာမ်သည်ကားလို့ဆိုယင် ချုံးလိုက်တဲ့ အခါကျတော့ ဖြစ်ပျက်ဘဲ ရှိတယ်နော်....(မှန်ပါ) ရုပ်မှာလဲ ဖြစ်ပြီးပျက်တာဘဲ၊ နာမ်မှာကော....(ဖြစ်ပြီးပျက်တာဘဲ) ဒါဘဲ ရှိတယ်ဆိုတာ သဘောကျပလား....(မှန်ပါ)။

ဒီခန္ဓာကြီးကို တကာ တကာမတွေက စောင့်ပြီးကြည့်နေတဲ့ အခါကျလို့ရှိယင် သတိကလေးနဲ့ စောင့်ထား၊ သတိကလေးနဲ့ စောင့်ထားတဲ့ အခါကျတော့ ပညာနဲ့ ကြည့်လိုက်။

သတိနဲ့ စောင့်ကြည့်တဲ့အခါကျတော့ ခန္ဓာကြီးက ယားသလိုလို ယံသလိုလို ရွေ့ချင်သလိုလို ပြောင်းချင်သလိုလို စိတ်ကလေးတွေကော မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ပေါ်ပြီးတော့ကော ဒါကလေးဟာ အမြဲခိုင်ခံ့ တည်တံ့မှာလား.... (မတည်တံ့ပါဘူး) အမြဲခိုင်ခံ့ မတည်တံ့တော့ ဦးခင်မောင်တို့ ပျက်စီး-မသွားပေဘူးလား....(ပျက်စီးသွားပါတယ်ဘုရား)။

ပျက်စီးသွားတဲ့ အခါကျတော့ကို သတိထားတဲ့ပုဂ္ဂိုလ်ဖြင့် ပညာနဲ့ ကြည့်လို့ရှိယင် ပျက်စီးတာကို ပညာက သိပါတယ် (မှန်လှပါ) သတိမထားတဲ့ ပုဂ္ဂိုလ်မှာ ခလုတ်တိုက်လို့ သွေးထွက်သွားတာတောင်မှ လမ်းမှာ သွေးထွက်သွားတာတောင်မှ ဦးခင်မောင်-အိမ်ကျမှ သိတယ် (မှန်လှပါဘုရား) အဲဒီတော့ တကာ တကာမတွေ-

**သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ၊**

**သမ္ပဇာနကာရီ၊အယံ ဝေါ အမှာကံ အနုသာသနီ**–လို့

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆုံးမထားတဲ့အတွက် တကာ တကာမတို့သည် ဒီခန္ဓာကြီးကို သေသေချာချာ စိုက်ပြီး သကာလ ကြည့်ပါ၊ သတိထားနေပါ။

သတိထားပြီးသကာလ နေတုန်းမှာဘဲ ဟိုက-ယား ဒီက-ယံ ဒီက-နာ ဟိုစိတ်တွေ-ပေါ် ဒီစိတ်တွေ-ပေါ်၊ ပေါ်လာတာ ဟူသရွေ့ ပျောက်ပျက်ချည်းမှတ်။

အဲဒီ ပျက်တာကလေးကို တကာ တကာမတွေက နောက်က မဂ်နဲ့ ကြည့်ပေးပါ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) မဂ်နဲ့ ကြည့်ပေးလိုက်-ဆိုတာ မဂ္ဂင် ငါးပါးနဲ့ ကြည့်ပေးလိုက် တာပေါ့ (မှန်ပါ့)။

ရှုတယ်လို့ ဆိုလို့ရှိယင် ခင်ဗျားတို့ လောကီမဂ် ရပြီလို့ အောက်မေ့(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီ)ရှုတယ်ဆိုယင်ဘဲ (လောကီမဂ် ရပြီ)။

လောကီမဂ် ရပြီဆိုတော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါ ယာမ သမ္မာသတိ သမ္မာသမာဓိ....ဆိုတဲ့ မဂ္ဂင်ငါးပါး ရတယ် (မှန်ပါ့) ဘယ့်နှယ်ကြောင့် ရပါလိမ့်မတုံးဆိုတော့ ယောဒီ သတိကလဲ စိုက်ထားလို့၊ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာကလဲ မြင်ပါ တယ်၊ မြင်တော့ ဒီခန္ဓာကိုယ်ကြီးဟာ အနိစ္စ-ရှိလို့ အနိစ္စ ပေါ်လာတာဘဲ ဦးခင်မောင်ရေ့.... (မှန်လှပါဘုရား)ဘယ်လို ဆုံးဖြတ်ကြမယ်-(အနိစ္စ ရှိလို့ အနိစ္စ ပေါ်လာတာပါဘုရား)။

အနိစ္စ- ရှိလို့ အနိစ္စ- ပေါ်လာတာကို ခင်ဗျား တို့က ယောကျ်ား-ပေါ်လာလိမ့်မယ်၊မိန်းမ-ပေါ်လာလိမ့်မယ်၊ခလေး ပေါ်လာလိမ့်မယ်—ဆိုတာလဲ ဟုတ်သေးရဲ့လား....(မဟုတ်ပါ ဘူးဘုရား)အနိစ္စ-ရှိလို့ ဘာတွေမျိုး ပေါ်လာသတုံး....(အနိစ္စ ပေါ်လာပါတယ်)အနိစ္စ-ရှိလို့ အနိစ္စ-ပေါ်လာတော့ ကျုပ်တို့ က အနိစ္စလို့ဘဲ သိဘို့ အရေးကြီးတယ်(မှန်လှပါဘုရား) မဂ္ဂင် ငါးပါး ဘယ်လိုသိဘို့ အရေးကြီးပါလိမ့်.... (အနိစ္စလို့ သိဘို့ အရေးကြီးပါတယ်) အနိစ္စလို့ဘဲ သိဘို့ အရေးကြီးပါတယ် ဆိုတာ တတာ တကာမတွေ ဉာဏ်ရောက်ပလား....(ရောက်ပါပြီ ဘုရား)။

ကောင်းပြီ—ဒါဖြင့် အနိစ္စ-ရှိလို့ အနိစ္စ-သိယင်ဖြင့် ဒီက အနိစ္စ-ဒီဘက်က မဂ္ဂဆိုတာ ဆုတောင်းလို့ ရတာလား.... မဂ္ဂင ငါးပါးနဲ့ စောင့်ကြည့်လို့ ရတာလား.... (စောင့်ကြည့်လို့ ရတာပါဘုရား)ကြောင့်....မဂ်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေး တော့မှ စောင့်တာက သတိ၊ ကြည့်တာက ပညာ(မှန်ပါ့)။

စောင့်တာက....(သတိပါဘုရား)။

ကြည့်တာက....(ပညာပါဘုရား)။

ဒါဖြင့် စောင့်ကြည့်တဲ့ အခါကျတော့ ဘာ တွေ့ပါလိမ့်.... (အနိစ္စ တွေ့ပါတယ်ဘုရား) ခြေတွေ လက်တွေ နားတွေ နှာ ခေါင်းတွေ တွေ့သလား....တဲ့၊မျက်လုံးမှိတ်ရှု ခြေ လက် နား နှာခေါင်း မတွေ့ဘူး၊ ဖြစ်ပျက်ဘဲ တွေ့မယ်.... (မှန်ပါ့ဘုရား) မျက်လုံး မှိတ်ကြည့်ရမယ်နော်....(မှန်ပါ့) မျက်လုံး မှိတ်ကြည့် တော့ ဘာတွေ တွေ့ပါ့မယ်....(ဖြစ်ပျက်တွေ့ပါမယ်)ဖြစ်ပျက်ဘဲ တွေ့မယ်၊ ဖြစ်ပျက်ဟာ ပါဠိလိုသုံးတော့ ဘာ ခေါ်ကြမယ်.... (အနိစ္စပါဘုရား) ပါဠိလိုသုံးတော့ အနိစ္စ။

ဒါဖြင့် ခန္ဓာသည် ဦးခင်မောင်တို့ မောင်ထွန်းလှိုင်တို့ အနိစ္စရှိ၍ အနိစ္စ-ပြတာ(မှန်လှပါဘုရား)။

အနိစ္စရှိတာနဲ့....(အနိစ္စပြတာပါဘုရား)။

အနိစ္စရှိလို့ အနိစ္စ-ပြတဲ့အခါကျတော့ကိုတဲ့ အနိစ္စ-ကျုပ်တို့ က သိပေးလိုက်လို့ရှိယင်ဖြင့် အနိစ္စက—အနိစ္စ၊ သိတာက— မဂ္ဂ—ဆိုတာ ဖြစ်သွားတယ်(မှန်ပါ့ဘုရား)။

အနိစ္စက....(အနိစ္စပါဘုရား)။

သိတာက....(မဂ္ဂပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ တရားတပွဲလုံး ပြေပါ၊ အကုန် နှုတ်တိုက်မှန်အောင် လုပ်ရမှာ(မှန်ပါ့) နှုတ်တိုက် မှန်အောင် လုပ်ရမှာ၊ ပျင်းပျင်းရိရိ မနေနဲ့၊ ဒါမှ မလုပ်ဖြစ်တော့ အနိစ္စရှု၍ အနိစ္စမသိဘူးဆိုယင်ဖြင့် သေသွားတဲ့ ပုဂ္ဂိုလ်မှာ စုံလုံးကန်း သေသွားတယ်လို့ အောက်မေ့ရမယ်(မှန်ပါ့)။

သေသွားတဲ့ပုဂ္ဂိုလ် ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (စုံလုံးကန်းသေသွားပါတယ်) ဘာပြုလို့တုံး....ကိုယ့်ရှိတာ ကိုယ်မသိဘဲနဲ့ သေသွားလို့(မှန်ပါ့)ရှင်းပြီနော်....(မှန်ပါ့)ကိုယ့်ရှိတာကို....(ကိုယ်မသိဘဲ သေသွားလို့)။

ဒါဖြင့် ဒီမသာကို ဘာမသာ ခေါ်ကြမလဲ.... (စုံလုံးကန်းမသာ) စုံလုံးကန်း မသာဖြစ်မှာစိုးလို့ ခင်ဗျားတို့ကို ဆရာဘုန်းကြီးက သတိပေးနေတယ်ဆိုတာကော- သဘောကျပလား-(ကျပါပြီ)။

ဒါ-ခပ်ကြမ်းကြမ်း ပြောတယ်လို့ မအောက်မေ့လိုက်ပါနဲ့၊ ကိုယ့်အဖြစ် ဆိုးတာက ဒီထက်ကြီးတယ် အောက်မေ့ပါ....(မှန်ပါ့) ကိုယ့်အဖြစ်ဆိုးတာ....(ဒီထက်ကြီးပါတယ်ဘုရား) ဒီထက်ကြီးတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ) နားကြီးကြီးနဲ့ နာကြပါ....(မှန်လှပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ မျက်စိနှစ်ကွင်း အလင်းရပြီး သေစေချင်လို့.... ဒီတရားကို ဟောနေတယ်ဆိုတာကော-ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒီအတိုင်းသာ ဦးခင်မောင် သေသွားကြမယ်၊ အနိစ္စရှိလျက် အနိစ္စမသိဘဲနဲ့ သေသွားတဲ့ပုဂ္ဂိုလ်မှာ စုံလုံးကန်းမသာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)

ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ ရှင်တုန်းက ပွင့်မသွားဘူး ဆိုတော့ သေပြီးဟိုဘက်ဘဝ ရောက်သွားပြန်တော့ ဒီမျက်လုံးက ပွင့်ဦး မှာလား....(မပွင့်ပါဘူးဘုရား)။

ဒါဖြင့် သူ-သွားမိသွားရာ သွားမယ်....(မှန်လှပါ) မသွား ပေဘူးလား....(သွားပါတယ်)၊ ဒီဘဝလဲ သွားမိသွားရာ သွား မှာဘဲ....(မှန်ပါ) ဟိုဘဝကော.... (သွားမိသွားရာ သွားမယ်)။

အဲဒီတော့ ခင်ဗျားတို့သည် မျက်လုံးမပါတဲ့ တိရစ္ဆာန်၊ တီ ကောင်သွား- သွားသလို ဖြစ်လိမ့်မယ်.... (မှန်ပါ) သဘောကျပ လား....(ကျပါပြီ)ဘာသွား- သွားသလို ဖြစ်မှာလဲ....(တီကောင် သွား–သွားသလိုဖြစ်ပါမယ်) တီကောင်ဟာ ဟိုနားက ကြက်က စောင့်နေတယ် ဦးခင်မောင်ရ....အဲဒီဘဲ တွန့်လိမ်တွန့်လိမ်နဲ့ မသွားဘူးလား.... (သွားပါတယ်ဘုရား) သွားတော့ ဟိုက ကောက်မစားပေဘူးလား....(စားပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေက စဉ်းစားပါ ဒါကို၊ မြွေ- မျက်လုံးမပါတဲ့ သတ္တဝါများ ဖြစ်ရမှာ ကြောက်စရာကောင်း လိုက်တာ.... (မှန်ပါ) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ် ဘုရား) မျက်လုံးမပါတဲ့ သတ္တဝါ ဖြစ်ရမှာ.... (ကြောက်စရာ ကောင်းပါတယ်)။

အဲ....ခင်ဗျားတို့လဲ အရှိကိုသိတဲ့ အသိဉာဏ်နဲ့ သေ-မသွား ကြဘူး ဆိုလို့ရှိယင်ဖြင့် နောက်ဘဝလဲ ခင်ဗျားတို့ ဇာတိဘေး ကစ၍ သင့်မှာဘဲ၊ မသင့်ပေဘူးလား....(သင့်ပါတယ်)။

ဇရာဘေးကော....(သင့်ပါတယ်)။

ဗျာဓိဘေးကော-(သင့်ပါတယ်)။

မရဏဘေးကော-(သင့်ပါတယ်)။

အဲဒီ ဘေးတွေဟာ တခါသင့်ပြီးတော့ ပြီးတော့တာဘဲလား၊ နောက်ဇာတိဘေး ပြန်သင့်ဦးမှာဘဲလား.... (သင့်ဦးမှာပါဘဲဘုရား) သင့်မှာဘဲဆိုတာကျေနပ်ပလား-(ကျေနပ်ပါပြီ)။

ဘယ့်နှယ်ကြောင့် ကျေနပ်ရပါသတုံးဆိုလို့ရှိယင်ဖြင့် ဖြစ်ပျက်ကို ဒီမဂ်နဲ့ မသိတဲ့ အခါကျတော့ ဒီဖြစ်ပျက် ခန္ဓာကြီးကိုဘဲ ခင်တဲ့တဏှာက မလာပေဘူးလား.... (လာပါတယ်ဘုရား) ခင်တဲ့ တဏှာက လာတဲ့အခါကျတော့ တဏှာ ဥပါဒါန် ကံတွေက တကာ တကာမှတွေ ငြင်းဆန်လို့ ရသေးရဲ့လား.... (မရပါဘူး) ဒီတဏှာ ဥပါဒါန် ကံ လာလို့ရှိယင် ဇာတိ ဇရာ မရဏတွေက မိုးမှန်အောင် မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီဘဝ ဇာတိ ဇရာမရဏ ပြီးပါလျက်သားနဲ့ ဟိုဘဝ ဇာတိ ဇရာ မရဏတွေ ဘယ့်နှယ်ကြောင့် လာပါလိမ့်မတုံး.... မေးတော့မှ ဦးခင်မောင်ရေ-ဒီဘဝမှာလဲ စုံလုံးကန်း ဖြစ်သွား၊ စုံလုံးကန်းသေလို့ နောက်ဘဝလဲ စုံလုံးကန်း ဖြစ်ချင်သလို ဖြစ်ရတယ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒီဘဝ ဘယ်လို သေသွားသတုံး.... (စုံလုံးကန်း သေသွားပါတယ်)စုံလုံးကန်း သေသွားတော့ကို တဏှာ ဥပါဒါန် ကံ တွေက ချည်း နိုင်သလို မဖြစ်ရဘူးလား....(ဖြစ်ရပါတယ်) ဖြစ်ရတဲ့အခါကျတော့ ဟိုဘက်မှာ ဘာခန္ဓာ ဖြစ်သွားသတုံးလို့ မေးတော့ စုံလုံးကန်းခန္ဓာ ဖြစ်သွားတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘာခန္ဓာ ဖြစ်သွားသတုံး.... (စုံလုံးကန်းခန္ဓာ ဖြစ်သွားပါတယ်)။

ဒါနဲ့ စုံလုံးကန်း ခန္ဓာဖြစ်တော့ ဟိုဘက်မှာ အို၊ နာ၊ သေ ဘေးထဲ သူ-မဆင်းဘူးလား....(ဆင်းပါတယ်) သူသွားတုန်းကလဲ အို၊ နာ ဆီက သွားတယ်....(မှန်လှပါဘုရား) နောက်-သူရောက်တဲ့ နေရာကတော့.... ( အို၊ နာသေ ဆီ ရောက်ပါတယ်ဘုရား )။

ဒါဖြင့် အို၊ နာဆီက လာပြီး အို၊ နာဆီဘဲ သွားတယ်ဆိုတာ ဘယ်ပုဂ္ဂိုလ်မျိုးတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် သတိပညာနဲ့ အရှိကို သိမသွားတဲ့ ပုဂ္ဂိုလ်....(မှန်ပါဘုရား)ပေါ်ကြပြီလား (ပေါ်ပါပြီ ဘုရား)ဘာပါလိမ့်မလဲ (သတိပညာနဲ့ အရှိကို သိမသွားတဲ့ပုဂ္ဂိုလ်ပါ) သတိပညာနဲ့ အရှိကို သိ မသွားတဲ့ပုဂ္ဂိုလ်ဆိုတော့ ခင်ဗျားတို့ အခု သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ စီးပွားရေး ဖြောင့်နေတာ ဘုန်းကြီးတို့ အင်မတန် ဝမ်းသာပါတယ်။

အင်မတန် ဝမ်းသာပါတယ် တကာတကာမတွေ ကျန်းကျန်းမာမာနဲ့ ကိုယ့်စီးပွားရေးကလေးနဲ့ ကိုယ်နဲ့ ကိုယ့်သား ကိုယ့်သမီးနဲ့ နေကြထိုင်ကြတာတွေ ဩော်....သူတို့ ကံကောင်းတယ်ဆိုတာ ဝမ်းသာပါတယ်၊ မျက်လုံးပေါက် ပိတ်နေတာတော့ ဝမ်းနည်းတယ်.... (မှန်လှပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) ကံကောင်းတာတော့.... (ဝမ်းသာပါတယ်ဘုရား) မျက်လုံးပေါက် ပိတ်နေတာတော့....(ဝမ်းနည်းပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ဟာက ဒေဝဒ္ဓရသေ့ကြီးလို ဖြစ်နေတယ်၊ ဒေဝဒ္ဓရသေ့ကြီးဟာ ဘုရားအလောင်းကလေးပြုံလိုက်တဲ့အခါကျတော့ ငိုလဲငိုတယ်၊ ရယ်လဲရယ်တယ်ဆိုသလို ကျနေပြီ၊ မကျဘူးလား....(ကျပါတယ်ဘုရား)။

ခင်ဗျားတို့လဲ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ လူ့ဘဝကြီး ရနေတော့ ဘုန်းကြီးများက ဝမ်းမသာရပေဘူးလား.... (သာရပါတယ်) မျက်လုံးပေါက် ပိတ်နေတဲ့အတွက် ဘယ့်နှယ်ဖြစ်နေသလဲ....(ဝမ်းနည်းပါတယ်)။

အဲဒီတော့ ခင်ဗျားတို့က ဆရာသမားလဲ အစအဆုံး ဝမ်းသာရအောင် ကိုယ့်ကိုယ်လဲ နစ်မွမ်းမသွားရအောင် ဆိုလို့ရှိယင်ဖြင့် လူ့ဘဝနဲ့ သာသနာတွင် ကြုံတဲ့အခါမှာ ဒီ **အရှိနဲ့ အသိ ကိုက်အောင်လုပ်ပါ** (မှန်ပါ့ဘုရား) ဘယ်လို လုပ်ရမယ်.... (အရှိနဲ့ အသိ ကိုက်အောင်လုပ်ရပါမယ်)။

**အရှိနဲ့ အသိ ကိုက်အောင်လုပ်ပါလို့ ဆိုတာကို များများ တိုက်တွန်း**တဲ့ နေ့လို့ မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား) ဘယ်လို လုပ်ရမှာတုံး....(အရှိနဲ့ အသိ ကိုက်အောင်လုပ်ရမှာပါ)။

အရှိနဲ့ အသိ ဆိုတဲ့ဥစ္စာ အရှိက—ခန္ဓာအရှိက အနိစ္စဘဲလို့ ဆိုတာ သဘောကျပလား.... (မှန်ပါ့) ခန္ဓာအရှိက....(အနိစ္စပါဘုရား) အနိစ္စသာ ရှိတယ်ဆိုတဲ့ဥစ္စာ တကာ တကာမတွေ ကျေနပ်ပါတော့ (ကျေနပ်ပါပြီ) မျက်လုံး မှိတ်သာကြည့် ပေါ်လာတဲ့ တရားကလေးက ပျောက်သွားတာဘဲ (မှန်ပါ့) ပေါ်လာတဲ့ တရားကလေးဟာ.... (ပျောက်သွားတာပါဘဲ) ပေါ်လာတဲ့တရား မပျောက်တဲ့ နေရာကော ရှာတွေ့ရဲ့လား....(မရှိပါဘူး) မရှိပါဘူးဆိုတာ သေချာပလား.... (သေချာပါပြီ)။

အဲဒါ ခင်ဗျားတို့က ကျောပေးပြီး နေတယ် (မှန်ပါ့) ခန္ဓာကတော့ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်ပါဘဲ ခင်ဗျားတို့က ဆရာနည်း မမှီးတော့ ကိုယ်ကိုယ်တိုင်ကလဲ သတိ

ပညာကလဲ မပါတော့ မြင်ကိုမမြင်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား) မြင်သေးရဲ့လား....(မမြင်ပါဘူး)။

မမြင်တော့ ခင်ဗျားတို့သည် ကိုယ့်ခန္ဓာမှ ကိုယ်မမြင်တဲ့ ပုဂ္ဂိုလ်ဟာ သူများခန္ဓာကော မြင်ပါ့မလား....(မမြင်ပါဘုရား) ကိုယ့်ခန္ဓာမှ ကိုယ်မမြင်တဲ့ပုဂ္ဂိုလ် ဦးခင်မောင်- ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(မမြင်ပါဘူး)သူများခန္ဓာကော (မမြင်ပါဘူး)။

သူများခန္ဓာလဲ မမြင်ဘူးတဲ့၊ မမြင်တော့ တပည့်တော်တို့ မျက်လုံးဟာဘုရား....ဘာမျက်လုံး ဖြစ်နေသတုံး.... အို....တကာ တကာမတို့.... သူများ ပြောသံကြား ခင်ဗျားတို့ အရုပ်မြင်နေတာက သူများပြောသံကြား မြင်နေတာ။

ယောကျ်ားရှိတယ် မိန်းမရှိတယ် ခလေးရှိတယ်ဆိုပြီး သူများပါးစပ် လမ်းဆုံးပြီး မြင်နေတာပါ၊ ကိုယ့်အမြင်နဲ့ ကိုယ့်မျက်စိ မြင်တာ ဟုတ်ပါရဲ့လား.... (မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် သူများတို့က လမ်းခင်းလို့ မြင်တဲ့အမြင်ကိုဖြင့် သူများပြောသံ ကြားတာပါဗျာ၊ ကျုပ်တော့ မပြောတတ်ပါဘူးဆိုတာ ခင်ဗျားတို့ ပြန်သုံးမှာဘဲ (မှန်လှပါဘုရား) မသုံးပေဘူးလား.... (သုံးပါတယ်ဘုရား) အင်မတန် မနစ်နာပေဘူးလား.... (နစ်နာပါတယ်ဘုရား)။

အဲဒါကြောင့် ဆရာဘုန်းကြီးက ယခု ဒီ တကာ တကာမတွေ ကယ်တင်နေတယ်၊ ကိုယ့်အရှိန့် ကိုယ့်အသိ ကိုက်ကြပါစေ၊ သူများပါးစပ် လမ်းမဆုံးပါနဲ့ (မှန်လှပါဘုရား)သဘောကျပလား.... (ကျပါပြီ) ကိုယ့်အရှိန့်....(ကိုယ့်အသိ ကိုက်ပါစေ) ကိုယ့်အရှိန့် ကိုယ့်အသိ ကိုက်ကြပါစေ၊ သူများပါးစပ် (လမ်းမဆုံးကြပါစေနဲ့)။

အဲဒီတော့ ခင်ဗျားတို့ တသံသရာလုံးဟာ ယောကျ်ား ဖြစ်ရပါလို၏၊ မိန်းမ ဖြစ်ရပါလို၏၊ ဆုတွေတောင်းနေတာ ကိုယ့်ဉာဏ်နဲ့ တောင်းတာလား....သူများပါးစပ် ပြောသံကြားနဲ့ တောင်းတာလား....(သူများပါးစပ် ပြောသံကြားနဲ့ တောင်းတာပါဘုရား) ယောကျ်ားဟာ ဖြစ်ပျက် ဒုက္ခသစ္စာပါလို့ သိလို့ရှိယင် ခင်ဗျားတို့ တောင်းရမယ်၊ မိန်းမဟာ ဖြစ်ပျက် ဒုက္ခသစ္စာပါလို့ သိယင်လဲ တောင်းရမယ် (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့ပါးစပ် တောင်း- တောင်းနေတဲ့ဆု တွေ ပြောနေတဲ့စကားတွေဟာ ကိုယ့်ဉာဏ်လား.... သူများ ပါး စပ်မှာ လမ်းဆုံးနေတာလား.... (သူများပါးစပ်မှာ လမ်းဆုံးနေ တာပါဘုရား) အဲဒါ တသံသရာလုံးက ရှုံးခဲ့တဲ့ဥစ္စာ အရှိနဲ့ အသိ မကိုက်ခဲ့လို့ မှတ်လိုက်စမ်းပါ (မှန်ပါ)။

တသံသရာလုံးက တကာ တကာမတွေ ဒီအတိုင်း နေခဲ့တဲ့ ဥစ္စာဟာ- ဘာပါလိမ့်.... ( အရှိနဲ့အသိ မကိုက်လို့ပါဘုရား ) အရှိနဲ့ အသိ မကိုက်ခဲ့တာလို့ ဦးခင်မောင်တို့ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒီဘဝမှာ မျက်လုံး ဖွင့်ပေးတဲ့ ပုဂ္ဂိုလ်လဲ ရှိပြန်၊ ဒို့ဖြင့် ဒီဘဝ မျက်လုံးကန်းအဖြစ်မှ လွတ်ပြီးသကာလ နောက်ကိုဖြင့် ချောက်တွေ ကျင်းတွေ။ ဇာတိချောက် ဇရာချောက် မရဏ ချောက်တွေ ကျစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် မျက်လုံးအမြင်ကလေး ဂရုစိုက်စမ်းပါဆိုတာ လေး စားစွာနဲ့ တကာ တကာမတွေကို မေတ္တာလဲ ရှေ့ထားပါတယ်။ သိလဲ အင်မတန် သိစေချင်ပါတယ်ဆိုတဲ့ စိတ်ထားနဲ့ ဟောနေ တယ် (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

•

ဒါဖြင့် တပည့်တော်တို့ အရှိန့် အသိ ကိုက်ဘို့ အရေး အကြီးဆုံးပေါ့ဘုရားလို့ တရားတပွဲလုံးက ဆိုနိုင်မလား.... (ဆိုနိုင်ပါတယ်)ဘာနဲ့-ဘာ ကိုက်ဘို့ အရေးကြီးသလဲ....(အရှိန့် အသိ ကိုက်ဘို့ အရေးကြီးပါတယ်ဘုရား)ခန္ဓာထဲမှာဘာရှိသလဲ (ရုပ်နဲ့ နာမ် ဘဲ ရှိပါတယ်)။

ခင်ဗျားတို့က ယောကျ်ားရယ်လို့ မသိပါနဲ့၊ မိန်းမရယ်လို့ မသိပါနဲ့၊ လင်သားရယ်လို့ မသိပါနဲ့၊ ခန္ဓာရယ်လို့ မသိပါနဲ့၊ အနိစ္စရယ်လို့ သိပါ၊ သဘောကျပလား.... (မှန်ပါ့) ယောကျ်ား ရယ်လို့ မသိပါနဲ့နော်.... (မှန်ပါ့) မိန်းမရယ်လို့ကော (မသိ ပါနဲ့) ဘာရယ်လို့ သိရမတုံး.... (အနိစ္စလို့ သိပါ)။

ဒါဖြင့် အနိစ္စရှိလို့ အနိစ္စ၊ ဒါ သိလို့ရှိယင် သံသရာ ပြတ် ပါတယ် တကာ တကာမတို့.... (မှန်ပါ့) ရှင်းကြ ပလား.... (ရှင်းပါပြီ) အနိစ္စရှိ၍ (အနိစ္စသိယင် သံသရာ ပြတ်ပါတယ်) သံသရာ ပြတ်ပါတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါ တယ်)။

အဲဒီတော့ ခင်ဗျားတို့ကလဲ မွေးကတည်းက အမေ-အဖေနဲ့ တကွ အားလုံးက သင်ထားတာကလဲ ဟောဒါ နင့်မောင်၊ ဟောဒါ နင့်ဖါး၊ ဟောဒါ နင့်ခင်ပွန်းသည်၊ ဟောဒါက နင်က မွေးထားတဲ့သား၊ ဟောဒါက နင်ကြီးလာလို့ မြေးရ တာလို့ သူများ ပြောသံကြားဘဲ ဦးခင်မောင်ကြီး-လမ်းဆုံးနေ တယ် (မှန်လှပါဘုရား) ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကိုယ်ကို အသိက မလာဘူး (မှန်ပါ့) သဘောကျကြပလား (ကျပါပြီ)။

အဲ....သူများ ပြောသံကြား လမ်းဆုံးလို့ ခင်ဗျားတို့ အခု ချောက်- အကြီးအကျယ် ကျနေတာကော ပေါ်ကြပလား.... (ပေါ်ပါပြီ)။

သူများ ပြောသံကြား လမ်းဆုံးတာနဲ့ ဥပမာ— အိမ်က ယောကျ်ားဆို မိန်းမ-ရှိမှ မိန်းမဆို- ခင်ပွန်းသည် အစောင့် အရှောက်ရှိမှ ဆိုတာနဲ့ အဲဒီလို ပါးစပ် နားထောင်မိလိုက်တာ ခုထက်ထိ ဒဏ်ရာ ပျောက်ကြပလား.... (မပျောက်သေးပါ ဘုရား) နေ့တိုင်း ဘာနဲ့ နေရသလဲ.... (သူများပါးစပ်ပြောနဲ့ ချည်း နေရပါတယ်)။

အဲဒါ ဘယ်သူ့ပါးစပ် လမ်းဆုံးသလဲ.... (သူများပါးစပ် လမ်းဆုံးပါတယ်)အဲဒါ တသံသရာလုံးကဘဲ အိမ်ထောင်—မသာ ယာတဲ့ ဘဝရယ်လို့ မရှိခဲ့ကြဘူးလား (မှန်ပါ့ဘုရား) တိရစ္ဆာန် ဖြစ်လဲ တိရစ္ဆာန်ဉာဏ်နဲ့ လာခဲ့ကြတာ ဘာတွေက လမ်းဆုံး နေပါလိမ့် (သူများပါးစပ် လမ်းဆုံးနေပါတယ်ဘုရား) ဒါဖြင့် အခုမျှော်ကြည့် အရှိနဲ့အသိ ကိုက်ခဲ့တဲ့ဘဝ ပါပါရဲ့လား(မပါ ပါဘူးဘုရား) အခု မျှော်ကြည့်လဲ ကိုက်ခဲ့တဲ့ဘဝ မပါသော ကြောင့် ခုထက်တိုင်တိုင်ကိုယ်ကျိုးနည်းတုန်းဘဲ(မှန်လှပါဘုရား) ဆိုနိုင်ကြသလား (ဆိုနိုင်ကြပါတယ်) ခုထက်တိုင်တိုင် ဘာ ဖြစ်နေတုံး (ကိုယ်ကျိုးနည်းနေပါတယ်) ခုထက်တိုင်တိုင် ကိုယ် ကျိုးနည်း နေတယ် ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ အရှိနဲ့ အသိ ကိုက်အောင် လုပ်ပါ ဆိုတော့ဖြင့်ရှေ့ပိုင်းက ဝိပဿနာ အလုပ်အစစ်ကို ရှုနည်းကို သင်ပေးပါ့မယ်– နော်....(မှန်ပါ့)။

ရှုနည်းကို သင်ပေးမယ်ဆိုတော့ တကာတကာမတွေ ဒီနေ့ စိတ်ကိုပြောင်းပြီ၊ စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်က စိတ်ရှုရမယ်လို့ ဆရာဘုန်းကြီးကလဲ လမ်းခင်းခဲ့တယ် နော်.... (မှန်ပါ့ဘုရား) ဒီနေ့ဘာပြမယ်ထင်ကြလဲ.... (စိတ္တာနုပဿနာ) စိတ္တာနုပဿနာ ပြလိမ့်မယ် တကာတကာမတို့၊ ဒီနေ့ဘာပြလိမ့်မယ် ထင်သတုံး (စိတ္တာနုပဿနာ ပြပါလိမ့်မယ်) စိတ္တာနုပဿနာပြမယ်၊ ဆရာဘုန်းကြီးက တနေ့ကတော့ ဝေဒနာနုပဿနာ ပြတယ်။

အဲဒီ ဝေဒနာ နုပဿနာက တကာတကာမတို့ တဏှာစရိုက်များတဲ့ ပုဂ္ဂိုလ် ဝေဒနာ-ရှုပါ ရှင်းပလား (ရှင်းပါပြီဘုရား) တဏှာစရိုက် များတဲ့ပုဂ္ဂိုလ် ဘာရှုရမယ် (ဝေဒနာ ရှုရပါမယ် ဘုရား)။

ကောင်းပြီ ကျုပ်တို့တော့ ရတဲ့ဥစ္စာအရေးမကြီးဘူး။ကိုယ့်သား ကိုယ့်သမီးနဲ့ မခွဲရ ပြီးတာဘဲ ဒါကဒိဋ္ဌိအားကြီးတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ကိုယ့်ကိုယ် ပင်ပန်းမှာစိုးနေတဲ့ပုဂ္ဂိုလ် ကိုယ့်ကိုယ်ကိုခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုတဲ့ ပုဂ္ဂိုလ်မျိုးက ကိုယ့်ကိုယ်တော့ဖြင့် အထိမခံနိုင်ဘူးဆိုတဲ့ပုဂ္ဂိုလ်က တကာတကာမတို့ မှတ်ထားပါ။ ကိုယ့်ကိုယ်ကို အထိမခံနိုင်ဘူးဆိုတာက ဒိဋ္ဌိများတယ်(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် တဏှာများတဲ့ ပုဂ္ဂိုလ်မှာ ဦးခင်မောင် မှတ်လိုက်စမ်း၊ ဝေဒနာနုပဿနာရှု (မှန်ပါ့) ဒိဋ္ဌိ များတဲ့ပုဂ္ဂိုလ် စိတ္တာနုပဿနာ ရှုရမယ် (မှန်ပါ့)

တကာတကာမတို့ ဒါကလေး နှစ်လုံးတော့ မှတ်ထားလိုက်စမ်းပါ၊ လောဘ အင်မတန်အားကြီးတဲ့ပုဂ္ဂိုလ်များ ဘာရှုရမယ် (ဝေဒနာနုပဿနာ ရှုရပါမယ်)။

ဝေဒနာနုပဿနာရှုရမယ် နော် (မှန်ပါ့)ဒိဋ္ဌိအင်မတန်များတဲ့ပုဂ္ဂိုလ်များ (စိတ္တာနုပဿနာ ရှုရမယ်)။

စိတ္တာနုပဿနာရှုရမယ်ဆိုတော့ ဒါဖြင့် တကာ တကာမတို့ ယနေ့စိတ္တာနုပဿနာရှုဘို့ နည်းပေးမယ်ဆိုတာ မှတ်ရလိမ့်မယ် နော်(မှန်ပါ့)။

ကဲ....စိတ္တာနုပဿနာ ရှုရလိမ့်မယ် ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့.... လွယ်ပါတယ်၊ မျက်လုံးနဲ့ မြင်တဲ့ အခါ၊ မြင်စိတ်ဘဲ၊ ဘာမြင်မြင် မြင်စိတ်ပေါ်တာသာ မှတ်ပေရော့ နော် (မှန်ပါ့)။

နားနဲ့ ကြားတိုင်း ကြားတိုင်း ဘာစိတ်ပေါ်သတုံး (ကြားစိတ် ပေါ်ပါတယ်)။

နှာခေါင်းနဲ့ နံတိုင်းနံတိုင်း (နံစိတ်ပေါ်ပါတယ်)။

လျှာနဲ့ စားတိုင်း စားတိုင်း (စားစိတ်ပေါ်ပါတယ်)။

စားစိတ်ပေါ်တယ်ဆိုတော့ သူ့နေရာနှင့်သူဘဲ ဒီနေရာ ပေါ် ဒီနေရာ ချုပ်လိမ့်မယ်လို့မှတ်ထား (မှန်ပါ့)ဒီနေရာ ပေါ်ယင် ဒီနေရာ ချုပ်လိမ့်မယ်လို့ မှတ်ထားလိုက်စမ်းပါ။

ကိုယ်ပေါ်ကျတော့ တကာတကာမတို့ တခါတလေ ခံသာတဲ့ စိတ်ကလေး ပေါ်လာတယ် (မှန်ပါ့)အကြိုက်စိတ်ကလေး ကော မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) တခါတလေကျတော့ ကိုယ်ပေါ်မှာ မခံချင်တဲ့ စိတ်ကလေးကော (ပေါ်ပါတယ်) မခံသာတဲ့စိတ်ကလေး (ပေါ်ပါတယ်) “ဒုက္ခသဟဂုတ်

ကာယဝိညာဏ’ သုခသဟဂတံ ကာယဝိညာဏ’’’ဆိုတော့ ကိုယ်ပေါ်မှာ ညော့သည်စိတ် ခြောက်စိတ်လို့ မှတ်လိုက်စမ်းပါ၊ ကိုယ်ပေါ်မှာ (ညော့သည်စိတ် ခြောက်စိတ်ပါဘုရား)။

ညော့သည်ဆိုတော့ စောစောစီးစီးမှတ်ထားပါတကာတကာမတို့ တခါတလေမှ ပေါ်တာ (မှန်ပါ့)။

ဒီခြောက်ခုဟာ ဘယ့်နှယ်တုံး (တခါတလေမှ ပေါ်ပါတယ်) တခါတလေမှ ပေါ်လာသောကြောင့် သူ့ကို ဘယ့်နှယ်ဆိုမယ် (ညော့သည်စိတ်ပါဘုရား) ညော့သည်စိတ်ဆိုတာ သေချာကြပလား (သေချာပါပြီ)။

ကောင်းပြီ ညော့သည် ဘယ်နှစ်ယောက်ပါလိမ့် (ခြောက်ယောက်ပါဘုရား) အဲဒါ ပြင်ဘက်မှာပေါ်တဲ့အတွက် အပြင်ညော့သည် ခြောက်ယောက်လို့ တကာ တကာမတွေ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့) အပြင် ညော့သည် (ခြောက်ယောက်ပါဘုရား) ဒါ အလုပ်သင်နေတာနော် (မှန်ပါ့)တကာတကာမတွေ ဘာဟောနေတာပါလိမ့် (အလုပ် သင်နေတာပါဘုရား) အလုပ်သင်နေတာတဲ့။

အလုပ်မပါယင် နိဗ္ဗာန်မရောက်ဘူးဆိုတာသိနေလို့ (မှန်ပါ့) ခင်ဗျားတို့ အလုပ်မပါလို့ ရှိယင် ခန္ဓာအစဉ်က ပြတ်ပါ့မလား (မပြတ်ပါဘူးဘုရား) ခန္ဓာအစဉ် မပြတ်ယင် နိဗ္ဗာန်ရပါ့မလား (မရပါဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဒီနေ့ စိတ္တာနုပဿနာစ သင်တယ်၊ ပြီးတော့မှ ဝစ္စကိုဆက်ပြောပါမယ်(မှန်ပါ့ဘုရား) ကိုင်း....အပြင်ညော့သည်ဘယ်နှစ်ယောက်ပါလိမ့်(ခြောက်ယောက်ပါဘုရား)။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ ယံစိတ် ကောင်းစိတ် ဒါ အပြင်ညွှံ့သည်ဘယ်နှစ်ယောက်လဲ (ခြောက် ယောက်ပါဘုရား) ရှင်းပြီနော် (ရှင်းပါပြီ) အပြင် ညွှံ့သည် က ညွှံ့သည်လို့ ဆိုသဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေက ပြောဘ်....ဒါတွေ တခါတလေမှပေါ်တဲ့ တရားတွေပါကလားလို့ မှတ်လိုက်ပါနော် (မှန်ပါ)။

အပြင်ညွှံ့သည် စောင့်ရမှာလား ဟောဒီတခု ပေါ်နေယင် ကျန်တဲ့ငါးခုမပေါ်ပါဘူး (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ) တခုဘဲ ရှုရမှာဘဲနော် (မှန်ပါ) ဦးခင်မောင် ဘယ်နှစ်ခု ရှုရ မလဲ (တခုဘဲရှုရပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် အတွင်းညွှံ့သည်ကလေး တကာတကာမတွေ ပြောပါဦးမယ် အတွင်းညွှံ့သည်က လောဘ ဒေါသ မောဟ ဒါက အတွင်းမှာပေါ်တယ်၊ ဟဒယဝတ္ထု ပေါ်မှာ ပေါ်သော ကြောင့် အတွင်းညွှံ့သည်လို့ မှတ်လိုက်....နော်....(မှန်ပါ)။

အလောဘဆိုတာ ခင်ဗျားတို့ သိဘို့သင့်တယ်၊ အလောဘဆို တာ ပေးချင်၊ ကမ်းချင်တဲ့ ကုသိုလ်စိတ်၊ အဒေါသ ဆိုတာ.... မေတ္တာထားတဲ့စိတ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) အဲဒီတော့ တကာ တကာမတွေ အပြင်ညွှံ့သည်က ခြောက် ယောက်၊ အတွင်းညွှံ့သည်က ဘယ်နှစ်ယောက်ပါလိမ့်.... (ငါး ယောက်ပါဘုရား)။

အင်း....အတွင်းညွှံ့သည်က ငါးယောက်လို့ မှတ်ထားလိုက် စမ်းပါ၊ လောဘ ဒေါသ မောဟ အလောဘ အဒေါသ....ရှင်း ပလား....(ရှင်းပါပြီ) အမောဟ မထည့်ဘူး....(မှန်ပါ)ဘယ့်နှယ် ကြောင့် အမောဟ မထည့်သတုံး....၊ သူက ရှုရမည့်တရား ဖြစ်နေ

သောကြောင့် မထည့်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) အမောဟမထည့်တာက....(သူက ရှုရမည့် တရားမို့ပါဘုရား)ရှုရမည့် တရားဖြစ်နေလို့ သူ့ကို မထည့်သေးဘူး....တဲ့။

ဒါဖြင့် တကာ တကာမတွေ အပြင်ညွှဲသည်က ဘယ်နှစ်ယောက်.... (ခြောက်ယောက်ပါဘုရား) အတွင်းညွှဲသည်က.... (ငါးယောက်ပါဘုရား)။

ကိုင်း–ဒါဖြင့် အားလုံးဘဲ မှတ်မိအောင် ဒီဥစ္စာ....ဒါဘာစိတ်ပါလိမ့်....(မြင်စိတ်ပါ)။

အားလုံးဆိုကြပါ၊ ဒါဘာတုံး.... (မြင်စိတ်)။
ဒီဘက်က.... .... .... (ကြားစိတ်)။
ဒီဘက်က.... .... .... (နံစိတ်)။
ဒီဘက်က.... .... .... (စားစိတ်)။

စားစိတ်၊ သဘောကျပလား .... (မှန်ပါ့)။
ဒါက ယားစိတ်၊ ယံစိတ် .... (မှန်ပါ့)။
ဒါက ကောင်းစိတ် .... (မှန်ပါ့)။

ဘယ်နှစ်မျိုး ရှိပါလိမ့်....(ခြောက်မျိုးပါဘုရား)အဲဒီခြောက်ခုကို ဘယ့်နှယ်ခေါ်ကြမယ်.... (အပြင်ညွှဲသည်ခြောက်ယောက်ပါ) အပြင်ညွှဲသည်ခြောက်ယောက်....(မှန်ပါ့) ရှင်းကြပလား-တကာ တကာမတို့.... (မှန်ပါ့) ဒီခြောက်စိတ်ကို ဘယ်လိုခေါ်မယ်....(အပြင်ညွှဲသည်ပါ)။

အပြင်ညွှဲသည် ခြောက်ယောက်၊ အပြင်ဘက်မှာ ပေါ်လို့၊ စာနဲ့ မသုံးပါနဲ့တဲ့....ခင်ဗျားတို့ အမြင်နဲ့ သုံးပါတဲ့၊ စာကတော့ ဒါတွေကို အဇ္ဈတ္တိ ကာယတန ဗာဟိရာယတနလို့ သုံးပစ်လိုက်လိမ့်မယ်နော်.... (မှန်ပါ့) စာလို မသုံးပါနဲ့၊ ခင်ဗျားတို့နည်းနဲ့

ခင်ဗျားတို့သညာနဲ့ ခင်ဗျားတို့ ရှုရမှာ ခင်ဗျားတို့ပညာနဲ့ခင်ဗျား တို့ ရှုရမှာ ဒါတွေဟာ အပြင်ဘက်မှာ ပေါ်တယ်။

ဒါက ဝမ်းထဲ ဟဒယဝတ္ထုပေါ်မှာ ပေါ်တာက ဒါကလေး က ဘာတုံး....(လောဘ) ဒီဟာကလေးက ဘာတဲ့တုံး....(ဒေါသ ပါဘုရား)။

ဒီဟာက ဘာတဲ့တုံး....(မောဟ)။
ဒီဟာက ဘာပါလိမ့်--(အလောဘ)။
ဒီဘက်ကကော....  ....(အဒေါသ)။

အလောဘဆိုတာ ခင်ဗျားတို့ ပြုတဲ့ကုသိုလ်စိတ်၊ အဒေါသ ဆိုတာ ခင်ဗျားတို့ နေ့တိုင်းပို့နေတဲ့ မေတ္တာ.... (မှန်ပါ) ဒါကို ဘာခေါ်ပါလိမ့်....၊ အတွင်းဧည့်သည် ဘယ်နှစ်ယောက်ပါလိမ့်– (ငါးယောက်ပါ)အတွင်းဧည့်သည် ငါးယောက်ဆိုတာ သေချာ ပလား....(သေချာပါပြီ)။

ကောင်းပြီ အိမ်သည်နှစ်ယောက်လို့ မှတ်လိုက်စမ်းပါနော်.... (မှန်ပါ)အိမ်သည်က ဘယ်နှစ်ယောက်ပါလိမ့်....(နှစ်ယောက်ပါ ဘုရား)။

အိမ်သည် နှစ်ယောက်ဆိုတာ တကာတကာမတွေ ရှင်းပြီး ပြောပါတယ်၊ လေကို ထွက်အောင် အားထုတ်တဲ့စိတ်ဟာ အမြဲ တမ်းရှိတယ်၊ သူများရှိယင် ကိုယ့်လဲ ရှိရမယ်....(မှန်ပါ)။ လေ ဝင်အောင် ရှိုက် - ယူတဲ့စိတ်ဟာ (အမြဲတမ်း ရှိပါတယ်....) အမြဲတမ်း ရှိသောကြောင့်တဲ့ သူတို့နှစ်ယောက်ကတဲ့ အိမ်သည် စိတ် နှစ်ခု(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ) ဒီနှစ်ခုက ဘာပါ လိမ့်....(အိမ်သည် နှစ်ယောက်ပါဘုရား)။

ဒါဖြင့် အပြင်ညှော့သည်....(ခြောက်ယောက်ပါ) အတွင်း ညှော့သည်(ငါးယောက်ပါဘုရား) အိမ်သည်....(နှစ်ယောက်ပါ ဘုရား)ဒါကို သေသေချာချာ မှတ်ထား၊ဒါကိုသေသေချာချာ မှတ်ထားကြ–တကာ တကာမတို့ ဒီနေ့သီတင်းနေ့လဲဖြစ်တယ်။

အဲဒီတော့ အခုပြထားတော့ တကာ တကာမတို့ ၆-နှင့် ၅-ပေါင်းတော့ ဘယ်လောက်တုံး.... (တဆယ့်တစ်ပါဘုရား) တဆယ့်တစ်ရယ်နှစ်ရယ်ပေါင်း(၁၁+၂)တော့(တဆယ့်သုံးပါ ဘုရား)တဆယ့်သုံးဘဲခင်ဗျားတို့ရှိရမယ်၊ တဆယ့်သုံးကို ခုနက ပြောခဲ့တဲ့ အမောဟဆိုတာနဲ့ ခင်ဗျားတို့က ဒီကနေပြီးသကာလ ရှုပေးရမယ်၊ မဂ္ဂင်ငါးပါးနဲ့ ရှုပေးရမယ်(မှန်ပါ့)မဂ္ဂင်ငါးပါး ဆိုတာ အမောဟ ပြဋ္ဌာန်းတယ်....နော်....(မှန်ပါ့)သဘောပါ ကြလား....(ပါပါပြီ)။

ဒါဖြင့်တဆယ့်သုံးကိုငါးနဲ့ လိုက်ရမယ်(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)တဆယ့်သုံးကို....(ငါးနဲ့ လိုက်ရမယ်)။

အဲဒီတော့ တကာ တကာမတွေက အို....များလိုက်တာ ဘုရား.... တဆယ့်သုံး-ပေါ်တဲ့ဥစ္စာ တပည့်တော်တို့က ငါးနဲ့ လိုက်ရမယ်ဆိုတဲ့ဥစ္စာတော့ ငါးကလဲ ခင်ဗျားတို့ အားထုတ်လို့ ရ-တာမဟုတ်ပါဘူးတဲ့ တကာ တကာမတို့ ဟိုက သစ္စာ-မြင် လိုက်လို့ရှိယင် ဒီက-ငါး အလိုလို ဖြစ်နေတာလို့ မှတ်စမ်းပါ နော်.... (မှန်ပါ့) ခင်ဗျားတို့က ငါးလုံးနဲ့ လိုက်ရမယ်ဆိုတဲ့ ဥစ္စာ သဘောကျပလား....(ကျပါပြီ)။

ကိုင်း....ဒါဖြင့် တဆယ့်သုံး- ရှိတယ် တကာ တကာမတို့၊ ဟောဒီက တစ်နံပါတ် စ-ပေါ်တယ် ဆိုကြပါစို့ မြင်စိတ် ကလေး စ-ပေါ်တယ်....နော်.... ( မှန်ပါ့) မြင်စိတ်ကလေး

စ-ပေါ်ယင် မြင်စိတ်ကလေး ဘာလုပ်ရမယ်....(ဖြစ်ပျက် ရှုရမယ်)ဖြစ်ပျက်ရှု၊ အမောဟနဲ့ ရှုရမယ်(မှန်ပါ့)မြင်စိတ်ကလေး ဘာလုပ်ရမယ်....(အမောဟနဲ့ ဖြစ်ပျက် ရှုရမယ်)။

ဒါဖြင့် မြင်စိတ်ကလေးက ဖြစ်ပျက် ရှုပြီးသကာလ ဖြစ်ပျက်မဂ်-ဆိုတာတော့တကြိမ်- ကိုက်မသွားဘူးလား....(ကိုက်သွားပါတယ်ဘုရား)။

အဲဒီတော့ ကိုက်သွားတဲ့ အခါကျလို့ရှိယင် နောက်-ဘယ်စိတ်မှ မပေါ်ဘူးဆိုယင် အတွင်း-ပြန်လှည့်ပါ.... (မှန်ပါ့) ရှုစိတ်-ရှုက်စိတ်....(မှန်ပါ့)သဘောကျပလား(ကျပါပြီ)သူတို့နှစ်ခု ပြန်လှည့်ပေး(မှန်ပါ့)။

တခါ ဒီကြားထဲမှ ပေါက်ပြီးသကာလ တကာ တကာမတို့က ယားစိတ် ယံစိတ်ကလေး ပေါ်တယ်ဆိုတော့ ကိုယ်ပေါ်လှည့်ရှုလိုက်တာပေါ့(မှန်ပါ့)ဒီ ယားတဲ့နေရာ ရှုလိုက်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ယားတဲ့ နေရာမှာယားတဲ့စိတ်ကလေးဟာ ထိုစိတ်ကလေးဟာ ဖြစ်ပြီး ပျက်တာဘဲလို့ ရှုလိုက်(မှန်ပါ့)။

ယားတာ ယံတာ မရှိတော့ဘူးဘုရား၊ဘယ်-ရှုရမှန်း မသိဘူးဆိုယင် ဒီပြန်ကောက် (မှန်ပါ့)ရှုစိတ် ရှုက်စိတ်ကို ပြန်ကောက်(မှန်ပါ့)အဲဒီတော့ အအား ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဟောတဲ့ တရားစာအုပ်ထဲမှာလဲ တွေ့ပါလိမ့်မယ်၊ ပင့်ကူအိမ်ကြီးဟာ တကာတကာမတို့ လမ်းမှာ ခင်ပျားတို့မြင်ဘူးတဲ့ အဝိုင်းကြီးဆိုတာ မြင်ဘူးတယ် မဟုတ်ဘူးလား....(မြင်ဘူးပါတယ်ဘုရား) ပင့်ကူမကြီးက အလယ်ကနေ

မစောင့်ဘူးလား....(စောင့်ပါတယ်) ဒီမှာလဲ မဂ်က အလယ်က နေ စောင့်တယ်၊ ဟဒယဝတ္ထုပေါ်ကနေ စောင့်တယ်....(မှန်ပါ့) ကြိုးနိမ့်တဲ့ဆီကို ပင့်ကူက မလိုက်ဘူးလား.... (လိုက်ပါတယ်) ဘာပြုလို့ တုံး....ဟိုမှာ အကောင်မိနေလို့.... (မှန်ပါ့) အဲဒီ အကောင်မိတဲ့ဆီ ဦးခင်မောင်....ပင့်ကူက လိုက်ပြီး မစားဘူးလား (စားပါတယ်) စားပြီးတော့ ပြန်ထိုင်တယ်၊ အလယ်ပြန်ထိုင် တယ်၊ မထိုင်ဘူးလား....(ထိုင်ပါတယ်ဘုရား)။

ဒီမှာလဲ ထို့နည်းအတူဘဲတဲ့ ခင်ဗျားတို့ ပေါ်လို့ရှိယင် ပေါ်ရာကို ဖြစ်ပျက်လို့ လိုက်ရှု....(မှန်ပါ့)၊ ပြီးတော့မှ ဘယ်မှ ရှုစရာမရှိယင် အဲဒီ အလယ်မှာဆိုတဲ့ ဟဒယဝတ္ထုထဲက လာတဲ့ ထွက်စိတ်-ဝင်စိတ်ဆိုတဲ့ အလယ်ကို ပြန်ပြီးတော့ရှု.... (မှန်ပါ့) သဘောပါပြီလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီက ပေါ်လို့ရှိယင် ဒီလိုက်ပေး....(မှန်ပါ့) မရှိယင် ဘယ်ပြန်သွားမယ်....(ထွက်စိတ်-ဝင်စိတ် သွားမယ်) အလယ်ပြန် သွား၊ ထွက်တဲ့ စိတ်ကလေးလဲ အနိစ္စဘဲ၊ ဝင်ယင် ဝင်တဲ့ စိတ်က လေးလဲ....(အနိစ္စဘဲ) ထွက်အောင်လုပ်တဲ့ စိတ်ကလေး....(အနိစ္စ ဘဲ) ဝင်အောင်လုပ်တဲ့စိတ်ကလေး.... (အနိစ္စဘဲ)။

အင်း....ရှုရင်းမတ္တနဲ့ဘဲ ရပ်နေပြီးသကာလ ကိုယ်ထဲဝင်တဲ့ လောဘက ဖြတ်ကနဲ ခလေးကလေးက အော်သံကြားတာနဲ့.... ခင်တဲ့စိတ်ကလေး ပေါ်လာတယ်ဆိုလို့ရှိယင် ဒီပေါ်တဲ့စိတ်ကို ဘဲ ရှုပေးပါ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ဒါဖြင့် မဂ္ဂင်ငါးပါး ဒီက လိုက်ပါဆိုတာ ကျေနပ်ပလား.... (ကျေနပ် ပါပြီ)။

ကောင်းပြီ ဒါဖြင့်တကာတကာမတို့ သန္တာန်၌ ဒေါ်သည် တဆယ့်တစ်ယောက် ပေါ်လို့ရှိယင်လဲ ဒေါ်သည် တဆယ့် တစ်ယောက် ရှိသော်လည်းတဲ့ တခုသာ ပေါ်မှာ ဖြစ်သောကြောင့် တခုဘဲလိုက်ပါ....(မှန်ပါ့)။

ဒေါ်သည်တွေကတခု ပေါ်-ပေါ်ပြီး နောက်ထပ်မလာတော့ ဘူးဆိုယင် တပွဲလုံးက ဘယ်လို လိုက်ကြမလဲ....(ရှုစိတ် ရှုကက် စိတ်လိုက်) အိမ်သည်လိုက်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါ ပြီ) အိမ်သည်ကတော့ ခင်ဗျားတို့သူများမရှိယင်....(သူရှိရမယ်) သူရှိရမယ်၊သူမရှိယင် ခင်ဗျားတို့....ဗိုင်းကန်လဲသေမယ်၊ သဘော ကျပလား....(ကျပါပြီ) သူတို့နှစ်ခုသာ မရှိယင်.... (ဗိုင်းကန် လဲ သေမယ်) ဘာဖြစ်လို့တုံးဆိုတော့ သူတို့က သက်စောင့်လို့ခေါ် တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတွေ ရှုစရာ ဘယ်နှစ်မျိုးပါလိမ့်.... (တဆယ့်သုံးမျိုးပါဘုရား) တဆယ့်သုံးကို ငါးနဲ့ လိုက်ရှုပါ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒီဟာတွေ အပြင် ဒေါ်သည်ဆိုတာလဲ တကာတကာမတို့ တခါတလေမှ ပေါ်လို့- (မှန်ပါ့) အတွင်းငါးခုကို အတွင်းဒေါ်သည် ဆိုတာကော.... (တခါတလေမှ ပေါ်လို့ပါ) တခါတလေမှ ပေါ်လို့ဆိုတာ သေချာပလား....(သေချာပါပြီ)။

ကဲ....မောင်ထွန်းလှိုင်တို့ ရှင်းပလား.... (ရှင်းပါပြီ) ဒီတရား နှစ်ခုကတော့ သူများ မရှိယင်နေ၊ အမြဲတမ်း ခန္ဓာကိုယ် စောင့်ရ တယ်....(မှန်ပါ့) မသေအောင် စောင့်နေရတဲ့ တရားဆိုတာ သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ကို တကာ တကာမတို့ ဒါ-ပေါ်ရာကို လိုက်နေမယ်ဆိုလို့ရှိယင်ဖြင့် ဒီ တခုတည်းနဲ့ ဖြစ်ပျက် လိုက်နေတဲ့ အမောဟက မင်္ဂ-ဖြစ်သွားတယ် (မှန်လှပါ) သဘောကျပလား (ကျပါပြီ) ကဲ....ရှုတတ်ကြပလား....(ရှုတတ်ပါပြီဘုရား)ရှုစရာ ဘယ်နှစ်ခုပါလိမ့်....(တဆယ့်သုံးခုပါဘုရား)အဲ....တဆယ့်သုံးခုဟာ ပေါ်တော့ ဘယ်နှစ်ခု ပေါ်သတဲ့တုံး.... (တခု ပေါ်ပါတယ်) တခုဘဲ ပေါ်တယ်ဆိုတာ သချ‌ောပလား.... (သချ‌ောပါပြီ)။

အင်း....အဲဒီ တခုဘဲ အဲဒီပေါ်တဲ့ညှော်သည်တခု ပျောက်သွားယင် ဘယ်လို လုပ်ကြမယ်.... (အိမ်သည်ကို လိုက်ရမယ်) အိမ်သည်ကို လိုက်ရမယ်ဆိုတာ သချ‌ောပလား....(သချ‌ောပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ဒီ ရှုတဲ့ဥာဏ်သည် အမြဲတမ်း အနိစ္စနဲ့မဂ္ဂနဲ့ချည်း တွဲနေတယ်မတွဲဘူးလား(တွဲပါတယ်) ဘာနဲ့-ဘာတွဲသလဲ.... (အနိစ္စနဲ့မဂ္ဂ တွဲပါတယ်ဘုရား) အနိစ္စနဲ့မဂ္ဂ တွဲနေတော့ တကာ တကာမတို့သိတဲ့အတိုင်းတဲ့ ကိလေသာ ကြား—ခိုသေးရဲ့လား.... (မခိုပါဘူး) ကိလေသာ ကြားမခိုလို့ရှိယင်ဖြင့် နံနက်အားထုတ်—ညနေ သောတာပန် တည်မဟော့လို့ ဘုရားက ဟောလိုက်တယ်၊ သဘောကျပလား....(မှန်ပါ့)နံနက်အားထုတ်ယင်.... (ညနေ သောတာပန်တည်မယ်)။

အဲဒီတော့ ဖြစ်ပျက်—မင်္ဂ ဖြစ်ပျက်-မင်္ဂ ဖြစ်ပျက်-မင်္ဂလို့ ခင်ဗျားတို့က လိုက်နေကြမယ်ဆိုတော့ ဖြစ်ပျက်နဲ့ မင်္ဂဘဲ ရှိတော့တယ် တကာ တကာမတို့....(မှန်လှပါ)ဒီ့ပြင် လောဘ ဒေါသ မောဟ သားရေး သမီးရေး စီးပွားရေး သောက ပရိဒေဝ လာသေးရဲ့လား....(မလာပါဘူး)။

အဲဒီလို မလာလို့ရှိယင်ကွာ....တဲ့ ညနေ အားထုတ်ယင် နံနက်ရပါတယ်၊ ဒီလောက်မြန်ပါတယ် (မှန်လှပါ) ရှင်းပလား (ရှင်းပါပြီ) ညနေ အားထုတ်ယင်.... (နံနက်ရပါတယ်) နံနက် အားထုတ်ယင်.... (ညနေရပါတယ်)။

အဲဒီတော့ ဒီလောက် အရ-လွယ်တဲ့ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက **ဗောဓိရာဇကုမာရ** မင်းသားကိုလဲ သေချာချာ ဟောထားတာ ရှိပါတယ် (မှန်ပါ)။

အဲဒီကဲ့သို့ ရှိနေတော့ တကာ တကာမတို့ ဘယ့်နှယ်ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် မရကြပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အရှိန့် အသိက မကိုက်ဘူး....ပေါ်ကြပလား....(ပေါ်ပါပြီ) အပျက်နဲ့ မဂ်နဲ့.... (မကိုက်ဘူး)။

အပျက်နဲ့ မဂ်နဲ့ မကိုက်တော့- ကိုက်တဲ့နည်းကိုလဲ ဆရာက မပေးလို့ မရတာတကြောင်း၊ ကိုယ့်ကိုယ်တိုင်က ရပြီးသားနည်းကိုလဲ ဂရုမစိုက်လို့ မရတာကတမျိုး၊ ဤကဲ့သို့ အမျိုးမျိုးတွေကြောင့် တကာ တကာမတွေ နိဗ္ဗာန်နဲ့ ဝေးနေတယ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်နဲ့ ဝေးနေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ကိုင်း....ဒါဖြင့် ရှင်းသွားကြပလား....(မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဒါခင်ဗျားတို့၏ ခန္ဓာကိုယ်ထဲမှာပေါ်တဲ့ ဓမ္မတွေဆိုတော့ ဒါပေမဲ့လဲ ရှုလိုက်တဲ့အခါကျတော့ မြင်စိတ်သာ ဆိုရတယ်—ဒီကနေ လိုက်ရှုလိုက်တဲ့ အခါကျတော့ မြင်စိတ် ရှိသေးရဲ့လား.... (မရှိပါဘူး) ဘာတွေ့တုံး.... (အနိစ္စတွေ့ပါတယ်) ဒါဖြင့် အနိစ္စပေါ့ဗျ၊ သူကအနိစ္စ၊ ရှုတာက.... (မဂ္ဂပါဘုရား)။

ကဲ....ကြားစိတ်ကလေး ပေါ်လို့ လိုက်ပြန်တော့ ခင်ဗျားတို့ ကြားစိတ်ကလေး ချုပ်သွားပြီ၊ ချုပ်သွားတော့ ပြီးတော့မှ ဒီက နေ-လိုက်တဲ့အခါကျတော့ ကြားစိတ်ကို တွေ့သလားတဲ့.... အနိစ္စ တွေ့သလား.... (အနိစ္စတွေ့ပါတယ်)။

ဟုတ်ပြီ တကာ တကာမတို့ ရှုစိတ် တွေ့သလား အနိစ္စ တွေ့သလား.... (အနိစ္စတွေ့ပါတယ်ဘုရား) ရှုက်စိတ်တွေ့သလား အနိစ္စတွေ့သလား (အနိစ္စတွေ့ပါတယ်ဘုရား)။

ဒါဖြင့် အနိစ္စ၊ ပျက်သွားတာက အနိစ္စ၊ ရှုတာက မဂ်၊ (မှန်ပါ့) ဒီလိုဆိုတော့ တကာတကာမတို့ ကိလေသာ လာသေး ရဲ့လား (မလာပါဘူး) မလာတော့ ညနေအားထုတ်ယင်(နံနက် မဂ် ရပါတယ်) နံနက်အားထုတ်ယင် (ညနေရပါတယ်) ညနေရ ပါတယ် တပည့်တော်တို့မှာ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံး အို....ဒီဥစ္စာ လုပ်ကိုမလုပ်သေးလို့ မရတာ (မှန်ပါ့) ဦးခင်မောင် ဘယ့်နှယ်ဆိုမလဲ (အလုပ်ကို မလုပ်သေးလို့မရတာပါဘုရား)။

လုပ်ကို မလုပ်သေးလို့ မရတာ လုပ်ကို မလုပ်သေးလို့ မရ တော့ကို ဘာတွေများ ရနေသတုံး မေးတဲ့အခါကျတော့ မြင် တယ်, လိုချင်တယ်,စွဲလန်းတယ်,အားထုတ်တယ်, ပဋိစ္စသမုပ္ပါဒ် ဘဲ ပြန်ရတယ် (မှန်လှပါ) ကြားတယ်, ခင်တယ်, စွဲလန်း တယ်, အားထုတ်တယ် ဘာပြန်ရမလဲ.... (ပဋိစ္စ သမုပ္ပါဒ်ဘဲ ပြန်ရပါတယ်)။

အင်း....ဒါဘဲ ပြန်ရတော့ သံသရာချဲ့မည့် တရားချည်း ပြန် ရတယ် (မှန်ပါ့) သဘောကျပလား(ကျပါပြီ) ဒီ မွေးတယ် မွေးတဲ့စိတ်ကလေးပေါ်လာတော့ မွှေးတာကလေးတွေ ကြိုက်

တယ်, စွဲလန်းတယ်, အားထုတ်ပြီး ယူမယ်ဆိုတာကော (ပဋိစ္စသမုပ္ပါဒ်ဘဲ ရပါတယ်)။

ကဲ.... ခင်ဗျားတို့က မဂ်ဘက်ကို လိုက်နေသလား.... ပဋိစ္စသမုပ္ပါဒ်ဘက်ကို လိုက်နေသလား (ပဋိစ္စ သမုပ္ပါဒ်ဘက် လိုက်နေပါတယ်) ပဋိစ္စသမုပ္ပါဒ်ဘက် လိုက်နေတော့ အားထုတ်တယ်ဆိုတာက ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)

ဒါဖြင့် ခင်ဗျားတို့မှာ ဒုက္ခသာ လှည့်ပြီး လိုက်နေတာဘဲ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ) မဂ်နောက် လိုက်ပါရဲ့လား.... (မလိုက်ပါဘုရား) ဦးခင်မောင် ဘာသစ္စာ တွေသာ နောက် လာနေသတုံး (ဒုက္ခသစ္စာတွေ လာနေပါတယ်) ဒုက္ခသစ္စာလာကြောင်းကိုသာ ခင်ဗျားတို့ကြိုးစားနေတယ်၊ မဂ္ဂသစ္စာ လာကြောင်း ကြိုးစားရဲ့လား (မကြိုးစားပါဘုရား)။

ဩော်.... ပါရမီမရှိလို့လား ဒီ့ကိုက နည်းမရလို့ မလုပ်ဖြစ်လို့လားဆိုတာ ယနေ့ အကဲခတ်ကြည့်ပါ။

ပါရမီမရှိလို့လား နို့မဟုတ် မလုပ်လို့လား (မလုပ်လို့ပါဘုရား) မလုပ်လို့ပါဆိုတာ မသေချာဘူးလား (သေချာပါပြီ)ဒီနေ့ကစပြီး ကိုယ့်ကိုယ်ကို သနားယင်လုပ်ပါ(မှန်ပါ့) ဘယ်လို မှာပါလိမ့်(ကိုယ့်ကိုယ်ကို သနားယင် လုပ်ပါ)။

ကိုယ့်ကိုယ်ကို သနားယင်ဆိုတာက တကာ တကာမတို့ ခင်ဗျားတို့ကတော့ဖြင့် ကိုယ့်ကိုယ်ကို သနားတယ်လို့ ထင်တော့ ထင်ကြမှာဘဲ ယပ်တောင်ကလေး ကိုင်ကာ ကိုင်ကာနဲ့ အေးအောင်လို့ အေးအောင်လို့.... (မှန်ပါ့) ယပ်တောင်ကလေး ကိုင်တာ ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သနားလို့ ကိုင်တာ(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

ကိုယ့်ကိုယ်ကို ခလုတ်မထိ ဆူးမငြိအောင် အပူဓါတ်တွေ မလာအောင် (မှန်ပါ့ဘုရား)ကိုယ့်ကိုယ်ကို သနားလို့ယပ်တောင် ကိုင်တယ်ဆိုတာ သဘောကျပလား (ကျပါပြီ) ဘာဖြစ်လို့ ယပ်တောင်ကိုင်သလဲ(ကိုယ့်ကိုယ်ကို သနားလို့ပါ)ခြင်များလာ တော့ ခတ်ပစ်တာကော (ကိုယ့်ကိုယ်ကို သနားလို့ပါ) အံမာ အတော် ကြည်ညိုကြပါကလား.... ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သာမည ကြည်ညိုတာလား.... ဂရုတစိုက်ကြည်ညိုတာလား(ဂရု တစိုက် ကြည်ညိုတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကြည်ညိုတာဟာကြည်ညိုရာမရောက် ပါဘူး (မှန်ပါ့) ဒါကြောင့် ကောသလမင်းကြီးက မေးတယ် တကာသစ် မှတ်ထားစမ်းပါ (မှန်ပါ့)။

ကောသလမင်းကြီးကမေးတယ် လူတွေဟာဘုရား.... ကိုယ့် ကိုယ် ကိုယ်တော့ မေတ္တာပို့ပြီး ချစ်တယ်, ခင်တယ်, လုပ်ကြ ပါရဲ့တဲ့.... သူတို့မှာတော့ လောဘ, ဒေါသ, မောဟ, တွေနဲ့ အချိန်ကုန်နေတယ်တဲ့....အဲဒါဟာ ကိုယ့်ကိုယ်ကို ချစ်တဲ့သဘော ဘဲလား မချစ်တဲ့ သဘောဘဲလား.... ဦးခင်မောင် မေးတယ် (မှန်လှပါဘုရား)။

တကာကြီးတဲ့ ဒီဥစ္စာ ကိုယ့်ကိုယ်ကို ချစ်တာ မဟုတ်ဘူးတဲ့ ကိုယ့်ကိုယ်ကို အပါယ်သွားကြောင်း ကြိုးစားတာ (မှန်ပါ့) သဘောပါလား (ပါပါပြီ)။

ခင်ဗျားတို့ကကိုယ့်ကိုယ်ကိုချစ်လို့ ရှာကြံပြီးပေးပြီ၊ တရား သောနည်းလမ်းဖြင့် ရှာကြံပြီးပေးမယ်၊ မတရားသောနည်းလမ်း နဲ့ကော (ရှာကြံပေးပါတယ်) ဘာပြုလို့တုံး.... ကိုယ့်ကိုယ်ကို

ချစ်လို့- သဘောပါလား (ပါပါတယ်) ခင်ဗျားတို့သဘော အတိုင်းဆိုတော့ ကိုယ့်ကိုယ်ကို ချစ်လို့ပေါ့ဗျာ (မှန်ပါ့)။

ကိုယ့်ကိုယ်ကိုချစ်လို့သာဆိုရတယ် တကာတကာမတို့ ဒီချစ်တာက တဏှာ၊သဘောကျပလား (မှန်ပါ့)ကြပ်ကြပ် စွဲလန်းတာက (ဥပါဒါန်ပါ) ဒီကိုယ့်ကိုယ်အတွက်မတရားတာရော တရားတာရော အားထုတ်တာတွေက ကံလို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) ကမ္မဘဝပစ္စယာ (ဇာတိပါ)ဇာတိဘဝ မကျဘူးလား (ကျပါတယ်)။

ဒါဖြင့် ကိုယ့်ကိုယ်ကိုချစ်ရာရောက်သလားတဲ့ မချစ်ရာရောက်သလား(မချစ်ရာရောက်ပါတယ်) နို့ ခင်ဗျားတို့အခုဒီလိုရောင်းဝယ်လုပ်ပြီးသကာလ နေကြတာကိုယ့်ကိုယ်မှ စားဘို့သောက်ဘို့မသထာလို့ရှိယင် ဘယ်သူ့ သထာစရာ ရှိသေးသတုံး.... ကိုယ့်ကိုယ်အတွက်သာ လုပ်ရလိမ့်မယ်ဆိုတာဘဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

လုပ်သာလုပ်နေကြတယ်တဲ့ ချစ်လို့လုပ်တာလားတဲ့....ကောသလ မင်းကြီးက ကိုယ့်ကိုယ်ကို ချစ်တဲ့ပုဂ္ဂိုလ်တွေက ဒုစရိုက်အလုပ်တွေ လုပ်နေကြတယ်၊အဲဒါ ကိုယ့်ကိုယ်ကိုချစ်ရာရောက်ပါသလားလို့ လျှောက်တယ်။

တကာကြီး— တကာကြီးတွေးလုံး သိပ်မှန်တယ်လို့ ဘုရားက ပြောတာဘဲ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကိုယ့်ကိုယ်ကို မချစ်လို့လုပ်နေတာ (မှန်ပါ့)။

ကိုယ့်ကိုယ်ကို ချစ်တဲ့ပုဂ္ဂိုလ်ဖြစ်ယင် ဒီအလုပ်လုပ်နေပြီး သကာလ နောက် အပါယ်လေးပါး တံခါးပိတ်တာကိုယ့်ကိုယ်ကို

သနားတဲ့အတွက် ဝိပဿနာအလုပ် မလုပ်ပေဘူးလား (လုပ်ပါတယ်)။

ဒါဖြင့် ကိုယ့်ကိုယ်ကိုချစ်ယင် ဘာလုပ်ရမယ် (ဝိပဿနာ အလုပ်-လုပ်ရမယ်)ကိုယ့်ကိုယ်ကို-မချစ်ယင် ရောင်းကြဝယ်ကြပေါ့ (မှန်ပါ့) ရိပ်မိပလား ကိုယ့်ကိုယ်ကိုမချစ်ယင်.... (ရောင်းကြဝယ်ကြ) ကိုယ့်ကိုယ်ကို ချစ်ယင် (ဝိပဿနာအလုပ်-လုပ်ပါ)

အဲဒါ နောက်ထပ်ယူယင် ဘာ—ပြချင်လို့လဲ.... အရောင်းအဝယ်ကလေး ပြချင်တယ် ကာလဒေသအလိုက်ဆိုယင် လွဲသေးသလား.... (မလွဲပါဘူး)။

အဲဒါကြောင့် ခင်ဗျားတို့ကို ဘုန်းကြီးက ပြောချင်တာက တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့ အခု-အရောင်းအဝယ်ကောင်းတယ်၊ တနေ့ဘဲ—ငါးထောင်ရတယ်၊ ခြောက်ထောင်ရတယ်၊ တသောင်း-တသိန်းရတယ်၊ရတာကို ဘုန်းကြီးများက အင်မတန်ကြည်ညိုပါတယ်၊ သာသနာတော်မှာလဲ ဆွမ်းကွမ်းလောင်းကြမယ်ဆိုတာ သိပါတယ်၊ သို့သော်လဲ ခင်ဗျားတို့ဟာက ကိုယ့်ကိုယ်ကို မသနားတာက ပါနေတယ် (မှန်ပါ့ဘုရား) မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကို.... (မသနားတာက ပါနေတယ်) ရတော့ တဏှာမဖြစ်ဘူးလား.... (ဖြစ်ပါတယ်) တဏှာသာဖြစ်တာလား ဥပါဒါန်ကော.... (ဖြစ်ပါတယ်) ကာယကံ ဝစီကံနဲ့ ပြုလို့ ပြောလို့ဆိုလို့ ကံတွေကော.... (ဖြစ်ပါတယ်) အဲဒီကံတွေက ပြုလို့ ပြောလို့ ဆိုလို့ရတဲ့ ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဇာတိဆိုတော့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လုပ်တာ ဒုက္ခသစ္စာရဘို့ပေါ့ (မှန်ပါ့) ကိုယ့်ကိုယ်-ကို သနားရာ ရောက်သေးရဲ့လား (မရောက်ပါဘူး ဘုရား)ကိုယ့်ကိုယ်ကိုသနားတဲ့ ပုဂ္ဂိုလ်ဖြစ်ယင် ဒုက္ခသစ္စာ ချုပ် တာကို ကြိုက်ရမယ် (မှန်လှပါ)ကိုယ့်ကိုယ်ကိုသနားတဲ့ ပုဂ္ဂိုလ် ဟာ.... (ဒုက္ခသစ္စာချုပ်တာ ကြိုက်ရပါတယ်) ကိုယ့်ကိုယ်ကို မသနားတဲ့ ပုဂ္ဂိုလ်က.... ဒုက္ခသစ္စာ ဖြစ်ကြောင်း ဆည်းပူးတယ် (မှန်လှပါ) ရှင်းပြီနော်.... (မှန်လှပါ)။

ဒါဖြင့် ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်နဲ့ မသနားတဲ့ပုဂ္ဂိုလ် ကော ကွဲရဲ့လား.... (ကွဲပါတယ်ဘုရား) ဒါဖြင့် ရောင်းရေး ဝယ်ရေးနဲ့ အချိန်ကုန်နေတဲ့ အခါကျတော့ ကိုယ့်ကိုယ်ကို မသနားတဲ့ အလုပ်-လုပ်လိုက်ဦးမကွလို့ ဆိုပြီး ကြိမ်းပေတော့.... ဒီဥစ္စာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဝိပဿနာလုပ်တဲ့ အချိန်ကျ တော့ ကိုယ့်ကိုယ်ကိုသနားတဲ့အတွက် ကာကွယ်ရေးယူလိုက်ဦး မယ်ဆိုပြီး လုပ်ကြပါ (မှန်လှပါ)။

အဲဒါ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချတော့ ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သနားတာနဲ့ မသနားတာ— ယနေ့ ရှင်းပြပါ တယ်ဆိုတာကော ကျေနပ်ကြပလား.... (ကျေနပ်ပါပြီ) ရှင်းပြီ နော် (ရှင်းပါပြီ) ကိုယ့်ကိုယ်ကို သနားလို့ရှိယင် ဒါတွေလုပ် ပေး (မှန်ပါ့) ဘယ့်နှယ်ကြောင့်ဒါတွေကို စိတ်တဆယ့်-သုံး ပြ ရပါလိမ့်မတုံးလို့ တကာသစ်တို့က မေးမယ်၊ ဦးခင်မောင်က မေးမယ်၊ မောင်ထွန်းလှိုင်တို့က မေးမယ်၊ စိတ်ပေါ်မှာ ဒိဋ္ဌိများ လို့ စိတ်ကို ရှုခိုင်းတာ (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်း ပါပြီ)။

စိတ်ပေါ်မှာ.... (ဒိဋ္ဌိများလို့) အဲ.... သောတာပတ္တိမဂ်သည် ဒိဋ္ဌိကို ပယ်ရတယ်၊ ပဌမမဂ်လိုချင်ယင် စိတ္တာနုပဿနာက စ-ရှု ရတယ် (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ) ပဌမမဂ် လိုချင် ယင်.... (စိတ္တာနုပဿနာက စ-ရှုရတယ်) ဒုတိယမဂ် လိုချင်ယင် ဝေဒနာနုပဿနာရှု (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ပဌမမဂ် လိုချင်ယင်....(စိတ္တာနုပဿနာရှု)။

အဲဒါခင်ဗျားတို့ယနေ့သိတာအတည်ပြုပါတဲ့၊ဟိုဟာကတော့ ဝတ္ထုနဲ့လာလို့ ဝေဒနာကို ရှေးဦးစွာ ပြရခြင်းဖြစ်ပါတယ် (မှန်လှပါဘုရား) သိကြားမင်းကို ဟောချင်လို့ သိကြားက ဝေဒနာနဲ့ မဂ်ဝင်သွားတယ်နော် (မှန်ပါ့) သဘောပါကြလား (ပါ-ပါတယ်)ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဖြစ်ပျက်-မဂ် ကိုက်အောင်လုပ်ပါ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဖြစ် ပျက်.... (မဂ်) ကိုက်အောင်လုပ်ပါ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဘယ်မှ ရှုစရာမရှိလို့ရှုယင် ၁-လဲ ရှုစရာမရှိဘူး၊ ၂-မှာလဲ အပြင်ညှော့သည် ခြောက်ယောက်လဲ တခုမှမပေါ်လာ အတွင်း ညှော့သည်ပေါ်လာလို့ရှုယင်လဲ အတွင်းညှော့သည် လိုက်ပေါ့ဗျာ (မှန်ပါ့) ဖြစ်ပျက်ဘဲ လိုက်ပါနော်.... (မှန်ပါ့) အဲဒီတော့ တပည့်တော်တို့ ဘယ်လိုနေမှာပါလိမ့်မလဲဘုရား.... လိုက်တော့ လိုက်မယ်ဘုရား အမြင်တော့ ဘယ်လိုမြင်မှာတုံး ဆိုတော့ မရှိ တာ ရှုရလိမ့်မယ်.... (မှန်ပါ့)သဘောပါပလား.... (ပါ-ပါပြီ)။

ဘာတွေ့မယ်.... (မရှိတာတွေ့မယ်)။

အဲ.... မရှိတာဟာ အနိစ္စ.... (မှန်ပါ့)။

မရှိမှန်းသိတာက.... (မဂ္ဂပါ)။

မရှိတာက.... (အနိစ္စပါ)။

မရှိမှန်းသိတာက.... (မဂ္ဂပါ)။

ဦးခင်မောင် ဒါ ခဲယဉ်းသလား.... (မခဲယဉ်းပါဘူးဘုရား) ဘာ့ကြောင့်တုံးဆိုတော့ မရှိတာက—အနိစ္စ၊ သိတာက—မဂ္ဂလို့ ဆရာဘုန်းကြီးက ဘယ့်နှယ်ဟောရသတုံးလို့ မေးတော့မှ.... တဏှာ တဏှာမတို့ ပဋ္ဌမ—ဥပမာမယ် ဒီလောဘစိတ်ကလေးနဲ့ အသက်ရှင်နေတယ် (မှန်ပါ့) ဟာ.... ဉာဏ်နဲ့ ဘုန်းကြီးက လိုက်ရမယ်ဆိုလို့ လိုက်— လိုက်တဲ့ အခါကျတော့ လောဘ စိတ်ကလေးနဲ့ အသက်ရှင်နေတာ ဒီ အသက်ရှင်မှုကလေးဟာ ရှိသေးရဲ့လား.... (မရှိပါဘူး)။

မရှိတော့ ကိုယ့်အသေ ကိုယ်မြင်တယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘာမြင်ပါလိမ့်.... (ကိုယ့်အသေ ကိုယ်မြင်ပါ တယ်) ဟောဒါက ကိုယ့်အသေ ဟောဒါက ကိုယ်မြင်တာ (မှန်ပါ့) ရှုတာက ကိုယ်မြင်တာနော်.... (မှန်ပါ့) ဘယ်သူ့ အသေ ဘယ်သူမြင်တာပါလိမ့်....(ကိုယ့်အသေ-ကိုယ်မြင်တာပါ ဘုရား) ကိုယ့်အသေ- ကိုယ်မြင်တာဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

အဲဒီတော့ တဏှာ တဏှာမတွေ— တဏှာ တဏှာမတွေ၏ အသက်တမ်းက လောဘစိတ် ဖြစ်တယ်ဆိုယင် ဖြစ်နေတုန်း လောဘစိတ်နဲ့ဘဲ အသက်ရှင်နေတာဘဲ (မှန်ပါ့) ဒေါသစိတ် ဖြစ်ယင်ကော.... (ဒေါသစိတ်နဲ့ဘဲ အသက်ရှင်နေတာဘဲ) ဒါဖြင့် တဏှာ တဏှာမတွေ အသက်တမ်း ဘယ်လောက်ရှိသတုံး.... **စိတ်တခုအသက်ဘဲ ရှိတာဘဲ**(မှန်လှပါ) သဘောကျကြလား

(ကျပါပြီ) တကာ တကာမတွေ၏ အသက်တမ်း ဘယ်လောက် ရှိပါလိမ့်.... (စိတ်တခုဘဲ ရှိပါတယ်)။

အဲ.... သူများကပြောတဲ့ ခုနစ်ဆယ့်ငါး- ရှစ်ဆယ်တွေ ဆိုတာက ဒါက သက်တမ်းကို ပြောတာပါတဲ့၊ ခင်ဗျားတို့ တကယ်- အသက်ရှင်တာကတော့ စိတ်တခုနဲ့ အသက်ရှင်နေတာ (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) အဲဒီလို စိတ်တခုနဲ့ အသက်ရှင်တော့ ဒီစိတ်ချုပ်သွားတော့ လူတယောက် မသေသေးဘူးလား.... (သေပါတယ်) အဲဒီအသေကို ဘာနဲ့ လိုက်ရမယ်....(ဉာဏ်နဲ့ လိုက်ရမယ်)ဉာဏ်နဲ့ မဂ်နဲ့ လိုက်၊ လိုက်တဲ့ အခါကျတော့ သေတာကဘာခေါ်မယ်.... (အနိစ္စပါ)အင်း.... သေတာက အနိစ္စ၊ မြင်တာက.... (မဂ္ဂပါဘုရား)။

ဒါဖြင့် ဝိပဿနာဆိုတာဘာပါလိမ့်မလဲဆိုတော့ကိုယ့်အသေ ကိုယ်မြင်အောင်ကြည့်တာ....(မှန်လှပါဘုရား)ပေါ်ကြပလား- (ပေါ်ပါပြီ)၊ ဝိပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်အသေကို ကိုယ်မြင်အောင် ကြည့်တာပါဘုရား) ကိုယ့်အသေကို ကိုယ်မြင် အောင် ကြည့်တာဆိုတော့ ခင်ဗျားတို့က အောက်မေ့မယ်၊ ဒီဘုန်းကြီးပြောနေတာကတော့ နိမိတ်မရှိလိုက်တာ....။

ခင်ဗျားတို့ကိုက နဂိုရ်ကနိမိတ်မပါခဲ့ဘူး....(မှန်လှပါဘုရား) မရှိတာ မပြောနဲ့တော့....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိ ပါပြီ)ခင်ဗျားတို့ကိုက နဂိုရ်က နိမိတ်ပါခဲ့ရဲ့လား.... (မပါခဲ့ပါ ဘူး) နဂိုရ်က ကတည်းက သေလိုက်၊ ပြန်မွေးလိုက်၊ သေလိုက်၊ ပြန်မွေးလိုက် စိတ်ကလေးတခု ပေါ်လာလိုက် သေသွားလိုက်၊ နောက်တခုပေါ်လာလိုက် ဘာတုံး.... (သေသွားလိုက်)။

သေလိုက်ဆိုတော့ ခင်ဗျားတို့ကိုက နိမိတ်ရှိခဲ့ရဲ့လား.... (မရှိပါဘူးဘုရား) ဒါ့ကြောင့်တဲ့ ခင်ဗျားတို့ ဘုန်းကြီးပြောတာကို သာ အတည်ပြု၊ ခင်ဗျားတို့ အရုပ်သုံးတွေကို အကုန်ပြည်ဖုံးချ ပါ-ဆိုတာ သဘောကျပလား....(ကျပါပြီ) အရုပ်သုံးတွေ ဘာ လုပ်ရမလဲ.... (ပြည်ဖုံးချရမယ်) ပြည်ဖုံးချ၊ တလုံးမှ မမှန်ဘူး၊ တလုံးမှ မမှန်ဘူးတဲ့၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ နိစ္စဆိုတဲ့ နိမိတ်မရှိဘူး၊ အနိစ္စနိမိတ်တွေသာ ရှိတယ်နော်.... (မှန်ပါ့)။ သဘောပါကြလား....(ပါ-ပါပြီ)။

ခန္ဓာကိုယ်ထဲမှာ နိစ္စနိမိတ်များ ရှိရဲ့လား.... (မရှိပါဘုရား) ဘာရှိတုံး.... (အနိစ္စ နိမိတ်သာရှိပါတယ်) ဒါဖြင့် အနိစ္စ နိမိတ် တွေသာ ရှိနေတော့တကာ တကာမတို့ နဂိုရ်ကတည်းက ကြက် သရေမင်္ဂလာ ရှိတယ်လို့ဆိုလို့ရရဲ့လား....(မရပါဘူး)ဒီအနိစ္စကို ဘဲ့ တခါ-ခင်ဗျားတို့ အရုပ်သုံးနဲ့ ထင်မြင်အောင်ကြည့်ဘို့ ရှင်း သထက် ရှင်းအောင် ပြောရလို့ရှိယင် အနိစ္စဟာ ဘာသစ္စာတုံး မေး....(ဒုက္ခသစ္စာပါဘုရား)။

အင်း....နဂိုရ်က မင်္ဂလာပါရဲ့လား.... ( မပါ-ပါဘုရား ) ခင်ဗျားတို့ ဟန်လုပ်သရုပ်သည် သန္တိုင်းထဲမှာဘဲဆိုတာ သဘော ပါရဲ့လား....(ပါ-ပါပြီဘုရား)ဘာမှ ဟန်လုပ်မနေနဲ့တဲ့ ဒီဥစ္စာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြည့်လိုက်လို့ရှိယင်ဖြင့် ကိုယ့်အသေ ကိုယ်မြင်မှာဘဲ....(မှန်ပါ့ဘုရား)သဘောပါကြလား....(ပါ-ပါ ပြီဘုရား)ဘာမြင်ကြမယ် (ကိုယ့်အသေ ကိုယ်မြင်ကြပါမယ်)။

ကိုယ့်အသေ ကိုယ်မြင်မှာဘဲဆိုတာ သေချာကြပလား.... (သေချာပါ့ပြီ) ကိုယ့်အသေ ဘာခေါ်မယ်....(အနိစ္စပါ)။

မြင်တာက .... .... (မဂ္ဂပါ)။
ကိုယ့်အသေက .... (အနိစ္စပါ)။
မြင်တာက .... .... (မဂ္ဂပါ)။

မယုံလို့ရှိယင် ခင်ဗျားတို့ သေကြည့်ပါတဲ့၊နောက်ရှုတဲ့စိတ်ကလေးပြီးတော့ ရှုက်စိတ်မလာယင် ဘယ့်နှယ် ဆိုကြမယ်.... (သေပါတယ်ဘုရား) ရှုက်တဲ့ စိတ်ကလေးပြီးယင် နောက် လေပြန်ရှုတဲ့ စိတ်ကလေး မလာယင်.... (သေပါတယ်ဘုရား)။

ဒါဖြင့် တစိတ်နဲ့ဘဲ အသက်ရှင်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဘာနဲ့အသက်ရှင်တယ်.... (တစိတ်နဲ့အသက်ရှင်ပါတယ်) နို့မို့ မြင်တဲ့ စိတ်ကလေးနဲ့နေတဲ့အခါကျတော့ ဘယ်သူနဲ့ အသက်ရှင်သလဲ....(မြင်တဲ့စိတ်နဲ့ရှင်ပါတယ်) မြင်ပြီး သွားပြန်တော့ကော.... (သွားတဲ့စိတ်နဲ့ရှင်ပါတယ်) သွားစိတ်၊ လာစိတ် ခဏကလေးဖြစ်ပြီး မသေဘူးလား.... (သေပါတယ်ဘုရား)။

အဲဒီ....အသေကလေးတွေကို ဒီက မဂ်နဲ့ လိုက်-လိုက်ပေးပါ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)အသေကလေးတွေ ဘာလုပ်ရမယ်....(မဂ်နဲ့လိုက်ရမယ်) အသေကလေးတွေ မဂ်နဲ့လိုက်တဲ့အခါကျတော့ သေတာက အနိစ္စ၊ လိုက်တာက....(မဂ္ဂပါဘုရား) အဲဒီလို လိုက်တဲ့ အခါကျတော့မှ ဩော်....ဒါ- ကိုယ့်အသေကိုယ်ကြည့်ခိုင်းတာပါကလား ဆိုတာ ဦးခင်မောင် ပြောပြီ.... (မှန်လှပါဘုရား)။

နောက်က တကာ တကာမတွေ ဘာအကြည့်ခိုင်းတာပါလိမ့်....(ကိုယ့်အသေ ကိုယ်ကြည့်ခိုင်းတာပါဘုရား) ဝိပဿနာ ဆိုတာ ဘာပါလိမ့်.... (ကိုယ့်အသေ ကိုယ်ကြည့်ခိုင်းတာပါ)။

ဒီတရားထဲမှာဖြင့် ဒါအမှန်ထုတ်တဲ့စကားနော် (မှန်လှပါဘုရား) ဘာတဲ့....ဘာစကားပါလိမ့်-(အမှန်ထုတ်တဲ့စကားပါ) ဝိပဿနာ ဆိုတာဘာတုံး....(ကိုယ့်အသေ ကိုယ်ရှုတာ)။

တကာ တကာမတို့ စိတ်နှစ်ခုနဲ့ အသက်ရှင်သလား....တခုနဲ့ အသက် ရှင်သလား....(တခုနဲ့ အသက်ရှင်ပါတယ်ဘုရား) ဟော-လောဘစေတသိက်ဖြစ်တယ် ဖြတ်ခနဲဆို ဖြစ်တာက ၁၊ပျက်တာ က ၂-ကိုး....(မှန်ပါ့)စိတ်နှင့် စေတသိက်သည်....(ပျက်ပါတယ်)

အဲဒါ နောက်က နေပြီး ဒီကမလိုက်ရပေဘူးလား....(လိုက်ရပါတယ်)လိုက်တော့ ခုန လောဘတရားကလေးက သေစိတ်....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်) ဒေါသတရားကလေးက ပေါ်လာပြန်ယင်ကော....(သေပါတယ်ဘုရား)။

ဒါတွေက သေစာရင်းမပါဘူးလား.... (ပါပါတယ်ဘုရား) ၁-မှာ ဖြစ်တယ်၊ ၂-မှာကျတော့.... (ပျက်ပါတယ်) ၂-မှာ မသေဘူးလား....(သေပါတယ်) ကဲ....ဒါဖြင့် အဲဒီအသေတွေကို သေတာတော့ သေပစေတော့ ဘယ်သူမှ တားလို့ မရလို့ အနတ္တ ခန္ဓာကိုယ်ဆိုတာ သေပြီးသားကိုးဗျ အသေကို မြင်အောင်ကြည့်ပါ၊ သေတာကို သိအောင်လုပ်ပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် အသေက ဘာခေါ်ကြမယ်.... ( အနိစ္စပါဘုရား ) အသေကို ကြည့်တာက.... (မဂ္ဂပါဘုရား) အသေဆိုတာ သုဘ လား၊ အသုဘလား....(အသုဘပါ) အသုဘက....အသုဘ၊ ရှုတာ က မဂ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အသေက အသုဘ၊ ရှုတာက....(မဂ္ဂပါ) အသေက ဘာသစ္စာတုံး.... (ဒုက္ခ သစ္စာပါဘုရား) ဩော်....သေတာက ဒုက္ခ၊ ရှုတာက.... (မဂ္ဂပါ

ဘုရား) ဟော....ခင်ဗျားတို့အတွက် မင်္ဂလာနိမိတ်ကို မပါဘူး ဒီအထဲမှာ....(မှန်ပါ့) ပါသေးရဲ့လား.... (မပါပါဘူးဘုရား)။

ဘာမှမပါတော့ဘူးဆိုတာကော သဘောကျကြပလား (ကျပါပြီ) ကိုင်း....ဒါဖြင့် ဒီအထဲ သံယောဇဉ် ဝင်သေးသလား (မဝင်ပါဘူး) အခုဘုန်းကြီးပြောတဲ့ တရားအတိုင်း မိလိန္ဒမင်းကြီးကို ဟောတဲ့အတိုင်းဟောလို့ အဲဒီ ဥပမာနဲ့ ဟောလိုက်တော့ တကာတကာမတွေ ဘာမှမတွေ့ယင် အလယ်ပြန်ထိုင် (မှန်ပါ့) ထွက်စိတ် ဝင်စိတ်ပြန်ထိုင် (မှန်ပါ့) တပည့်တော် ရှုစရာ မရှိတော့ဘူးလို့ ဒီလိုအောက်မေ့မနေနဲ့ ရှုစရာမရှိလို့ရှိယင် ဒီပြန်ထိုင် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အလယ် ပြန်ထိုင်ရမယ်ဆိုတာသေချာပလား (သေချာပါပြီ) ကောင်းပြီဒါဖြင့် စိတ္တာနုပဿနာ ယနေ့ သိမ်းလိုက်ပါတယ်တဲ့၊ ဝေဒနာအကြောင်းကို ပြန်ပြောမယ်နော် (မှန်လှပါ) ဒါလုပ်တတ်ကြပလား နည်းရပလား (ရပါပြီ) ကိုင်း.... ဝေဒနာပြောမယ်ကြံတော့ တကာတကာမတွေ ဒီက ခန္ဓာငါးပါးနော်.... (မှန်ပါ့) ခန္ဓာငါးပါးဆိုတာ အနိစ္စတရားလို့ ဆိုယင်ကော လွဲပါ့မလား.... (မလွဲပါဘုရား) အဲဒါကို တကာ တကာမတွေက ကိုယ့်ခန္ဓာကိုယ်ခင်လို့ ယပ်ကလေး ခတ်ပေးနေလို့ရှိယင်ဖြင့် တဏှာမလာဘူးလား (လာပါတယ်) ယပ်ခတ်ပေးတာ ဘာဆိုကြမယ် (တဏှာပါ)။

ခင်လွန်းလို့ယပ်ခတ်တာ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ခင်လို့ ယပ်ခတ်ပေးလို့ရှိယင် တဏှာ (လာပါတယ်) တဏှာလာလို့ရှိယင် ဥပါဒါန် (လာပါတယ်) ဥပါဒါန် လာလို့ရှိယင် ကမ္မဘဝ (လာပါတယ်) ကမ္မဘဝလာလို့ရှိယင်ဇာတိ

ဇရာမရဏာ (လာပါတယ်ဘုရား) လွတ်နိုင်သေးရဲ့လား (မလွတ်နိုင်ပါဘုရား)။

မလွတ်နိုင်တော့ တကာတကာမတို့ ဟောဒါက လူ၊ ဟော ဒါက သံယောဇဉ် ရှင်းပလား.... (ရှင်းပါပြီ) ဒီက လူဆိုတာက ခန္ဓာငါးပါးပေါ့ (မှန်ပါ့) ဒီဘက်ကဟာက သူ့ကို အမှီပြုပြီး လာတာကဘာတုံး (သံယောဇဉ်ပါဘုရား) ဒါက ဒါဖြင့် လူရယ် သံယောဇဉ်ရယ် ခင်ဗျားတို့သိပြီ၊ ဒီဟာ ချိတ်ထားလိုက်ပါဦး၊ ကဲ....ဝစ္ဆက မေးတယ်တကာတကာမတို့ ဝစ္ဆအမည်ရှိတဲ့ ပုဂ္ဂိုလ်က မေးတယ်....ရှင်ကြီးဂေါတမ လူဟာ လူ့ သံယောဇဉ်ကို မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်ပါ့မလားတဲ့ ဒါ လူကိုးဗျ၊ ဒါ လူ့သံယောဇဉ်၊ ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါတွေဟာ ဘာပါလိမ့်(လူ့ခန္ဓာ) လူ့ခန္ဓာငါးပါး (မှန်ပါ့) ဒါက ဘာပါလိမ့် (လူ့သံယောဇဉ်) လူ့သံယောဇဉ် တရားတဏှာ ဥပါဒါန် တွေဟာ သံယောဇဉ် တရားလို့ တကာ တကာမတွေမှတ်ထားလိုက်ပေါ့ (မှန်ပါ့) ကဲ....ဒါဖြင့် တကာတကာမတို့ ဝစ္ဆက ဘယ့်နှယ်မေးသတုံးဆိုတော့ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်ပါ့မလားတဲ့ ရှင်းသွားအောင်လို့ မနေ့ကဟာ ပြန်ပြောပါတယ်၊ တကာတကာမတွေ မေးပုံကလေး သတိထားပါ။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန် ရောက်ပါ့မလား (မှန်ပါ့) ကဲ....တရားတပွဲလုံး ပြောကြစမ်းပါ ဘာတဲ့တုံး (လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်ပါ့မလား) မှတ်မိပလား (မှတ်မိပါပြီ) လူဟာ(လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်ပါ့မလား) ကိုင်း....ဒါဖြင့်မြတ်စွာဘုရားက ဖြေလိုက်တယ်

မရဘူးပော့....ဝစ္စ-ရ....မရဘူးတဲ့ (မှန်ပါ့) လူနဲ့ သံယောဇဉ်နဲ့ ဆက်နေယင် မရဘူးပြောတာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) လူနဲ့ (သံယောဇဉ်နဲ့ ဆက်နေယင် မရဘူး)။

ဒါဖြင့် ကျုပ်တို့ဟာက တကာတကာမတွေ ဒီကြားတဲ့ မဂ္ဂင်ငါးပါး သွင်းလိုက်မယ် ဒီထဲကခုနကပြောခဲ့တဲ့စိတ် တဆယ့်သုံးခုလဲ့ပါ စိတ်တွေလဲ အကုန်ပါနေတာပေါ့.... (မှန်ပါ့) ဒီထဲက စိတ်တွေကို ကျုပ်တို့က ဖြစ်ပျက်.... ဖြစ်ပျက်.... ဖြစ်ပျက် ဆိုပြီး မဂ်နဲ့ရှုနေမယ်ဆိုယင် ဒီသံယောဇဉ် လာနိုင်သေးရဲ့လား (မလာနိုင်ပါဘူး) ဒါဖြင့် လူဟာ လူ့သံယောဇဉ် စွန့်လို့ရှိယင် တော့ ဖြင့် ဘယ့်နှယ်ဆိုကြမယ်.... (မဂ်ရပါမယ်ဘုရား)ရတာပေါ့ တကာတကာမတို့ ဒီဟာလာသေးရဲ့လား (မလာပါဘူး)။

ဒါဖြင့် ခန္ဓာနဲ့ တဏှာနဲ့ စပ်နေယင် မရဘူးပြောတာ(မှန်ပါ့ဘုရား) ခန္ဓာ တဏှာ ဥပါဒါန် ကံ ဆက်နေယင်(မရဘူးပြောတာပါ) ခန္ဓာမြင်အောင်လို့ ဆိုလို့ရှိယင် (ရပါတယ်) ပေါ်ပလား (ပေါ်ပါပြီ)ဒါ မနေ့က ကတည်းက ရှင်းအောင်ပြောပါတယ် (မှန်ပါ့) မနေ့က ကတည်းက ဦးခင်မောင် ရှင်းအောင်ပြောပါတယ် ကျေနပ်ပလား (ကျေနပ်ပါပြီ) အားလုံး တကာတကာမတွေ ဒါဖြင့် ခန္ဓာနောက်က ဉာဏ်သွင်းယင် ဘယ့်နှယ်နေမလဲ (ရပါတယ်ဘုရား)။

သံယောဇဉ်လာသေးရဲ့လား (မလာပါဘုရား) သဘောကျပလား (ကျပါပြီ) ဒါ....ခင်ဗျားတို့ စာနဲ့ ပြောနေတာလား အပြန့်ဘဲ ရှင်းမနေသေးဘူးလား.... (အပြန့် ဘဲရှင်းနေပါတယ်ဘုရား) စာနဲ့လဲရှင်းနေတာဘဲ အပြန့်လဲရှင်းနေတာဘဲ(မှန်ပါ့)

ဒါ့ကြောင့် တကာတကာမတို့ အပါယ်လေးပါး တံခါး ပိတ်ချင်ကြလို့ ကိုယ့်ခန္ဓာ သနားကြလို့ရှိယင်ဖြင့် နောက်ဒုက္ခတွေကိုလဲ တပည့်တော်တို့ လုံးလုံးမကြုံချင်ပါဘူး ဆိုပါလျှင် ကိုယ့်ဟာကိုယ် ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သနားကြလို့ ရှိယင်ဖြင့်တဲ့ ဒီလူ့နောက်ကနေပြီး လူ့သံယောဇဉ်မလာဘဲနဲ့ မဂ်ဝင်ပါစေ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

လူနောက်ကနေ ဘာဝင်ရမလဲ.... (မဂ်ဝင်ရမယ်) ဉာဏ်ဝင်ရမယ်နော်၊ ဉာဏ်နဲ့ မဂ်နဲ့ အတူတူဘဲနော်....(မှန်ပါ့) ဦးခင်မောင် ဘာလုပ်ရမယ်.... (ဉာဏ်ဝင်ရပါမယ်) မောင်ထွန်းလှိုင် ဘာလုပ်ရမလဲဟေ့ (ဉာဏ်ဝင်ရပါမယ်) ဉာဏ်ဝင်ရမယ်နော်....(မှန်ပါ့) လူ့နောက်ကနေပြီး ဘာဝင်ရမယ် (ဉာဏ်ဝင်ရမယ်)အဲ....ဒါလူ ဖြစ်နေတာပေါ့ဗျာ၊ လူဆိုတာ သမုဒယသစ္စာပါ၊ စင်စစ်တော့ ဖြစ်ပျက်ပါဘဲ (မှန်ပါ့) သဘောကျရဲ့လား (ကျပါတယ်)အဲဒီ တော့ အိမ်ပေါ်မှာနေရင်း နိဗ္ဗာန်ရောက်တာတွေ မရှိဘူးလား (ရှိပါတယ်)။

ကာဠဝိတို့ကျတော့ ဘုံ ၇-ဆင့်မှ တခါတည်း နိဗ္ဗာန်ရောက်သွားတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

သူအိမ်ပေါ်ကဆင်းသလား (မဆင်းပါဘူး) မဆင်းဘဲနဲ့ဘဲ သူမဂ်ဝင်သွားတော့ မရဘူးလား (ရပါတယ်) အဲဒါကြောင့် ခင်ဗျားတို့ ဘာမှပူစရာမရှိဘူး၊လူဟာ လူ့သံယောဇဉ်ကို အလုပ်လုပ်လို့ရှိယင် စွန့်ပြီးသားလို့မှတ် (မှန်လှပါဘုရား)။

ရှင်းပလား (ရှင်းပါပြီ) လူဟာလူ့သံယောဇဉ် ဘယ့်နှယ်ဆိုကြမယ်.... (အလုပ်လုပ်လို့ရှိယင် စွန့်ပါတယ်)အလုပ်လုပ်လို့ရှိယင် လုပ်တဲ့အချိန် စွန့်ပြီးသားလို့ မှတ်ပါ (မှန်ပါ့) လုပ်တဲ့

အချိန်မှာ.... (စွန့်ပြီးသွားပါ) စွန့်ပြီးသွားလို့ သေသေချာချာ မှတ်ပါ (မှန်လှပါ)။

အဲဒီတော့ အားငယ်စရာများ ရှိရဲ့လား....(မရှိပါဘူး) ဒါဖြင့် ဘုရားဖြေတာကော မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား) လူနဲ့ သံယောဇဉ်ဆက်နေယင်တော့ (တကျော့ဖြစ်ပါတယ်)။

ဝေဒနာပစ္စယာ.... (တကျော့ပါ)။

စိတ္တာပစ္စယာ.... (တကျော့ပါ)။

ဒီလို ဆက်နေယင်တော့ မရနိုင်ဘူးကွ (မှန်လှပါ) ဒီလို ဆက်နေယင်တော့ မရဘူးတဲ့၊ လူနဲ့ သံယောဇဉ်နဲ့ ဆက်နေတယ် (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) လူနဲ့ သံယောဇဉ်.... (ဆက်နေယင် မရဘူး)။

ကဲ....ဟောဒါက လူ့ခန္ဓာငါးပါးထဲကတပါးပါး-ဖြစ်ပျက်၊ သူက-မဂ်လို့ဆိုတော့ ဟောဒီ သံယောဇဉ်တွေ ဆက်သေးရဲ့လား.... (မဆက်ပါဘူးဘုရား) တကျော ဉပါဒါန် ကံတို့ ဆက်သေးရဲ့လား.... (မဆက်ပါဘူး) မဆက်ယင် ရ- ရမယ်ကွ (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အဲဒီတော့ကို တကာ တကာမတို့ အားငယ်စရာများ ပါသေးရဲ့လား....(မပါပါဘူး) ဒါ မနေ့က တလုံးကိုဘဲ ပြန်ရှင်းတာ (မှန်ပါ့)သဘော ကျပြီနော်.... (ကျပါပြီ)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရောက်ပါ့မလား (မရောက်ပါဘူး)တကာ တကာမတွေက ဘယ့်နှယ်ဖြေကြမယ် (နိဗ္ဗာန်မရောက်ပါဘူး) ဒါဖြင့် တပည့်တော်တို့ ဒီအတိုင်းဆိုယင် ရောက်စရာမရှိတော့ဘူးလို့လဲ ဒုံးဒုံးချပြီး သကာလ ဟုတ်လား ချုံးပွဲချပြီး မငိုကြပါနဲ့ (မှန်လှပါဘုရား) လူဟာ

လူ့သံယောဇဉ်နဲ့ မစပ်မိအောင်လုပ်ယင် ရတယ် (မှန်လှပါ ဘုရား) သဘောပါလား....(ပါ-ပါတယ်)လူဟာ လူ့သံယော ဇဉ်နဲ့ မစပ်မိအောင်လုပ်ယင်.... (ရပါတယ်ဘုရား) သဘော ပါကြလား.... (ပါ-ပါတယ်ဘုရား)။

အရင်က စပ်မိလို့ ခင်ဗျားတို့ ဇာတိ ဇရာ မရဏ လာတာ ကိုးဗျ (မှန်ပါ) အခုတော့ စပ်မိသေးရဲ့လား....(မစပ်မိပါဘူး) မဂ်သည် ဒါဖြင့် ကိလေသေ မာရေန္တော ဂစ္ဆတီတိမဂ္ဂေါ-ဆို တော့ တကာ တကာမတို့ ဒီကိလေသာ သူမသတ်ဘူးလား.... (သတ်ပါတယ်) နိဗ္ဗာန်ကော မပို့ဘူးလား.... (ပို့ပါတယ်) ခင်ဗျားတို့မှာ ဩော်.... နေပုံ ထိုင်ပုံနဲ့ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ခင်ပုံ ကြင်ပုံနဲ့ ပစ္စည်းဥစ္စာ မရ-ရအောင် ရှာပုံ တွေနဲ့ ကြည့်လိုက်လို့ရှိယင်ဖြင့် ဒီအလုပ်ကိုသာ မလုပ်တော့ ဘူးဆိုလို့ရှိယင် နိဗ္ဗာန်ဘယ်တော့မှ မရတော့ဘူး (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါက အလုပ်-လုပ်လိုက်ပြန်တော့လဲ.... (ရပါတယ်ဘုရား) ရမယ်ဆိုလို့ ရှေးက အနာထပိဏ်သူဌေးကြီးတို့ရပုံ ဝိသာခါတို့ ရပုံ သန္တတိ အမတ်ကြီးတို့ရပုံဟာ တကာ တကာမတို့ သံယော ဇဉ်ကြားထဲကနေ ရတာချည်းဘဲမှတ် (မှန်လှပါ) ဒီဖြတ်တတ်တဲ့ ဉာဏ်သာဝင်လိုက်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ဘာဝင်လိုက်တာလဲ.... (ဖြတ်တတ်တဲ့ဉာဏ်သာ ဝင်လိုက်)။

အဲဒီတော့ခင်ဗျားတို့က ဩော်-ကိုယ်ကလဲဂျီးထူသေးရဲ့ဒီရေ ကလေးချိုးပါဆိုတော့ မချိုးချင်ဘူးဆိုယင်ဘယ်တတ်နိုင်ပါ့မလဲ (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ) ကိုယ်ကလဲ ဂျီးထူသေးရဲ့ ဒီရေကလေး ချိုးပါဆိုတော့ (မချိုးချင်ဘူး) မချိုးချင်ဘူးဆို

တော့ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့လှုစေချင်တဲ့သဘော ရှဲချီး စေချင်တဲ့သဘော ရောက်သေးရဲ့လား (မရောက်ပါဘူး)။

ဒါဖြင့် ကိုယ့်ကိုယ်ကို သနားတဲ့သဘောကော (မရောက်ပါ ဘူး) ဒါဖြင့် ကိုယ့်ကိုယ်ကိုသနားလို့ရှိယင် လူဟာ လူ့သံယောဇဉ်ဖြတ်တဲ့အလုပ်လုပ်ပါ (မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီ) လူဟာ ဘာလုပ်ရမလဲ....(လူ့သံယောဇဉ် ဖြတ်တဲ့အလုပ်လုပ်ရ ပါမယ်) ကိုင်း....ဒါဖြင့် ၁-နံပါတ်မေးခွန်းဖြင့် တကာတကာမ တွေ စိတ်ရှုလဲ လူ့သံယောဇဉ် ပြတ်ပါတယ် (ပြတ်ပါတယ်) ဝေဒနာ ရှုယင်ကော (ပြတ်ပါတယ်ဘုရား) ရုပ်ရှုကော(ပြတ်ပါ တယ်ဘုရား)။

ပြတ်တာချည်းဘဲ ပဋိစ္စသမုပ္ပါဒ် ပြတ်လဲ သံယောဇဉ် ပြတ် တာဘဲ(မှန်ပါ့ဘုရား) ကောင်းကောင်းကျေနပ်ပလား....(ကျေ နပ်ပါပြီဘုရား) ဒါဖြင့် ဒီတရားမဆုံးဘဲ နေလိမ့်မယ် တကာ တကာမတို့ ဒုတိယ မေးခွန်းကလေး ဆက်လိုက်ဦးမယ်နော်.... (မှန်ပါ့ဘုရား)။

မေးပြန်တယ် ဘုရားကိုဝစ္ဆပုဏ္ဏားက လူဟာ လူ့သံယော ဇဉ်မစွန့်ဘဲနဲ့ နတ်ရွာသုဂတိရောက်နိုင်ပါ့မလား....မေးပြန်တယ် ဆက်ပြီးတော့ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တဲ့တုံး တကာ တကာမတို့ (လူဟာ လူ့သံယော ဇဉ်မစွန့်ဘဲနဲ့နတ်ရွာသုဂတိ ရောက်နိုင်ပါ့မလား နတ်ရွာသုဂတိ ရောက်နိုင်ပါ့မလား....တဲ့ အဲဒါကျတော့ ဘုရားက လူဟာ လူ့ သံယောဇဉ်မစွန့်ဘဲနဲ့နတ်ရွာသုဂတိတော့ ရောက်တယ်ကွ၊ ရှင်း ပလား(မှန်ပါ့ဘုရား)။

ဒါ့ကြောင့်ခင်ဗျားတို့ ဆုတောင်းတာ အဲဒါကျတော့လဲ နေရာကျတယ်၊ ဒီသား ဒီသမီးနဲ့ တပြုံကြီးသွားရပါလို၏၊ ရောက်တယ်ရောက်တယ် စိတ်သာချ၊ မရောက် မရှိပါဘူး၊ ရောက်နိုင်ပါတယ်၊ နိဗ္ဗာန်တော့မရောက်ဘူးနော် (မှန်လှပါဘုရား) နိဗ္ဗာန်တော့ ရောက်ပါ့မလား (မရောက်ပါဘူး)။

ကိုင်း....ဒါဖြင့် အခု ဝစ္ဆဟာ မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်လို့ မှတ်ပါ။ ဘုရားကိုယ်တော်တိုင် ဟောတာနော် (မှန်ပါ့) ဒီဝစ္ဆပရိဗိုဇ်ကလဲ တကာတကာမတို့ ကိုယ်တိုင်ပညာရှိလို့ ဘုရားကလဲ သူ့ရှေ့တွင် ဒီအကြောင်းတွေ နောင်လာ နောက်သားသိပါစေလို့ ဟောတာ (မှန်လှပါဘုရား) သဘောပါလား (ပါပါတယ်)ကဲ-ဒါဖြင့် ဒုတိယမေးခွန်းက တကာ တကာမတို့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိနတ်ပြည် ရောက်ပါ့မလားလို့ ဝစ္ဆက မေးတယ်၊ ဘုရားက ဘယ့်နှယ် ဖြေသလဲ (ရောက်ပါတယ်)။

ဒါဖြင့် သံယောဇဉ် တန်းလန်းနဲ့ ဒါန သီလတွေ လုပ်ပြီးလိုက်ပါ စိတ်သာချ ခင်ဗျားတို့ သုဂတိတော့မှီပါတယ် (မှန်လှပါ) နိဗ္ဗာန်တော့ ဘုရားက တာဝန်မခံဘူး (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)။

သုဂတိတော့.... (ရောက်ပါတယ်)။
နိဗ္ဗာန်တော့.... (တာဝန်မခံပါဘူး)။

နိဗ္ဗာန်ကျတော့ ဘုရားက တားတယ်၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်မလား ဆိုတုန်းက ဘယ့်နှယ်ဖြေခဲ့သတုံး (မရောက်ဘူးတဲ့) မရောက်ဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် အလုပ်လုပ်မှ ရောက်မယ်ဆိုတဲ့စကားဟာ နောက်ထပ် မသွင်းရပေဘူးလား (သွင်းရပါတယ်) ကဲ ဒုတိယ မေးခွန်းကျတော့ တကာတကာမတို့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိနတ်ပြည် ရောက်ပါ့မလားလို့ မေးတော့ ဘယ့်နှယ်ဖြေသလဲ (ရောက်ပါတယ်) အဲ–ဒါဖြင့် သူ့ကို ရမ်း-မဆိုပါနဲ့။

ဟောဒါက ဆွမ်းကွမ်း၊ အဲဒီ ဆွမ်းကွမ်းကို လှူရတဲ့အတွက် တပည့်တော်တို့သည် နတ်ဘဝ သွားရပါလို၏၊ ရောက်ရပါလို၏၊ လူ့ချမ်းသာ နတ်ချမ်းသာ ရရပါလို၏လို့ ခင်ဗျားတို့ဆုတောင်းတော့ တဏှာနဲ့ဘဲ တောင်းပါတဲ့၊ ရတယ်။

တဏှာသံယောဇဉ်နဲ့ဘဲ တောင်းချလိုက် မရဘူးလား-ရသလား.... (ရပါတယ်) နိဗ္ဗာန်တော့ (မရပါဘူး) သူက သံယောဇဉ်ဖြစ်နေလို့ မရဘူး.... (မှန်ပါ့)သူက သံယောဇဉ် ဖြစ်နေယင် ရပါ့မလား.... (မရပါဘူး) ရှင်းကြပလား (ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ ဘယ်အတွက်တုံး (နိဗ္ဗာန်အတွက်ပါဘုရား)။

အင်း.... ရှက်လို့ ပြောနေကြတာလား ခင်ဗျားတို့ တော်တော်ကြာ ကွယ်ရာကျတော့ တိုးတိုးပြော တမျိုးဖြစ်နေကြပါ့မယ်....ကိုင်း....ဒါဖြင့် တကာ တကာမတို့ အဲဒီတော့ နိဗ္ဗာန်ကြိုက်တဲ့ ပုဂ္ဂိုလ်က ဒုက္ခသစ္စာမြင်လို့ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) နိဗ္ဗာန်မကြိုက်သေးတဲ့ပုဂ္ဂိုလ်က ဒုက္ခသစ္စာ မသိသေးလို့ ဆိုတော့ သစ္စာမသိယင် နိဗ္ဗာန်မရဘူး (မှန်လှပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

သစ္စာမသိယင် (နိဗ္ဗာန်မရပါဘူး) သစ္စာသိယင် (နိဗ္ဗာန်ရပါတယ်)။

ကောင်းပြီဒါဖြင့် သစ္စာသိတဲ့အလုပ်က မဂ္ဂင်အလုပ်မှ သစ္စာသိတယ်(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီ)မဂ်မပါဘဲနဲ့ ဆုတောင်းအလုပ်တွေက သစ္စာသိပါရဲ့လား (မသိပါဘုရား)ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် သုဂတိရောက်မယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) သစ္စာသိတဲ့ပုဂ္ဂိုလ်.... (နိဗ္ဗာန်ရောက်ပါမယ်)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်.... (သုဂတိ ရောက်ပါမယ်) သစ္စာသိတဲ့ပုဂ္ဂိုလ် (နိဗ္ဗာန်ရောက်ပါမယ်) အဲဒီတော့ ခင်ဗျားတို့ ဒီခန္ဓာငါးပါးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အဲ....ဒါဖြင့်ဖြစ်ပျက်ဟူသည် ဘာသစ္စာလုပ်ကြမယ်....(ဒုက္ခသစ္စာပါဘုရား)။

ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာ)။

ဖြစ်ပျက်သိတာက (မဂ္ဂသစ္စာ)။

အဲဒါမဂ္ဂသစ္စာ လာလို့ရှိယင် သံယောဇဉ်တွေ အကုန်သွားမှာဘဲ (မှန်ပါ့) မသွားပါနဲ့ဆိုလို့ ရသေးရဲ့လား (မရပါဘုရား)။

အဲဒီတော့ အလုပ် လုပ်မှ သေသေချာချာ ရမယ်ဆိုတာပေါ်ကြပလား (မှန်ပါ့) ဒါဖြင့် ဒီတရားကလေး နှစ်လုံးတည်းဟောနိုင်တယ်၊နောက်ကိုနှစ်လုံးကျန်နေသေးတယ်နော် (မှန်ပါ့) ပဌမတလုံးကိုမှတ်ပါ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား.... (မရပါဘူး) အလုပ် လုပ်လိုက်ပြန်တော့ (ရပါတယ်) ရတယ်၊ ဒါကိုကျေနပ်ပြီနော်.... (မှန်ပါ့)။

ကဲ....ဒါထားပါဦး၊ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နတ်ရွာသုဂတိ ရောက်နိုင်ပါ့မလား.... (ရောက်နိုင်ပါတယ်ဘုရား)

ရောက်နိုင်တယ်တဲ့ ခင်ဗျားတို့ ဘာလူလူ- ဘာတန်းတန်းဒီသားသမီး၊ ဒီမြေး၊ ဒီမြစ်နဲ့ ဟုတ်လား၊ ငှက်ဖြစ် သော်လဲ

တကိုင်းတည်း၊ ဆင်ဖြစ်သော်လဲ တကျွန်းတည်း၊ တောင်းချင် တာတောင်း ရောက်ပါတယ်ဆိုတာ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူး) သဘောပါလား (ပါပါပြီ)။

ဒါဖြင့် အဲဒါကတော့ တဏှာ ဥပါဒါန်နဲ့ လုပ်နေတော့ တဏှာ ဥပါဒါန်နယ်ထဲမှာ သူက တဏှာ ဥပါဒါန်ဆိုတာက အာသဝကိုးဗျ၊နတ်ရွာ သုဂတိကလဲ အာသဝနယ်ဆိုတာသဘော ကျပလား (ကျပါပြီဘုရား)။

သူတို့က အာသဝမို့ အာသဝနယ်ထဲ ပို့ပေးတာ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ) သူတို့က ဘာတဲ့တုံး (အာသဝပါ ဘုရား) အာသဝဖြစ်သောကြောင့် အာသဝနယ်ထဲ မပို့ပေဘူး လား (ပို့ပါတယ်) အာသဝနယ်ဆိုတာ အို နာ သေ ဘေး ရှိတာ အာသဝနယ်ကိုးဗျ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ဒါဖြင့် အာသဝနယ်ကိုတော့ဖြင့် အာသဝပို့တယ်၊ ဟုတ်လား (မှန်ပါ့)။

အာသဝေါချုပ်တဲ့ တရားကတော့ အာသဝနယ် ပို့ပါ့မလား (မပို့ပါဘူး) ဒီစကားဟာ အင်မတန် အရေးကြီးတဲ့ စကား (မှန်ပါ့)။

ဒီစကားဟာ သိပ်အရေးကြီးတဲ့စကားလို့ ဒီတရားပွဲမှာ မှတ် စမ်းပါ (မှန်လှပါဘုရား) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိရောက်ပါ့မလားဆိုတော့.... ဘုရားက ဘယ့်နှယ်ဖြေသတုံး (ရောက်ပါတယ်) ရောက်တယ်၊ အာသဝနယ်မို့ အာသဝက ပို့တယ်(မှန်ပါ့) အာသဝမို့ အာသဝနယ် ပို့တယ်ကွ ပြောမယ် (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီ)။

ဘယ်လိုပေါ်သတုံး (အာသဝမို့ အာသဝနယ် ပို့တယ်) သူတို့ တဏှာ ဥပါဒါန်တွေက ကာမာသဝ ဘဝါသဝတွေမဟုတ်လား (မှန်ပါ့)။

အာသဝတရားရှိနေလို့ ဘယ်နေရာ ပို့လိုက်သတုံး(အာသဝနယ် ပို့ပါတယ်)အာသဝတရား ကုန်ရာ ပို့နိုင်ရဲ့လား (မပို့နိုင်ပါဘုရား) ကဲ....ဒါဖြင့် ခင်ဗျားတို့ အာသဝေါတရားကုန်ရာရောက်ချင်လို့ရှိယင်ဖြင့် လူဟာ လူ့သံယောဇဉ်စွန့်တဲ့ အလုပ်လုပ်ပါ (မှန်လှပါဘုရား) သဘောပါလား (ပါပါပြီ)။

လူဟာ (လူ့သံယောဇဉ် စွန့်တဲ့အလုပ် လုပ်ပါ) လူ့သံယောဇဉ်စွန့်တဲ့အလုပ် လုပ်ပါဆိုတာတော့ ရှေးတုန်းက-သဘောကျရဲ့လား (မကျပါဘူးဘုရား) ကဲ....ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိရောက်ပါ့မလားဆိုတော့ ဘယ့်နှယ်ဖြေလိုက်သလဲ (ရောက်ပါတယ်) အဲဒီတော့ ဒီ-အာသဝကဘဲပို့တယ်(မှန်ပါ့) သဘောပါလား (ပါပါပြီ) ဒီ-အာသဝသည် တကာတကာမတို့ သုံးဆယ့်တဘုံမှာ သူချယ်လှယ်နေတယ်ဆိုတာ သဘောကျကြပလား (ကျပါပြီ)။

နိဗ္ဗာန်မရောက်ယင်ပြီးရော သုဂတိတော့ ငါရောက်အောင်ပို့မယ်ဆိုပြီး ဘုံဘဝတောင်းတတဲ့ တဏှာတွေက မပို့ဘူးလား (ပို့ပါတယ်ဘုရား) ကဲ....ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သူပို့တာကို ကျေနပ်လို့ရှိယင်ဖြင့် သူပို့တာသည် အာသဝနယ်ပို့သောကြောင့် တကာတကာမတို့ လူခန္ဓာ- နတ်ခန္ဓာ- ဗြဟ္မာခန္ဓာ- ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) အဲ....ဒုက္ခသစ္စာကို သူ-ပို့နိုင် သဗျာ.... (မှန်လှပါ) ရှင်းပလား (ရှင်းပါပြီ)။

နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာတော့....(မပို့နိုင်ပါဘူး) သေချာပလား (သေချာပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဘယ်ဟာကို ကျုပ်တို့သည်အခုလို အသိဉာဏ်ရှိတဲ့ဘဝကြောက်ဘို့ကောင်းသတုံးလို့မေးတော့ လူဟာလူ့သံယောဇဉ်ကိုစွန့်တဲ့အလုပ်ကိုလုပ်ပါ(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) လူဟာ ဘာလုပ်ရမလဲ (လူ့သံယောဇဉ်စွန့်တဲ့ အလုပ် လုပ်ရပါမယ်) စွန့်တဲ့အလုပ်ကို လုပ်လိုက်တဲ့အခါ ကျုလို့ရှိယင် ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန် မရောက်ဘူးလား- (ရောက်ပါတယ်)။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ သုဂတိရောက်ဘို့ဘဲ လုပ်ရမယ်ဆိုလို့ရှိယင်ဒုက္ခငြိမ်းတဲ့ဆီရောက်ပါ့မလား(မရောက်ပါဘူး) မရောက်နိုင်တော့.... ဒီနှစ်ခုကို ခွဲခွဲခြားခြား မှတ်ပြီးသကာလ အင်းနောက်တခုကလဲ အာသဝေါနယ်ဖြစ်နေသောကြောင့်ဒို့....အိုနာ သေ ဘေး မလွတ်သေးဘူးလို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဝိပဿနာ အလုပ်ဟာဖြင့် မလုပ်မဖြစ်တဲ့အလုပ်ဘဲ လုပ်မိအောင်လုပ်ပါလို့ ယနေ့တိုက်တွန်းတယ် (မှန်လှပါ)ရှင်းပလား (ရှင်းပါပြီ)

ကဲ....ဒီတွင်တော်ကြဦးစို့....။

သာဓု.... သာဓု.... သာဓု....

★

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား မန္တလေးမြို့- ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော

စိတ္တာနုပဿနာ အလုပ်ပေး

# တရားတော်

(ဂ-၂-၆၁)

အားလုံး တကာ တကာမတွေ တရား-နှစ်လုံး သွင်းပါလို့ သတိပေးလိုက်တယ်နော်....တရား-နှစ်လုံးသွင်းဆိုတာက မိမိတို့၏ ခန္ဓာကိုယ်ထဲမှာ တရားရှိတယ်လို့ မှတ်ရမယ်၊ ဘယ်မှာတရားရှိပါလိမ့်....(မိမိတို့၏ ခန္ဓာကိုယ်ထဲမှာ ရှိပါတယ်) မိမိတို့ ခန္ဓာကိုယ်ထဲမှာ တရားရှိတယ်လို့ သေသေချာချာ မှတ်ထားကြပါ (မှန်ပါ)။

တရားရှာ—ခန္ဓာထဲမှာ တွေ့ရမယ်ဆိုတဲ့အတိုင်း ခန္ဓာထဲမှာ ကြည့်ပါလို့ သတိပေးလိုက်တယ် (မှန်ပါ) အဲဒီတော့ ဒီခန္ဓာကြီးကို တကာ တကာမတွေက စောင့်ပြီး-ကြည့်စမ်းပါလို့ ဒီက သတိပေးပြန်တယ်နော်....(မှန်ပါ) ဦးခင်မောင်....ဘယ်လိုကြည့်ရမယ်.... (စောင့်ပြီး-ကြည့်ရမယ်) စောင့်ပြီး—ကြည့်ရမယ်လို့ တကာ တကာမတွေ သေသေချာချာ မှတ်ပါ၊ဘယ်လိုကြည့်ကြရမယ်....(စောင့်ပြီး—ကြည့်ရပါမယ်)။

စောင့်ပြီးသကာလ အသက်ကလေး မှန်မှန်ရှူပြီးသကာလ ကြည့်ရမယ်၊ အသက်ကလေး မှန်မှန်ရှူပြီးသကာလ ကြည့်နေ

တဲ့အခါကျတော့ အာရုံတွေက တိုက်ချင်ရာက တိုက်လိမ့်မယ် ဆိုတာ မှတ်ထားရမယ်(မှန်လှပါဘုရား)အာရုံတွေက တိုက်ချင် ရာက တိုက်မယ်ဆိုလို့ရှိယင်ဖြင့် ဖြတ်ကနဲ မျက်လုံးဖွင့်လိုက်တယ် ဆိုလို့ရှိယင်ဖြင့် တကာ တကာမတွေ မှတ်ထားပါ ညှော်သည် ဖြစ်တဲ့ မြင်စိတ် ပေါ်လာတယ်လို့ မနေ့ကပြောတာ မှတ်မိကြ တယ်–မဟုတ်လား....(မှတ်မိပါတယ်ဘုရား) မျက်လုံးဖွင့်လိုက် တဲ့ အခါကျတော့ ဘယ်–စိတ်ပေါ်လာသတုံး.... (ညှော်သည်ဖြစ် တဲ့ မြင်စိတ်-ပေါ်လာပါတယ်)။

ညှော်သည်ဖြစ်တဲ့ မြင်စိတ်-ပေါ်လာတယ်၊ ကောင်းပြီ အဲဒီ ညှော်သည်ဖြစ်တဲ့ မြင်စိတ်ဟာ အရင်ကပါလာတာလား....ယခုမှ ဒီနားရောက်မှ ဒီအဆင်းနဲ့တွေ့လို့ ယခုမှ ပေါ်လာတာလား.... မေးယင် ဘယ်နှယ်ဖြေကြမလဲ-(ယခုမှ ပေါ်လာတာပါဘုရား) ဒါဖြင့် ပစ္စုပ္ပန်စိတ်ဘဲဆိုတာ မှတ်လိုက်တာပေါ့(မှန်ပါ့)ပစ္စုပ္ပန် စိတ်လို့ တကာ တကာမတွေက မှတ်ပါနော်....(မှန်ပါ့) ဘာ စိတ်ပါလိမ့်.... (ပစ္စုပ္ပန်စိတ်ပါဘုရား) အဲဒါကြောင့် ဘုရားက ရတ္တသုတ်မှာ ဟောထားတာက ပစ္စုပ္ပန်တည့်တည့် ရှုကြပါဟေ့ ဆိုတဲ့ အဓိပ္ပါယ်ကလေး ရှင်းပြပါတယ်။

အဲဒီတော့ တကာ တကာမတွေ သန္တာန်၌ မျက်လုံးကလေး ဖွင့်လိုက်ယင် မြင်စိတ်၊ မြင်စိတ်-ပေါ်သည်နဲ့ တပြိုင်နက် စောင့် နေတဲ့ သတိ သမာဓိ ပညာက တကာ တကာမတွေ ချက်ခြင်း လိုက်ပါ၊ဩော်....မြင်စိတ်ကလေး ပေါ်ပြီ၊ မြင်စိတ်ကလေး မရှိ ဘူးဆိုတာ ချက်ခြင်းလိုက်ပါ (မှန်ပါ့ဘုရား) သဘောကျကြပ လား....(ကျပါပြီ)။

ဒါ အလုပ်သင်နေတယ်လို့ သေသေချာချာမှတ်ပါ(မှန်ပါ့) မျက်လုံးဖွင့်လိုက်တော့ ဘာစိတ်-ပေါ်တုံး.... (မြင်စိတ်ပေါ်ပါတယ်ဘုရား) မြင်စိတ်-ပေါ်တာကလေးကို ဦးခင်မောင်တို့ လူစုက ဒီအတိုင်း မနေလိုက်ပါနဲ့ စောင့်နေတဲ့ သတိ ပညာက လိုက်လိုက်ပါနော်....(မှန်လှပါဘုရား)။

လိုက်-လိုက်တဲ့ အခါကျတော့ကို ရှိသေးရဲ့လား....(မရှိတော့ပါဘူး) မရှိတော့ "**စက္ခုဝိညာဏံ အနိစ္စံ**" ဆိုတဲ့အတိုင်း အမြင်ကလေးကို ဖြစ်ပျက်-ဖြစ်ပြီးပျက်တဲ့ ဓမ္မကလေးရယ်လို့ စောင့်နေတဲ့ တရားက မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား) စောင့်နေတဲ့ တရားက မြင်တော့ ငါမြင် သူမြင်တာလားလို့ မေးတဲ့အခါကျတော့ ငါမြင် သူမြင်ဆိုတာ မဟုတ်ပါဘူး၊ မြင်စိတ်ကလေးက မြင်ပြီးသကာလ မြင်စိတ်ကလေးက မမြင်ဘဲနဲ့ဘဲ ချုပ်သွားတယ်ဆိုတာ တကာ တကာမတွေ မှတ်ယူတာပေါ့(မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့ အခါကျတော့ မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်-ဆိုတာတော့ တကာ တကာမတွေ မှတ်မိကြပါလိမ့်မယ်နော်.... (မှန်ပါ့) မြင်စိတ်က ဘာတဲ့.... (ဖြစ်ပျက်ပါဘုရား)ရှုတာက....(မဂ်-ပါဘုရား)။

ရှုတာက ဝိပဿနာမဂ် ဖြစ်နေတော့ ဒီဟာတွေသည် ဘုန်းကြီးပြောတဲ့အတိုင်း တကာ တကာမတွေက စောင့်ကြည့်နေပြီး ပေါ်တဲ့ဓမ္မတွေကို မလိုက်တော့ပါဘူးလို့ တကာတကာမတွေက ခပ်ပေပေဖြင့် နေကြမယ်ဆိုလို့ရှိယင်ဖြင့် မြင်ယင် လိုချင်တယ် မလာဘူးလား....(လာပါတယ်) လိုချင်တယ်ဆိုတော့(တဏှာပါ)စွဲလန်းတယ် ဆိုတော့........(ဥပါဒါန်ပါ)။

အားထုတ်တယ်ဆိုတော့....(ကံပါ)။

ဒါဖြင့် ဒီ တဏှာ ဥပါဒါန် ကံတွေ မလာပေဘူးလား(လာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ မြင်စိတ်ကလေး ရှူမှု-ရှိုက်မှုနဲ့ စိုက်ပြီးသကာလ ကြည့်နေတုန်းဖြတ်ခနဲ မြင်စိတ်ကလေး ပေါ်တယ်၊ မြင်စိတ်ကလေးနောက်ကို တခါတည်း စောင့်နေတဲ့ဓမ္မတွေက ချက်ခြင်း လိုက်-လိုက်ပါ(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အကယ်၍ မလိုက်ဖြစ်တော့ပါဘူး၊ ဦးခင်မောင်တို့က မလိုက်ဖြစ်တော့ပါဘူး၊တကာသစ်တို့က မလိုက်ဖြစ်တော့ပါဘူးဆိုယင်ဖြင့် မြင်တာကို လိုချင်တယ် စွဲလန်းတယ် အားထုတ်တယ်ဆိုတဲ့ အနာဂတ် အကြောင်းသုံးခု တခါတည်း ပေါ်လာတယ်လို့ မှတ်ထားကြပါနော်....(မှန်လှပါ)။

ဘာပေါ်လာတယ်.... (အနာဂတ် အကြောင်းသုံးခု ပေါ်လာပါတယ်) အနာဂတ် အကြောင်းသုံးခု ပေါ်လာလို့ရှိယင် အနာဂတ် အကျိုးသုံးခုဆိုတဲ့ ဇာတိ ဇရာ မရဏ-ဒုက္ခသစ္စာ သုံးခု လာမလား-မလာဘူးလား....(လာပါမယ်ဘုရား)လာမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါတွေကြောင့် တကာ တကာမတွေ စောင့်ပြီးသကာလ ပေါ်ရာကို အနိစ္စရှုပါ၊ (ဝါ)ဖြစ်ပျက် ရှုပါဆိုတဲ့ဥစ္စာ ဘာခိုင်းတာတုံး.... မေးတဲ့အခါကျတော့ ဦးခင်မောင် မှတ်လိုက်စမ်းတဲ့ အခု ရှေ့က ပြထားတဲ့ တဏှာ ဥပါဒါန် ကံတွေ သတ်နေတာလို့ မှတ်လိုက် (မှန်လှပါဘုရား) ဘယ်လို မှတ်ကြမယ်.... (တဏှာ ဥပါဒါန် ကံတွေ သတ်တာပါဘုရား)။

တဏှာ ဥပါဒါန် ကံတွေ သတ်လိုက်တော့ အကြောင်းသုံးခု သတ်လိုက်တဲ့အတွက် ဇာတိ ဇရာ မရဏဆိုတဲ့ အနာဂတ်ဘဝ အကျိုးသုံးခုသည် လာသေးရဲ့လား....(မလာပါဘူးဘုရား) ဒါ စောင့်ပြီး–ကြည့်နော်....(မှန်လှပါ)။

ဒါဖြင့်စောင့်ပြီးမကြည့်တဲ့ပုဂ္ဂိုလ်များအတွက်မှာဖြင့် ဩဝါဒ ဘာများ ဖြစ်ရှာမှာပါလိမ့်မလဲလို့ တကာ တကာမတွေက မေးလို့ရှိယင်ဖြင့် မြင်တဲ့စိတ် ဖြစ်ပျက်မရှုတဲ့အတွက် လိုချင်တယ် စွဲလန်းတယ် မရ-ရအောင် အားထုတ်မယ်ဆိုတဲ့ တရားသုံးခု မလာ ပေဘူး လား.... (လာပါတယ် ဘုရား) ဒါ အနာဂတ် အကြောင်း မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အနာဂတ် အကြောင်းဆိုတာ အခု အကြောင်းတော့ လုပ် ထားတာဘဲ၊ သေသည်၏ အခြားမဲ့၌ ဇာတိ ဇရာ မရဏ မလာပေဘူးလား....(လာပါတယ်)ဇာတိ ဇရာ မရဏဟာ ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာတွေ လာမှာစိုးလို့ ဘုန်းကြီးက တကာ တကာမတွေ မြင်စိတ်-ပေါ်လို့ရှိယင် မြင်စိတ်ကို ဖြစ်ပျက်ရှုပါ၊ ညွှတ်သည့်စိတ်ကလေးပါ၊ ငါမြင်-သူမြင် မဟုတ်ပါဘူး၊ အခုမှ အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာပါ၊ အဲဒီ အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာကလေးကို ခင်ဗျားတို့က**ငါလဲမထင် ပါနဲ့ သူလဲမထင်ပါနဲ့ အနိစ္စကလေးလို့သာလျှင် မထင် ထင်အောင် လိုက်ပါ၊ အနိစ္စမို့-အနိစ္စ သိအောင်လုပ်ပါလို့** ဆိုတာ အလုပ်သင်တာဘဲလို့ တကာ တကာမတွေ မှတ်လိုက် စမ်းပါ(မှန်လှပါဘုရား) ဒါ အလုပ်သင်နေတာနော်....တကာ တကာမတို့(မှန်လှပါဘုရား)မြင်ယင် ဘာလုပ်ရမယ်....(ဖြစ်ပျက်

ရှုရပါမယ်) မြင်ပြီးယင် ဘယ်သူလိုက်လာမယ်.... (**တဏှာ ဥပါဒါန် ကံ လိုက်လာမယ်**)တဏှာ ဥပါဒါန် **ကံ** လိုက်လာ **မယ်**(မှန်ပါ့)။

သေသည်၏အခြားမဲ့၌ ဘာတွေများ အမွေ ရမလဲလို့ မေးလို့ရှိယင် ဇာတိ ဇရာ မရဏ ရမယ်(မှန်လှပါဘုရား) ဘာ-တွေရမယ်.... (ဇာတိ ဇရာ မရဏ ရမယ်) ဇာတိ ဇရာ မရဏ ရလိမ့်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ မြင်ရုံကလေးဘဲ ဘာ အပြစ်ရှိသတုံးဆိုတာ ဦးခင်မောင်တို့ ဒီစကား မသုံးလိုက်ပါနဲ့ လို့ တကာသစ်တို့ကိုလဲ သတိပေးလိုက်တယ်....(မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဒါဖြင့် ဒီစိတ်ကလေးဟာ ညွှတ်သည် လား....၊ အိမ်သည်လားလို့ဆိုတာ ယခု ဒီရောက်မှ ပေါ်တာဘဲ ဆိုကြပါစို့....(မှန်လှပါဘုရား)။

ဒါဖြင့် ညွှတ်သည်စိတ်ကလေး ဘာလုပ်ရမယ်.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား) ထိုင်ရင်းမတ္တာနဲ့ကော စောင့်နေရင်းမတ္တာနဲ့ကော ဟိုဘက်က ဒိုင်းကနဲ ဒုန်းကနဲ အသံကလေးက ကြားပြန်တယ် ဆိုတော့ တကာတကာမတို့ ဘာစိတ်ပေါ်မလဲ....(ကြားစိတ်ပေါ် ပါတယ်ဘုရား) ကြားစိတ်ပေါ်လို့ ကြားရတာ လန့်သွားတယ် ဆိုတော့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ကြားစိတ်ကလေးလာလဲ တကာတကာမတွေ စောင့်ပြီးရှုပါဆို တာ မရှုလိုက်မိတဲ့အတွက် ဒီကနေပြီး ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ ကျအောင် ပဋိစ္စသမုပ္ပါဒ်

အဆုံးက ဆက်မလာဘူးလား....(ဆက်လာပါတယ်ဘုရား) ဆက်လာတော့ကို ဒါလဲ အနာဂတ်အကြောင်း ဖြစ်ထိုက် - မဖြစ်ထိုက် (ဖြစ်ထိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရ ပြီးတော့ ဝိညာဏ်မလာဘူးလား....(လာပါတယ်) ဝိညာဏ်ဆိုတော့ ပဋိသန္ဓေလာခဲ့သော် တကာတကာမတို့ ခင်ဗျားတို့၏ ဇာတိထဲက ပုဂ္ဂိုလ်က ဇာတိသွား၊ ဇရာထဲက ပုဂ္ဂိုလ်ကလဲ ဇရာသွား၊ ဗျာဓိထဲနေပြီး ဗျာဓိသွားတဲ့ ပုဂ္ဂိုလ်ထဲ ကျုပ်တို့ အပါအဝင် မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါ စိုးရိမ်တဲ့အတွက် တကာတကာမတွေ ဒါကလေးဟာ အိမ်သည်လား.... ဧည့်သည်လား စဉ်းစားစမ်း၊ ကြားစိတ်ကလေးဟာ.... (ဧည့်သည်ပါဘုရား) ခုမှပေါ်လာတဲ့ ဧည့်သည်ကလေးဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ.... ဒါ ဆရာဘုန်းကြီးသည် ဘယ့်နှယ်ကြောင့် တကာ တကာမတွေကို စိတ္တာနုပဿနာ သင်ရပါသလဲလို့ ဦးခင်မောင် မေးတို့ မလိုဘူးလား.... (လိုပါတယ်ဘုရား) တကာ တကာမတို့ အခု ဘာဟောနေပါလိမ့်.... (စိတ္တာနုပဿနာ ဟောနေပါတယ်ဘုရား)။

စိတ္တာနုပဿနာကို မနေ့ကစပြီး ယနေ့ ဆက်ဟောပြန်တယ် ဆိုတာကို တကာတကာမတွေက သိထားတော့မှ စိတ္တာနုပဿနာကို သမ္မောအင်္ဂကထာ ဆရာက ကွာ....တဲ့၊ ဉာဏ်ကလဲ နုံ့ကြတယ်၊ ဒိဋ္ဌိကလဲများကြတယ်၊ ငါစိတ်လို့ ထင်တယ်၊ ငါခွားတယ်လို့ ဒီဥစ္စာ ထင်လို့ရှိယင် ဒိဋ္ဌိ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)ငါမြင်တယ်ဆိုယင်ကော—(ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ညာဏ်နဲ့တဲ့ပုဂ္ဂိုလ်တွေလဲ ဖြစ်ပြန်တယ်၊စိတ်ပေါ် မှာလဲ သူတို့က ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လေသောကြောင့် အပါယ်လေးပါးသွားမှာ အင်မတန်မှ နီးကပ်တဲ့တရား ဖြစ်နေသောကြောင့် တကာတကာမတို့ စိတ္တာနုပဿနာကို အရင်ရှုပါ-(မှန်လှပါဘုရား) သဘောပါကြလား.... (ပါ-ပါတယ် ဘုရား) ဘာရှုရမလဲ....(စိတ္တာနုပဿနာ အရင်ရှုရမယ်)။

စိတ္တာနုပဿနာ အရင်ရှုတော့ ဒိဋ္ဌိက ပြုတ်တယ်လို့ တကာ တကာမတွေ မှတ်ထားစမ်းပါ.... (မှန်လှပါ) စိတ္တာနုပဿနာ အရင်ရှုတော့....(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိပြုတ်တယ်လို့ မှတ်ထားလိုက်တော့ကို ဘုန်းကြီးတို့ တကာ တကာမတွေ့၌တဲ့၊ ဩော်....ဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့တွေ ကြောင့် အပါယ်ရောက်နေတဲ့ ဥစ္စာဖြင့် ဒို့ ဒါ ဝိပဿနာရှုတာ ဘာပါလိမ့်မတုံးလို့ မေးမနေနဲ့ ဒိဋ္ဌိသတ်တာလို့ မှတ်လိုက်ပါ၊ (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) ဘာ သတ် တာပါလိမ့်.... (ဒိဋ္ဌိသတ်တာပါဘုရား) ဒိဋ္ဌိသတ်နေတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကဲ....ဒါဖြင့် စိတ်-နှစ်စိတ် ပြီးသွားပြီနော်....၊ ညွှန်သည့်နှစ်ခု ပြီးသွားပြီ....(မှန်ပါ) အနံ့ကလေးတခု နံ့ယင်လဲ လူတွေထဲမှာ နေကြတဲ့အတွက် နံ့တော့ နှာခေါင်းထဲ နံ့စိတ်ကလေး မပေါ် ဘူးလား....(ပေါ်ပါတယ်ဘုရား) နံ့စိတ်ကလေးဖြစ်ပျက် လိုက် ပြီး ရှုပါ တကာတကာမတို့....နော်....(မှန်ပါ)။

မရှုလို့ရှိယင်ဖြင့် နံ့တဲ့ အနံ့က ဘယ်သူက နံ့တယ်၊ ဘယ်က နံ့တယ် ဆိုလို့ရှိယင် ဒေါသ သောက ပရိဒေဝ မလိုက်ပေဘူး လား....(လိုက်ပါတယ်ဘုရား) လိုက်လို့ရှိယင် အဝိဇ္ဇာက ပါ-မ

လာဘူးလား....(ပါလာပါတယ်ဘုရား) "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ "နဲ့ အနာဂတ်ဘဝတွေ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါ့ကြောင့် နံ့တဲ့စိတ်ကလေး နှာခေါင်းထဲ ညှော်သည့်စိတ်ကလေး ပေါ်တော့ ဘာလုပ်ရမယ်....(ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက် ရှုပေးပါတဲ့၊ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ ဒီက ဒုက္ခဒေါမနဿတွေ တကာတကာမတွေ မသေဘူးလား.... (သေပါတယ်ဘုရား) ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ နောက်က လာမည့် ဒုက္ခ ဒေါမနဿ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရတွေ မသေကြဘူးလား....(သေပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဒီစိတ်တွေ ပေါ်လာယင် မြင်စိတ်-ပေါ်လဲ ဖြစ်ပျက် ရှုပါဆိုတာ သဘောကျပလား.... (ကျပါပြီ) ဘာဖြစ်လို့ သဘောကျသတုံးလို့ မေးတဲ့အခါကျတော့မှ အနာဂတ်အကြောင်းတွေ ပြတ်လို့ အနာဂတ်အကျိုးတွေ မပေါ်တာပါဘုရားလို့ ဆိုတာ ခင်ဗျားတို့ အကျိုးခံစားရတာဘဲ.... (မှန်ပါ့ဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီ) အနာဂတ်အကြောင်းတွေ....(မပေါ်လာလို့) ပြတ်သွားတယ်.... (မှန်ပါ့ ပြတ်သွားပါတယ်) ဒါဖြင့် အနာဂတ်အကျိုးတွေ ဘယ့်နှယ်ဖြစ်မလဲ....(မပေါ်ပါဘူး)။

ဒါဖြင့် တကာတကာမတို့ ဒီဟာသည် အဝိဇ္ဇာ သင်္ခါရကို သတ်နေတဲ့တရားဘဲဆိုယင်ကောလွဲပါ့မလား(မလွဲပါဘူးဘုရား) အဲဒီတော့ ဝိပဿနာသည်တဲ့.... နောက်ခန္ဓာအစဉ် ပြတ်သွားအောင် ရှုတာပါဘဲဆိုတာ ရိပ်မိကြပလား(ရိပ်မိပါပြီ) ဝိပဿနာဆိုတာ ဘာပါလိမ့်.... (နောက် ခန္ဓာအစဉ်ပြတ်သွားအောင်

ရှုတာပါ) နောက်- ခန္ဓာအစဉ် ပြတ်သွားအောင် ရှုတော့ကို နောက်ခန္ဓာအစဉ်ဟာ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား) ပြောပ်.... ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များ ဒုက္ခ ပြတ်ပါကလား ဆိုတာ တပွဲလုံးမှတ်ရလိမ့်မယ်.... (မှန်လှပါဘုရား) ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်များ (ဒုက္ခပြတ်ပါတယ်)ဒုက္ခပြတ်တယ်ဆိုတာ သေ ချာကြပလား.... (သေချာပါပြီ)။

ကောင်းပြီဒါဖြင့် လျှာပေါ်မှာ ကိုယ့်တံတွေးဘဲ မျိုမျို၊ စားစိတ်ကလေးတွေဘဲပေါ်ပေါ် မပေါ်ဘူးလား- (ပေါ်ပါ တယ်ဘုရား) ရှေးကပေါ်တာလား ခုမှပေါ်တာလား (ခုမှ ပေါ်တာပါဘုရား) ဒါဖြင့် ပစ္စုပ္ပန်စိတ်(မှန်ပါ့) ပစ္စုပ္ပန်စိတ် ဘဲဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အဲဒီ ပစ္စုပ္ပန်စိတ်ကလေးကို တကာတကာမတွေ့က ဖြစ်ပျက် ဆိုတဲ့အနိစ္စ ရှုဖြစ်အောင်ရှုပါ (မှန်ပါ့) မရှုလို့ရှိယင်ဖြင့် စား ရတာ ကောင်းယင် တဏှာ ဥပါဒါန် ကံ- လိုက်ပါလိမ့်မယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) စားရတာ ကောင်း ယင် (တဏှာ ဥပါဒါန် ကံ လိုက်ပါလိမ့်မယ်)။

စားရတဲ့စိတ်ကလေးက မကောင်းဘူးလို့ ခင်ဗျားတို့ ထင် လို့ရှိယင်.... ဒေါသ သောက ပရိဒေဝ (လိုက်ပါ လိမ့်မယ် ဘုရား) စားတာမှ စားတဲ့စိတ်ကလေး ပေါ်မှန်းမှ မသိလို့ရှိ ယင် အဝိဇ္ဇာသင်္ခါရ လိုက်မယ် (မှန်ပါ့ လိုက်ပါမယ်ဘုရား) မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)ဒါဖြင့်ပဋိစ္စသမုပ္ပါဒ် တွေချည်း ဆက်-လိုက်နေတော့ တကာတကာမတို့ အကြောင်း တွေချည်း ဆက်လိုက်နေတဲ့အတွက် အကျိုးဒုက္ခတွေမရပေဘူး လား.... (ရပါတယ်ဘုရား)။

အဲဒါ ဘုရားကအရှုခိုင်းတော်မူတဲ့အတိုင်း ဘုန်းကြီးက စိတ္တာနုပဿနာ အရှုခိုင်းတာ၊ ဒိဋ္ဌိသတ်ပြီးသကာလ— ဒိဋ္ဌိသတ်လို့ရှိယင် **သောတာပန် တည်တယ်လို့ မှတ်ပါ။ တဏှာသတ်လို့ရှိယင် သကဒါဂါမ်, အနာဂါမ်, ရဟန္တာ တည်တယ်လို့ မှတ်ပါ** (မှန်ပါ့) **ဒါ့ကြောင့် သောတာပန် အရင်တည်အောင်လို့ စိတ္တာနုပဿနာကို စ-ဟောနေတယ်** (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သောတာပန်တည်အောင်လို့ ဘာအနုပဿနာဟောသလဲ.... (စိတ္တာနုပဿနာဟောပါတယ်) စိတ္တာနုပဿနာ ဟောနေတယ်ဆိုတာ ကျေနပ်ကြပလား....(ကျေနပ်ပါပြီ) ဘယ့်နှယ်ကြောင့် စိတ္တာနုပဿနာ ဟောရပါလိမ့်မတုံးဆိုတော့— ဒါ ငါစားတယ်ဆိုတော့ စားတာက တကာ တကာမတွေ့ စားစိတ်က စားတာကို ခင်ဗျားတို့က ငါ စားကောင်းလိုက်တာလို့ မထင်ဘူးလား.... (ထင်ပါတယ်ဘုရား)။

ဒါဖြင့် စိတ်ပေါ်မှာ— စားစိတ်ပေါ်မှာ ဒိဋ္ဌိ ပါ-မပါ.... (ပါ-ပါတယ်ဘုရား) ငါ စားကောင်းလို့ ငါ့သမီးကလေး ငါ့သားကလေးလဲ ငါ ကျွေးချင်လိုက်တာဆိုတော့ အတ္တနိယ= ငါ့ဟာကော မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲ....ငါဆိုတဲ့ အတ္တ လာလို့ရှိယင် ငါ့ဟာဆိုတဲ့ အတ္တနိယ လာမှာစိုးတဲ့အတွက် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စိတ္တာနုပဿနာ အရှုခိုင်းပါတယ် ဆိုတာကော ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား) ကိုင်း.... ခန္ဓာကိုယ်မှာ ယားတယ် နာတယ် တကာ တကာမတို့၊ ဟို-အိမ်က ပါလာတာလား- ဒီကျမှ

ယားတာ နာတာလား.... မေးယင် ဘယ့်နှယ်ပြောကြမယ်.... (ဒီကျမှ ယားတာ နာတာပါဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ယား နာတဲ့စိတ်၊ဒုက္ခသဟဂုတ်ကာယဝိညာဏ် စိတ်၊ သေချာပလား.... (သေချာပါပြီ) အဲဒါ ပေါ်ရာကို လိုက်ပါလို့ဆိုတော့ တကာသစ်တို့က ဖြစ်စေ၊ ဦးခင်မောင်တို့က ဖြစ်စေ၊ လိုက်ပြီး ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်ဟာ– တန်းမသွားဘူးလား.... (တန်းသွားပါတယ်ဘုရား)။

ဒီလိုလဲ မရှုတော့ပါဘူးဆိုယင် နာတာကို မခံချင်စိတ်လာတဲ့ အခါကျတော့ ဒေါသ သောက ပရိဒေဝ တွေ–နောက်ကလိုက် မလား–မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား) လိုက်ပြန်လို့ ရှိယင်လဲ အဝိဇ္ဇာ သင်္ခါရ နဲ့တကွ– တွဲပြီးသကာလ အနာဂတ် အကျိုးတွေ ကိုယ်ပိုင် မရပေဘူးလား- ရမလား.... (ရပါမယ် ဘုရား)။

အဲဒါရမှာ စိုးတဲ့အတွက် တကာ တကာမတို့၏ နောက်ဒုက္ခ တွေ ဖြတ်နေတာဆိုတာကော ကျေကျေနပ်နပ် သဘောကျရဲ့ လား.... (ကျပါတယ်ဘုရား) ဘာဖြတ်နေတာတုံး.... (နောက် ဒုက္ခတွေ ဖြတ်နေတာပါဘုရား) ခင်ဗျားတို့ ရပြီးသားဒုက္ခကို မမြင်တဲ့ပုဂ္ဂိုလ်ဟာ နောက်ဒုက္ခ ဘယ်တော့မှ မဖြတ်နိုင်ဘူးနော် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ရပြီးသားဒုက္ခကို မမြင်တဲ့ ပုဂ္ဂိုလ်များဟာ.... (နောက်ဒုက္ခ မဖြတ်နိုင်ပါဘူး) ဟော.... ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ မှတ်ထားပါ (မှန်ပါ့)။

ဖြစ်ပျက် ဟူသရွှေဟာ ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါ ဘုရား) အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာလဲ ဖြစ်ပြီးပျက်တဲ့ ဓမ္မမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘူးဘုရား)ဘာမှ

မရှိတော့ တကိုယ်လုံး ဘာသစ္စာဖွဲ့မတုံး.... (ဒုက္ခသစ္စာဖွဲ့ပါမယ်) အဲ- တကိုယ်လုံးဒုက္ခသစ္စာချည်းဘဲ၊ နာမကာယလည်းတာ ပေါ်ရာ ဒုက္ခသစ္စာချည်းဘဲ မှတ်ထား (မှန်ပါ) ပေါ်တဲ့ ဓမ္မဟူသရွေ့ ဘယ်နှယ်ဆိုကြမလဲ.... (ဒုက္ခသစ္စာချည်းပါဘုရား)။

အင်း....ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း နောက်က ဝိပဿနာနဲ့ ရှုလိုက်တော့ မဂ္ဂသစ္စာ ပေါ်လာတယ် ဆိုတာတော့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

မဂ္ဂသစ္စာ ပေါ်လာပြန်တော့လဲ မဂ်သည် ဘာလုပ်ပါလိမ့်မလဲဆိုတော့ တကာ တကာမတို့ အနာဂတ်အကြောင်းတွေလဲ ဖြတ်သောကြောင့် အနာဂတ်အကျိုးတွေ လာသေးရဲ့လား.... (မလာပါဘူး)အဲဒီကျအောင် တကာ တကာမတွေ ဒါတဘဝနဲ့ ကိစ္စပြီးတဲ့တရားဆိုတာကော ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)

ဘယ်လိုပါလိမ့်.... (တဘဝနဲ့ ကိစ္စပြီးတဲ့တရားပါဘုရား) တဘဝနဲ့ ကိစ္စပြီးတဲ့တရား ခင်ဗျားတို့ ဒုက္ခတာရှည် ခံချင်သလားတဲ့၊ ဒီဘဝမှာ ကိစ္စတုံးသွားကြယင် မကောင်းဘူးလားဗျာ.... (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် မကြိုးစားယင်တော့ မရဘူးဆိုတာတော့ ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ကြိုးစားကြပါဆိုတာ ဒီကနေပြီး ဘုန်းကြီးက လေးလေး နက်နက်ဘဲ ခင်ဗျားတို့ကို တိုက်တွန်းနှိုးဆော်ပြီးသကာလ ကိုယ့်အရေး ကိုယ်သိကြပါဆိုတာကော သေသေ ချာချာ ပြောပေးနေတယ် ဆိုတာကော ရှင်းကြပလား (ရှင်းပါပြီဘုရား) ကောင်းပြီ ဒါဖြင့် ကိုယ်ပေါ်မှာ တကာ တကာမတွေ တခါတလေကျတော့ လေလဲတိုက် မီးလဲလှုံ ချမ်းတဲ့အခါ မီးလေးလှုံတဲ့ အခါကျတော့ ကောင်းစိတ်ကလေးများ—

ချမ်းသာတဲ့စိတ်ကလေးများ မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ပေါ်သည်နှင့် တပြိုင်နက်တည်း ချမ်းသာတဲ့ စိတ်ကလေးက ချမ်းသာလိုက်တာ- သဘောကျလိုက်တာ- နှစ်သက်လိုက်တာ.... ဆိုတဲ့ သဘောမျိုးဆိုယင် တဏှာ ဥပါဒါန် ကံ-မလာပေဘူးလား.... (လာပါတယ်) အဲဒါ လာမှာစိုးတဲ့အတွက်–အနာဂတ် အကြောင်းတွေ လာမှာစိုးတဲ့အတွက် ဦးခင်မောင်ရေ သုခကလေးပေါ်ယင်လဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အင်း....သုခက ဖြစ်ပျက်၊ ရှုတာက မဂ် (မှန်ပါ့) သုခက (ဖြစ်ပျက်) ရှုတာက.... (မဂ်ပါဘုရား) ဒီလိုသာ သံသရာပြတ်သွားမယ်ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတွေ ဒီဘက်က ပေါ်လာတာ သမုဒယသစ္စာကလေး ရှိသေးရဲ့လား.... (မရှိပါဘူး ဘုရား) သူက လုပ်မှ ဖြစ်မည့် နောက် ဇာတိ ဇရာ မရဏ-ဒုက္ခသစ္စာကော.... (မရှိပါဘူး)။

မရှိတော့ တကာ တကာမတို့ သစ္စာမရှိ သမုဒယနှင့် ဒုက္ခကို ခင်ဗျားတို့ ဖြတ်ပေးနေတဲ့ အလုပ်ဆိုတာ သေသေချာချာ မှတ်ပါ (မှန်လှပါဘုရား) ဒီသုံးခုက သမုဒယသစ္စာ၊ နောက်လာမှာက.... (ဒုက္ခသစ္စာပါဘုရား) ယခုပြုလို့ နောက်ကမရှုဘဲနဲ့ ဆက်လာတာက ဘာဆိုကြမယ်.... (ဒုက္ခသစ္စာပါ) မရှုယင် ဆက်လာမယ်ဆိုတာက မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

တဏှာ ဥပါဒါန် ကံ–မလာပေဘူးလား.... (လာပါတယ် ဘုရား) အဲဒါက ဘာသစ္စာလဲ.... (သမုဒယသစ္စာပါဘုရား)

ဒါဖြင့် သေသည့်၏အခြားမဲ့၌ ဇာတိ ဇရာ မရဏက မလာပေဘူးလား.... (လာပါတယ်ဘုရား) အဲဒါတွေက ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များမှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပြတ်တယ်....(မှန်ပါ)။

ဦးခင်မောင် ဘာပြတ်ပါလိမ့်....(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ပြတ်ပါတယ်ဘုရား) နောက်က တကာ တကာမတွေ သေသေချာချာ အနည်းနည်းနဲ့ ပြနေတယ်(မှန်ပါ) ဒီ ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာ ဥပါဒါန် ကံဆိုတဲ့ သမုဒယသုံးခုကော လာသေးရဲ့လား.... (မလာပါဘူးဘုရား)သမုဒယဖြစ်ကြောင်း သုံးခုဆိုတယ်နော်.... (မှန်ပါ) ဖြစ်ကြောင်းသုံးခု မလာတော့ ဖြစ်ကျိုးသုံးခုဆိုတဲ့ ဇာတိ ဇရာ မရဏ ကော–လာသေးရဲ့လား (မလာပါဘူးဘုရား)။

ဩော်.... ဒါဖြင့် ဒိုကို စိတ္တာနုပဿနာ ပေးထားတာသည် ကားလို့ဆိုယင်ဖြင့် သမုဒယနဲ့ ဒုက္ခ– ချုပ်အောင် လုပ်တာပါလားဆိုတာကော ကျေနပ်ပလား.... (ကျေနပ်ပါပြီ)ဒါဖြင့်လုပ် ဖြစ်အောင်လုပ်ပါလို့ အားလုံးကိုတိုက်တွန်းရတယ်နော်(မှန်ပါဘုရား)မလုပ်ယင်ဖြင့် တကာသစ် ဖြစ်ကိုမဖြစ်ဘူး (မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် အပြင်ညော့သည် ခြောက်ခု ပြီးသွားပြီ (ပြီးသွားပါပြီ) အတွင်း ညော့သည်ငါးခု ရှိသေးတယ်ဆိုတာကိုလဲ ရှင်းပြပါမယ်၊ အတွင်းညော့သည်က တခါတလေ ကျတော့ လောဘအမျိုးမျိုး ပေါ်တတ်တယ် နော်.... (မှန်လှပါဘုရား) အဲဒီ လောဘကလေး ပေါ်လာလို့ ရှိယင်လဲ တကာ တကာမတွေ ဘာလုပ်ကြရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)

ဖြစ်ပျက်ရှုလိုက်လို့ရှိယင် လောဘ-ဟာ လောဘ ကလေး ချုပ်သွားပြီးသကာလ တဏှာတွေချုပ်သွားတော့ ဥပါဒါန် ကံ တွေ လာသေးရဲ့လား.... (မလာပါဘုရား) မလာတော့ အနာ ဂတ်အကြောင်းတွေ ဘယ့်နှယ် နေသလဲ (ချုပ်သွားပါတယ်) အနာဂတ် အကြောင်းချုပ်တော့ အနာဂတ် အကျိုးတွေကော လာနိုင်သေးရဲ့လား (မလာနိုင်ပါဘူးဘုရား)။

ဪ....ဒါဖြင့် ဒို့ လောဘလာလဲ ဖြစ်ပျက်ရှုဘို့ဘဲ ဆိုပြီးသ ကာလ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ.... လုပ်ရမှာပေါ့ဗျာ.... (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

အကယ်၍ အကြောင်းမညီညွတ်တဲ့အခါကျတော့ခန္ဓာကိုယ် ထဲမှာ ဒေါသကလေး ပေါ်လာတဲ့ အခါကော မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒါကလေးလဲ ဦးခင်မောင်ရေ သတိထား ပြီးသကာလ စိုက်ပြီး ရှုလိုက်တာပေါ့.... (မှန်လှပါ) ဒေါသ စိတ်ကလေးရှုလိုက်တော့ ဒေါသက ဒေါသလား ဖြစ်ပျက်လား (ဖြစ်ပျက်ပါဘုရား) ရှုတာက(မဂ်ပါဘုရား)။

အဲဒီတော့ သောက ပရိဒေဝ နောက်က ချုပ်-မချုပ်(ချုပ် သွားပါတယ်ဘုရား) ချုပ်ခြင်းကြောင့်တကာတကာမတို့အဝိဇ္ဇာ တဏှာကနောက်ဘဝဆိုတဲ့ လုပ်စရာ ပေါ်သေးရဲ့လား (မပေါ် ပါဘူးဘုရား) ဪ....ဒါဖြင့် မဂ်တခုသည် ငါတို့ကိုကယ်မည့် ယူမည့် တရားဘဲဆိုတာ သေချာပလား (သေချာပါပြီဘုရား) မဂ်တခုဟာဘာပါလိမ့် (ကယ်မည့် ယူမည့် တရားပါဘုရား)။

အဲဒီတော့ ကယ်မည့်ယူမည့်တရားကို ဘုန်းကြီးတို့ တကာ တ ကာမတွေ မလုပ်ဖြစ်ကြဘူးဆိုလို့ရှိယင် ခင်ဗျားတို့ ကယ်မည့်

ယူမည့်တရားမရှိတဲ့ ပုဂ္ဂိုလ်တွေဘဲ (မှန်လှပါဘုရား) ရေထဲနစ်နေတဲ့ပုဂ္ဂိုလ်ဟာ လှေကလဲမလာ၊သင်္ဘောကလဲမလာ သူ့ကိုဆယ်မည့်သူကလဲ မပါဆိုတော့ ဒီရေနစ်သမားလောက် ကံနည်းတာရှိသေးရဲ့လား.... (မရှိပါဘူးဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ရေထဲနစ်နေတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ ကယ်မည့်ယူမည့်သူက ပေါ်သေးရဲ့လား.... (မပေါ်ပါဘူး) ခင်ဗျားတို့မှာလဲတဲ့.... ကံကပစ်ချလိုက်တဲ့အခါ ကျတော့ တဏှာ ရေထဲမှာ မျောနေကြတယ်၊ တဏှာရေထဲမှာ အကုန်မြုပ်နေကြတယ် (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့ကို ကံ-ကပစ်ချလိုက်တာ ဘယ်ရေထဲ ပစ်ချလိုက်ပါလိမ့် (တဏှာရေထဲပစ်ချလိုက်ပါတယ်ဘုရား) တဏှာရေထဲမှာ ခင်ဗျားတို့ တောင်ရောက်သွား မြောက်ရောက်သွား ဘာဖြစ်လို့သွားတာတုံး ကယ်မည့်သူမတွေ့လို့၊ မြောက်က လူကတောင်သွားတာကော (ကယ်မည့်သူမတွေ့လို့) အရှေ့ကလူကအနောက်သွားတာကော.... (ကယ်မည့်သူမတွေ့လို့)အနောက်ကလူက အရှေ့သွားတာကော (ကယ်မယ့်သူမတွေ့လို့)။

ဘယ်ထဲမျောနေတုံး(တဏှာရေထဲ မျောနေပါတယ်ဘုရား) ဟော.... ကံ-က ပစ်ချလိုက်တာ တကာ တကာမတို့ တဏှာရေထဲမျောနေတော့ အင်း.... တဏှာရေထဲမျောနေတော့ တော်တော်ကြာကျလို့ရှိယင် တဏှာဆိုတာ ကာမာသဝ (မှန်ပါ့) အာသဝဆိုတာ ဝဲသြဃ၊ သြဃဆိုတာ တခါတည်း တဏှာရေယဉ် လည်ပါများလို့ရှိယင် နောက်ဆုံးပိတ် ကျတော့ တကာသစ် မြုပ်သွားတာဘဲ (မှန်ပါ့)။

ဩဿကိုး ဦးခင်မောင်ရ (မှန်လှပါဘုရား) ကာမောဿ ဆို တာ တကာတကာမတို့ မြုပ်မသွားပေဘူးလား (မြုပ်သွားပါ တယ်ဘုရား) သေသည်၏အခြားမဲ့၌ တဏှာရေထဲ မျောပြီးနေ တဲ့ ပုဂ္ဂိုလ်ဟာ သွားရင်း နေရင်း ထိုင်ရင်းနဲ့ သေတဲ့ပုဂ္ဂိုလ်ဟာ အားလုံးဟိုဘက်က တကာတကာမတွေ မြုပ်ဘို့ရာ အကြောင်း မသေချာလား (သေချာပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့်တုံး တဏှာရေထဲ မျောနေတာကိုးဗျ.... (မှန်ပါ) သေတော့ မမြုပ်ပေဘူးလား.... (မြုပ်ပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့ ကံ-ကပစ်ချလိုက်တာ တဏှာ ရေထဲမှာမျော၊ တဏှာ ဝဲဩဿထဲမှာ မျောနေစေပြီးသကာလ နောက်ဆုံးပိတ် မြုပ်စေတဲ့တရားကို၊ ကယ်မည့်သူ ယူမည့်သူ ယနေ့တွေ့ပါပလား (တွေ့ပါပြီဘုရား)။

ဟောဒီ ဝိပဿနာရှုတဲ့ မဂ်ဟာ ကယ်မည့်ယူမည့်သူဘဲ (မှန် လှပါဘုရား)သဘောပါကြလား....(ပါပါပြီဘုရား) ဝိပဿနာ ရှုတဲ့မဂ်ဟာ....(ကယ်မည့်ယူမည့်သူပါဘုရား)အဲဒီတော့ ခင်ဗျား တို့မှာ ဘုန်းကြီးက သတိပေးနေတယ်၊ ဦးခင်မောင်တို့ တကာ သစ်တို့....ကယ်မည့်သူယူမည့်သူ ခင်ဗျားတို့ကို ဘုန်းကြီးပေးထား တယ်(မှန်ပါ)။

ခင်ဗျားတို့က အဲဒီ ကယ်မည့်ယူမည့်သူကို ပြန်ပြီး ရန်သူ ထင်နေလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဝဲထဲ လှည့်လည်ပြီးသကာလ မြုပ်ပါလိမ့်မယ်လို့ ပြောရလိမ့်မယ်....(မှန်လှပါဘုရား)။

ဝဲထဲ လည်ပြီးသကာလ....(မြုပ်လိမ့်မယ်) မြုပ်သွားလိမ့်မယ် ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) အဲဒါ ကြောင့် တရားတပွဲလုံးရှိ တကာ တကာမတွေ လေးလေးနက်

နက် သတိပေးနေပါတယ်၊ ခင်ဗျားတို့ ကံက ပစ်ချလိုက်တာက လုပ်စားရမည့် ဘဝထဲမှာ ရှာစားရမည့် ဘဝထဲမှာ ရောက်နေပါတယ်၊ တကျော့ရေထဲမှာ လည်နေရတယ်(မှန်လှပါ)မလည်ရဘူးလား....(လည်ရပါတယ်ဘုရား)။

လည်တော့ သူလည်သွားနေရာ ကျုပ်တို့က လိုက်နေတာ၊ ခင်ဗျားတို့ လည်နေလိုက်တာ ကယ်မည့်ယူမည့်သူဖြစ်တဲ့ မဂ္ဂင်ဖေါင်ကြီးကို ခင်ဗျားတို့က ကိုယ်တိုင်လဲ မလုပ်ကြ၊လုပ်ပေးတဲ့ ပုဂ္ဂိုလ်က လုပ်ပေးပြန်တော့လဲ ကိုယ်ပိုင်ဖေါင်ကို မဆင်ဘဲနဲ့ ခင်ဗျားတို့က နေရစ်မယ်ဆိုလို့ရှိယင်ဖြင့် လည်ပြီးမြုပ်ပါလိမ့်မယ် ဒီတကာ တကာမတွေ ဆိုယင် လွဲပါ့မလား.... (မလွဲပါဘူးဘုရား)သဘောပါကြလား....(ပါပါပြီ)။

ဒါဖြင့် ဒီတကာ တကာမတွေ ယခု ကယ်မည့်ယူမည့်တရား သဘောပါကြလား.... (ပါပါပြီဘုရား) ဘယ်တရားပါလိမ့်.... (ဝိပဿနာမဂ်ပါဘုရား)ရှုတဲ့ မဂ်တရားဘဲဆိုတော့ မဂ္ဂင်ငါးပါး မဂ္ဂင်ရှစ်ပါးသည် တကာ တကာမတို့ကို ကယ်မည့်ယူမည့်တရား (မှန်လှပါဘုရား)သဘောပါကြလား....(ပါပါပြီ)။

ခင်ဗျားတို့ သေလမ်းကို သားက တားနိုင်ရဲ့လား....(မတားနိုင်ပါဘုရား) သမီးကကော.... (မတားနိုင်ပါဘုရား) အပါယ်သွားတာကို သားက....သမီးက ပစ္စည်းက(မတားနိုင်ပါဘုရား)။

နို့တိုဟာတွေဟာ ကယ်မည့်ယူမည့်သူဆိုတာ ခင်ဗျားတို့ သေချာပလား....(သေချာပါပြီ)ဘာ့ကြောင့်တုံးဆိုတော့ တခါတည်း ခင်ဗျားတို့ မပြတ်လည်နေတဲ့ ဝဲသြဃကြီးဆိုတဲ့ ကာမာသဝကြီးကိုလဲ ဦးခင်မောင် လာခွင့်ပေးသေးရဲ့လား....(မပေးတော့ပါဘူး)တကျော့လာခွင့် ပေးသေးရဲ့လား....(မပေးပါဘူး)။

အဲဒီတော့ မဂ္ဂင်က လည်တဲ့တရားကို မလာအောင် သူ လုပ်ပေးနေတယ်(မှန်ပါ)ရှင်းပလား-(ရှင်းပါပြီ)နောက် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး မြုပ်စေရန်ဆိုတာကော သူက မကန့်ကွက်ဘူးလား....(ကန့်ကွက်ပါတယ်ဘုရား)ဒါဖြင့် တကာ တကာမတို့ အားကိုးရာအစစ်သည် မဂ္ဂင် ဖြစ်တာဘဲ (မှန်ပါဘုရား)ရှင်းကြပလား.... (ရှင်းပါပြီ) အားကိုးရာအစစ်သည်.... (မဂ္ဂင်ဖြစ်ပါတယ်ဘုရား)။

မဂ္ဂင်ဘဲရှိတော့တယ် တကာ တကာမတို့ တခြားသောတရား ဖြင့် အားကိုးရာ ဒီလောကမှာတော့မဟုတ်ဘူးဆိုတာ ယနေ့ ရှင်းရှင်းလင်းလင်း သဘောကျပါ(မှန်လှပါဘုရား) ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဒေါသသာလဲ ဖြစ်ပျက် ရှုပါနေ၁-(မှန်ပါ) စိတ်ထဲမှာ သံသယကလေး ရှိနေတယ်၊ ဘုရားကို-ဘုရားမှဟုတ်ကဲ့လား၊ တရားကို-တရားမှ ဟုတ်ကဲ့လား၊ သံဃာကို-သံဃာမှ ဟုတ်ကဲ့လားဆိုတဲ့ သံသယ ဝိစိကိစ္ဆာလာယင်လဲ ဘာလုပ်ကြရမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

မရှုလို့ရှိယင် သံသယဝိစိကိစ္ဆာဆိုတာ ဦးခေါင်းမောင် အဝိဇ္ဇာ မောဟလို့-မှတ်လိုက်စမ်းပါ(မှန်ပါ)။

အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား)။

သင်္ခါရပစ္စယာ.... (ဝိညာဏံပါ)။

အဲ....ဒီတော့ ဒုတိယဘဝ ကူးမသွားပေဘူးလား.... (ကူးပါတယ်ဘုရား)။

ဒါ့ကြောင့် ဝိစိကိစ္ဆာဆိုတဲ့ မောဟ လာယင်လဲ ဘာလုပ်ရမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဥဒ္ဒစ္စဆိုတဲ့ ပျံ့လွင့်တဲ့စိတ်ကလေး လာယင်ကော....(ဖြစ်ပျက် ရှုရပါမယ်ဘုရား) အဲ....

သံသယဖြစ်တယ်ဆို သံသယဖြစ်တဲ့စိတ်ကလေး ဝမ်းထဲ ပေါ်လာယင်လဲ အနိစ္စဘဲလို့သာ ရှု.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)ပျံ့လွင့်တဲ့စိတ်ကလေး လာယင်ကော....(အနိစ္စရှုရမယ်) အနိစ္စလို့ဘဲ–ဖြစ်ပျက်လို့ဘဲ ရှုပါဆိုတော့ တကာ တကာမတို့ "သမောဟံဝါစိတ္တံ သမောဟစိတ္တန္တိ ပဇာနာတိ" ဆိုတဲ့အတိုင်း စိတ္တာနုပဿနာမှာ အဘိုးတန်သွားပါတယ်ဆိုတာ သဘောပလား....(သဘောပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အတွင်းက ညှော်သည်လဲ ရှုတတ်ပလားလို့ မေးလိုက်ပါတယ်....(ရှုတတ်ပါတယ်)။

ကဲ....ဒါဖြင့် အလောဘဆိုတဲ့ မလိုချင်တဲ့စိတ်–စိတ်ထဲမလိုချင်ဘူးဆိုယင်ဖြင့် မလိုချင်ဘဲနဲ့ ရပ်မနေနဲ့၊ မလိုချင်တဲ့စိတ်လဲ ဘာလုပ်ရမယ်...(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

မေတ္တာပို့တဲ့ စိတ်ကလေးကော....နောက်ဆုံးပိတ် ဘာလုပ်ရမယ်....(ဖြစ်ပျက် ရှုရပါမယ်)။

အဒေါသစိတ်လဲ ဖြစ်ပျက် ရှုပါဆိုသဖြင့် တကာ တကာမတို့ သန္တာန်မှာ ပေါ်ရာစိတ်ကိုဘဲ ဖြစ်ပျက် ရှုရပါလိမ့်မယ်နော်(မှန်လှပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ) ဘာကို ရှုကြရမှာပါလိမ့်....(ပေါ်ရာစိတ်ကို ဖြစ်ပျက် ရှုရပါမယ်) ပေါ်ရာစိတ်ကို ဖြစ်ပျက် ရှုရလိမ့်မယ်ဆိုတာ သဘောပလား....(သဘောပါပြီ)။

ဘာမှ မရှိတော့ပါဘူး၊ အလောဘ အဒေါသဟာလဲ မရှိတော့ဘူးဆိုလို့ရှိယင် တကာ တကာမတို့ ခင်ဗျားတို့မှာ သက်စောင့် ရှုတဲ့ရှိုက်တဲ့ စိတ်ကလေး ရှိပါတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါ့)ဘာရှိသလဲ....(သက်စောင့်စိတ်ကလေး ရှိပါတယ်)

သက်စောင့်စိတ်ကလေး ရှိတယ်၊ ခင်ဗျားတို့ ဗြုန်းကနဲ ဗိုင်းကနဲ လဲ-မသေရအောင် တခါတည်း ခင်ဗျားတို့ကို စောင့်နေတဲ့ လေကလေး ပြင်ဘက်ထုတ်တဲ့စိတ်ကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)လေကလေး အတွင်း-ပြန်ရှိုက်တဲ့စိတ်ကော.... (ရှိပါတယ်ဘုရား)။

အဲဒီ စိတ်နှစ်ခုဟာ တကာ တကာမတို့ သက်စောင့်စိတ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါဘုရား) အိမ်သည်စိတ်လို့လဲ မနေ့က ပြောခဲ့တယ်မဟုတ်လား....(ပြောခဲ့ပါတယ်ဘုရား)။

အဲဒါကလေး ထွက်စိတ် ပေါ်လာယင်လဲ ထွက်အောင်လုပ်တဲ့ စိတ်ကလေးကို မှန်းပြီးသကာလ ဩော်.... သူပေါ်လို့ လေတွေ ထွက်လာတာဘဲ ဆိုပြီးသကာလ သူ့ကို ဖမ်းပြီးတော့ တကာ တကာမတွေက ဖြစ်ပျက် ရှုပေးပါ (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဖြစ်ပျက် ရှုပေးလိုက်တော့ ထွက်စိတ်က ဖြစ်ပျက်-ရှုတာက မဂ် သွားဖြစ်တယ်နော်.... (မှန်လှပါ) ဝင်စိတ်ကလေးက လာတော့ လာယင် ဝင်တဲ့စိတ်ကလေးကိုပစ်မထားလိုက်ပါနဲ့(မှန်ပါ) ဒီ ဝင်စိတ်ကလေးကိုလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရမယ်)။

အဲ....ဖြစ်ပျက် ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဝင်စိတ်က ဖြစ်ပျက်- ရှုတာက မဂ် ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လာသေးရဲ့လား....(မလာပါဘူးဘုရား)အဲဒီတော့ အခု ပြောခဲ့တာလဲ တော်တော်စုံပါပြီ၊တကာ တကာမတွေသန္တာန်မှာ ပေါ်ရာ စိတ်တွေ အကုန်သာ ရှုပါတော့....ဖြစ်ပျက်ရှုပါတော့ဆိုတာဖြင့် ကျေကျေနပ်နပ်သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နည်းပေးနေတာလို့ မှတ်လိုက်စမ်းပါနော်(မှန်လှပါဘုရား)ဘာ-ပေးနေတာပါလိမ့်(နည်းပေးနေတာပါဘုရား)နည်းပေးနေတာ စိတ္တာနုပဿနာ နည်းပေးနေတာဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဟာကာ တကာမတို့ ပြောဦး.... ဒီ စိတ္တာနုပဿနာရှုခြင်းဟာ ဘာ- ကျေးဇူးများ ပါလိမ့်မတုံးဆိုတော့ ဒီထဲ အနိစ္စတရား ရှေ့ပိုင်းက ဖြစ်ပျက်ချည်းဘဲဆိုတော့ အနိစ္စလား—နိစ္စလား.... (အနိစ္စပါဘုရား)။

ဒါဖြင့် နိစ္စဒိဋ္ဌိဆိုတာ ကွာသွားမယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘာ-ကွာသွားပါလိမ့်....(နိစ္စဒိဋ္ဌိ ကွာသွားပါတယ်ဘုရား) နိစ္စဒိဋ္ဌိ ကွာသွားတယ် ဆိုလို့ရှိယင်ဖြင့်တဲ့ တကာ တကာမတို့ အတ္တဒိဋ္ဌိကော မကွာဘူးလား.... (ကွာပါတယ်ဘုရား) ငါ-ငါ့ဥစ္စာလို့ ထင်သေးရဲ့လား.... (မထင်ပါဘူးဘုရား)။

အင်း....နိစ္စဒိဋ္ဌိတို့ အတ္တဒိဋ္ဌိတို့ဆိုတဲ့ ဒိဋ္ဌိတွေ အကုန်ပြုတ်လို့ရှိယင်ဖြင့် ဖြစ်ပျက်ရှုလို့ ဒိဋ္ဌိပြုတ်လို့ရှိယင်ဖြင့်....တဲ့ သောတာပန်တည်တယ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား) ဒိဋ္ဌိပြုတ်ယင်.... (သောတာပန် တည်ပါတယ်ဘုရား)။

သောတာပန်တည်ချင်ယင်- ဒိဋ္ဌိကို အရင်စ-ပြီး ဖြုတ်ရမယ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့) သောတာပန် တည်ချင်ယင်.... (ဒိဋ္ဌိကို အရင် စ-ဖြုတ်ရမယ်)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ယနေ့က စ-ပြီး မှတ်တာပေါ့၊ စိတ္တာနုပဿနာ ကြပ်ကြပ် ရှုကြ.... (မှန်လှပါဘုရား) သောတာပန် တည်ရအောင်လို့နော်....(မှန်ပါ့) သော

တာပန် မတည်ဘဲနဲ့ သကဒါဂါမ် အနာဂါမ် တည်ချင်လို့ကော (မဖြစ်နိုင်ပါဘူး) ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘူး) သောတာပန် မတည်ဘဲနဲ့ သကဒါဂါမ် အနာဂါမ် ရဟန္တာ လှမ်းတက်လို့.... (မရပါဘူးဘုရား) ဆရာသိန်း.... (မရပါဘူးဘုရား) မရဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

အဲဒါကြောင့် သောတာပန် တည်ချင်ယင် စိတ္တာနုပဿနာ ရှုပါ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) သောတာပန် တည်ချင်ယင်.... (စိတ္တာနုပဿနာ ရှုရမယ်) အပါယ်လေးပါး လွတ်ချင်ယင်.... (စိတ္တာနုပဿနာ ရှုရမယ်)ရပ်ပြစ်ရှစ်ပါး လွတ်ချင်ယင်.... (စိတ္တာနုပဿနာ ရှုရမယ်)။

စိတ္တာနုပဿနာ ရှုပါဆိုတော့- ကြော်.... ဒါဖြင့် အရှင်သာရိပုတ္တရာ ဟောထားတာကလေးကို တကာ တကာမတွေ ဒီနေ့ ထူးထူး လည်လည်ကလေး ပြောပေးရမယ်နော်.... (မှန်ပါ့) ဘုန်းကြီးကလဲ ပြောပေးတော့ကို ဦးခင်မောင်ရေသေသေချာချာ မှတ်ပါ (မှန်ပါ့ဘုရား)။

တကာ တကာမတွေ သူမျှားစိတ် အကဲခတ်မယ် ဆိုတော့ ကိုယ့်ဆိုင်ကိုလာငြားသော်လဲ ဝယ်ချင်တာလား.... စျေး·စုံစမ်းတာလား.... ဟုတ်လား ဒါကို အကဲခတ်ဘို့ အတော် မခက်ဘူးလား.... (ခက်ပါတယ်ဘုရား) တကယ်ဝယ်ချင်လို့လာတာလား၊ စျေးဘဲ စုံစမ်းဘို့လာတာလား၊ ဝယ်ချင်လွန်းလို့ လာတာလား၊ ကောင်းအောင်ပြောနေတဲ့စကားလား ဆိုတာကော ခင်ဗျားတို့ အကဲခတ်ယင် အတော်ခက်မယ် (ခက်ပါတယ်ဘုရား)။

လူတယောက် ကိုယ့်ဆိုင်နား လာရောက်တဲ့အခါကျလို့ရှိယင်ဖြင့် စျေးဆစ်ယင်–ဒါကို တကယ်လိုချင်လို့ ဆစ်တာလား....

သိရုံဘဲ ဆစ်တာလား ဟာ....ဝင်ကောင်းထွက်ကောင်း ဖြစ်အောင် လို့ ဆစ်တာလား ဆိုတာ သူ့စိတ်ကို အကဲခတ်တို့ ဘယ့်နှယ် နေကြသလဲ....(ခက်ပါတယ်ဘုရား)အင်မတန် မခက်ဘူးလား.... (ခက်ပါတယ်ဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဒါဖြင့် သူတပါးစိတ် အကဲခတ်ရတာ အင်မတန် ခက်တယ် လို့ အရှင်သာရိပုတ္တရာက ပြောလိုက်ပါတယ် (မှန်ပါ့ဘုရား) ကိုယ့်စိတ်ကို အကဲခတ်ပါ (မှန်ပါ့ဘုရား) တကာ တကာမတို့ ဘာတဲ့တုံး.... (ကိုယ့်စိတ်ကို ကိုယ် အကဲခတ်ရပါမယ်) သူများ စိတ် အကဲခတ်ရတာကတော့ မမှန်ပါဘူးကွာ....တဲ့ (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာလုပ်ရမယ်... (ကိုယ့်စိတ်ကို ကိုယ်- အကဲခတ်ရပါမယ်) ကိုယ့်စိတ်ကို ကိုယ်- အကဲခတ်ရမယ် သူများစိတ် အကဲခတ်ရတာကတော့....(မမှန်ပါဘူး) မမှန်ဘူးတဲ့ သူက ဝိညာဏ်အရဘဲကိုး (မှန်လှပါ)။

ဒါဖြင့် ဘယ်ဟာ အကဲခတ်ရမတုံး....(ကိုယ့်စိတ်ကို ကိုယ်— အကဲခတ်ရမယ်) ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်- အကဲခတ်ပါလို့ ဆိုတဲ့ စကားကလေးတလုံးကို စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့် မတုံး မေးလို့ရှိယင် ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်တာလို့ မှတ် လိုက်.... (မှန်ပါ့ဘုရား)။

စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်(ကိုယ့်စိတ်ကိုကိုယ်အကဲ ခတ်တာပါဘုရား)။

စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာပါဘုရား)။

စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့် (ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာပါဘုရား)။

(သုံးကြိမ်စေ့အောင် ထပ်၍ မေးသည်)

မမေ့စေနဲ့ ကိုယ့်စိတ်ကို ကိုယ်- အကဲခတ်ပါ (မှန်ပါ့) တကာ တကာမတို့....သူများ အကဲခတ်ရမှာလား....ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်ရမှာလား.... (ကိုယ့်စိတ်ကို ကိုယ်- အကဲခတ်ရမှာပါဘုရား)။

ဒါဖြင့် စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်.... (ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်တာပါ) ကိုယ့်စိတ်ကို ကိုယ်- အကဲခတ်တော့-လွဲများသွားဦးမှာလား တကာ တကာမတို့ (မလွဲပါဘူးဘုရား) မှားသော်ရှိ မှန်သော်ရှိလား....ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်လို့ရှိယင် သေသေချာချာမှန်တယ်တဲ့ (မှန်ပါ့ဘုရား) သဘောပါလား....(ပါ-ပါတယ်)။

လိုချင်တဲ့စိတ်ကလေး လာတယ်ဆိုယင် ဩော်.... လိုချင်တဲ့စိတ်ကလေး ရှိ-မရှိသာ အကဲခတ် (မှန်ပါ့ဘုရား) ဘယ့်နှယ် ပြောမယ် ထင်တုံး.... (ဖြစ်ပြီးမရှိပါဘုရား) ဒါဖြင့် မရှိတာက အနိစ္စ၊ အကဲခတ်တာက မဂ္ဂတဲ့ (မှန်ပါ့ဘုရား)။

မရှိတာက ....(အနိစ္စပါဘုရား)။

အကဲခတ်တာက....(မဂ္ဂပါဘုရား)။

ဩော်.... ဒါဖြင့် ဒီနည်း ရလို့ရှိယင် ဒို့ သေပျော်ပြီလို့ အောက်မေ့ပါ (မှန်ပါ့) ဒီနည်း ရလို့ရှိယင်....(ဒို့သေပျော်ပြီ) သေပျော်ပြီဆိုတော့ ဦးခင်မောင် သူများစိတ် အကဲခတ်ရတာကတော့ အရှင်သာရိပုတ္တရာက တယ်- အကဲခတ် ခက်သကွာတဲ့ မမှန်ဘူးလား (မှန်ပါ့)။

ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်လိုက်တဲ့ အခါကျတော့ ဘယ့်နှယ်နေကြသလဲ.... (မှန်ပါတယ်ဘုရား) မှန်တာက ဘယ်လိုမှန်သတုံးမေးတော့ စားချင်တဲ့ စိတ်ကလေး ဖြတ်ကနဲ ပေါ်လာတယ်၊ ထမင်းဆာတဲ့စိတ်ကလေး ပေါ်လာတယ်။

ဒီဟာ ဘုရားက ဟောပြတော်မူတဲ့အတိုင်း ဘုန်းကြီးက တကာ တကာမတွေကို သင်ထားတယ်၊ ဒီ စိတ်ကလေး အကဲခတ်လိုက်စမ်းပါဆိုတော့ အကဲခတ်တဲ့မဂ် ပေါ်နေမှ ဒီစိတ်ကရှိဦးမှာလား.... (မရှိပါဘူးဘုရား)။

မရှိတော့ မရှိတာက ဘာတဲ့လဲ.... (အနိစ္စပါဘုရား)။

အကဲခတ်တာက.... (မဂ္ဂပါဘုရား)။

မရှိတာက.... (အနိစ္စပါဘုရား)။

အင်း.... အကဲခတ် ခံရတာက အနိစ္စ၊ အကဲခတ်တဲ့ဉာဏ်က မဂ္ဂ (မှန်လှပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အကဲခတ်ခံရတာက ....(အနိစ္စပါဘုရား)။

အကဲခတ်တဲ့ဉာဏ်က....(မဂ္ဂပါဘုရား)။

အဲဒီတော့ အခု တလုံးတည်းပေးလိုက်တာ ဘုရားနဲ့ အရှင်သာရိပုတ္တရာ ပေးတာကို ဘုန်းကြီးက နောက်လိုက်ပြီးသကာလ အတူတူ ပေးတာတော့ ဒီတပုဒ်လုံးဟာ စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်မတုံးဘုရားလို့မမေးနဲ့တော့ကိုယ့်စိတ်ကိုယ်အကဲခတ်တာ (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီ) စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်စိတ် ကိုယ်အကဲခတ်တာပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် မူလပေါ်တာက ကိုယ့်စိတ်၊ အကဲခတ်တာက မဂ်စိတ်၊ (မှန်ပါဘုရား) သဘောပါလား....(ပါ-ပါပြီ)။

မူလပေါ်တာက....(ကိုယ့်စိတ်ပါဘုရား)။
အကဲခတ်တာက....(မဂ်စိတ်ပါဘုရား)။

ကဲ–စိတ်ဟာ နှစ်စိတ်ပြိုင်ဖြစ်ကောင်းသလား–လို့ မေးယင် ဘယ့်နှယ်ပြောကြမယ်....(မဖြစ်ကောင်းပါဘူး) မဖြစ်ကောင်းတော့ တစိတ်ချုပ်ပြီးမှ ဒီတစိတ်ဖြစ်ရမယ်၊ ဒါလဲ သိပါတယ်နော်.... (မှန်ပါ) ဒါလဲ ဘာခေါ်ကြမယ်.... (စိတ်ပါ) စိတ်ပါဘဲဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် စိတ္တာနုပဿနာဆိုတာ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာ၊ ရှင်းကြပလား-(ရှင်းပါပြီ) စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာပါဘုရား) ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်တာဆိုတော့ ကိုယ့်စိတ်က ၁-နံပါတ်၊ ထို ၁-နံပါတ်စိတ်ကို ၂-နံပါတ်နဲ့ အကဲခတ်ပါ၊ (မှန်ပါ) ၁-နံပါတ် ကိုယ့်စိတ်ကို.... (၂-နံပါတ်နဲ့ အကဲခတ်ပါ) ဒါဖြင့် ၁-က အနိစ္စ၊ အကဲခတ်တဲ့ ၂-က မဂ္ဂဘဲ၊ (မှန်ပါဘုရား)။

၁-က........ (အနိစ္စပါဘုရား)။
အကဲခတ်တာက....(မဂ္ဂပါဘုရား)။

မဂ္ဂဘဲဆိုတော့ တကာ တကာမတွေ သံသယရှိသေးရဲ့လား (မရှိပါဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတွေသန္တာန် ပေါ်မည့်စိတ်တွေက သိပ်လဲမများပါဘူးလို့ ပြောထားတယ်၊ တကာ တကာမတွေ....နော်၊ (မှန်ပါ) တကာသစ်ရေ ဦးခင်မောင်ရေ ကာမစိတ် ၅၄-ဆိုတာ ကြားဘူးကြတယ်မဟုတ်လား.... (ကြားဘူးပါတယ်ဘုရား) စာထဲမှာ ကြားဘူးတယ်....နော် (မှန်ပါ)။

အဲဒီ ကာမစိတ် ၅၄-မှာဘဲ ဘုရားရဟန္တာမှာဖြစ်တဲ့ တကာ တကာမတွေ မဟာကြိယာစိတ် ၈-ခုနဲ့ ဟသိတုပ္ပါဒ်ဆိုတဲ့ စိတ် ၉-ခု ပြန်နှုတ်လိုက်စမ်းပါ၊ ၅၄-ထဲက ၉-ခု ပြန်နှုတ်လိုက်တော့ ဘယ်လောက်ကျန်သတုံး....(၄၅-ကျန်ပါတယ်ဘုရား)။

အဲဒီ ခင်ဗျားတို့သန္တာန်မှာ သေသေချာချာသာမှတ် ၄၅ စိတ်တည်း ပေါ်လိမ့်မယ်-(မှန်လှပါဘုရား) လောဘ ပေါ်မယ်၊ ဒေါသ ပေါ်မယ်၊ မောဟ ပေါ်မယ်၊ မြင်စိတ် ပေါ်မယ်၊ ကြားစိတ် ပေါ်မယ်....နော်၊ (မှန်ပါဘုရား)။

ခင်ဗျား တို့ အကဲခတ်ရမည့်စိတ် ဘယ်လောက်ပါလိမ့်မတုံး ဆိုတာကော သေချာပလား.... (သေချာပါပြီ) ဘယ်လောက် ပါလိမ့်မတုံး.... (၄၅-ခုပါဘုရား) အဲဒီ ၄၅-လှည့်- ပေါ်မှာဘဲ (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ဘာ-ပေါ်မယ် ထင်ကြ တယ်.... (၄၅-လှည့်-ပေါ်ပါတယ်ဘုရား) ၄၅-လှည့် ပေါ်ပြီး သူ ပေါ်ချင်ရာ ပေါ်လိမ့်မပေါ့ဗျာ၊ အဲဒါ ပေါ်တိုင်း ပေါ် တိုင်းကိုသာ ရှိ-မရှိ အကဲခတ် (မှန်ပါ) ပေါ်တိုင်း ပေါ်တိုင်း (ရှိ-မရှိ အကဲခတ်ရပါမယ်)။

ဒါဖြင့် ပေါ် တဲ့ စိတ် ဟာ ဖြင့် အ ကဲ ခတ် တဲ့ စိတ် လာယင် အားလုံးတရားနာတဲ့ တကာ တကာမတွေ ပေါ်တဲ့စိတ် ရှိသေး ရဲ့လား.... (မရှိပါဘူးဘုရား) အကဲခတ်တာက နောက်မှ အကဲခတ်ရမှာကိုး၊ (မှန်ပါ) နောက်မှ အကဲခတ်ရမှာ ကောန် ဖြစ် ပြီး သ ကာ လ နေ တော့ ရှေ့ပေါ်သွားတာက ချုပ်ပြီးမှ နောက်က အကဲခတ်တဲ့စိတ်က လာရတာကိုးဗျ၊ (မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ရှေ့စိတ်က အနိစ္စ၊ အကဲခတ်တဲ့စိတ်က .... (မဂ္ဂပါဘုရား) အဲဒီ မဂ္ဂကတော့ဖြင့် တကာ တကာမတို့ နောက်စိတ်တွေ အဆက် ခံသေးရဲ့လား....(မခံပါဘူးဘုရား) မခံလို့ရှိယင် အနာဂတ်အကြောင်းတွေ ဘယ့်နှယ်နေသလဲ.... (ပြတ်သွားပါတယ်ဘုရား) အနာဂတ်အကြောင်းတွေ ပြတ်တယ်ဆိုတော့ အနာဂတ်အကျိုးတွေ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် စိတ္တာနုပဿနာဆိုတာ ကိုယ့်စိတ်ကို ကိုယ်-အကဲခတ်တာလို့ ဆိုပါသည်၊ (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်....(ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာပါ) အကဲခတ်လိုက်တော့ တကာသစ်တို့ ဦးခင်မောင်တို့က ရှင်းကြစမ်း၊ ရှိတာ တွေ့သလား၊ မရှိတာ တွေ့သလား....(မရှိတာ တွေ့ပါတယ်ဘုရား) မရှိတာ ဘာခေါ်ကြမယ် (အနိစ္စပါဘုရား) အင်း....အကဲခတ်တဲ့စိတ်က (မဂ္ဂပါဘုရား)။

အဲ....အကဲသာ ခတ်နေ ခင်ဗျားတို့ ကိုယ့်စိတ်ကို၊ ရှေ့စိတ်ကို နောက်စိတ်နဲ့သာ အကဲခတ်ပြီးသကာလ နေကြမယ်ဆိုတော့ မဂ်ရနေတယ်မှတ်ပါ၊ (မှန်လှပါဘုရား) ရှင်းပလား .... (ရှင်းပါပြီ) မဂ်ရတယ်ဆိုတာ ဘာပါလိမ့်-တကာ တကာမတို့(ကိုယ့်စိတ်ကို အကဲခတ်တာ) ကိုယ့်စိတ်ကို အကဲခတ်တဲ့စိတ်ဟာဖြင့် မဂ်ရတာဘဲ (မှန်ပါ့) ကိုယ့်စိတ်ကို အကဲခတ်တဲ့စိတ်ကို....(မဂ်ရပါတယ်)။

ဩော်.... ဒါဖြင့် မဂ်ရဲ့ဘို့အရေးဟာ ဆုတောင်းရမှာလား၊ အကဲခတ်နေရမှာလား....(အကဲခတ်နေရမှာပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) အဲ....ဒါဖြင့် ဒီနေ့ ဒီတလုံးတိုးပေးလိုက်သဖြင့် တပည့်တော်တို့ စိတ္တာနုပဿနာ မရှုတတ်သေးပါဘူး

ဘုရားလို့ တပွဲလုံးက ပြန်လျှောက်စရာအကြောင်း ကုန်သွားပြီ၊ (မှန်လှပါဘုရား)။

ဘာ့ကြောင့် ကုန်သွားသလဲ မေးလို့ရှိယင် ခုနက ၄၅-စိတ် ရှိတဲ့အနက်က ၄၅-ဘဲ လှည့်ပေါ်မှာဘဲ၊ အဲဒီ ပေါ်တိုင်း ပေါ် တိုင်း ပေါ်လို့ရှိယင် ရှိ-မရှိ အကဲခတ်ရုံဘဲဆိုတာ ရှင်းကြပလား (ရှင်းပါပြီ) ပေါ်တဲ့စိတ်ကို ဘာတဲ့ .... (ရှိ-မရှိ အကဲခတ်ရုံပါ ဘုရား) ရှိ-မရှိ အကဲခတ်တဲ့အခါကျတော့ မရှိတာက (အနိစ္စပါ) အကဲခတ်တဲ့စိတ်က....(မဂ္ဂပါ)။

ဒါဖြင့် ခင်ဗျားတို့မှာ အကဲခတ်များတဲ့ပုဂ္ဂိုလ်ဟာ မဂ်ရ မှာဘဲ (မှန်လှပါဘုရား) အကဲမခတ်တဲ့ပုဂ္ဂိုလ်ဟာ .... (မဂ်မရ ပါဘူး) အဲဒီတော့ သတိထားပြီး ပညာနဲ့ကြည့်တဲ့ပုဂ္ဂိုလ်ဆိုတာ အကဲခတ်တဲ့ပုဂ္ဂိုလ်ကို ဆိုတာပါ(မှန်ပါ)ရှင်းပလား (ရှင်းပါပြီ) ဘာဆိုတာပါလိမ့်.... (အကဲခတ်တဲ့ပုဂ္ဂိုလ်ကိုဆိုတာပါ) အကဲ ခတ်တဲ့ ပုဂ္ဂိုလ်ဆိုတာပါဆိုတာ တကာ တကာမတွေ ကျကျနန ရှင်းပလား....(ရှင်းပါပြီ)။

ကဲ–ဒါဖြင့် သစ္စာထဲသွင်းကြပါစို့- ဦးခင်မောင်တို့ တကာ သစ်တို့....နော်၊ (မှန်လှပါဘုရား) သစ္စာထဲ သွင်းလိုက်တော့ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာလို့ ဆိုသဖြင့် စိတ်ကလဲ ပုထု ဇန်စိတ်၊ ၄၅-ထည်း ကာမစိတ် ၄၅-ထည်း ဒီ့ပြင်ဟာတွေကလဲ ဘုရားရဟန္တာမှာဖြစ်လို့ ကိုယ့်သန္တာန်လဲ မပေါ်လို့ သူတို့ကို အကဲခတ်စရာ လိုသေးသလား....(မလိုပါဘူးဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန်ပေါ်တဲ့ ခုနကပြောခဲ့တဲ့ ပုထုဇန်စိတ် ၄၅-စိတ်ကလေးဟာ ဒီထဲမပေါ်ပေဘူးလား.... (ပေါ်ပါတယ် ဘုရား)ပေါ်တဲ့အခါကျတော့ ဒီစိတ်ကလေးကို တကာ တကာမ

တွေ့က ပေါ်တိုင်း ပေါ်တိုင်း အကဲခတ်မယ် ဆိုလို့ ရှိယင်ဖြင့် ကြာတော့ အကဲခတ်ပါများတော့ ဩော်....ဒီစိတ်ကလေး ဒုက္ခ ရောက်တာဘဲ အကြည့်ခိုင်းတာပါကလားဆိုတာ ပေါ်လာလိမ့် မယ် (မှန်လှပါဘုရား)။

ဒီပဌမပေါ်တဲ့ စိတ်ကလေးက ဘာဖြစ်သွားပါလိမ့်.... (ဒုက္ခ ရောက်သွားပါတယ်) ဒါဖြင့် ပဌမပေါ်တဲ့စိတ်ကလေး ဒုက္ခ ရောက်တာကို ဒုက္ခရောက်-မရောက် အကဲခတ်ခိုင်းတာ (မှန်လှပါ ဘုရား) ဒုက္ခသစ္စာ ဟုတ်- မဟုတ် အကဲခတ်ခိုင်းတော့ တကာ တကာမတွေ ဒုက္ခသစ္စာဆိုတာ ကြည့်စမ်း။

ဒီ ကိုယ့်သန္တာန် ပေါ်လာတဲ့စိတ်၊ မျက်လုံးက ပေါ်တဲ့စိတ် ဖြစ်ဖြစ်၊ ဝမ်းထဲကပေါ်လာတဲ့စိတ်ဖြစ်ဖြစ်၊ နားထဲ ပေါ်လာတဲ့ စိတ်ဖြစ်ဖြစ်၊ တနေရာကနေပြီး တနေရာရွေ့သေးသလား၊ ဒီနေ ရာမှာဘဲ သေသွားကြသလား .... (ဒီနေရာမှာဘဲ သေသွားကြ ပါတယ်ဘုရား) ဒီနေရာမှာဘဲ သေသွားတော့ ဩော်.... သေ မလို့ပေါ်တာရယ်၊ သေတာရယ် နှစ်ခုမတွေ့ရဘူးလား....(တွေ့ ရပါတယ်ဘုရား) သေမလို့ပေါ်တာရယ်၊ သေတာရယ် နှစ်ခု တွေ့ရတော့ သေမလို့ပေါ်တာလဲ ဒုက္ခသစ္စာ၊ (မှန်ပါဘုရား) သေသွားတာကော....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အကဲခတ်တော့ အကဲခတ်ပါများတော့ ဟာ့....အာ.... ဒါ ကိုယ့်ဒုက္ခ ကိုယ်အကဲခတ်ခိုင်းတာပါကလား ဆိုတာ နောက်တော့ ဉာဏ်တက်လာမယ်၊ (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာ အကဲခတ်ခိုင်းတာပါလိမ့် (ကိုယ့် ဒုက္ခ ကိုယ်အကဲခတ်ခိုင်းတာပါ ဘုရား) ကိုယ့်ဒုက္ခကို ကိုယ် အကဲခတ်ခိုင်းတာ၊မမြင်ရတော့ ကိုယ့်မှာ ပစ္စည်းကလေးကလဲ ရ၊

သားကလေး သမီးကလေးတွေလဲစုံပြီး ကျန်းမာရေးကလဲ လုံ့လောက်နေတဲ့အခါကျလို့ ရှိယင် ကိုယ့်မှာ ဒုက္ခမရှိဘူးထင်လိုက်ကြတယ်၊ (မှန်ပါ့)။

ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လိုက်တဲ့ အခါကျတော့ အို.... ခဏခဏ ကိုယ်သေနေတာတွေ မတွေ့ရဘူးလား–(တွေ့ရပါတယ် ဘုရား) ဒါဖြင့် ကိုယ်သေနေတာတွေ ကိုယ်တွေ့ရတဲ့ အတွက် အသေခံရတာက တကာ တကာမတို့ ဒီစိတ်ကလေး ဖြစ်ပေါ် လာတာဟာ သေမလို့ပေါ်လာတာ၊ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အကဲခတ်လိုက်တော့ သေသွားတာကော မတွေ့ရဘူးလား....(တွေ့ရပါတယ်)။

ဒါဖြင့် ပေါ်ကတည်းက သူ့မှာ ဒုက္ခသစ္စာ (မှန်ပါ့) ပျက်သွားတော့ကော....(ဒုက္ခသစ္စာပါဘုရား)။

ပေါ်လာပြန်တော့ ....(ဒုက္ခသစ္စာပါ)။

ပျက်သွားပြန်တော့....(ဒုက္ခသစ္စာပါ)။

အဲ....ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တဲ့အခါကျတော့ ကိုယ့်ဒုက္ခ ကိုယ်သိတယ်ဆိုပြီး ဉာဏ်တက်လာပါတယ်၊ (မှန်လှပါ) အနိစ္စ လုပ်တော့ သူ ဒုက္ခသစ္စာထဲရောက်သွားပြီ(မှန်ပါ့)အကဲခတ်တာ မြင်ပြန်တော့ ဘယ်ဘက်ရောက်ပါလိမ့်.... (မဂ္ဂသစ္စာပါဘုရား)။

ဒုက္ခသစ္စာထဲ မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား) ဒါဖြင့် အကဲခတ်ခံရတာက ဒုက္ခသစ္စာ၊ အကဲခတ်တာက....(မဂ္ဂသစ္စာပါဘုရား) အကဲခတ်ခံရတာက....(ဒုက္ခသစ္စာပါ) ဟင်.... အကဲခတ်တာက (မဂ္ဂသစ္စာပါ) မဂ္ဂသစ္စာဆိုတော့ ဩော်....မဂ်ရတဲ့ပုဂ္ဂိုလ်ဆိုတော့ ဒီဘက် အပါယ်လေးပါး သွားမည့်တရားတွေက ပေါ်နိုင်သေးရဲ့လား....(မပေါ်နိုင်ပါဘူး)။

ဒါဖြင့် အပါယ်လေးပါးတွေကော ကျုပ်တို့အတွက် ကျွတ်မသွားပေဘူးလား-(ကျွတ်သွားပါတယ်ဘုရား) ဒါဖြင့် အပါယ်လေးပါး လွတ်ချင်လို့ ရှိယင် ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ပါ၊ဒုက္ခသစ္စာလား၊ သုခသစ္စာလားလို့ အကဲခတ်ပါ၊ (မှန်လှပါဘုရား) ဦးခင်မောင်ရေ ပေါ်ပလား .... (ပေါ်ပါပြီဘုရား) ဒီကနေ့ အလုပ်တရားချည်းဘဲ ပြောနေတယ်ဆိုတာ တကာ တကာမတွေ ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီ)။

ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တယ်ဆိုတော့ ကိုယ့်စိတ် သေတာ၊ ကိုယ်သေ တာ ကိုယ်အကဲခတ်စမ်း၊ (မှန်လှပါ ဘုရား) ဘာ အ ကဲ ခတ် တာ ပါ လိမ့်.... (ကိုယ်သေတာ ကိုယ်အကဲခတ်ခိုင်းတာ) ကိုယ်သေတာ၊ ကိုယ်အကဲခတ်ခိုင်းတာပါ၊ ခင်ဗျားတို့က မသေဘူးထင်နေလို့....နော်၊ (မှန်လှပါဘုရား) ကျုပ်ကတော့ ငါးဆယ်ကျော်မှ သေမယ်၊ တရာမှာ ခုနစ်ဆဲ့ငါးနှစ်နေရလိမ့်မယ်၊ အဲဒါတွေ ယုံမနေနဲ့၊ (မှန်လှပါ)။

အဲဒါတွေ မယုံပါနဲ့ တကာ တကာမတို့က ကိုယ့်စိတ်ကလေး ခဏကလေးပေါ်လာပြီး အခုရွေ့သွားတာသည်ကားလို့ ဆိုယင် ကိုယ်သေတာလို့မှတ်ပါ၊ (မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီ)ဘယ်စိတ်ကလေးပေါ်ပေါ်၊ ဘယ်စိတ်ကလေးချုပ်သွားသွား ဒါဘာဆိုကြမလဲ....(ကိုယ်သေတာပါဘုရား) ကိုယ်သေတာသည်ကားလို့ ဆိုယင်ဖြင့် ကဲ-နောက်စိတ်သာ မလာဘူး ဆိုလို့ရှိယင်ဖြင့် ဦးခင်မောင် ကိုယ်သေတာ ဟုတ်-မဟုတ်(ဟုတ်ပါတယ်ဘုရား)။

အကဲခတ်တဲ့စိတ် ဟာ.... အကဲခတ်တဲ့စိတ် မလာတော့ပါဘူးလို့ တကာ တကာမတွေမှာ ဖြစ်စဉ်ပြတ်သွားယင် ဘယ့်နှယ်

ဆိုကြမယ်....(သေပါတယ်ဘုရား)ဒါဖြင့် အဲဒီစိတ်ကိုပင် နောက်စိတ်ပေါ်တယ် ထင်နေတာပေါ့ဗျ၊ (မှန်လှပါဘုရား) အဲဒီစိတ်ပေါ်ပြီး နောက် ရှုတဲ့စိတ် ထပ်မလာဘယ် .... (သေပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်အသေဟာ ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) ရှုတာ သေတာက မွေးပြီးသေလိုက်၊ မွေးပြီးသေလိုက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကို မြင်အောင်ကြည့်တဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါဘုရား) အဲ....ဒါဖြင့် သစ္စာကို အရှုခိုင်းတာလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) ဘာ အရှုခိုင်းတာပါလိမ့်.... (သစ္စာကို အရှုခိုင်းတာပါဘုရား) ဒီနေ့ တရားဟာ တကာ တကာမတို့ အလုပ်သင်တာ အကောင်းဆုံးလို့ မှတ်စမ်းပါ၊ (မှန်လှပါ)။

အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်များဖြင့် အကောင်းဆုံးလို့ တကာ တကာမတွေ မှတ်စမ်းပါ(မှန်လှပါဘုရား)ဖြစ်ပျက်ဆိုတာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)အဲ....သူများ၏ ဒုက္ခသစ္စာလား.... မိမိ၏ ဒုက္ခသစ္စာလား.... (မိမိ၏ ဒုက္ခသစ္စာပါဘုရား) အဲဒီလို သိလာတဲ့အခါကျတော့ ကိုယ့်စိတ်ကလေးနဲ့ အသက်ရှင်နေတာ ဒီစိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတဲ့ ဒုက္ခသစ္စာဘဲ(မှန်ပါ့)။

ဤကဲ့သို့ သိပြီးသကာလ သွားလို့ရှိယင် ဩော်....အဖြစ်ကလဲ ဒုက္ခသစ္စာ၊ အပျက်ကလဲ....(ဒုက္ခသစ္စာပါ) အကဲခတ်တဲ့စိတ်က ဘာ သစ္စာလဲ....(မဂ္ဂသစ္စာပါ) အကဲခတ်တဲ့စိတ်က မဂ္ဂသစ္စာတဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ ဒုက္ခကို သူသိလို့ မဂ္ဂသစ္စာနော် (မှန်လှပါဘုရား)။

ဦးခင်မောင်ရေ-ဘာသိလို့ ဘာသစ္စာပါလိမ့်....(ဒုက္ခသိလို့ မဂ္ဂပါဘုရား) ဒုက္ခသိလို့ မဂ္ဂသစ္စာဆိုတော့ တကာ တကာမတွေ ဝမ်းထဲမှာ ဒီမဂ္ဂသစ္စာက ဒုတိယ ဆင့်မလာဘူးလား....(လာပါတယ်ဘုရား) ဒီ မဂ္ဂသစ္စာ လာဘ့်ိုရာ ခင်ဗျားတို့ ဘုရားရှိခိုးယင် ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ-ရပါလို၏ဆိုတာ သူ့ဝမ်းထဲ ရောက်ရပါလို၏လို့ ပြောတာ(မှန်လှပါဘုရား)။

သဘောကျပလား....(မှန်ပါ့)တပည့်တော် ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ် ရောက်ရပါလို၏လို့ဆိုတာဟာ ဒီမဂ် ဝမ်းထဲရောက်ရပါလို၏လို့ဆိုတာဘဲ(မှန်လှပါဘုရား)သဘောကျပလား....(ကျပါပြီ)အဲ.... ဟိုဟာတွေကတော့ဖြင့် ဟောဒီလို ဆရာကောင်း သမားကောင်းနဲ့ တွေ့လို့ ခင်ဗျားတို့ အကူအညီ ပေးတယ်(မှန်ပါ့)။

အကူအညီပေးတော့ ခင်ဗျားတို့ အခုဒီမှာ မရဘူးလား....(ရပါတယ်ဘုရား) ရတဲ့အခါကျလို့ရှိယင် အစစ်ရတာကတော့ ကိုယ်တိုင် ရှုမှ ကိုယ်တိုင်လိုက် ရမယ်(မှန်လှပါဘုရား)ကိုယ်တိုင် ရှုမှ....(ကိုယ်တိုင်လိုက် ရမှာပါဘုရား) ကိုယ်တိုင် ရှုမှ.... (ကိုယ်တိုင်လိုက် ရမှာပါ)ကိုယ်တိုင်လိုက် ရမယ်ဆိုတာက သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် မဂ်ရချင်ယင် ရှုကြ(မှန်လှပါဘုရား)သဘောကျကြပလား....(ကျပါပြီ)မဂ်ရချင် ဘာလုပ်ကြမယ်....(ရှုကြ)မရှုယင် ရလိမ့်မယ်လို့ ဘယ်အခါကာလမှ ဘုန်းကြီးတို့ တကာ တကာမတွေက စိတ်ထဲမှာ မဉပါဒ်ပါနဲ့(မှန်ပါ့) ရနိုင်ပါ့မလား....(မရနိုင်ပါဘူးဘုရား)။

ဒုက္ခသစ္စာမှ မမြင်ဘဲနဲ့ မဂ္ဂသစ္စာ ဝမ်းထဲ ဝင်လာပါ့မလား (မဝင်ပါဘုရား)မဝင်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား) အဲဒီတော့ တကာ တကာမတို့ မဂ်-ပုဂ္ဂိုလ်ဆိုတာ ဝမ်းထဲမှာ ဒီမဂ် ရောက်လာတယ်(မှန်ပါ့) ဖိုလ်-ပုဂ္ဂိုလ်ဆိုတာတော့ ဒီမဂ်ပြီး ဖိုလ်ဝင်လာလို့ ဖိုလ်-ပုဂ္ဂိုလ် ဖြစ်ရတာ (မှန်ပါ့)။

ဒီ....ရှုတဲ့ ပုဂ္ဂိုလ်မှ ဝင်လာမယ်ဆိုတာကော သေချာပလား (သေချာပါပြီဘုရား) မရှုတဲ့ပုဂ္ဂိုလ် ဝမ်းထဲ ရောက်ပါ့မလား.... (မရောက်ပါဘုရား) အဲဒီတော့ မဂ်ပုဂ္ဂိုလ်ဖြစ်ချင်ယင် မဂ် ဝမ်းထဲရောက်အောင် လုပ်ပါ(မှန်ပါ့) ဖိုလ်ပုဂ္ဂိုလ် ဖြစ်ချင်ယင်ကော (ဖိုလ် ဝမ်းထဲရောက်အောင် လုပ်ပါ)။

ဖိုလ် ဝမ်းထဲရောက်အောင် လုပ်ရလိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)အဲဒီတော့ မဂ် ရောက်ယင် ဖိုလ်ရောက်တာ ဧကန်ပါဘဲ၊ ဘာမှ ခင်ဗျားတို့ သံသယမရှိပါနဲ့ (မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ဖြစ်ပျက်ဟာ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)ဖြစ်ပျက်မြင်ယင် (မဂ္ဂသစ္စာပါဘုရား)အကဲခတ်တဲ့ ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။

ဒီတော့ ဝမ်းထဲ မရောက်သေးဘူးလားဗျ....(ရောက်ပါတယ်ဘုရား) အဲဒီလိုက်ပြီး ငါးပါးက ရှစ်ပါးဖြစ်သွားတဲ့ တနေ့မှာ သောတာပန် အစစ်ဖြစ်တာဘဲ(မှန်ပါ့ဘုရား)သဘောကျပလား-(ကျပါပြီ) ငါးပါးက ရှစ်ပါးဖြစ်သွားယင်.... (သောတာပန် အစစ် ဖြစ်သွားပါတယ်)ကျေနပ်ကြပလား-(ကျေနပ်ပါတယ်)။

ဒါဖြင့် မဂ်ရဘို့အရေးဟာ တကာ တကာမတို့ အကဲခတ်တဲ့ အရေးပါကလား....(မှန်လှပါဘုရား)မဂ်ရဘို့အရေးဟာ—(အကဲ

ခတ်တဲ့အရေးပါဘုရား) အကဲခတ်တဲ့ အရေးဆိုတာ သေချာကြ ပလား....(သေချာပါတယ်ဘုရား)။

ဘယ်သူ့ကို အကဲခတ်ရမှာပါလိမ့်.... (ကိုယ့်စိတ်ကို-ကိုယ် အကဲခတ်ရမှာပါဘုရား)ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ယင် မဂ် ရတာဘဲ တကာ တကာမတို့....(မှန်လှပါဘုရား) ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ယင်.... (မဂ်ရပါတယ်ဘုရား) ဘာ့ကြောင့် မဂ်ရ တယ်လို့ ဆရာဘုန်းကြီးထပ်ပြီး ရှင်းပြန်ရသတုံးလို့ မေးတဲ့ အခါကျတော့ ပဋ္ဌမဒီဥစ္စာက မိမိစိတ်(မှန်ပါ့)။

ဒါလဲ မိမိစိတ်ဘဲဆိုတော့ နှစ်စိတ်က ပြိုင်ပေါ်ကောင်းရဲ့ လား.... (မပေါ်ကောင်းပါဘူးဘုရား) ဒါဖြင့် ဒီစိတ်ဖြစ်ပြီးမှ ရှုတဲ့စိတ် မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား) ဒါဖြင့် အရှုခံရတဲ့စိတ်သည် တကာ တကာမတို့ ဒုက္ခရောက်တာမှ ဟုတ် ကဲ့လား.... (ဟုတ်ပါတယ်ဘုရား)ဒါဖြင့် အရှုခံရတဲ့စိတ်က ဖြစ် ဒုက္ခ ပျက်ဒုက္ခနဲ့ ချုပ်သွားလေရဲ့(မှန်လှပါ)သူ-ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါဘုရား)။

အင်း....ရှုတဲ့ဉာဏ်က ဘာဆိုကြမယ်.... (မဂ္ဂသစ္စာပါဘုရား) အဲဒီတော့ ဒါသာ ရဘို့ အရေးကြီးနေတာဘဲ၊ ဟိုသံသရာပြတ် ဆိုတာ မဂ်က သူ့ဟာသူ ဖြတ်သွားမှာဘဲ ခင်ဗျားတို့က ဖြတ်ပါ့ ဆိုလို့ သူတို့က ဖြတ်မှာမဟုတ်ဘူး (မှန်လှပါ) သဘောပါကြ လား....(ပါ-ပါပြီ)ကောင်းပြီ ဒါဖြင့် ယနေ့ အကဲခတ်ရမည့် စိတ်ပေါင်းက ဘယ်လောက်တဲ့ တကာ တကာမတို့ (၄၅-ပါးပါ ဘုရား)။

အဲ....ပုထုဇန်မှာ ဒီ ၄၅-ဘဲဝင်တယ်၊ ဒါတိဟိတ်မှလာမှာ နော်....ဒွိဟိတ်ဆိုယင် ၄၅ မလာသေးဘူး(မှန်ပါ့) ဒွိဟိတ်ဆို

ယင် ၄၁-လောက်သာလာတယ်(မှန်ပါ)ရှင်းပလား-(ရှင်းပါပြီ) တိဟိတ်မို့ ၄၅ လို့ ဘုန်းကြီးက ပြောလိုက်ပါတယ် (မှန်ပါ)။

အဲဒီတော့ ဒီကိုယ့်သန္တာန် ၄၅ လာတာကို နောက်ကနေပြီး အကဲခတ်တဲ့ မဂ္ဂင် ငါးပါးနဲ့ အကဲသာ ခတ်နေလို့ ရှိယင်ဖြင့် တကာ တကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ အိမ်ပေါ်တွင်ဘဲ ရပါတယ်၊ထမင်းဟင်း ချက်ရင်းလဲ ရပါတယ်၊ ထမင်းဟင်း ချက်ရင်းလဲ ရပါတယ်၊ အပ်ချုပ်ရင်းလဲ ရပါတယ်၊ ရောင်းရင်း ဝယ်ရင်းလဲ ရနိုင်ပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

အကဲသာခတ်နေနော်.... (မှန်ပါဘုရား) ဘယ်စိတ်ကလေး ပေါ်ပေါ် အကဲခတ်၊ဦးခင်မောင် ရှိသေးသလား–မရှိတော့ဘူး လား....ဘာလုပ်ရမှာတုံး(အကဲခတ်ရမှာပါ) နောက်က တကာ တကာမတွေ ရှိ-မရှိ အကဲခတ်ပါနော်....(မှန်လှပါဘုရား) ၁-ကို ၂-နဲ့ အကဲခတ်ပါ(မှန်ပါ)ဘယ်လို မှတ်ကြမယ်....(၁-ကို၊ ၂-နဲ့ အကဲခတ်ရမှာပါဘုရား)၁-ကို ၂-နဲ့ အကဲခတ်တော့ ၁-ကမရှိဘူး ပြောတာ (မှန်ပါ) ၂-က မရှိမှန်းသိလာတာပါဘဲ (မှန်လှပါ ဘုရား)။

၁-က....(မရှိဘူးပြောတာပါ)။

၂-က....(မရှိမှန်းသိတာပါ)။

ဒါဖြင့် မရှိတာက ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခနဲ့မို့ရှိသေး ရဲ့လား.... (မရှိပါဘူးဘုရား) မရှိတာက ဒုက္ခသစ္စာ၊ အကဲခတ် တာက.... (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် မဂ်ရတာသည် တကာ တကာမတို့ အကဲမခတ်တဲ့ ပုဂ္ဂိုလ်မှာ ရသလား- အကဲခတ်မှ ရသလား.... (အကဲခတ်မှ ရပါတယ်ဘုရား) ဩော်.... ဒါဖြင့် ကျေနပ်ပြီ တကာ တကာမတို့ (မှန်ပါ)။

ကျေနပ်ပါပြီ ဒီဟာ အလုပ်တရား ပေးပြီးပြီနော်.... (မှန်လှပါ)အဲဒီတော့ ဟိုဝတ္ထုကို ပြန်ပြီးသကာလ တကာ တကာမတွေ ဆက်ကြပါစို့ ဆိုတော့ ဒီထဲသွင်းရမှာဘဲ ဦးခင်မောင်တို့ တကာသစ်တို့နော်.... (မှန်လှပါ) ၁-နံပါတ် ဝတ္ထပရိုဗ်ဇ်က မေးလိုက်တယ်နော် ပဌမနေ့ကဟာဘဲ ပြန်ပြောပါတယ် တကာ တကာမတွေ ဒီနေ့ကျုပ်သိမ်းမယ်လို့....(မှန်လှပါဘုရား)ရှင်ကြီးဂေါတမ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလားလို့ ဝတ္ထပရိုဗ်ဇ်က မမေးလား.... ဦးခင်မောင် (မေးပါတယ်ဘုရား)။

တကာ တကာမတွေ ဘယ့်နှယ်မေးပါလိမ့်.... (လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား) ဘုရားက ဘယ့်နှယ်ဖြေပါလိမ့်.... (မရဘူး....တဲ့) မရနိုင်ဘူး (မှန်ပါ့) ဘုရားက ဘာတဲ့.... (မရနိုင်ဘူးတဲ့) ဟုတ်တယ် ဘယ်ရမတုံး တကာ တကာမတို့ရာ.... ဒီစိတ်ကလေးကို ဒီကနေပြီးသကာလ ကိုယ့်စိတ်ကလေးကို ကိုယ့်ခန္ဓာကလေးကို ကိုယ်ခင်မင်မယ်-ကိုယ်စွဲလန်းမယ်- ကိုယ်အားထုတ်မယ်ဆိုယင် ရပါ့မလား.... (မရပါဘူး)။

ဒါကလူ-လူဆိုတာက ခန္ဓာငါးပါးကို လူခေါ်တာပါဘဲ၊ သဘောကျကြပလား.... (မှန်ပါ ကျပါပြီ) အဲဒီတော့ ဒီခန္ဓာငါးပါး လူခေါ်တော့– ဒါ ဝိညာဏက္ခန္ဓာဆိုတာ မသေချာဘူးလား.... (သေချာပါတယ်) အဲဒါကို ခင်မင်မယ်- စွဲလန်းမယ်- အားထုတ်နေမယ်ဆိုလို့ရှိယင် လူဟာ လူ့သံယောဇဉ်သုံးခု စွန့်သေးရဲ့လား.... (မစွန့်ပါဘုရား) မစွန့်တော့ မဂ်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)။

မရနိုင်ဘူးတဲ့ ဒီ ကံ-လာလို့ရှိယင် ဇာတိ ဇရာ မရဏ တွေသာ-ရမယ်၊ မဂ်တော့ မရဘူး (မှန်လှပါ) ဘာရမယ်....(ဇာတိ

ဇရာ မရဏတွေသာ- ရမှာပါဘုရား) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နေကြလို့ရှိယင် တကာ တကာမတွေ ဘာရမယ်.... (ဇာတိ ဇရာ မရဏတွေ ရပါမယ်ဘုရား)။

ကြည့်....ရှင်းပြမယ်၊ ဒါက-လူ ဒီကိုယ့်လူကို ကိုယ့်ခန္ဓာကို ကိုယ် ခင်မင်မယ်၊ ကိုယ် စွဲလန်းမယ်၊ ကိုယ် အားထုတ်မယ်ဆို တော့ သံယောဇဉ်က သုံးခုမလာဘူးလား.... (လာပါတယ် ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား-ဆိုတော့ ဘုရားက မရနိုင်ဘူးတဲ့၊ ဟောဒါတော့ ရမယ်တဲ့၊ ဇာတိ ဇရာ မရဏ ဒါဘဲရမယ် (မှန်ပါ့) နိဗ္ဗာန်တော့.... (မရပါဘူးဘုရား) သဘောပါကြလား.... (ပါ-ပါပြီ) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ကို.... (မရနိုင်ပါဘူး) ကဲ....အခု အမြင်အား ဖြင့်လဲ သေချာကြပလား.... (သေချာပါတယ်ဘုရား) ဒီ ကိုယ့် ခန္ဓာက–ဟောဒါက တကာ တကာမတွေ၏ ခန္ဓာ၊ ကိုယ့်ခန္ဓာ၊ လူဘဲ၊ သဘောကျပလား.... (ကျပါပြီ)။

သဲမုတိသစ္စာနဲ့ဆိုတော့ လူဘဲ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါ တယ်ဘုရား)ပရမတ္ထသစ္စာနဲ့တော့ ဝိညာဏက္ခန္ဓာပေါ့ဗျာ (မှန်လှ ပါ) သူသည် ကိုယ့်စိတ်ကလေး ကိုယ်ခင်နေတဲ့ အခါကျလို့ ရှိယင် တဏှာ ဥပါဒါန် ကံ လာ-မလာ....(လာပါတယ်ဘုရား)။

ဒါဖြင့် သံယောဇဉ်စွန့်-မစွန့်....(မစွန့်ပါဘူးဘုရား) သံယော ဇဉ် မစွန့်သောကြောင့်....တဲ့၊နိဗ္ဗာန်ရပါ့မလားဆိုတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ.... (မရပါဘူး) ဒါဖြင့် နိဗ္ဗာန်မရတော့ ဘာရမှာတုံးဆိုတော့ ဒီဘက်ကြည့်လိုက်....(နတ်ရွာသုဂတိတော့ ရပါတယ်)။

ပေါ်ပြီ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ဘာရမယ်.... (နတ်ရွာသုဂတိရပါမယ်) ဒါဖြင့် တကာ တကာမတို့ ဒီလိုလုပ်ကြ၊ လူဟာ လူ့သံယောဇဉ် စွန့်ယင်တော့ဖြင့် ဟောဒီ သုံးခုမလာလို့ရှိယင် ဒီသုံးခုကော လာပါ့မလား.... (မလာပါဘူး)။

ဒါဖြင့် ဒီလိုလုပ်လိုက်တာပေါ့ တကာ တကာမတို့....ပေါ်တဲ့ စိတ်ကလေး – ပေါ်တဲ့စိတ်ဟာ လူ့သန္တာန် ပေါ်တဲ့ စိတ်ဘဲ၊ သဘောကျပလား.... (မှန်လှပါ) သမုတိသစ္စာနဲ့ ရောပြောထားလို့ ဒီဟာကလေး ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တကာ တကာမတို့ မဂ်ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အခုနက တဏှာ ဥပါဒါန် ကံ-ဆိုတော့ လူ့သံယောဇဉ် လာသေးရဲ့လား.... (မလာပါဘူး)လူ့သံယောဇဉ်မှ မလာတဲ့နောက် ဇာတိ ဇရာ မရဏ နောက်ဆက်တွဲ လာပါ့မလား.... (မလာပါဘူး)။

ဒါဖြင့် လူဟာ လူ့သံယောဇဉ်ရှိယင်သာ မရတာ၊ မရှိလို့ ကိုယ့်စိတ်ကိုယ် အကဲခတ်ယင် ရ-ရမယ်(မှန်လှပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)ကိုယ့်စိတ်ကိုယ်....(အကဲခတ်ယင် ရ-ရမယ်) ကိုယ့်စိတ်ကိုယ် အကဲခတ်ယင် ရ-ရမယ်ဆိုတာ သေချာပလား.... (သေချာပါတယ်) ကောင်းပြီ၊ ဒါဖြင့် ဒီအဖြေကို သုံးရက်ရှိပြီ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပြီးဖြေလိုက်တဲ့အတွက် တရားတပွဲလုံး တကာ တကာမတွေ ကျေကျေ နပ်နပ် သဘောကျပလား.... (ကျပါပြီဘုရား)

ရှုလိုက်တော့ သံယောဇဉ်လာသေးရဲ့လား.... (မလာပါဘူး ဘုရား) မလာယင် ဘာတုံး....(နိဗ္ဗာန်ရပါမယ်) နိဗ္ဗာန်ရမယ် ဒီဇာတိ ဇရာ မရဏ လာသေးရဲ့လား....(မလာပါဘူး) ဇာတိ ချုပ်တာ ဘာခေါ်မယ်....(နိဗ္ဗာန်ပါ)။

ဇရာချုပ်တာ.... (နိဗ္ဗာန်ပါ)။

မရဏချုပ်တာ.... (နိဗ္ဗာန်ပါ)။

အဲဒါ သံယောဇဉ်နောက်ထပ်မလာဘဲ ဒီကိုယ့်စိတ်ကို ကိုယ် အကဲခတ်လိုက်တာနဲ့ သံယောဇဉ်တွေက နောက်က ချုပ်သွား တယ်(မှန်လှပါ)။

သံယောဇဉ်တွေက နောက်က ချုပ်သွားတော့ကို စုတိမနေ သေလွန်တော့ ဇာတိ ဇရာ မရဏတွေကော မချုပ်ဘူးလား.... (ချုပ်ပါတယ် ဘုရား) လာသေးရဲ့လား.... (မလာပါဘူး) မလာတော့ ဇာတိချုပ်ရာ....နိဗ္ဗာန်၊ ဇရာချုပ်ရာ....(နိဗ္ဗာန်ပါ) မရဏချုပ်ရာ.... (နိဗ္ဗာန်ပါ) ဩော်....နိဗ္ဗာန်သည် တကာ တကာမတို့ မဂ်ဝင်မှ ရတယ်ဆိုတာ သေချာပလား.... (သေ ချာပါတယ်)။

ကိုယ့်စိတ်ကို ကိုယ်အကဲခတ်မှ ဘာရတုံး.... (နိဗ္ဗာန်ရပါ တယ်)နိဗ္ဗာန် ရနိုင်တယ်ဆိုတာကော ယနေ့ ရှင်းပါပလား.... (ရှင်းပါပြီ)သေသေချာချာ မှတ်ပါတဲ့ ဒီဥစ္စာ အတော်အရေး ကြီးပါတယ်(မှန်ပါ့) ကိုင်း....ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နတ်ရွာသုဂတိ ရောက်နိုင်သလား....တဲ့၊ ဒုတိယ မေးခွန်း။

တကာ တကာမတွေ ဘာတဲ့တုံး ဒုတိယ မေးခွန်းက.... (လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နတ်ရွာသုဂတိ ရောက်နိုင်

သလား....) အဲဒီကျတော့ ဘုရားက ဘယ့်နှယ် ဖြေသလဲ.... (ရောက်နိုင်တယ်)ရောက်နိုင်တယ်....ကွတဲ့၊ လူဟာ....ဥပမာမယ် ဆွမ်းလှူလိုက်တယ်–ကွမ်းလှူလိုက်တယ်၊ တကာ တကာမတွေက ဘုရား လှူလိုက်တယ်–ရှိခိုးလိုက်တယ်၊ ဒီ ရှိခိုးရတဲ့ အကြောင်း ကြောင့် စုတိမနေ သေလွန်သည်၏ အခြားမဲ့၌ လူချမ်းသာ နတ်ချမ်းသာ ရ-ရပါလို၏ဆိုတော့ လူချမ်းသာ နတ်ချမ်းသာ လိုချင်တဲ့ တဏှာဆန္ဒက မလာဘူးလား....(လာပါတယ်ဘုရား)။

မရ-မရှိပါရစေနဲ့ဆိုတော့ ဥပါဒါန်ကော....(လာပါတယ် ဘုရား) ခုနက ဒီအားထုတ်တဲ့ ဒါန သီလတွေ အားထုတ်တဲ့ ကာယကံ ဝစီကံတွေကကော ဒီဘက်က မလာဘူးလား....(လာ ပါတယ်ဘုရား) ဒီ တဏှာ ဥပါဒါန် ကံတွေကြောင့် စုတိမနေ သေလွန်သည်၏အခြားမဲ့၌ ဟော.... နတ်ကောင်ကြီး ပေါ်မှာ ဘဲ၊ မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

လူကောင် နတ်ကောင် မပေါ်ပေဘူးလား.... (ပေါ်ပါ တယ်ဘုရား) ဒါကတော့ တကာ တကာမတွေ ဒီကံကလေး တဏှာဘဲ အုပ်ချုပ်တယ်၊ တဏှာ ဥပါဒါန်တွေ အုပ်ချုပ်တယ် ကံက....ကံကောင်းဖြစ်နေတယ်၊ ကမ္မသကတာကံ ဖြစ်နေတယ် (မှန်လှပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဒါဖြင့် လူဟာ လူ့ သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိ ရောက်နိုင်ပါ့မလားလို့ဆိုယင် ဘယ့်နှယ်ဖြေကြမလဲ....(ရောက်နိုင်ပါတယ်ဘုရား)။

ဒီ....ကြည့်....ခင်ဗျားတို့ ဟောဒါ လူဘဲ၊ ကိုယ့်ကိုယ်ကို ခင်တဲ့အတွက် နောက်ဘဝကိုလဲ ကိုယ့်ကိုယ်ကို ကောင်းစား တာကိုသာ သဘောကျတဲ့အတွက်ဆိုတော့ ဒီဘဝမှာလဲ ကိုယ့် ကိုယ်ကို ခင်တဲ့တဏှာ မလာဘူးလား....( လာပါတယ်ဘုရား )

စွဲလန်းတဲ့ ဥပါဒါန်ကော.... (လာပါတယ်ဘုရား) ကိုယ့်ကိုယ် အတွက် အားထုတ်တဲ့ ဒါနသီလ....(လာပါတယ်ဘုရား)။

အဲဒါတွေကြောင့် သေသည်၏အခြားမဲ့၌ ဟောဒီ နတ်ကောင် လူကောင်တွေ ဖြစ်ထိုက်....မဖြစ်ထိုက်.... (ဖြစ်ထိုက်ပါတယ်ဘုရား) သံယောဇဉ်ကြောင့်ကို- ဖြစ်သွားတယ် (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) သံယောဇဉ်ကြောင့် မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) သံယောဇဉ် ဆိုပေမယ့်လို့ ဒီကံက....သူက သံယောဇဉ် အုပ်ချုပ်တဲ့ကံသာ ဖြစ်နေတော့ ဒီကံကတော့ ကုသိုလ်ကံဘဲ၊ ဒါန သီလ ပြုလုပ်တဲ့ ကံဆိုတော့ သဘောကျပလား....(ကျပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဘုရားကို ဒုတိယဆက်ပြီး ဝစ္ဆ ပရိဗိုဇ်ကမေးတော့ လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ သုဂတိ ရောက်နိုင်သလားလို့ မေးတော့ ဘုရားက ဖြေလိုက်တယ်၊တရာ မကဘူး၊ တထောင်မကဘူး၊ တသောင်းမကဘူး၊ တသိန်းမက ဘူး၊ တသန်းမကဘူးကွ ရောက်တယ်....တဲ့(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ဘုရား ဖြေပုံကော ကျေနပ်ပလား.... (ကျေနပ်ပါတယ်)ဘယ်လောက် ရောက်နိုင်သတဲ့တုံး....(တသိန်း၊တသန်းမက ရောက်နိုင်ပါသတဲ့)အေး....ရာပေါင်း ထောင်ပေါင်းမက ရောက် နိုင် ပါတယ်ကွ ဆိုတာကော သေချာကြပလား.... (သေချာ ပါတယ်)။

ဒါဖြင့် သံယောဇဉ်ဆိုတဲ့တရားဟာ တဏှာ ဥပါဒါန် ကံ ဆိုတဲ့ တရားတွေဟာ—တကာ တကာမတို့ နိဗ္ဗာန်တော့ တား

တယ်၊ သုဂတိတော့ ရောက်အောင်ပို့တယ်(မှန်ပါ့) နှစ်ချက်ယူပါ (မှန်လှပါဘုရား)။

နိဗ္ဗာန်ကျတော့........(တားပါတယ်)။

သုဂတိကျတော့........(ရောက်အောင်ပို့ပါတယ်)။

ရှင်းကြပလား....(ရှင်းပါပြီ)အေး....ဒါကို သေသေချာချာ သိထားတော့မှတဲ့ ဘာလုပ်လုပ် ခင်ဗျားတို့ ဒီတဏှာ ဥပါဒါန် မပါဘဲနဲ့ ကံတွေကို လုပ်–လို့ရှိယင် ဒီဒါနအလှူပွဲကြီး လှူရတဲ့အတွက် ကျောင်းဆောက်တဲ့အတွက် ဘုရားတည်ရတဲ့အတွက် ဇာတိ ဇရာ မရဏတို့၏ ချုပ်ရာ သိမ်းရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ရောက်ရပါလို၏ဆိုတော့ ဝိဝဋ္ဋကံတွေ လုပ်လိုက်ပြန်တော့လဲ ဒီ တဏှာပါသေးရဲ့လား....(မပါ–ပါဘူးဘုရား)။

အဲ....ဝိဝဋ္ဋကံ လုပ်လိုက်ပြန်တဲ့ အခါကျလို့ရှိယင် သူသည် ဥပနိဿယသတ္တိနဲ့–အားကြီးသောအကြောင်းနဲ့ ကျေးဇူးပြုလိုက်တော့ နောက်-ဝိပဿနာတွေလဲ ရှုလိုက်တော့ ရောက်သွားတယ် ( မှန်ပါ့ဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါဖြင့် ဥပထမ္ဘကတော့ သေသေချာချာမဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲ....တဏှာ ဥပါဒါန် မပါယင်တော့ ရောက်ပါတယ်၊ ဒါန သီလ ကံတွေနဲ့လေ....(မှန်ပါ ရောက်ပါတယ်) ရှင်းကြပလား (ရှင်းပါပြီ) တဏှာ ဥပါဒါန် အုပ်ချုပ်နေယင်တော့ (မရောက်ပါဘူး) မရောက်ပေဘူးဆိုတာ သဘောကျပလား-(ကျပါပြီ)

ဒါ့ကြောင့် ဝစ္ဆပရိဗိုဇ်က သေသေချာချာ ဘုရားကိုမေးတဲ့အခါကျတော့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရပါ့မလားဆိုတုန်းက ဘုရားဘယ့်နှယ်ဖြေသလဲ (မရပါဘူးဘုရား)

မရဘူးဖြေတယ် (မှန်ပါ့) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိရောက်နိုင်ပါ့မလားဆိုတော့....(ရောက်နိုင်ပါတယ်)။

ရောက်နိုင်တယ်လို့ ဖြေလိုက်တယ်၊ (မှန်ပါ့) ဒါဖြင့် ပုစ္ဆာနှစ်ချက် ပြီးသွားတာပေါ့ဗျာ၊ (မှန်လှပါ) ကိုင်း—ဒီနေ့ နောက်နှစ်ချက်ပါ ရှင်းပေးပါ့မယ်၊ (မှန်ပါ့ဘုရား) နောက်နှစ်ချက်က တကာ တကာမတို့ ဒါဗဟုသုတဖြစ်အောင် သေသေချာချာ မှတ်ပါ၊ နောက်နှစ်ချက်က ဘာပါလိမ့်မတုံး မေးတဲ့အခါ ကျတော့ ကျုပ်တို့ ဒီအဝတ်- မဝတ်တဲ့ ပုဂ္ဂိုလ်တွေကို ဦးခင်မောင်တို့ မြင်ဘူးမှာပေါ့ဗျာ၊ တရားကျင့်နေတာ အဝတ်-မဝတ်တဲ့ပုဂ္ဂိုလ်တွေ....(မှန်လှပါ)။

မရှိကြဘူးလား....(ရှိပါတယ်ဘုရား) အဲဒီ မိစ္ဆာဒိဋ္ဌိ အကျင့်တွေ မများဘူးလား၊ တချို့ အိန္ဒိယမှာ ခုတိုင်ရှိနေတာတွေ တပုံကြီး ရှိကြပါလိမ့်မယ်နော်.... (မှန်လှပါ) အဲဒီတော့ တကာ တကာမတွေ ဒီလိုစဉ်းစားပါတဲ့၊ စဉ်းစားစရာက အရှင်ဘုရားတဲ့ တပည့်တော် မသိလို့ မေးပါရစေ-တဲ့ ဝစ္ဆပရိဗိုဇ်က လျှောက်တယ်၊ ဒီအဝတ်-မဝတ်ဘဲနဲ့ ကိုယ့်ကိုယ်-ကိုယ် ဆင်းရဲခံပြီး ကျင့်နေတဲ့ အာဇီဝကတို့ဆိုတာတွေ နိဗ္ဗာန်များ ရောက်နိုင်ရဲ့လား-တဲ့။

ဒီလို မေးလိုက်တယ်နော်....၊ အာဇီဝက ပရိဗိုဇ်တွေ နိဗ္ဗာန်ရောက်နိုင်ရဲ့လား....လို့ မေးလိုက်တယ်၊(မှန်ပါ့ဘုရား) ဘုရားက မရောက်နိုင်ဘူးလို့ ဖြေလိုက်တယ်၊ သဘောကျပလား(မှန်လှပါဘုရား) ဒါက သူ မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်နေတာ တကာ တကာမတွေ ရောက်နိုင်ပါ့မလား.... (မရောက်နိုင်ပါဘူးဘုရား) မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်နေတဲ့အတွက် နိဗ္ဗာန်ဟာ ဘယ့်နှယ်တုံး (မရောက်နိုင်ပါဘူး)။

ဒိဋ္ဌိဟာ နိဗ္ဗာန်ကို အမြဲတားတဲ့တရားဆိုတာ သေချာပလား- (သေချာပါတယ်)ကောင်းပြီ- ဒါဖြင့်ဘုရား-အာဇီဝကတွေသည် အာဇီဝက အဖြစ်နဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး....(မရောက်နိုင်ပါဘူးတဲ့) ဒါက သုတ္တန်ကအဆို၊ ဒါက ယခုဖြေတာ ဘုရားရှင်ကဖြေတာ၊ ဘုန်းကြီးအဖြေပေးဘို့ လိုသေးသလား....(မလိုပါဘူးဘုရား)။

မလိုတော့ပါဘူး မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်နေတာကိုး (မှန်လှပါဘုရား) ရှင်းပြီနော် .... (ရှင်းပါပြီ) ကောင်းပြီ- တခါဆက်မေးတယ်၊ အဲဒီ အာဇီဝကတွေဟာ သုဂတိများကော မရောက်နိုင်ဘူးလား....တဲ့၊ မရောက်ဘူးကွာ....တဲ့ ဖြေလိုက်ပြန်တယ်၊ အာဇီဝကတွေ နတ်ရွာသုဂတိများ ရောက်နိုင်ပါသလားလို့ မေးတော့ ဘယ့်နှယ်ဖြေသလဲ....(မရောက်ဘူးလို့ ဖြေတယ်)။

တယောက်ထည်းတော့ ရှိသကွာ-တဲ့၊ (မှန်လှပါ)တယောက်ထည်းတော့ ရှိတယ်တဲ့၊ တယောက်ထည်းက တကာ တကာမတို့ သူကိုယ်တိုင် ဟိုနှစ်ဉ်အခါတုန်းက မှားပြီးကျင့်ဘူးတယ်၊ ဘုရားအလောင်း ဘုရားအလောင်းနော် .... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ) သူကတော့ အာဇီဝကအကျင့်တော့ ကျင့်တာဘဲ၊ သို့သော်လဲ သူဟာ ကောင်းတာလုပ်ယင် ကောင်းကျိုးပေးတယ် ဆိုတဲ့ စိတ်ကလေးက သူ့မှာရှိတယ်၊ (မှန်ပါ့) ဒါကြောင့် သူ ဖိပြီးသကာလ လုပ်တာဘဲ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အကုန် ခြိုးခြံတာဘဲ၊ ခြိုးခြံတာဟူသရွေ့ အကောင်းချည်းဘဲလို့ သူ့စိတ်ထဲမှာဖြင့် ယူတဲ့အတွက်-တဲ့၊ အဲ-သူတယောက်တော့ဖြင့် သုဂတိ ရောက်ဘူးတာ ငါသည်ကားလို့ ဆိုယင်ဖြင့်

ကမ္ဘာပေါင်းများစွာပြန်ကြည့်တာ ဒီတယောက်ဘဲ တွေ့ဘူးတယ်တဲ့၊ (မှန်လှပါ)။

ငါအာဇီဝက ဖြစ်စဉ် အခါတုန်းက ငါတယောက်ထည်း သုဂတိရောက်တာ တွေ့ဘူးတယ်၊ ကျန်တဲ့ အာဇီဝကတွေ လုံးဝ မရောက်ဘူး ဘူးတဲ့၊ သဘောပါကြလား.... (ပါ-ပါတယ်) သူ ကတော့ ကမ္မဝါဒီမို့ ကျန်နေတယ် ဦးခင်မောင်ရေ၊ (မှန်လှပါ ဘုရား)။

ကမ္မဝါဒီမို့ ကမ္မဿကတာဉာဏ်ကလေးနဲ့ သူကအားထုတ်တယ် ရှင်းပလား (ရှင်းပါပြီ) ဘာနဲ့ အားထုတ်တာပါလိမ့်....(ကမ္မဿ ကတာဉာဏ်နဲ့ အားထုတ်ပါတယ်ဘုရား) ကမ္မဿကတာဉာဏ်နဲ့ အားထုတ်လိုက်တဲ့အတွက် ကောင်းတာလုပ်ယင် ကောင်းကျိုး ပေးတယ် ဆိုတဲ့ ဉာဏ်ကလေးကြောင့် သူတယောက်တော့ဖြင့် ရောက်ဘူးတယ်တဲ့။

ကျန်တဲ့ အာဇီဝကတွေဟာဖြင့် ငါသည် ၉၁-ကမ္ဘာ ပြန်ပြီး လျှောက်ကြည့်တယ်၊တယောက်မှ မတွေ့ဘူးကွ-တဲ့၊ငါ သဗ္ဗညုတ ဉာဏ်နဲ့ လျှောက်ကြည့်လိုက်တယ်-တဲ့၊ ရိပ်မိကြပလား.... (ရိပ်မိ ပါပြီ) ဒါဖြင့် တကာ တကာမတို့ ပုစ္ဆာလေးချက် ရှင်းသွားပြီ မဟုတ်လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဲဒီ ဝစ္ဆပရိဗိုဇ်က....အရှင်ဘုရား-တဲ့၊ တပည့်တော် ယခု လေးချက်မေးတော့ အရှင်ဘုရားက လေးချက်လုံး ဖြေလိုက် ပါတယ်တဲ့။

ဒီ မိစ္ဆာဒိဋ္ဌိလုပ်နေတဲ့ အလုပ်ဟူသရွေ့သည် မိစ္ဆာဒိဋ္ဌိ ဦးစီးပြီး သကာလ လုပ်နေတဲ့ အလုပ် ဟူသရွေ့သည် နိဗ္ဗာန်မဆိုထားပါနဲ့

သုဂတိ တောင် မရောက်နိုင်ဘူး ဆိုတာ သေချာပါပြီ ဘုရား ဆိုတဲ့ဥစ္စာ တကာ တကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒိဋ္ဌိ အုပ်ချုပ်တဲ့ အလုပ်ဟူသရွှေသည်ကားလို့ ဆိုလို့ ရှိယင် မိစ္ဆာဒိဋ္ဌိ အလုပ်ဟူသရွှေသည် တကာ တကာမတို့ တခါတည်း စဉ်းစားလိုက်ပါတဲ့၊ အာဇီဝက အလုပ်ဟူသရွှေဟာဖြင့် နိဗ္ဗာန် မဆိုထားနှင့် သုဂတိတောင်-(မရောက်ပါဘူးဘုရား) ရှင်းပလား (ရှင်းပါပြီ) အဲဒါ သက္ကာယဒိဋ္ဌိကို ဆိုတယ်လို့ မမှတ်လိုက်ပါနဲ့၊ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) သက္ကာယဒိဋ္ဌိကို နည်းနည်း ရှင်းပြလိုက်ပါဦးမယ်၊ (မှန်လှပါ)။

သက္ကာယဒိဋ္ဌိ ရှိလျက်နဲ့ ဒါန သီလတွေလုပ်တယ်၊ သုဂတိ တော့ ရောက်တယ် တကာ တကာမတို့၊ နိဗ္ဗာန်တော့မရောက်ဘူး၊ (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ) ဟိုအာဇီဝကတွေက တော့ တကာ တကာမတို့ မျိုးစေ့အဖိုးဖို ကံနှင့် ကံ၏ အကျိုး ကော မယုံဘူး၊ အကုန် ပယ်ချတာဘဲ၊ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ကံနှင့်ကံ၏အကျိုးကို အကုန် ပယ် မချဘူးလား.... (ပယ်ချပါတယ်ဘုရား)။

အဲဒါကြောင့် သူတို့ကတော့ တကာ တကာမတို့ နိဗ္ဗာန် ဆိုတာဝေးရော၊ သုဂတိတောင်မှ....(မရောက်နိုင်ပါဘူး)မရောက် နိုင်ဘူးဆိုတာ သဘောကျကြပလား.... ( ကျပါပြီ ) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သတိပေးချင်တာက ဪ.... ငါလုပ်ယင် ငါရတာဘဲဆိုတဲ့ သက္ကာယဒိဋ္ဌိနဲ့ လုပ်ကြလို့ ရှိယင် သုဂတိတော့ဖြင့် ရောက်ပါတယ်၊နိဗ္ဗာန်တော့ဖြင့်....(မရောက်ပါ ဘူး) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ .... တကာ တကာမတို့တဲ့ ဒိသဏ္ဌာယဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒါန သီလတွေလုပ်လဲ ရပါတယ်ဆိုတာကိုလဲ လုံးဝ မရဘူးဆိုတဲ့ အဓိပ္ပါယ်မျိုး မယူဘဲနဲ့ ....ဪ....သုဂတိလောက် တော့ သေသေချာချာရတယ်ဆိုတာလဲ ရှင်းကြပလား....(ရှင်း ပါပြီဘုရား) သဏ္ဌာယဒိဋ္ဌိ ပြုတ်ပြီးသကာလ လုပ်မယ်ဆိုယင် ဖြင့် နိဗ္ဗာန်ရပါတယ် (မှန်လှပါ) သဘောပါကြလား....(ပါ ပါပြီ)ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်တားတာ ဘယ်သူတုံး ဆိုတာပေါ်လာပလား....(ပေါ်လာပါပြီဘုရား)ဘယ်သူပါလိမ့် (သဏ္ဌာယဒိဋ္ဌိပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ သဏ္ဌာယဒိဋ္ဌိကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရင်ဝလှံစူး၊ ဦးခေါင်း မီးလောင်တာ ထက် အရေးတကြီး နှုတ်ပယ်ပစ်ရမယ်ဆိုတာ ဦးခင်မောင်.... ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီဘုရား) ဒါဖြင့် တကာ တကာမတို့ သဏ္ဌာယဒိဋ္ဌိဆိုတာ တခြားမဟုတ်ဘူးတဲ့- ဒိဋ္ဌိသံယောဇဉ်ဘဲ (မှန်ပါ့) သဘောပါကြလား....(ပါ-ပါပြီ) ဒိဋ္ဌိဟာ ဘာပါလိမ့်....(ဒိဋ္ဌိသံယောဇဉ်ပါဘုရား)။

ဒိဋ္ဌိသံယောဇဉ် ဖြစ်နေတဲ့အတွက် သံယောဇဉ်ဆိုတာကတော့ တကာ တကာမတွေ သိပြီးသားအတိုင်း ဘုန်းကြီးပြောရလို့ ရှိယင်ဖြင့် သမုဒယသစ္စာ ဖြစ်နေတယ်၊ **မဂ္ဂါဝရဏမဿ နိဝရဏ** ဘဲတဲ့၊ မဂ်-တားတာဟာ ဒီ ဒိဋ္ဌိက တားတာ(မှန်ပါ့) တကာ တကာမတို့ မဂ်ကိုတားတာဟာ ဘယ်သူက တားပါလိမ့်.... (ဒိဋ္ဌိက တားပါတယ်ဘုရား) အဲဒါကြောင့် စိတ်ပေါ်မှာ ဘာ အများဆုံးတုံး....(ဒိဋ္ဌိ အများဆုံးပါဘုရား) ဒိဋ္ဌိ အများဆုံးဖြစ် သောကြောင့် စိတ်ဖြစ်ပျက် မြင်ယင် ဒိဋ္ဌိပြုတ်—မပြုတ်....(ပြုတ်

ပါတယ်ဘုရား) ပြုတ်လို့ရှိယင် ဒီ ဝိပဿနာသည် သောတာပန် အမြန်ဆုံးတည်နိုင်တယ်လို့ သမ္မောအဋ္ဌကထာဆရာ ဖွင့်ထားတာကော ကျေနပ်ပလား....(ကျေနပ်ပါတယ် ဘုရား)။

ဒါဖြင့် တရားလဲ ဆုံးပါတော့မယ် တကာ တကာမတို့.... ဟင်....အချိန်စေ့နေပြီ-နာရီက၊ ဘာရှုကြရမှာတုံး....(ဝိပဿနာ ရှုရမှာပါဘုရား)ဘယ်သူ့စိတ်ကို ရှုရမှာလဲ....(ကိုယ့်စိတ်ကို ရှုရမှာပါဘုရား)အဲ....ကိုယ့်စိတ် ကိုယ်ရှုပြီးသကာလ နေကြပါဆိုတော့ ၁-နံပါတ်ကို၊ ၂-နဲ့ရှုပါ(မှန်ပါ့)။

၁–ကို .... .... ....(၂-နဲ့ ရှုရမယ်)။

၁–က ဖြစ်ပျက်....(၂-က မဂ်ပါ)။

၁–က ဖြစ်ပျက်....(၂-က မဂ်ပါ)။

၁-က ဖြစ်ပျက်....(၂-က မဂ်ပါ)။

ဒီအတိုင်းသာ သွားနေလို့ရှိယင် ဦးခင်မောင် ဘယ်မှာ ဒိဋ္ဌိတွေ လာနိုင်သေးရဲလား....(မလာနိုင်ပါဘူးဘုရား)ဒိဋ္ဌိ–ဒိဋ္ဌုပါဒါန်ကော လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘူးဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကော (မလာနိုင်ပါဘူးဘုရား) မကြာခင် သောတာပန် တည်နိုင်ပါတယ်ဆိုတာ တကာ တကာမတို့ ဒီအတိုင်းသာလုပ်၊ညနေ အားထုတ် နံနက်ရနိုင်ပါတယ် (မှန်ပါ့) သဘောပါကြရဲ့လား....(ပါပါတယ်)။

ကိုင်း... ဒီတွင်တော်ကြဦးစို့။

သာဓု.... သာဓု.... သာဓု....

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော

## ခန္ဓာပဋိစ္စသမုပ္ပါဒ်ခန္ဓာအစဉ်သိ

# ဒိဋ္ဌိပြုတ်ရေးတရားတော်

(၉-၂-၆၁)

တကာတကာမတို့ တရားလဲ အားထုတ်ကြရမှာဘဲ အား ထုတ်တဲ့ပုဂ္ဂိုလ်များသည် မိမိတို့၏ ခန္ဓာပဋိစ္စသမုပ္ပါဒ် သိမှုကို ရှေ့ထားမှ သက္ကာယဒိဋ္ဌိ အသိန့် ပြုတ်တယ်လို့ မှတ်ရမယ် နော်.... (မှန်လှပါဘုရား) မိမိတို့၏ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို (သိ အောင် အားထုတ်ရမယ်) သိရမယ်၊မိမိတို့၏ ခန္ဓာပဋိစ္စသမုပ္ပါဒ် သိရမယ် နော်.... (မှန်ပါ)။

မိမိတို့၏ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတာ စသိပါနေတယ်၊ မိမိတို့ ၏ ခန္ဓာဖြစ်စဉ်ကြီး တန်းနေတာ သိရမယ် (မှန်ပါဘုရား)။ အဲဒီ တန်းနေတာ သိတော့မှ ဒိဋ္ဌိက မကပ်နိုင်တော့ဘူးတဲ့ ကြောင့်....ခန္ဓာဖြစ်စဉ်က ဒီအတိုင်းတန်းနေတော့ ဒီထဲမှာ ခန္ဓာ တွေသာ တန်းနေတာပါကလား-ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမတွေ မပါ-ပါကလားဆိုတာ ကိုယ့်ဖြစ်စဉ် ကိုယ်သိထားတော့မှ ကိုယ့်ဉာဏ်နဲ့ ကိုယ်ဝေဘန်ပြီး ကိုယ်သိ ထားတော့မှ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမဟာ သမုတိ သစ္စာအနေနဲ့ ရှိငြားသော်လဲ ဝိပဿနာ ရှုတဲ့ဉာဏ် ပရမတ္ထ

သစ္စာတွေအောင် ရှာရတဲ့အတွက်တဲ့ ဒိဋ္ဌိပြုတ်ပြီးသကာလ သွား ပါတယ် (မှန်လှပါ)။

ဒိဋ္ဌိပြုတ်ပြီးသကာလ သွားတော့မှ ဝိပဿနာ ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် လိုရာခရီး အပြီးအပိုင် ရောက်တယ်လို့ တကာတကာမတွေ မှတ်ထားရမယ်....နော်.... (မှန်လှပါဘုရား) ကိုင်း....ဒါဖြင့် အနုရာဓ ဝတ္ထုက ဆိုးကို မဆိုးသေးဘူး တကာ တကာမတို့ ယခုပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာလဲ ယခု ခန္ဓာ ဖြစ်စဉ်ဘဲဆိုတာလဲ မှတ်ထားရမယ်....နော်....(မှန်လှပါ)။

ကဲ....ဒါဖြင့် စဉ်းစားကြစို့၊ ယခုပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ် ကို မခနဲ့ကလိုဘဲ အစက ပြလိုက်တဲ့အခါကျတော့ တကာ တကာ မတို့အာရုံတခုကိုမြင်တယ်ဆိုတော့ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဆိုတဲ့ မြင်စိတ်ကလေး မပေါ်ဘူးလား(ပေါ်ပါ တယ်)။

"တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတော့ တကာတကာမတို့ ဖဿ ဆိုတဲ့ နာမ်ကလေးကော မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် မြင်တာလဲမြင်စိတ် တွေ့တာလဲ ဖဿ ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ပါသေးရဲ့လား (မပါ-ပါဘူးဘုရား) ဖဿ ပစ္စယာ ဝေဒနာ-တဲ့ ကောင်းမကောင်းခံစားတော့ ဝေဒနာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား) ဒီဝေဒနာထဲ မှာကော ပုဂ္ဂိုလ် သတ္တဝါ ပါရဲ့လား.... (မပါပါဘူးဘုရား)။

ဥပမာ-ဝေဒနာ ပစ္စယာ တဏှာ လာမှာဖြင့် တဏှာဆိုတာလဲ သင်္ခါရက္ခန္ဓာလို့ တကာတကာမတွေကို ပြောထားတယ် ဒါလဲ ပုဂ္ဂိုလ် သတ္တဝါ ပါရဲ့လား.... (မပါ-ပါဘူးဘုရား) တဏှာ

ပစ္စယာ ဥပါဒါန်ဆိုတော့ကော (မပါပါဘူး) တဏှာ၏ ကြီးကျယ် ထွားကြိုင်းလာမှုကို ဥပါဒါန်လို့ ခေါ်တာဘဲ (မှန်ပါ့) တဏှာဘဲဆိုတော့ ကာမုပါဒါန်လို့ ဆိုရမှာဘဲ(မှန်ပါ့)။

ဒီအထဲကော ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား.... (မပါ-ပါဘူး) ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတော့ စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ-လို့ ဘုရားက ဟောတော့ ကံထဲမှာကော ပုဂ္ဂိုလ် သတ္တဝါ ပါသေးရဲ့လား....(မပါပါဘူး)။

ကောင်းပြီ ဒါဖြင့် ယခုမြင်တဲ့အချိန်တောင်မှ ပုဂ္ဂိုလ်သတ္တဝါတွေ မပါတော့ နောက်ဘဝ ကျလာတဲ့အခါ ကမ္မဘဝ ပစ္စယာ ဇာတိ-လို့ လာပြန်တော့ ဇာတိကလဲ တကာတကာမတွေ့ သိတဲ့ အတိုင်း ရုပ်နာမ်နှစ်ခု တွဲနေတာ ထားပါတော့ ပဋိသန္ဓေ ဝေါကာရဘုံမှာ၊ (မှန်ပါ့)။

ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား.... (မပါ-ပါဘူး) ဇာတိထဲ မပါလို့ ဇရာထဲ ပါရမှာလဲ ဒီရုပ်နာမ်တွေ အိုလာတာဆိုတော့ ဇရာထဲမှာကော ပုဂ္ဂိုလ်သတ္တဝါပါသေးရဲ့လား-(မပါ-ပါဘူး) တခါ- မရဏဆိုတဲ့ စုတိစိတ်၊ ရုပ်နာမ်တို့၏ ချုပ်မှုထဲမှာကော ပါ-ပါသေးရဲ့လား....(မပါ-ပါဘူး)။

ဒါဖြင့် ပစ္စုပ္ပန်ဘဝမှာဘဲ ယခု မျက်လုံးကလေး ဖွင့်လိုက်လို့ ပဋိစ္စသမုပ္ပါဒ် အ တိုင်း ဘဲ ပြထားတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့ ဘယ်နေရာမှာ ယောကျ်ား မိန်းမ ပါသတုံးလို့ မေးလို့ရှိယင်ဖြင့် ၁-ထဲမှာကော ပါရဲ့လား.... (မပါပါဘူး)

၂- ထဲမှာကော.... (မပါပါဘူး)။

၃- ထဲမှာကော.... (မပါပါဘူး)။

၄- ထဲမှာကော.... (မပါပါဘူး)။

၅- ထဲမှာကော.... (မပါပါဘူး)။
၆- ထဲမှာကော.... (မပါပါဘူး)။

ဒါဖြင့် ဒီဘဝလဲ မပါဘူး.... (မှန်ပါ) နောက်ဘဝဆိုတဲ့ ဇာတိ ဇရာမရဏထဲမှာကော.... (မပါပါဘူးဘုရား)။

ဒါက ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်တဲ့ တကာ တကာမတို့ မြင်တဲ့အခါ ပေါ်လာတဲ့စိတ်ဘဲ....နော်....(မှန်ပါ)။

ကြားဟဲ့အခါ ပေါ်လာတဲ့စိတ် ဆိုယင်ကော ဒီအတိုင်းဘဲ မသွားပေဘူးလား.... (သွားပါတယ်ဘုရား) ဒီအထဲမှာကော ပုဂ္ဂိုလ်သတ္တဝါက ပါသေးသလား....(မပါပါဘူး) ရှင်းပြီနော် (မှန်ပါ)။

ကောင်းပြီ ဒါတွေဟာဖြင့် အားလုံး ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် သိတော့ စက္ခု မျက်လုံးပေါက်ကလဲမပါ၊ နားပေါက်ကလဲ.... (မပါပါဘူး)။

နှာခေါင်းပေါက်ကလဲ.... (မပါပါ)။
လျှာပေါက်ကလဲ.... .... (မပါပါ)။
ကိုယ်ပေါက်ကရော.... .... (မပါပါ)။
မနောပေါက်ကရော........ (မပါပါ)။

မပါတော့ ရုပ် နာမ်တွေဘဲ တန်းသွားတယ်ဆိုတာ သဘောကျပလား (ကျပါပြီ) ဘာတွေများ တန်းသွားပါလိမ့် (ရုပ်နာမ်တွေ တန်းသွားပါတယ်) ရုပ် နာမ်တွေဘဲ တန်းသွားတာ တကာတကာမတွေက သေသေချာချာ သိနေတော့....ဩော်... ယခုအခါ ဖြစ်စဉ်ထဲမှာလဲ ဘယ်ဒွါရက စ-ဖြစ်ဖြစ် ပုဂ္ဂိုလ်သတ္တဝါမပါ (မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီ) ပုဂ္ဂိုလ်သတ္တဝါ မပါဘူးဆိုတာ သေသေသေချာချာ ရှင်းပြီးသကာလ

ထားတော့သတ္တဝါဟာ အပြောသာရှိတယ် တကယ်အရှိဟုတ်ပါ ရဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

အပြောတော့ဖြင့်.... (ရှိပါတယ်)။

တကယ်တော့ဖြင့်.... (မရှိပါဘူး)။

မရှိဘူးဆိုတာကလေး.... မှတ်ထားတော့ကို ဒီဟာတွေ ဘာ သစ္စာတဲ့လဲ မေးပြန်တော့ကော (ဒုက္ခသစ္စာပါဘုရား) အင်း.... စက္ခု ဝိညာဏ်ကလေးကလဲ.... လောကီစိတ်ထဲက ဒုက္ခသစ္စာဘဲ၊ ဖဿ ဟာလဲ ဘာပါလိမ့်.... (ဒုက္ခ သစ္စာပါ) ဝေဒနာဟာ (ဒုက္ခသစ္စာပါ) အကုန် ဒုက္ခသစ္စာချည်းဟဲဆိုတော့ မနေ့က ရှင်း ပြခဲ့တယ်၊ ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ ဒုက္ခအစုကြီး ဖြစ် တယ်ကွ လို့ပြောတော့ ရှင်းနေတယ်.... (မှန်ပါ) မရှင်းကြ သေးဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဒုက္ခအစုမှတပါး ဘာလာသေးတုံး.... (ဘာမှမလာပါဘူး) ကြော်.... ဒါဖြင့် ဖြစ်တာလဲဒုက္ခ၊ ပျက်ပြန်တော့ကော(ဒုက္ခပါ) တကာ တကာမတို့ မိမိခန္ဓာကိုယ်ထဲမှာ ပေါ်သရွှေဟာဖြစ်တာလဲ ဘာဆိုကြမယ်.... (ဒုက္ခပါဘုရား) အင်း.... ပျက်တာလဲ ဘာဆို ကြမယ်.... (ဒုက္ခပါဘုရား)။

အင်း....ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တ ဝါကဖြင့် မပါဘူးဆိုတာ သေချာပလား.... (သေချာပါတယ်)

အေး.... ဒါဖြင့် အသိနဲ့ ဒိဋ္ဌိ ကွာသွားတော့ ဝိပဿနာ ရှုလို့ ဖြစ်ပါပြီတဲ့၊ ကိုင်း....ဒါဖြင့် တကာ တကာမတို့ ပဋိသန္ဓေ နေသည်ကစ၍ သေသည့်တိုင်အောင်လဲ ဘာသစ္စာကြီး တန်း သွားပြန်ပါလိမ့်.... (ဒုက္ခသစ္စာကြီး တန်းသွားပါတယ်ဘုရား)။

ယခုလို ပဝတ္တိအခါမှာလဲ အာရုံဒွါရတိုက်ဆိုင်လို့ ပေါ်တဲ့ ဓမ္မတွေမှာလဲ မျက်လုံးပေါက်က ဓမ္မတွေ တန်းသွားပြန်တော့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)ကဲ.... မနောပေါက်ကနေ စိတ်တွေ တန်းပြီးသကာလ ဝီထိနဲ့သွားသွား ပဋိစ္စသမုပ္ပါဒ်နဲ့ သွားသွား သွားချင်တာနဲ့သွား ဘာတွေ တန်းသွားသလဲ.... (ဒုက္ခသစ္စာတွေ တန်းသွားပါတယ်)။

တခုချုပ်ပြီး တခုဖြစ်တော့ဒုက္ခသစ္စာတွေဘဲ တန်းသွားတယ် ဆိုတာ သဘောကျပလား....(ကျပါပြီ)ကောင်းပြီ ဒါဖြင့်ဘုရား က သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ-လို့ ဟောသောကြောင့် အဲဒါကလဲ သေသေ ချာချာ အမှန် ဟောထားသောကြောင့် ဒီခန္ဓာကြီးမှာ ဘာဘဲ ပေါ်လာ ပေါ်လာ ဒုက္ခသစ္စာ ချည်းဘဲ ယုတ်စွအဆုံး လောဘကလေးတောင်မှ သမုဒယသစ္စာသာ ဆိုရ တယ် ဖြစ်ပြီးပျက်တော့ ဒုက္ခသစ္စာဘဲ ဆိုရသေးတယ်နော်.... (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒီတော့ မနေ့က ဝတ္ထုက ပြန်ပြီးသကာလ တကာတကာမ တွေ သတိထားပါတဲ့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝေသာလီပြည်မှာ သီတင်းသုံးပြီးသကာလ နေတော်မူတယ်နော် (မှန်ပါ့) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်မှာ သီတင်းသုံးသလဲ.... (ဝေသာလီ ပြည်မှာ သီတင်းသုံးပါတယ် ဘုရား) အနုရာဓဆိုတဲ့ ကိုယ်တော်ကလေးက ဘုရား၏ ကျောင်း တော်နဲ့ မနီးမဝေးမှာ မြက်မိုးတဲ့ ကျောင်းကလေး၌ သီတင်း သုံးပြီးသကာလ နေပါတယ်။

အဲဒီမှာ အနုရာဓ ရဟန်းက သီတင်းသုံးပြီးသကာလနေတော့ တိတ္ထိတွေက ဘုရားကျောင်းတော်ထဲ ဝင်လာပြီး ဘုရားဆီ မသွား

ဘဲနဲ့ အနုရာဓ ရဟန်းဆီသွားကြတယ်၊ သွားကြတော့ သူတို့က အနုရာဓ ရဟန်းနဲ့ ချေချင်ဝံစကားတွေ ပြောဆိုပြီးတော့ နေရင်းမတ္တနဲ့ အရှင်အနုရာဓ.... အရှင်တို့၏ ဆရာဖြစ်တဲ့ ဘုရားက တော့ဖြင့် မြတ်တဲ့ပုဂ္ဂိုလ်, ချွန်တဲ့ပုဂ္ဂိုလ်, မွန်တဲ့ပုဂ္ဂိုလ် ဖြစ်ပါ တယ်၊ အဲဒါ.... ဒီအဓိပ္ပါယ်မျိုး ဘယ်လိုမျှား ပြောလေ့ ဟော လေ့ရှိပါလိမ့်မလဲဆိုတာ ကျုပ်တို့မေးပါရစေ။

ကျုပ်တို့ မေးပါရစေ ဆိုပြီးသကာလ တိတ္ထိတွေက အရှင် အနုရာဓကို မေးဘို့ ခွင့်တောင်းတယ်လို့ ဦးခင်မောင် မှတ်ရ လိမ့်မယ်.... (မှန်လှပါဘုရား)။

ဘယ်သူက ခွင့်တောင်းပါလိမ့်.... (တိတ္ထိတွေက တောင်းပါ တယ်)တိတ္ထိတွေက အနုရာဓရဟန်းကလေးထံခွင့်တောင်းတယ်တဲ့ သင်တို့ကိုးကွယ်နေတဲ့ ဂေါတမဆိုတဲ့ ဘုရားကိုယ်တော်ကြီးသည် ကားလို့ ဆိုယင် ယောကျ်ားမြတ် ယောကျ်ားမွန် ယောကျ်ား ချွန် ဖြစ်ပါတယ်။

အဲဒီယောကျ်ားမြတ် ယောကျ်ားမွန် ယောကျ်ားချွန်ဖြစ်တဲ့ ကိုယ်တော်ကြီးသည် သတ္တဝါသေယင် ဖြစ်သေးသလား ဆိုတဲ့ အဖြေမျိုးကိုလဲ ဘယ်လိုမျှား ပြောလေ့ ဆိုလေ့ရှိတယ်ဆိုတာ ကျုပ်တို့သိချင်လို့ အရှင်အနုရာဓဘဲ မေးပါရစေ၊ အရှင်ဘုရား ကတော့ ဘုရားနဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်လဲဖြစ်ပါတယ်— ဆိုပြီးသကာ လ တကာတကာမတို့ အရှင်အနုရာဓကို တိတ္ထိတွေက မေးတယ် လို့ မှတ်တာပေါ့....နော်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတွေ ရှေ့ပိုင်းကရှင်းထားတဲ့ ဥစ္စာ မမေ့စေနဲ့နော်.... (မှန်ပါ) ရှေ့ပိုင်းက ရှင်းထားတာ မေ့လို့တော်ပါ့မလား.... (မတော်ပါဘူး ဘုရား) ပဋိသန္ဓေ

နေကတည်းက စုတိတိုင်အောင်လဲ ရုပ် နာမ်တွေက တန်းသွား တယ်၊ ဒုက္ခသစ္စာ ရုပ် နာမ် တွေက တန်းပြီးသွားတယ် ဆိုတာ ကော ရိပ်မိပလား.... (ရိပ်မိပါတယ်)။

ယခုလို ရှောင်းဝယ် ဖေါက်ကားပြီး ပဝတ္တိအခါမှာလဲ ဘာ တွေများ တန်းသွားနေသတုံး.... (ရုပ် နာမ် ဓမ္မတွေ တန်းသွား နေပါတယ်) ပုဂ္ဂိုလ်သတ္တဝါ ပါ· ပါသလား.... (မပါ-ပါဘူး) မပါ-ပါဘူးဆိုတာတော့ သေချာပါပြီတဲ့၊ အဲဒီလို သိပြီးသ ကာလ တကာ တကာမတွေ ဘုန်းကြီးက နှစ်ရက် သုံးရက်တိုင် တိုင် ရှင်းပြီးသကာလထားတော့ ဘုန်းကြီးတို့ တကာ တကာမ တွေလဲ တိတ္တိတွေမေးတာ နားထောင်တာပေါ့၊ သူတို့ဟုတ်တာ မေးတာလား....မဟုတ်တာ မေးတာလားဆိုတာ ဦးခင်မောင်တို့ တကာသစ်တို့ ပေါ်လာလိမ့်မယ်.... (မှန်ပါ့ဘုရား) မပေါ်လာ ပေဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒါနဲ့ အရှင် အနုရာဓကို သူတို့က မေးလိုက်တယ်၊ အရှင် အနုရာဓ....သင်တို့ဆရာဟာ မြတ်တဲ့ပုဂ္ဂိုလ် မွန်တဲ့ပုဂ္ဂိုလ် ချွန်တဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ပါတယ် ယခု တပည့်တော်တို့ မေးချင်တဲ့ အမေး ကလေး ဘယ်လိုများ ပြောလေ့ဆိုလေ့ ဟောလေ့ရှိပါလိမ့်မလဲ ဆိုပြီး ၁-နံပါတ်မေးခွန်းက သတ္တဝါ သေလို့ရှိယင် နောက်ဖြစ် သေးသလား.... လို့ မေးလိုက်တယ်.... နော်.... (မှန်လှပါ) သတ္တဝါသေယင် (နောက်ဖြစ်သေးသလား) နောက်ဖြစ်သေးသ လားလို့.... မေးလိုက်ပါတယ်။

တကာ တကာမတို့ ၁-နံပါတ် အမေးက ဘာပါလိမ့်.... (သတ္တဝါသေယင် နောက်ဖြစ်သေးသလားတဲ့....) သတ္တဝါ သေ ယင် နောက်ဖြစ်သေးသလားဆိုတော့ သတ္တဝါသေယင် သတ္တဝါ

ဖြစ်သေးသလားလို့ မေးတဲ့အခါပွါယ် မရောက်ဘူးလား(ရောက်ပါတယ်ဘုရား) အဲဒီတော့ အရှင်အနုရာဓက ဒီအတိုင်းဘဲ နား ထောင်နေတယ်၊ မဖြေသေးဘူး။

ဒါက ဘာမေးတာတုံး ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ သဿတဒိဋ္ဌိကို မေးလိုက်တာလို့ မှတ်လိုက်စမ်းပါ။

သဿတဒိဋ္ဌိကို မေးတာလို့ မှတ်လိုက်စမ်းပါနော်....(မှန်လှပါ)နဂိုရ်ကလဲဒီဘက်သတ္တဝါ ပါရဲ့လား.... (မပါ-ပါဘူး)အင်း ဒီဘက်မှာကော သတ္တဝါ ပါရဲ့လား.... (မပါ- ပါဘူး) ဒီစုတိ စိတ်ပြီးတော့လဲ ဇာတိ ဇရာ မရဏ လာတော့လဲ ဒုက္ခသစ္စာ လာတာဘဲ (မှန်ပါ့)။

ဒီဘက်ကဟာတွေ ကြည့်လိုက်ပြန်တော့လဲ ၁-၂-၃-၄-၅-၆ စုတိမရောက်ခင် ကြည့်လိုက်ပြန်တော့လဲ ဘာသစ္စာတွေလဲ....(ဒုက္ခ သစ္စာတွေပါဘုရား)။

သတ္တဝါကို ပါရဲလား.... (မပါ—ပါဘူး) အဲဒီတော့ တကာ တကာမတွေက သူ့လိုယူပြီးသကာလ အခုသေသေချာချာ ခန္ဓာ စဉ်ကြီးတန်းပြီး ပဋိစ္စသမုပ္ပါဒ်နဲ့ ပြလိုက်တော့ သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးတဲ့အခါကျတော့ အရှင် အနုရာဓကလဲ မဖြေဘူးနော်.... (မှန်ပါ့) ဘုရားကို သွားမေးလဲ ဒီအဖြေကို ဖြေမည့်အဖြေ မဟုတ်ပါဘူးလို့ မှတ်ထားပါ....(မှန်ပါ့) မောင် ထွန်းလှိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

တကာ တကာမတို့.... သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ.... (မဖြေပါဘူးဘုရား) မဖြေ တော့ဘူး (မှန်ပါ့) ဘာဖြစ်လို့ ခင်ဗျားတို့မဖြေကြသတုံး (သတ္တ ဝါမှ မရှိဘဲ ရုပ် နာမ် ဓမ္မသာရှိလို့ပါ)ဒီ— ပစ္စုပ္ပန် ဘဝမှာတော့

ဒုက္ခသစ္စာတွေဘဲ တန်းနေတယ် (မှန်ပါ့) အနာဂတ်ဘဝ ဆက်ပြန်တော့ကော ဘာတွေတန်းနေသလဲ (ဒုက္ခသစ္စာတွေဘဲ တန်းနေပါတယ်) ဒုက္ခသစ္စာဘဲတန်းနေတော့ နဂိုရ်က မပါလို့ ဒီအမေးထဲမှာ အဖြေထွက်စရာကို အကြောင်းရှိရဲ့လား (မရှိပါဘူး ဘုရား)။

ဒါဖြင့်.... ဘုန်းကြီးကဘဲ ဒီတကာ တကာမတွေ မေးပါတယ် တဲ့.... တကာ တကာမတွေ ယခု တကာ တကာမတွေ မြင်တဲ့ ပဋိစ္စသမုပ္ပါဒ် တန်းပြလိုက်ပါတယ်၊ ဘဝဆက်ပြီး ပြလိုက်ပါတယ် တဲ့.... အနာဂတ်ဘဝနဲ့ ဆက်ပြီး ပြလိုက်ပါတယ်။

သတ္တဝါ သေယင် ဖြစ်သေးသလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ.... (ဖြေစရာ မရှိပါဘူး ဘုရား) ဖြေစရာ မရှိဘူးတဲ့ (မှန်ပါ့)ဘာဖြစ်လို့ ဖြေစရာ မရှိပါလိမ့်.... (ပစ္စုပ္ပန် ဘဝမှာ သတ္တဝါမပါဘူး) ပစ္စုပ္ပန်ဘဝလဲ သတ္တဝါ မပါဘူး၊ အနာဂတ် ဘဝကော.... (မပါပါဘူး)။

သတ္တဝါ ပါမှ မပါဘဲ တကာတကာမတို့ ဒီဘက်မလဲ ဝိညာဏ် မြင်တဲ့စိတ် တွေ့တဲ့စိတ် ခံစားတဲ့စိတ် ဟုတ်လား.... (မှန်ပါ့) တဏှာလိုချင်တဲ့စိတ် စွဲလန်းတဲ့စိတ် အားထုတ်တဲ့စိတ် သေတဲ့ စိတ် သေပြီးသကာလ ပဋိသန္ဓေ နေတဲ့စိတ် ဒါဘဲလာမယ်၊ သတ္တဝါဆိုတာ ဒီထဲပါရဲ့လား.... (မပါ-ပါဘူး) ပစ္စုပ္ပန်ဘဝ ထဲမှာကော.... (မပါပါဘူး)။

သေတဲ့အခါမှာကော.... (မပါ ပါဘူး)။

အနာဂတ်ဘဝမှာကော.... (မပါ ပါဘူး)။

အဲဒီတော့ အရှင်အနုရာဓက မဖြေဘဲနဲ့ နေတယ် (မှန်ပါ) ဒါဖြင့် ၁—နံပါတ်မေးခွန်း ဖြေစရာမရှိလို့ မဖြေဘူးလို့ ဦးခင်မောင်တို့ မှတ်လိုက်တာပေါ့ဗျာ (မှန်ပါ့ဘုရား)။

၁-နံပါတ်အမေး ဘယ်လို မှတ်ကြမယ်.... (ဖြေစရာမရှိလို့ မဖြေပါဘူးဘုရား) ဖြေစရာ ရှိကော ရှိရဲ့လား....(မရှိပါဘုရား) နဂိုရ်ကလဲ သတ္တဝါ ပါရဲ့လား– (မပါ ပါဘူး) နောက်ကော သတ္တဝါ ဖြစ်စရာရှိရဲ့လား.... (မရှိပါဘူး) အေး.... ဒါတွေ သိထားတော့မှ ဩော်....ဒါတွေဟာ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

ကဲ....တခါ သူက ဒုတိယမေးခွန်း ဆက်မေး ပြန်တယ်တဲ့.... ဦးခင်မောင်တို့ တကာသစ်တို့ မှတ်ထားပေါ့နော်....(မှန်လှပါ)

ဒါဖြင့် အရှင်အနုရာဓတဲ့.... သတ္တဝါသေယင် ဖြစ်သေးသလားလို့ မေးလို့မရတော့- မဖြေဘဲနေတော့ သတ္တဝါသေယင် မဖြစ်တော့ဘူးလားလို့ မေးလိုက်တဲ့အခါမှာလဲ မဖြေဘဲ-ဘဲ နေပါတယ် (မှန်ပါ) ဒီတကာတကာမတွေကိုလဲ မေးလိုက်ပါတယ် တဲ့.... သတ္တဝါသေယင် မဖြစ်တော့ဘူးလားမေးယင် ဘယ့်နှယ် ပြောမလဲ (ဖြေစရာ မရှိပါဘူးဘုရား) ဒီဘက်မှာလဲ သတ္တဝါ ပါရဲ့လား (မပါ ပါဘူး) ဒီ.... အနာဂတ်မှာကော (မပါ ပါဘူး) ဒါဖြင့်.... သတ္တဝါ သေလို့ ရှိယင်ဖြင့်တဲ့.... မဖြစ်တော့ဘူးလို့ ယူလိုက်ပြန်လို့ရှိယင်လဲ ဒါဟာ ဥစ္ဆေဒဒိဋ္ဌိနဲ့ မေးတဲ့ အမေးလို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားပါ၊ (မှန်လှပါဘုရား)။

ပဌမအမေးက သဿတဒိဋ္ဌိနဲ့ မေးလိုက်တယ်နော်....(မှန်ပါ) ဒုတိယအမေးက....(ဥစ္ဆေဒနဲ့ မေးလိုက်ပါတယ်) ဥစ္ဆေဒ ဒိဋ္ဌိနဲ့

မေးလိုက်တယ်ဆိုတာ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား-(ကျေနပ်ပါပြီဘုရား) ဒါနဲ့ ဒီအမေးလဲမဖြေတာနဲ့ တတိယ မေးခွန်းကို ဦးခင်မောင်ရေ ဆက်ပြီးမေးပြန်တယ်၊ (မှန်လှပါ) ဘယ်လိုမေးလိုက်သတုံးဆိုတော့ သတ္တဝါသေလို့ ရှိယင်ဖြင့် ဖြစ်ချိတလှည့်၊ မဖြစ်ချိတလှည့် လားလို့ မေးလိုက်ပြန်တယ်၊ (မှန်ပါ့)။

တကာတကာမတို့ ဘယ့်နှယ် ဖြေကြမယ် .... (ဖြေစရာမရှိပါဘူးဘုရား) ဖြေစရာမရှိဘူး၊ မောင်မြတို့ ဘယ့်နှယ်ဖြေပါ့မယ် (ဖြေစရာမရှိပါဘူးဘုရား) ဘာဖြစ်လို့လဲ (သတ္တဝါမရှိလို့ပါ) နဂိုရ်ကကိုက သတ္တဝါမရှိဘူးတဲ့၊ ဒီဘက်မှာလဲ နာမ်ရုပ်တန်းတဘဲရှိတယ်၊ ဒီဘက်မှာလဲ နာမ်ရုပ်တန်းတဘဲရှိတယ်၊နာမ်ရုပ်ချည်းရှိသောကြောင့်ဒုက္ခသစ္စာ၊မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။ သတ္တဝါပါကြရဲ့လား....(မပါ-ပါဘူးဘုရား)။

ဒါဖြင့် ၃-နံပါတ်ပုစ္ဆာလဲ ဖြေစရာမရှိဘူးပေါ့....နော်၊ (မှန်လှပါဘုရား) ကဲ....၄-နံပါတ်ပုစ္ဆာကျအောင် သူတို့မေးပြန်တယ်၊ တိတ္တိတွေက၊ အရှင်အနုရာဓ....တဲ့ ဒါဖြင့်သတ္တဝါ သေလို့ ရှိယင် မဖြစ်သည်မဟုတ်၊ ဖြစ်တဲ့သဘောကလေးများ ရှိသေးသလားလို့ မေးလိုက်ပြန်တော့လဲ ဘယ့်နှယ်တုံး-(ဖြေစရာမရှိပါဘူး) အေး- ဖြေစရာမရှိတာက ဘာပြုလို့ ဖြေစရာမရှိသတုံးဆိုတော့ ဒီပစ္စုပ္ပန်ဘဝမှာလဲ သတ္တဝါက မပါဘူး၊ (မှန်လှပါဘုရား)။

ဒီ အနာဂတ်မှာကော....(မပါ-ပါဘူး) မပါဘူးတဲ့၊ နိဗ္ဗာန်မရသေးလို့ အနာဂတ်လာပြန်တော့လဲ ဇာတိ ဇရာ မရဏတွေသာလာသောကြောင့် တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ သတ္တဝါမပါ-ပါဘူး၊ (မှန်ပါ့) ဇာတိပိ ဒုက္ခသစ္စံ ဇရာပိ ဒုက္ခ

သစ္စာ ဗျာဓိပိ ဒုက္ခသစ္စာ မရဏမ္ပိ ဒုက္ခသစ္စာ–ဆိုတဲ့အတိုင်း ဒုက္ခ သစ္စာဘဲလာတယ်၊ ဒီဘက် လာခဲ့တာတွေကလဲ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒီဘက် သံသရာလည်ဆက်သွားတာလဲ ဘာသစ္စာတုံး-(ဒုက္ခ သစ္စာပါဘုရား)အဲ-ရုပ်နာမ်တွေရှိတော့ ရုပ်နာမ်ဘဲ ဆက်သွားပြီး သကာလနေပြန်တော့ ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာဘဲ ချုပ်မှာဘဲ ဆိုတာ မှတ်ထားလိုက်ကြတာပေါ့၊ (မှန်လှပါဘုရား) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခဖြစ်၍.... (ဒုက္ခချုပ်တာပါဘဲ) အဲ.... ခန္ဓာကိုယ်ထဲမှာ ဘယ်အခါကြည့်ကြည့် ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာမှတပါး ဘာမှ မရှိပါဘူး၊ ဉာဏ်မျက်လုံးသာ တပ်ကြည့်ကြပါနော်....(မှန်လှပါ ဘုရား)။

ကိုင်း–ဒါနဲ့ဘဲ ဒီအမေး ၄-ခွန်း အရှင်အနုရာဓကို မေးပြီးတဲ့ အခါကျတော့ အရှင်အနုရာဓ....ကျုပ်တို့မေးခွန်းမေးတာ လေး မျိုးရှိပြီ၊ အရှင်ဘုရား၏ဆရာ ဂေါတမ မြတ်စွာဘုရားကတော့ ယောကျ်ားမွန် ယောကျ်ားချွန် ယောကျ်ားမြတ် အင်မတန် ထူး တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဘယ်လိုများ ဒီမေးခွန်းကို ပြောလေ့ ဟောလေ့ ရှိပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ မြတ် စွာဘုရားကတော့ဖြင့် ဒီအမေးမျိုးကို မေးလဲမမေးပါဘူး၊ဖြေလဲ မဖြေပါဘူးလို့ ဖြေလိုက်တယ်နော်....(မှန်ပါ)။

မြတ်စွာဘုရားဖြေရဲ့လား.... (မဖြေပါဘူးဘုရား) မြတ်စွာ ဘုရားက ဒီလိုလဲ ဟောလဲ မဟောပါဘူးတဲ့၊ ဒီလိုကို မဟော ပါဘူး၊ ဒီအကြောင်းနဲ့ ပတ်သက်လို့လဲ မဟောပါဘူးဆိုတော့ တကာတကာမတွေ့သူတို့မေးတာကဒိဋ္ဌိလေးမျိုးမေးတာ(မှန်ပါ)

ရှင်းပလား....(ရှင်းပါပြီ)ပဌမ မေးခွန်းက သဿတဒိဋ္ဌိ၊ ဒုတိယ မေးခွန်းက....(ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား) တတိယမေးခွန်းက ဧကစ္စ သဿတဒိဋ္ဌိ၊ တစိတ်တဒေသ ဒိဋ္ဌိပေါ့ဗျာ၊ (မှန်ပါ့) စတုတ္ထ မေးခွန်းက အမရာ ဝိက္ခေပ ဒိဋ္ဌိနဲ့ မေးလိုက်ပါတယ်ဆိုတော့ ဒိဋ္ဌိ နဲ့ချည်း မေးနေတယ်၊ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာနဲ့မေးသတုံး....(ဒိဋ္ဌိနဲ့ချည်း မေးပါတယ်) ဒိဋ္ဌိနဲ့ချည်း မေးပြီးသကာလနေတော့ ပုဂ္ဂိုလ် သတ္တဝါမရှိတာ ပုဂ္ဂိုလ်သတ္တဝါ လုပ်ပြီးသကာလ ဒိဋ္ဌိနဲ့မေးနေတော့ ဘုရားက ဖြေပါ့မလား.... (မဖြေပါဘူးဘုရား) အဲ.... အဗျာကတ သံယုတ်ဆိုပြီး သကာလ မဖြေတဲ့သံယုတ်ဟာက တကျမ်းလုံးပါဘဲ တကာ တကာမတို့ ဖြေစရာမရှိလို့ မဖြေတာဘဲ (မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီ)။

ဒီ တကာ တကာမတွေကော ဒီ အထဲ ပုဂ္ဂိုလ်သတ္တဝါပါသေး လား....(မပါ-ပါဘူး) ဒီပစ္စုပ္ပန်ဘဝမှာလဲ မပါ၊ အနာဂတ်မှာ ကော....(မပါ-ပါဘူး) အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါကို မပါဘူး ဆိုတာ ဝိပဿနာမလုပ်ခင် ရှေးဦးစွာ တကာ တကာမတွေ ဒါ တွေ ဆုံးဖြတ်ချက် ချထားရမယ် ဦးခင်မောင်ရေ .... (မှန်လှပါ ဘုရား) သဘောပါကြလား....(ပါ-ပါပြီ) ကောင်းပြီ ဒါဖြင့် အဲ ဒီ တော့ ဒီရဟန်းကလေးဟာ ဘယ်နှယ် ဖြစ်လာ သတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ တိတ္ထိတွေက သူ့ကို ဘုရားတော့ဖြင့် ဒီလိုမဟောပါဘူးလို့ သူက ဖြေဆိုလိုက်တော့ တိတ္ထိတွေက သူ့အပေါ် အပြစ်တင်ပြီးသွားကြတယ်နော်....(မှန် လှပါ)။

ဘယ်လို အပြစ်တင်သတုံးလို့ ဆိုတော့ ဒီရဟန်းကလေးဟာ သက်နိုးဝတ်တာလဲ မကြာသေးလို့ လူမိုက်ကလေး လူငယ်က

လေး ဖြစ်ပါလိမ့်မယ်၊ အသက်ကြီးလို့ရှိယင်လဲ ပညာမရှိတဲ့ ပုဂ္ဂိုလ်ယင်လဲ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ဒီအမိပ္ပါယ် မဖြေနိုင်ဘူးဆိုပြီး သူတို့အပြစ်တင်ပြီးသကာလ မောင်မြတို့ ကိုထွန်းလှိုင်တို့ ပြန်သွားကြတယ်၊ (မှန်လှပါဘုရား)။

ကဲ့ရဲ့ပြီး ပြန်သွားကြတယ်ဆိုပါတော့နော်....(မှန်ပါဘုရား) ငယ်သေးလို့ရှိယင်လဲ လူမိုက်ကလေးဘဲပေါ့လေ၊ ကြီးပြန်လို့ရှိယင်လဲ ပညာ ဘာမှမရှိတဲ့ပုဂ္ဂိုလ်မို့ မဖြေတာကိုး–ဆိုပြီး သကာလ ပြန်သွားကြတယ်။

တကာ တကာမတို့ သူတို့ကတောင် စွဲချက်တင်ပြန်သေးတယ်ဆိုတာကော ရိပ်မိပလား .... (ရိပ်မိပါတယ်ဘုရား) ဟိုရဟန်းကလေးကတော့ ဘုရားသခင် မဟောပါဘူးဆိုတာ ရှင်းသွားဘဲ သူ့အဖြေ မရှင်းဘူးလား....(ရှင်းပါတယ်) ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘုရားက မဖြေပါဘူး၊ မဟောဘူးဆိုတာလဲ ရှင်းသွားဘဲ (မှန်ပါ)။

သူကိုယ်တိုင် ဝမ်းထဲက မရှင်းတောင်မှ ဘုရား ဒီဥစ္စာတော့ဖြင့် ပြောလေ့ ဆိုလေ့ မရှိပါဘူးဆိုတော့ အမိပ္ပါယ်ကတော့ သက်ရောက်သွားဘဲ၊ မှန်တဲ့အမိပ္ပါယ်တော့ သက်ရောက်ပါတယ်ဆိုတာ မှတ်လိုက်တာပေါ့၊ (မှန်လှပါဘုရား) ရှင်းကြပြီနော်.... (ရှင်းပါပြီ) ဒါနဲ့ အရှင် အနုရာဓဆိုတဲ့ ကိုယ်တော်ကလေးကတော့ သူ သံသယ ဝင်လာပြန်တယ်လို့ တကာသစ်တို့ ဦးခင်မောင်တို့ မှတ်ရလိမ့်မယ်၊ (မှန်လှပါဘုရား)။

ဩော် .... သူတို့တတွေဟာဖြင့် မေးခွန်းဖြင့် မေးသွားပြီ၊ ပုစ္ဆာလေးချက်မေးသွားပြီ၊ ဒီထက် ပိုမိုပြီးသကာလ မေးစရာတွေကလဲ ရှိသေးတယ်၊ ဒီထက် ပိုမိုမေးလို့ရှိယင်ဖြင့် ငါဘယ်လို

လုပ်ပြီး ဖြေရပါ့မလဲဆိုတဲ့ သံသယ သူ့စိတ်ထဲ မလာဘူးလား.... (လာပါတယ်ဘုရား) အဲ....သံသယရှိနေတဲ့အတွက် သူကိုယ်တိုင် ဘယ်လို သံသယရှိနေသတုံးဆိုလို့ရှိယင် ပုဂ္ဂိုလ်သေလို့ရှိယင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါဘဲ ရှိလေရော့လား၊ သို့မဟုတ် ပုဂ္ဂိုလ်သတ္တဝါ သေ ယင် နိဗ္ဗာန် သွား တာ ဘဲ လား၊ ဒီ သံသယ ဝင်လာတယ်၊ (မှန်ပါ့)။

သံသယလဲ ဝင်လာတယ်၊ ပုဂ္ဂိုလ်သတ္တဝါရှိတဲ့ ဒိဋ္ဌိယောင် ကလေးလဲ ဝင်မလာဘူးလား....(ဝင်လာပါတယ်ဘုရား)အင်း.... သေတဲ့ပုဂ္ဂိုလ် သတ္တဝါရှိလေရော့သလား....ဆိုတော့-ရှိလေရော့ သလားဆိုတာက ဝိစိကိစ္ဆာ၊ သဘောကျပလား.... (မှန်ပါ့) အင်း....ပုဂ္ဂိုလ်သတ္တဝါ သေလို့ရှိယင် နိဗ္ဗာန်သွားတဲ့ပုဂ္ဂိုလ်များ ရှိလေရော့သလားလို့ မေးတာက ပုဂ္ဂိုလ်ဖြစ်လာတဲ့ အတွက် ဒိဋ္ဌိကလဲ ရှိနေတယ်(မှန်ပါ့)။

ဒါဖြင့် အနုရာမှာ ဘာရှိနေတယ်ဆိုတာ ပေါ်ရောပေါ့ (ပေါ်ပါပြီ) ဘာ-ပေါ်လာလဲ.... (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ရှိနေပါ တယ်)ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ရှိနေတယ် ဒီရဟန်းကလေးမှာ၊ အဲဒါ **ခန္ဓဝဂ္ဂသံယုတ် ထေရဝဂ်** အနုရာသုတ်မှာ ပါ-ပါတယ်....တဲ့၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဒီရဟန်းကလေးမှာကိုက ဒိဋ္ဌိ ဝိစိကိစ္ဆာ မကင်းဘူး (မကင်းပါဘူး) တကာ တကာမတွေ ဘယ်လိုမှတ်ကြမယ်.... (ဒိဋ္ဌိ ဝိစိကိစ္ဆာ မကင်းပါဘူး)အနုရာမှာကိုက သတ္တဝါ ရှိလေ ရော့လား.... သတ္တဝါသေယင် နိဗ္ဗာန်ဘဲ သွားလေရော့လား.... (မှန်လှပါ)။

သတ္တဝါ ရှိလေရော့လားလို့ ဆိုတော့ ဦးခင်မောင်–ဒါ.... ဘာသံ ထွက်လာပါလိမ့်....(ဝိစိကိစ္ဆာသံပါဘုရား) ဝိစိကိစ္ဆာသံ ထွက်လာတယ်၊ သတ္တဝါ ရှိလေရော့လားဆိုတော့ ဘာသံ ထွက်လာသလဲ.... (ဝိစိကိစ္ဆာသံထွက်လာပါတယ်) သတ္တဝါသေလို့ ရှိယင် နိဗ္ဗာန်များ သွားသေးသလားလို့ ဆိုတာကော ဘာသံ ထွက်လာသလဲ.... (ဒိဋ္ဌိသံ ထွက်လာပါတယ်) ၁-နံပါတ်က ဝိစိကိစ္ဆာသံ၊ ၂-နံပါတ်က ဒိဋ္ဌိသံ၊ သူ့ဝမ်းထဲ မရှင်းတဲ့ အမိုပ္ပါယ် ထွက်မလာဘူးလား....(ထွက်လာပါတယ်)။

အဲဒီလို ထွက်ပြီးသကာလ လာတော့ ကိုင်း....ဒီလို နေလို့တော့ မဖြစ်သေးဘူးဆိုပြီးသကာလ (မောင်ထွန်းလှိုင်ရေ)ဘုရားဆီ သွားတယ်....နော်.... (မှန်ပါ့ဘုရား) ဘုရားကျောင်းတော် သွားတယ်၊အရှင်ဘုရား....တဲ့၊တပည့်တော် အရှင်ဘုရားကျောင်းနားမှာ သက်ငယ်မိုးကျောင်းနဲ့နေတုန်း တိတ္တိတွေ ဝင်လာပြီး သတ္တဝါသေယင် ဖြစ်သေးသလား....၊ သတ္တဝါသေယင် မဖြစ်တော့ဘူးလား၊ သတ္တဝါသေယင် ဖြစ်ချိတလှည့် မဖြစ်ချိတလှည့်လား၊ သတ္တဝါသေယင် မဖြစ်သည်မဟုတ်၊ ဖြစ်စရာများရှိသေးသလား–ဆိုတဲ့ ပုစ္ဆာလေးချက်ကို မေးပါတယ်ဘုရား၊ တပည့်တော်ကတော့ ဘုရားကတော့ ဒီလိုမဟောပါဘူးလို့ ဖြေလိုက်ပါတယ်။

ဖြေလိုက်ပင် ဖြေလိုက်ငြားသော်လဲ တပည့်တော်မှာ သူတို့က ဒီ့ထက်တက်ပြီး ပုစ္ဆာတွေ မေးမယ်ဆိုလို့ရှိယင်ဖြင့် တပည့်တော်ဖြေဘို့ရာ အလိုတော်ကျ- မကျမှာ အင်မတန် စိုးရိမ်ပါတယ်(မှန်လှပါ) တကာ တကာမတွေ နောက်ထပ်မေးတဲ့အဖြေတွေ ဖြေရလို့ရှိယင် ဘုရားအလိုတော်မကျလို့ရှိယင် သူ့မှာ

အင်မတန် ခက်ပါလိမ့်မယ်လို့ ဆိုတာ ဘုရားသွားလျှောက်တယ် (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘယ်သူ့ကို သွားလျှောက်သလဲ....(ဘုရားကို သွားလျှောက်ပါတယ်)တကာ တကာမတွေ ဘုရားသွားလျှောက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကဲခတ်လိုက်တယ် ဦးခင်မောင် (မှန်လှပါ)ဩြော်....ငါ့တပည့် အနုရာဓကိုက–အယံဘိက္ခု ဣမံ လဒ္ဓိယံ ဒေါသံ နဇာနာတိ၊ ဤအနုရာဓဆိုတဲ့ ပုဂ္ဂိုလ်ကလေး သည်ကား သူ့အယူကိုဘဲ သံသယရှိနေပြီးသကာလ နားမလည်ဘဲဖြစ်နေတယ်(မှန်ပါ့)သူကိုယ်တိုင်က ဒိဋ္ဌိ ဝိစိကိစ္ဆာ မကွာဘဲ ဖြစ်နေတယ်ဆိုတဲ့အဓိပ္ပါယ် ဘုရားက ပြောလိုက်ပါတယ် (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) သူကိုယ်တိုင်က ဘာဖြစ်နေသလဲ-(ဒိဋ္ဌိ ဝိစိကိစ္ဆာမကွာဘဲ ဖြစ်နေပါတယ်)အဲဒါ ဒိဋ္ဌိ ဝိစိကိစ္ဆာကွာမှ သောတာပန် ဖြစ်ရမှာကိုး တကာ တကာမတို့ရဲ့(မှန်လှပါ)။

ဒိဋ္ဌိ ဝိစိကိစ္ဆာကွာမှ....(သောတာပန်ဖြစ်ရမှာပါ)သောတာပန်ဖြစ်ရမှာ၊ သူကိုယ်တိုင်က အယံဘိက္ခု ဣမံလဒ္ဓိယံ ဒေါသံ နဇာနာတိ....တဲ့၊ အယံဘိက္ခု=ဤအနုရာဓဆိုတဲ့ ရဟန်းကလေးသည်၊ အတ္တနော=မိမိ၏၊ ဣမံလဒ္ဓိယံ=ဤအယူကို၊ ဒေါသံ=အပြစ်ဟူ၍၊ နဇာနာတိ=မသိ၊ သူယူထားတဲ့အပြစ်ကို သူမသိရှာဘူးတဲ့။

သူယူထားတာက ကြည့်ပါလား....သတ္တဝါသေယင် ဖြစ်များဖြစ်လေသေးသလား....သတ္တဝါဘဲ ရှိလေရော့လား....၁-နံပါတ်မလာဘူးလား.... (လာပါတယ်ဘုရား) ဒါဖြင့် သူ့အယူကိုက အပြစ်သင့်နေပြီ (သင့်ပါတယ်) မသင့်သေးဘူးလား....(သင့်ပါ

တယ်ဘုရား)သတ္တဝါ ရှိလေရော့လား....ဆိုကတည်းက ဝိစိကိစ္ဆာ မလာသေးဘူးလား....(လာပါတယ်ဘုရား)။

သတ္တဝါသေယင် နိဗ္ဗာန်သွားလေရော့လား....ဆိုတဲ့ သတ္တဝါ ရှိတဲ့ အမိပ္ပါယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)ဒိဋ္ဌိအမိပ္ပါယ်ကော မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)သူကိုယ်တိုင်က ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိ ပြုတ်ပါရဲ့လား(မပြုတ် ပါဘူးဘုရား)။

အဲဒါကြောင့် အဋ္ဌကထာဆရာက-အယံဘိက္ခု(ပ)နဇာနာတိ ဤအနုရာဓဆိုတဲ့ ရဟန်းကလေးသည် မိမိ၏အယူကို-ခုနက ဒိဋ္ဌိ ဝိစိကိစ္ဆာရှိနေတဲ့ သဘောပေါ့ဗျာ(မှန်ပါ)အယူဟုဆိုအပ်သော အပြစ်ကို-သူ့ယူထားတဲ့အပြစ်ကို သူမသိရှာဘဲ ဖြစ်နေလို့ ငါ့ဆီ လာမေးတာကိုးလို့ ဘုရားက ရိပ်မိတော်မူတယ်၊ သဘောပါ လား....(ပါ-ပါတယ်)။

သူယူထားတဲ့အယူကိုက ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်ကဲ့လား....(မပြုတ် ပါဘူး)အဲဒါကြောင့် ငါ့ဆီ လာမေးတဲ့ဥစ္စာ သူသည်ကားလို့ ဆိုယင် သူ့-အပြစ်ကို သူမသိလို့ လာမေးနေတဲ့ အဓိပ္ပါယ်ဘဲ ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တိပရိဝဋ္ဋ ဒေသနာ ဟောတော်မူရတယ်၊ တိပရိဝဋ္ဋဒေသနာ ဆိုတာက တကာ တကာမတို့ အနိစ္စ ဒုက္ခ အနတ္တ ပါဘဲနော်....(မှန်လှ ပါ)အဲဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီဥစ္စာ အနု ရာဓကိုက ဝိစိကိစ္ဆာကလဲ မပြုတ်သေး၊ ဒိဋ္ဌိကလဲ မပြုတ်သေးပါ ကလားလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရိပ်မိလာတယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အနုရာဓ ရဟန်းကလေးကိုက ဘာတဲ့....(ဒိဋ္ဌိ ဝိစိကိစ္ဆာ မပြုတ်သေးပါဘူးဘုရား)ဒိဋ္ဌိ ဝိစိကိစ္ဆာ မပြုတ်သေးဘူးတဲ့၊သူဝိပဿနာသာ လုပ်နေတယ် ဒိဋ္ဌိ ဝိစိကိစ္ဆာက-မပြုတ်သေးဘဲ ဖြစ်နေတယ်ဆိုတာ ဘုရားက ရိပ်မိတယ်....နော်....(မှန်ပါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ရှေ့ပိုင်းက ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို-အသိနဲ့ဖြုတ်ထားတာကို နားလည်မှ နောက်က ဝိပဿနာ လိုက်ရှုကြပါ(မှန်ပါ)ရှင်းပြီနော်.... (ရှင်းပါပြီ)။

ရှေ့ပိုင်းက ပြထားတဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်ကလေးတွေ သိတော့မှ ဒီဖြစ်စဉ်ကလေးတွေကိုမှ ကြြော်....ဒါကလေးက စိတ်ဖြစ်လာလို့ရှိယင် စိတ်အနိစ္စ၊ ဝေဒနာဖြစ်လာယင် ဝေဒနာအနိစ္စ၊ သညာဖြစ်လာယင် သညာအနိစ္စဆိုတဲ့ စိတ္တာနုပဿနာတို့ ဝေဒနာနုပဿနာတို့ ဓမ္မာနုပဿနာတို့ဆိုတာ ဒိဋ္ဌိပြုတ်ပြီး ဉာဏ်ထဲက နေပြီးသကာလ နာမ်ရုပ်တွေ သိပြီးသကာလ ဝိစိကိစ္ဆာတွေ ရှင်းတဲ့အခါကျတော့မှ ဝိပဿနာ ရှုရမယ်(မှန်ပါ)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဝိပဿနာ ရှေ့သွားရှုရမှာလား၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ အသိဉာဏ်နဲ့ ဖြုတ်ပြီးမှ ရှုရမှာလား.... (ဒိဋ္ဌိ ဝိစိကိစ္ဆာ ဖြုတ်ပြီးမှ ရှုရမှာပါဘုရား) **အသိဉာဏ်နဲ့ ဖြုတ်ပြီးတော့မှ ရှုရမှာ၊ နောက်ကျတော့မှ မဂ်ကဖြုတ်ပေးမှာကိုး၊ ဒါမသိဘဲနဲ့ ရှုနေလို့ရှိယင် တကာ တကာမတို့ မရဘူးနော်**....(မှန်လှပါ)။

မရဘူး၊ နောက်တရားပွဲ တာရှည်လာလို့ရှိယင် မရတဲ့ဝတ္ထုတွေ ထုတ်လာပါလိမ့်မယ်.... (မှန်လှပါဘုရား) ကိုင်း- ဒါဖြင့် ဒီဥစ္စာ အနုရာဓမှာ ဘာရှိနေတုံး....(ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာရှိနေပါတယ်ဘုရား)။

သူပြောပုံကလေးကြည့်စမ်းတဲ့ တကာတကာမတို့ သူ့သန္တာန်ရှိ-မရှိ အကဲခတ်ကြည့်တော့ အခုအဌကထာဆရာရေးတဲ့ ပါဠိကို ဘုန်းကြီး ရွတ်ပြီးပါပြီ၊ ဤရဟန်းကလေးသည်ကားလို့ ဆိုလို့ရှိယင် သူသင့်နေတဲ့အပြစ်ကို သူမသိဘူး၊ သူသင့်နေတဲ့အပြစ်ကို သူမသိဘူးတဲ့၊ (မှန်ပါ့) သူ့မှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိနေတယ်ဆိုတဲ့ အပြစ်ကို သူ့မှာရှိလျက်သားနဲ့ သူ့ဟာသူ မသိရှာဘူး။

မသိလို့ပေါ့ ဘုရားသွားလျှောက်တာ တကာ တကာမတို့ မြင်တဲ့အတိုင်း အရှင်ဘုရား....တဲ့ တပည့်တော်ကို တိတ္ထိတွေက ပုစ္ဆာလေးချက်မေးပါတယ်၊ ဒီ့ထက် ပိုမေးလို့ရှိယင် ကပည့်တော် အဖြေတွေ လွဲလို့ရှိယင် ဘုရားစွပ်စွဲရာ ရောက်တော့မယ်၊ ဒါ့ကြောင့် ရှေ့ကို ဘယ်လိုဖြေရမယ်ဆိုတဲ့အခွင့်ပါယ်မျိုး တပည့်တော် မသိဘဲဖြစ်နေလို့ တိတ္ထိတို့မေးတာကို လာပြီး လျှောက်ထားခြင်းဖြစ်ပါတယ်လို့ဆိုတော့ သူက သူ့မေးယင် ခက်ချိရဲ့ဆိုတော့ ဦးခင်မောင်တို့ သိတဲ့အတိုင်းဘဲတဲ့ သူကိုယ်တိုင်ဘဲ ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်တဲ့ဉာဏ်နဲ့ ဝမ်းထဲမှာ ရှင်းပြီးသားလို့ ဆိုလို့ရ ရဲ့လား....(မရပါဘူး)။

ရှင်းပြီးသားဆိုလို့ မရဘဲနဲ့ သူ့မှာ ငြိလုံးရှိနေတယ်ဆိုတာ မောင်ထွန်းအောင်တို့ ပေါ်ပလား....(ပေါ်ပါပြီ) မောင်မြတို့ (ပေါ်ပါပြီ) ပေါ်ပြီတဲ့.... သူ့သန္တာန်မှာဘဲ၊ အဲဒါကြောင့် တကာ တကာမတို့ စကားကို ဒီခန္ဓာ၏ ယခုဖြစ်စဉ် ပျက်စဉ်ကလေးတွေကို သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ သိအောင်လုပ်ပါဆိုတာ စိတ်ပေါ်တာကို စိတ်ပေါ်တယ်လို့ သိအောင်လုပ်ရမယ်၊ ပုဂ္ဂိုလ်သတ္တဝါ ပေါ်တယ်လို့ထင်မှာ ဘုရားက အင်မတန် သနားတော်မူတယ်....နော်၊ (မှန်ပါ့)။

သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ-လို့ ဘုရားက သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ ဟောထားပြန်တော့ ဝေဒနာပေါ်တာကို ဝေဒနာလို့ သိကွနော်၊ (မှန်ပါ) သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ-ဆိုတာ ဒါကလေးတွေကလဲ ဖြစ်တယ် ပျက်တယ်လို့ မင်းသိပေးပါ....တဲ့ (မှန်ပါ)။

အဲဒီ လိုဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ပျောက်အောင်လို့ကိုဘဲ သတိပဋ္ဌာန်လေးပါး မထားဘူးလား.... (ထားပါတယ်ဘုရား) ကဲ-ပေါ်ကြပလား....(ပေါ်ပါပြီ) နောက်က တကာ တကာမတွေကော ရှင်းရဲ့လား... (ရှင်းပါတယ်ဘုရား) ရှင်းမှ - ရှင်းမှနော်....(မှန်လှပါဘုရား)။

ဒါဟာ ရှေးဦးစွာ သောတာပတ္တိမဂ် တည်ချင်လို့ ရှိယင် ဒိဋ္ဌိဝိစိကိစ္ဆာ ဖြုတ်ရမှာ ဖြစ်နေတော့ တကာ တကာမတို့ ဒါကလေးဟာ အကြောင်း တရားကလေး၊ စက္ခုဝိညာဏ် မြင်စိတ်ကလေး မဖြစ်လားဗျာ၊ (ဖြစ်ပါတယ်) မြင်စိတ်ဟာ မြင်စိတ်ဘဲ တကာ တကာမတို့ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ရဲ့လား.... (မဟုတ်ပါဘူး)။

အင်း-ဒီထဲကျတော့ သတ္တဝါ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘူး) တခါ မြင်စိတ် ချုပ်သွားတဲ့ အခါကျတော့ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ-ဆိုပြီးသကာလ တိဏ္ဏံ သင်္ဂတိ ဖဿော ဆိုတော့ ဖဿကလေးဘဲ ပေါ်လာတယ် ထားပါတော့ သဟဇာတအဖြစ်နဲ့၊ ပေါ်လာတဲ့ ဖဿကလေးဟာလဲ ပုဂ္ဂိုလ် သတ္တဝါလား၊ ဖဿလား-(ဖဿပါဘုရား)အလိုလိုပေါ်

တာလား၊ အကြောင်းကြောင့် ပေါ်တာလား.... (အကြောင်းကြောင့် ပေါ်တာပါဘုရား) ဒါဖြင့် အကြောင်းကြောင့်ပေါ်တဲ့ အကျိုးဖြသ ဆိုယင်ကော လဲ့ပါ့မလား....(မလဲ့ပါဘူး)။

အကြောင်းကြောင့်ပေါ်တဲ့ အကျိုးဖြသကို သိလိုက်သဖြင့်လဲ ဝိစိကိစ္ဆာသေသွားတယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) အကြောင်းကြောင့် ပေါ်တဲ့ အကျိုးကို သိယင်ကော.... (ဝိစိကိစ္ဆာ သေပါတယ်ဘုရား)အကြောင်းထဲမှာလဲ ပုဂ္ဂိုလ် သတ္တဝါ မပါ - ပါဘူး၊(မှန်ပါ့) အကျိုးထဲမှာကော....(မပါ-ပါဘူး)။

ဒီလိုသိထားပြန်တော့လဲ ဒိဋ္ဌိက ကပ်သေးရဲ့လား.... (မကပ်ပါဘူး) ဒါ့ကြောင့် ရှေ့ပိုင်းက သုံးရက်တိုင်တိုင် တကာ တကာ မတွေ့ ရှင်းပြီးသား လင်းပြီးသားဖြစ်အောင် ပြောထားပါတယ်၊ (မှန်ပါ့) ကျေကျေနပ်နပ် သဘောကျပလား .... (ကျပါပြီ) ကိုင်း– ဒါဖြင့် နေရာကျပါတယ် တကာ တကာမတို့ ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အနုရာဓရဟန်းက သွားလျှောက်တဲ့အခါကျတော့ ငါ၏ချစ်သားကိုကဘဲ သူယူထားတဲ့ အပြစ်ကိုသူ့ဝမ်းထဲမှာ သင့်နေတဲ့အပြစ်ကို သူမသိဘဲ ဖြစ်ပြီး သကာလ နေတယ် ဆိုပြီးသကာလ သူ့ကိုဘဲ တရားဟောဦးမှ တော်မယ်(မှန်ပါ့)။

ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်တဲ့တရား ဟောရဦးမယ်၊ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) သူသွားပြီး ဘုရားကို မေးတာနဲ့ သူ့ကို ဘုရား က အကဲခတ်လိုက်တယ်၊ (မှန်ပါ့) မောင်ထွန်းအောင် သဘောကျပလား....(ကျပါပြီ) သူက သွားမေးတာက ဒီလေးချက်ဖြေဘို့၊ ဒီလေးချက်ရဲ့ အထက်ကို မေးလို့ရှိယင်ဖြင့် ဘယ်

လို ဖြေရမှာတုံးဆိုတဲ့ အမေးတွေကို ဖြေစေချင်တဲ့ စိတ်ထားနဲ့ ဖြေဘို့ရာ ရမလားလို့ သွားလိုက်တာဘဲ။

သွားလိုက်တော့ သူ့ကို ဘုရားက ဘယ်လို အကဲခတ်လိုက်ပါလိမ့်....(သူကိုယ်တိုင် ဒိဋ္ဌိ ဝိစိကိစ္ဆာရှိတယ်) သူကိုယ်တိုင် ဒိဋ္ဌိ ဝိစိကိစ္ဆာ မစင်သေးပါကလား၊ ဒါ့ကြောင့် သူ ဒီ့ထက် ဆက်မေးယင် ဘယ့်နှယ် လုပ်မလဲဆိုတဲ့ ဝိစိကိစ္ဆာ မလာဘူးလား.... (လာပါတယ်ဘုရား) အဲဒီတော့မှ တကာ တကာမတို့ သူ့ကိုဘဲ တရားဟောရဦးမယ်၊ (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ) ဘယ်သူ့ကို ဟောရမှာလဲ.... (အနုရာဓရဟန်းကို ဟောရမှာပါ) တိတ္ထိတွေဘို့ အဖြေမထွက်နိုင်ဘူး၊ (မှန်ပါ့)။

တိတ္ထိတွေတော့ အဖြေမပေးနိုင်ပါဘူး တကာ တကာမတို့ သူ့ကို ဘာလုပ်ရဦးမှာလဲ....(တရား ဟောရဦးမှာပါ) အဲ....လူမမာမေးလာတာ၊ လူမမာရှိတော့ ဆရာလာခေါ်တဲ့ လူလိုဘဲ တကာ တကာမတို့ လူမမာတယောက် ရှိတော့ ဆရာလာခေါ်တဲ့ လူလို၊ ဆရာလာခေါ်တဲ့လူကို အရင် ကုရဦးမလို ဖြစ်နေတာ (မှန်လှပါ)မကုရဘူးလား....(ကုရပါတယ်)။

သူ့ကိုယ်တိုင်မှာ ဝေဒနာကရှင်းရှင်းလင်းလင်းလား (မရှင်းပါဘူး) ဒါဖြင့် သူ့လဲ ကုနောက်လူနာလဲ ကု ဆိုတဲ့အဓိပ္ပါယ်မျိုး မရောက်ပေဘူးလား....(ရောက်ပါတယ်)။

ဒီမှာ သူကလာပြီး သူမသိလို့ မေးတဲ့အဓိပ္ပါယ်ကိုပင် သူ့ကိုယ်တိုင်က ဝေဒနာသည်ကြီးဖြစ်တော့ ဘုရားက ဒီတွင် သူ့ကို ကုဦးမှတော်မယ်....(မှန်ပါ့) တိတ္ထိတွေကို ဖြေဘို့ မေးဘို့ဆိုတာ နောက်ထားပါဦး(မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ဘယ်သူ့ကို ဘုရားကုသရမှာပါလိမ့်....(အနုရာဓရဟန်းကို ကုသ

ရမှာပါ)အရှင်အနုရာဓကို ကုသရမယ်ဆိုတာ ကျေနပ်ကြပလား (မှန်ပါ့)။

အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကိုင်း....ငါ့ ရဟန်းကိုက သူ့သင့်နေတဲ့အပြစ်ကို သူမသိဘဲ ဖြစ်ပြီးသကာလ နေတာ သူ့ဘဲ ကုသဦးမှဘဲ သူ့ဘဲ တရားဟောဦးမှ တော် မယ်ဆိုပြီး တိပရိဝဋ္ဋဒေသနာကို ပါဠိတော်မှာ သေသေချာချာ ဟောပါတယ်(မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီ) ဒါဖြင့် ဘုရားဟောတဲ့တရား တကာ တကာမတို့ကို ဘုန်းကြီးက ဟော ထားလို့ ရှင်းပြီးသားဖြစ်နေတော့-ကိုင်း....တကာ တကာမတို့ ဒါတွေဟာ ခန္ဓာတွေဘဲ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ခန္ဓာတွေ ဒီဥပမာမယ် ဒါ-ဝိညာဏက္ခန္ဓာ ထားပါတော့ (မှန်ပါ့) စက္ခုဝိညာဏ်-မြင်တယ်ဆိုတော့ ဝိညာဏက္ခန္ဓာဘဲ မဟုတ်လား....(မှန်ပါ့ဘုရား)ဝိညာဏ=သိတာဘဲ၊ရူပါရုံအဆင်း သိတော့ ဝိညာဏ၊အဲဒါကလေး တကာ တကာမတွေက စဉ်း စားကြည့်စမ်းပါလား....တဲ့၊ မြင်ပြီးပျက်တာဘဲ မဟုတ်လား.... (မှန်ပါ့ဘုရား) မြင်ပြီး တာရှည်ရှိသေးရဲ့လား.... (မရှိပါဘူး) စက္ခုဝိညာဏံ အနိစ္စံဘဲ မဟုတ်လား.... (မှန်ပါ့ဘုရား) စက္ခု ဝိညာဏံ=မြင်သိမှုစက္ခုဝိညာဏ်သည်၊ အနိစ္စံ=မမြဲ - ဖြစ်ပြီး ပျက်တဲ့တရားဘဲလို့ဆိုယင် လွဲပါ့မလား....(မလွဲပါဘူးဘုရား) ကောင်းပြီ ဒါကလေးကို ဘုရားက ကဲကွာ....တဲ့ မင့်ကိုဘဲ ငါ ဟောပါ့မယ်၊ ခန္ဓာငါးပါးထဲက တကာ တကာမတွေ အကုန် ဟောဘို့ပါဘဲ၊ အကုန်ဟောဘို့ပင် ဖြစ်လင့်ကစား တကာ တကာမတွေ ရှေ့မှာ တန်းထားတာဘဲ ရှင်းပြီးပြပါမယ်နော်-

တခုသိလို့ ရှိယင်လဲ ဦးခင်မောင် အကုန် အတူတူပေါ့ဗျာ (မှန်ပါ့)။

ဟောဒီ ဝိညာဏ်စိတ်ကလေးဟာ တကာ တကာမတွေဘဲ အကဲခတ်ကြည့်ပါ၊ အနိစ္စလား....နိစ္စလား.... (အနိစ္စပါဘုရား) မြင်ပြီး ဘာဖြစ်သွားသလဲ....(ပျက်သွားပါတယ်) ဩော်....မြင်ပြီး ပျက်တာဘဲ၊ မျက်လုံးထဲမှာပေါ်ပြီး မျက်လုံးထဲမှာ ပျက်တာဘဲ၊ ဒီ့ပြင်နေရာများ ရွေ့သေးသလား.... (မရွေ့ပါဘူး ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ) အဲဒီ အနိစ္စဖြစ်တဲ့ တရားကလေးကို ဘုရားက အနုရာဓ-တဲ့၊ ဒုက္ခလား....သုခလား....ကွလို့ မေးလိုက်တော့ တကာ တကာမတွေ ဘယ့်နှယ်ဖြေမလဲ....(ဒုက္ခပါဘုရား) ကြည့်လေ....သူ ဒုက္ခသစ္စာကလေးဘဲ- မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဒီ့ပြင် ဘာ-ဖြစ်သေးသတုံး- (ဘာမှမဖြစ်ပါဘူး)ကောင်းပြီ ဒီတရားကလေးဟာ အနိစ္စဆိုယင်လဲ ဟုတ်တာဘဲ၊ ဒုက္ခ ဆိုယင်ကော....(ဟုတ်တာပါဘဲဘုရား)အဲဒီ အနိစ္စဒုက္ခဖြစ်တဲ့ ဒီဝိညာဏ်ကလေးဟာ တကာ တကာမတွေက တွေးစမ်းပါလား....တဲ့- စေတံမမ သောဟမသ္မိ၊သော မေအတ္တာ-ဆိုတဲ့ဥစ္စာ မြန်မာလို ပြန်လိုက်တော့ ငါ့ဥစ္စာ-ငါ-ငါ့ကိုယ်လို့ ဆိုနိုင်ကြရဲ့လား(မဆိုနိုင်ပါဘူးဘုရား)။

ဒါဖြင့် ငါ့ဥစ္စာ-ငါ-ငါ့ကိုယ်-နဂိုရ်ကကိုက မောင်ထွန်းလှိုင် မပါဘူး၊ ပါကြရဲ့လား....(မပါ-ပါဘူးဘုရား) ငါ့ဥစ္စာ-ငါ ငါ့ကိုယ်လို့-ဆိုလို့ကော ရရဲ့လား....(မရပါဘုရား)ပါကော ပါ ရဲ့လား....(မပါ-ပါဘူး) ဩော်....ဒါဖြင့် ဒီတရားကလေးဟာ

**အနိစ္စတရား- ဒုက္ခတရား၊ ငါ့ဥစ္စာ-ငါ-ငါ့ကိုယ်မဟုတ်တဲ့တရား** (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒီတရားကလေးဟာ ဘာတရားတုံး.... (ငါ့ဥစ္စာ-ငါ-ငါ့ကိုယ် မဟုတ်တဲ့ တရားပါ) အနိစ္စတရားဆိုယင်လဲ ဟုတ်တယ်နော်.... (မှန်ပါ့) ဒုက္ခတရား ဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား) ငါ့ဥစ္စာ- ငါ- ငါ့ကိုယ် မဟုတ်တဲ့တရားကော.... (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တတရားကလေး(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)အဲဒါ တကာ တကာမတွေက ကိုယ့် မြင်စိတ်ကလေးပေါ်တိုင်းပေါ်တိုင်းလဲ ဒီအတိုင်းဘဲ ဒါကလေး ဟာ ဖြစ်ပျက်အနိစ္စဘဲ ဖြစ်ပျက်ဒုက္ခဘဲ ဖြစ်ပျက်အနတ္တဘဲ ဖြစ် ပျက် ဒုက္ခသစ္စာဘဲလို့ ခင်ဗျားတို့ မြင်တဲ့အခါမြင်စိတ် ရှုပေး ပေါ့ဗျာ(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒါနဲ့တခါ ဒီတရားကလေးကိုက အနိစ္စ ဒုက္ခ အနတ္တတရား ကလေး ဖြစ်နေတော့ အနုရာဓ... တဲ့-သူက ဖြစ်စေတဲ့....ဥပမာ မှာ သူနဲ့ပတ်သက်ပြီးသကာလ အတူတကွဖြစ်တဲ့ စက္ခုဝိညာဏ် ဖဿ၊ ဖဿဆိုတော့ သင်္ခါရက္ခန္ဓာ ဖြစ်သွားပြီ၊ အဲဒီ သင်္ခါရ က္ခန္ဓာဖြစ်သွားတော့ ဒီသင်္ခါရက္ခန္ဓာကလေးဟာလဲ ဦးခင်မောင် ရေ....အနိစ္စလား....နိစ္စလား....(အနိစ္စပါဘုရား) အဲဒီအနိစ္စဖြစ်တဲ့ တရားကို ဒုက္ခလို့ ဆိုကြမလား....သုခလို့ ဆိုကြမလား....(ဒုက္ခ ပါဘုရား) အဲဒီ အနိစ္စ ဒုက္ခဖြစ်တဲ့ ဖဿကလေးကို ငါ့ဥစ္စာ-ငါ ငါ့ကိုယ်လို့ ဆိုနိုင်ကြရဲ့လား.... (မဆိုနိုင်ပါဘူး) မဆိုနိုင်ယင် အနတ္တဘဲ(မှန်လှပါ)။

ဒါဖြင့် ဒီတရားတွေ ပေါ်လာသ၍ဟာ အနိစ္စ ဒုက္ခ အနတ္တ ချည်းဘဲ၊ ဒီဘက်က ပေါ်လာတာကော (အနိစ္စ ဒုက္ခ အနတ္တပါ) ဒီဘက်က ပေါ်လာတာကော....(အနိစ္စ ဒုက္ခ အနတ္တပါ)ဒီဘက်က ပေါ်လာတာ....(အနိစ္စ ဒုက္ခ အနတ္တပါ) ဒီဘက်က သေတဲ့ စိတ်ကလေးကကော....(အနိစ္စ ဒုက္ခ အနတ္တပါ) ဒီဘက်က ပဋိသန္ဓေ စိတ်ကလေးကကော....(အနိစ္စ ဒုက္ခ အနတ္တပါ)။

ဒါဖြင့် တကာ တကာမတို့ ပုဂ္ဂိုလ် သတ္တဝါ နဂိုရှိကမပါဘူး(မပါ-ပါဘူး) ရှင်းပြီနော်....(ရှင်းပါပြီ) ဒါဖြင့် တကာ တကာမတွေ သန္တာန်မှာ ပုထုဇန်သန္တာန်မှာ တနေ့က ပြောခဲ့တယ် တိဟိတ်ဖြစ်လို့ရှိယင်ဖြင့် ၄၅-ပါးသောစိတ်ကို ပေါ်ရရှုပါ၊ ဒွိဟိတ်ဖြစ်လို့ရှိယင် ၄၁-ပါးကိုဘဲ ရှုပါလို့ ပြောသွားတော့ ခင်ဗျားတို့သန္တာန် ပေါ်ရာကိုရှု၊ သဘောကျပလား.... (မှန်ပါ့ဘုရား)။

သို့သော် ဘုန်းကြီးတို့ သမ္မာအဋ္ဌကထာဆရာက ပြပြီး သကာလ ထားတာကတော့ **စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး**—ဖြစ်တယ်လို့ဆိုခြင်းကြောင့် စိတ္တာနုပဿနာရှုယင် ပိုကောင်းတယ်၊ ဒိဋ္ဌိ ပြုတ်တော့ သောတာပန် တည်တယ်(မှန်လှပါ)။

ရှင်းပြီနော်.... (ရှင်းပါပြီ) ဒိဋ္ဌိ ပြုတ်တော့ (သောတာပန် တည်ပါတယ်)။

အဲ.... ဒိဋ္ဌိက ဘယ်သူ့ပေါ်မှာ သာ၍ များပါလိမ့်....(စိတ်ပေါ်မှာ သာ၍များပါတယ်) စိတ်ပေါ်မှာ သာ၍များတဲ့ အတွက် တကာတကာမတို့ဘယ်စိတ်လာလာ စားချင်တဲ့စိတ် လာယင်လဲ ဖြစ်ပျက်ရှုပါ (မှန်ပါ့) အိပ်ချင်တဲ့စိတ် လာယင် (ဖြစ်ပျက်ရှုပါ) လှမ်းချင်တဲ့စိတ် လာယင် (ဖြစ်ပျက်ရှုရပါမယ်)။

အကုန်ရှုရမယ်မဟုတ်လား.... (ရှုရပါမယ်) အေး....ယုတ်စွအဆုံး တကာတကာမတို့ကျင်ကြီးကျင်ငယ် စွန့်ချင်တဲ့စိတ် လာကော.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုရမှာဘဲ၊ သွားချင်တဲ့ စိတ်ကလေးလာယင် (ဖြစ်ပျက်ရှုရပါမယ်)အင်း....လှမ်းချင်တဲ့ စိတ်ကလေးလာယင်ကော.... (ဖြစ်ပျက် ရှုရပါမယ်) အဲ.... သူ့နေရာနဲ့သူ စိတ်ကလေးက ဟာဒယဝတ္ထုပေါ်-ပေါ်တဲ့စိတ်ဖြစ်ယင်ဟာဒယဝတ္ထုပေါ် ဉာဏ်တက်ရှု မျက်လုံးထဲ ပေါ်တဲ့စိတ်ဖြင့် မျက်လုံးထဲ ·ဉာဏ်တက်ရှုပေါ့ဗျာ (မှန်ပါ့)။

ဝမ်းသာတဲ့ စိတ်ကလေး လာပြန်ယင် ဘယ့်နှယ် လုပ်ကြမလဲ.... (ဖြစ်ပျက် ရှုရမှာပါဘုရား) ဝမ်းနည်းတဲ့ စိတ်ကလေး လာပြန်ယင်ကော (ဖြစ်ပျက်ရှုရမှာပါဘုရား) အကုန် ဖြစ်ပျက်ရှုရမယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီစိတ်တွေပေါ်ယင် အကုန်ဒိဋ္ဌိပြုတ်ရမယ်ဆိုတော့.... ဖြစ်ပြီးပျက်တာတွေရှုနေတော့ တကာတကာမတို့ နဂိုရ်ကလဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ်လို့ ဖြစ်ပျက် အနိစ္စဘဲဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဖြစ်ပျက် ဒုက္ခဘဲ ဆိုယင်ကော (သေချာပါတယ် ဘုရား) ဖြစ်ပျက်သည်ကားလို့ဆိုယင် ငါ့ဥစ္စာ— ငါ—ငါ့ကိုယ် မဟုတ်တဲ့ အနတ္တဘဲ ဆိုယင်ကော (သေချာပါတယ် ဘုရား) သေချာတယ် မဟုတ်လား....(မှန်ပါ့) အဲဒီကဲ့သို့ သေချာပြီးသကာလနေတော့ တကာ တကာမတွေ ခင်ဗျားတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟောတော်မူတယ်၊သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ·

ပေါ်ရာရှုပါကွာ....မင်းတို့သန္တာန် ပေါ်တဲ့စိတ်တွေ အကုန်ရှုပါ ဆိုပြီးသကာလ တတာတကာမတွေ ရှုလိုက်လို့ရှိယင် တနေ့က ပြောထားတယ်နော် - (မှန်ပါ)။

ရှေ့ပိုင်းက အပြင် ညွှတ်သည်စိတ်က ဘယ်နှစ်ခုပါလိမ့်.... (ခြောက်ခုပါ) အတွင်းညွှတ်သည် စိတ်က (ငါးခုပါ)အိမ်သည် စိတ်က (နှစ်ခုပါဘုရား) အဲဒါ.... ပေါ်စရာတွေ ပေါ်လာလို့ ရှိယင် အပြင်ညွှတ်သည်မရှိလို့ အတွင်း ညွှတ်သည် ရှုချင်ယင်လဲ အတွင်းညွှတ်သည်ရှုပေါ့ဗျာ.... (မှန်ပါ)။

အပြင်ညွှတ်သည် ပေါ်ယင်လဲ (အပြင်ညွှတ်သည် ရှုရမှာပါ) အိမ်သည်နှစ်ခု—တခုခုပေါ်နေယင်ကော(တခုခုရှုရမှာပါ)တခုခု ရှုရလိမ့်မယ်ဆိုတာ သေချာပလား (သေချာပါပြီ) အဲဒီကဲ့သို့ တနေ့က ပြောခဲ့ပါတယ်တဲ့.... အတွင်းညွှတ်သည်ရယ် အပြင်ညွှတ် သည်ရယ် အိမ်သည်ရယ်လို့ ဆိုပြီးသကာလ မဂ္ဂင်ငါးပါးနဲ့ ရှုပေးကြစမ်းပါ.... (မှန်ပါ) ရှုပေးတဲ့အခါကျတော့ ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့မှာပါဘဲ၊ ဘာတွေ့ကြမယ်.... (ဖြစ်တာနဲ့ပျက် တာဘဲ တွေ့ကြပါမယ်)။

ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့လိမ့်မယ်ဆိုတာ မသေချာဘူး လား.... (သေချာပါတယ်ဘုရား) အင်း....ဖြစ်တာနဲ့ ပျက်တာ ဆိုယင် "ဟုတွာ အဘာဝေန အနိစ္စံ" ဆိုတဲ့အတိုင်း ဟုတွာ= ဖြစ်ပြီး၍၊ အဘာဝေန= ဤနေရာ၌မရှိခြင်းကြောင့် ပင်လျှင် အနိစ္စံ= အနိစ္စဘဲဆိုသဖြင့်တကာတကာမတို့ ဖြစ်ပြီး ပျက်သွား တဲ့ တရားဟာ ရှိသေးရဲ့လား (မရှိပါဘုရား) အဲ.... မရှိတာက ဘယ်နှယ်ခေါ်ကြမယ်.... (အနိစ္စပါဘုရား)မရှိတာကို မရှိမှန်း သိတာကမဂ် (မဂ္ဂပါဘုရား)။

အဲ....ဝိပဿနာမဂ် သေသေချာချာ ဖြစ်သွားတော့ ဝိပဿနာမဂ် မရဘဲနဲ့လဲ ဦးခင်မောင်ရဲ့ လောကုတ္တရာမဂ် မရနိုင်ဘူး(မရနိုင်ပါဘူး) ရှင်းပလား....(ရှင်းပါပြီ) ဝိပဿနာမဂ် မရဘဲနဲ့(လောကုတ္တရာမဂ် မရနိုင်ပါဘူး)။

ဒါဖြင့် ဝိပဿနာမဂ် ရင့်သန်လာပြန်တော့လဲ လောကုတ္တရာမဂ် ဖြစ်သွားတာဘဲ (မှန်ပါ့ဘုရား) ရှင်းပလား(ရှင်းပါပြီ)

ဒါဖြင့်.... ခင်ဗျားတို့ တာဝန်က မဂ် ရ–ရပါလို၏လို့ ဆုတောင်းရမည့်အလုပ်ကို အသာချိတ်ထားပြီးသကာလ ဝိပဿနာမဂ်ကို ကိုယ်တိုင်ကြိုးစားပါ (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာလုပ်ကြရမယ်.... (ဝိပဿနာမဂ် ကြိုးစားရပါမယ်)။

ဝိပဿနာမဂ်ကို ကိုယ်တိုင်ကြိုးစားလို့ ဝိပဿနာမဂ် ရင့်လာလို့ရှိယင် လောကုတ္တရာမဂ်ဖြစ်မယ် (မှန်ပါ့) မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) ဝိပဿနာမဂ် ရင့်လာယင် (လောကုတ္တရာမဂ် ဖြစ်ပါတယ်)။

လောကုတ္တရာမဂ် ဖြစ်မယ်ဆိုတော့ ဩော်.... ဒို့အလုပ်က ရှုဘို့အလုပ်ဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒို့အလုပ်က (ရှုဘို့အလုပ်ပါဘုရား)။

အဲဒီတော့ တကာတကာမတွေအလုပ်က ဘယ်စိတ် ပေါ်လာလာ ကိုယ်ပေါ်မှာ ယားတဲ့စိတ်ပေါ်လာလဲ ယားတဲ့နေရာ ကလေး ဖြစ်ပျက်ရှုပေါ့ဗျာ(မှန်ပါ့)။

နာတဲ့စိတ်ပေါ်လာယင် (နာတဲ့စိတ် ဝိပဿနာရှု)။

ဝမ်းထဲမှာ ဝမ်းသာတဲ့စိတ် ပေါ်လာယင် (ဝမ်းသာတဲ့စိတ် ဖြစ်ပျက်ရှု)။

စိတ်မချမ်းသာတာကလေး ပေါ်လာယင် (စိတ်မချမ်းသာ တာ ဖြစ်ပျက်ရှု)။

ယုံမှားသံသယ စိတ်ကလေး ပေါ်လာယင်.... (သံသယ စိတ်ကလေး-ရှု)။

ဟိုပြေးဒီပြေး ပျံ့လွင့်တဲ့ ဥဒ္ဓစ္စစိတ်ကလေးပေါ်လာယင်(ဥဒ္ဓစ္စ ဖြစ်ပျက်ရှု)။

အကုန်ဖြစ်ပျက်ရှု တကာတကာမတွေ ဖြစ်ပျက်ရှုရမှာချည်း ဘဲ (မှန်ပါ့)။

ကိုယ့်သန္တာန်မှာ ထင်ထင်ရှားရှား ပေါ်လာတာ ဟူသ၍ ဖြစ်ပျက်သာရှုကြ (မှန်ပါ့) ဖြစ်ပြီးပျက်တဲ့ တရားချည်းဘဲ ဆို တာ သေချာပလား.... (သေချာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဟောလိုက်တော့ အနုရာဓရဟန်းက ခန္ဓာငါးပါး စလုံးကို ဦးခင်မောင်ရေ ဖြစ်ပျက်တွေ ဘုရားက ဟောလိုက်တော့ သူ သဘောကျသွားတယ် (မှန်လှပါ) သဘောကျ သွားတယ် ပြောဘ်....ပုဂ္ဂိုလ် သတ္တဝါ နဂိုရ်ကမပါဘူး (မှန်ပါ့) ရှင်းကြ ပလား.... (ရှင်းပါပြီ) ဘယ်လိုဆုံးဖြတ်ချက်ချသတုံး....(ပုဂ္ဂိုလ် သတ္တဝါ နဂိုရ်ကမပါဘူး)။

အနိစ္စ ဒုက္ခ အနတ္တသာရှိတယ် (မှန်ပါ့) သူ သဘောကျသွား တယ်၊ ဘာသာလျှင်ရှိပါလိမ့်.... (အနိစ္စ ဒုက္ခ အနတ္တသာ ရှိပါ တယ်)။

အနိစ္စ ဒုက္ခ အနတ္တသာရှိတယ်ဆိုတာ သူ ကျေကျေနပ်နပ် သဘောကျသွားတယ်.... (မှန်ပါ့ဘုရား) အဲဒီ ကျေကျေနပ်နပ် သဘောကျသွားတော့မှ သူ့ကိုဘဲ တခါ ဦးခင်မောင် ပြန်ပြီး

စစ်ပြန်တယ် (မှန်ပါ့) ပြန်ပြီးစစ်တယ်၊ တကာ တကာမတို့ ဒါ ရှေ့ပိုင်းက ဆက်လက်ပြီး သူ့စစ်ပုံကလေး ပြတယ် (မှန်ပါ့)။

အနုရာဓ....တဲ့ ခန္ဓာငါးပါးရှိပါတယ်ကွာတဲ့၊ သတ္တဝါ ဆိုတာမှာ ရှုလိုက်တော့ ခန္ဓာငါးပါးထက် ပိုပြီး ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

အဲဒီတော့ မင့်ကို ငါမေးချင်တယ်တဲ့၊ မင်းကို ငါမေးချင်တယ်ဆိုပြီး တရားနဲ့ဖြေမှ ရမည့်ပုဂ္ဂိုလ် ဖြစ်နေတော့ တရားနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်ပေးရမည့်ပုဂ္ဂိုလ်ဖြစ်နေလို့ ဘုရားက တရားနဲ့ ဖြေပေးနေတယ်ဆိုတာ တကာသစ်တို့ မောင်မြတို့ သေသေချာချာ မှတ်ရမယ်(မှန်လှပါဘုရား) တရားနဲ့ အဖြေပေးနေတယ်၊ မောင်ထွန်းလှိုင် ဘာနဲ့ အဖြေပေးပါလိမ့်.... (တရားနဲ့ အဖြေပေးနေပါတယ်) တရားနဲ့ အဖြေပေးနေတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

ကောင်းပြီ- ဒါဖြင့် ခုနက အနိစ္စ ဒုက္ခ အနတ္တာ လက္ခဏာရေး သုံးပါးဟောပြီး သူ သဘောကျသွားတော့မှ အနုရာဓ သဘောကျသွားတော့မှ ဦးခင်မောင်ရေ ပြန်စစ်ပြန်တယ်-နော် (မှန်လှပါဘုရား) အနုရာဓကို ပြန်စစ်တယ် တကာ တကာမတို့ သေသေချာချာ မှတ်ထားကြစမ်း။

ဟေး....အနုရာဓ ဟောဒီဘက်မှာကွာ ခန္ဓာငါးပါးရှိတယ်၊ ရုပ်ကိုပင် မင်းသည် သတ္တဝါဆိုမလား.... လို့ မေးလိုက်တယ်၊ ဘယ့်နှယ် ဖြေကြပါ့မယ်.... (မဆိုရပါဘူးဘုရား) ရုပ်ကို သတ္တဝါလို့ ဖြေမလားလို့ မေးလိုက်တယ်(မဆိုရပါဘူး)တကာ တကာမတွေကော.... (မဟုတ်ပါဘူး) မဟုတ်ဘူးဘဲ ဖြေရမယ် (မှန်ပါ့) ရုပ်ကို သတ္တဝါလို့ ဆိုမလား....(မဟုတ်ပါဘူးဘုရား)

ရုပ်တရား၌ သတ္တဝါလို့ ဆိုမလား....(မဟုတ်ပါဘူး) ရုပ်မှတပါး ဒီ့ပြင်တရားကိုဘဲ သတ္တဝါလို့ ဆိုမလား.... (မဆိုနိုင်ပါဘူး) ရှိတာက ရုပ်နာမ်ဘဲ ရှိတယ်မဟုတ်လား.... (မှန်ပါ) ရုပ်နာမ် ခန္ဓာငါးပါးဘဲ ရှိတော့ အခုမေးပုံကလေး သတိထားစမ်း။

အနုရာဓ....တဲ့ ပုဂ္ဂိုလ် သတ္တဝါလို့ ဆိုမလားကွလို့ မေး လိုက်တယ်ဆိုတော့ မဆိုပါဘူးဘုရား....တဲ့၊ ခုနက ဒိဋ္ဌိ ဝိစိကိစ္ဆာ သေသွားလို့ အဖြေထွက်လာပြီ (မှန်ပါ) ဒိဋ္ဌိ ဝိစိကိစ္ဆာ သေ သွားလို့ ဘာထွက်လာသတုံး....(အဖြေထွက်လာပါတယ်ဘုရား) ပြန်ပြီးသကာလ စစ်တယ်....နော်၊ ဘုရားက အနုရာဓကို ပြန်စစ် တာ ဦးခင်မောင် (မှန်လှပါဘုရား) ဘယ်သူက ဘယ်သူ့ကို ပြန်စစ်တာပါလိမ့်.... (အနုရာဓကို ဘုရားက ပြန်စစ်တာပါ) အခုန လက္ခဏာရေးသုံးပါးတွေအကုန်ဟောပြီးပြီ မဟုတ်လား (မှန်ပါ) လက္ခဏာရေးသုံးပါးတွေ အနုရာဓကို ဘုရားက အကုန် ဟောပြီးပြီ။

ဒါဖြင့် သူ့မှာ အတော်ရှင်းသွားပြီဆိုတဲ့ အဓိပ္ပါယ်ကော ရောက်ပလား.... (ရောက်ပါပြီ) အနုရာဓမှာ အတော်ရှင်းသွား ပြီတဲ့၊ အဲဒီအချိန်ကျတော့မှ တိတ္ထိတွေမေးတဲ့ အမေးကို သူဖြေ တတ်အောင်လို့ သင်ပါတယ် မောင်ထွန်းလှိုင်—ရ (မှန်လှပါ) တကာ တကာမတွေ တိတ္ထိတွေမေးတဲ့ အမေးကို ဖြေတတ်အောင် လို့ သင်ပေးပါတယ်....နော် (မှန်ပါ)။

အနုရာဓ-ရုပ်ကို သတ္တဝါလို့ ဆိုမလားလို့မေးတော့ သူ ဘယ့်နှယ်ဖြေသတုံး(မဆိုပါဘူးဘုရား) မဆိုပါဘူးတဲ့ (မှန်ပါ) ဝေဒနာကိုဘဲ သတ္တဝါလို့ ဆိုမလား.... (မဆိုပါဘူးဘုရား) သညာကော.... (မဆိုပါဘူး)စေတနာဆိုတဲ့ သင်္ခါရတွေကော....

(မဆိုပါဘူးဘုရား)စိတ်ကို သတ္တဝါလို့ ဆိုမလား....(မဆိုပါဘူး ဘုရား) ဘာမှဆိုစရာက ပါမှ-မပါဘဲ (မှန်လှပါဘုရား)။

သတ္တဝါ နဂိုရှိမပါလို့....တကာ တကာမတွေလဲ ဆိုစရာမရှိပါ ဘူး။ အနုရာဓရဟန်း မေးတော့လဲ အနုရာဓရဟန်းက ဆိုစရာ မရှိပါဘူးလို့ သူ ဖြေတာဘဲ(မှန်ပါ့)တထပ်တည်း မကျသေးဘူး လား.... (ကျပါတယ်ဘုရား) သဘောပါပြီနော်....(ပါ-ပါပြီ)

ဒါဖြင့်ကွာ........ ငါ ဆက်မေးပါရစေဦးတဲ့ ....ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ရုပ်၌ သတ္တဝါလို့ ဆိုမလားလို့ မေးလိုက်တယ် ဘယ့်နှယ်ဖြေကြမလဲ.... (မဆိုပါဘူး)။

ဒါဖြင့် ရုပ်ကို ကြဉ်ပြီးသကာလ သတ္တဝါ တပါးတခြား ရှိသလားလို့ မေးယင်ကော(မရှိပါဘူးဘုရား)ရုပ်မှ တပါးသော သတ္တဝါ ရှိရဲ့လား(မရှိပါဘုရား)ဝေဒနာမှတပါးကော(မရှိပါ ဘူးဘုရား) မရှိပါဘူးတဲ့.... ရုပ် ဝေဒနာ သညာ သင်္ခါရဘဲ ရှိတယ်လို့ မောင်ထွန်းလှိုင် မှတ်လိုက်တာပေါ့ (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါနဲ့ အခု ပုစ္ဆာနှစ်ခု ဘုရားက သူ့ကို မေးလိုက်ပြီး သ ကာလ သုံးခုမြောက် တခါမေးပြန်တယ်တဲ့၊ ဒါဖြင့်ကွာ တဲ့.... မင်း ဒီ ခန္ဓာငါးပါးကို သတ္တဝါလို့ ဆိုမလားလို့ မေးပြန် တယ်.... ဆိုနိုင်ကြရဲ့လား.... (မဆိုနိုင်ပါဘူးဘုရား) ခန္ဓာငါး ပါးဟာ ခန္ဓာငါးပါးဘဲ ဆိုရမယ် တကာတကာမတို့(မှန်ပါ့) သတ္တဝါ ပါရဲ့လား.... (မပါ—ပါဘူး)။

အဲဒီတော့ အနုရာဓတဲ့.... ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အပေါင်းကိုဘဲ မင်း သတ္တဝါ ဆိုမလားလို့ မေးလိုက် တဲ့ အခါကျတော့“နောဟေတံဘန္တေ”တပည့်တော် မဆိုပါဘူး

ဘုရား၊ ဒါဖြင့် သတ္တဝါမပါကြောင်း သူ့ဝမ်းထဲ ရှင်း မသွား သေးဘူးလား.... (ရှင်းသွားပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ပုစ္ဆာသုံးခု ပြီးသွားပြီနော်.... ၁-နံပါတ်က ရုပ်ကို သတ္တဝါဆိုမလား.... (မဆိုပါဘူး) ဝေဒနာကို သတ္တဝါ ဆိုမလား.... (မဆိုပါဘူးဘုရား) သညာကို ဆိုမလား.... (မဆို ပါဘူး) သင်္ခါရကို ဆိုမလား....(မဆိုပါဘူး)ဝိညာဏ်ဆိုတဲ့ စိတ် ကို ဆိုမလား.... (မဆိုပါဘူး)။

ဒီဟာလဲ ပုစ္ဆာတခု.... (မှန်ပါ့ဘုရား) ရုပ်မှတပါး ဒီဟာ တွေကို သတ္တဝါဆိုမလား.... (မဆိုပါဘူးဘုရား) ဒီလိုသတ္တဝါ ဆိုလို့ကော ရရဲ့လား.... (မရပါဘူး)။

အဲဒီတော့ နဂိုရ်က မရှိတာကို မရှိဘူးလို့ သိထားရမယ် (မှန်ပါ့) တကာတကာမတို့ ဘယ်လို မှတ်ရမယ်.... (နဂိုရ်က မရှိတာကိုမရှိဘူးလို့ သိထားရမယ်) နဂိုရ်ကမရှိတာ မရှိဘူးလို့ မှတ်ထားမှ တိုးတက်တော့မပေါ့ ဆိုတာ သဘောပါပလား.... (ပါ-ပါပြီ)။

ဒါနဲ့ အခုပုစ္ဆာ ရုပ်ကို သတ္တဝါ ခေါ်မလား.... ၁—နံပါတ် ပုစ္ဆာ ပြေသွားပြီ၊ ရုပ်မှတပါး သတ္တဝါဆိုမလား ဆိုတာကော ဖြေစရာရှိရဲ့လား.... (မရှိပါဘူး) ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မှတပါး ပုဂ္ဂိုလ် သတ္တဝါများ ရှိရဲ့လား....(မရှိပါဘူး) အဲ....မရှိဘူးဆိုတာ သိသွားတော့ ပုစ္ဆာနှစ်ခု မပြေသေးဘူးလား (ပြေပါတယ်ဘုရား)။

ဒါဖြင့် ရုပ် နာမ် ခန္ဓာငါးပါးကိုကော သတ္တဝါ ဆိုမလား လို့ မေးယင် ခန္ဓာငါးပါးကို သတ္တဝါဆိုမလား (မဆိုပါဘူး) မဆိုနိုင်ဘူးတဲ့၊ ဒါသတ္တဝါမဟုတ်ဘူး၊ ခန္ဓာငါးပါးဟာ ခန္ဓာ

ငါးပါးဘဲ တကာ တကာမတို့ (မှန်ပါ) ဒီပြင် ဘာ ပါသေး သတုံး....(မပါ-ပါဘူးဘုရား)။

ဒါဖြင့်ကွာ....တဲ့ အနုရာဓ-ပုစ္ဆာသုံးခု ငါမေးပြီးပြီ၊ စတုတ္ထ ပုစ္ဆာ ငါမေးဦးမယ်ဆိုပြီး သူ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်-မပြုတ် မေးနေတာ (မှန်ပါ့ဘုရား) ဘယ်သူ့မေးနေတာတုံး.... (အနုရာဓ မေးနေတာပါဘုရား)အနုရာဓရဟန်းကို ဘုရားက ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်မပြုတ် မေးနေတာလို့ တကာတကာမတွေ မှတ်လိုက်စမ်းပါ နော်....(မှန်ပါ့ဘုရား)။

ဒါဖြင့်ကွာ....တဲ့ ခန္ဓာငါးပါးမှ တပါးကို သတ္တဝါ ဆိုမလား လို့ မေးလိုက်တယ်၊ (မှန်ပါ) ရုပ်မဟုတ်တာ သတ္တဝါ ဆို မလား၊ ဝေဒနာမဟုတ်တာ သတ္တဝါဆိုမလား၊ ဆိုနိုင်ကြရဲ့ လား....(မဆိုနိုင်ပါဘူး)။

ရုပ်မဟုတ်တာ သတ္တဝါ ဆိုမလား.... (မဆိုနိုင်ပါဘူး)။
ဝေဒနာမဟုတ်တာ သတ္တဝါဆိုမလား.... (မဆိုနိုင်ပါဘူး)။
သညာမဟုတ်တာ သတ္တဝါဆိုမလား .... (မဆိုနိုင်ပါဘူး)။
သင်္ခါရမဟုတ်တာ သတ္တဝါဆိုမလား.... (မဆိုနိုင်ပါဘူး)။
ဝိညာဏ်မဟုတ်တာကို.... (မဆိုနိုင်ပါဘူး)။

သတ္တဝါမဆိုနိုင်ဘူး ဆိုတော့ မပါဘူး ပြောတာနဲ့ ရှင်း မ သွားသေးဘူးလား.... (ရှင်းသွားပါတယ် ဘုရား) ပါကော- ပါသေးရဲ့လား.... (မပါ-ပါဘူး) အဲ.... မပါတော့ တကာ တကာမတွေ ရှင်းပြီးသကာလ သွားပြီတဲ့။

အဲဒီတော့ တကာ တကာမတွေလဲ ရှင်း၊ ဘုရားကလဲ အနု ရာဓ ရဟန်းကို ရှင်းပေးတဲ့အတိုင်း အခု တကာ တကာမတွေ ဘုန်းကြီး ဟောထားလို့ သိထားတာနဲ့ ဦးခင်မောင် တထပ်

တည်းကျတယ်၊ (ကျပါတယ်) အလုပ်-လုပ်ရုံဘဲ ကျန်တော့တယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)ဘာ လိုပါလိမ့်မလဲ (အလုပ်-လုပ်ရုံဘဲ ကျန်ပါတော့တယ်)။

အလုပ်-လုပ်ဘို့ အရေးကြီးနေတယ်၊ဒါကို ဖြိုင်ဖြိုင်လုပ်နိုင်ဘို့ ဘုန်းကြီးတို့ တကာ တကာမတွေ အရေးကြီးနေတယ်၊ စိတ်တွေ ပေါ်တိုင်း ပေါ်တိုင်း ရှုနိုင်ဘို့ အရေးကြီးပါတယ် ဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီတော့ ဘုန်းကြီး က အထူး မပြောပါဘူးတဲ့ တကာ တကာမတို့၊ ကိုယ့်မှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိနေလို့ရှိယင် ငရဲမျိုးစေ့ ဝမ်းထဲမှာ အနုသယသဘောနဲ့ ကိန်းနေတယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါ) ဦးခင်မောင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိနေယင် ဘာ ကိန်းနေတာတုံး....(ငရဲမျိုးစေ့ ကိန်းနေပါတယ်ဘုရား)။

ငရဲမျိုးစေ့ ကိန်းပြီး သကာလ နေတော့ ကျုပ်တို့ ဒီငရဲ ကောင် ငရဲပင်ကြီးဟာ သေသည်၏အခြားမဲ့၌တဲ့ ဒီ ငရဲမျိုး စေ့ဟာ နတ်ပြည် ရောက်သွား လဲ မဂ်မရသေးလို့ရှိယင် ငရဲ မျိုးစေ့ နတ်ပြည်ပါသွားတာဘဲ၊ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဗြဟ္မာပြည်ရောက်ကော....(ပါ-ပါတယ်ဘုရား)။

ဒိဋ္ဌိ ဝိစိကိစ္ဆာသာ မပြုတ်လို့ရှိယင် ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ ငရဲ မျိုးစေ့ဟာ တကာ တကာမတို့ ဗြဟ္မာ့ဝမ်းထဲမှာကော....(ရှိပါ တယ်ဘုရား) အနုသယသဘောနဲ့ မရှိဘူးလား....(ရှိပါတယ်)။

အေး....ဒါ့ကြောင့် "ဒိဋ္ဌာနုသယော အနုသေတိ" ယမိုက် ပါဠိတော်များမှာ အင်မတန် လာပါတယ်.... နော်၊ (မှန်ပါ့) အဲဒါတွေ ထောက်ပြီးကြည့်တဲ့အခါကျတော့ ဩော် .... ဘယ် သွားနေလို့မှ စိတ်မချရပါကလား၊ ငရဲမျိုးစေ့မရှိယင် ငရဲ

စိတ်ချရတယ်၊ (မှန်လှပါဘုရား) ငရဲမျိုးစေ့ မရှိယင်တော့ဖြင့် (စိတ်ချရပါတယ်ဘုရား) ငရဲစိတ်ချရတယ်၊ ငရဲမျိုးစေ့ ရှိလို့ ရှိယင်ဖြင့် လူ့ပြည်နေကော....(စိတ်မချရပါဘူး)စိတ်မချရ၊နတ်ပြည် သွားကော....(စိတ်မချရပါဘူး) ဗြဟ္မာ့ပြည် သွားကော.... (စိတ်မချရပါဘူး) စိတ်မချရသေးပါဘူးတဲ့။

ဒါဖြင့် ငရဲမျိုးစေ့ ပြုတ်ဘို့ဆိုတော့ ခန္ဓာငါးပါးကိုလဲ သိထား၊ ဖြစ်ပျက်တရားမှန်ကိုလဲသိထား၊ ဖြစ်ပျက်သိလို့ ဖြစ်ပျက်မှုန်းအောင်လုပ်၊ ဖြစ်ပျက်ဆုံးမှသာလျှင် နိဗ္ဗာန်မြင်မှ ဒိဋ္ဌိ ဝိစိကိစ္ဆာက ငရဲမျိုးစေ့ ဝမ်းထဲမှာ မဂ်ကနေပြီးသကာလ ချေမှုန်းပစ်လိုက်လို့ အကုန် ပြုတ်ပြုတ်ပြုန်းတယ်ဆိုတာ ဦးခင်မောင် မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ငရဲမျိုးစေ့ ဝမ်းထဲရှိနေတဲ့ ပုဂ္ဂိုလ်မှာ သားကိစ္စ သမီးကိစ္စ စီးပွားရေးကိစ္စထက် ကိုယ်ဝမ်းထဲမှာရှိတဲ့ ငရဲမျိုးစေ့ ဩော်.... ငါသေလို့ရှိယင် ငရဲရောက်သွားမှာဘဲဆိုလို့ရှိယင်ဖြင့် သားကိစ္စ သမီးကိစ္စ ဆွေကိစ္စ မျိုးကိစ္စထက် ဒိဋ္ဌိပြုတ်မှု ဝိစိကိစ္ဆာပြုတ်မှု ခင်ဗျားတို့ အရေးတကြီး ထားပြီးလုပ်ပါဆိုတာ အခု တရားအရည်လည်လာလို့ ပြောတယ် (မှန်ပါ့ဘုရား) မပြောထိုက်ဘူးလား .... (ပြောထိုက်ပါတယ် ဘုရား) သဘောပါကြလား....(ပါ-ပါတယ်) သားရေး သမီးရေး စီးပွားရေးကို မလုပ်နဲ့လို့ ခင်ဗျားတို့ကို ဘုန်းကြီးက မဟောပါဘူး။

သို့သော် ငရဲမျိုးစေ့ ပြုတ်မှုနဲ့ သားရေး သမီးရေး လုပ်မှုနဲ့ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် သနားယင် ဘယ်ဟာလုပ်ဘို့

သင့်သတုံး .... (ငရဲမျိုးစေ့ဖြုတ်ဘို့ အရေးကြီးပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါပြတ်ပြတ်သတ်သတ် မေးပြီး ဆရာဘုန်းကြီးက ဟော နေတယ်လို့ ဒီလိုမယူလိုက်ပါနဲ့၊ (မှန်ပါ့) ဒီလိုမယူပါနဲ့၊ ကိုယ့်ကိုယ်ကို ချစ်ပါတယ် ခင်ပါတယ် သနားပါတယ်ဆိုလို့ ရှိယင်ဖြင့် ကိုယ့်အရေး ကိုယ်တွေးကြ၊ကိုယ့်ကိုယ် ဆေးတိုက်ကြ၊ ကိုယ့်ကိုယ် ထမင်းကျွေးကြ၊ ဦးခင်မောင်တို့ ဒါဝတ္တရားကြီးဘဲ နော်....၊ သနားလွန်းလို့ ချစ်လွန်းလို့၊ မေတ္တာပို့တာတောင်မှ "အဟံ အဝေရော ဟောမိ" ငါအရင်ချမ်းသာပါရစေဆိုတာ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါလောက်တောင် ချစ်တဲ့ ပုဂ္ဂိုလ် ဒါလောက်တောင်ဘဲ ကိုယ့်ကိုယ်ကို သနားတတ်တဲ့ပုဂ္ဂိုလ်တွေ၊ ခြင်ကလေးကိုက်မယ် ကိုယ့်ယပ်တောင်ကလေးနဲ့ ဖယ်ပစ်လို့ ခြင်ရိုက်ကလေးနဲ့ ဖယ် ပစ်လို့ မရှိကြဘူးလားဗျာ(ရှိပါတယ်ဘုရား) လေလုံမိုးလုံ ရှိ သော အိမ် ကြီးကြီး ကျယ်ကျယ် ကောင်းကောင်း မွန်မွန် ဆောက်လို့၊ ဒါတွေဟာ ကိုယ့်ကိုယ်ကို သနားတဲ့အဓိပ္ပါယ် မပါဘူးလား....(ပါ-ပါတယ်ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ အဲဒီသနားတာက သနားစစ် မဟုတ်ပါဘူးတဲ့၊ ကိုယ့်ကိုယ်ထဲမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ ငရဲမျိုးစေ့ရှိတယ် ဦးခင် မောင်ရ (မှန်လှပါဘုရား) အဲဒါ အရင် ထုတ်ပစ်နိုင်မှ ကိုယ့် ကိုယ်ကို သနားရာ ရောက်ပါတယ်(မှန်လှပါ)ရှင်းပလား....(ရှင်း ပါပြီ)။

ကိုယ့်ကိုယ်ကို ရွှေတွေ သီးနေအောင် ဝတ်၊ ရွှေတွေတကိုယ် လုံးကို သိန်းတရာ ဘိုးလောက် ဆင်ထားလဲ ဒါ ငရဲမျိုးစေ့က

ဝမ်းထဲရှိနေလို့ ရှိယင်ဖြင့် ဦးခင်မောင် စိတ်ချရပလား.... (စိတ်မချရပါဘူးဘုရား)။

စိတ်မချရသေးတော့ တကာ တကာမတို့ ကိုယ့်ကိုယ်ကို သနားခြင်းအစစ်က ဝမ်းထဲမှာရှိနေတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ငရဲမျိုးစေ့ကို ဖယ်ပေးဘို့ အရေးကိုပြီးအောင် အရေးတကြီးလုပ်နေတဲ့ပုဂ္ဂိုလ်က ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်-(မှန်လှပါဘုရား) သဘောပေါက်ကြလား-(ပါ-ပါပြီ)ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်ဟာ ဘာတုံးဗျာ(ဒိဋ္ဌိ ဝိစိကိစ္ဆာ အရေးတကြီး ဖြုတ်တဲ့ပုဂ္ဂိုလ်)။

ဒိဋ္ဌိ ဝိစိကိစ္ဆာ အရေးတကြီး ဖြုတ်နေတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်၊ စိန်တွေဆင် မြတွေဆင်ပြီး ကားတွေ ဝယ်စီးနေတဲ့ပုဂ္ဂိုလ်ကို ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာလား ဦးခင်မောင်....(မဆိုရပါဘူးဘုရား)။

အဲဒီတော့ တကာတကာမတို့ ရောဂါရှိလို့ ရှိယင် ပျောက်တာ အကောင်းဆုံးဘဲဆိုတာသည် ဘာမှဆုံးဖြတ်ချက် ချပေးနေစရာမလိုပါဘူး(မှန်ပါ့)လိုသေးရဲ့လား(မလိုပါဘူး) ငရဲမျိုးစေ့ ရှိနေတဲ့ရောဂါကို ငရဲမျိုးစေ့ အရင် ကုပစ်ပြီးမှ ကျုပ်တို့သည် ကားလို့ဆိုယင် အေးအေးချမ်းချမ်းနေဘို့ ဝတ္တရား မရှိဘူးလား-(ရှိပါတယ်ဘုရား)။

အဲဒီ ငရဲမျိုးစေ့ရှိနေတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာကဘဲ ပဋိသန္ဓေအကျိုး ပေးလိုက်တဲ့အခါကျတော့ ငရဲကောင်ကြီးတွေ ဖြစ်ပြီး မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ဒီငရဲကောင်ကြီးတွေ ဘယ်သူကများ စီမံလိုက်ပါလိမ့်မတုံးဆိုတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာရှိလို့ ကံက စီမံလိုက်တာ

(မှန်လှပါဘုရား) ဒိဋ္ဌိ ဝိစိကိစ္ဆာ မရှိတဲ့ပုဂ္ဂိုလ်ကျတော့ ကံက မစီမံပါဘူး(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိယင်တော့ဖြင့် ကံက စီမံလိုက်တော့ ကျုပ်တို့မှာ ငရဲကောင်ဆိုတဲ့ ခန္ဓာကြီး မပေါ်ပေဘူးလား....(ပေါ်ပါတယ်)ဥပပတ်ပဋိသန္ဓေ ဘွားကနဲ ပေါ်လာတော့ ဪ.... ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိတဲ့ ပုဂ္ဂိုလ်မှာ ငရဲမှာ ရတဲ့ပစ္စည်းနဲ့ ဆပ်ရသလား....ခန္ဓာနဲ့ ဆပ်ရသလား....(ခန္ဓာနဲ့ ဆပ်ရပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)ဘာနဲ့ ဆပ်ရသတုံး....(ခန္ဓာနဲ့ ဆပ်ရပါတယ်)။

ဪ....တကာ တကာမတို့ ခင်ဗျားတို့ဟာ ခန္ဓာနဲ့ ဆပ်ရတဲ့ အလုပ်လောက် လောကကြီးမှာဖြင့် ရှုံးတာ ဘယ်ရှာတွေ့ပါ့မလဲ....(မှန်ပါ့)တွေ့ကြပါ့မလား....(မတွေ့ပါဘူး)။

ကဲ....တကာ တကာမတွေ ဒီ့ပြင်ဟာ မကြည့်ပါနဲ့ ဝက်တွေသည်ကားလို့ဆိုလို့ရှိယင် ဒီ့ပြင်နွားမှာ ပခုံးနဲ့အမှုထမ်းရတယ်၊ မြင်းမှာလဲ တကာ တကာမတို့ သိတဲ့အတိုင်းဘဲ ပခုံးနဲ့ဘဲ အမှုထမ်းရတယ် ထားပါဦးတော့....နော်၊ ဝက်က ဘာနဲ့ လူတွေအတွက် အမှုထမ်းရသတုံး–မေးလို့ရှိယင်ဖြင့် အသားနဲ့ အမှုထမ်းရတယ်(မှန်ပါ့ဘုရား)ဆိတ်ကကော....(အသားနဲ့ အမှုထမ်းရပါတယ်)။

ကဲ.... ဒါဖြင့် ခင်ဗျားတို့ ဘယ်အမှုထမ်း ကြိုက်သတုံးလို့ မေးလို့ရှိယင် ဖြစ်ခြင်းဖြစ်ယင် မြင်းဖြစ်ရတာက တော်သေးတယ်(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ဝက်ဖြစ်ရတာတော့.... တော်ပါ့မလား.... (မတော်ပါဘူး) ဦးခင်မောင်

ဘာဖြစ်ချင်သတုံး....ဘာမှမဖြစ်ပါရစေနဲ့ တော့လား.... ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘာမှ မဖြစ်ချင်ကြပါနဲ့ ဆိုတဲ့ဥစ္စာ ဆိုးတော့ဖြင့် အဆိုးချည်းဘဲ၊ ပခုံးနဲ့ အမှုထမ်းရလဲ တကာ တကာမတို့ အင်မတန်ကြမ်းတမ်းတာဘဲ၊ ဆိုထိုက်ပလား....(မှန်ပါ့) ခုနက အသားနဲ့ အမှုထမ်းရတဲ့ ဦးခင်မောင် ငါးတို့ ဝက်တို့ ကြက်တို့ဆိုတော့ သာလို့မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) အသားနဲ့ အမှုထမ်းရတယ်(မှန်ပါ့)။

ဒါဖြင့် ငရဲကျတော့ ဘာနဲ့ နှစ်စေ့အောင် လုပ်ရမှာပါလိမ့်....(ခန္ဓာနဲ့ နှစ်စေ့အောင် လုပ်ရမှာပါ) ခန္ဓာနဲ့ နှစ်စေ့အောင် အမှုထမ်းရမယ်ဆိုတော့ ဝက်လိုဘဲ အသားနဲ့ အမှုထမ်းသလိုဖြစ်နေတယ် (မှန်လှပါဘုရား) သဘောကျကြပလား....(ကျပါပြီ)ဘာနဲ့ အမှုထမ်းရမှာတုံး....(အသားနဲ့ အမှုထမ်းရမှာပါ)။

အသားနဲ့ အမှုထမ်းရမှာဖြစ်နေတော့ ထမ်းနိုင်ကြပါ့မလားလို့-မေးကြည့်တော့ ဘယ်သူမှ ဒီထဲမှာ ထမ်းနိုင်မည့်ပုဂ္ဂိုလ်တယောက်မှ မပါဘူး(မပါပါဘူးဘုရား)ထမ်းချင်တဲ့စိတ်ကော ပေါ်ကြရဲ့လား....(မပေါ်ပါဘူးဘုရား) ဘာဖြစ်လို့ မပေါ်တုံး....ဟာ....ဒီဥစ္စာတော့ မကြိုက်နိုင်ဘူးဘုရား(မှန်ပါ့)။

မကြိုက်နိုင်ပါဘူး တကာ တကာမတို့၊ အသားနဲ့ အမှုထမ်းရမယ်ဆိုလို့ ရှိယင်ဖြင့် ပခုံး ကြိုက်သေးတယ်.... ဦးခင်မောင်ရေ(မှန်လှပါဘုရား)အသားနဲ့ အမှုထမ်းရမယ်ဆို တကာ တကာမတို့ ပခုံးနဲ့ ထမ်းရတာက ဘယ့်နှယ်တုံး.... (သက်သာပါသေး

တယ်ဘုရား) တော်သေးတယ်၊ အဲဒါလဲ ဖြစ်ချင်ရဲ့လား.... မေးတော့....(မဖြစ်ချင်ပါဘူး)။

ဒါလဲ မဖြစ်ချင်ပါဘူး ဆိုလို့ရှိယင်ဖြင့် ဒီ့ထက် ဆိုးဝါးတာက တကာ တကာမတို့ အသားနဲ့လဲ အမှုထမ်းရသေးတယ် အသေလဲ မသေရဘူးတဲ့....(မှန်ပါ့)ဝက်က ဥပမာ....လှီးနဲ့ မှီသွားတယ်ဆိုယင် သေပြီးသကာလ သူ့အသားနဲ့ အမှုထမ်းရတယ်၊ သေသွားတာကိုး(မှန်ပါ့)။

သေပြီးတော့ အသားတွေက အမှုထမ်းနေတော့ သူ သိသေးရဲ့လား-(မသိပါဘူး)တော်သေးတယ်ပေါ့(မှန်ပါ့)ငရဲကတော့ မီးထဲမှာ အရှင်လတ်လတ်နဲ့ အမှုထမ်းရတာ(မှန်ပါ့) ဘယ်လိုဆိုကြမယ်....(အရှင်လတ်လတ်နဲ့ အမှုထမ်းရပါတယ်)။

ဒါဖြင့် ဝက် အမှုထမ်းတောင် ကြိုက်ဘို့တော်သေးတယ်၊ ငရဲအမှုထမ်းရတာ ဒီ့ထက်ဆိုးတယ် ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ဘယ်အမှုထမ်းက သာဆိုးသလဲ....(ငရဲအမှုထမ်းက သာဆိုးပါတယ်)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဩော်....ဒီငရဲဟာကွာ....တဲ့၊ငါဘုရားဖြစ်တဲ့ နေ့ကဘဲ စ-ပြီး မြင်ပါတယ်တဲ့ အရှင်အတိုင်း အမှုထမ်းရတာ ဟော့တဲ့ ကံ မကုန်သ၍ အရှင်အတိုင်း မီးထဲမှာ အမှုထမ်း၊ ကြေးရည်တွေထဲမှာ အမှုထမ်း၊ ကြားထဲ ကံသည် ဒီနေရာမှာဘဲ ပြတ်ပြီး ဒီနေရာမှာဘဲ ပြန်ဆက်ပြီး အမှုထမ်းရတယ်ဆိုတော့ ဦးခင်မောင် အသေ အမှုထမ်းရလို့ရှိယင်လဲ တော်သေးတယ်။

တခါထပ်ထပ်ပြီး သေ၊ သေနေတဲ့ အသားအရေကို အရပ်ကဝေစား ကိစ္စမရှိဘူး၊ သူ လာသိသေးရဲ့လား.... (မသိပါဘူး)

အဲဒါ တော်သေးတယ်လို့ ဦးခင်မောင် ဆိုထိုက်– မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား) မောင်ထွန်းလှိုင် ဆိုထိုက်.... မဆိုထိုက် (ဆိုထိုက်ပါတယ်) ဟိုမှာ အရှင် လတ်လတ် အမှုထမ်းရမယ် ဆိုတော့ တကာ တကာမတို့ ဒီထဲမှာ မီးထဲမှာ ပြေးရမယ်၊ မီးထဲမှာဘဲ အသွားအပြန် လုပ်နေရမယ်။

လောင်လိုက်တဲ့ မီးကလဲ ဒီနေရာမှာ ခြေထောက် လောင်လိုက်တော့ ခြေထောက်ပါ ကျွတ်ကျ၊ နောက်ခြေထောက်နဲ့ ပြန်ပြေး၊ ပြေးတဲ့ခြေထောက် ပြန်ကျွတ်ကျ– ဆိုတော့ တကာ တကာမတို့ ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ္တိ သေးသလား.... (မသေးပါဘူး ဘုရား)။

ဒါဖြင့် ဒီအရေးဟာ တကာ တကာမတို့ သားရေး သမီးရေး စီးပွားရေးထက် အပါယ် ရေသောက်မြစ် ပြုတ်ရေးကို ဦးခင်မောင် ပိုကြိုးရမယ်လို့ ဘုရားဟောတဲ့အတိုင်း ဆရာသမား ပြောတာ ဘုန်းကြီးများ ဟောတာကို တကာတကာမတို့ ငြင်းဆန်ပြီး ပေတေတေ လုပ်နေဘို့တော့ မတော်ဘူး ထင်တယ်.... (မတော်ပါဘူး)။

ဒီထဲမှာ ပေတဲ့လူများ ပါသေးလား.... (မပါ ပါဘူး) ဒီနေရာမပါဘူး၊ အိမ်ကျမှ ပေကြယင်တော့ အတော်ဆိုးတာ (မှန်ပါ)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ အနုရာဓရဟန်းကို အခု ဝတ္ထုသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သစ္စာဆိုက်အောင် အနုရာဓရဟန်း ဟောရတယ် (မှန်လှပါ) အခု အနိစ္စ ဒုက္ခ အနတ္တသာ ဟောသေးတာကိုးဗျ

(မှန်လှပါ) ပုဂ္ဂိုလ် သတ္တဝါ မပါရှိသာ သူ ဖြစ်ပါသေးတယ် ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ သူ့ ဒိဋ္ဌိ ဝိစိကိစ္ဆာတော့ တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ အခုနက လေးချက် မေးလိုက်ကတည်းက သူ ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိသေးရဲ့လား.... (မရှိပါဘူးဘုရား)။

ရုပ်ကို သတ္တဝါ ဆိုမလား ဆိုတော့လဲ ဘယ့်နှယ် ဖြေကြမလဲ.... (မဆိုပါဘူးဘုရား)။

ဝေဒနာကို သတ္တဝါဆိုမလား.... (မဆိုပါဘူး)။

ဝေဒနာမှ တပါးတွေကော သတ္တဝါ ဆိုမလား.... (မဆိုပါဘူး)။

ခန္ဓာငါးပါး အပေါင်းကို သတ္တဝါဆိုမလား.... (မဆိုပါဘူးဘုရား)။

ခန္ဓာငါးပါးမှ တပါးသော တရားတွေကို သတ္တဝါဆိုမလား (မဆိုပါဘူး)။

အဲဒီတော့ တကာ တကာမတွေက သိနေတော့ ဩော်.... ဘယ်သတ္တဝါ ပါရမတုံး.... အနိစ္စ တရား ဒုက္ခတရား အနတ္တ တရား ဒုက္ခသစ္စာတရားတွေဘဲ ဒါမှတပါး ဘာမှမရှိဘူးဆိုတာ တကာတကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် သတ္တဝါသေယင် ဖြစ်သေးသလားဆိုတာ ဖြေစရာ ရှိရဲ့လား.... (မရှိပါဘူး) သတ္တဝါ သေယင် မဖြစ်တော့ဘူး လားဆိုတာကော.... (ဖြေစရာ မရှိပါဘူး) ပုဂ္ဂိုလ်မှမပါဘဲဘဲ ရုပ် နာမ် အဖြစ်အပျက်ဘဲ ရှိတာဘဲ(မှန်လှပါ) သတ္တဝါကော ပါကြရဲ့လား.... (မပါ-ပါဘူး)။

အဲဒါ.... ဒီနေ့ ရှင်းနေအောင် ဟောပါတယ်၊ နက်ဖြန် သစ္စာဆိုက်အောင် ဟောလိမ့်မယ် (မှန်လှပါဘုရား)။

ကဲ.... ဒါဖြင့် တကာတကာမတို့ ဒီ–ခန္ဓာငါးပါး ဖြစ်ပျက် တရားမှတပါး ဘာများ ရှိသေးသတုံး.... (ဘာမှ မရှိပါဘူး) အဲဒါ ခင်ဗျားတို့ အိမ်ကျတဲ့အခါကျတော့ ဘုန်းကြီးတနေ့က သင်ထားတဲ့ ပေါတဲ့စိတ်တွေကို အကုန်ရှုပြီးသကာလ နေကြ လို့ရှိယင် အဖြစ်အပျက်တွေ မြင်လို့ရှိယင်လဲ တကာ တကာ မတို့ ဒိဋ္ဌိ ကွာပါလိမ့်မယ်နော်.... (မှန်လှပါ) မကွာပေဘူး လား.... (ကွာပါတယ်)။

ကွာရုံတွင်မကဘူး ဖြစ်ပျက်တွေဟာ ကိုယ့်အသေ ကိုယ်မြင် ရသဖြင့် ကိုယ့်ဖြစ်ပျက်ဆိုတာ ကိုယ့်အသေလို့ တနေ့က ဟော ခဲ့တယ်.... (မှန်ပါ)။

အဲဒီ ကိုယ့်အသေ ကိုယ်မြင်ရသဖြင့်လဲ ဒီ–အသေကြီး လို ချင်သေးရဲ့လား.... (မလိုချင်ပါဘူး)။

မလိုချင်ယင် မုန်းလာလိမ့်မယ်ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်လဲ မသက် ပေဘူးလား.... (သက်ပါတယ်ဘုရား)။

"ဝေမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ နိဗ္ဗိန္ဒတိ" ဆိုတဲ့အတိုင်း ငြီးငွေ့လာပါလိမ့်မယ်နော်.... (မှန်လှပါ)။

ငြီးငွေ့လာပြီး သကာလ ဩော်.... ကိုယ် ခဏခဏဖြစ်ပြီး ကိုယ်ခဏခဏသေနေရတဲ့ အဖြစ်၊ စိတ်ကလေးတွေဟာ မိမိမွေး ပြီး မိမိသေနေရတဲ့ အသေကြီးကို မဂ်ဉာဏ်ကနေ ရှုရတဲ့အခါ ကျတော့ ဩော်.... မိမိအဖြစ်ကြီးဟာ ဒုက္ခသစ္စာ အစစ်ပါ ကလားလို့ ပေါ်လာလိမ့်မယ်.... (မှန်လှပါဘုရား) မပေါ်

သေးဘူးလား.... (ပေါ်ပါတယ်ဘုရား) တတိယဆင့်ကျတော့ ဒုက္ခသစ္စာ အစစ်ပါလားလို့မပေါ်ပါနဲ့ဆိုလို့ ရပါ့မလား (မရပါဘူး)။

အဲဒီ ဒုက္ခသစ္စာ အစစ်ကယ်လို့ ပေါ်လာသည်နဲ့ တပြိုင်နက်တည်းတဲ့၊ တခါတည်း ခင်ဗျားတို့ ဒုက္ခ ပိုင်ပိုင်နိုင်နိုင်သိလို့ ခင်ဗျားတို့ ရှုနေတဲ့ဉာဏ်သည်ဒုက္ခဘက်မလှည့်ဘဲနဲ့ ဦးခင်မောင် ရေ နိရောဓဘက် လှည့်တယ် (မှန်လှပါ)။

လှည့်သည်နဲ့တပြိုင်နက်တည်းဘဲ ဒိဋ္ဌိ ဝိစိကိစ္ဆာ အမြစ်ပါ ပြုတ်သွားတယ်၊ ငရဲမျိုးစေ့တွေ ပြုတ်တွက်သွားတယ် (မှန်လှပါဘုရား) ဘယ်တော့မှ ငရဲမကျတော့ဘူး ဆိုတာလဲ တခါတည်း မှတ်ပေတော့ (မှန်လှပါ)။

ဒါဖြင့် တကာ တကာမတို့ ဒုက္ခချုပ်ရာမြင်မှ ငရဲမျိုးစေ့ဟာ လုံးလုံးရှင်းမယ်.... (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကဲ.... နာရီစေ့ပြီ၊ ယနေ့ဒီတွင်ဘဲ တော်ကြစို့.....။

သာဓု.... သာဓု.... သာဓု....

★

## ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော ဒိဋ္ဌိခံနေယင် မဂ်ဖိုလ်မရနိုင်ကြောင်း

# တရားတော်

(၁၂-၂-၆၁)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်ကို သွားပါလိမ့်မလဲလို့ တကာတကာမတွေက အမေးထုတ်လို့ ရှိယင်ဖြင့်လမ်းသုံးလမ်းရှိသည့်အနက်က သဿတလမ်းကိုလဲရှောင်သွားပါတယ် ဥစ္ဆေဒဒိဋ္ဌိလမ်းကိုလဲ ရှောင်သွားပါတယ်၊ မဇ္ဈိမ ပဋိပဒါမဂ္ဂင်လမ်းဆိုတဲ့ အလယ်လမ်းကို လိုက်သွားသောကြောင့် ဘုရားအဖြစ်သို့ ရောက်သွားပြီး သကာလ ယခုအခါ ဒုက္ခခပ်သိမ်းကင်းငြိမ်း တဏှာဘုံ ဇာတ်တွေသိမ်းတဲ့ နိဗ္ဗာန်ကြီးကိုဖြင့် ရ—ရောက်နေပြီဆိုတာ တကာ တကာမတွေ သိပြီးသွားပါဘဲ။

ကိုယ်တော်ကြီး ဘယ်လမ်း လိုက်သွားတယ်ဆိုတာ ခင်ဗျားတို့ သိကြပြီ (သိပါပြီဘုရား) အလယ်လမ်း လိုက်သွားတယ်လို့ မှတ်ကြစမ်းပါနော်.... (မှန်ပါ့ဘုရား)ဘယ်လမ်း လိုက်သွားပါလိမ့်... (အလယ်လမ်း လိုက်သွားပါတယ်ဘုရား) အလယ်လမ်းဆိုတဲ့ဥစ္စာသည် ဘဝကိုခင်တွယ်တာက သဿတလမ်း၊ ဘဝကိုအရမ်းပြတ်ချင်တာက ဥစ္ဆေဒလမ်း။

ဘဝကို ခင်တွယ်တာက....(သဿတလမ်းပါဘုရား)။

ဘဝကို ညာဏ်မပါဘဲနဲ့ အရမ်းပြတ်ချင်တာက.... (ဥစ္ဆေဒလမ်းပါဘုရား)အဲဒီ နှစ်လမ်းကို ရှောင်ပြီးသကာလ မဇ္ဈိမ ပဋိ

ပဒါဆိုတဲ့ အလယ်လမ်းကနေပြီး မဂ္ဂင်ရှစ်ပါးတွေ ပွားများပြီး သကာလ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတဲ့အတိုင်း အလယ်လမ်း တကြောင်းတည်းကနေ လိုက်သွားတာနဲ့ ဒုက္ခ ခပ်သိမ်း အပူသိမ်းတဲ့ အပူငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ဘုရားကိုယ်တော် မြတ်ကြီးနှင့်တကွ နှစ်ဆယ့်လေးသင်္ချေနဲ့ ကုဋေခြောက်ဆယ် ဗိုလ် ခြေတသိန်း နောက်ပါတွေလဲ လိုက်သွားကြပြီ(မှန်လှပါဘုရား)။

ဘယ်လမ်းကများ သွားကြပါလိမ့်....(အလယ်လမ်းက သွား ပါတယ်ဘုရား)အလယ်လမ်းက သွားကြတော့ တကာ တကာ မတွေ ကျုပ်တို့ ခင်ဗျားတို့မှာ ကျန်နေရစ်တာ ဘယ့်နှယ် ကြောင့် ဒို့ ကျန်ရစ်ပါလိမ့်မလဲ.... ဘုရားတွေ ဂဂ်ါသဲမှုန့်နှင့် အမျှ ပွင့်သွားပါလျက်သားနဲ့ ဒို့ ကျန်နေရစ်တာ ဘာပါလိမ့် မလဲဆိုတဲ့ တွေးလုံးထုတ်တော့မှ ဘဝခင်တွယ်တဲ့ သဿတလမ်း မှာ နေရစ်တာကိုး(မှန်လှပါဘုရား)။

တခါတလေကျတော့ ဆရာကောင်း သမားကောင်းမတွေ့ ကိုယ့်စိတ်နဲ့ကိုယ် ဘဝပြတ်ယင် ပြီးတာဘဲဆိုတဲ့ တကာ တကာ မတို့ ဥစ္ဆေဒလမ်းကို လိုက်နေတာနဲ့လဲ ကျန်ရစ်ခဲ့ကြတယ်နော် (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဘုရားအဆူဆူပွင့်လို့ ကျုပ်တို့မပါခဲ့တာ အမှန် အားဖြင့် အများအားဖြင့် ပြောရမယ်ဆိုယင်ဖြင့် တကာသစ်တို့ မောင်မြရွှေတို့ သဿတလမ်း=ဘဝ ခင်တွယ်တဲ့လမ်းမှာ နေရစ် တာ များတယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဘယ်လမ်း နေရစ်ခဲ့တာ များသလဲ....(ဘဝခင်တွယ်တဲ့ သဿတ လမ်း နေရစ်ခဲ့တာများပါတယ်)ဘဝခင်တွယ်တာ သဿတလမ်း

(မှန်ပါ့) ဘာ၀ ခင်တွယ်တာ ဘာလမ်းပါလိမ့်.... (သဿတ လမ်းပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ကျုပ်တို့ ကျန်ရစ်ခဲ့တာသည် ဘုရားသခင် ကိုယ်တော် မြတ်ကြီး တရားမဟောလို့ ကျန်ရစ်တာလား....ကျုပ်တို့ကိုယ် တိုင်က သဿတဒိဋ္ဌိ အယူရှိပြီးသကာလနေလို့ ကျန်ရစ်ခဲ့ကြ တာလား....လို့တကာ တကာမတွေက မေးလို့ရှိယင်ဖြင့် ကိုယ့် သား ကိုယ့်သမီး ကိုယ့်မြေး ကိုယ့်မြစ်နဲ့ ဘုံဘ၀တွေ စုံပြီး သကာလ သုခဝေဒနာနှိပ်စက်တာနဲ့ ကျန်နေရစ်ရတာ(မှန်လှ ပါဘုရား)သုခယောင်ဆောင်လျက် နှိပ်စက်လိုက်တာနဲ့ တကာ တကာမတွေ ကျန်နေရစ်ရတယ်နော်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် များသောအားဖြင့် ဗုဒ္ဓဘာသာမှန်က သဿတ ခံပြီး သကာလ ကျန်ရစ်တာက များတယ်နော်.... (မှန်လှပါဘုရား) ဗုဒ္ဓဘာသာမှန်က ဘယ်ဒိဋ္ဌိ များပါလိမ့်....(သဿတဒိဋ္ဌိ များပါ တယ်ဘုရား)အို....ငါ ဒီဘ၀ လုပ်ထားတာကလေးတွေ ငါဘဲ ရမှာပါဘဲဆိုတဲ့ ကမ္မဿကတာဉာဏ်က သဿတဒိဋ္ဌိ မပြုတ်တော့ ကမ္မဿကတာဉာဏ်လောက်နဲ့ ဒီဘ၀ ငါ- လုပ်ထားတာကလေး ဟာ ငါ-ကျောင်းဆောက်ထားတာကလေးဟာ ငါ-ဘုရား တည် ထားတာကလေးဟာ ငါဘဲသွားပြီး ခံစားရမှာဘဲ ဆိုပြီးသကာ လ ကမ္မဿကတာဉာဏ်က ဒိဋ္ဌိနဲ့ မခွဲခွါနိုင်တော့ ဒါကလေး ဟာလဲတဲ့ ဘုံဘ၀ နှစ်သက်တဲ့ သဘောကလေးက မပါဘူးလား (ပါပါတယ်ဘုရား) ဘာ ဒိဋ္ဌိကလေးပါလိမ့်.... (သဿတဒိဋ္ဌိ ကလေးပါဘုရား)။

သဿတဒိဋ္ဌိကလေး ရှိနေတဲ့အတွက်....တဲ့ မခွဲနိုင် မခွါ ရက်ဆိုတဲ့ ခန္ဓာကို မခွဲနိုင် မခွါရက်၊ သားသမီးကလေးတွေ

မခံနိုင် မခွါရက်၊ ဒါကလေးတွေက ကိုယ့်သုခနဲ့ ကိုယ် တင်းတိမ် ပြီးသကာလ နေတဲ့ဥစ္စာ ဒါကလေး ခိုင်တယ် မြဲတယ် မှတ်ပြီး သကာလနေတဲ့ သဿတလမ်း လိုက်နေတာနဲ့ဘဲ ကျန်ရစ်ခဲ့ရ တယ်နော်....ဦးခင်မောင်ရေ (မှန်လှပါဘုရား)အဲဒီတော့ တကာ တကာမတွေ စဉ်းစားကြည့် ဂင်္ဂါဝါဠုသဲစုမက ဘုရားအဆူဆူ ပွင့်တော်မူကြပါလျက်သားနဲ့ ငါတို့ ဘယ်ချောင်ထိုး ဘယ်လို များ ကျန်ရစ်ပါလိမ့်မတုံး မေးတော့ ဘယ်ချောင်ထိုးနေနေ ထိုး တာ အရေးမကြီးလှဘူး၊ ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ် ဆိုယင် ဘုရားနောက် လိုက်မှာဘဲ(မှန်ပါ့)။

သို့သော် သဿတ အရင်းခံနေတဲ့အတွက် မလိုက်နိုင်ဘဲ ဖြစ်နေတယ် (မှန်လှပါဘုရား)ဘာ ခံနေကြသလဲ....(သဿတ အရင်းခံနေပါတယ်ဘုရား)သဿတ ခံနေတယ်ဆိုတာ ကျေနပ် ပလား....(ကျေနပ်ပါတယ်)။

အခုဘဲ တကာ တကာမတွေ ကဲ....နက်ဖြန်ဘဲ တကာတကာ မတွေ ဒီနေ့ ဖြစ်ပျက်ရှုကြ၊ နက်ဖြန်ဉာဏ်စဉ်ကလေး တက်ပြီး သကာလ သဘက်ခါ ဒုက္ခသစ္စာ ပိုင်းခြားပြီးသကာလ နိဗ္ဗာန် မြင်ပါလိမ့်မယ်၊ ဆက်-အားထုတ်လို့ရှိယင် ချက်ခြင်း ရဟန္တာ ဖြစ်ပါလိမ့်မယ် ဆိုတာတောင်မှ တကာ တကာမတို့ မလုပ်ဖြစ် တာကလေးတွေ အကဲခတ်ကြည့်လို့ရှိယင်ဖြင့် ဘုံဘဝပျော်တဲ့ တဏှာကလေးဟာ ကျန်နေတယ်၊ ဦးခင်မောင်ရေ-မကျန်ဘူး လား....(ကျန်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကျန်နေသောကြောင့် ဒါသည် ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိပါဘဲ၊ ဒိဋ္ဌိနဲ့ တဏှာ တွဲလျက်ဖြစ်ပြီးသကာလ နေပါတယ်၊ ဒါ့ကြောင့် မဇ္ဈိမပဏ္ဏာသပါဠိတော်က—

"ဘဝတဏှာရှိတဲ့ သဿတ ဒိဋ္ဌိဟာ ဘဝစွန့်ဘို့ အတော်ခဲယဉ်းတယ်၊ ဘဝထဲမှာ ပုန်းအောင်း နေတဲ့အတွက် သူဟာ နိဗ္ဗာန် အရောက်နှေးသဟေ့....၊ အပြစ်တော့ မကြီးဘူး" တဲ့။

တကာ တကာမတို့ နိဗ္ဗာန်တော့ အရောက်နှေးသတဲ့....(မှန်ပါ့ဘုရား) သဿတဒိဋ္ဌိဟာ အပြစ်တော့.... (မကြီးပါဘူး) ဒါလောက်မကြီးလှပါဘူး၊ နိဗ္ဗာန်ကျတော့....(အရောက်နှေးပါတယ်ဘုရား)။

နိဗ္ဗာန် အရောက်နှေးတယ်၊ ဘုရားနဲ့တွေ့လဲ ဘုရား၏ တပည့်သားနဲ့တွေ့လဲ ဘုံဘဝထဲမှာဘဲ ပုန်းအောင်းပြီး နေရစ်တာဘဲ (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသလဲ...(ကောင်းပါတယ်ဘုရား)။

ဘုံဘဝဆိုတာ တကာ တကာမတွေ သိပြီးသားအတိုင်းပါဘဲ ဘယ်ဘုံနေနေ အို နာ သေဘေး ရှိကာဘဲဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘူးဘုရား)အဲဒီ ဘုံဘဝတွေထဲမှာဘဲ ကိုယ့်ဘဝကလေးနဲ့ကိုယ် အောင်းနေရစ်၊ ရောက်ရာဘဝ ခင်တွယ်ပြီး အောင်းနေရစ်တဲ့အတွက် သဿတ ဝါဒီရှိတဲ့ပုဂ္ဂိုလ်များဟာ ဘုရားနဲ့ ဘုရား၏တပည့်သားနဲ့ တွေ့ငြားသော်လဲ အပြစ်သာ သေးတယ် ကျွတ်ခဲတယ်....(မှန်ပါ့ဘုရား)။

သဿတဒိဋ္ဌိဟာ တယ် ကြောက်စရာ ကောင်းပါကလား.... (ကြောက်စရာ ကောင်းပါတယ်) အပြစ်တော့ ဘာတဲ့တုံး.... (သေးပါတယ်ဘုရား) ကျွတ်တော့.... (ကျွတ်ခဲပါတယ်ဘုရား)

ဉစ္ဆေဒဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်ကတော့ အပြစ်တော့ အတော်ကြီးတယ်၊ တကာ တကာမတို့ ဘဝပြတ်ပြီးသားဘဲ ဘာကိစ္စရှိသတုံး

ဆိုပြီး ကုသိုလ်လဲမပြုဘူး၊ အကုသိုလ်လဲ နင်းကန် လုပ်တာဘဲ ဥစ္စေဒ ဒိဋ္ဌိဟာ ကုသိုလ်တော့ မပြုဘူး၊ အကုသိုလ်တော့ လုပ်တာဘဲ၊ ဘုံဘဝလဲ သူ မခင်ဘူး (မှန်ပါ)။

မခင်ပေမဲ့ သူ့ဟာက တကာ တကာမတို့ နိဗ္ဗာန် ရှိတယ်လို့ အယူ–ယူတဲ့သဘောက မပါတော့ သေသွား ပြီးတာဘဲ ပြတ်သွား ပြီးတာဘဲဆိုတော့ ဒေါသစရိုက်နဲ့ ယှဉ်တွဲနေတယ် ဆိုတာကော တကာသစ်တို့ သဘောကျပလား.... (ကျပါတယ် ဘုရား)။

ကိုမြရွှေ သဘောကျပြီ....နော်.... (သဘောကျပါပြီ) ဘာနဲ့ ယှဉ်တွဲနေသတုံး.... (ဒေါသစရိုက်နဲ့ ယှဉ်တွဲနေပါတယ်)။

သေယင် ပြီးတာဘဲကွာ.... မွေးတနေ့ သေတနေ့ဘဲ အစရှိသည်ဖြင့် ဥစ္စေဒဒိဋ္ဌိ အယူကို ယူတတ်ပါတယ်တဲ့.... ထိုကဲ့သို့ ယူတဲ့ ပုဂ္ဂိုလ်ဟာလဲ အပြစ်တော့ အင်မတန် ကြီးသတဲ့ ဦးခင်မောင်ရေ (မှန်ပါ့ဘုရား)။

သို့သော် ဘုရားနဲ့ ဘုရား၏တပည့်သားတွေနဲ့ တွေ့မယ် ဆိုတော့ ချက်ခြင်း ဘုရားဆုယင်လဲ အလျှင် အမြန် တောင်းပစ်လိုက်တယ်၊ (တနည်း) သာဝက ပါရမီဉာဏ်နဲ့ မြန်မြန်လုပ်ပြီး နိဗ္ဗာန်ယူလိုက်တယ် (မှန်ပါ့ဘုရား)။

ဥစ္စေဒဒိဋ္ဌိက အပြစ်ကြီးပြီး ကျွတ်လွယ်တယ်တဲ့ တကာတကာမတို့....(မှန်ပါ့ဘုရား) အပြစ်ကြီးပြီးတော့.... (ကျွတ်လွယ်ပါတယ်ဘုရား)။

သဿတဒိဋ္ဌိက.... (အပြစ် သေးပြီးတော့ ကျွတ်ခဲပါတယ် ဘုရား)။

အပြစ်သေးပြီး ကျွတ်ခဲ့တယ်ဆိုတော့ ကျုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ မှာက မျှားသော အားဖြင့် သဿတ ဒိဋ္ဌိ ရှိတယ်၊ အပြစ်တော့မကြီးဘူး တကာတကာမတို့ ကျွတ်ခဲ့တယ် နော်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီသဿတ ဥစ္ဆေဒ ရှိနေသ၍ ကာလပတ်လုံး မဂ် ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တော့ တားတာချည်းဘဲ မှတ်ရမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) သဿတ ဥစ္ဆေဒ ရှိနေယင်.... (မဂ်ဉာဏ် ဖိုလ်ဉာဏ် တားတာချည်းဘဲ) မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ဖြင့် တားတာဘဲ (မှန်ပါ့ဘုရား)။

ဘဝခင်တွယ်နေတဲ့ သဿတက ဟိုဘဝကို ရှိတယ်လို့ ယူလိုက် ဟိုဘဝ ဒီဘဝရှိတယ်၊ ငါလုပ်ယင် ငါရမှာဘဲဆိုတဲ့ သဿတဒိဋ္ဌိ သမားလဲ တကာ တကာမတို့ နိဗ္ဗာန်တော့ တားတယ် ရှင်းပ လား.... (ရှင်းပါပြီ)။

ဥစ္ဆေဒဒိဋ္ဌိကကော....(နိဗ္ဗာန်တားပါတယ်ဘုရား)။

သို့သော် ဘယ်သူက ကျွတ်လွယ်သတုံးမေးတော့.... ဘယ့် နှယ်ဖြေကြမလဲ.... (ဥစ္ဆေဒက ကျွတ်လွယ်ပါတယ်ဘုရား) ဥစ္ဆေဒ ဒိဋ္ဌိက အပြစ်တော့ ကြီးသတဲ့ တကာ တကာမတွေ ကျွတ်လွယ် တယ်လို့ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့ဘုရား) သဿတဒိဋ္ဌိက တကာတကာမတို့ အပြစ်တော့ ဒါလောက် မကြီးလှဘူးတဲ့နော် ဘုရားနဲ့ ဘုရား၏တပည့်သား သာဝကနဲ့ တွေ့တဲ့အခါ ဘုံဘ ဝထဲ ပုန်းအောင်းပြီး နေရစ်ချင်တဲ့ စိတ်က မျှားလွန်းလို့ ဦးခင်မောင်ရေ ကျွတ်ခဲတယ်ဆိုပါကလား.... (မှန်လှပါဘုရား)

ဒါဖြင့် တကာတကာမတို့ ဒီ ဒိဋ္ဌိနှစ်ခု ရှင်းပလား....(ရှင်း ပါပြီဘုရား) ဘဝ ခင်တွယ်တာက ဘာဒိဋ္ဌိတဲ့....(သဿတဒိဋ္ဌိ

ပါဘုရား) ဘာ၀ မခင်တွယ်တာက.... (ဥစ္ဆေဒ ဒိဋ္ဌိ ပါ ဘုရား) ဘယ်သူက အပြစ် ကြီးသတုံး.... (ဥစ္ဆေဒ ဒိဋ္ဌိက အပြစ်ကြီး ပါတယ်) ကျွတ်လွယ်တော့ ဘယ်သူက ကျွတ်လွယ် သတုံး.... (ဥစ္ဆေဒက ကျွတ်လွယ်ပါတယ်) ဥစ္ဆေဒက ကျွတ်လွယ်တယ်၊ သဿတက ကျွတ်ခဲတယ်လို့ တကာ တကာမတွေ မှတ်လိုက် စမ်းပါ (မှန်ပါ့) သဿတက (ကျွတ်ခဲပါတယ်ဘုရား)။

ဘုံဘာ၀ ခင်တွယ်တဲ့ တဏှာတွေက ရှိပြီးသကာလနေတော့ ကျွတ်ခဲ ပါတယ်လို့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ သေသေ ချာချာ ဖွင့်ထားတော့ တကာတကာမတွေ ဒီဟာ ရိပ်မိတော့ ပြော်.... ဒို့ နှစ်ခုစလုံး ရှောင်ရမှာချည်းပါကလား.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

နှစ်ခုစလုံး ရှောင်ချင်တော့ ဦးခင်မောင်ရေ ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် နားလည်မှ နှစ်ခုစလုံး ရှောင်လို့ရတယ် (မှန်လှပါ) တကာတကာမတို့ ဘာနားလည်ရမှာတုံး(ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလည်မှ နှစ်ခုစလုံး ရှောင်လို့ရပါတယ်)ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလည်မှ နှစ်ခုစလုံး ရှောင်လို့ ရပါတယ်.... (မှန်ပါ့)။

ယခု ခန္ဓာဖြစ်နေတဲ့ ဖြစ်စဉ်ကြီး နားလည်မှ ဘာပါလိမ့်.... (နှစ်ခုစလုံး ရှောင်လို့ ရပါတယ်ဘုရား)နှစ်ခုစလုံး လွတ်မယ် (မှန်ပါ့ဘုရား) ဒီဟာ နားမလည်ဘဲနဲ့ မနေ့ကလဲပြော တမြန် နေ့ကလဲပြော၊ ဝိပဿနာရှုနေလို့ ရှိယင် ဒီ ဒိဋ္ဌိနှစ်ခုက အမြဲတန်း ကန့်ကွက်နေတာဘဲ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီဥစ္စာကို ဆရာဘုန်းကြီးက အရေးတကြီး ပြော နေတယ်ဆိုတာ တကာတကာမတွေအပေါ် စေတနာ မေတ္တာ ပိုတာလဲ သိပြီ မဟုတ်ဘူးလား.... (သိပါပြီဘုရား) ကျုပ်တို့

အရမ်းရှုနေလို့ မဖြစ်သေးဘူး ဆိုတာကော ပေါ်လာကြပလား (ပေါ်လာပါတယ်ဘုရား)။

ရှေ့က ရှင်းစရာ လင်းစရာဖြစ်တဲ့ သဿတ ဥစ္ဆေဒတွေကို ဦးခင်မောင်ရေ ဒုဗ္ဗလ= အားနည်းတဲ့ ဝိပဿနာဖြစ်လို့ မဂ်ဉာဏ် မရပါဘူး (မှန်လှပါဘုရား) ဒီနှစ်ခု ကွာပြီးမှ ရှုလို့ ရှိယင် ဖြင့် အားကြီးတဲ့ ဝိပဿနာဖြစ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ (မှန်ပါဘုရား)။

ဆရာဘုန်းကြီးများက ယခု ထိုးထိုးထွင်းထွင်း ပြောရခြင်းကြောင့် တကာတကာမတွေကို ထပ်ပြန်တလဲလဲ ဘုန်းကြီးများက ပြောတော့ တကာ တကာမတွေက ဒီအဓိပ္ပါယ်ကို ခပ်သေးသေး သိမ်သိမ် မှတ်ပြီးသကာလ အို....ကုသိုလ်ဖြစ်အောင် နာမယ်ဆိုတဲ့စိတ်နှင့် မနာကြနဲ့နော်.... (မှန်လှပါဘုရား) ကုသိုလ်ဖြစ်တာတော့ ရေအိုးစင်တည်လဲ ကုသိုလ်ဖြစ်တာဘဲ ဦးခင်မောင်ရ.... (မှန်ပါဘုရား) တံမြက်စည်း ရှောက်လှဲနေလဲ....(ကုသိုလ်ဖြစ်ပါတယ်ဘုရား)။

ကုသိုလ်တော့ ဖြစ်ပါတယ်၊ ဒိဋ္ဌိက မကွာလို့ ရှိယင်ဖြင့်....တဲ့ ကုသိုလ်က သုဂတိ အကျိုးပေးပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ကန့်ကွက်တဲ့ ဒိဋ္ဌိက ပါနေပြန်လို့ ရှိယင်လဲ နိဗ္ဗာန် မဂ် ဖိုလ် ကျတော့ မတားပေဘူးလား.... (တားပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတွေ ခန္ဓာပဋိစ္စသမုပ္ပါဒ် ဆိုတာ ကိုယ်တိုင်သိအပ်တဲ့ ဒိဋ္ဌိ ခွာတဲ့အလုပ်လို့ မှတ်ပါ၊ (မှန်ပါဘုရား) ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်....(ကိုယ်တိုင် သိအပ်တဲ့ ဒိဋ္ဌိ ခွာတဲ့အလုပ်ပါဘုရား) ကိုယ်တိုင် သိအပ်တဲ့ကိစ္စ၊

ဒိဋ္ဌိ မခွာဘဲနဲ့ ရကို မရတဲ့ ကိစ္စဆိုတာ သေသေချာချာ မှတ်ပါ၊ (မှန်ပါ့) ရှင်ဆန္ဒ မရတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကလေးတော့ဖြင့် တကာ တကာမတွေ အမြဲတမ်းမှတ်ရလိမ့်မယ်၊ မြင်တယ်.... မြင်စိတ်ကလေး ပေါ်လာတယ်....နော်၊ "စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဆိုတော့ မြင်စိတ်ကလေး မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား) မြင်တယ်ဆိုလို့ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုလို့ ရှိယင် မြင်တာကလေးနဲ့ တွေ့ချင်တာက မလာပေဘူးလား (လာပါတယ်ဘုရား) တွေ့ပြီးသကာလ သူနဲ့ ပျော်ပျော်ပါးပါး နေချင်တဲ့ ဝေဒနာကလေးကကော....(လာပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့က စာလိုပြောနေယင် ခင်ဗျားတို့ နားမလည်ဘူး၊ ခင်ဗျားတို့စိတ်ထဲ ဖြစ်စဉ်တွေ ပေါ်လာအောင် ပြောမှ နားလည်တယ်ဆိုသောကြောင့် ခင်ဗျားတို့စိတ်ကို ခင်ဗျားတို့မြင်အောင် ဖမ်းနိုင်မှသာလျှင် နေရာကျမှာ ဖြစ်သောကြောင့် စာဆို ချိတ်ထားပြီးသကာလ ခင်ဗျားတို့ ဖြစ်စဉ်ကိုက် ပြောပေးနေတယ်လို့ မှတ်ရလိမ့်မယ်....နော်၊ (မှန်ပါ့)။

မြင်တာက မြင်စိတ်ဗျာ၊ မြင်ယင်ဖြင့် မြင်ရုံနဲ့ ခင်ဗျားတို့က မကျေနပ်သေးဘူး၊ တွေ့ချင်သေးတယ်ဆိုတာ လာပြန်ကော.... (မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား) မြင်ပြီး ဘာလုပ်ချင်ကြသလဲ-(တွေ့ချင်ပါတယ်ဘုရား) တွေ့ချင်ပြီးသကာလ ခင်ဗျားတို့က ပျော်ပျော်ပါးပါး ပြုံးပြုံးရွှင်ရွှင် နေချင်သေးတယ် ဆိုတာကော....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ မြင်တာက ဝိညာဏ်၊ တွေ့ချင်တာ က ဖဿ၊ ပျော်ပျော် ပါးပါး နေချင်တာ က ဝေဒနာ၊ သဘောကျပလား.... (မှန်လှပါ) ပျော်ပျော် ပါးပါး နေချင်တာက....(ဝေဒနာပါဘုရား)။

သွားတော့မယ် လို့ ပြောတော့ မသွားပါနဲ့ဦး၊ ခု ထိုင်ခါ ရှိသေးတယ်ဆိုတော့ တဏှာက လာတားတယ်၊ (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ) သွားတော့မယ်ဆိုတော့ ဒါက ခင်ဗျားတို့က ဘယ့်နှယ်ပြောကြမလဲ....(ထိုင်ပါဦး)။

ထိုင်ပါဦး၊ ခဏကလေးရှိသေးတယ်၊ မတွေ့ရတာလဲ ကြာလှပြီဥစ္စာဘဲ ဆိုပြီးသကာလ တဏှာက ဝင်တားလိုက်တယ်၊ ဟုတ်ကဲ့လား....(မှန်ပါ) ဟိုက တကယ် ထ-တော့မယ်ဆိုတော့ လက်ကလေး ဘာကလေးဆွဲတာက ဥပါဒါန် ဖြစ်နေတယ်၊ (မှန်ပါ) သဘောကျပလား.... (ကျပါတယ်) တဏှာပစ္စယာ ဥပါဒါနံ မနေဘူးလား....(နေပါတယ်ဘုရား)။

ကာယကံ ဝစီကံနဲ့ ကျုပ်မှ သွားဝယ်ဦးမယ်ဆိုပြီး စောင့်ဆိုင်းအောင် လုပ်ထားတာကော မရှိဘူးလား.... (ရှိပါတယ်) ဒါက ကမ္မဘဝ လာဖြစ်နေတယ်၊ (မှန်ပါ) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ ကိုယ်ထဲမှာပေါ်တာကို ကိုယ်သိနေမှ ပြော်.... ဒါ ကိုယ့် ပဋိစ္စသမုပ္ပါဒ်က ကိုယ့်အစဉ်အတိုင်းကို ဒီအတိုင်း ဖြစ်နေတာပါကလားဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ....လူတယောက်ကို မြင်တယ်ဆိုတော့ မြင်စိတ် မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) မြင်ရုံနဲ့ ကျေနပ်ကဲ့လား(မကျေ

နပ်ပါဘူး) ဘာလုပ်ချင်ကြသလဲ .... (တွေ့ချင်ပါတယ် )တွေ့ချင်တယ်–ဟုတ်လား....(မှန်ပါ့) မျက်နှာချင်းဆိုင် တွေ့ချင်တယ် ဆိုတဲ့ သဘောကလေး မလာဘူးလား .... (လာပါတယ်ဘုရား) တွေ့ပြီး စကားစမြီကော....(ပြောချင်ပါတယ်ဘုရား)။

စကားစမြီ ပြောချင်တယ်ဆိုတော့ ပြုံးပြောမှာလား၊ မဲ့ပြောမှာလား....(ပြုံးပြောမှာပါဘုရား) ပြုံးပြောတော့ သုခဝေဒနာ၊ မဲ့ပြောတော့ ဒုက္ခဝေဒနာဘဲ၊ ပြောချင်တာနဲ့ပြော၊ (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) ပြုံးပြောတော့လဲ ဝေဒနာဘဲ၊ (မှန်ပါ့) မဲ့ပြီးသကာလ ကျုပ်တို့ ဘယ်နေ့က ဘာဖြစ် သွား တာ မျှား မ ကြား လိုက် ဘူးလားလို့ မျက်ရည်ခံ ထိုးတော့လဲ ဒေါမနဿ ဝေဒနာနဲ့ပြောတာဘဲ (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ ဖဿပစ္စယာ-(ဝေဒနာပါဘုရား) ဝေဒနာပစ္စယာ တဏှာဆိုတာက တကာ တကာမတွေ့ ဒီလူက ကျုပ်မှာလဲ ကိစ္စရှိသေးတယ်ဗျ၊ အို....မသွားရသေးဘူး-ဆိုတော့ ဘာဖြစ်သွားသတုံး....(တဏှာပါဘုရား) တဏှာဖြစ်သွားတယ်....တဲ့၊ ဟိုကတကယ် ထတော့မယ်ဆိုတော့ လက်ကလေး ဘာကလေး ဆွဲပြီးမတားဘူးကြဘူးလား–(တားဘူးပါတယ်) အဲဒီ ဆွဲပြီးတော့ကို တားတဲ့အတွက် ဥပါဒါန်ကော မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

စျေးသွားဟော့၊ စားစရာ သောက်စရာကလေး ဝယ်ချဦး၊ တခါတလေ တွေ့ရတဲ့ဥစ္စာဘဲဆိုပြီး ကာယကံ ဝစီကံနဲ့ကော မပြောလိုက်ဘူးလား .... (ပြောပါတယ်ဘုရား) အဲဒါက ကမ္မ

ဘဝ လာဖြစ်တယ်၊ (မှန်ပါ့) မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

ဒါ ခင်ဗျားတို့သန္တာန်မှာဖြစ်တဲ့ ခင်ဗျားတို့ ခန္ဓာပဋိစ္စသမုပ္ပါဒ် (မှန်ပါ့ဘုရား) သဘောကျပလား .... (ကျပါပြီ) ဘာ ပဋိစ္စ သမုပ္ပါဒ်ပါလိမ့်....(ခန္ဓာပဋိစ္စသမုပ္ပါဒ်ပါဘုရား) ဟုတ်မှ ဟုတ် ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ဘုန်းကြီးက ကျောင်းကနေ ရမ်းပြောနေတယ်လို့ ခင်ဗျား တို့ ထင်နေလိမ့်ဦးမယ်–ဟုတ်လား၊ ကျောင်းကနေ ရမ်းပြောတာ လား၊ ဖြစ်စဉ် ခင်ဗျားတို့မှာ ကိုက်ကဲ့လား.... (ဖြစ်စဉ် ကိုက်ပါ တယ်ဘုရား) ဖြစ်စဉ် ကိုက်ပါတယ် ဦးခင်မောင်ရေ၊ (မှန်လှပါ ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ တကာ တကာမတွေ ဒါ အခုတန်းပြီး တစ်....၊ နှစ်....၊ သုံး....၊ လေး....၊ ငါး....၊ ခြောက်.... တန်းပြီးသကာလ ပြလိုက်တော့ ဒါ ချုပ်ပြီးမှ ဒါ ဖြစ်မှာဘဲ မဟုတ်ဘူးလား၊ မြင် တဲ့စိတ် ချုပ်သွားပြီးတော့မှ တွေ့ချင်တဲ့ ဖဿကလေးက မပေါ် လာဘူးလား .... (ပေါ်လာပါတယ်ဘုရား) သဟဇာတဆိုလဲ ဟုတ်တာပါဘဲ ထားလိုက်ပါတော့၊ သို့သော် ဘုရားက ဟော ထားတဲ့အတွက် မြင်ပြီးတွေ့ချင်တဲ့ ဖဿကလေးကလဲ ဖဿချုပ် သွားတော့ ဘယ်သူလာပြန်သလဲ- (ဝေဒနာလာပါတယ်ဘုရား) တခါ ဝေဒနာချုပ်သွားပြန်တော့....(တဏှာလာပါတယ်ဘုရား) တဏှာ စကားစ,ပြီးပြောရင်းဘဲ ထင်လာတာက နောက်စိတ်က ကြားထိုးလာတယ် (မှန်ပါ့)။

စကား စမြို ပြောလို့ ဝမ်းသာတာက ဝေဒနာ ကိုးဗျ.... (မှန်ပါ့)။

ဝေဒနာဟာ ပြောရင်း ဆိုရင်းနဲ့ဘဲ သူ့အပေါ်မှာ မေတ္တာ ရှေ့ထားလာတယ်ဆိုတာက တကယ်ာ ရှေ့ထားလာတာ ပြောတာ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) တကယ်ာမလာဘူးလား (လာပါတယ်ဘုရား)ဟော....သွားတော့မယ် ဆိုတော့ ဆွဲပြီးသကာလ တားလို့ပြုလို့ နေ-နေပါဦးတော့ ဘယ်လိုလဲ စကားမှ ဝအောင် မပြောရသေးဘူးဆိုပြီး ဆွဲလုံးပြုလုံးတွေနဲ့ ပြောလိုက်တာက ဘာဆိုကြမယ်.... (ဥပါဒါန်ပါဘုရား)။

စားပြီးမှပြန်ရမယ်.... မစားယင် ပြန်ကိုမပြန်ရဘူး၊ ခင်ဗျားတို့လောကွတ်ကလဲ ပေါလိုက်တဲ့ဖြစ်ခြင်း.... ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒီတော့.... ဒါက ဘာပါလိမ့်မတုံး တကာ တကာမတို့.... (ကမ္မဘဝပါဘုရား)။

ကာယကံ ဝစီကံ ဟုတ်လား.... ကာယကံနဲ့လဲ လက်ဆွဲချင်ဆွဲတာ ဝစီကံ-နဲ့လဲ မစားလို့ရှိယင် ကျုပ်တို့ မကျေနပ်တာ အမှန်ဘဲဆိုတဲ့ ဝစီကံ-တွေကကော မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ သန္တာန်မှာ ဒါတခုပြီးမှ တခု ဖြစ်တဲ့ ဖြစ်စဉ်၊ သိပလား.... (သိပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီ) တခုပြီးမှတခုဖြစ်တဲ့ ဖြစ်စဉ် ဦးခင်မောင် သေချာကြပလား(သေချာပါတယ်ဘုရား)။

ဒါ....ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ်တုံး.... (ခန္ဓာပဋိစ္စသမုပ္ပါဒ်ပါဘုရား) တရားနာ နေတဲ့ တကာ တကာမတွေ၏ ခန္ဓာပဋိစ္စသမုပ္ပါဒ် (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်အချိန်ဖြစ်သတုံး.... အို.... ဒီဥစ္စာက မျက်စိ တမှိတ်မှာ တော်တော်ကြာ နှစ်ခါ သုံးခါ လေးခါ ငါးခါ ဖြစ်နေတယ်

(မှန်ပါဘုရား) ပြတ်သေးရဲ့လား.... (မပြတ်ပါဘူး ဘုရား) ကောင်းပြီ.... မပြတ်တော့ဘူး ဆိုတော့.... ပြတ်ယင်ခင်ဗျားတို့ ဗိုင်းကန် လဲသေမယ်.... (မှန်ပါဘုရား) ဗိုင်းကန်လဲသေတယ် ဆိုတာ ဒီစိတ်တွေမရှိဘဲ စိတ်မရှိယင် ရုပ်ချည်းကျန်နေရစ်ယင် သေမှာပေါ့ (မှန်ပါ)မသေပေဘူးလား (သေပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတို့ ဒါတွေဟာ ခင်ဗျားတို့ သန္တာန်မှာ ဖြစ်တဲ့ ဖြစ်စဉ်ဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဒါဖြင့် တကာတကာမတို့ ဝိညာဏ်ဖြစ်လဲ ဖြစ်ပြီး ချုပ်သွားတဲ့အခါ ဘယ်သူ့ ပေါ်စေသလဲလို့ မေးလို့ရှိယင် ဖဿ ပေါ်စေတယ်နော်.... (မှန်ပါဘုရား)။

ဘယ်သူ့ပေါ်စေသတုံး.... (ဖဿ ပေါ်စေပါတယ်ဘုရား) ဒါ ဖဿ-ကလဲ တကာတကာမတို့ ဝိညာဏ်ကပေါ်စေလို့ ဖဿ က ပေါ်ပြီ၊ ဖဿ-ပေါ်ပြီး ဖဿ-ကလဲ အနိစ္စ တရားမို့ ချုပ်ပျောက်ရမယ် (မှန်ပါ)။

ချုပ်ပျောက်ပင် ချုပ်ပျောက်ငြား သော်လဲ ဝေဒနာကို သူ ကျေးဇူးပြုတယ်၊ ဝေဒနာ ပေါ်ခွင့်ကို ကျေးဇူးပြုခဲ့ရမယ် (မှန်ပါ) မပြုရပေဘူးလား.... (ပြုရပါတယ်ဘုရား) ဒါ့ကြောင့် ဖဿ ပစ္စယာ.... (ဝေဒနာပါဘုရား)အဲ.... ဒါဖြင့် တကာတကာ မတို့ ဖဿ ဟာ ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်၊သဘောကျ ပလား.... (မှန်ပါဘုရား)။

ဖြစ်ကော.... (ဖြစ်ပါတယ်ဘုရား)။

ချုပ်ကော.... (ချုပ်ပါတယ်ဘုရား)။

ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်၊ နောက်စိတ်ပေါ်အောင် ကော ကျေးဇူးပြုခဲ့ မပြုခဲ့ (ကျေးဇူးပြုခဲ့ပါတယ်ဘုရား) ပြုခဲ့

တယ်ဆိုတော့ စဉ်းစားမိပလား....(မှန်ပါ့) ဒါဖြင့် နောက်စိတ် ပေါ်အောင် ကျေးဇူးပြုခဲ့ပြန်တော့ကို တကာတကာမတို့ ဥစ္စာဒ ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူးဘုရား) မဖြစ်တော့ဘူးတဲ့ သူ့ အကြောင်း သူ့အကျိုးဖြစ်တယ် (မှန်ပါ့) ဥစ္စာဒ ဖြစ်သေးရဲ့ လား.... (မဖြစ်ပါဘူးဘုရား)။

ဒါကလေးကလဲ ပျက်သွားတော့.... ပျောက်သွားတဲ့ သ ဘောကလေး မြင်လိုက်တော့ ခိုင်တယ် မြဲတယ်ဆိုတဲ့ သဿ တကော ရှိသေးရဲ့လား.... (မရှိပါဘူး) ကျေးဇူးပြုတာ မြင် လိုက်တော့ ဥစ္စာဒ ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူးဘုရား) ဒီလိုပြောတဲ့ သဿတ ဥစ္စာဒ-က သေသေချာချာ စိတ်စဉ်ကိုင် ပြောနေသောကြောင့် တကာတကာမတွေက မနေ့ကထက် လေး လေးစားစား မှတ်ရမယ် (မှန်ပါ့ဘုရား)။

စိတ်စဉ်ကိုင်ပြောတာ ခုဟာက (မှန်ပါ့) ပြန်ပြောပါမယ် တကာတကာမတို့ ဒါ....ခန္ဓာထဲမှာ ဖြစ်စဉ်နော်.... (မှန်ပါ့) သဿတ ဥစ္စာဒ အကြီးအကျယ် ခွာနေတယ်လို့ အောက်မေ့ စမ်းပါ (မှန်ပါ့ဘုရား) ဘာလုပ်နေတာပါလိမ့်.... (သဿတ ဥစ္စာဒ အကြီးအကျယ် ခွာနေတာပါ)။

ခင်ဗျားတို့ ဒါပြီးယင် မဂ်ရစေချင်လို့ မဂ်ရခြင်းအကြောင်း ကို ခင်ဗျားတို့ ပိုင်ပိုင်လုပ်ယင်ဖြင့် အနီးဆုံးနှင့် ရပါစေတော့ လို့ ဒါ....ရှေးဦးစွာ လုပ်ပေးနေတာ (မှန်ပါ့ဘုရား) ရှင်းကြ ပလား.... (ရှင်းပါပြီ) ဟော့.... ဦးဘအုံးကြီး သဘောကျရဲ့ လား.... (ကျပါတယ်ဘုရား)။

ကြည့်....ဒီနေ့ပြောတဲ့ စကားနှစ်ခွန်းကို ကြည့်ပါတဲ့ တခု ပြောယင် အကုန်ပြောတာဘဲ (မှန်ပါ့) ဖဿသည် တကာ

တကာမတို့ ဖြစ်လဲဖြစ်တယ် ဆိုကတည်းက မြင်တော့ တွေ့ချင် တယ်ဆိုတဲ့ ဥစ္စာကအမှန်ဘဲ မဟုတ်ဘူးလား (အမှန်ပါဘုရား) တွေ့ချင်တာ ဘာခေါ်ကြမယ်.... (ဖဿပါဘုရား)။

အဲ....ဖဿက တွေ့ချင်ပြီးသကာလ သူကလဲ တာရှည် တွေ့ နိုင်တဲ့တရားလား.... အနိစ္စတရားလား....(အနိစ္စတရားပါဘုရား) အနိစ္စတရားမို့ တကာတကာမတို့ သူ ပျက်သွားလိမ့်မယ်၊ မပျက် ပေဘူးလား.... (ပျက်ပါတယ်ဘုရား) ပျက်လဲသွားမယ်၊ ဝေဒ နာ ပေါ်ခွင့်လဲပေးခဲ့မယ် (မှန်ပါ့) မပေးပေဘူးလား....(ပေး ပါတယ်ဘုရား) ဖဿပစ္စယာ.... (ဝေဒနာပါဘုရား) ဟော.... ဝေဒနာပေါ်ခွင့်လဲပေးတယ်၊ ပျက်လဲပျက်တယ် (မှန်ပါ့)။

ပျက်ကော.... (ပျက်ပါတယ်ဘုရား) နောက် ဝေဒနာပေါ် ခွင့်ကော....(ပေးပါတယ်ဘုရား) ပေးခဲ့ဘော့ ပျက်တာကို မြင် သဖြင့် ခင်ဗျားတို့ သဿတ ကျန်သေးသလား....သေသေချာချာ မှတ်ပါ၊ ပျက်တာ မြင်သဖြင့်.... (သဿတ စင်ပါတယ်ဘုရား) နေရာပေးခဲ့တာမြင်သဖြင့် (ဥစ္ဆေဒ စင်ပါတယ်ဘုရား) ဥစ္ဆေဒ စင်တယ် ပြတ်မှု—မပြတ်တော့ဘဲ (မှန်ပါ့) ပျက်လဲပျက်တယ် အကြောင်း အကျိုးလဲ ပြတ်ကဲ့လား.... (မပြတ်ပါဘူးဘုရား) မောင်ထွန်းလှိုင် ဒါကို ဂရုစိုက်ပါ၊ အားလုံး တရားတပွဲလုံး တကာတကာမတွေ ဒီအရေး မသေးဘူး၊ အင်မတန် အရေးကြီး ပါတယ်....(မှန်လှပါဘုရား) တကာသစ်တို့ ဦးဇာ်ရင်တို့ ဒီအရေး မသေးဘူးဆိုတာ သေသေချာချာ မှတ်ပါနော်.... (မှန်လှပါ)။

ပြန်ပြောပါတယ် ဖဿကလေးဟာ ဝိညာဏ်ကြောင့် ဖဿ-က လေး မဖြစ်ဘူးလားဗျာ.... (ဖြစ်ပါတယ်ဘုရား) ဖြစ်ပြီးသကာ လ သူဟာ ဖြစ်ပြီးပျက်ရမည့် တရားဖြစ်သောကြောင့် ပျက်မှာဘဲ

ပျက်ပင်ပျက်ငြားသော်လဲ ဝေဒနာကို ပေါ်ခွင့် ပေး–မပေး.... (ပေးပါတယ်ဘုရား)။

နဂိုရ်က ဝေဒနာ ရှိနှင့်တာ မဟုတ်ဘူးနော်(မှန်ပါ့)သူချုပ်မှ ပေါ်ရမှာ(မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) အဲ....ဒါဖြင့် ဖဿကလေးပျက်တာ မြင်သဖြင့် ဘယ်ဒိဋ္ဌိ စင်သတုံး....(သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)သဿတဒိဋ္ဌိ စင်သွားယင် ဦးခင်မောင်– ခိုင်တာမြဲတာ ယူသေးရဲ့လား.... (မယူပါဘူးဘုရား)။

နောက်....ဝေဒနာကလေး ပေါ်လာတာ မြင်သဖြင့်လဲ အကြောင်းအကျိုး ဆက်သလား....ပြတ်နေသလား.... (ဆက်ပါတယ်ဘုရား)ဆက်တာ မြင်သဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိ စင်သွားတယ် (မှန်ပါ့)ဖဿကလေးပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိကော ရှိသေးရဲ့လား– (မရှိပါဘူးဘုရား) သူက ပျက်သွားတာမြင်သဖြင့်လဲ သဿတ စင်တယ်၊ သူက ကျေးဇူးပြုခဲ့တာ မြင်သဖြင့်လဲ ဦးခင်မောင်ရေ ဥစ္ဆေဒ မစင်ဘူးလား....(စင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားကလေးတခုထဲမှာ ဖဿကလေး ပျက်သွားတာ မြင်လိုက်ယင်(သဿတစင်ပါတယ်)သူ ချုပ်သွားငြားသော်လဲ သူ့နေရာမှာ ဝေဒနာပေါ်ခွင့်ကို မပေးခဲ့ဘူးလား....(ပေးခဲ့ပါတယ်ဘုရား) ပေးခဲ့တာ မြင်သဖြင့်.... (ဥစ္ဆေဒ စင်ပါတယ်ဘုရား) အဲ....ပြတ်လဲမသွားတာ သေချာတယ်၊ ပျက်သွားတာလဲ သေချာတယ်၊ ပြတ်လဲမသွားတာ.... (သေချာပါတယ်) ရှင်းပလား....(ရှင်းပါပြီ)။

ဒီဥစ္စာက အင်မတန် နားကြီးကြီးနဲ့ထောင်မှ ဦးခင်မောင်ရေ ရှင်းမှာနော်.... (မှန်ပါ့ဘုရား) တကာ တကာမတို့ ဘာနဲ့ ထောင်ရမယ်....(နားကြီးကြီးနဲ့ ထောင်ရပါမယ်)။

ကဲ....နားသေးသေးနဲ့ မထောင်ကြနဲ့ဆိုတာကိုလဲ သတိ ပေးရပြန်တယ်(မှန်ပါ့)ဘာဖြစ်လို့လဲ ဆိုလို့ရှိယင် ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဒီတရားကလေး တခုတည်းမှာ ပျက်တာ မြင်သဖြင့် သဿတ စင်တယ်၊သူက ကျေးဇူးပြုခဲ့တာ မြင်သဖြင့်လဲ ဒါကလေးဟာ ပြတ်သွားတယ်လို့ ယူသေးရဲ့လား....(မယူပါ ဘူးဘုရား)ဒီတလုံးထဲမှာ သဿတ ဥစ္ဆေဒ စင်ရမှာ ဦးဘအုန်းရ (မှန်ပါ့ဘုရား)။

ကဲ....တကာ တကာမတွေ ဦးဇံရင်တို့ လွယ်သလားဗျာ.... (မလွယ်ပါဘူးဘုရား) ပြန်ပြောဦးမယ် သုံးခေါက်စေ့အောင် တကာ တကာမတို့- ပြန်ပြောဦးမယ်၊ ဒါကို ကြပ်ကြပ်သတိ ထားပါ၊ မြင်တော့ကို တကာ တကာမတို့ မြင်တဲ့စိတ်ကလေး ချုပ်သွားပြီးနောက် ခင်ဗျားတို့က ဘယ်လိုပေါ်လာသလဲ.... (တွေ့ချင်တယ်)။

ဒီမိတ်ဆွေနဲ့-ဘာတုံး....(တွေ့ချင်တယ်) တွေ့ချင်တာ ဘာ ခေါ်မလဲ....(ဖဿပါဘုရား) အဲ....ဖဿကလေး လက်ကိုင်ထား ပါပြီ– တကာသစ်၊ ဖဿကလေးက ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်)ဒါ ခင်ဗျားတို့ သူများပြောလား....ကိုယ့် ခန္ဓာ ဖြစ်စဉ်ကိုက်ဘဲလား....ကိုင်း-ခင်ဗျားတို့ မုန်းတဲ့ပုဂ္ဂိုလ်ကော (တွေ့ချင်ပါတယ်)။

တွေ့ချင်တာဘဲ ခင်ဗျားတို့က၊ မုန်းတဲ့ပုဂ္ဂိုလ်လဲ ကျုပ်က မျက်နှာချင်းဆိုင် ပြောချင်သေးတာဘဲဆိုတာ လာသေးတာဘဲ

(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား) မှုန်းတဲ့ပုဂ္ဂိုလ်လဲ ဘယ့်နှယ်တုံး....(တွေ့ချင်ပါတယ်)အလကားပြောတာ မုန်းတဲ့ ပုဂ္ဂိုလ်များ မတွေ့ချင်ဘူးဆိုတာ မဟုတ်ဘူး ကျုပ်က မျက်နှာ ကြည့်ပြောရမှ ကျေနပ်တာဆိုတာ လာသေးတာဗျ၊ မုန်းတဲ့ ပုဂ္ဂိုလ်လဲ ခင်ဗျားတို့က တွေ့ချင်တာဘဲ(မှန်ပါ့) မတွေ့ချင်ဘူး လား....(တွေ့ချင်ပါတယ်ဘုရား)။

ကောင်းပြီ နဂိုရ်ကတော့ ခင်ဗျားတို့ မတွေ့ချင်ဘူးလို့ ဒုန်းခံ တာနော်....(မှန်ပါ့)ကဲ....ဒါဖြင့် တွေ့တဲ့ ဖဿကလေးက တကာ တကာမတို့ ဖဿကလေးက တွေ့ရော၊ တွေ့ပြီးသည်၏ အခြားမဲ့၌ ဖဿကလေးက တစ်- နှစ်-ဆိုတော့ မချုပ်ပေဘူးလား....(ချုပ် ပါတယ်ဘုရား)။

သူ့ အသက်တမ်းက ဒါလောက်ရှိတော့ ဒါလောက်နဲ့ သူ ချုပ်သွားတယ်(မှန်ပါ့) ချုပ်ပေမဲ့လဲ ချုပ်သွားတာ မြင်လိုက် တော့ တကာ တကာမတွေက ဘယ့်နှယ်ဆိုမယ် (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)သဿတဒိဋ္ဌိ စင်သွားတယ်၊ မောင်ထွန်းလှိုင်တို့ သေသေချာချာ မှတ်စမ်းပါနော်....(မှန်ပါ့)။

သဿတစင်သွားတာလဲ ကျေနပ်ပြီ၊သူ့ဘာသာသူ ချုပ်တော့ ချုပ်သွားတာဘဲတဲ့ ဝေဒနာ ပေါ်ခွင့်ကို ပေးခဲ့-မပေးခဲ့-(ပေးခဲ့ ပါတယ်ဘုရား)ပေးခဲ့တော့ သူဟာ ချုပ်သာသွားတယ်၊ သူ့ အကြောင်းသတ္တိ ကုန်ရဲ့လား....(မကုန်ပါဘူးဘုရား)မကုန်ဘူး၊ အဲဒီတော့ အကြောင်းသတ္တိ မကုန်တာ သိလိုက်တော့ ဘာဒိဋ္ဌိ စင်သွားသတုံး....(ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ်)။

ဒါဖြင့် ဖဿကလေးတလုံးတည်းမှာ တကာ တကာမတို့ အပျက်မြင်သဖြင့် သဿတစင်တယ်၊ သူက ချုပ်ပြီး သူ့ကျေးဇူး

ပြုတတ်တဲ့ သတ္တိရှိတာ မြင်သဖြင့်လဲ ဘာ စင်သွားပြန်သလဲ.... (ဥစ္ဆေဒဒိဋ္ဌိ စင်သွားပြန်ပါတယ်ဘုရား)။

ဒါဖြင့် တလုံး—တလုံးတည်းမှာ သဿတ ဥစ္ဆေဒ စင်-စင် သွားရမယ်(မှန်ပါ့ဘုရား) ကဲ....စင်တတ်ကြပလား.... (စင်တတ် ပါပြီဘုရား) အပျက်မြင်ယင်.... (သဿတ စင်ပါတယ်ဘုရား) ကျေးဇူးပြုခဲ့တာ မြင်ယင်....(ဥစ္ဆေဒ စင်ပါတယ်ဘုရား)။

ဟော....ဒါဖြင့် ဩော်.... ဒါကလေးဟာ ဖြစ်လဲဖြစ်တယ် တကာ တကာမတို့ မသိဘူးလားဗျာ(သိပါတယ်)ပျက်ကော.... (ပျက်ပါတယ်ဘုရား)အဲ....ဖြစ်လဲဖြစ်တာ အမှန်ဘဲနော်(မှန်ပါ့) ပျက်လဲ....(ပျက်တာပါဘဲဘုရား) ပျက်ပြီး ကျေးဇူးပြုခဲ့တာလဲ (အမှန်ပါဘုရား) အမှန်ဘဲဆိုတော့-ဖြစ်တာလဲအမှန်၊ ပျက်တာ လဲ....(အမှန်ပါဘုရား)ကျေးဇူးပြုခဲ့တာလဲ....(အမှန်ပါဘုရား)။

ဒီအမှန်သုံးချက်ကို မလွတ်စေနဲ့(မှန်ပါ့ဘုရား)ဒီအမှန် သုံး ချက်ကို တကာတကာမတွေ မလွတ်စေပါနဲ့နော်(မှန်ပါ့ဘုရား) ဝိပဿနာ ရှုတော့မယ်ဆိုယင် ဒီတလုံးတည်းမှာ နှစ်လုံးပူး ရှုလို့ မရပါဘူး ဦးခင်မောင်ရ(မှန်လှပါဘုရား)တကာ တကာမတွေ စိတ်ထဲ တလုံးသာ ပေါ်မှာကိုး(မှန်ပါ့) နှစ်လုံးပေါ်တယ်လို့ ထုံးစံရှိရဲ့လား.... (မရှိပါဘုရား) မရှိတော့ကို ဥပမာ ဖြတ်ဆို ဖဿက ချုပ်သွားတော့ ဝေဒနာကလေးက မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ပေါ်ပြီး သူ ဘာလုပ်ရမည့် တရားတုံး.... (ချုပ်ရပါမယ်) ချုပ်ရမည့်တရားဆိုတော့ ပေါ်တာမြင်သဖြင့် လည်း တကာတကာမတို့ အဖြစ်ကို သူမမြင်ဘူးလား....(မြင် ပါတယ်)။

မြင်တယ်....တဲ့၊ နောက် ပျက်သွားတယ် တကာ တကာမတို့ (မှန်ပါ့) ပျက်သွားတာ မြင်တော့ ဘယ်ဒိဋ္ဌိ စင်သတုံး.... (သဿတဒိဋ္ဌိ စင်ပါတယ်)။

ဟော....ခိုင်တယ် မြဲတယ်ဆိုပြီး ဒို ယူထားတာ လွဲကုန်ပြီ ဆိုတော့ ဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘူး)သို့သော်လဲ သူသာ ပျက်သွားတယ် တကာထွန်း၊ ပျက်ပြီး သူ့ သတ္တဝါကလေးက ကျေးဇူးပြုသေးသလား....မပြုဘူးလား.... (ပြုပါတယ်ဘုရား)။

ဟော....တဏှာကလေး နောက်ထပ် ပေါ်လာတယ် (မှန်ပါ့ ဘုရား)မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ဘာ ပေါ်လာ သလဲ....(တဏှာ ပေါ်လာပါတယ်ဘုရား)။

တဏှာပေါ်လာတာ ထောက်လိုက်တဲ့အခါကျတော့ ချုပ် သွားတဲ့မမြဲ၏ သတ္တဝါဆိုတော့ မသိဘူးလား.... (သိပါတယ် ဘုရား) သိတော့ ဥစ္ဆေဒဒိဋ္ဌိ လာသေးရဲ့လား.... (မလာပါ ဘုရား)။

ဒါဖြင့် ဒီတရားကလေးဟာ အဖြစ်မြင်သဖြင့် ဥစ္ဆေဒ စင် တယ်၊ အပျက်မြင်သဖြင့် သဿတ စင်တယ်ဆိုတာ သေသေ ချာချာ ကျေနပ်ပလား....(ကျေနပ်ပါတယ်)မကျေနပ်သေးဘူး လား....(ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားကလေး တခုတခုမှာ တကာ တကာမတို့ ဖြစ်ပျက် ရှုပေးပါ(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ခင်ဗျားတို့ခန္ဓာထဲ ပေါ်လာတဲ့ တရားတခုတခုမှာ.... (ဖြစ် ပျက် ရှုပေးရပါမယ်) အဲဒီတော့ အဖြစ်မြင်ယင် ဘာစင်သတုံး- (ဥစ္ဆေဒ စင်ပါတယ်ဘုရား) အဖြစ်မြင်ယင်....(ဥစ္ဆေဒ စင်ပါ တယ်) အပျက်မြင်ယင်....(သဿတ စင်ပါတယ်)။

ကဲ....သဘောပေါက်ကြပလား.... (ပါ-ပါပြီ) အဖြစ်မြင်ယင်.... (ဥစ္ဆေဒ စင်ပါတယ်) ဥစ္ဆေဒ စင်ပါတယ်ဆိုတော့ ကြော်....ဒါဟာ နောက်က အကြောင်းမရှိဘဲနဲ့ သူ မဖြစ်ဘူး၊ (မှန်ပါ့) ဒီလိုဆိုတော့ ဥစ္ဆေဒ စင်မသွားဘူးလား....(စင်သွားပါတယ်ဘုရား) နောက်ကအကြောင်းမရှိဘဲနဲ့ အခု ဓမ္မကလေးဟာ(မဖြစ်ပါဘူးဘုရား) မဖြစ်ဘူးဆိုတာ သေချာပလား....(သေချာပါတယ်)။

ဒါဖြင့် အဖြစ်မြင်ယင်....(ဥစ္ဆေဒ စင်ပါတယ်)။

အပျက်မြင်ယင်.... (သဿတ စင်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီတရားကလေးမှာ ဖြစ်ပျက်နှစ်ခု မရှိဘူးလား၊ ရှိသလား.... (ရှိပါတယ်ဘုရား)။

ကဲ....သူ ချုပ်သွားပြန်တော့လဲ တဏှာကလေးက ပေါ်လာပြန်တယ်ဆိုတော့ သူ့ အဖြစ်မြင်ယင် .... (ဥစ္ဆေဒ စင်ပါတယ်ဘုရား) အပျက်မြင်ယင်....(သဿတ စင်ပါတယ်ဘုရား)။

ကဲ.... သေချာကြပလား.... (သေချာပါတယ်) ဒီလိုချည်း မောင်မြရွှေတို့ ဦးဇော်ရင်တို့ ကဲ....အခုတရားဖြင့် ကြော်....ဒါကလေးဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်....နော်၊ (မှန်ပါ့) ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်လို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ကြော်....ဖြစ်လဲဖြစ်ပေမှာဘဲ ဒီဥစ္စာက အကြောင်း မကောင်းသေးတော့ ဖြစ်မှာဘဲဆိုတော့ ဥစ္ဆေဒ စင်မသွားဘူးလား....(စင်သွားပါတယ်ဘုရား)။

အကြောင်းသတ္တိကုန်တော့လဲ ပျက်ပေမှာဘဲဆိုတော့ သဿတကော....(စင်ပါတယ်ဘုရား)အကြောင်းသတ္တိမကုန်သေးတော့ ဖြစ်မှာဘဲဆိုတော့ ဘယ်ဒိဋ္ဌိ စင်သွားသတုံး .... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်)ဥစ္ဆေဒဒိဋ္ဌိ စင်သွားတယ်၊ အကြောင်းသတ္တိကုန်တော့လဲ

(ပျက်ပါတယ်ဘုရား) ဒီလိုဆိုတော့.... (သဿတ စင်ပါတယ်) ဒီလိုတလုံးတည်းကိုသိသိသွားရမယ်တဲ့၊ (မှန်ပါ့) အင်မတန်အရေးကြီးတယ်....နော်၊ တကာ တကာမတို့ ဒါသာမညအရေးလား၊ အလွန်ကြီးတဲ့အရေးလား....(အလွန်ကြီးတဲ့အရေးပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဘုန်းကြီးကတော့ အရေးကြီးတယ် ဒို့ကလဲ ခက်လိုက်တာ လုပ်မနေနဲ့၊ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)နားမလည်-လည်အောင်ကိုနားထောင်ရမယ်၊ **ဒါကလေး နှစ်ခုကို နားမလည်ကြတော့ဘူးဆိုယင် ခင်ဗျားတို့ အာပေါက်အောင် အနိစ္စ ဒုက္ခ အနတ္တ အားထုတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး၊** (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

အနိစ္စ ဒုက္ခ အနတ္တကို တခါတည်း ပုတီး တကုံးပြီး တကုံး တရာ့ရှစ်လုံးစိပ်ချ၊ ပုတီးကြိုးသာပြတ်မယ်-မရဘူး၊ ရိပ်မိပလား (မှန်ပါ့) ဘာဖြစ်လို့ မရတာတုံးဆိုတာ ရိပ်မိပလား....(မှန်ပါ့ဘုရား) ဘာ မစင်လို့ ပါလိမ့်.... (သဿတ ဥစ္ဆေဒ မစင်လို့ပါဘုရား)။

လုပ်သာ လုပ်နေတာကိုး၊ သဿတ ဥစ္ဆေဒက ကပ်လျက်ဘဲတဲ့၊ သဿတ ဥစ္ဆေဒ ကပ်လျက်ရှိပြီးသကာလနေတော့ ဦးဇ° ရင် ရနိုင်ပါ့မလား.... (မရနိုင်ပါဘူးဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တလုံး တလုံးမှာ ဖြစ်ပျက် ရှိတာကော ကျေနပ်ပလား .... (ကျေနပ်ပါတယ်ဘုရား) အဖြစ် ကောင်း ကောင်း မြင်ယင်....(ဥစ္ဆေဒ စင်ပါတယ်ဘုရား) အပျက်ကောင်းကောင်း မြင်ယင်....(သဿတ စင်ပါတယ်ဘုရား)သဿတ စင်တယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဟာ ခင်ဗျားတို့ အခုလိုသိပြီးမှ ရှုလို့ ရှိယင်ဖြင့် အားကြီးတဲ့ ဝိပဿနာ ဖြစ်သောကြောင့် ဝိပဿနာဉာဏ်က အနန္တရပစ္စည်း၊ မဂ်ဉာဏ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ရမယ်၊ သေသေချာချာမှတ်တော့ (မှန်လှပါဘုရား) အနန္တရပစ္စယော- အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ သဘောကျပလား.... (ကျပါပြီ) အနန္တရပစ္စယော.... အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်းဆိုတော့ ဒါတွေ ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုလိုက်တော့ ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကလေးက ဒီမှာ မလာပေဘူးလား (လာပါတယ်ဘုရား)။

ဖြစ်ပျက်ရှုတဲ့ ဉာဏ်အဆုံးမှာ တကာ တကာမတို့ ဒီဘက်က ဒါက ဖြစ်ပျက်ရှုတဲ့ မဂ္ဂင်လာပြီးသကာလ ဒီဘက်က ဖြစ်ပျက်မမြင်ဘဲ သစ္စာမြင်တဲ့ မဂ္ဂင်ရှစ်ပါး လာရမယ်....တဲ့ (မှန်လှပါ) ကဲ....ဘယ်လောက် မြန်သတုံးဗျာ၊ (မှန်ပါ့)။

ဒါဖြင့် သဿတ ဥစ္ဆေဒ ခွါပြီးသား ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်ပြီးယင် မဂ်ဉာဏ်လာရမယ်၊ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) သဿတ ဥစ္ဆေဒ ရှင်းပြီးသားပုဂ္ဂိုလ်မှာ ရှုလိုက်လို့ ရှိယင် ဒီဘက်က ဖြစ်ပျက်တွေ ရှုလိုက်လို့ရှိယင် ဘယ့်နှယ်ဆိုကြမယ်....(ဝိပဿနာဉာဏ် ငါးခုလာပါတယ်) ဝိပဿနာဉာဏ် ငါးခုလာပြီး မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ်ဉာဏ်ဟာ-(လာပါမယ်ဘုရား) ဝေးသလား....(မဝေးပါဘူးဘုရား)။

ဒါကြောင့် သူက အနန္တရပစ္စည်း၊ သူက အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်၊ သူ့အကြောင်းကိုရှု၊ သူ့အကြောင်းကို ကြိုးစားယင် ဒီအကျိုးပေါ်မယ်....တဲ့၊ ခင်ဗျားတို့ မကြာတော့ဘူးတဲ့(မှန်ပါ့)

ရုပ်မိပလား....(ရုပ်မိပါပြီဘုရား) အဲဒီတော့ အားငယ်စရာများ ရှိပါရဲ့လား....(မရှိပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီတလုံးတည်းမှာ သဿတ ဥစ္ဆေဒ ခွါပြီးသကာလ ဪ-ဖြစ်သင့်လို့ဖြစ်တယ်၊အကြောင်း ဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်ရ ရှာတာဘဲလို့ သိလိုက်တော့ ဪ....ဖြစ်သင့်လို့ဖြစ်၊ ပျက်သင့် လို့ ပျက်သွားတာဘဲလို့ မြင်လိုက်တော့ ဒါ ဘာဉာဏ်ဖြစ်သွား သလဲ....(ဝိပဿနာဉာဏ် ဖြစ်ပါတယ်)။

ဝိပဿနာဉာဏ်၊ ဒိဋ္ဌိခွါပြီးသား မြင်တဲ့ဉာဏ်၊ (မှန်ပါ့) ဒီထဲ မှာ ဒိဋ္ဌိ ရောနေသေးသလား .... (မရောပါဘူး) အဲဒီတော့ ဒိဋ္ဌိ ကွာပြီးသားမြင်တဲ့ ဝိပဿနာဉာဏ်၊ "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ"ဆိုတဲ့ မဂ္ဂင်ငါးပါး-ရှု တာဟာ မဂ္ဂင်ငါးပါး မှတ်ကြပါ တကာ တကာမတို့....နော်၊ (မှန်ပါ့)။

ရှုနေယင် မဂ္ဂင် ဘယ်နှစ်ပါး ရသလဲ.... (ငါးပါး ရပါတယ် ဘုရား) ဖြစ်ပျက်မြင်ယင်....(မဂ္ဂင်ငါးပါးရပါတယ်) ဖြစ်ပျက် မြင်ယင်....(မဂ္ဂင်ငါးပါးပါ ဘုရား) အဲဒီတော့ ဖြစ်ပျက်မြင်ယင် မဂ္ဂင်ငါးပါး ရတယ်လို့ ဆိုတာက တကာ တကာမတို့ သဿတ ဥစ္ဆေဒ ရှင်းပြီးသားပုဂ္ဂိုလ်မှာ ဒိဥစ္စာ အားနည်းတဲ့ဝိပဿနာလို့ မဆိုနဲ့....နော်၊ (မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်.... (အားကြီးတဲ့ ဝိပဿနာပါဘုရား) အားကြီးတဲ့ ဝိပဿနာ လို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ.... (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမယ်.... (အားကြီးတဲ့ ဝိပဿနာ ပါဘုရား)အားကြီးတဲ့ ဝိပဿနာလို့ ဆုံးဖြတ်ချက်ချပါ၊ဘယ့် နှယ်ကြောင့်အားကြီးတာတုံး ဒိဋ္ဌိ ခွာပြီးတော့ကို မြင်တဲ့အမြင် (မှန်ပါ့)။

ရှေးက ဖြစ်ပျက်ကလေးကို ဘာခွာပြီး မြင်တာတုံး....(ဒိဋ္ဌိ ခွာပြီး မြင်ပါတယ်)။

ဒိဋ္ဌိ ရောနေသေးသလား.... (မရောပါဘူးဘုရား) ကုသိုလ် ဖြစ်အောင် လုပ်တာမျိုး ဟုတ်သေးလား.... (မဟုတ်ပါဘူး) မဟုတ်ဘူးတဲ့၊ ဖြစ်သင့်လို့ဖြစ်တယ်၊ ပျက်သင့်လို့ ပျက်တယ် ဆိုတဲ့ ဥစ္စာကို တခါတည်း မြင်မလာဘူးလား.... (မြင်လာပါ တယ်ဘုရား)။

မြင်လာတဲ့အခါကျတော့ ဖြစ်ပျက်-မဂ် သဘောကျပလား (မှန်ပါ့ဘုရား)နောက်ကျတော့ ဝိပဿနာ မဂ်၊ လောကုတ္တရာ မဂ်၊ (မှန်ပါ့ဘုရား) ကဲ....ဝေးသလားဗျာ.... (မဝေးပါဘူး)။

ပဌမ ရှေးဦးစွာတော့ ဒိဋ္ဌိ ခွာပြီးသားပုဂ္ဂိုလ်မှာ သူက ဘာ တုံး.... ( ဖြစ်ပျက်ပါဘုရား ) သူက ဘာတုံး (မဂ် ပါဘုရား) ဝိပဿနာ မဂ် ဆိုလိုက်စမ်းပါ.... (မှန်ပါ့) ဒီက — ဘာပါ လိမ့်.... (ဖြစ်ပျက်ပါဘုရား)။

ဒီက.... (ဝိပဿနာ မဂ် ပါဘုရား) ကဲ....ဝိပဿနာ မဂ် လဲ ရင့်လဲ ရင့်ပါရော တကာထွန်း၊ ဝိပဿနာမဂ် ပြီးတော့ ဘာ လာမယ်.... (လောကုတ္တရာ မဂ် လာပါမယ်) ဝေးသလားဗျာ (မဝေးပါဘူး)။

အဲဒီတော့ မဝေးတာကိုလဲ သံယုတ်အဋ္ဌကထာဆရာက ဝိပဿ နာ ဟာကွာ....တဲ့၊ အနန္တရပစ္စည်းပါတဲ့၊ လောကုတ္တရာ မဂ်-က

အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်လို့၊ ဦးခင်မောင် ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား) အခြား ရှိသေးလား.... (မရှိပါဘူး) ဒါဖြင့် ဒိဋ္ဌ ခွာပြီးမှ ရှုတဲ့ ဝိပဿနာ ဉာဏ်သည် အခြားမရှိ မှု၍ ကျေးဇူးပြုတယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ် လာပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့ ဒီ-တကာတကာမတွေကို ဒီလောက် ခက်ခက် ခဲခဲ အစီပွါယ်ကို ဒီလောက်ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ရောက် အောင် ပြောရတဲ့အတွက် ဘုန်းကြီးတို့ အတွက်မှာ ဝမ်းသာ လို့ မဆုံးပါဘူး.... (မှန်ပါ့)။

ခင်ဗျားတို့ အဖို့မှာလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ကပ်သွားပြီ၊ (မှန်ပါ့) မကပ်သေးဘူးလား....(ကပ်ပါတယ်ဘုရား) ကဲ....ဒါ ဟာ ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့ တဏှာကလေး ဆိုလိုက်ပါတော့ ဒါကလေးက ဖြစ်ပြီးတော့ ဘာဖြစ်မယ် (ပျက်ပါတယ်ဘုရား) ပျက်သွားတော့ ဖြစ်သင့်လို့ဖြစ်တာ မဟုတ်လားဗျာ....(မှန်ပါ့) ဝေဒနာက ဖြစ်ခိုင်းလို့ ဖြစ်ရတယ်၊ သဘောကျပလား....(ကျ ပါပြီ)။

အဲ.... ဝေဒနာက ဖြစ်ခိုင်းလို့ ဖြစ်ရတော့ အသက်တမ်း စေ့တော့ သူ့ အသက်တမ်းကလဲ ၁-ဆိုယင် ဖြစ်ရှာတယ်၊ ၂-ဆိုယင် သေရရှာတယ် (မှန်ပါ့)ဒါဖြင့် ပျက်သင့်လို့ကော.... (ပျက်ပါတယ်ဘုရား)။

ဒါဖြင့် သူက ဖြစ်ပျက် ခင်ဗျားတို့က ရှုလိုက်တော့....(မဂ်ပါ ဘုရား) ဝိပဿနာ မဂ် သွားဖြစ်တယ်ဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

ဖြစ်ပျက် ဝိပဿနာ မဂ် ဖြစ်သွားတော့ ဖြတ်ဆို ဝိပဿနာ မဂ်လဲ တကာသစ်တို့ ဦးဇော်ရင်တို့ ကိုမြရွှေတို့ ဖြိုင်ဖြိုင်ကလေး ရှုပေးလိုက် (မှန်ပါဘုရား)။

ရှုလိုက်တော့ ဘာဖြစ်လာမယ်ထင်သတုံး.... (လောကုတ္တရာ မဂ် ဖြစ်လာပါတယ်)အားကြီးသောဝိပဿနာ ရင့်မလာဘူးလား (ရင့်လာပါတယ်ဘုရား)။

ရင့်လာသည်နှင့် တပြိုင်နက်တည်း တကာတကာမတို့ ဒီ မဂ်က ဘယ် မဂ် ကျေးဇူးပြုမလဲ.... (လောကုတ္တရာ မဂ် ကျေးဇူးပြုပါတယ်ဘုရား) လောကုတ္တရာ မဂ် ကျေးဇူးပြုမယ် ဆိုတော့ ဒီ-မဂ် မရဘဲနဲ့ ဒီ-မဂ် ကို ရနိုင်ပါမလား.... (မရနိုင်ပါဘူး)။

မရနိုင်တော့ ပြော်.... ဒိဖြစ်ပျက်ကြောင့် ဒီ-မဂ် ဖြစ်တယ်၊ ဒီ-မဂ် ကြောင့် ဒီ-မဂ် ဖြစ်တယ် (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒီ-ဖြစ်ပျက်ကြောင့် (ဝိပဿနာ မဂ် ဖြစ်ပါတယ်ဘုရား) ဝိပဿနာ မဂ် ဖြစ်တယ်၊ဝိပဿနာ မဂ် ကြောင့်(လောကုတ္တရာ မဂ် ဖြစ်ပါတယ်ဘုရား)။

လောကုတ္တရာမဂ် ဖြစ်တယ် ဆိုတော့ ဒီ-အစီအစဉ်မျိုးကို ခင်ဗျားတို့ ပိုင်ပိုင်နိုင်နိုင်ကြီး ပြော်.... ဒိဋ္ဌိ ခွာပြီး ရှုလို့ရှိယင် အနီးကလေးပါကလား.... (မှန်ပါ) ဒီ-မဂ်က နိဗ္ဗာန်မြင်တဲ့ မဂ် (မှန်ပါ) ဒီ-မဂ် က ဖြစ်ပျက်မြင်တဲ့ မဂ်၊ သဘောကျပလား.... (ကျပါပြီ) ဒီ-ဝိပဿနာမဂ်-က ဘာမြင်သလဲ.... (ဖြစ်ပျက် မြင်ပါတယ်ဘုရား)။

လောကုတ္တရာမဂ် ပေါ်ရန် သူက ကျေးဇူးပြုလိုက်တော့ လောကုတ္တရာ မဂ်—ပေါ်တော့ လောကုတ္တရာ မဂ်-က ဘာမြင်သတုံး.... (နိဗ္ဗာန်မြင်ပါတယ်ဘုရား) နိဗ္ဗာန် မြင်တယ်ဆိုတော့

သောတာပတ္တိ မဂ်-ဖြစ်နေပြီ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီနေ့ ကံထူးတယ် အင်မတန် ထူးတဲ့နေ့ဘဲဆိုတာ ပေါ်လာကြပလား.... (ပေါ် လာပါတယ်)။

ဒါ့ကြောင့်....တဲ့ တကာ တကာမတို့ ဒီဖြစ်ပျက်ကို မမေ့ ပါနဲ့ (မှန်ပါ့) အဖြစ်မြင်လို့ ရှိယင် ဘာစင်သတဲ့တုံး....(ဥစ္ဆေဒ စင်ပါတယ်ဘုရား) အပျက် မြင်ယင်.... (သဿတ စင်ပါတယ်) ဟော.... ခိုင်တယ်- မြဲတယ်လို့ မဟုတ်ဘူးဆိုတာ မသေချာဘူး လားဗျာ(သေချာပါတယ်) ဒါ.... မိမိ ခန္ဓာလား.... သူတပါး ခန္ဓာလား....(မိမိ ခန္ဓာပါဘုရား)။

အဲ.... မိမိ ခန္ဓာမှာ ဒါဘဲရှိတယ်ဆိုတာ မသေမခြင်းမှတ်ပါ (မှန်ပါ့) မိမိ-ခန္ဓာ ဘယ်စိတ် ပေါ်ပေါ် ဖြစ်ပျက်သာရှိတယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မိမိ-ခန္ဓာ ဘယ်စိတ် ပေါ်ပေါ်(ဖြစ်ပျက်သာ ရှိပါတယ် ဘုရား) ဖြစ်ပျက်သာရှိတယ် ယောကျ်ားမပါဘူး၊မိန်းမမပါဘူး(မှန်ပါ့)သဿတဒိဋ္ဌိလဲ ခွာပြီး သွား....၊ သက္ကာယဒိဋ္ဌိလဲ ခွာပြီးသွား....၊ ဥစ္ဆေဒဒိဋ္ဌိလဲ ရှင်းပြီး သွားနော် (မှန်ပါ့)ကျေနပ်ကြပလား(ကျေနပ်ပါပြီ)အဲဒီတော့ ဒါမပါဘဲနဲ့ ရှုနေတဲ့အတွက် ဝတ္ထုထုတ်တော့မယ်....(မှန်ပါ့) ဒါမပါဘဲနဲ့ ရှုနေတာ ဘယ်သူတုံး ဆိုတော့ ဖွားဘက်တော် ဆန္ဒနော်(မှန်ပါ့) ရိပ်မိပလား(ရိပ်မိပါပြီ)ဒီလိုသဿတ ဥစ္ဆေဒ မခွာဘဲနဲ့ ရှုနေတာ ဘယ်သူပါလိမ့်.... (ဆန္ဒပါဘုရား) ဖွား ဘက်တော်ဆန္ဒ (မှန်ပါ့) သေချာပလား.... (သေချာပါပြီ)။

ဘယ်သူပါလိမ့်ဗျာ.... (ဖွားဘက်တော် ဆန္ဒပါဘုရား) ဖွား ဘက်တော်ဆန္ဒဟာ နည်းတဲ့နှစ် မဟုတ်ဘူးနော်.... လေးဆယ့်

လေး – လေးဆယ့် ငါးနှစ်ကြီး ရှိတာ၊ ဝိပဿနာ ရှုနေတာ (မှန်ပါ့)ဖြစ်ပျက်တော့ သူမြင်တယ်၊ ဉာဏ်ထဲမှာ သဿတ မခွာ တတ်ဘူး (မှန်ပါ့) ဥစ္ဆေဒ(မခွာတတ်ပါဘူး)။

အဲဒါကြောင့် ဘယ်လောက် ကြာသွားသတုံး.... (၄၄=၄၅ နှစ် ကြာသွားပါတယ်) အဲ.... ဘုရားဖြစ်ကတည်းက သူ့ အပင့် လွှတ်လိုက်တုံးက သုဒ္ဓေါဒန မင်းကြီးက သူ့ အပင့်လွှတ်တာဘဲ သူပါ သက်နှင်းဝတ်နေတယ်ဆိုတာလဲ မသေချာဘူးလား....(သေ ချာပါတယ်ဘုရား)။

အဲဒါတွေ ထောက်ပြီးတော့– တသက်လုံး ၄၅ နှစ်လောက် ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးဆိုယင်ကော ခင်ဗျားတို့က ငြင်း ဘို့ လိုသေးသလား....(မလိုပါဘူးဘုရား)။

လုပ်နေလျက်နဲ့ ဘာဖြစ်လို့ ဘုရား ပရိနိဗ္ဗာန်စံသွားတောင် မရပါလိမ့် မတုံး.... (သဿတ ဥစ္ဆေဒ မကွာလို့ပါ ဘုရား) သဿတ ဥစ္ဆေဒ ဟောဒီအပေါ်မှာ ဖြစ်ပျက်ဖြစ်မည့် တရား အ ပေါ်မှာ မခွာတတ်ဘူး ဦးခင်မောင်ရ (မှန်လှပါ)။

ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဘယ်အပေါ်မှာ မခွာတတ် တာပါလိမ့်.... (ဖြစ်ပျက် ဖြစ်မည့် တရားအပေါ်မှာ မခွာတတ် ပါဘူး)။

အေး.... ခန္ဓာ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာ မခွာတတ်တာ (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)ဘယ်အပေါ်မှာ မခွာ တတ်တာ ပါလိမ့်.... (ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် အပေါ်မှာ)။

ခန္ဓာ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာ မခွာတတ်တဲ့အတွက် သူ့ ဘာငြိနေသတုံး.... (သဿတ ဥစ္ဆေဒ ငြိနေပါတယ်) သဿတ ဥစ္ဆေဒ ငြိနေတဲ့အတွက် နှစ်ပေါင်း ဘယ်လောက် ကြာသွား

သလဲ.... (၄၅-နှစ်ပါဘုရား) အဲ.... ဦးဇော်ရင်တို့ ကိုမြရွှေတို့ မနစ်နာဘူးလားဗျာ.... (နစ်နာပါတယ်ဘုရား)။

အင်မတန် နစ်နာတယ်၊ ဦးခင်မောင်.... (နစ်နာပါတယ်ဘုရား) နောက်က တကာတကာမတွေ (နစ်နာပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့မှာ အခု မနစ်နာရအောင် ဖြစ်ပျက်+ဝိပဿနာ မဂ်၊ ဝိပဿနာမဂ်+ လောကုတ္တရာမဂ်၊ ကဲ....ဝေးသလား....(မဝေးပါဘူး)။

မဝေးဘဲနဲ့ ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မတုံး.... ဆိုမလုပ်တာတော့ မတတ်နိုင်ဘူး ပေါ့ဗျာ.... (မှန်ပါ့ ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

မဝေးဘဲနဲ့ ဘယ့်နှယ်ကြောင့် မရကြပါလိမ့်မတုံး ဆိုတော့ ဘယ့်နှယ်ကြောင့်တုံး.... (မလုပ်လို့ပါဘုရား) မလုပ်လို့ မရတာ (မှန်ပါ့)။

တကာ တကာမတွေကလဲ အချောင်က အင်မတန် လိုချင်တယ်၊ ဘုရားရှေ့ သွားပြီးသကာလ ဝဋ္ဋဘဝ တိုတိုနဲ့ နိဗ္ဗာန်မဂ်-ဖိုလ်ရ·ရပါလို၏ဘုရား .... လို့ ဆုတောင်းတယ် (မှန်ပါ့) ဒါဖြင့် ဘုရားက ပေးနိုင်တယ်ထင်တယ် ထင်ပါရဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို တကာ တကာမတွေ နည်းသာ ပေးနိုင်တယ်၊ သဘောကျ ပလား.... (မှန်ပါ့) ကိုယ့်ဟာကိုယ် လုပ်ယူကြ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဘုရားက သွားတောင်းတဲ့အခါကျတော့ ဘာပေးသတုံး....(နည်းသာပေးပါတယ်ဘုရား) နည်းတော့ပေးနိုင်တယ်....တဲ့၊ ရတော့ ကိုယ့်စွမ်းရည်နဲ့ ရ—ရမှာ (မှန်ပါ့ဘုရား) ဘုရားက နည်းပေးသမား၊ ကိုယ်က ကိုယ့်စွမ်းရည်နဲ့ လုပ်ယူသမား (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)

အဲဒီတော့ ခင်ဗျားတို့နည်းလဲ တောင်းရမှာအမှန်ဘဲ သဘော ကျပလား.... (ကျပါပြီ)။

ကိုယ့်စွမ်းရည်နဲ့ လုပ်ယူရမှာလဲ စောနပါဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ကိုင်း....ဒါဖြင့် အရှင်ဆန္ဒဝတ္ထု စ,ကြ စို့.... ဦးခင်မောင်ရေ (မှန်လှပါဘုရား) အခု ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား) ဖြစ်ပျက်၊ ဘာမဂ်တုံး.... (ဝိပဿနာမဂ် ပါဘုရား) ဝိပဿနာမဂ်ပြီးယင်.... (လောကုတ္တရာမဂ်ပါဘုရား) အဲ....ခွာပြီးမှမြင်ယင် ကိစ္စပြီးတာဘဲ ဆိုတာ သဘောပလား.... (သဘောပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ အရှင်ဆန္ဒ အကြောင်းကို တတ်လိုက် မှဘဲ ဩဘ်-ဒိုသည်ကားလို့ ဆိုလို့ရှိယင် အရှင်ဆန္ဒတကော်တော် သာနေပါသေးလား.... အခု ရှေးဦးစွာ ခွာပေးတယ်ဆိုတော့ ဦးခင်မောင် မသဘောလားဗျာ.... (သဘောပါတယ် ဘုရား) ခန္ဓာ ပဋိစ္စသမုပ္ပါဒ်မှာ သဿတ ဥစ္ဆေဒ ခွါပေးတယ်ဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါတယ်ဘုရား) ဟဲ....ထားလိုက် ဒါဖြင့် ရှင်ဆန္ဒဆိုတဲ့ပုဂ္ဂိုလ်ဟာ သာဝတ္ထိပြည်ဇေတဝန်ကျောင်း မှာ ဘုရား ပရိနိဗ္ဗာန် စံပြီးသည့်နောက် အဲဒီမှာဘဲ သူက နေ ရစ်တယ်(မှန်ပါ့)။

နေရစ်ပြီးသကာလ သူ့ကို စကားပြောမည့်သူက မရှိတာနဲ့ သူ့ကျောင်းကလေး တံခါးပိတ်ပြီး သကာလ ဦးခင်မောင် ရှောက်လည်တယ်....နော်....(မှန်ပါ့) အရှင်ဘုရားတို့.... တပည့် တော်ကိုဆုံးမကြပါဦးဘုရား၊ကံမြစ်ကြပါဦးဘုရား၊တရားကလေး ဘာကလေးလဲ ပေးကြပါဦးဘုရား၊ နို့မို့လို့ရှိယင်တပည့်တော် ဘာမှ ကျေးဇူးများတော့မှာ မဟုတ်ဘူး၊ ကျောင်းတွေရှောက်

ပြီး သူ့ကိုဆုံးမပါဦးတဲ့ ကံမြစ်ကြပါဦး တရားနည်းပေးကြပါဦး ဆိုပြီး သူက လိုက်ပြီးတောင်းသနော်.... (မှန်ပါ့)။

ဘာတဲ့တုံး.... (တရားတောင်းပါတယ်ဘုရား) တရားလိုက်တောင်းတယ်၊ ဆုံးမပါဦးဘုရား့ ကံမြစ်ပါဦးဘုရား့, တရားပေးပါဦးဘုရား့ ဒီအတိုင်း ပစ်မထားကြပါနဲ့ မတောင်းဘူးလား (တောင်းပါတယ်ဘုရား) တောင်းတော့ အဲဒီ့ ကိုယ်တော်တွေက ကြားတဲ့အခါကျတော့ အို....အရှင်ဆန္ဒ ဒို-ဆုံးမပါမယ်၊ ဒို ကံမြစ်ပါတယ်၊ ဒို-တရားပေးပါမယ်ကွ....၊ ဟော.... ခန္ဓာငါးပါး ရှိတယ်၊ ရုပ်တရားဟာ အနိစ္စ၊ ဝေဒနာ အနိစ္စ၊ သညာအနိစ္စ သင်္ခါရ အနိစ္စ၊ ဝိညာဏ် အနိစ္စ၊ တိုတိုကွာ.... သဗ္ဗေ သင်္ခါရာ အကုန်အနိစ္စချည်းဘဲ သဗ္ဗေဓမ္မာ အနတ္တာ၊ အကုန်အနတ္တ....ကွ နိဗ္ဗာန်တောင် အနတ္တလို့ တခါတည်း သူတို့က ဟောလိုက်တယ် (မှန်ပါ့)။

ဟောလိုက်ယင်ဘဲ ဦးခင်မောင် အို....ဒီလောက်တော့ ကျုပ် အားထုတ်နေတာ ကြာလှပြီ၊ ဒီလို အားထုတ်နေတာ ကြာလှပါပြီတဲ့ (မှန်ပါ့)။

တကာ တကာမတို့ ဘယ်လိုများ နှုတ်လှန် ထွက်လာပါလိမ့်.... (ဒီလိုအားထုတ်တာ ကြာလှပါပြီတဲ့) ဒီ အနိစ္စမျိုး ဒီ အနတ္တမျိုး၊ သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေဓမ္မာ အနတ္တနဲ့ သူ အားထုတ်နေတာ ကြာလှပါပြီတဲ့(မှန်ပါ့)။

တကာ တကာမတို့ အားလဲထုတ်တယ်နော်.... (မှန်လှပါဘုရား) ကြာကော မကြာဘူးလား .... (ကြာပါတယ်ဘုရား) ဘုရားဖြစ်စဉ်က အားထုတ်တာဗျာ၊ ဘုရားဘဲ ပရိနိဗ္ဗာန် စံပြီးပေါ့ မောင်ထွန်းလှိုင် မကြာဘူးလား....(ကြာပါတယ်ဘုရား)။

အဲဒီတော့ ဒီ ဥစ္စာတွေ သူ့အားထုတ်တာ ကြာလှပါပြီတဲ့ ကြာပင် ကြာငြားသော်လဲတဲ့ အခု ကိုယ်တော်တွေ ဟောတဲ့ တရားမျိုးကို အနိစ္စတွေ အနတ္တတွေ၊ သင်္ခါရာ အနိစ္စ– သဗ္ဗေဓမ္မာ အနတ္တတွေကို သူ့အားထုတ်ပြီးတော့ ကြည့်တယ်တဲ့ (မှန်ပါ့)ကြည့်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဟောဒီ သင်္ခါရ၊ ဒါ ဖြစ်ပျက်၊ ဖြစ်ပျက်ဟာသင်္ခါရနော်(မှန်ပါ့ဘုရား)ဟောဒီသင်္ခါရ ချုပ်သွားတဲ့ နိဗ္ဗာန်ကို တခါမှ မမြင်ဘူး-ဘူးတဲ့ (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဖြစ်ပျက် ချုပ်သွားတဲ့ နိဗ္ဗာန်ကို....(တခါမှ မမြင်ဘူးပါဘူး) တခါမှ မမြင်ဘူးတဲ့ (မှန်ပါ့) ခန္ဓာ ချုပ်တဲ့ နိဗ္ဗာန်ကို....(တခါမှ မမြင်ဘူးပါဘူး)။

အဲဒီတော့ သူ ဖြစ်ပျက်ချုပ်တဲ့ နိဗ္ဗာန် ခန္ဓာချုပ်တဲ့ နိဗ္ဗာန် သင်္ခါရချုပ်တဲ့ နိဗ္ဗာန် တဏှာကုန်တဲ့ နိဗ္ဗာန်ကို ဘယ်တော့မှ မမြင်ပါဘူးတဲ့....(မှန်ပါ့)ဒီ ကိုယ်တော်တွေ ဟောနည်းအတိုင်း သူ ရှုပါတယ်....တဲ့၊ ရှုပင် ရှုငြားသော်လဲ မြင်ကို မမြင်ဘူး....တဲ့ ကိုမြရွှေ (မှန်လှပါဘုရား)။

ရှုတော့ မရှုဘူးလား....(ရှုပါတယ်ဘုရား) မြင်ရဲ့တဲ့လား.... (မမြင်ပါဘူးဘုရား) မမြင်ဘူးတဲ့၊ဒီ သင်္ခါရတရားတွေ သူ ရှုပါတယ်....တဲ့၊ ရှုပင် ရှုငြားသော်လဲ သင်္ခါရ ချုပ်မှ....နိဗ္ဗာန်၊ ခန္ဓာ ချုပ်မှ....(နိဗ္ဗာန်ပါဘုရား) အဲဒီဆီကို ရောက်အောင် တခါမှ မမြင်ဘူးပါဘူးတဲ့၊ မမြင်ဘူးတော့ မမြင်ဘူးတဲ့အပြင် သူ့မှာ ဘယ့်နှယ်ဖြစ်လာသတုံး ဆိုလို့ရှိယင်ဖြင့်....တဲ့၊ဒီဟာတွေ ရှုလိုက်တဲ့ အခါကျလို့ ရှိယင် ထိတ်လန့်တဲ့ သဘောလဲ သူ့မှာ လာလာ ဖြစ်တယ်....တဲ့(မှန်ပါ့)။

ထိတ်လန့်တဲ့သဘော လာလာဖြစ်တယ်....တဲ့ တကာ တကာ မတို့နေ့....(မှန်လှပါ) စွဲလန်းတဲ့ သဘောလဲ လာလာဖြစ်တယ် (မှန်ပါ့) ဘယ်နှစ်ချက် ဖြစ်သလဲ.... (နှစ်ချက် ဖြစ်ပါတယ်) ထိတ်လန့်တဲ့ သဘောလဲ.... (ဖြစ်ပါတယ်ဘုရား) စွဲလန်းတဲ့ သဘောလဲ....(ဖြစ်ပါတယ်ဘုရား) ထိတ်လန့်တဲ့ သဘောက ဖြတ်ဆို အနတ္တ၊ ဒါကလေးဟာ ပြောဘ်.... အနတ္တပါကလားလို့ သူက ဝိပဿနာမဂ်နဲ့ ရှုလိုက်လို့ ရှိယင်ဖြင့် တခါတည်း ထိတ်လန့် သွားတာဘဲ၊ ငါ့မှာ အားကိုး မရှိဘူးဆိုပြီး လန့်လန့် သွား သတဲ့....(မှန်ပါ့)။

ဒီအထဲမှာ ဘာမှ အားကိုးရာ မရှိတော့ဘူး၊ အကုန် အနတ္တ ဆိုယင် ငါ ဘာ အားကိုးမတုံး ဆိုတာကလေးက ပေါ်ပေါ် လာတယ်(မှန်ပါ့)အဲသည့်တွင် လန့်လန့်သွားတယ်(မှန်ပါ့)ရိပ်မိ ပလား....(ရိပ်မိပါပြီ)ဖြစ်ပျက် ရှုလိုက်ယင် သူ့စိတ်ထဲ အနတ္တ လို့ ရှုလိုက်ယင် ဘယ်လို ဖြစ်သွားသလဲ....(လန့်လန့်သွားပါ တယ်ဘုရား)လန့်လန့်သွားတဲ့ အပြင်မှာတဲ့.... လိုရင်းတော့ဗျာ သစ်ပင်ပေါ်က ဝုန်းကနဲ ကျသွားသလို သူ့စိတ်ထဲ ဖိုဖိုသွား တယ်(မှန်ပါ့)။

သူ့စိတ်ထဲ ဖိုဖိုသွားလို့ ဘာမျှား ဒီဥစ္စာကလေးဟာ အား ကိုးရာမဲ့ဖြစ်ပြီ ဆိုပြီးသကာလ ဖိုဖိုသွားတယ်(မှန်ပါ့)ပျက်သွား လိုက်၊ သူ့ စိတ်ထဲမှာ မဂ်မရတဲ့အပြင် ဝမ်းထဲမှာ ဖိုဖိုသွားတာ က လာတယ်နေ့....(မှန်ပါ့)ဖိုဖိုသွားတယ် ဆိုတာက သစ်ပင် ပေါ်က ကျသလို-ကမ်းပါးပြတ်ကြီးက ကျသလို ဖြစ်ဖြစ် သွားတယ်(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ပရိတဿနာ–တဲ့ ကြောက်လန့်ခြင်းသာ ဖြစ်သွားတယ်၊ ပြီးတော့ နောက်လဲတဲ့ စိတ်က ဒီဟာတော့ အနတ္တဆိုလို့ ရှိယင် ဘယ်ဟာ အားကိုးရပါ့မလဲဆိုတဲ့ ဥပါဒါန်ကလဲ တခါပြန် လာသေးတယ်....တဲ့ (မှန်ပါ့) လန့်တာက တမျိုး ဥပါဒါန် စွဲလန်းတာက တမျိုး နှစ်မျိုး-နှစ်မျိုး လာတယ်တဲ့ (မှန်ပါ့) ဒီ ကိုယ်တော်တွေ ဟောတဲ့နည်း ရှုတာ(မှန်ပါ့ဘုရား)အံမာလေး သူကလဲ စွဲချက်တင်တာ မသေးလှပါကလား.... (မှန်ပါ့) တကာ တကာမတွေ ဘယ်နှစ်ချက် တင်လိုက်သလဲ....(နှစ်ချက် တင်ပါတယ်ဘုရား)။

ဒီ ကိုယ်တော်တွေ ဟောတဲ့အတိုင်းတဲ့ အနိစ္စတွေ အနတ္တ တွေ ရှုလိုက်တဲ့အခါကျတော့- အနတ္တရှုတော့ ဘာမှ မရှိတော့ ပါကလား....ဘာမှ အားကိုးရာ မရှိပါကလားဆိုပြီး ဖိုသွားတာ ဘဲ-တဲ့(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် နောက်ထပ်ဘာများ အားကိုးအားထား လုပ်ရပါ မတုံးဆိုတဲ့ စွဲလန်းတဲ့ စိတ်ကလဲ ပြန်ပေါ်လာတာဘဲ-တဲ့ (မှန် ပါ့ဘုရား)ဒါဖြင့် ကြောက်လန့်တာနဲ့ စွဲလန်းတာတောင် ပိုလာ သေးသတဲ့–နိဗ္ဗာန် မမြင်တဲ့အပြင်(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဘာဖြစ်တယ်ဆိုတာ ခင်ဗျားတို့ သိရောပေါ့ ဗျာ(မှန်ပါ့ဘုရား)ဘာကြောင့် ဒီ ကြောက်လန့်တာနဲ့ စွဲလန်း တာ ပြန်လာသတုံး.... (သဿတ ဥစ္ဆေဒ မခွါလို့ပါဘုရား) သဿတ ဥစ္ဆေဒ ခွါပြီး မရှုလို့ ဖြစ်နေရတာ(မှန်ပါ့) ရိပ်မိကြ ပလား....(ရိပ်မိပါပြီ)။

ဘာ ခွါ-မရှုလို့ပါလိမ့် (သဿတ ဥစ္ဆေဒ ခွါပြီး မရှုလို့ပါ ဘုရား) ဘယ်လောက် နစ်နာသွားသလဲ.... (မှန်ပါ့ ဘုရား)

သူ ရှုကြည့်တယ်တဲ့ တကာ တကာမတို့ သူ ရှုကြည့်တယ်လို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ကိုယ့်သန္တာန် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို-ဒီဖြစ်ပျက်တွေကို အလုံးစုံသော ခန္ဓာတွေ အနိစ္စ၊အလုံးစုံသောခန္ဓာတွေ အနတ္တ၊ တခုတည်းလဲ အနိစ္စ၊ တခုတည်းလဲ အနတ္တ ရှုကြည့်တာဘဲတဲ့။

ရှုကြည့်တဲ့ အခါကျလို့ ရှိယင် ဪ....ဖြတ်ဆို ဒါတွေက ချုပ်သွားယင် ဘာ အားကိုးရပါမလဲဆိုပြီး ဖိုသွားလိုက်၊အင်း-အားကိုးရာ မရှိဘူး ဆိုပြီးသကာလ ပြန်ပြီး အားကိုးရာကို စွဲလန်းတဲ့သဘော ဥပါဒါန်ကလာလိုက်၊ သဘောကျပလား.... (မှန်ပါဘုရား)။

ပရိတဿနာဝ ဥပါဒါနာဝ ဥပ္ပဇ္ဇတိ-ပါဠိတော်က ပရိတဿနာဝ=ထိတ်လန့်ခြင်းသည်လည်းကောင်း၊ ဥပါဒါနာဝ=စွဲလန်းခြင်းသည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ=ရှင်ဆန္ဒ သန္တာန်၌ ဖြစ်လာ၏တဲ့၊သူ့မှာ ဒါတွေချည်း ဖြစ်နေတယ်၊ ရှုလိုက်ယင် ဒါနှစ်ခု ဖြစ်လာတာဘဲ (မှန်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ရှုလိုက်တော့ ဘာ-ဘာဖြစ်နေသလဲ.... (ထိတ်လန့်တာနဲ့ စွဲလန်းတာ ဖြစ်ပါတယ်ဘုရား) ထိတ်လန့်တာနဲ့ စွဲလန်းတာချည်း လာတယ်....တဲ့၊ (မှန်ပါဘုရား) ဘယ့်နှယ်ကြောင့် ဒီလိုလာရပါသတုံး လို့ သူ့ဟာ သူ တွေးကြည့်တဲ့အခါမှာလဲ တကာ တကာမတို့ အကုန် အနတ္တဆိုယင် ဘာ အားကိုးမတုံး....၊ ဟုတ်လား....(မှန်ပါ)။

ကျုပ်တို့အိမ်မှာ လူမိုက်ချည်းဘဲဆိုယင် ဘာ အားကိုးရမှာတုံးလို့ တကာ တကာမတွေကော မသုံးဘူးလား.... (သုံးပါတယ်ဘုရား)။

သားကလေးကြည့်လိုက်ပြန်လဲ တေပေ၊ သမီးကလေးကြည့်လိုက်ပြန်လဲ အချိုးမကျ၊ ဒို့အိမ်များ ဘာ အားကိုးရမှန်း မသိပါဘူးဆိုတာ မလာပေဘူးလားဗျာ၊ (လာပါတယ်ဘုရား) အဲဒီလို ဖြစ်လာတာတဲ့ သူ့စိတ်ထဲမှာ၊ (မှန်ပါ့)။

ခန္ဓာ ငါးပါး ဘယ်ဟာမဆို အားကိုးစရာ မရှိဘူး၊ အနတ္တချည်းလို့ ကိုယ်တော်တို့ဟောတဲ့အတိုင်း တပည့်တော်ရှုကြည့်တဲ့အခါကျတော့ ဘာအားကိုးရမတုံးဆိုတာ တပည့်တော် လာတာဘဲ၊ (မှန်ပါ့)။

သူ့မှာ ဒါကလေး ပျောက်သွားတဲ့အခါကျတော့ ဖိုကနဲ ဖိုကနဲ ဖြစ်သွားတယ်၊ ထိတ်လန့်တဲ့ သဘောချည်းဘဲ ဖြစ်သွားတယ်၊ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်မမြင်တဲ့အပြင် သူ့မှာ အန္တရာယ်တောင် ဝင်နေတယ်၊ (မှန်ပါ့ဘုရား) နိဗ္ဗာန်မမြင်တဲ့အပြင်....(အန္တရာယ်တောင် ဝင်နေပါတယ်ဘုရား)။

ကိုင်း....တကာ တကာမတို့ ဘယ် နှစ်နှစ် ကြာသွားသတုံး....(၄၅-နှစ်ပါ) ကြောက်စရာကြီးပါကလား....(မှန်ပါ့) ကြောက်စရာကြီးပါကလား တကာ တကာမတို့၊ (မှန်လှပါ) အင်မတန်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

သူ့မှာ ဒါကလေးတွေက ဖြတ်ကနဲ ကိုယ့်စိတ် ဉာဏ်ရှေ့မှာ ပေါ်လိုက်၊ ပျောက်သွားလိုက်၊ ဩော်....အနတ္တဆိုတာ ပျောက်သွားပြီဆိုတော့ သူ့ခန္ဓာထဲက အနတ္တရယ်လို့ ပျောက်လဲသွားပါရော တကာတကာမတို့ တခါတည်း အမြင့်ကနေ ချောက်ထဲကျသလို ဖြစ်သွားတယ်၊ (မှန်လှပါဘုရား)။

အမြင့်ကနေ....(ချောက်ထဲကျသလိုဖြစ်သွားပါတယ်)အဲဒီလို ဖိုကနဲ ဖိုကနဲ မသွားပေဘူးလား....(သွားပါတယ်) ဘာများ အားကိုးရပါ့မတုံးဆိုတာကော နောက်ထပ် လှည့်မလာပေဘူး လား....(လာပါတယ်ဘုရား)။

ကဲ.... ဦးခင်မောင်ရေ ခုနက သင်္ခါရ ချုပ်တဲ့ နိဗ္ဗာန်၊ ဥပဓိ ချုပ်တဲ့နိဗ္ဗာန် မမြင်တဲ့အပြင်မှာ ဖိုသွားတာရယ် စွဲလန်းမှုပြန်လာ တာရယ် ဒါတောင် လာလိုက်သေးတယ်....တဲ့၊ (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ဘယ့်နှယ်ကြောင့် သူ့မှာ ဒီ လိုချည်း ဖြစ်နေပါလိမ့်မတုံး.... (သဿတ ဥစ္ဆေဒ မကွာလို့ပါ ဘုရား)

ခုနကပြောခဲ့တဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ရှုနေ လို့....တဲ့၊ (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာပဋိစ္စ သမုပ္ပါဒ်ကို.... (နားမလည်ဘဲနဲ့ ရှုနေလို့) နားမလည်ဘဲနဲ့ ရှု နေတဲ့အတွက် တကာ တကာမတို့ သဿတ ဥစ္ဆေဒ မကွာသော ကြောင့် ဤကဲ့သို့ ဖြစ်ရပါတယ်၊ (မှန်ပါ့ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) အင်မတန် အရေးကြီးတဲ့စကားဆိုတာ ဦး ခင်မောင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝိပဿနာမှာ အရင်းကျကျ တခါတည်း လိုရင်းဆိုက်ဆိုက် ပြောနေတယ်ဆိုတဲ့ဥစ္စာ ဦးဇော်ရင်တို့ သိပြီလား (သိပါပြီဘုရား) သာမညရှုနေလို့ မဖြစ်သေးဘူးဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အင်း....ဟင်....**နည်းကောင်းနည်းမှန်တွေ ရှာပြီးသကာလ အမျိုးမျိုး ရှင်းသင့် ရှင်းထိုက်တာတွေ ရှင်းပြီးမှ ဝိပဿနာ ဉာဏ်စခန်း ဝင်မှသာလျှင် လိုရာကိစ္စ ပြီးတော့မယ်ဆိုတာ**

**မသေချာဘူးလား....**(သေချာပါတယ်ဘုရား) သဘောပါကြလား....(ပါ-ပါတယ်)။

အဲဒီတော့ ဒီလာတဲ့ တကာ တကာမတွေ ဘုန်းကြီး ကြည်ညိုလို့ တရားကြည်ညိုလို့ ဒီလိုမလုပ်ပါနဲ့၊ တခါတည်း ဒို့ နိဗ္ဗာန်မဂ်ဖိုလ်ရအောင် နည်းကိုအရယူပြီးသကာလ ကျင့်ကြံအားထုတ်မယ်လို့ လာတာပော့-၊ နည်းယူပြီး ကျင့်မယ်လို့လာတာပော့ ဆိုတဲ့စိတ်ကို အမြဲတမ်းမွေးပါ၊ (မှန်လှပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်သိမ်းတာ ပျင်းစရာရှိကြရဲ့လား(မရှိပါဘူးဘုရား) မြန် မြန် သိမ်း တာ နဲ့ နှေးနှေးသိမ်းတာ ဘယ်ဟာကောင်းသတုံး....(မြန်မြန်သိမ်းတာ ကောင်းပါတယ်ဘုရား)။

တစ တစ လုပ်ရမှာဘဲလို့ လုပ်ချင်ကြသေးသလား.... (မလုပ်ချင်ပါဘူးဘုရား)တစ တစ ဆိုယင် ဒီ အစကလေး ပျောက်သွားယင် ခက်တယ်နော်....(မှန်ပါ့ဘုရား) ဘယ်တော့မှ မပေါ်လာတော့ဘူး၊ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ **တစ တစလဲ စိတ်မကူးပါနဲ့**၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတာ အမြန်ဆုံးသိမ်းကြပါဆိုတာ ဒီကနေ့ တိုက်တွန်းရပြန်တယ်၊ (မှန်ပါ့ဘုရား) မတိုက်တွန်းသင့်ဘူးလား....(တိုက်တွန်းသင့်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့အား ဘုန်းကြီး ပြောကြားချင်တာ တလုံးကိုတော့ ခင်ဗျားတို့ ဒီတရားကို ကြိုက်သည်ဖြစ်စေ၊မကြိုက်သည်ဖြစ်စေ လုပ်သာလုပ်ပါ၊ (မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ) ခင်ဗျားတို့ကြိုက်လဲ.... (လုပ်ရမှာပါဘဲ) မကြိုက်လဲ.... (လုပ်ရမှာပါဘဲ)။

ဘာပြုလို့တုံး....၊ အမှန်အလုပ်ကိုဗျာ၊ (မှန်ပါ့) အမှန်အလုပ်ဆိုတော့ ကြိုက်-ကြိုက် မကြိုက်-ကြိုက် တဏှာကတော့ ဒီထဲမှာ ဒီ့ပြင်အလုပ်တွေက ရှိသေးတယ်၊ ဒီအလုပ်က လုပ်သာလုပ်နေရတာ ဒီ့ပြင်အလုပ်တွေက မအားဘူး၊ အို....အားအား မအားအား ဒီအလုပ်က လုပ်သာလုပ်၊ (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဟိုဟာက ဒုက္ခပေးမည့်အလုပ်ကိုး၊ (မှန်ပါ)ဒါက ဒုက္ခသိမ်းမည့်အလုပ်ဆိုတော့ ခင်ဗျားတို့ဝမ်းထဲ မကြိုက်လဲလုပ်၊ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့ဝမ်းထဲက... (မကြိုက်လဲလုပ်ရမှာပါဘဲဘုရား) ကြိုက်လဲ....(လုပ်ရမှာပါဘဲ)။

အဲ....သံသရာကြီး ကြောက်တဲ့ပုဂ္ဂိုလ်ကျတော့လဲ ကြိုက်လိမ့်မယ်၊ (မှန်ပါ့) ကြိုက်လဲ ဘာလုပ်ရမလဲ .... (လုပ်ရမှာပါဘဲဘုရား) မကြိုက်လဲ....(လုပ်ရမှာဘဲ)။

အဲဒီတော့ ဒီ တကာ တကာမတို့ ဆေးဟာ ဥပမာ ခလေးငယ်ငယ်ကလေး မှတ်ကဲဆေး ကျွေးတယ်ထားပါတော့ သူက ဝမ်းချုပ်နေတယ်၊ကြိုက်ကြိုက် မကြိုက်ကြိုက် ခွံ့သာခွံ့၊ဒါမှ သူ့ရောဂါသက်သာမယ်၊ နို့မို့ယင် ဒီခလေးကလေး သေခြင်းဆိုး သေသွားလိမ့်မယ်.... (မှန်ပါ့) မသေပေဘူးလား....(သေပါတယ်ဘုရား)။

အဲဒီတော့ ကြိုက်လဲ ခွံ့ရမှာဘဲ (မှန်ပါ့) မကြိုက်လဲ.... (ခွံ့ရမှာဘဲ) အဲ.... ခင်ဗျားတို့ကို အတင်းခွံ့နေတာဘဲ မျို-မိုတ်သာမျိုကြ၊ ရိပ်မိပလား....(ရိပ်မိပါပြီ) မိုတ်မျိုမှရမှာ နို့မို့ယင် ရကိုမရဘူး (မှန်ပါ့) ခင်ဗျားတို့က ဂျီးက များ-များရယ်....။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒိဋ္ဌိစွဲက တိုက်တွန်း နှိုးဆော်တာပါဘဲ၊ ခလေးတွေကို မမျိုချင်ဒါနဲ့ ငိုနေမှာစိုးလို့ နော်.... (မှန်ပါဘုရား)ငိုနေယင် ဦးခင်မောင် သူ့မှာ ခါတ်ချုပ်တဲ့ ဝေဒနာနဲ့ ဒီခလေး သေတော့မယ်ဗျ.... (မှန်လှပါ) စမြင်းတွေဖြစ်ပြီး မသေပေဘူးလား.... (သေပါတယ်ဘုရား)။

အဲဒီတော့ အမေမိဘလုပ်တဲ့ ပုဂ္ဂိုလ်က ဒီဆေးနဲ့ ဒိဋ္ဌိနဲ့ တည့်တယ်ဆိုယင် သူ ငိုလဲတိုက်၊ မငိုလဲတိုက်(မှန်လှပါ) အဲဒီတော့ ခင်ဗျားတို့ကိုယ်လဲ ခင်ဗျားတို့ မကြိုက်လဲလုပ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကြိုက်လဲ.... (လုပ်ရမှာပါဘဲ)။

သံသရာကြောက်လို့ရှိယင်လုပ်၊ သံသရာတော့ မကြောက် သေးဘူး၊သားနဲ့ ခင်ပွန်းနဲ့ပျော်တုန်းဘဲ၊ပျော်လဲ လုပ်သာလုပ် နေ ဒီအလုပ်တော့ဖြင့် မလျော့နဲ့ ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါ.... မလုပ်ယင်တော့ မဖြစ်ဘူးဆိုတာ ခင်ဗျားတို့က ခလေး စိတ် ဖြစ်နေတာကိုး (မှန်ပါဘုရား)။

ဒါက ဘုန်းကြီးကပေးတဲ့ ဥပမာလို့ တကာ တကာမတွေ မမှတ်ပါနဲ့....နော်.... (မှန်ပါ့) ဘုန်းကြီးကပေးတဲ့ ဥပမာလို့ မမှတ်ကြပါနဲ့....တဲ့ တကာတကာမတို့ ခင်ဗျားတို့မှာ ဘယ်လို ဖြစ်နေသတုံးဆိုလို့ရှိယင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးထံ အဘယ ရာဇကုမာရ မင်းသားကလေးက လာမေးတဲ့အခါကျ တော့ အရှင်ဘုရားဟာ သူတပါးမကြိုက်တာကိုလဲ ပြောလေ့ ဆိုလေ့ ရှိတယ်လို့ပြောပါတယ်....တဲ့။

အေး....ကွာတဲ့ သူတပါးမကြိုက်တာလဲ ငါပြောလေ့ ဆို လေ့ရှိတယ်ဆိုတာဟာ.... ပြောပါတယ်တဲ့.... ဒီလိုကွ.... သနား လို့ပြောတာပါ....ဦးခင်မောင် ဘာဖြစ်လို့ ပြောတာပါလိမ့်....

(သနားလို့ ပြောတာပါဘုရား)ဥပမာမှာကွာ....တဲ့ မင်းခလေး ကလေးတယောက် ရှိတယ်တဲ့.... မင်းမှာ လေးဘက်သွား ခလေး ကလေးတယောက် အဘယရာဇကုမာရ မင်းသားမှာ ရှိတယ်။

လေးဘက်သွားခလေးက တကာတကာမတို့ လေးဘက်သွား တတ်တဲ့အခါကျတော့ ဟိုရှရှ.... ဒီရှရှ မသွားဘူးလားဗျာ.... (သွားပါတယ်ဘုရား) ဟိုနား ကျောက်ခဲကလေးတွေလဲ ပါးစပ် ထဲ ထဲ့တာဘဲ (မှန်ပါ့) မထဲ့ ဘူးလား .... (ထဲ့ပါတယ် ဘုရား) ဒုတ်ချောင်းကလေး တွေကော.... (ထဲ့ပါတယ်ဘုရား) ထဲ့တဲ့အခါကျတော့.... အမေ မိဘက မေ့နေတုန်း သူက ထဲ့ ပြွးသော်လဲ မြင်ယင် ပါးစပ်ထဲ ရောက်တဲ့အချိန် ကျလို့ရှိယင် ဘယ်လက်မောင်းနဲ့ ပွေ့ပြီး တခါတည်း တကာ တကာမတို့.... ညာဘက်လက်ညှိုးလက်မနဲ့ ပါးစပ်ထဲကွေးပြီးသကာလ သွင်လဲ ထုတ်ပစ်ရမယ်.... (မှန်ပါ့ဘုရား)။

ဘာပြုလို့တုံး .... ထွက်သက် ဝင်သက် ပိတ်ပြီးတော့ သေ သွားမှာကြောက်လို့ ထုတ်ပစ်ရမယ် .... (မှန်ပါ့) အဲဒီတော့ ကွာ.... ငါဟာ.... ကြိုက်လဲ ပြောရမှာဘဲ၊ မကြိုက်လဲ ပြောရ မှာဘဲ....တဲ့ ခလေးသေသွားလိမ့်မယ်....တဲ့ သူ့ငိုတာ ငါဂရုစိုက် မနေနိုင်ဘူးတဲ့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ငိုတာကို မလုပ်ချင်လို့ ပျင်းလို့ ငိုနေတာကို ဘုန်းကြီးက ဂရုစိုက်နေမယ်လို့ အောက်မေ့မနေ နဲ့ လုပ်သာလုပ် ရိပ်မိပလား.... (ရိပ်မိပါပြီ)။

မလုပ်လို့ရှိယင်ဖြင့် ဩော်.... ငါ—ခလေးမိုက် မိုက်နေတယ် သာ အောက်မေ့ပေတော့ (မှန်ပါ့ဘုရား) ခင်ဗျားတို့ မျိုနေ

တာကတော့ သားကလေးခင်တဲ့ စိတ်ကလေးကို တွေးလုံးနဲ့ မျိုနေတယ် (မှန်ပါ့ဘုရား)။

သမီးကလေး နေရာချထားရေးကို တွေးလုံးနဲ့ မျိုနေတယ် (မှန်ပါ့)ခင်ဗျားတို့မျိုတာ ဒုတ်ချောင်းချည်းဘဲ(မှန်ပါ့) သေပါလိမ့်မယ်.... ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)အဲဒါတွေ မမျိုနဲ့ဗျ.... ထုတ်ပစ်ရတယ်၊ဒါတွေက တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာမရဏဆိုတော့ တကာတကာမတို့ အပါယ်လေးပါး မရောက်သေးဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒါတွေ မျိုတဲ့အခါကျတော့ ဘုရားက ဒါရှ...ဒါရှ မင်း ဟိုဟာတွေ မျိုမနေနဲ့.... (မှန်ပါ့) မပြောရပေဘူးလား.... (ပြောရပါတယ်ဘုရား)။

ဟဲ....ဒါဖြင့် ခင်ဗျားတို့.... ခင်ဗျားတို့ဟာ ဘာနဲ့တူသတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ခလေးနဲ့ တူပါတယ်ဘုရား) ခလေးပေမဲ့ ဒိုင်းဒိုင်းပြေးတတ်တဲ့ ခလေးလား.... လေးဘက်သွားလား....(လေးဘက်သွား ခလေးပါဘုရား) ခလေးတောင်မှ လေးဘက်သွားတဲ ရှိသေးတယ်၊ ဒိုင်းဒိုင်းပြေးဆိုယင် တော်တော် လိမ်မာပြီ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

သူက လေးဘက်သွား ဆိုတော့ သာဆိုးနေတာပေါ့....သဘောပါပလား.... (ပါပါပြီ) ဒါဖြင့် ခင်ဗျားတို့ လေးဘက်သွားဆိုယင်ဖြင့် ခင်ဗျားတို့ သေကြောင်းကြံတဲ့ ပစ္စည်းသာ မျိုနေတာ (မှန်လှပါဘုရား) သေရမည့်ပစ္စည်းသာ(မျိုပါတယ်ဘုရား)။

အဲ....မျိုချင်လို့ရှိယင် ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကို မျိုထားပါ (မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာကို မျိုရမ

လဲ.... (ဖြစ်ပျက်ရှုတဲ့ဉာဏ်ကို မျိုရပါမယ်) ဖြစ်ပျက်ရှုတဲ့ဉာဏ်ကို မျိုဗျ၊ သားကလေးစိတ်ကူးပြီး မျိုချမနေနဲ့၊ သမီးကလေးစိတ်ကူးပြီးတော့.... (မျိုချမနေနဲ့) ပစ္စည်းကလေး ရှာတာ စိတ်ကူးပြီးသကာလ (မျိုချမနေနဲ့)။

အဲဒါတွေ မျိုချနေလို့ ရှိယင်ဖြင့် ဘာကြောင့်တုံး.... ဆိုလို့ရှိယင် ဒုက္ခ ဒေါမနဿ ဥပါယာသ ဇာတိ ဇရာမရဏ ဦးခင်မောင် မသွားပေဘူးလား.... (သွားပါတယ်ဘုရား)။

သမီးကြောင့်ဆိုတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဇာတိ ဇရာ မရဏ မလာပေဘူးလား.... (လာပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

အဲဒီတော့.... ဟိုဟာတွေ မျိုလိုက်လို့ရှိယင် ဇာတိ ဇရာ မရဏတွေချည်း ဝမ်းထဲရောက်နေတယ် (မှန်ပါ) မရောက်ဘူးလား....(ရောက်ပါ တယ်ဘုရား)သံသရာ ဆက်သွားတာချည်းဘဲ တကာတကာမတွေ....ဆိုးဝါးတဲ့ တရားတွေချည်း မရောက်လာဘူးလား.... (ရောက်လာပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ကောင်းသေးရဲ့လား.... တကာ တကာမတို့ (မကောင်းပါဘူး) အဲဒီတော့ အဲဒါတွေများ မျိုမည်လုပ်ယင် သားစိတ် သမီးစိတ် ဆွေစိတ် မျိုးစိတ်တွေများ အိပ်ရာဝင် နဖူးပေါ် လက်တင်လာမည့် စိတ်ကူးလို့ ရှိယင် ဒုတ်ချောင်း မျိုဥပမာနော်.... လေးဘက်သွားဟ....နော်၊ လုပ်- ကိုယ့်ဟာကိုယ် ရိပ်မိပလား.... (ရိပ်မိပါပြီ)။

လေးဘက်သွား ဒုတ်ချောင်း မျိုလို့ရှိယင်ဖြင့် ထွက်သက်ဝင်သက် ပိတ် သေပါလိမ့်မယ်.... (မှန်ပါဘုရား) မသေဘူးလား....(သေပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ဟာကိုယ် လိမ်မာပြီး သကာလ အင်း.... ဘုရားကလဲ မှာတယ်၊ဒို့ဆရာဘုန်းကြီးကလဲ မှာတယ်၊ဖြစ်ပျက် ရှုရမတဲ့ အဲဒီ မဂ် ဉာဏ်သာ မျိုးရမတဲ့....(မှန်ပါ့ဘုရား)။

ဒုတ်ချောင်းတွေ သားတွေ သမီးတွေ ဆွေစိတ် မျိုးစိတ်တွေ မျိုးချမနေနဲ့ (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) အိမ်ကျယင် မျိုးကြီးမှာလား.... ခင်ဗျားတို့.... (မမျိုးပါဘူး ဘုရား) ကြိုးကြား- ကြိုးကြားများ စိတ်ကူးသေးသလား.... (မကူးပါဘုရား)။

အချို့လဲ ကြိုးကြားကလာသေးတာဘဲ ကြောက်စရာ သိပ် ကောင်းတာ၊ ကိုင်း....ဒါဖြင့် တကာ တကာမတို့ အခု အရှင် ဆန္ဒမှာတဲ့ ဖြစ်ပျက်ကိုတော့ သူမြင်တယ်၊ ဖြစ်ပျက် မြင်ယင် သူလန့်ပြီ (မှန်ပါ့)။

ဖြစ်ပျက်မြင်ယင် သူ ဘာတုံး (လန့်ပါတယ်ဘုရား)ပြီးတော့ ဘာအားကိုးရမလဲဆိုတဲ့ စွဲလန်းလုံးကကော.... (လာပါတယ် ဘုရား)။

စွဲလန်းလုံးက လာတယ်၊ ကဲ.... ဖြစ်ပျက် မမြင်လို့လား၊ မြင်လျက်သားနဲ့ မဂ် မရတာလား.... (မြင်လျက်သားနဲ့ မဂ်မ ရတာပါဘုရား)။

ဘာလိုနေသတုံး.... (ခန္ဓာ ပဋိစ္စသမုပ္ပါဒ်မြင်ဘို့ လိုပါတယ်) ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ သဿတ ဉစ္ဆေဒ မကွာ ဘူး.... (မကွာပါဘူး) ရှင်းပလား.... (ရှင်းပါပြီ) ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် နားမလည်တဲ့ အတွက် (သဿတ ဉစ္ဆေဒ မကွာ ပါဘူး)။

အဲဒါကြောင့် ဒီကိုယ်တော်တွေ ဟောတဲ့ တရားနဲ့ တော့

သူ နိဗ္ဗာန်ရဘို့ မမြင်ဘူးတဲ့ (မှန်လှပါ) ရိပ်မိပလား.... (ရိပ်မိ ပါပြီ) ဒီကိုယ်တော်တွေ ဟောတာလား.... ဘုရားဆီက ဒီကိုယ် တော်တွေက ရ-ထားတာလား.... (ဘုရားဆီက ရ-ထားတာပါ ဘုရား)။

ဘုရားဆီက ရ-ထားတာ၊ ဒီကိုယ်တော်တွေဟောတဲ့ တရား မျိုးတော့ ဝမ်းထဲအံ့ခွနေပြီတဲ့၊ မရဘူးတဲ့ မဂ်-ဖိုလ်ကို(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) သူ့မှာ အချိုးမကျတာ ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား) ကဲ... တကာ တကာမတွေ ကော အခု ဘာခွာပြီးမှ ရှုရမတုံး... (သဿတ ဥစ္ဆေဒ ခွာပြီးမှ ရှုရပါမယ်ဘုရား)။

အဲ... ဒိဋ္ဌိ ခွာပြီးမှ ခန္ဓာထဲ ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် ရှုပါ (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)ဒိဋ္ဌိ ခွာပြီးမှ...(ခန္ဓာ ထဲပေါ်တဲ့ ပဋိစ္စ သမုပ္ပါဒ် ရှုပါ) အခုတော့ ခင်ဗျားတို့ ဒိဋ္ဌိ ခွာတာ ဘုန်းကြီးက ခင်ဗျားတို့ဟာ ခင်ဗျားတို့ မခွာပါနဲ့တော့ ပေါ်လာတဲ့ တရားကလေးကို ဘုန်းကြီးက အခု ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပေးတော့ ခင်ဗျားတို့ ဝမ်းထဲ ကွာပြီးသွားပါ၊ ရှုရုံတွင် ရှုပါတော့ (မှန်ပါဘုရား)။

ခင်ဗျားတို့က အထူးခွာစရာ မလိုတော့ဘူး....(မှန်ပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ) ခင်ဗျားတို့က အထူးခွာဘို့ လိုသေးသလား.... (မလိုပါဘူး) ဒီဟာတွေ အဖြစ် မြင်ကတည်း က ဘာစင်သွားသတုံး.... (ဥစ္ဆေဒစင်ပါတယ်) အပျက် မြင်က တည်းက.... (သဿတ စင်ပါတယ်)။

သဿတ စင်သွားပြီဆိုကတည်းကိုက ဪ.... ဒါကြောင့် လဲ ဖြစ်တာဘဲ ဒါကြောင့်လဲ ပျက်တာဘဲဆိုယင် သဿတလဲ

ရှိစရာမမြင်ဘူး ဥစ္စာဒလဲ ဥစ္စာဒဆိုတာ ပြုတ်သွားတဲ့ ဒိဋ္ဌိလဲ ဝမ်းထဲမှာ ရှိသေးရဲ့လား....(မရှိပါဘူး) မရှိဘဲနဲ့ ဆိုတော့ ဖြစ်ပျက်တွေ မဲမဲသဲသဲနဲ့ သာရှု (မှန်ပါဘုရား)။

ရှုလိုက်လို့ရှိယင် ၁-နံပါတ် ဘယ်မဂ်-ရမဲလဲ (သောတာပတ္တိမဂ်ရပါမယ်) သူ့ရင့်ကျက်လာယင် ၂-နံပါတ် ဘယ်မဂ်ရမယ်.... (သကဒါဂါမိမဂ်ပါဘုရား) လောကုတ္တရာမဂ် ရမယ်ဆိုတာ အဲဒါ ဒိဋ္ဌိ ခွာပြီး ခန္ဓာ ပဋိစ္စသမုပ္ပါဒ်မြင်ပြီး ဒိဋ္ဌိခွာရှုတဲ့ ပုဂ္ဂိုလ်မှ ဒါ တန်းရတယ် (မှန်ပါဘုရား)။

ဒီ.... ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို မခွာတဲ့ပုဂ္ဂိုလ် နားမလည်တဲ့ ပုဂ္ဂိုလ်မှာ သဿတ ဉစ္ဆေဒ အပင်းခံနေတဲ့အတွက် ဦးခင်မောင် ဘယ်တော့မှ မရ....လို့ ဆုံးဖြတ်ချက်ချ (မှန်ပါဘုရား) ဘယ်သူတုံးလို့ မေးကြည့်တော့မှ အရှင်ဆန္ဒ(မှန်ပါ)မပေါ်သေးဘူးလား.... (ပေါ်ပါပြီ)။

ဘယ်သူပါလိမ့်(အရှင်ဆန္ဒပါဘုရား) အရှင်ဆန္ဒ မထေရ်ဟာ ဖြစ်ပျက် မြင်လိုက်ယင်ဘဲ သူ့စိတ်ထဲမှာလန့်ပြီ (မှန်ပါ) စွဲလန်းပြီ (မှန်ပါ) ဘာဖြစ်နေသလဲ.... (လန့်တယ်၊ စွဲလန်းတယ်)။

ကဲ....တကာတကာမတို့ ဖြစ်ပျက် မမြင်လို့လား.... မြင်လျက်သားနဲ့လား (မြင်လျက်သားနဲ့ပါဘုရား)ဒါဖြင့် ဖြစ်ပျက်မြင်ရုံနဲ့လဲ နိဗ္ဗာန် မရနိုင်သေးဘူး၊ ဒိဋ္ဌိ အရင်ခွာပြီးမှ ရမယ်ဆိုတဲ့ သဘော ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။ သို့သော် သူ ရှုပုံ ရှုနည်းကိုတော့ နာရီစေ့ပြီ၊ နက်ဖြန်မှပြောမယ်၊ ယနေ့ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ဤတွင် အမှတ်စဉ် (၃) ပြီးပါပြီ။